ရွှေမင်းသာစာပေ

ကြယ်စင်မှူးဇော

မုသားမြင့်မိုရ် - အမုန်းမြင့်မိုရ်



အချစ်
လုံးချင်းဝတ္တုပြစ်

ပုံနှိပ်မှတ်တမ်း

ပုံနှိပ်ထုတ်ဝေခြင်း – ပထမအကြိမ်၊
၂၀၁၇၊ အောက်တိုဘာလ။

ထုတ်ဝေသူ – ဦးအေးလွင် (၀၀၄၀၅၅)
ရွှေပဒေသာစာပေတိုက်
အမှတ် (၃၃)၊ ကျီတော်လမ်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်မြို့။

မျက်နှာဖုံးနှင့်
အတွင်းပုံနှိပ်သူ – ဦးအေးလွင် (၀၀၂၄၀)
ရွှေပဒေသာအော့ဖ်ဆက်
အမှတ် ၃၃၊ ကျီတော်လမ်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်မြို့။

ဖြန့်ဈေး – ၁၇၀၀ ကျပ်

အုပ်ရေ – ၅၀၀ အုပ်

၈၉၅ ၀၃

ကြယ်စင်မှူးဝေ
မုသားမြင်းမိုရ် အမုန်းမြင်းမိုရ်/ ကြယ်စင်မှူးဝေ–ရန်ကုန်၊
ရွှေပဒေသာစာပေ ၊ ၂၀၁၇ ။
၂၈၈ – စာ ၊ ၁၂ ၀ ၃ × ၁၈ စင်တီ။
(၁) မုသားမြင်းမိုရ် အမုန်းမြင်းမိုရ်

ကြယ်စင်မှူးဝေ

မုသားမြင်းမိုရ် အမုန်းမြင်းမိုရ်

အမုန်းတွေ မြင်းမိုရ်တောင်လောက်
မုသားတွေက ပန်းလိုပြန့်ကြဲ
နာကျင်မှုတွေ အသည်းထဲထိစိမ့်ဝင်
ရင်ခွင်တစ်ပြင်လုံး ဆူးအပြည့်
သွေးစက်တွေအပြည့်။

သက်ထားဝသုန်

ငါးခုံးမတွေတင်လာတဲ့လေ
တစ်ကောင်တည်းပုပ်တာမဟုတ်
လှိုင်းအုပ်တ် လေ့အလှူးမှာ
ပန်းကလေးတွေ ကြေရ မွှ။

ညီပြည့်စုံ

အခန်း (၁)

သက်ထားဝသန်နှင့်

သက်ထားဝသုန်။

တစ်နှစ်ကြီးတစ်နှစ်ငယ် ညီအစ်မဆိုတော့ အမွှာလိုလို ဘာလိုလို။

နှစ်ယောက်လုံး ချောချောလှလှနှင့် ခေတ်အဆင်၊ ခေတ်အထာလေးတွေ။ သို့သော် စရိုက်လည်းမတူ၊ စတိုင်လည်းမတူ။

သက်ထားဝသန်က ဆံပင်ရှည်လေးနှင့် မိန်းမဆန်ပြီး

သက်ထားဝသုန်ကတော့ တုံးဆိုတိုက်၊ ကျားဆိုကိုက်သည့် အဆင်။

မဟုတ်ဘွင်းဘွင်း၊ ဟုတ်ဘွင်းဘွင်းနှင့်။

တက္ကသိုလ်ကျောင်းသူလေးတွေပေါ့။

သူတို့၏အစ်မကြီး ခင်ထက်ပန်ကတော့ အစ်မကြီးအမိုရာ ဆိုသည့်အတိုင်း ညီအစ်မတွေ၏ လိုအပ်ချက်ကိုဖြည့်ဆီးဖို့ ကြိုးစားနေသည့် သူနာပြုဆရာမလေးပါ။

အသက်အစိတ်ရှိပြီမို့ အပျိုကြီးစာရင်း ဝင်နေရသည့် ကြားထဲ နေ့စဉ် ယူနီဖောင်းနှင့်သာ နှစ်ပါးသွားနေရတာမို့ လှလှပပလည်း မဝတ်ရ၊ မပြရှာပါ။

ခင်ထက်ပန်၏စိတ်ထဲမှာလည်း လင်စိတ်၊ သားစိတ်၊ ချစ်သူရှာချင်စိတ်ပင် ရှိပုံမရ။ သူမကိုကြည့်လိုက်လျှင် ချွေးတလုံးလုံးနှင့် အပြေးအလွှား။ လုပ်ဟယ်၊ ကိုင်ဟယ်နှင့်သာ။ သူနာပြုဆရာမလေးပီပီ လျင်လျင်မြန်မြန် ဖျတ်ဖျတ်လတ်လတ်။

ညီအစ်မ (၃) ယောက်သား ဆေးရုံလိုင်းခန်းတစ်ခန်းမှာ နေခွင့်ရသည်မို့ (၃) ယောက်လုံး သွားရေးလာရေး အဆင်ပြေရပါသည်။

မမက ဆေးရုံထဲမှာ အလုပ်ဆင်း။ ထားဝသန်နှင့် ဝသုန်

က ဖယ်ရှိနှင့် ကျောင်းတက်သည်။

ယခုချိန်ထိတော့ လောကကြီးက သာသာယာယာ။ လေနှိုက်ကြမ်းတွေ၊ မုန်တိုင်းတွေ၊ ဆိုင်ကလုန်းတွေ မလာသေး။

ညီအစ်မ (၃)ယောက်သား ကြည်ကြည်သာသာ၊ ရွှင်ရွှင်မြူးမြူးနှင့်ပင် ဘဝ၏ ရေဆန်၊ လေဆန်တွေကို ဖြတ်ကျော်လှော်ခတ်နေကြဆဲ။ တက်ညီလက်ညီ။

မုန်တိုင်းဆိုတာ ကျိုနဲ့လားလို့ မေးကြရမယ့်အချိန်။ မမ ခင်ထက်ပန်ရဲ့လစာရယ်၊ စပါယ်ရှယ်လိုက်လို့ရတဲ့ ဝင်ငွေရယ်။ မမဝသန်ရဲ့ ဂိုက်လစာရယ်။

မိန်းမချော၊ မိန်းမလှလေး (၃) ယောက်ရှိနေသော တိုက်ခန်းသည် ပန်းကလေး (၃) ပွင့်ဟို တစ်မျိုးစီ ရနံ့မွှေးရင်း လေယူရာယိမ်းနွဲ့လို့ ဟန်ချီနေတော့တာ။

မနက် (၅) နာရီလောက်မှစပြီး သူမတို့၏ တိုက်ခန်းလေးက အသက်ဝင်ပါပြီ။

မမကြီးခမျာ ယခုထိ အိမ်ပြန်မရောက်နိုင်သေး။ တစ်နေ့ တစ်နေ့ ဂျူတီကတစ်မျိုး၊ ဂျူကီနားချိန်ကျတော့လည်း စပါယ် ရှယ်လိုက်ရသေး။

အိမ်မှာရှိနေတာ သက်ထားဝသန်နှင့် သက်ထားဝသုန်။

ဝသန်က အသက် (၁၉)၊ အင်္ဂလိပ်စာမေဂျာ၊ တတိယ နှစ် ကျောင်းသူ။

ဝသုန်ကသခ်္ဂါ၊ အသက် (၁၈) ဒုတိယနှစ်ကျောင်းသူ။

ကျောင်းဖယ်ရီက (၇) နာရီလောက်ဆို ရောက်လာတတ် မြဲမို့ (၅) နာရီလောက်ကတည်းက ညီအစ်မ (၂) ယောက် ထကြွလှုံ့လန့်ဖြင့် လုပ်စရာရှိတာ လုပ်ရမြဲ။

မမပန် ပြန်လာလျှင် စိတ်ချမ်းသာရအောင် အားလုံး ပြင်ဆင်ချက်ပြုတ်ထားမြဲ။

သက်ထားဝသုန်က အချက်အပြုတ် ဝါသနာပါပြီး သက် ထားဝသန်က အိမ်သန့်ရှင်းရေးနှင့် ကျန်ဟာဟီရကိစ္စများကို လုပ် သည်။

ရေခဲသေတ္တာထဲမှာ အသား၊ ငါးနှင့် ဟင်းသီးဟင်းရွက် လေးတွေ ဝယ်ထည့်ထားနိုင်တာမို့ ချက်ရ ပြုတ်ရတာတော့ လွယ်ပါသည်။

"ဒီနေ့ ငါးကြော်နဲ့ ချဉ်ပေါင်ဟင်း"

အငယ်မက သူချက်မည့်ဟင်းကို ပါးစပ်မှ နေ့စဉ် အော် ဘတ်မြဲ။ အစီရင်ခံတာပေါ့။ မမပန်ရှိလျှင် မမခိုင်းတာလုပ်ပေး ပါသည်။ သူတို့စားချင်တာရှိလျှင် တင်ပြပေါ့။

သက်ထားဝသန်ကတော့ အစားအသောက် ချေးမများ။ သူက အလှအပပဲ နည်းနည်းစိတ်ဝင်စားသည်။

"ချဉ်ပေါင်ဟင်းဆို ဂျုတ်သီးဆားထောင်းနဲ့မှ လိုက်တာ ဟာ။ အချဉ်နဲ့အစပ်၊ ငါးကြော်က အဆစ်ပေါ့ဟာ"

"အေးပါ၊ ဂျုတ်သီးမှုန့်လော်ထည့်ထားတဲ့ မွှေးမွှေးလေး ရှိတယ်။ ကြက်သွန်ဖြူနဲ့ ထောင်းပေးမယ်"

"အေး"

အငယ်မက စိတ်ပါလက်ပါချက်နေပြီး ဝသန်က အိမ် သန့်ရှင်းရေးနှင့် ထမင်းချိုင့်တွေ ထည့်ဖို့ ပြင်ဆင်နေသည်။

(၃) ဆင့်ချိုင့်လေးတွေမှာ ထမင်းတစ်ချိုင့်၊ ချဉ်ရေဟင်း တစ်ချိုင့်၊ ငါးကြော်နှင့် ဂျုတ်သီးဆားထောင်းက တစ်ချိုင့်။

တက္ကသိုလ်ကျောင်းသူ ကျောင်းသားအများဟုဟာ ထမင်းချိုင့် မယူတတ်ကြ။ ကင်တင်းမှာပဲ ကိစ္စပြီးလိုက်ကြတာ များသည်။

သက်ထားဝသန်တို့ ညီအစ်မကတော့ အပိုငွေတွေ မဖြုန်းချင်၊ မဖြုန်းနိုင်ပါ။ ဘယ်သူ ဘာပြောပြော။ မိဘ မျက်နှာ၊ အစ်မမျက်နှာပြန်ကြည့်ရမည်။

ဖေဖေနှင့်မေမေခမျာ ကျောင်းဆရာ၊ ဆရာမတွေပါ။ ဝင်ငွေက ဖွေးဖွေးလှုပ်နေတာမဟုတ်။

(၆) နာရီကျော်ကျော်မှာ အလုပ်တွေပြီးတော့ သက်ထားဝသန် ထမင်းချိုင့်ထည့်သည်။

''ဟား ... နင့်ချဉ်ပေါင်ဟင်းက မွှေးကြိုင်နေတာပဲ။ မှန်း မျှစ်နဲ့ရုံးပတီသီးလေးတွေပါတာကိုး။ နံနံပင်လေးလည်း အုပ်လို့။ အိုကေပဲ''

''လာ ... ထမင်းပူပူလေး စားသွားကြစို့''

ညီအစ်မ (၂) ယောက် ဘရိတ်ဖတ်(စ်)ကလည်း ထမင်းပါပဲ။ ငါးကြော်တော့ ယူမစားနိုင်။ ချဉ်ပေါင်ဟင်းနှင့် ငရုတ်သီးဆားထောင်း။ အပိုငွေမထွက်တော့ဘူးပေါ့။ မုန့်ဝယ်စားစရာ မလိုတော့ဘူးပေါ့။ လူဆိုတာ ကိုယ့်ဘဝနှင့်ကိုယ်လေ။

စားပြီးတော့ ရေအပြေးချိုး။ နည်းနည်းပါးပါး ဖြီးလိမ်းပြင်ဆင်။

သူများတက္ကသိုလ်ကျောင်းသူတွေလို မိတ်ကပ်တွေ၊

နှာခေါင်းနီတွေနှင့် လန်ပြန်နေတာမျိုးတော့မဟုတ်။

နဂိုရှိလျှင် နဂိုင်းထွက်သတဲ့။

သနပ်ခါးဖုံဖုံ၊ မှုန်မှုန်လေးလူးပြီး ချစ်စရာ ဝတ်စုံလေးတွေနှင့် ယဉ်ကျေးသိမ်မွေ့စွာ လှုပနေသည့် ညီအစ်မဟာ ခေတ်ကို လွန်၊ ကျွံထွက်မသွားပေမယ့် ခေတ်လည်းမီပါသည်။

လှလှပပ အဆင်လေးတွေပါပဲ။

(၇) နာရီမှာ ညီအစ်မ (၂) ယောက် ဖယ်ရီစီးဖို့ အသင့်ရှိနေပြီ။

မမသက်ထားဝသန်က ကားမူးတတ်တာမို့ ခေါင်းခန်းထဲမှ စီးချင်ပေမယ့် ပိုင်ရှင်ရဲ့သားက အမြဲစီးနေကျ။ သူတို့ကား ခေါင်းထဲမှာ မောင်းသူအပါအဝင် (၃) ယောက် စီးလို့ရပေမယ့် သူကတော့ ခပ်တည်တည်။

တစ်ယောက်တည်း ဗိုလ်ကျလို့။ ဟင်း ကျောင်းကားလေးပိုင်တာများ လေယာဉ်ပျံပိုင်တာကျလို့။ သူလည်း ကျောင်းသားတစ်ဦး။ ဇဝနရဲ့ကောလိပ်ကျောင်းသား၊ ကောလိပ်ကျပိုးလို့။

သူနာမည်က ဇွဲသူရ၊ နောက်ဆုံးနှစ် ဖိုင်နယ် ကျောင်းသား။ ဘွဲ့တစ်ခုရရုံ ကျောင်းတက်နေပုံ။

မြန်မာပြည်ရဲ့ပညာရေးကလည်း ဘွဲ့ရလျှင် ဘွဲ့ဓာတ်ပုံ

ည့်ခန်းမှာချိတ်ရုံလောက်သာ စွမ်းဆောင်နိုင်တာ။

လူငယ်တွေ ကြီးပွားချင်လျှင် ကိုယ့်ဘာသာ ဖောက်ထွက်၊ ကြိုးစားကြပေတော့။

ဒါကြောင့် သက်ထားဝသန်တို့ညီအစ်မ ဘယ်တက္ကသိုလ်ကျောင်းသားကိုမှ အထင်မကြီး။

အဲ ကိုယ်တွေကတော့ ရည်မှန်းချက်ရှိသည်။ ဘွဲ့ရအောင် ကြိုးစားမည်။ ဘွဲ့ရလျှင် ကျောင်းဆရာမ ဝင်လုပ်မည်။ ဒါမှမဟုတ် ခေတ်ရေစီးကြောင်းအတိုင်း ကျူရှင်သင်တာတို့၊ စက်ချုပ်တာတို့၊ ဆံပင်မိတ်ကပ် အလှပြင်။

ဒါပဲရှိတာလေ။ သူများတွေလို နိုင်ငံရပ်ခြားတွေထိ သွားပြီး စွန့်စွန့်စားစားလည်း မလုပ်ရဲပါ။

အသွားမတော်တစ်လှမ်း။

ထိုင်နေအကောင်းသား၊ ထသွားမှ ကျိုးမှန်းသိ။

သေချင်တဲ့ကျား တောပြောင်း။

အဆိုးမြင်တာ၊ မကောင်းမြင်တာ မဟုတ်ပေမယ့် ခေတ်ကြီးက ယုံရတာမဟုတ်။

အသွင်အမျိုးမျိုးဖြင့် လူကုန်ကူးနေကြသည့်အထဲ ကိုယ်တွေ သားကောင်မဖြစ်ရအောင် ကိုယ့်အမိနိုင်ငံထဲမှာပဲ အေး

အတူ၊ ပူအမျှ၊ မရှိအတူ ငတ်အတူ ရှာဖွေစားသောက်ကြပါတော့မည်။

သတ္တိရှိကြသူတွေ စွန့်စားကြပါလေ။

သက်ထားဝသန်နှင့် ဝသုန် ကားခေါင်းခန်းထဲမှာ အခန့်သား စီးနေသည့် ဖွဲသူရကို မျက်စောင်းထိုးရင်း ကားနောက်ဘက်သို့ ဝင်ထိုင်ရသည်။

''ရော့ မမ ... ကြွတ်ကြွတ်အိတ်''

မမဝသန်က ကားစီးလျှင် မူးမြဲ၊ အန်မြဲမို့ ဆေးသောက်ဆားလည်းမဟန်။ ကြွတ်ကြွတ်အိတ်ဆောင်ရမြဲ၊ ဒါကို နိုင်ငံကြီးသား မပီသဘဲ ကားခေါင်းထဲမှာ ကဏ္ဍာပ်တိုင်တက်ပြချင်နေသည့် ဒဲသူရအား သူတို့ကြည့်မရ။

ရုပ်ကိုက ဆောင့်ကြွားကြွားနဲ့။ ဖနောင့်သံစူးနေသည့် ခွပ်နှင့်။

ကားထွက်သည်နှင့် သက်ထားဝသန် စတင်မူးပေပြီ။ အမူးပြေဆေးသောက်ထားပေမယ့် လူက မူးဝေဝေ။

သူမ (၂) ခါလောက်အန်အပြီးမှာတော့ ကားရပ်သွားပြီး ဒဲသူရ လှမ်းခေါ်ပါ၏။

''ဟိုကောင်မလေး ... လာခဲ့။ ရှေ့ကိုလာ၊ ငါ့ကား

ညစ်ပတ်ကုန်တော့မယ်''

ခေါ်တာကိုက အနှောင့်မလွတ်၊ အသွားမလွတ်။ ဘ
သော် သက်ထားဝသန် သွားရတာပါပဲ။

''ရှင် နောက်ဘက်သွား''

''အံမာ ...ဒါ ငါ့ကား''

''သိသားပဲ ရှင့်ကားမှန်း''

''အတူတူစီးပေါ့၊ သူကပဲ ဓညင်းသီးက အီးတစ်ပြန်''

သက်ထားဝသန် စိတ်မသက်မသာနှင့်ပင် သူ့အနားမှာ
ကပ်ပြီးစီးရသည်။

မူးရ၊ အန်ရတာကမှ ကောင်းဦးမည်။ ယောကျ်ားတ
ယောက်နှင့်အတူ နေ့တိုင်းတွဲပြီး ကားစီးရလျှင်တော့ မဟန်
ဖွဲသူရကလည်း ပါးစပ်အငြိမ်မနေ။

''နင့်ပုံစံကဖ ယ်ရီနဲ့မကိုက်ဘူး။ ကိုယ်ပိုင်ကားနဲ့
ကျောင်းတက်ရမှာ''

''ကိုယ်ပိုင်ကားစီးနိုင်မှ နင့်ကား လာပြီးမစီးဘူး။ လူကို
လာပြီး မငေါ့နဲ့''

''မငေါ့ပါဘူး။ ခုခေတ်ကြီးက လွယ်ပါ့ဟာ။ ကိုယ်ပိုင်
ကားရှိတဲ့ သူဌေးသားတစ်ယောက်လောက်နဲ့ ဇယားဆွဲလိုက်ပေါ့''

''လူကို မဟုတ်တာတွေ လာပြီးအကြံမပေးနဲ့''

''အကောင်းစေတနာနဲ့ အကြံပေးတာပါ။ နင့်ရုပ်ချော
ချောလေးနဲ့ ကားရှိတဲ့တစ်ယောက်လောက် ချိတ်ထားလိုက်။
ပြီးနေတာပဲ။ ငါ့တော့ လာမချိတ်နဲ့နော်။ လက်ရှိ ရည်းစားနဲ့
ပြတ်သေးဘူး။ တွဲချင် ခဏစောင့်''

''ဟင် ...နင် နင်''

သက်ထားဝသန် ဒေါသတွေနှင့် ဆွေ့ဆွေ့ခုန်မတတ်
ဖြစ်နေလျှင် ဖွဲသူရကပခုံးတွန့်၏။ သူ့အမြင်မှာ ဘယ်မိန်းကလေး
မှ အထင်ကြီးစရာမရှိ။

တကယ်သိုလ်ကျောင်းသူတော်တော်များများဟာ အတွဲတွေ
သားကြ၊ အတွဲတွေနှင့် တည်းခိုခန်းသွားကြ။ တချို့များဆို တည်း
ခိုခန်းပင် သွားမနေတော့။

ပန်းခြံတွေလို၊ အင်းလျားလို၊ ဘုရားလိုနေရာမျိုးတွေမှာ
ပင် မရှောင်။

ထီးတစ်ချောင်းကွယ်ပြီး ဖြစ်ချင်တိုင်း ဖြစ်နေကြတာ။
တော်ကီကြွယ်လျှင် ဘော်ဒီဝယ်စရာမလိုဘူးဆိုပဲ။

အမျိုးကောင်းသမီးတွေကို ပြည့်တန်ဆာလို သဘော
ထားပြီး လှည့်ပတ် ဖြားယောင်း အသုံးချနေကြတာ။

''ချစ်သူတွေကျနေတာပဲ၊ ပဌာန်းဆက်တော့ ပါပြီထင်
ယ် ... ဘုရား ဘုရား''

သူကပဲ ဘုရားတနေတော့ သက်ထားဝသန် နောက်နေ့
ခေါင်းခန်းက မစီးဖို့ တစ်ထိုင်တည်း ဆုံးဖြတ်ချက်ချလိုက်
သည်။



ဓာတ်မသိသေးလျှင်သာ ကူးခြေကြီးတစ်ခွဲသားနှင့်
နောက်တော့လည်း တော်ကီတွေ ပစ်ကျွေးလိုက်လျှင် ဖုတ်ခ
ပြုတ်ကျလာကြတာပါပဲ။

အထာသိဖို့ပဲလိုတာ။

ယခုလည်း သက်ထားဝသန်ကို ဖွဲသူရ ဆွဲနေတာ
အချို့မိန်းကလေးများသည် ဒူးထောက်ပြီး သူတို့ကို ရှိခိုးဦးချသည်
ယောကျ်ားများကို သဘောမကျ။

သူတို့ကို အရေးမလုပ်ဘဲ ပြတ်သား၊ တင်းမာသည်
ယောကျ်ားများကိုပဲ အထင်ကြီးတာ။

ဖွဲသူရ၏စကားကြောင့် သက်ထားဝသန် မခံချိမခံသ
ဖြစ်နေမှ။ သူ မသိမသာ ချော့မော့ရသည်။

''စတာပါဟာ၊ နင်ကလည်း။ ကဲ ... ဒေါသတွေလျှော့
တရားလေးမှတ်။ ဟုတ်ပြီ၊ သီလရှင်လည်း ဝတ်မသွားနဲ့နော်
ငါတစ်ယောက်တည်း ကျန်နေရဦးမယ်''

သက်ထားဝသန် သူ့ကို စကားလှည့်မပြောတော့
ကျောင်း မြန်မြန်ရောက်ပါစေလို့သာ ဆုတောင်းနေမိရသည်၊

သည်နေ့ ဝသန် ပန်းနုရောင်ဝမ်းဆက်လေး ဝတ်ထား
ခါမှ ဖွဲသူရကလည်း ပန်းနုရောင်ဖစ်တင်နှင့်။ လှလှပပ။

''ငါမလိုက်ချင်ဘူးဟာ၊ ငါလည်း ဝယ်စားတာမဟုတ်ဘဲ အတန်းထဲမှာပဲ ကျန်ခဲ့ပါရစေ။ ကိုယ့်ထမင်းချိုင့် ကိုယ်ဖွင့်စားပါ''

''စားစားဟာ၊ နင် သစ္စာမဖောက်နဲ့။ ငါတို့က နင့်ဟင်းနဲ့လေးရှူပြီး ကင်တင်းက မုန့်တွေ၊ အစားအသောက်တွေ စားရတာ''

နောက်ဆုံး သူတို့နောက်ပါသွားရတာချည်းပါ။ သူတို့က ဆီချက်တို့၊ ရှမ်းခေါက်ဆွဲတို့၊ လက်ဖက်ထမင်း၊ ထမင်းကြော်တွေ မှာစားကြပြီး ဝသုန်ကတော့ ကိုယ့်ထမင်းချိုင့် ကိုယ်ဖြုတ်စားမြဲ။

သည်နေ့လည်း ဝသုန်တို့အဖွဲ့ စားပွဲရှာနေကြတုန်း ဆိုင်ထဲမှ ခေါ်သံကြားလိုက်ရသဖြင့် လန့်တောင်သွားတ်။ ပိုပြီးလန့်ရဘုန်ရသူက ပန်းနုရီဝေ။

''ဟာ ... ငါ့အစ်ကို ဘာလာရှုပ်တာလဲ။ သူက ဘီအီးကျောင်းသား။ ဘယ်သူလာဝိုက်တယ်မသိဘူး။ သူကလူရှုပ်ဟ။ သက်ကလည်း ယဉ်တယ်''

''ဒါဆို ငပွေးပေါ့၊ ဂျွတ်စပွတ်ကြီးပေါ့''

''အေး ... ကြည့်ရှောင်ကြ။ ပြီးမှ ငါ့ကို အဆိုးမဆိုကြနဲ့။ ရိုးရိုးခင်ရုံလောက်ကတော့ ရှောမမိဘူး။ ဆန်းဆန်းဆိုရင်သာ

အခန်း (၂)

သက်ထားဝသုန်။

သူမနှင့်တွဲသည့် သူငယ်ချင်းတွေက နီနီနုငယ်နှင့် ပန်းနုရီဝေ။ (၂) ယောက်လုံး နယ်ကလာသူတွေပါ။ အဆောင်မှာနေကြသည်။

နွေလယ်စာအတွက် ကင်တင်းကိုပဲအားကိုးကြသည်။ သူတို့ (၂) ယောက်က ဝသုန်ကို တော်တော်ခင်ကြ၏။

နွေလယ်စာစားချိန်ဆို သူတို့က ဝသုန်ကို ကင်တင်းကို အတင်းခေါ်ကြသည်။

''အမလေးဟဲ့ ... အလုပ်ကြီး အကိုင်ကြီး။ ကိုကိုတို့ ယောကျ်ားလေးတွေရဲ့အလုပ်က ဒါပဲ။ ချစ်သူရည်းစားရှာမယ်၊ ဒိတ်မယ်၊ တွဲမယ်၊ တွဲလို့ဝတော့ ကွဲမယ်။ ဟော နောက်တစ် ယောက်ထပ်ရှာမယ်၊ သံသရာကြီးက လည်လို့မဆုံးဘဲ''

ပန်းနုရီဝေ ဘယ်တုန်းထဲက အစာမကျေတယ်မသိ။ ဒေါပင်တွယ်နေတော့ သူအစ်ကိုမျက်နှာ တင်းသွား၏။

''ပန်းနု ... နင့်ဟာက ဘလိုင်းကြီးပါလား။ ယောကျ်ား တွေဆိုပြီး သိမ်းကျုံးမပြောနဲ့လေ။ နင့်ပုံကြည့်ရတာ ဘယ်တုန်းထဲ က ရင်ခံနေတယ်မှ မသိတာ။ သိရင်လည်း ကြည့်ရှောင်ကြလေ။ ဆုံးလက်က လွတ်အောင် ကြည့်ရှောင်ကြပေါ့!''

''အုတ်အရောရော ကျောက်အရောရောထဲ မာယာတွေ အပလိန်းနဲ့ မုဆိုးတွေကို ဘယ် မှန်မှန်ကန်ကန် ရှာနိုင်၊ ရှောင်နိုင် ကြတော့မလဲ''

မောင်နှမ (၂) ယောက် အပီအပြင်တွေ ဖဲ့နေကြလျှင် အောင်သန့်ကိုကပင် ရှိုခိုးဦးချရ၏။

''ကဲ တော်ကြပါတော့ဗျာ တော်ကြပါတော့။ ကြားထဲက ကျန်တဲ့သူတွေ အားနာဖို့ကောင်းပါတယ်။ ခင်ဗျားတို့မောင်နှမ ကျီစားတာနဲ့ ကျန်တဲ့သူတွေ ဘယ်ထပြေးရမှန်းမသိ ဖြစ်နေပြီ''

ရွှေ့မှရွှေ့အကြီးကြီး''

ပန်းနုရီဝေကသာ ခဏချင်းပင် သူ့အစ်ကို၏အတင်းကို အချိန်နှင့်တစ်ပြေးညီ စက္ကန့်ပိုင်းအတွင်း ဖြန့်ချလိုက်ပေမယ့် သူ့အစ်ကိုကတော့ စားပွဲမှာနေရာတွေ၊ ဘာတွေရှင်းပေးထားလေ ၏။

''အစ်ကိုအရင်းလား၊ နင်က တစ်ဦးတည်းသောသမီး ပါ''

''ကာစင်ပေါ့ဟာ''

''အိုး ... ဒါကြောင့်ကိုး''

ပန်းနုရီဝေ မျက်နှာတစ်ချက်ပျက်သွား၏။ (၃) ယောက် သား ထိုသူရှိရာစားပွဲသို့ ရောက်ရှိသွားရတာပါပဲ။

ချောမော သွက်လက်သည့် ခေတ်အထာနှင့် လူငယ် လေးဟာ ပန်းနုရီဝေ၏စိတ်ကူးထဲမှ မင်းသားလား၊ တကယ်ပဲ အစ်ကိုဝမ်းကွဲလား။

စမတ်ကျပြီး ပုံစံကိုက ဆွဲဆောင်မှုအပြည့်။

''ဒါ ငါ့သူငယ်ချင်း အောင်သန့်ကို။ ငါ့လိုပဲ ဘီအီး နောက်ဆုံးနှစ်။ ဒီကဖစ်ဆစ်က ချာတိတ်တစ်ယောက်နဲ့ ငြိနေ တယ်လေ။ လတ်လတ်ဆတ်ဆတ်ကြီး။ အဲဒါ လာရှာတာပေါ့''

သည်တော့မှ (၂) ယောက်သား လက်နက်ချပြီး စစ်ပြေ
းကြလေ၏။

''ငါနဲ့ပန်းနုနဲ့က တွေ့တာနဲ့ ကိုက်လိုက်ရမှာကွ။ ငယ်
ဝါကတည်းက။ ကဲ စားချင်တာမှာကြ၊ ကိုကိုကျွေးမယ်။ ပန်းနု
က်ဆက်ပေးဦးလေ၊ ချာတိတ်တွေကို။ ကိုကို့နာမည်ကတော့
ပြည့်စုံပါ''

''ဆရာကြီးပေါ့၊ ငါ ပြောထားပြီးသားနော်''

ပန်းနု ထပ်ပြီးဖွဲ့နေလျှင် ညီပြည့်စုံရယ်ပဲနေရပါ၏။ သူ
ဲ့ ပန်းနုက မောင်နှမ (၁) ဝမ်းကွဲ။ တစ်ခါမှလည်း တည့်တာ
ဟုတ်။

''ကဲ မိပန်းနု ...နင်ဟာလေ ငါ့ကိုမှ ကပ်မဖဲ့ရရင်
းဝင် အိပ်ပျော်မှာမဟုတ်ဘူး။ ပြော နင့်ချာတိတ်တွေနာမည်''

သည်တော့မှ ပန်းနုရီဝေ အင်တင်တင်နှင့် ပြောရတော့
ာ။

''သူက နီနီနုငယ်၊ ဒါက သဲက်ထားဝသုန်''

''တွေ့ရတာ ဝမ်းသာတယ်။ ကိုကိုက တစ်ဦးတည်း
သားသား။ ညီမအရင်းမရှိဘူး။ ပန်းနုလိုပဲ ကိုယ့်ညီမတွေလို့
သဘောထားလိုက်မယ်''

''ဟုတ်ကဲ့ပါရှင်''

''ကဲ ...မှာကြ၊ ဘာစားမလဲ။ ကိုကို ရှင်းမယ်''

''ရပါတယ်''

စားပွဲထိုးလေးကို တစ်ယောက်တစ်ပေါက် မှာနေကြဆဲ
သုန်ကတော့ ကိုယ့်ထမင်းချိုင့်လေးကိုသာ စားပွဲပေါ်မှာ ဖြုတ်
ချလိုက်ပါသည်။

ညီပြည့်စုံ၏နှာခေါင်းထဲ ချဉ်ရေဟင်းနံ့လေးက မွှေးခနဲ။
နောက် ငါးကျီးကြော်လေးတွေနှင့် ငရုတ်သီးဆားထောင်း။

''ဂလု''

ညီပြည့်စုံ၏မိဘများက နယ်မှာ။ သူကိုသာ တိုက်ခန်း
တစ်ခန်း၊ ကားတစ်စီးနှင့် ရန်ကုန်လာပြီး ကျောင်းထားတာ။

အိမ်ထမင်း၊ အိမ်ဟင်းမစားရဘဲ ဆိုင်ထမင်း၊ ဆိုင်ဟင်း
တွေနှင့်သာ နှစ်ပါးသွားနေရတော့ စားလို့မကောင်းတာက ခပ်
များများ။

''ညီမလေးက ဘာမှ မမှာဘူးလား၊ ကိုကိုကျွေးမှာပါ''

''ရတယ်''

''မရနဲ့၊ အဲဒါ ကိုကိုစားမယ်။ ညည်းက ငါမှာပေးတာ
စား''

ပင်ကိုအလှနှင့် ပင်ကိုဘဝဖြင့်သာ ရိုးရိုးသားသားနေသူ လေးပါ။

ဆံပင်ခါးလောက်အရှည်ကိုလည်း ဟိုလို၊ သည်လို အမျိုးမျိုးပြင်နေတာမဟုတ်။ ချာလီရောင်စုံကွင်းလေးများနှင့် စည်းချထားရုံ။

သူမနှင့်တွဲသည့် နီနီနုငယ်ဆိုလည်း သူငြေးသမီးပီပီ ဝတ်နိုင်၊ စားနိုင်သည်။ အနေတော့အေးသား။ သို့သော် မိန်းကလေးပီပီ ပြင်ပြင်ဆင်ဆင်။ မိတ်ကပ်၊ နှုတ်ခမ်းနီ၊ အိုင်းရှဒိုးတွေဘာတွေနှင့် အရုပ်ကလေးလိုပါပဲ။

ပန်းနုရီဝေလည်း လှပါသည်။ အသားဖြူဖြူ ပိန်ပိန်ပါးပါးလေးနှင့်။ ဆင်တိုင်းလှသူ။

သည်တော့ ဝသုန်ကိုမှ အထူး ဂရုစိုက်စရာမလို။ အိစိကလီ လုပ်ရန်မလို။

အင်းလေ ... သည်ခေတ်ယောကျ်ားတွေကတော့ ပြောလို့ရတာမဟုတ်ပါဘူး။ ဘနဖူး သိုက်တူးကြမယ့်လူတွေချည်းပါပဲ။

သူက ကိုယ့်ထမင်းချိုင့်ကို စားနေတော့ ဝသုန် သူမှာပေးသည့် ဆီချက်တစ်ပွဲကို စားရပါတော့သည်။

လူကတော့ ရွှန်းရွှန်းဝေလို့။ တော်ကီကလည်းကောင်း၊

တကယ်ပင် ဝသုန့်ထမင်းချိုင့်တွေကို ဆွဲယူပြီး အပီအပြင် ဆွဲနေတော့ ဝသုန်မှာ ပါးစပ်အဟောင်းသား။

"သူငြေးသားဖြစ်ပြီး ဆင်းရဲသားဟင်းတွေ စားနေတယ်တော့"

ဝသုန် တအံ့တသြနှင့် တိုးတိုးရေရွတ်မိတော့ ညီပြည့်စုံစကားပြန်မပြောအား။ တကယ့်ကို အားရပါးရ ဆွဲနေတာ။

ဒါ မာယာတွေလား။ ဟန်ဆောင်တာလား။ တကယ်ကို နှစ်နှစ်သက်သက် စားနေတာလား။

ငါ့ကို အိစိကလီလုပ်ချင်တာတော့ မဟုတ်လောက်ပါဘူး။

ပြောကြေးဆို သက်ထားဝသုန်ဆိုတာ အထူးပြုလုပ်ချက်တွေမပါဘဲ ရိုးရှင်းသောမိန်းမပျို။

မျက်နှာလေးချစ်စရာကောင်းပြီး ကိုယ်လုံးလေး လှပကျော့ရှင်းပေမယ့် တစ်ခါမှ လှလှပပ ဝတ်တာစားတာမဟုတ်။

မျက်နှာကို သနပ်ခါးဖုံဖုံ မှုန်မှုန်လေး လူးထားပြီး အဝတ်အစားကလည်း ချည်ထည်ဝမ်းဆက်လေးတွေလောက်သာ။

သူများမိန်းကလေးတွေလို ကိုယ့်အလှကို လှလှပပ ထုပ်ပိုးပြတတ်သူမဟုတ်။

လူကလည်း သွက်၊ ရုပ်ကလည်းချော၊ စမတ်ကလည်းကျ၊ ပစ္စည်းဥစ္စာလည်း ရှိ။

တကယ့်ကို အသည်းစားဘုရင်၊ အသားစားဘုရင် တစ်ပါး ဖြစ်မှာပဲ။

သူများတွေက ဘယ်လိုတွေးကြမည်မသိပေမယ့် ဝသုန်ကတော့ ဝေးဝေးကရှောင်ဖို့ သန္နိဋ္ဌာန်ချလိုက်ပြီးသား။

မီးဆိုတာ မလောင်ခင်တားရမတဲ့။

မီးအလောင်လည်းမခံနိုင်။ မီးအပာပ်လည်း မခံနိုင်။

ကုလားမီးနှင်းသလို မီးခဲတွေလျှောက်နှင်းရင် ကိုယ်ပဲ လောင်ကျွမ်းသွားမှာပေါ့။

သည်တော့ ညီပြည့်စုံက ဘယ်လိုပင် သူမကို ဆွဲစိစိ သူမကတော့ မထုံတတ်တော။ မလှုပ်။ တကယ့်ကို ကျောက်ဆစ်ရုပ်။

သူစားပြီးသည့် ကိုယ့်ထမင်းချိုင့်တွေကို ပြန်ဆင့်ရင်း လူကတော့ မပြုံးတုံ့တုံ့ ပြုံးတုံ့တုံ့ လုပ်ထားရတာပေါ့။ ရိုင်းတယ်တော့ အပြောမခံချင်။ ကိုယ့်အန္တရာယ်ကိုယ် ကြည့်ရှောင်ရုံပါပဲ။

သည်လို အဆိပ်ပြင်းသည့်နှင်းဆီနက်တွေ၊ ဂမုန်းနက်တွေကို ခင်တောင်မခင်ရဲ။ တော်ကြာ အဆိပ်သင့်ပြီး မူးဝေလဲကျ

သေဆုံးနိုင်သည်။

တစ်ဖက်သားက စပါးကြီးမွှေလို ညို့အားပြင်လျှင် ကိုယ်ကရော ဘာသားနှင့်လုပ်ထားတာမို့လဲ။

သည်တော့ မီးဘေးရှောင်၊ မလောင်ခင်တား။ ဝေါင်ဝေါင်ဝေး ဝေးဝေးရှောင်မှ။

အားလုံး စားသောက်ပြီးကြတော့ ညီပြည့်စုံက အစီအစဉ်တစ်ခု တင်ပြသည်။

''ကဲ မိပန်းနုရေ ... လာမယ့်စနေ ငါတို့ ကျိုက်ထီးရိုးသွားမလို့။ နင်တို့အဖွဲ့ လိုက်မလား၊ နေ့ချင်းပြန်''

ပန်းနုရီဝေနှင့် နီနီနုငယ်က အပျော်အပါးတော့ နည်းနည်းမက်သည်။ သူတို့မျက်လုံးတွေက အရောင်လက်သွားတာသိသိသာသာ။

''ကိုကို့ကားက လူဘယ်လောက်ဆန့်လို့လဲ။ ဘယ်သူတွေ ပါဦးမှာလဲ။ ကိုကို့ဘော်ဒါ၊ ဘော်ကျွတ်တွေနဲ့ဆို မလိုက်ချင်ပါဘူး။ ရှော့တွေလောင်ကုန်မယ်''

''မပါ,ပါဘူးဟာ။ ငါကရော ခေါ်မလား။ ကိုယ့်နှမတွေ လိုက်မယ်ဆို ဘယ်ကောင်မှမခေါ်ဘူး''

''ငါတို့စုံတွဲတော့ လိုက်ပါရစေကွာ''

ကောက်တင်မနေချင်။ ခေတ်နှင့်အံမဝင်ဘူးလို့ ပြောချင်ပြောပါ။

ပြီး ကိုယ့်မှာ အုပ်ထိန်းသူ အစ်မ (၂) ယောက်နဲ့။ မကြီးခမျာ အားလပ်ချိန်မရှိ အလုပ်ကြိုးစားပြီး ညီမတွေ အတွက် ဖြည့်ဆီးနေချိန်မှာ ကိုယ်က အပျော်အပါး လျှောက်သွားနေသင့်ရဲ့လား။

ဘုရားဖူးဆိုပေမယ့် လိပ်ဥရောတူးကြမယ့်သူတွေ။ ထို့ကြောင့် သည်စကားဝိုင်းမှာ ဝသုန်မပါ။

''အံမာ မလိုက်ချင်နေကြ။ ငါက အကုန်အကျလည်း ခံဦးမယ်။ ဆံထုံးလည်းထုံး၊ ဆီလည်းစိုက်ရတဲ့ကြားထဲ နင်တို့ကို လည်း ရှိခိုးဦးချ ပင့်နေရဦးမှာလား။ ပြောပြတာ။ လိုက်ချင်လိုက် လိုက်ချင်နေ''

ညီပြည့်စုံ အညာကိုင်လိုက်တော့မှ နီနီနုငယ်နှင့် ပန်းနုဦးဝေ ပျာပျာသလဲဖြစ်တော့တ၏။

''လိုက်မယ်, လိုက်မယ်၊ ကိုကို့ကား ဆန့်ပါတယ်နော်''

''ဆန့်တယ်၊ ငါရယ် အောင်သန်းကိုလင်မယားရယ်''

''ကိုညီ မချွဲနဲ့ဗျာ''

''ဆောရီး ဆောရီး၊ သူတို့စုံတွဲရယ်။ နောက် ငါ့ဘော်ဒါ တစ်ယောက် ခေါ်ဦးမယ်ဟာ။ နိုင်ကြီးက ကားမောင်းကျွမ်းတယ်။

အနားမှ အောင်သန်းကို,ကိုပင် မေ့လို့။ သူခမျာလည်း သူ့ကောင်မလေးကို ဗျိုင်းကြီးလိုလည်တဆန့်ဆန့်နှင့် စောင့်နေရ၏။

''ငါတို့မျက်စိရှက်၊ နားရှက်အောင်တော့ မလုပ်နဲ့နော် အောင်ကြီး။ ငါက ရှက်တတ်တယ်။ လူပျိုစစ်စစ်၊ လူပျိုသန့်သန့်လေး''

သူက မချိုမချဉ်ရုပ်နှင့် နောက်တော့ အားလုံး ဝိုင်းပြီး လှောင်ရယ်ရယ်ကြသည်။ ညီပြည့်စုံကတော့ ခပ်တည်တည်။

''အကောင်းပြောတာ၊ ဘာလဲ ... နင်တို့က ငါပြောတာ မယုံဘူးလား။ မယုံလည်းနေကြဟာ။ ကဲ ပြော ဘယ်သူတွေ လိုက်ကြမှာပဲ။ နင်တို့မလိုက်လည်း ကိစ္စမရှိဘူး။ ငါတို့ချည်းသွားမယ်''

''လိုက်မှာပေါ့၊ နေ့ချင်းပြန်နော်။ မော်တင်သွားကြပ်လားဟာ''

''အေးလေ ... ပင်လယ်ရေလည်း ချိုးရတယ်၊ ကျိုက်ထီးရိုးထက် မိုက်တယ်''

တစ်ယောက်တစ်ပေါက်တွေ မဲခွဲနေကြသည့်အထဲ ဝသုန်မပါပါ။ ဝသုန်က ယောကျ်ားလေးများနှင့်လည်း ဒွေးရော

အကြမ်းခံ၊ ရေစိမ်ခံကြီး''

''ကျွဲကြီးလား''

''အေး ... ကျွဲကြီးလို အားကိုးရတယ်။ နင်တို့ (၁) ယောက်နဲ့ဆို အားလုံးပေါင်း (၅) ယောက်''

''ကျွန်မ မလိုက်ပါဘူး''

''ဘာလို့လဲ၊ နင့်တစ်ယောက်တည်း ဘာလို့ ကွက်ချ ခဲ့မှာလဲ''

''ကျွန်မက အုပ်ထိန်းသူတွေရှိတယ်။ သူတို့လို အဆောင်နေကျောင်းသူတွေ မဟုတ်ဘူး''

''နင်ကလည်းဟာ၊ နင့်အစ်မတွေက သူ့အလုပ်နဲ့သူ ရှုပ်နေတာ။ မအားပါဘူး။ တစ်ခုခုညာလိုက်ပေါ့ဟ''

''မညာချင်ပါဘူး။ ငါ့အစ်မတွေက ငါတို့ဘဝတွေ အတွက် အလုပ်လုပ်နေချိန်မှာ ငါက အပျော်အပါး လျှောက်လို့ နေရမှာလား''

''ဟယ် ... နင့်စကားကြီးကလဲ။ ငါတို့ကပဲ အလေ လိုက်နေသလိုလို''

ဝသုန်စကားကြောင့် အားလုံးပင် တွန့်ခနဲ။ ညီပြည့်ကတော့ ဘာမှမပြောပါ။ ပွဲကြည့်ပရိသတ်လုပ်နေ၏။

နီနီနှင့်ပန်းနုကသာ ကက်ကက်လန်နေတာ။

''ငါ့အစ်ကိုနဲ့သွားတာပဲ၊ ပြီးတော့ ငါတို့အဖွဲ့က (၃) ယောက်လေ။ ကိုအောင်သန်းကိုရဲ့ကောင်မလေးပါ ပါမယ်ဆိုရင် ဒီနှစ်မ (၄) ယောက်တောင်''

''အဲဒါကြောင့် မဟုတ်ပါဘူး၊ ငါ မလိုက်လည်း ဘာမှ ဖြစ်ပါဘူးဟာ။ တစ်ယောက်ယောက်သာ ခေါ်သွားလိုက်ကြစမ်း ပါ''

''မရဘူး၊ လူငယ်ဆိုတာ အဖော်ကောင်းရင် ငရဲထိ တောင် လိုက်ရဲရတယ်ဟာ။ နင့်အစ်မတွေကို ငါတို့လိုက်ခွင့် တောင်းပေးမယ်''

''အစ်မတွေကြောင့် မဟုတ်ပါဘူး။ ငါ သိတတ်ရမယ် လေ။ သူတို့က တို့အားလုံးရဲ့ဘဝတွေအတွက် ရုန်းကန်ခက်ခဲ နေတဲ့အချိန်မှာ ငါက ပျော်ပျော်ပါးပါး မနေရက်ပါဘူး။ နေရမှာ မျိုမကျဘူး''

အရွယ်လေးငယ်ငယ်နှင့် အရမ်းလေးနက်၊ အရမ်းသိ ဘတ်နေသည့် ချာတိတ်မလေးကို ညီပြည့်စုံ မျက်ခုံးတွန့်ပြီး ကြည့်နေမိသည်။

သည်အရွယ်၊ သည်လောက်လေးနက်သည့်အတွေးတွေ

ရှိနေ၊ ဝင်နေတဲ့ အကောင်းလား အဆိုးလား။

''ချာတိတ်အစ်မတွေက ဘာလုပ်လဲ။ ကမ္ဘာလုံးကြီးကို ထမ်းထားကြတာလား။ ကျားကို နို့တိုက်နေရတာလား''

ညီပြည့်စုံ ရွဲ့မေးတော့ ကောင်မလေး ဆတ်ဆတ်ခါ နာသည်။

''ရှင်ရွဲ့စရာမလိုပါဘူး။ ကျွန်မက ရှင့်အကျိုးစီးပွားကို ဘာများဖျက်ဆီး နှောင့်ယှက်နေလို့လဲ။ ကျွန်မနဲ့ရှင်နဲ့ သူငယ်ချင်း လည်းမဟုတ်ဘူး၊ ကျွန်မ မလိုက်တော့ ရှင့်ကားတောင် ပေါ့သွား သေးတယ်''

''ဟာကွာ၊ ချာတိတ်တော့ အဓိပ္ပာယ်ကောက်တွေလွဲ နေပြီ။ ကဲ ကဲ ... ဒီနေ့ lunch အတွက် ကျေးဇူးတင်တယ် ကိုကိုကတော့ ချာတိတ်ကို ခင်ပါတယ်။ အဓိပ္ပာယ်မဲ့နေတဲ့ ကိုကို့ ဘဝကြီးထဲ ချိုမြိန်တဲ့ဆားပွင့်လေး ရောက်ရှိလာတယ်။ ချစ်စရာ ညီမဆိုးဆိုးလေးတစ်ယောက် ကောက်ရလိုက်တယ်လို့ပဲ ယူဆ လိုက်မယ်။ အိုကေ စိတ်လျော့၊ စိတ်လျော့၊ ဒေါသတွေလျော့ တော်ကြာ ငယ်ငယ်လေးနဲ့ ပါးရေ နားရေတွေ တွန့်ပြီး ဆံပင် တွေလည်း ဖြူကုန်ဦးမယ်နော်။ ကိုကိုကတော့ မိဆိုးလေးကို ချစ်တယ် သိလား''

ပြောပြောဆိုဆိုနှင့် ညီပြည့်စုံ ထရပ်လိုက်ပြီး ဝသုန်ကို ခေါင်းလေးလှုပ်ရမ်းကာ ကင်တင်းမှ ထွက်သွားလျှင် အောင်သန့် နောက်မှ ကမန်းကတမ်း လိုက်သွားပုံမှာ ဗျိုင်းခြေတံစိမ်းကြီး နည်း။

သူမတို့ (၃) ယောက်လည်း ကင်တင်းမှ ပြန်လည်ထွက် လာခဲ့ကြပြီး စာသင်ခန်းထဲသို့ ရောက်ရှိလာခဲ့ကြသည်။

*

သည်နေ့လည်း ည (၉) နာရီ စာကျက်ဝိုင်းသိမ်းသည့် နောက် ဝသန် ကိုယ့်တိုက်ခန်းရှိရာ ဆေးရုံဘက်သို့ ခပ်သုတ်သုတ် ပြေးလာခဲ့သည်။

လမ်းပေါ်မှာ လူတွေကတော့ အများကြီးပါ။ ည (၉)နာရီ ကော အပုပ်ချိန်မဟုတ်သေး။ သည်လိုပဲ လူတွေဟာ ငှက်တွေလို အတောင်ဖြန့်ပြီး ရှာဖွေစားသောက်နေကြတုန်း။

ဆေးရုံဘက်သို့ ခပ်သုတ်သုတ်လျှောက်လာနေတုန်း နောက်ဘက်မှ လူ (၂) ယောက် ကပ်လိုက်လာသည်ကို သတိ ထားမိလိုက်လျှင် ဝသန် ခေါင်းကြီးသွား၏။ လူတော့ နည်းနည်း ကြောက်တယ်။ ငါ့ကို ဘာတွေများ နှောင့်ယှက်ကြမလို့လဲ။

ခေတ်ကြီးက မဖွယ်မရာ။ နှစ်လောင်းပြိုင်တွေ၊ သုံး လောင်းပြိုင်တွေ၊ လေးလောင်းပြိုင်တွေ ဆိုတာ မကြာခဏ။ ပြိုင်ရှင်မဲ့၊ သတ်သူမဲ့၊ တရားခံမဲ့တွေ။

နောက် လုမှု၊ ခိုးဝှက်မှု၊ ဆူပူရိုက်နှက်မှုတွေကရော။ ပေါ်တည်တည် ကျူးလွန်နေကြတာ။ မုဒိန်းမှုတွေကလည်း ခဏ ခဏ။

ဥပဒေကနောက်၊ ခံရမှာကအရင်။ တရားလိုဖြစ်ခွင့် ကောင် မရလိုက်ဘဲ မသာဖြစ်ချင် ဖြစ်သွားနိုင်တာ။

အခန်း (၃)

သက်ထား၀သန်။

ကျောင်းကပြန်ရောက်သည်နှင့် ရေအမြန်ချိုး၊ ထမင်း စားပြီး ညစာကျက်ဝိုင်းသို့ ပြေးရသည်။ သူမရဲ့ စာကျက်ဝိုင်းက ရပ်ကွက်ထဲတင်ပါ။ ညနေ (၆) နာရီမှ (၉) နာရီအထိ။

(၅) တန်းကျောင်းသား (၅) ယောက်။ တစ်ယောက်ကို (၂) သောင်းပေးတာမို့ (၁) သိန်းတော့ ရတာပါပဲ။

ည (၉) နာရီနောက်ပိုင်းမှ ဝသန် ကိုယ့်ကျောင်းစာ ကိုယ်ကြည့်ရပါသည်။

ဆေးရုံဘက်မှာ အိမ်တွေရှိပေမယ့် လမ်းပေါ်မှာတော့ လူက ခပ်ကျဲကျဲ။ လက်ရဲ ဇက်ရဲနဲ့ ဆွဲလား လွဲလားလုပ်လျှင် မလွယ်။

သည်စဉ် ကားတစ်စီး မှန်အနက်နှင့်။ သူမအနားမှာ ထိုးရပ်လိုက်လျှင် ဝသန်ဘာမှ မစဉ်းစားတော့ဘဲ ဆေးရုံဘက်သို့ အတင်းပြေးလေ၏။

သူမက ပြေး၊ ကားကတရိပ်ရိပ်လိုက်။ ဝသန် လိပ်ပြာလွင့်မတတ် မောပန်းနေလေမှ ကားက ရှေ့မှာပိတ်ရပ်လိုက်ပြီး ကားပေါ်မှ ဆင်းလာသူမှာ ဖွဲသူရပါ။

''ဟင် နင် နင် ငါ့ကိုလိပ်ပြာလွင့်သေအောင် လုပ်နေတယ်''

''နင်ကရော ဘာဖြစ်လို့ ဒီအချိန်ကြီး လမ်းပေါ် တစ်ယောက်တည်းရောက်နေတာလဲ။ မာဆတ်ကပြန်တာလား''

''အံမာ သေလိုက်ပါလား။ နင့်လိုသူဌေးသားမဟုတ်ဘူး စာသင်ဝိုင်းကပြန်လာတာ''

''ဘာလို့ပြေးလဲ''

''ငါ့ကို နှောင့်ယှက်မယ့် ဖမ်းရောင်းစားမယ့်လူတွေ မှတ်လို့ပေါ့ဟဲ့''

''တုံးပါ့ဟာ။ ကမ္ဘာငတုံးကြီးပဲ။ ဒါ မြို့စွန်လည်းမဟုတ်ဘူး၊ ညသန်းခေါင်လည်း မဟုတ်ဘူး။ လူတွေလည်း တစ်ယောက်နှစ်ယောက်စ ရှိသေးတယ်''

''စောစောကတည်းက ယောက်ျား (၂) ယောက် ငါ့နောက်ကို ကပ်လိုက်နေတာကိုး။ လန့်တာပေါ့''

ကားဘေးနားမှရပ်ပြီး စကားပြောဖြစ်နေကြတာ။

''နင့်အိမ်က ဘယ်သူမှ လာမကြိုကြဘူးလား။ တာဝန်မဲ့လိုက်ကြတာ''

''ငါတို့အိမ်အကြောင်း ဘာမှမသိဘဲ မဝေဖန်ပါနဲ့။ မမကြီးက နှာ့(စ်)။ ဂျူတီမထွက်လောက်သေးဘူး။ ဝသုန်က ငယ်သေးလေ၊ အပျိုလေး။ ဘယ်လိုလုပ် ကြိုခိုင်းလို့ ဖြစ်မလဲ''

''ဒါဆိုလည်း နင် ဒီအလုပ်မလုပ်သင့်ဘူး''

''ပျော်လို့လုပ်နေတာလေ။ လူတိုင်းကို နင့်လို ရွှေဖွန်းကိုက်မွေးလာတယ် မှတ်နေလား''

''ငါပေးမယ်ဟာ၊ နင့်ကိုစိတ်မချဘူး''

''အံမာ သေချင်လို့၊ တော်ပြီ တော်ပြီ ငါသွားပြီ''

သက်ထားဝသန် ဆေးရုံဘက်သို့ ဆက်သွားပြီး ဝင်းထဲသို့ ဝင်လာခဲ့လျှင် ဖွဲသူရ ရပ်ကျန်ခဲ့ပါ၏။

သည်အထာတွေရိုးနေပြီ ဖွဲ့သူရရေ။ နင်တို့ယောက်ျား တွေဟာ မိန်းကလေးတွေကို တော်ကီအမျိုးမျိုးနဲ့ မရအရ ချဉ်း ကပ်ပြီး အသားစားကျားတွေလို အသားစား ဘီလူးတွေလို သတ် ဖြတ် စားသုံးတတ်ကြောင်း။

အဲ အရှင်လတ်လတ်စားသုံးတတ်ကြောင်း ငါ့မှာ မျက် မြင် သင်ခန်းစာတွေမှအများကြီး။

ပိုးဖလံမတွေက မီးရောင်ထဲ တဖျပ်ဖျပ်တိုးဝင်၊ လောင် ကျွမ်းကြပေမယ့် –

ငါမတိုးမိအောင် ရှောင်မယ်။

နင်တို့တော်ကီတွေမှာ မျောလွင့်မသွားဖို့ ကြိုးစားမယ်။ မာယာတစ်သိန်းနဲ့ မုဆိုးတွေကို လွတ်အောင်ရှောင်မယ်။

ဆေးရုံလိုင်းခန်းလေးတွေကို ကျော်ဖြတ်ပြီး ကိုယ့်တိုက် ခန်းရှေ့ရောက်တော့ ဝသုန်လေးက အပြေးဆီးကြိုး၏။

''နောက်ကျနေလို့ စိတ်ပူနေတာ မမရဲ့။ လမ်းမှာများ ဘာဖြစ်နေပြီလဲလို့။ အုပ်စုဖွဲ့ပြီး မမကိုလိုက်ရှာဖို့တောင် စဉ်းစား နေတာ''

''ငခ္ဆဲမလေး ဖုန်းဆက်ပါလား။ အပိုတွေပြောနေ ဟွန်း''

''ဟာ ... မမကလည်း ဝသုန့်မှာ ဘေမရှိဘူးလေ။

မကြီးက တစ်လလုံးမှ ဖုန်းဘေ (၃) ထောင်တည်း ပေးတာ။ စဉ်းစားကြည့် ... ဟင်း''

''သြော် ညီမရယ် ... မမကြီးခမျာ ငါတို့လိုအပ်ချက် တွေကို ဖြည့်ဆီးဖို့ မနည်းကြိုးစားနေရတာ။ ဖုန်းဘေအတွက် တယ်အများကြီး အကုန်ခံနိုင်မလဲ''

''သိပါတယ်၊ ဒါကြောင့် အင်တာနက်သုံးတာ mpt free နဲ့လေ။ ဘေးမကုန်တော့ဘူးပေါ့။ ဝသုန် သိတတ်ပါတယ် မမရယ်။ ပေါင်းမိတဲ့သူငယ်ချင်းတွေကလည်း ဘောစိမတွေ။ ဝသုန်က ခွာပစ်ချင်ပေမယ့် သူတို့က မရတော့ဘူး။ စိတ်တော့ ကောင်းကြပါတယ်လေ''

''လူဆိုတာ အလွှာတူချင်း ပေါင်းတာကောင်းပါတယ် ညီမရယ်။ မြင့်တဲ့သူနဲ့ပေါင်းတော့ ကိုယ်က အလိုလို သိမ်ငယ်ပြီး သူတို့ဩဇာခံ သူတို့ခိုင်းဖတ်ဖြစ်သွားတတ်တယ်''

''ဝသုန်သိပါတယ် မမရယ်။ ဘော်ဒါအကန့်ကို သေ သေချာချာ နားလည်ပါတယ်။ စည်းထားပါတယ်''

''အေးပါ၊ ငါက စိုးရိမ်လို့ပြောတာပါ။ သိပ်လည်း ကဲကဲ ဆတ်နဲ့ပေါ့ဟာ''

''သူတို့က ဒီတစ်ပတ် ကျိုက်ထီးရိုးကို နေ့ချင်းပြန်

သွားကြမလို့တဲ့။ ဝသုန်ကို အတင်းခေါ်နေကြတယ်''

''လူကြီးမပါဘဲ လူငယ်တွေချည်း စိတ်မချပါဘူး။ အန္တရာယ်ဆိုတာ ကျိုပါတာမဟုတ်ဘူး။ မိန်းကလေးဆိုတာ ပန်းပင်က ပန်းကလေးလိုပဲ။ ကိုယ့်ကိုယ်ကိုယ် တော်တော်ထိန်းသိမ်းရတာ။ ကိုယ်က မလော်မာဘဲနဲ့တောင် အန္တရာယ်တွေက လက်တစ်ကမ်းမှာ''

''ဝသုန်မလိုက်ပါဘူး မမရယ်။ သူတို့ကတော့ အတင်းခေါ်တာပဲ။ အိမ်လိုက်ပြောမယ်တဲ့''

''ယောကျ်ားလေးတွေ ပါသေးတယ် မဟုတ်လား''

ဝသန် အစ်လိုက်လျှင် ဝသုန်ကလည်း ညာဖို့စိတ်ကူးမရှိပါ။

''ပါတယ်၊ ပန်းနုအစ်ကိုရဲ့ကားနဲ့ သွားကြမှာ''

''တွေ့လား၊ ဇာတ်လမ်းဆိုတာ အဲဒါက စကြတာပဲ။ လူငယ်အချင်းချင်း သွားကြ လာကြ စားကြ သောက်ကြ၊ အတူသွား အတူလာရင်း နောက်ကျ ငြီးကုန်ကြရော''

ညီအစ်မ (၂) ယောက် ညည့်ခန်းထဲမှာ စကားတွေပြောဖြစ်နေကြပါ၏။ ဒါလည်း ဆုံးမစကားပင် မဟုတ်ပါလား။

လိမ္မာရေးခြားရှိဖို့အတွက် ညီအစ်မချင်း သတိပေးစကား

တွေ ပြောကြား၊ ဆွေးနွေးနေရတာ။

''အဲဒီလူကြီးကြည့်ရတာ လူပွေကြီးလားမသိပါဘူး။ နှုန်းက ပိုချောတာ မမရဲ့။ ပိန်ပိန်ပါးပါး ဖြူဖြူနွေးနွေးလေး။ ပန်းနုလည်း လှတာပဲ''

''သူတို့ (၂) ယောက်က မော်ဒယ်လိုပဲ။ ပိန်တယ်။ ယောကျ်ားတွေအကြိုက်ဆို။ ညီမလို ပြည့်ပြည့်ဖြိုးဖြိုး၊ ထွားထွားမြင့်မြင့်လေးကို ပိုကြိုက်မယ်''

''မမရော ဘာထူးလဲ၊ မပိန်ပါဘူး''

''အေးလေ၊ ငါတို့ညီအစ်မ (၃) ယောက်ပုံစံတွေက အားကစားမယ်တွေလို၊ မယ်ဗမာတွေ၊ မယ်စကြာဝဠာတွေလို ပြည့်တယ်။ သတိထား၊ ယောကျ်ားတွေရဲ့ပစ်မှတ်ဖြစ်တတ်တယ်။ ဘယ်သူကိုမှ မယုံကြည်နဲ့။ သူတို့ကြိုက်တယ်ဆိုတာ အလကားး''

''မမက ဘာလို့ ဒါတွေသိနေရတာလဲဟင်''

ဝသုံန် သူမမကို အထင်တကြီးနှင့် မေးတော့ ဝသန်က နာကျင်ပြုံးနှင့်။

''ငါ ဒုတိယနှစ်တုန်းက ချစ်သူထားမိသေးတယ်''

''ဟင် ... ဝသုန်တို့ မမကြီးတို့လည်း မသိရပါလား''

''မကြာဘူးလေ၊ သူက မင်းသားခေါင်းဆောင်းထားတဲ့

''မမလူကြီးရဲ့တော်ကီအလုံးလေးတွေ နမူနာပြောပြပါ
ဦး။ ညီမလည်း သိထားရအောင်''

''အမလေး ကမ္ဘာပေါ်မှာ သူလောက်ချစ်တတ်တာ၊
ချစ်ပြတာ (၂) ယောက်မရှိတဲ့ပုံစံမျိုးပေါ့ဟာ။ ရှိမီယို၊ နတ်သျှင်
နောင်တို့တောင် ထိုင်ငိုသွားရမယ့် အပေါက်မျိုးတွေ''

''ဩော်''

''ကဲ စာကြည့်ကြစို့။ လူကြီးတွေမပါဘဲ အုပ်ထိန်းသူ
မပါဘဲ ညီမလေး ဘယ်ကိုမှ သွားဖို့ စိတ်မကူးနဲ့နော်။ အန္တရာယ်
ဆိုတာ မိန်းမချောလေးတွေအတွက် လက်တစ်ကမ်းမှာ''

''ဟုတ်ကဲ့ပါ မမရဲ့၊ ဝသုန် နားလည်ပါတယ်''

ညီအစ်မ (၂) ယောက် စာကျက်ကြရင်း (၁၂) နာရီထိုး
လောက်မှ အိပ်ရာဝင်ဖြစ်ကြသည်။

တစ်မိုးချုပ်သွားရပြန်ပေါ့လေ။

မမကြီးခမျာမှာတော့ စပါယ်ရှယ်ပဲ ဝင်နေရသလား။
ဘူတီပဲ ဝင်နေရသလားမသိပါ။

*

ဘီလူးကိုး။ လူချင်းတွေ့ဖို့ ခဏခဏချိန်း၊ သူတိုက်ခန်းခေါ်''

''ဟင် သူတိုက်ခန်း''

''အေးလေ ...သူ ဘောစီဆိုတော့ ကျောင်းတက်တာ
ကိုယ်ပိုင်တိုက်ခန်းနဲ့။ အဆင့်ကြည့်ရတာတော့ ဒီလိုပဲ။ ကောင်
လေးတွေကို ပစ်မှတ်ထား၊ သူတိုက်ခန်းခေါ် ခေါ်ပြီး အသုံးခ
တယ် ထင်ပါတယ်''

''အမလေး ...မမ ဘာဖြစ်သွားသေးလဲဟင်''

''ဘာမှမဖြစ်လိုက်ဘူး။ ကံကောင်းသွားတယ်။ ငါက
လည်း သူချိန်းတိုင်း ငြင်း၊ ကြားဖူးနားဝတွေ မြင်နေရတာတွေက
မဖွယ်မရာတွေလေ။ ခေတ်ကြီးတစ်ခုလုံး ပျက်စီးယိုယွင်းနေပြီ
ဗွက်ပေါက်နေပြီဟ''

''နောက် ဘယ်လိုကွဲသွားကြတာလဲ''

''ချိန်းတိုင်းငြင်းတော့ ချိန်းတိုင်းလာမယ့်သူကို ရှာသွား
တာပေါ့ဟ။ တော်ကီတွေကတော့ တော်ရုံမိန်းကလေး အရည်
ပျော်ကျသွားလိမ့်မယ်''

''တော်သေးတာပေါ့ မမရယ်။ ဘာမှမထိခိုက်လိုက်လို့''

''အဲဒီကတည်းက ငါ ယောကျ်ားလေးတွေကို ဝေးဝေး
က ရှောင်တော့တာ။ စိတ်ကုန်လွန်းလို့ဟာ''

အခန်း (၄)

ခင်ထက်ပန်။

အသက် (၂၅) ထိ ဘယ်လိုရောက်လာမိမှန်းကိုမသိ။ အသက်ကြီးတော့ရော ဘာဖြစ်လဲ။ ရုန်းကန်လှုပ်ရှားရင်း ဘဝ ဟာ ပြေးစက်ပေးရောက်နေရတာ။

သူမကတော့ အလုပ်လုပ်နေရတာ ပျော်ပါသည်။ အဓိပ္ပာယ်ရှိသော ဘဝပေါ့။ ညီမတွေကို ပြုစုပျိုးထောင်ရတာ လည်း တစ်ချက်ခုတ် နှစ်ချက်ပြတ်။

မိဘကို ကူညီရာ၊ မိဘစိတ်ချမ်းသာအောင်လုပ်ပေးရာ

ရောက်သည့်အပြင် ကိုယ့်ညီမလေးတွေကိုလည်း ဉာတကာနဥ ရ၏။ ကြီးကြီးကျယ်ကျယ်ပြောရလျှင် တိုင်းပြည်အတွက် လူသား အရင်းအမြစ်ကိုလည်း ထူထောင်ပေးရာရောက်ပါသည်။

သူမတို့လို သူနာပြုတွေဟာ ဆေးရုံမှာ နေ့၊ ည ဂျူတီ တွေဆင်းရသည်။ ဂျူတီနားချိန်များမှာ စပါယ်ရှယ်လိုက်လို့ ရပါ သည်။

ဒါမှမဟုတ် ဆေးခန်းကြီးတွေမှာ အချိန်ပိုင်းအလုပ် ဆင်း မလား၊ ရသည်။

ဝသန်က ကလေး (၅) ယောက်ကို ဂိုက်လုပ်ပေးသဖြင့် တစ်သိန်းရတော့ နည်းနည်းအသက်ရှူချောင်ရသည်။

ယခုည ခင်ထက်ပန် ဂျူတီနားရတာမို့ ကားအက်ဆီးဒင့် တစ်ယောက်ကို စပါယ်ရှယ်လိုက်ပေးရပါသည်။

အက်ဆီးဒင့်ဖြစ်တာက (၂) ယောက်ပါ။ လူလတ်ပိုင်း တွေ။ လူငယ်တော့မက။ အသက် သုံးဆယ်လောက်တွေများ ရှိမလားမသိ။

ကွဲ၊ ပြဲ၊ စုတ်ပြတ်နေတာမို့ ဆေးရုံတင်ထားရတာ။ ရပ်ဝေးတွေထင်ပါ၏။ လူနာရှင်တွေ ဘယ်တော့မှလာမည်မသိ။

တစ်ယောက် တော်တော်ကျိုး၊ ပဲ့ပြီး တစ်ယောက်

ကတော့ ပွန်းပဲ့၊ ကွဲပြဲရုံ။

နည်းနည်းသက်သာသည့်သူကပဲ လူနာအချင်းချ
လူနာစောင့်လုပ်ပေးနေရပုံ။ စပါယ်ရှယ်လည်း ငှားထားပါ

ခင်ထက်ပန်ပဲ နေ့၊ ည စပါယ်ရှယ်။ ကိုယ်က (၂)ရ
ဂျူတီလွတ်မှာမို့ (၂) ရက်လုံး ကိုယ့်ကိုပဲငှားထားတာ။

ကားပိုင်ရှင်တစ်ယောက်က ဆေးရှိန်တွေနှင့် အိပ်ပျ
နေတာ။ ကျန်တစ်ယောက်က အလွှာပ၊ သလွှာပပြောသည်

လူနာမှတ်တမ်းတွေအရတော့ တစ်ယောက်က ဦးဝေ
စကားပြောနိုင်သူက ဦးသော်ထက်ခိုင်။ အသက် (၃၂)၊ (၃၃)

ဦးသော်ထက်ခိုင်က ပိန်ပိန် မည်းမည်း။ ရုပ်က ခွ
ကြမ်းရေကျို။

ဦးဝေမိုးကတော့ လူနာဖြစ်နေတာတောင် ကြည့်ကော
နေသေးသည့်ရုပ်ပါပဲ။ အရပ်အမောင်းကောင်းပြီး ကိုယ်ဟန်ပြ
ပြည့်။ ရုပ်ကချောသည့်ဘက်ပါသလို။

ဦးသော်ထက်ခိုင်ကတော့ စကားများများ။ မှန် မ
ကတော့ သဗ္ဗေသတ္တာ ကမ္မသကာ။

"လူတွေက ကျွန်တော်တို့ကို မူးပြီး ကားတိုက်တ
ထင်တာ။ မဟုတ်ပါဘူး ဆရာမရယ်။ အိပ်ငိုက်ပြီး လမ်းသ

သိုးဆင်းသွားသလား။ ဒါမှမဟုတ် အမြန်လမ်းဆိုတော့ သရဲမ
တစ်ကောင်ကောင်က တွန်းချလိုက်တာလည်း ဖြစ်နိုင်တာပဲ"

"ကြဲကြဲဖန်ဖန်ရှင်"

"ဟုတ်တယ် ဆရာမရဲ့။ အမြန်လမ်းက သရဲအင်မတန်
ပေါတာ။ သရဲတွေက ညဘက်ဆို လူယောင်ဆောင်ပြီး လမ်းပေါ်
ဘက်နေကြတာ။ သူတို့ရှောင်လိုက်ရင်လည်း လမ်းဘေးထိုးကျ
သွားမယ်"

"ရှင်တို့အိမ်သားတွေ လှမ်းမမှာကြဘူးလား။ လူဆိုး
တွေမို့ ဘယ်သူမှ လိုက်မလာကြတာလား"

"ကျွန်တော်တို့တွေက လူလွတ်တွေလေ။ လိုက်လာ
စရာ အိမ်သားကိုမရှိတာ"

"ဩော်"

"ငွေရေး ကြေးရေးကတော့ လွယ်ပါတယ်။ Wave နဲ့
ပို့တယ်"

"Wave က (၂) သိန်းပဲ ပို့ရတယ်လေ"

"ဘယ်နှခါပို့ပါ ဆရာမရယ်။ ဘဏ်ကကြာတယ်၊
အလုပ်ရှုပ်တယ်။ Wave money ကတော့ ကွမ်းယာဝယ်စား
သလို လွယ်လွယ်လေး"

"ရှင်ပြောသလိုဆို ဘဏ်တွေ အလကားဖြစ်နေရမ
ဘဲ"

"ဩော် ... ငွေအများကြီးကျတော့လည်း ဘဏ်
ပိုကောင်းပါတယ်။ ဘဏ်က လုပ်ပေးနိုင်တဲ့ ဝန်ဆောင်မှုတွေ
လည်း အများကြီးပါ"

"ဒါဖြင့် ရှင်တို့နောက် ဘယ်သူမှလိုက်မလာကြတော့
ဘူးပေါ့။ မိဘတွေစွန့်ပစ်ထားတဲ့ သားတွေလား"

"ATM ကတ်တွေလည်း ရှိတယ်လေ"

"ဟုတ်ပါပြီ ဟုတ်ပါပြီ။ ရှင်တို့အဆင်ပြေလည်း ပြီး
တယ်။ ကျွန်မက စိုးရိမ်လို့ မေးမိတာပါ"

"ကျေးဇူးတင်ပါတယ် ဆရာမရယ်။ ခုလို စေတနာထ
ပြီး ကူညီပေးတာလည်း ကျေးဇူးအများကြီးတင်ပါတယ်"

"ရပါတယ်၊ ဒါ ကျွန်မတာဝန်၊ ဝတ္တရားပါ။ ကျွန်မ
ရှင်တို့ရဲ့ စပါယ်ရှယ်နာ့စ်လေ။ လိုတာပြော"

တကယ်လည်း သူတို့လိုတာ ဆေးရုံအလုပ်သမားလေ
တွေကို ဝယ်ခိုင်း၊ ကူညီခိုင်းရသည်။

ခင်ထက်ပန်ဟာ ဦးဝေမိုးအတွက် နေ့ရော ညရော
(၂) ရက်ဆက်တိုက် တာဝန်ယူထားရသည်။

"စကားပြောဖော်ပဲ လိုတာ ဆရာမရဲ့။ ကျန်တဲ့နာ့စ်
တွေက မနွေးထွေးဘူး။ ဆရာမကတော့ တကယ့်သွေးသားရင်း
တွေလို စာစာနာနာ ဖေးဖေးမမ ရှိတယ်"

"နေရင်းထိုင်ရင်းတော့ အမှုလေးနေပြီ။ ကဲပါလေ ...
ရှင် စိတ်ချမ်းသာသလို တွေးပါ၊ ရပါတယ်"

"ဆရာမအိမ်က ဘယ်မှာလဲ"

"ဒီဆေးရုံဝင်းထဲမှာပဲ"

"ဩော်"

ယခုမှတွေ့သည့်လူများကို ကိုယ့်အကြောင်းမပြောဖို့
သတိရလိုက်ပြီး ခင်ထက်ပန် ပါးစပ်ပိတ်သွားသည်။

သူတို့သဘောထားတွေ ကိုယ်သိတာမဟုတ်။ သူမ
ကိုယ်လုပ်ပေးလိုက်ပါသည်။



*

အခန်း (၅)

နေ့ည စပါယ်ရှယ် (၂) ရက်စောင့်ပေးပြီးတော့ သူတို့နှင့် ခင်ထက်ပန် ရင်းနှီးသွားရသည်။ ဘယ်လိုပဲ ခပ်တည်တည်နေနေ အနေအထားအရ ရင်းနှီးရပါတော့သည်။

ကိုယ်က အစစအရာရာ နူတ်၏စောင်မခြင်း၊ လက်၏ စောင်မခြင်းပြုလုပ်ရတာ ထုံးစံဆိုပေမယ့် သူတို့က ကျေးဇူးတွေ အရမ်းတင်နေတာ။

ဖုန်းနံပါတ်ချင်းလဲ။ ဖေ့စ်ဘုတ် acc ချင်းလဲကြ။ ဒါက ခေတ်ရဲက ယဉ်ကျေးမှု၊ ခေတ်ရဲ့အထာ ဖြစ်နေပြီလေ။

(၅) ရက်လောက် ဆေးရုံတက်ပြီး။ ဆေးရုံပြန်ဆင်းသွား တာတော့လည်း အားလုံးအဆင်ပြေအောင် ခင်ထက်ပန်ပဲ ကူညီ စီစဉ်ပေးလိုက်ရပါသည်။

သူမကတော့ သည်လိုပါပဲ။ လူနာတွေ လိုအပ်သမျှ ကိုယ်လည်း တတ်နိုင်သမျှ ကူညီလိုက်တာချည်းပါ။

မေ့မေ့ပျောက်ပျောက်လို့တော့ မပြောလိုပါ။ ဦးဝေမိုးဟာ မကြာမှတ်ထင်ထင် ရှိစေသည့် လူနာတစ်ယောက်ပါ။

တစ်ချိန်ချိန်မှာ ပြန်တွေ့လျှင် မှတ်မိနေဦးမည့်လူနာ တစ်ယောက်ပါ။

ခင်ထက်ပန် ဂျူတီထွက်လို့ အိမ်ပြန်လာတော့ သူမ၏ ဖိုက်ခန်းထဲမှာ ညီမ (၂) ယောက်နှင့် သူတို့သူငယ်ချင်းတွေ။

''ဟော မမကြီးပြန်လာပြီ''

(၆) နာရီဂျူတီထွက်တာမို့ အစောကြီးရောက်နေကြ သည့် သူတို့ကိုလည်း ခင်ထက်ပန် အံ့သြပါသည်။

တကယ်တော့ ညီမတွေ၏သူငယ်ချင်းတွေကို ခင်ထက် ပန် မရင်းနှီးပါ။ သူမက အမြဲအလုပ်ရှုပ်နေသူလေ။

ယခုလည်း ခဏပြန်လာပြီး ရေမိုးချိုး အဝတ်အစားလဲပြီး သည်နှင့် စပါယ်ရှယ်လိုက်ဦးမှာပါ။

''ဘာလုပ်ကြတာလဲဟေ။ ဘာပြဿနာတွေ ဖြစ်နေကြသလဲ။ ကြည့်တော့နေကြနော်။ နင်တို့ကို သာယာညှင်းပျောင်းစကားတွေနဲ့ ချော့နေဖို့ အချိန်မရှိဘူး''

''ကိုယ်ခေါင်းလေးနဲ့ ကိုယ်စဉ်းစား''

''အင်းပါ မမကြီးရဲ့။ ဒီ (၂) ယောက်က ဝသုန္ဒသူငယ်ချင်းတွေပါ။ ကျွိုက်ထီးရိုးလိုက်ဖို့ မမကြီးနဲ့ မမကိုလာပြီး ခွင့်တောင်းကြတာပါ''

ဝဿုန် မျက်နှာငယ်လေးနှင့်ပြောတော့ မမကြီး မျက်ခုံးပင့်သွား၏။

''ငါ့ကို ဘာလို့လာပြီး ခွင့်တောင်းရမှာလဲ။ သူတို့မိဘ၊ သူတို့ခွင့်တောင်းရမှာလေ''

နီနီနုငယ်နှင့် ပန်းနုရီဝေတို့ တခစ်ခစ်ရယ်ရင်း မမကြီးကို လေပြေထိုးကြရ၏။

''ဝသုန္ဒအတွက် လာပြီးခွင့်တောင်းကြတာပါ မမကြီးရဲ့။ ကျွန်မတို့အဖွဲ့မှာ အစ်ကို (၂) ယောက်လည်း ပါမယ်။ အစ်ကိုက ဘီအီးနောက်ဆုံးနှစ်ပါ။ တော်လေကျပိုးတွေ မဟုတ်ပါဘူး''

''ဝသုန်က လိုက်ချင်လို့လား။ နင်တို့ကိုလာပြီး ခွင့်တောင်းခိုင်းတာလား''

မမကြီးအထင်လွဲတာတော့ ဝသုန်မခံနိုင်ပါ။ ပျာပျာသလဲပင် ထုချေ်လွှာတင်ရပါသည်။

''မလိုက်ချင်ပါဘူး မမကြီး၊ သူတို့က''

ပန်းနုရီဝေ မျက်ကလဲဆန်ပြာနှင့် လျှောက်လဲချက်ပေးရပါသည်။ အဘယ်ကြောင့်ဆို ညက ဖုန်းနှင့်လှမ်းပြီး ကိုကိုက ဆာဇံပေးထားသည်လေ။

''ချာတိတ်မပါရင် နင်တို့ကို တစ်ယောက်မှမခေါ်ဘူး။ ငါ့ချာတိတ်ပါ ပါပစေ''

''အံမာ နေပေါ့၊ မလိုက်သေးဘူး။ ကိုကို့ဘာသာ ဘယ်သူခေါ်တင်သွားသွား''

''အကျပ်မကိုင်နဲ့။ ငါ ချာတိတ်နဲ့သေချာခင်ချင်တယ်။ ခုအောင်ခေါ်ခဲ့။ နင့်ကို မုန့်ဖိုး ၁-သိန်းပေးမယ်''

''ဝိုး တကယ်နော်။ အိုကေ ရအောင်ခေါ်မယ်။ ကိုကိုပဲ အဲဒီကျောက်ဆစ်ရုပ်၊ ရေခဲထုပ်ခွာကို ကြိုက်ချင်နေတယ်။ သူ့စာရင် နီနီကမှ အင်စရက်ရှင်ရှိသေး''

''နင်တို့မိန်းကလေးတွေနဲ့ ငါတို့နဲ့ အကြိုက်ချင်း ဘယ်ဘူမလဲ။ ယောကျ်ားချင်းတူတောင် အကြိုက်ကတစ်မျိုးစီ။ လောလောဆည် အဲဒီခွာလေး၊ ဂျစ်တူးလေးကို ငါ ရင်ခုန်တယ်''

ဝသန်ကိုပါ သူလူကိုယ့်ဘက်သား လုပ်ရင်း ပန်းနုနှင့်နီနီ အသည်းအသန်ဖြစ်နေတော့ ခင်ထက်ပန် အားနာလာ၏။

''နင်တို့အဖွဲ့ထဲ ယောကျ်ားလေး ဘယ်နှစ်ယောက်''

''(၂) ယောက်တည်းပါ။ ကိုကိုရယ်၊ ကိုကို့သူငယ်ချင်းနဲ့ အားတစ်ယောက်တစ်လဲ မောင်းမှာပါ။ မိန်းကလေးက ပန်းနုတို့ (၃)ယောက်နဲ့ ဖစ်ဆစ်က ဆွေမျိုးနီးစပ်ကောင်မလေးတစ်ယောက်နဲ့ ပေါင်း (၄) ယောက်ပါ''

''ထည့်လိုက်ပါ မမတို့ရယ်။ နေ့ချင်းပြန်ခရီးလေးပါ။ နီနီတို့အားလုံး တာဝန်ယူပါတယ်။ ဘုရားဖူးခရီးကို ပိတ်ပင်ရင် မမတို့ငရဲကြီးနေမယ်နော်''

''မနက် (၄) နာရီ အိမ်လာခေါ်မယ်။ ညနေ (၇)နာရီ နောက်ဆုံးထားပြီး ပြန်လာပို့မယ်။ ဘာစိုးရိမ်စရာရှိလဲ မမကြီးရယ်။ ထည့်လိုက်ပါနော် နော်''

ပန်းနုနှင့်နီနီတို့ အစွမ်းကုန်ဇာတ်ပို့နေကြလျှင် ခင်ထက်ပန် ဝသုန်ကိုကြည့်လိုက်၏။

''နင်ကရော လိုက်ချင်သလား''

ဝသုန် ဘာပြန်ပြောရမှန်းမသိ။ လူငယ်ပီပီ မမကြီးထည့်လျှင်တော့ လိုက်ချင်သား။ ဝသုန်ငေးကြည့်နေလျှင် ဝသန်ကပါ

''အမလေး သူများသူငယ်ချင်းကို မတရားတော့ မပြုစားလိုက်ပါနဲ့။ သူဘာသာ အေးချမ်းနေတဲ့ဘဝလေး။ ကိုကိုနဲ့တွေ့မှ မီးခဲမျိုမိတဲ့ဘဝ ရောက်သွားပါဦးမယ်''

''ငါသိပါတယ်၊ ငါ့မှာလည်း နှမတွေနဲ့ပါ။ မတရားမလုပ်ပါဘူး။ ပါအောင်သာခေါ်ခဲ့''

ကိုကို ရာဇသံပေးထားတာကြောင့် ပန်းနု အသည်းအသန် ကြိုးစားနေရပါ၏။

''ဒီလိုပါ မမကြီး။ ပန်းနုတို့က ပထမနှစ်ကတည်းက အတူတူ မခွဲမခွာနေလာခဲ့ကြသူတွေဆိုတော့ အခု ကျောင်းပိတ်ရက်မှာ ဘုရားဖူးသွားတော့လည်း သူ့ကိုပါစေချင်လို့ပါ။ နေ့ချင်းပြန်ခရီးပါ မမကြီးရယ်။ ဒီကမနက် (၄) နာရီလောက် ထွက်ကြမယ်။ နောက် ညနေ (၆) နာရီ (၇) နာရီလောက် ပြန်ရောက်ပါမယ်။ သူလည်း မရောက်ဖူးသေးတဲ့ ခရီးမို့ ပန်းနုတို့နဲ့အတူတူ ထည့်စေချင်လို့ပါ''

''ဟုတ်ပါတယ် မမကြီးရယ်။ နီနီလည်း ကျိုက်ထီးရိုးမရောက်ဖူးသေးပါဘူး''

''ပန်းနုလည်း မရောက်ဖူးဘူး။ သူငယ်ချင်း (၃)ယောက် ပျော်ပျော်ပါးပါး သွားချင်လို့ပါ။ မမ ကူပြောပေးဦးလေ''

ထပ်ပြီး ကတိတောင်းပုံက်သည်။

''နင့်ကို ငါတို့ အုပ်ထိန်းမှုမပါဘဲ ဒီတစ်ခါလွှတ်ကြည့်လိုက်မယ်။ ဘာပြဿနာမှ မကြားချင်ဘူးနော်။ မိန်းကလေးဆိုတာ သတိအမြဲရှိရတယ်။ ကိုယ့်ဘဝကိုယ် အစွန်းအထင်းမရှိအောင် ထိန်းသိမ်းစောင့်ရှောက်ရမယ်''

''ဟုတ်ကဲ့ပါ မမတို့ရယ်။ နီနီတို့သွားမှာ ရန်သူနယ်မြေလည်းမဟုတ်ပါဘူး ...ဟီး ဟီး''

''နင်တို့က သူဌေးသမီးတွေလေ။ တစ်ခုခုဆိုလည်း ငွေနဲ့ ဖုံးလိုက်လို့ရတယ်။ ငါတို့ညီမက ဆင်းရဲသား နင်းပြား။ သူ့အမှားတစ်ခုအတွက် ဘဝတွေ၊ အသက်တွေ မပေးလိုက်နိုင်ဘူး။ ဒီတစ်ခါပဲ ထည့်လိုက်မယ်။ နောက် မတောင်းဆိုကြပါနဲ့တော့''

''ဟုတ်ကဲ့ပါ၊ ပန်းနုတို့သူငယ်ချင်း (၃) ယောက် အတူတွဲပြီး ဘုရားသွားဖူးရမှာ ကျေးဇူးအများကြီးတင်ပါတယ် မမတို့ရယ်။ ပျော်လည်း အရမ်းပျော်သွားပြီ''

''အေး ...နင်တို့ပျော်လည်း ပြီးရော။ ကဲ လုပ်စရာရှိတာ လုပ်ကြ''

ဝသန်ရော ဝသုန်ပါ ကျောင်းသွားဖို့ ပြင်ဆင်ပြီး ဖယ်ရီအလာကို မျှော်ကြရှာ။

ပန်းနုနှင့်နီနီကတော့ သူတို့တောင်းဆိုချက်ရသည်နှင့် နှုတ်ဆက်ပြီး ပြန်သွားကြပါသည်။ လမ်းထိပ်မှာ ကိုကိုညီပြည့်စုံက ကားနှင့်စောင့်နေသည်လေ။

ကားနားရောက်တော့ ပန်းနုနှင့်နီနီတို့ လက်မကိုအောက်စိုက်ပြလိုက်ကြလျှင် ညီပြည့်စုံ မျက်မှောင်ကျုံ့သွား၏။

''ပြောလို့မရဘူးလား။ နင်တို့ကလည်း ညံ့လိုက်တာ။ ငါ့ဘာသာ သွားပြောတာမှ ဟုတ်ဦးမယ်''

''ဆန္ဒမစောနဲ့လေ။ ပြောလို့ရပါတယ်တဲ့ရှင်။ ပန်းနုပါတဲ့နော်။ ဒါ့ထက် နေပါဦး၊ ကိုကိုကရော ဘာဖြစ်တာလဲ။ ဒီချွတ်တားလေး၊ ကလန်ကလားနဲ့ ပုံမလာတာကြီးများ ဘယ်တုန်းက အသည်းအသန် ကြွေသွားတာလဲ။ ကိုကိုနော်၊ မဖွယ်မရာတွေတော့ မကြားချင်ဘူးနော်''

''မဖွယ်မရာလည်း မလုပ်ပါဘူးဟာ။ ငါ ဘယ်အမျိုးကောင်းသမီးကိုမှ မဖျက်ဆီးခဲ့ပါဘူး''

''အလဲ့ အလဲ့၊ အများမိုးခါးရေသောက်နေတဲ့ခေတ်ကြီးဆဲမှာ။ ရွီးမနေစမ်းပါနဲ့ ကိုကိုရာ။ ကိုကိုတို့ ဘီအီးကျောင်းသားတွေက လက်ယဉ်ပြီးသား။ နာမည်ကျော်ပြီးသားပါ''

''အေးပေါ့၊ ငါးခုံးမတွေက တစ်လှေလုံးပုပ်နေကြတော့

ငါတို့လို သူတော်ကောင်းစုန်းပြူးလေးတွေလည်း ရောပြီး အပုပ်နံ့ကူးရတော့တာပေါ့။ ကဲ တက် တက် ကျောင်းလိုက်ပို့မယ်။ ငါ ဒီနေ့ တော်တော် အိပ်ရေးပျက်သွားပြီ''

နှစ်ယောက်သား ကားပေါ်တက်ကြရင်း သည်မနက် ညီပြည့်စုံကျွေးမွေးမည့် ဘရိတ်ဖတ်စ်နှင့် တော်တော်စိုပြည်နေတော့သည်။

*

အခန်း (၆)

စနေနေ့မနက် (၃) နာရီခွဲလောက်မှာ သက်ထားဝသုန် အိပ်ရာမှ ဖြည်းညင်းစွာထရသည်။ ထုံးစံအတိုင်း အိမ်မှာ မမကြီး မရှိ။ စပါယ်ရှယ်လိုက်နေရဇာ။

ဝသုန်ရင်ထဲ နင့်ရပါသည်။ မမကြီးက နေ့မနား၊ ည မနား အလုပ်တွေလုပ်။ မမဝသန်ကလည်း ဂိုက်သသင်။

သူမက အငယ်ဆုံးပီပီ အခွင့်ထူးခံနေရတာ မျိုမက္ခ။ တော်ပြီ။ နောက် မမတို့မပါဘဲ ဘယ်ကိုမှ မသွားတော့ဘူး။ နေ့ချင်းပြန်မို့ ချည်ထည်ပန်းရောင်ဝမ်းဆက်လေးဝတ်မည်။

''ဘုရားတရား မမေ့နဲ့ညီမလေး။ အစစအရာရာ
ဆောင်ပြေချောမွေ့ပါစေကွယ်''

ဝသုန့်ရင်ထဲ ဆို့နင့်နေမိတာ ဘာကြောင့်မှန်းမသိ။ သည်လို တစ်ယောက်တည်း ခရီးမသွားဘူးလို့လည်း ဖြစ်ပါမည့်

''သွားပြီနော် မမ''

''အေး အေး၊ ရော့ ဦးထုပ်လေးဆောင်း။ နှင်းတွေနဲ့''

မမက လျှာထိုးဦးထုပ်အနီလေးကို ယူဆောင်းပေး၏။ သုန် ကျောပိုးအိတ်လေးလွယ်ကာ အပြင်ထွက်ခဲ့တော့ မမက သူ့လူတွေကို အကဲခတ်နေသည်။

ပြီးမှ စိတ်ချသွားဟန်ဖြင့် အိမ်ထဲသို့ ပြန်ဝင်သွား၏။ သက်ထားဝသုန် ဖွင့်ပေးသည့်တံခါးမှ အထဲသို့ဝင်လိုက်စဲ။ ကားတံခါးပိတ်ပြီး ကားက ညင်သာစွာထွက်လာခဲ့သည်။

တစ်ကားလုံး အပျော်တွေ ဖိတ်လျှံလျက်။

''ချမ်းလားချာတိတ်၊ ကိုကို အစွန်မှာထိုင်မယ်။ ကားတံခါးဘောင်ကြီးနဲ့ ထိနေရတာ အေးတယ်''

အနားမှထွက်လာတဲ့ ညီပြည့်စုံအသံ။

စကတည်းက ယဉ်သကိုပါပဲ။ သူမအနားမှာ ညီပြည့်စုံ။ ကားက ရှေ့ (၂) ယောက်။ နောက်မှာ (၄) ယောက်

အဝတ်ပိုမယူ။

နောက် ဘုရားမှာ ရွှေသင်္ကန်းကပ်ဖို့ စုထားသည့် စုဘူးလေးကိုယူမည်။ စုဘူးလေးထဲမှာ ငွေ ၄-၅ ထောင်လောက်တော့ ရှိမှာပါ။

မုန့်ဖိုးရယ်လည်း ဟုတ်တိပတ်တိ မရတာမို့ (၅၀၀) တန် အသစ်လေး၊ (၂၀၀) တန် အသစ်လေးတွေကို ကြိုသလို ထည့်ထားသည့်စုဘူးလေး။ စုဘူးက ယုန်မလေး။

ဝသုန်ကလည်း ရှေ့သွားလေး (၂) ချောင်း နည်းနည်းကြီးသည်မို့ ယုန်ကလေးလိုပါပဲ။

မျက်လုံးရွဲရွဲလှလှ၊ မျက်နှာကျပြေပြေနှင့် ချစ်စရာကောင်မလေးပါ။

မျက်နှာသစ်၊ သွားတိုက်၊ သနပ်ခါးလိမ်း၊ ခေါင်းဖြီးဖဲချလိုက်ပြီး ပန်းရောင်လေး စည်းလိုက်၏။ အဝတ်လဲပြီးချိန်မှာ (၄) နာရီထိုးပါပြီ။

သူမတို့တိုက်ခန်းရှေ့ ကားဆိုက်သံလည်း ကြားလိုက်ရ၏။ အို တော်တော်အချိန်တိကျကြတာပါလား။

ဆောင်းတွင်းမို့ ဆွယ်တာအဖြူ အပါးလေးကို ဆွဲယူဝတ်လိုက်ပြီး ဝသုန် အနားရောက်လာသည့်မမကို ကန်တော့သည်

(၄) ယောက်တန်းစီထိုင်နေကြတာမို့ ကျပ်သည်လည်း ဟုတ်။ ချောင်သည်လည်းမဆိုသာ။ ဟိုမချော (၂) ယောက်က နှက်စိမှိတ်၊ အိပ်လိုက်လာကြသည်မို့ ဝသုန်လည်း ငုပ်တုတ်ပင် အိပ်လိုက်ခဲ့ရသည်။

ညက (၁၂) နာရီလောက်မှအိပ်ရတာ။ အိပ်ရေးက ဝသေး။ အားလုံးလည်း အိပ်ရေးပျက်နေကြမှာ အသေအချာမို့ အိပ်လိုက်ခဲ့ကြပါတော့သည်။

*

''အင်''

သူမနိုးတော့ မိုးတော်တော်ကြီးလင်းနေပြီ။ အနားမှ မချော (၂) ယောက်ကတော့ မနိုးသေး။ သူမက ညီပြည့်စုံ၏ ခြင်ထောင်ထဲမှာ ဖားပျံလေးလို ကပ်လို့။

သူလည်း အိပ်ပျော်နေတာပါပဲ။

ကိုယ့်ပခုံးကိုဖက်ထားသည့် သူလက်ကြီးကို ဖယ်ကာ ဘုတ်ခနဲ ပစ်ချလိုက်တော့ ညီပြည့်စုံ နိုးသွားသည်။

ကားမောင်းမည့်ကျွဲကြီးဆိုတာမပါ။ ရှေ့မှာ အောင်သန့်ကိုတွဲ့ စုံတွဲ့။

နောက်မှာပန်းခု၊ နီနီ၊ ညီပြည့်စုံနှင့် သူမ။ ကားထဲမှာ နှင် ခက်ခက်ခဲခဲနေရာလဲရတော့ သူမအဖြစ်က သူနှင့် အထွေ ထွေး အယှက်ယှက်။

''ပန်းခု နင့်အစ်ကိုနဲ့လာထိုင်''

''ငါက အစွန်ကြိုက်တယ်။ နင်ကလည်းဟာ ဘာဖြစ် လဲ။ ကိုယ့်မောင်နှမတွေပဲ''

''မောင်နှမမှ မဟုတ်ဘဲဟဲ့။ အသားချင်းမထိချင်ပါဘူး''

ဝသုန်မှာ ကလေးစိတ်မကုန်သူပီပီ ပေါ်တင်ချဲနေလျှင် ညီပြည့်စုံက ကုန်းကုန်းကွကွနှင့် မကျေနပ်နေသည့်သူမကို ဆိုဖာ ပေါ် ဆွဲထိုင်ခိုင်းလိုက်ပါ၏။

''မကြီးကျယ်နဲ့ညီမလေး။ ကိုကို့မှာ ဘာကလိကမာစိတ် မှ မရှိဘူး။ ညီမလေးမှာရှိနေရင်တော့ မပြောတတ်ဘူး''

''အံမာ ...ဟင်း''

''ဒါဆိုလည်း ထိုင်၊ အိပ်ချင်လည်း အိပ်၊ အိုကေ''

ခွေးပေါက်ကလေးလို စွာချင်နေသည့် သက်ထားဝသုန် မကျေမနပ်နှင့်ပင် သူအနားမှာ ထိုင်လိုက်ရပါသည်။

''ဆောရီး ချာတိတ် ... ကိုကိုက ဖက်လုံးကြီးမှတ်လို့ပါ''

ဖြားယောင်းမှုတွေပေါ့။ ဝသုန်ကတော့ ဖြားယောင်းမှုကို ဖြားယောင်းမှုမှန်း နားလည်ထားသဖြင့် ရင်ခုန်ဖို့ဝေးလို့။

ဒေါသတွေပဲ အလိပ်လိုက်။ နောက်ကြောင်းပြန်လှည့်ချင် စိတ်က တဖွားဖွား။

သူမမျက်နှာလေး ရူပုပ်နေတော့ ညီပြည့်စုံ ချော့ရသည်။

''ချာတိတ်ကလည်းကွာ။ ကြီးကျယ်လိုက်တာ။ ကိုကိုက နူဝဲ၊ ကျိုးကန်းနေတာကျနေတာပဲ''

''အို မကြိုက်ပါဘူး''

'''ကြိုက်ပါလို့လည်း မပြောရသေးပါလားကွာ။ ကြိုးပြီး ငြင်းနေတော့တာပဲ''

''အဲလို ဒွေးရောယှက်တင်နေရတာ မကြိုက်ဘူးလို့ ပြောတာ ရှင့်။ တော်ပြီ တော်ပြီ၊ ရှင့်အနားမှာ ရှင့်ညီမသာ ခေါ်ထား''

''သူနဲ့မနေချင်ပါဘူး။ အမြဲရန်ဖြစ်နေရတာ။ မောတယ်။ ချာတိတ် မကြီးကျယ်နဲ့ကွာ၊ မထိနဲ့ဆို ကိုကိုမထိဘူး''

''ရမလား၊ ဒီလောက်ကျပ်နေတာကြီး''

ကြိတ်ပြီးရန်ဖြစ်နေကြရတာပါ။ ခဏကြာလျှင် အားလုံးနှင် နိုးလာကြပါ၏။

''ကိုကို ဆာတယ် ဆာတယ်။ ရှေ့တစ်နေရာရာမှာ စားကြမယ်''

''အေးပါ၊ ကျွေးပါ့မယ်ဟာ။ ဒီမှာ ချာတိတ်ရစ်နေလို့ သုပ်ကြပါဦး။ ငါ့အသားနဲ့မထိချင်လို့တဲ့''

''အမလေး ဝသုန်ရယ် ...% နင် ဖယ်ရီစီး၊ လိုင်းကားစီး နေတယ်။ လိုင်းကားစီးနေတဲ့ယ်လို့သာ သဘောထားလိုက်။ ပြဿနာ မရှာစမ်းပါနဲ့ဟာ။ ကိုကိုက ငါတို့ကို စပွန်ဆာ ပေးခဲ့မှာပါ။ သနားပါတယ်''

ပန်းနုပြောတော့လည်း ဟုတ်တာပဲ။ ဖယ်ရီစီးသလို ဘတ်စ်စီးသလိုသာ သဘောထားရတော့မည်။

အဲလိုတွေးလိုက်တော့မှ ဝသုန် နေသာသွားရပါ၏။ ညီပြည့်စုံနှင့် အသားချင်းထိစပ်နေရတော့တာပါ။ ပေါင်ပေါင်ချင်း၊ ကိုယ်လုံးတစ်ခြမ်းချင်း။

''ရှေ့နားမှာ ဆိုင်လေးစားကြမို့''

ကားရပ်တော့ တံခါးဖွင့်၊ ဝသုန်ကို တယုတယ စောင့်ခေါ်။ တော်တော်စိတ်ညစ်ဖို့ကောင်းတာပဲ။

''သွား ... ဝသုန့်ဘာသာ လာတတ်တယ်''

''လာတတ်တာ သိပါတယ်၊ စိတ်မချလို့''

''အလကား အပိုတွေ''

နီနီနှင့်ပန်းနုကတော့ ရှေ့မှ လန်းလန်း လန်းလန်းနှင့်။ မပြေးရုံတမယ် အပျော်တွေ လွန်ပြီး ပြေနေကြတာ။

ဝသုန့်မှာသာ ညီပြည့်စုံနှင့် တစ်တွဲလို ဖြစ်နေရ၏။ ဝဲသုန် မခံနိုင်ပါ။

''ဒီမှာ ကိုကို''

''ဗျာ ညီမလေး''

''အူကြောင်ကြောင်မလုပ်နဲ့၊ သွား ကိုယ်ဘာသာ လွတ်လွတ်ကျွတ်ကျွတ်သွား''

''အမလေးဗျာ ကိုကိုက ညီမလေးကို ဘာတွေရှုပ်နေလို့လဲ။ စောင့်ခေါ်တာလေးများ''

''မခေါ်နဲ့။ ကိုယ့်ဘာသာလာမယ်''

''ပြီးရော ... ပြီးရော၊ ကိုကို သွားနှင့်မယ်နော်''

ညီပြည့်စုံ ဆိုင်ထဲအရင်ရောက်၊ စားပွဲထိုးကို စားစရာတွေမှာ။ ဝသုန်က သူ့အနားသို့မလာဘဲ အခြားစားပွဲတစ်ခုမှာ ထိုင်၏။

သူနှင့်အဝေးဆုံးမှာပါ။

ကိစ္စမရှိ။ ဝသုန် မုန့်ဟင်းခါးမှာစားနေတုန်း ကားတစ်စီး ရောက်လာပြီး ကားပေါ်မှ ကောင်လေးတစ်အုပ် ဆင်းလာကာ ဆိုင်ကလေးထဲမှာ စစ်သားတွေလို နေရာဖြန့်ယူလိုက်ကြလျှင်-

ဝသုန့်စားပွဲသို့လည်း ကောင်လေး (၃) ယောက် ရောက်လာတော့၏။

''ပလီ(စ်)အိတ်(စ)ကျူးမီ''

မထိုင်နဲ့လို့ ဘယ်လိုရန်လုပ်ရမှာလဲ။ ဝသုန် မုန့်ဟင်းခါးပန်းကန်နှင့် ဘာဆက်လုပ်ရမှန်းမသိဖြစ်နေလျှင် ညီပြည့်စုံ သူမ အနားသို့ ရောက်လာ၏။

''ကိုကို့ညီမလေးက စတန့်ထွင်တာကိုး။ လာ ကိုကိုတို့ အနားလာစား''

သူမ၏မုန့်ဟင်းခါးပန်းကန်လေးကို တစ်ဖက်၊ သူမ၏ ခုံလေးကိုတစ်ဖက် ကိုင်ကာ သူ့စားပွဲသို့ ခေါ်သွားလေလျှင် ကျေးဇူးပင်တင်ရ၏။

''ဟာ ... ဘဲကြီးက မမိုက်ပါဘူးကွာ''

''သူစော်လား မသိဘူး။ အယုအယတွေက လွန်ပါ့''

ယောကျ်ားလေးတွေမို့ ပါးစပ်ကလည်း ဘရိတ်လွတ်

နေ့၏။ စုစုပေါင်း (၁၀) ယောက်လောက်။ ဘုရားရေ သူတို့လည်း ကျိုက်ထီးရိုးလား။

ညီပြည့်စုံ၏အနားမှာ ဝသုန် မုန့်စားနေရပါသည်။ နောက်ထပ်လည်း လက်ဖက်ရည်နှင့်မုန့်။ ဝသုန်မှလွဲပြီး ကျန်လူတွေကတော့ ဆွဲတာပဲ။

''ဝသုန် တော်ပြီ၊ မုန့်ဟင်းခါးတွေက အများကြီး''

''ဆာမှာစိုးလို့။ ညီမလေးဖို့ မုန့်ဝယ်လာခဲ့မယ်''

''ကိုကိုနော် ... မျက်နှာမလိုက်နဲ့။ ကိုကို့မှာ ညီ(၃) ယောက်ရှိတာလည်း မေ့နေဦးမယ်''

''မမေ့ပါဘူးဟာ။ ငါ သိပါတယ်။ ဒါလေးကတော့ ညီမအတွေးဆုံးလေ''

''ဒွေးမယ်နော်လေးပေါ့။ ဟုတ်လား။ ကိုကိုက သုနေမင်းသားကြီးပေါ့။ ငွေတောင်ပြည်လိုက်ပို့ဦး''

''နောက်မှပေါ့ဟာ။ ငွေတောင်ပြည်က ဝေးတယ်၊ ကယားပြည်ထဲမှာ ကျောင်းရက်ရှည်ပိတ်မှ လွိုင်ကော်ထိပို့မယ်၊ တောင်ကွဲစေတီတို့ ဘာတို့''

''ကဲ ကဲ သွားကြစို့။ နောက်ကဏ္ဍက နောက်ဖယားခု ကျိုက်ထီးရိုးထိ ချီတက်ကြစို့''

အောင်သန့်ကို လောဆော်လိုက်ရင်း ညီပြည့်စုံသို့ မေးဆတ်လိုက်၏။

''ကိုညီ ... ခင်ဗျားတစ်လှည့်မောင်းဦး။ ကျွန်တော်တို့(၂) ယောက် နောက်မှာစီးမယ်''

''အိုကေ ... ညီမလေး ကိုကို့အနားမှာစီး''

''အန် ပန်းနုကိုခေါ်''

''မခေါ်ချင်ပါဘူး။ ကျက်သရေမရှိ မင်္ဂလာမရှိ။ ညီမလေးပဲ ခေါ်မယ်''

''သွား သွား သွားစီး ဝသုန်။ ငါတို့ကလည်း သူ့အနားမှာ မစီးချင်ပါဘူး၊ ဟွန်း''

ဝသုန်ပဲ ညီပြည့်စုံနှင့်အတူ ကားရှေ့သို့ သွားစီးရသည်။ သူက ကားမောင်းရင်း ကိုယ့်အကြောင်းမေးလိုက်၊ သူ့အကြောင်းပြောလိုက်။

သူ့အကြောင်းကလည်း ဇာတ်နာပါသည်။

''ကိုကိုက ပထွေးနဲ့နေရတာ။ မေမေက နောက်အိမ်ဆောင်ထူတယ်။ ဒါပေမဲ့ ကိုကို ခုသုံးစွဲနေရတာ ဖေဖေ့ပစ္စည်းတွေချည်းပဲ။ ပထွေးက ဖေဖေ့စီးပွားကို ဆက်ပြီးကားယားခွထိုင်နဲ့ပဲ''

ညီပြည့်စုံ အားနာသွားပါသည်။

''ဆောရီး ညီမလေး။ ကိုကို စကားပြောတာ ကြမ်းသွားတယ်။ ငါ့ညီမလေးက ဒါတွေမကြားဖူးသေး၊ မမြင်ဖူးသေးတော့ နားရှက်နေတာ။ ဒါပေမဲ့ ကိုကိုပြောတာ အမှန်ပဲလေ''

''ကိုယ့်ညီမလေးမို့ ပြောရဦးမယ်။ ခုခေတ်ကောင်တွေက အကြီးအစည်တွေနဲ့ချည်းပဲ။ သံသယကလည်း ကြီးတယ်။ သူတို့ကိုယ်တိုင် သူများသားသမီးကို မိုက်ရိုင်းခဲ့တော့ မိန်းကလေးတိုင်းကို မမြတ်နိုးတတ်တော့ဘူး''

''ကိုကိုတို့တက္ကသိုလ်က ပိုဆိုးတယ်။ ဘီအီးတက်နေတဲ့ကောင်တွေ (၁၀) ယောက်မှာ (၈) ယောက်လောက်က စားနေကျ ကြောင်ပါးချည်းပဲ။ ကိုယ့်ကျောင်းထဲက လူစားလိုက်၊ တက္ကသိုလ်တွေဘက် ထွက်ရှာလိုက်နဲ့''

''ဒါဆို အောင်သန့်ကိုရော။ ဖက်ဆစ်က ကောင်မလေးသနားပါတယ်။ ကိုကိုတို့ နှမချင်း၊ ညီမချင်း စာနာဖို့ကောင်းပါတယ်''

ဝသုန် စိတ်ဆိုးချင်နေတော့ ညီပြည့်စုံ ချော့ရသည်။

''ကိုကိုပြောတဲ့အထဲမှာ (၁၀)ယောက်ထဲ၊ (၂)ယောက်ကတော့ အမှန်အကန် ကျန်တယ်လေ။ အဲဒီမှန်တဲ့ (၂)ယောက်က

''ဩော်''

''သူမှာ သမီး (၂) ယောက်ပါလာတယ်။ (၂) ယောက်လုံး ဆတ်စလူးချည်းပဲ။ အဲဒီပထွေးတော်ကြီးက ကိုကို့အမွေတွေ အားလုံးကို မောင်ပိုင်စီးချင်နေတာ''

''ဘာလို့လဲ၊ ကိုကို့အမွေဆိုတာ''

''ဖေဖေက ကိုကို့နာမည်နဲ့ လွှဲထားတဲ့ကိစ္စတွေကျ သူလက်ဝါးကြီးအုပ်လို့ မရဘူးလေ။ မေမေ့နာမည်နဲ့မှ မဟုတ်တာ။ ဒီတော့ သူသမီးတစ်ယောက်ယောက်နဲ့ ကိုကို့ကို ရစေချင်တယ်။ ပေးစားချင်တယ်''

''ဖိတ်ချင်းဖိတ် ကိုယ့်အိတ်ထဲဖိတ်ပေါ့။ ဥမကွဲ၊ သိုက်မပျက် ကောင်းတာပေါ့ ကိုကိုရဲ''

''အံမာ ... ငါက ယူစရာလား။ သူသမီးတွေ ရည်းစားတစ်ဒါဇင်မကထားပြီး ထားတဲ့ရည်းစားတိုင်းနဲ့ အိပ်နေတာ။ မသိတာမဟုတ်ဘူး။ ဆန်ကာပေါက်မတွေ''

''ဟယ် ... ကိုကို''

ညီပြည့်စုံ ပါးစပ်မှ အဲသလို တစ်တစ်ခွခွကြီး ထွက်နေတော့ ဝသုန်မျက်နှာလေး ရဲခနဲ။ စကားကြမ်းလွန်းလို့ နားရှက်သွားပြီး မျက်နှာလေး ဘယ်ထားရမှန်းမသိ ဖြစ်နေရှာ၏။

ကိုကိုနဲ့ အောင်သန့်ကိုပေါ့''

''ဟင်း ရောမလိပ်ကြီး။ ကိုယ်ငါးချဉ် ကိုယ်ချဉ်။ ကိုယ့်ဘက်ကိုယ်ယက်တဲ့ လိပ်ကမ္ဘာမကြီး''

''အတည်ပြောတာပါ ညီမလေးရယ်။ အခု ကိုကို့ကျောင်းပြီးတော့မယ်။ လပိုင်းပဲ ကျန်တော့တယ်။ ကိုကို့ပထွေးက မေမေ့ကို အကျပ်ကိုင်နေပြီ။ ကိုကို့မှာ ချစ်သူမရှိရင် သူသမီးတစ်ယောက်ယောက်ကို ယူရတော့မှာ''

''ဆန်ကာပေါက်မတွေ့ မယူချင်ပါဘူး။ ကိုကိုက ဝိုင်ကောင်းကျောက်ဖြ အလိမ္မာအိမ်ပါ အမေနဲ့တည့်တာလေးမှယူမှာ''

ဝသုန် မမဝဿန်ပြောသည့် -

''တော်ကီကြွယ်ရင် ဘော်ဒီဝယ်စရာမလို''

ဆိုသည့် သည်ခေတ်ယောကျ်ားသား၊ လူသားစား မုဆိုးတွေ၏စကားပုံကို ကြားယောင်မိလိုက်ပါ၏။

''ယောကျ်ားတွေရဲ့တော်ကီကို ယုံလိုက်လို့ကတော့ ငါတို့မိန်းကလေးတွေသေမယ်သာကြ။ သူတို့ရဲ့မာယာ အပလိန်တွေကို လုံးဝ မယုံနဲ့''

မမ၏စကားများကို ပြန်လည်ကြားယောင်ရင်း ဝသုန်

ဆင်ဆဲမှာ မဲ့လိုက်မိပါသည်။

စကားကို အချိန်နဲ့အချနဲ့ ပစ်ချနေတာ၊ စနိုက်ပါကြီး။ ကိုကိုလူချောကြီးဟာ စနိုက်ပါကြီးပါ။ တော်ကီလည်း ဆန်းတယ်၊ စနိုက်ပါလည်း ကျွမ်းတယ်။

''တွေ့ပါစေဗျာ၊ ဝသုန် ဆုတောင်းပေးပါတယ်နော်''

ပြောပြီး ဝသုန် အိပ်ချင်ယောင်ဆောင်ပြီး လိုက်လာခဲ့၏။ နွဲ့ သူစကားတွေက ဘာလိုလိုညာလိုလို။ ရေလာမြောင်းပေးတွေ့။

မအူမလည်၊ မနူးမနပ်ရှပ်ကလေး။ ကလေးရှပ်ပင် ပျောက်သေးသည့် ကောင်မလေးကို တော်ကီတွေနှင့် ပစ်ချနေတာ။

အိပ်ချင်ယောင်ဆောင်ရင်းနှင့်ပင် ဝသုန် အမှန်တကယ် အိပ်ပျော်သွားပါ၏။

ညီပြည့်စုံ၊ ဝသုန်ကို ချစ်စနိုးဖြစ်ရပါသည်။ သူကလေးကို ပထမနှစ်ကတည်းက သူမြင်ခဲ့တာပါ။ ကိုယ့်ညီမ ပန်းနုရဲ့ သုငယ်ချင်းလေး။

ကလေးလေးလို ဖြူစင်ပြီး လူကြီးလေးလို တတ်သိလိမ္မာသည်။ သူ့အိမ်မှာလည်း အိမ်မှုကိစ္စနိုင်နင်းပါ၏။

အခန်း (၇)

ကျိုက်ထီးရိုး တောင်တက်ကားတွေက လူကျပ်ကျပ် ဆိုင်ရသည်မို့ ညီပြည်ခံစုံ ဝသုန်အနားမှာ ကပ်ထိုင်ထားသည်။

ကောင်မလေးကို ပခုံးဖက်ထားတာ တကယ်လည်း ပြုတ်ကျမှာစိုးလို့ပါ။ တစ်လမ်းလုံး အတွေ့အထိ၊ ဖောဌာပွအာရုံနဲ့ ဖြားယောင်းနေရပေမယ့် ဝသုန်ကြည့်ရတာ နှုတ်ခမ်းလေး တစူစူပါ။

အချိမခံသည့် ခွေးလေးလို ရန်စွယ်တငေါငေါ။ သူက လည်း သည်ခွေးပေါက်လေးကိုမှ အသည်းစွဲမိနေပြီ။

သူ့ရင်ထဲမှာ နှစ်လိုမြတ်နိုးနေမိတာ။ သူပြောသည့် ဇာတ်လမ်းက အမှန်တစ်ဝက်၊ အမှားတစ်ဝက်။

ပထွေးတော်ကြီးက သူ့ကို သားမက်တော်ချင်ပေမယ့် မေမေက အလိမ္မာဖက်ထားသည်။

''ငါ့သားကို ဒီလို ဆတ်စလူးတွေနဲ့ သဘောမတူနိုင်ပါဘူး။ အလကားး ပိုင်းလုံးမတွေ့။ ငါ့သား အလိမ္မာ အိမ်ပါလေသာရှာ။ ကိုယ်ကြိုက်တာကိုယ်ယူ။ ငါ့သားကို မေမေယုံတယ်''

သို့ပေမဲ့ ကောင်မလေး သူ့ကို သနားအောင် ဇာတ်လမ်းတွေ ဆင်ရတာ။ ယခုကျ သူ့ကိုသနားဖို့ နေနေသာသာ သူ့အနားမှာ ကြောင်ကလေးလို ခွေပြီးအိပ်လို့။

တကယ်ပင် အိပ်ပျော်သွားတော့ သူဘက်သို့ လဲကျလာပြီး သူ့ပခုံးမှာပါ အိပ်လို့။

ချစ်ဖို့ကောင်းလိုက်တာ ကြောင်မလေးရယ်။ ကိုက် တကယ်ကြွေတယ်။

ဝသုန်ကတော့ ကျားကြီးကို မေတ္တာထားလို့မရသည့် သမင်မလေးလိုပါ။

ခင်ဖို့ဝေးလို့ ကြာလေ ကြောက်လေ။ မမတွေပြောသလို ပါပဲ။ ကျားဆိုတာ ဝါးစားတတ်သည့် အမျိုးအနွယ်။

ခေတ်ကလည်း ကျားတွေသောင်းကျန်းသည့်ခေတ်။

တက္ကသိုလ်၊ ကောလိပ်ဆိုသည့် မှော်ရုံတောတွေမှာ မျက်စိရှေ့မြင်နေရသည့် အနိဋ္ဌာရုံတွေကလည်း အမျိုးမျိုး။

အတွဲတွေ၊ သောင်းကျန်းနေလိုက်တာ။ ဆူးနှင့်ဖက်လိုပဲ၊ မိန်းကလေးဆိုတာ ဖက် အမျိုးအနွယ်တွေ။

မမကြီးကလည်း ပြောထားပါပေ၏။

"ငါတို့ အိုဂျီဝပ်မှာ အဘောရှင်းကေ့စ်တွေ ကြည့်လိုက်၊ နင်တို့တက္ကသိုလ်၊ ကောလိပ်ကဟာတွေ များတယ်။ တော်တော် သောင်းကျန်းနေကြတာ။ တချို့လည်း ကွန်ဒုံးတွေ သုံးမှာပေါ့၊ သမီးမိန်းကလေးတွေ ကျောင်းထားရတာ မလွယ်ဘူးဟေ့"

"ငါက ကြိုပြီးပြောပြထားတာ။ ကိုယ့်လူတွေ ခံသွားရ မှာစိုးလို့။ ချစ်သူရည်းစားတွေထားကြ။ အတတ်တွေကျူးကြ၊ တဖြည်းဖြည်းနဲ့ ငါတို့မြန်မာပြည်လည်း အနောက်တိုင်းထက် ဆိုးလာပြီ"

"အနောက်တိုင်းကမှ လစ်ဗီးတူဂဲသားဆိုရင် နှစ် ယောက်အတူနေကြ။ တစ်အိုးတစ်အိမ် ထူထောင်ပြီး မိန်းကလေး အတွက် တာဝန်ယူကြတယ်။ သားတွေ၊ သမီးတွေ မွေးကြ။ ထက်ထပ်ရင် လက်ထပ်ကြသေးတယ်"

"ငါက အနောက်တိုင်းက လစ်ဗီးတူဂဲသားကို အားကျ တို့ပြောနေတာ မဟုတ်ဘူး။ ငါတို့မြန်မာပြည်က ပိုပြီးအဖြစ်ဆိုး နေလို့ပြောတာ"

"ယောက်ျားလေး၊ မိန်းကလေးတွေ ချိန်းတွေ့လိုက်ကြ၊ တည်းခိုခန်းသွား၊ ဟိုတယ်သွား။ တချို့လည်း ထီးကွယ်ပြီး ဖြစ်ချင်တိုင်းဖြစ်နေကြတာ။ ဘာတာဝန်မှလည်း ယူကြတာ မဟုတ်ဘူး"

"မိန်းကလေးတွေကလည်း ဘာအညှာလွယ်သလဲ မမေးနဲ့။ ပစ်ယုံလိုက်ကြတာပဲ၊ ယောက်ျားတွေလည်း တော်ကီ တွေ ကြွယ်ကြွယ်။ မိန်းမတွေကလည်း အယုံက လွယ်လွယ်။ ထမ်းဘေးမှာ ကလေးလွှင့်ပစ်တာတွေများလာ။ အဘောရှင်း ကေ့စ်တွေများလာတာပဲ အဖတ်တင်တယ်"

"ဒီအထဲ ကိုယ့်လူတွေ မပါစေချင်ဘူး။ နင်တို့မှတ်ထား မှောက ကျားမှန်ရင် ဘယ်ကျားမှ သတ်သတ်လွတ်မစားဘူး။

အစစအရာရာ သွားသတိ, လာသတိ, စားသတိပဲ''

မမကြီးက အဲလို တပ်လှန့်ထားပြီး မမဝသန်က ဘ
ကြီးခဲ့ရသည့် ဘဲကြီးနှင့် နမူနာပြောပြထားတာမို့။

ညီပြည့်စုံ ဘယ်လိုပင် ကြင်နာပြပြ၊ ဖြားယောင်းဆ
ဆောင်နေနေ သက်ထားဝသုန် မနှစ်သက်ပါ။ စိတ်ညစ်၊ စိတ်ဆ
တာပဲ အဖတ်တင်သည်။

တောင်တက်ကားပေါ်မှ ဆင်းတော့ ဘုရားရင်ပြင်ဝ
ပေါ်သို့ ဆက်တက်ကြသည်။ ရင်ပြင်တော်ပေါ်မှာ ဘုရားဖူးသ
ကလည်း ကြိတ်ကြိတ်တိုးနေ၏။

အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာကြတာ။ ကျော
ပိတ်ရက်၊ ရုံးပိတ်ရက်မို့ ပိုပြီးစည်ကားနေသလားပင်။

''လာ ချာတိတ်''

စုစုပေါင်း လူ (၆) ယောက်လာကြပေမယ့် အောင်သ
ကိုတို့စုံတွဲက တစ်တွဲ။ နိုနိုနှင့် ပန်းနုက တစ်တွဲ။ ဝသုန်
ညီပြည့်စုံက တစ်တွဲ ဖြစ်နေလေ၏။

''ကိုကို သူတို့ကို စောင့်ဦးလေ။ လူစုကွဲသွားလိမ့်မယ်
''မကွဲဘူး၊ ဖုန်းတွေပါသားပဲ။ လှမ်းချိတ်ဆက်ရုံပဲ
ဝသုန့်လက်ကိုဆွဲပြီး ရင်ပြင်တော်အနှံ့ လျှောက်သ

နေသည့် ညီပြည့်စုံ။

ဝသုန်က ကိုယ့်စုဘူးလေးကို ထုတ်ပြီး ဖောက်မည်လုပ်
တော့လည်း သူက တားဆီးသေး၏။

''ဘာလုပ်မလို့လဲ ညီမလေး''

''ဘုရားမှာ ရွှေသင်္ကန်းကပ်မလို့''

''ဩော် ... စုဘူးခွဲပြီး လှူမယ်ပေါ့။ သဒ္ဓါတယ်ကြီး
ပါလား''

''မငေါ့ပါနဲ့။ ပိုက်ဆံမှမရှိတာ''

''တယ်ကြွားသကိုး။ ကဲ ဒီလိုလုပ် ... ညီမလေးရဲ့
စုဘူးကို ကိုကိုဝယ်မယ်။ ကြမ်းခင်းစျေးပြော''

''ဘာလဲ ဘာကြမ်းခင်းစျေးလဲ''

''ဟောဗျာ၊ တုံးလိုက်တာကလည်း လွန်ရော။ ကမ္ဘာ
ကျော် ပန်းချီကားတွေ၊ ကမ္ဘာကျော်လက်ဝတ်ရတနာတွေ လေလံ
တင်ရင် ကြမ်းခင်းစျေးက စရတယ်လေ။ နောက်ပြီးမှ တဖြည်း
ဖြည်းနဲ့ လေလံအပြိုင်ဆွဲရတာ။ မကြားဖူးဘူးလား''

''သိပြီ၊ သဘောပေါက်ပြီ''

''အဲဒါဆိုလည်း ညီမလေးရဲ့။ ဒီယုန်စုဘူးလေး ကိုကို့ကို
ရောင်း။ ကြမ်းခင်းစျေးတစ်သိန်းက စပေးမယ်ကွာ''

''တစ်သိန်း''

လက်ညှိုးလေးတစ်ချောင်းထောင်ပြီး တအံ့တသြရုပ်ကလေးက ယုန်မလေးလို အရမ်းချစ်ဖို့ကောင်းနေလျှင် ညီပြည့်ဝ်ထပ်ပြီး စျေးတိုးပေးလေ၏။

''နည်းလို့လား၊ ဒါဆိုလည်း နှစ်သိန်းကွာ''

''အာ ... ကိုကိုကလည်း ဝသုန့်စုဘူးထဲမှာကဖြင့် နှစ်ရာတန်နဲ့ ငါးရာတန်လေးတွေပဲရှိတာ။ တစ်သိန်းဝေးလို့ တစ်သောင်းတောင် တန်မှာမဟုတ်ဘူး''

''တန်တယ် မတန်ဘူးဆိုတာ ကိုကို့အပေါ်မှာပဲ မူတည်တယ်။ ဝသုန့်စုဘူးလေးကို ကိုကို ဝယ်မယ်။ နှစ်သိန်းပေးမယ်''

''အို မတရားမလုပ်ချင်ပါဘူး။ ကိုကိုယူချင်လည်း ယူပေါ့။ တစ်သောင်းလောက်ပေးရင် တော်ပါပြီ။ အဲဒီပိုက်ဆံနဲ့ ရွှေသက်နန်းကပ်မလို့''

လောဘနည်းလိုက်တဲ့ကောင်မလေး။ သူကြည်ဖြူစွာပင် တစ်သောင်းတန်တစ်ရွက် ထုတ်ပေးလိုက်တော့ သူမက တစ်သောင်းတန်ကို ဖင်ပြန်ခေါင်းပြန် ကြည့်လေ၏။

''ဘာပြုလို့လဲ ညီမလေး''

''အတုဖြစ်နေမှာစိုးလို့ပါ''

''အမလေးဟဲ့ ... ငါ့များ ငွေတုလုပ်တဲ့စက်ရှိတယ်ထင်နေသလား''

''သိဘူးလေ၊ ကဲ ဝသုန် ... ရွှေသက်နန်းသွားလျှူလိုက်ပါးမယ်။ ကိုကိုကျန်ခဲ့''

''ကိုကိုလည်း ကပ်မှာပေါ့။ ရွှေသက်နန်းဝယ်မယ်။ နောက်စေတီတော်မှာ ကိုယ်တိုင်ကပ်မယ်။ ညီမလေးက ကိုကို့ကို ဘတ်ပုံရိုက်ပေး။ ကိုကိုလည်း ညီမလေးကို ရိုက်ပေးမယ်''

အခြေအနေတွေကတော့ သူတို့ (၂) ယောက်တည်း။ ဒီ (၂) တွဲက ဘယ်ချောင်တိုးပြီး ဘယ်သောင် ဘယ်ကမ်း ဆိုက်နေသည်မသိ။

ဝသုန် တော်တော်လေး တရားရနေမိပါ၏။ ဒါကြောင့်လည်း မမကြီးတို့က စိတ်မချတာ။ ကြည့်ပါလား၊ သူငယ်ချင်းအကောလည်း ကိုကိုနှင့်တွန်းပို့ပေး၊ ရှောင်ပေးနေကြတာ။

သူမမှာ အီလည်လည် ရုပ်ကလေးနှင့်သာ။ လှသူမို့သန့်ရှင်းလေးကလည်း ချစ်ဖို့ကောင်းနေတာ။

ညီပြည့်စုံကတော့ ဘာမှ မဟုတ်မနေ။ သူကတော့ ယောကျ်ားပီပီ ကြည်နူးပီတိတွေနှင့် ဝသုန့်လက်ကိုဆွဲကာ ရွှေသက်နန်းသွားဝယ်၏။

နောက် စေတီတော်ဘက်သို့ ကိုယ်တိုင် ရွှေသင်္ကန်းကပ်ရန် သွားကြသည်။

"အင့် ကင်မရာ ... ညီမလေးက ကိုကို့ပုံရိုက်ပေး"

သူ့ကင်မရာကို ကိုင်ပြီး ဝသုန် ဓာတ်ပုံရိုက်ပေးရသည်။ ကိုယ့်အတွက်ရော သူ့အတွက်ပါ ရွှေသင်္ကန်းကပ်နေတာ။ ရွှေသင်္ကန်းကပ်ပြီး ဈေးဆိုင်တန်းတွေ လျှောက်ကြည့်ကြသည်။

ဝသုန် ဘာမှမဝယ်ပါ။ ကိုယ်က ငွေလည်းပေါတာမဟုတ်။ သူများဝယ်ပေးတာလည်း မလိုချင်။ သည်တော့ ကြည့်ရုံပဲကြည့်သည်။

"ညီမလေး ဘာယူမလဲ၊ ယူလေ"

"ဟာ ... မယူချင်ပါဘူး၊ ကြည့်ရုံကြည့်တာ"

"အမလေးဟဲ့ ခုမှ အာသဝေါကုန်ခမ်းနေတဲ့ ရဟန္တာထေရီနဲ့ တွေ့နေတော့တယ်"

"ကိုကိုနော် ဝသုန်တို့က ဘဝမှာ ဘာကိုမှ မလိုချင်မတပ်မက်တော့အောင် လေ့ကျင့်ထားပြီးသား"

"တယ်တော်ပါလား၊ ရလား"

"ရတာပေါ့၊ ဘာမှ လိုချင်စိတ်မရှိတော့ အေးတာပေါ့။ ကိုယ့်ဘဝအတွက် လိုအပ်တာပဲဝယ်တယ်။ ခု ဒီပွဲဈေးတန်းက

ည်းတွေအားလုံး အသုံးမလိုသေးပါဘူး"

"ခုမှ တကယ့်လူနဲ့ တွေ့နေတယ်။ အံ့ဩပါ့"

"ဩမနေနဲ့ ... တော်ပြီ၊ လျှောက်ကြည့်ရတာမောပြီ။ ဆောင်ရှေ့က ရင်ပြင်တော်မှာပဲ ထိုင်နားတော့မယ်"

ဈေးတန်းတွေမှ ထွက်လာပြီး ကျိုက်ထီးရိုးစေတီတော် အာရုံခံတန်ဆောင်းတွေမှာ ဝင်ထိုင်ကြသည်။

ဝသုန် ဘုရားကို သေသေချာချာရှိခိုးနေတော့ ညီပြည့်စုံကို ထိုင်ကြည့်နေမိသည်။

တော်တော်ချစ်စရာကောင်းတဲ့ ကောင်မလေးပဲ။ အဆင်း အချင်းပါ ပြည့်စုံတယ်။

မျက်တောင်လေးတွေ နက်နက်၊ ခက်ခက်က သဘာဝပါ။ ဆံပင်လည်းလှ၊ အသားအရည်လည်းလှ။

ကိုယ်လုံးကျစ်ကျစ်လှလှလေးနှင့် ချစ်စရာကောင်မလေးတယ့်တော်ဝင်မင်းသမီးလေးလိုပါပဲလေ။

*

အခန်း (၈)

ညနေ (၃) နာရီလောက်မှာ ဘုရားရင်ပြင်တော်ပေါ်
ပြန်ဆင်းခဲ့ကြသည်။ အားလုံးပင် ပျော်ရွှင်ကြည်နူးနေကြပေ
ဝသုန်ကတော့ စိုးရိမ်သောက ရောက်နေရှာ၏။

''ကိုကို မမကြီးကို (၇) နာရီလို့ပြောခဲ့တာနော်။ ရော
ပါ့မလားဟင်''

''ရောက်ပါတယ်ကွာ၊ ရောက်အောင်မောင်းမယ် မပူ

''အမလေး အားလုံးလည်း မသာပေါ်ကုန်ကြပါဦး
နော်။ (၇) နာရီမရောက်လို့ (၈) နာရီဆိုလည်း ဖြစ်ပါတ

ဖုန်းကြိုဆက်ထားကြတာပေါ့''

အားလုံးပင် ညီညွတ်နေကြကော့ ဝသုန် ငြိမ်နေရပါ
သည်။ တည်မိတဲ့ဘုရား လဒနားနားပေါ့။ လိုက်ခဲ့မိပြီကိုး။

ဒါ သင်ခန်းစာအကြီးကြီးပါ။

သူမနှင့်ညီပြည့်စုံဟာ မညားရုံတမည်။ လူကို မလွတ်
တမ်း ဆွဲထားပြီး ရင်ခွင်ထဲထည့်မတတ် ကိစ္စတွေဟာ သူမက
ကြောင်ကလေးလို ကုတ်ဖဲ့နေသည့်ကြားမှ။

ဩော် သူတို့တွေကတော့ ထမင်းစား၊ ရေသောက်ပမာ။
ချစ်သူမဟုတ်သည့်ကောင်မလေးတစ်ယောက်ကို အကြင်နာတွေ
နှင့် ဖေးမ သိမ်းသွင်းနေတော့တာ။

ဝသုန့်ခံယူချက်က ကြမ်းရိုင်းနေလွန်းလို့သာ။ သူ ဖြား
ယောင်းတိုင်း မပျော်ဝင် မည္ဆွတ်နူးမိတာ။

ဘုရားလောင်းမင်းသားရဲ့အာရုံ (၅) ပါးကိုဖြတ်ကျော်ပြီး
လိုရာတိုင်းပြည်ရောက်သွားသည့် ပုံပြင်လိုပေါ့။

သဲကန္တာရကြီး ဘီလူးတွေနေသည့် ကန္တာရတွေကို ဖြတ်
ကျော်ရသည့်အခါ ဘုရားလောင်းမင်းသားကို အာရုံအမျိုးမျိုးဖြင့်
ဖမ်းစားကြသတဲ့။

အစားအာရုံ။

အသံအာရုံ။

အတွေ့အထိအာရုံ။

အာရုံအမျိုးမျိုးနှင့် ဖမ်းစားသော်လည်း မရဘဲ မင်းသားဟာ နောက်ဆုံး သူသွားလိုရာ တိုင်းပြည်သို့ ရောက်သွားခဲ့သတဲ့။

ယခုလည်း မင်းသားတစ်ယောက်လို ချောမောလှပသည့် ကိုကိုညီပြည့်စုံဟာ သူမကို ငုံထားမတတ် အကြင်နာတွေ၊ မေတ္တာတွေ၊ အတွေ့အထိတွေနှင့် ဖြားယောင်းနေ၏။

သက်ထားဝသုန်၏မျက်လုံးထဲမှာ သူဟာ ဘီလူးမင်းသား။

တစ်လှေလုံးပုပ်နေသည့် ငါးခုံးမတွေထဲမှ ထူးမခြားနားသော ငါးခုံးမတစ်ကောင်။

မိန်းမငယ်လေးတွေ။

အထူးသဖြင့် ဖြူစင်နုသစ်သော၊ နုံသော၊ အသော မိန်းမငယ်လေးတွေကို အာရုံအမျိုးမျိုးဖြင့် ဖမ်းစားမည်။

နောက် အသုံးချပြီး အစာဝတော့ ဌာနပြန်မှာပေါ့။

ပန်းကလေးတွေ သတိရှိကြပါကုန်လော့။ ဝတ်ရည်ခြောက်ခမ်းပြီး ပန်းလျ၊ နွမ်းကြွေ၊ ဘဝပျက်၊ အဆင်မသင့်လျှင် အသက်ပါသေ။

တော်ပါပြီနော်။

သည်တစ်ခါပါပဲ။ အားနာလျှင်ခါးပါရမည် ဆိုသလို။

သည်လိုကိစ္စမျိုးမှာ အားနာလို့ကတော့ ခါးပါမကအသက်ပါ ပါသွားမှာ၊ အရှက်ပါ ပါသွားမှာ။

ဝသုန်တို့အားလုံး ကျိုက်ထီးရိုးစေတီရင်ပြင်မှ ဆင်းခဲ့တော့ ဝသုန် ဆံတော်ရှင်ကျိုက်ထီးရိုးမှာ ဆုတောင်းခဲ့မိတာကို သတိရနေမိပါသည်။

''ဘဝဆက်တိုင်း ဆက်တိုင်း ယောကျ်ားလေးတွေ၏ အလိမ်အညာခံ၊ အသုံးချခံဘဝမှ လွတ်ကင်းပါစေ။ လိုရာပန်းတိုင်သို့ အနှောင်အဖွဲ့ကင်းကင်း အနှောင့်အယှက်ကင်းကင်းဖြင့် ရောက်နိုင်ပါစေ''

ယခုတော့ ညီပြည့်စုံ ဆုပ်ကိုင်ထားသည့် မိမိလက်ကလေးကို မရုန်းကန်နိုင်တော့ဘဲ သူ ဆွဲခေါ်ရာ ပါနေရပါတော့သည်။



ည (၈) နာရီတိတိမှာ ကိုယ့်တိုက်ခန်းရှေ့သို့ ကားဆိုက်ခဲ့ပြီ။ တစ်လမ်းလုံး သူ့အနားမှာ တောင့်တောင့်ကြီး ထိုင်လိုက်ခဲ့ရရာမှ ကျွတ်ပြီ လွတ်ပြီဟူသည့် အတွေးနှင့် သက်ထားဝသုန် ကားပေါ်မှ အမြန်ဆင်းလိုက်ပါ၏။

''ညီမလေး''

သံယောဇဉ်အမျှင်တန်းနေသည့် မချိတင်ကဲအသံနှင့် ညီပြည့်စုံ နွှတ်ဆက်ပေမယ့် ဝသုန် လှည့်မကြည့်တော့ပါ။

ပြီးဆုံးပြီပေါ့။

သူ့ဘိုး ခွေးကိုက်မအော်ဝံ့ဆိုသလိုဘဲ ဝသုန်သည် ဒုက္ခ တွေကို မည်သူ့ထံမှ ရင်ဖွင့်ရဲမည် မဟုတ်ပါ။

ရင်ထဲမှာပဲ တမြွေမြွေ လောင်ကျွမ်းနေရမည့် သောက နောင်တ။

ကားက တော်တော်နှင့် မထွက်နိုင်သေး။ ညီပြည့် ဦးတင်ကြီးလို ငေါင်နေတော့ နောက်မှ ပရိသတ်က ကောင်း ကောင်းသြဘာပေးကြသည်။

''ကိုကို မောင်းတော့။ ဒီလောက်ခွင်ဖန်ပေးခဲ့တာတော် အပိုင်ချည်မထားနိုင်ဘဲနဲ့။ ဒါနဲ့များ သူကိုယ်သူ အသည်းစာ ဘုရင်ကြီးတဲ့''

''ကဲပါ ... နောက်နဲ့တွေ တွေ့ရဦးမှာပါ၊ မောင်း ... မောင်းတော့''

ညီပြည့်စုံ ကားကို ညင်သာစွာမောင်းထွက်ခဲ့ပါသည်။ သူ့ရဲ့ယုန်ကလေးကတော့ တွင်းထဲဝင်သွားသည့် ကြွက်ကလေး မော လုံးဝကို ထွက်ပြူမလာတော့ပါ။

ဘယ်လိုအတွေးတွေနဲ့ ဘယ်လိုခံယူချက်တွေနဲ့ သည် လောက်တောင် ကြမ်းရိုင်းလွန်းရသလဲ ချာတိတ်ရယ်။

ကိုကို မင်းကို တကယ်ချစ်မိတာပါ။ ပထမနှစ်ကတည်း က စပယ်ဖူး၊ စပယ်ဦးလေးကို အရိပ်တကြည့်ကြည့်ရှိခဲ့ရတာပါ။



အခန်း (၉)

သက်ထားဝသန်။

ညဘက် ဂိုက်သင်ရာမှ ပြန်လာတိုင်း လူ (၂) ယောက်
လိုက်နေတာ။ တစ်ပတ်ခန့်ကြာလာတော့ သူမ သွေးပျက်လာ
သည်။

ဘာမှမလုပ်သေးပေမယ့် ဘာလုပ်ရအောင်လိုက်နေတာ
လဲ။ စာသင်ရသည့်အိမ်နှင့် ဆေးရုံဟာ နည်းနည်းတော့လှမ်းတာ
ပါပဲ။ (၁၀) မိနစ်လောက် လမ်းလျှောက်နေရသည်။

မြို့ထဲမဟုတ်တာမို့ ည (၉) နာရီကျော်လျှင် လူကတော့

ခပ်ရှင်းရှင်း။

ငွေ (၁) သိန်းရလည်း အချိန်ပိုင်းအလုပ်ကို စွန့်လွှတ်ရ
တော့မှာလား။

သူမတို့ညီအစ်မ (၃) ယောက်အတွက် ငွေ (၁) သိန်းဟာ
တော်တော် အထောက်အကူပေးသည်။

ဟိုတစ်နေ့က ဇွဲသူရနှင့်ရန်ဖြစ်ပြီးကတည်းက သူ့ကို
လည်း မတွေ့တော့။ ဟင်း သူ့ကိုလည်း အားမကိုးချင်ပါ။

ကျားကြောက်လို့ ရှင်ကြီးကိုး၊ ရှင်းကြီးကျားထက်ဆိုး
မည့်သူ။

ခပ်သုတ်သုတ်လျှောက်ရင်း ဆေးရုံထောင့်နားရောက်
တော့ နောက်မှ (၂) ယောက်က မှီလာသည်။ ဝသန် ကူနွှေ
ဆည်မနေနိုင်တော့။ သုတ်ခြေတင်ပြီး ပြေးတော့သည်။

ကိုယ့်တိုက်ခန်းရှေ့ရောက်တော့မှ ရပ်တော့၏။ ဝသုန်
အဆင်သင့်တံခါးဖွင့်ပေးရင်း ဝသန့်ကို စိုးရိမ်တကြီးကြည့်သည်။

"မမ ဘာဖြစ်လာတာလဲဟင်။ အနှောင့်အယှက်တွေ
ပေါ်လာပြန်ပလား။ ငွေမရရင်နေပါစေ မမရယ် ဒီအလုပ်ကို
ဖြတ်လိုက်ပါ"

"နင်ကပြောတော့ လွယ်တယ်။ ငွေတစ်သိန်းဆိုတာ

''အင်း ... အဲလိုပဲလုပ်ကြည့်ရမယ်ထင်တယ်။ ကဲ ကဲ ကြည့်ကြစို့။ ညီမလေးရော အခြေအနေ ကောင်းရဲ့လား''

''ဟင် ... ဘာမေးတာလဲ မမ''

''ကျုိက်ထီးရိုးက ပြန်လာကတည်းက မမနဲ့စကား မပြောဖြစ်သေးဘူး။ ညီပြည်စုံက ညီမလေးကိုများ စနိုက်ပါနဲ့ စစ်ချနေပြီလားလို့''

''အလကားပါ မမရယ်။ သူတို့က သူငြေးသားတွေ ဆိုတော့ ဘဝကို အပျော်တမ်းချီတက်နေကြတယ် ထင်ပါရဲ့။ နှုန်းဘေကလည်း ပေါကြတယ်လေ။ ညီမလေးက ဖုန်းပိတ်ထား ဘာများပါတယ်''

''သတိထား ညီမရေ၊ ခေတ်ကိုက ယောကျ်ားတွေကို (၁၀%)လောက်တောင် မယုံရတဲ့ခေတ် ဖြစ်နေပြီ။ လူတစ်ရာမှာ ကိုးဆယ်လောက်က အကြီအဖန်လုပ်ချင်လို့ပဲ။ မမပြောထားတာ မှတ်မိလား''

''မှတ်မိပါတယ်၊ တော်ကီကြွယ်ရင် ဘော်ဒီဝယ်စရာ မလိုဘူး ဆိုတာလေ''

''အေး ... ဟုတ်တယ်၊ သူတို့က sex ကိစ္စအတွက် ငြေတန်ဆာတွေဆီ သွားမှာမဟုတ်တော့ဘူး။ အမျိုးကောင်း

လည်း မနည်းဘူးဟ။ ကျောင်းစရိတ် စုမိတာပေါ့''

''ဒါဆို ညီမလေးလိုက်မယ်လေ''

''နင့်ကို ပိုစိတ်မချသေးတယ်။ ငယ်ငယ်ချောချောလေး''

''ဟာ ... မမကလည်း တစ်ခုခုစဉ်းစားပါဦး။ ဘယ်လို လုပ်ရင် ကောင်းမလဲလို့''

''ငါတော့ မတွေးတတ်တော့ဘူး''

''ကလေးမိဘတစ်ယောက်ယောက်ကို လိုက်ပို့ခိုင်းပါလား''

''အားနာပါတယ်ဟာ။ ဖွဲသူရကတော့ အပြန်ပို့ပေးရမလား ကမ်းလှမ်းဖူးကယ်''

''ဟာ ... မမလူကြီးက ရှုပ်ရှုပ်ယှက်ယှက်ထဲကပါ။ သပွတ်အူနဲ့ စာဘူးတောင်းဆိုသလို ဖြစ်နေမယ်''

''ဘာမှတော့မဖြစ်ပါဘူး ညီမရယ်။ (၉) နာရီကျော်ဆိုတာ တအားညဉ့်နက်တာမှ မဟုတ်သေးတာ''

ညီအစ်မ (၂) ယောက်သည် ပြဿနာကို ဘယ်လိုရှင်းရမှန်းမသိ။ အိမ်ပြန်ညတွေဟာ ခြောက်ခြားစရာကောင်းနေ၏။

''ရဲကိုလှမ်းပြီး အကြောင်းကြားထား။ ဖုန်းဆက်ထားရင် ရမယ်ထင်တယ် မမ''

သမီးလေးတွေကိုပဲ ဖြားယောင်းအသုံးချနေမှာ''

''သိပါပြီ မမရယ်၊ ကဲ စာကျက်ကြစို့နော်''

ခေတ်ဆိုး ခေတ်ကျပ်ကြီးထဲမှာ အကြီအဖန်တွေ များလွန်းလို့၊ အမှန်အကန်ကို ရွေးချယ်ရမှာလည်း မဝံ့ရဲစရာ။

ကြောက်တတ်လျှင် ဝန်ကင်းသတဲ့။

လောကကြီးထဲ မျက်စိမှိတ်ငြင်းပယ်ရင်း ဝသုန် ညီပြည့်စုံကို သတိရနေမိပါသည်။

ရွေးခေတ်က မာဒင်္ဂလို၊ မင်းကုသလို သူဖွဲကောင်းတာ။

ကေသရာဇာခြင်္သေ့မင်းဟာ ဘာသားကောင်ကိုပဲဖမ်းဖမ်း၊ တူညီသော လုံ့လဝီရိယ စိုက်ထုတ်သတဲ့။

ယခုလည်း သူမလို ကောင်မလေးတစ်ယောက်ကို ပင်ဖို့အတွက် ညီပြည့်စုံ လေး၊ မြားလက်နက်တွေ ပြင်ဆင်နေလိုတာ အသေအချာ။

ကိုကိုဟာ ဝသုန်ကို စနိုက်ပါနှင့် ချိန်ရွယ်ပစ်ချဖို့ ကြံစားနေပေပြီ။

ကိုကို့ထံမှ ဖုန်း miss call တွေ၊ message တွေ။ ဝသုန်က မက်စင်ဂျာဖြုတ်ထားလို့သာ စကားပြောလို့မရတာ။

ဖုန်းလည်းမကိုင်ပါဘူး။

မာယာတွေနှင့် ညွှတ်နူးပျော်ဝင်နေမည့် စကားသံချိုချို့တွေကို သူမ ဒဏ်မခံနိုင်မှာ စိုးတာလည်းပါသည်။

သူမဏ်နှလုံးသားလေးဟာ မာကျောဆင့်ဘယ်လောက်နီးသလဲ။ သေချာမသိပါ။

အနာတရကင်းစင်သည့် နှလုံးသားလေးခမျာ ဆင်ခြင်တံတားတွေ၊ မျက်မြင်ဒိဋ္ဌတွေနှင့် အဆိုးမြင်ဝါဒီတစ်ဦးလို ကျင့်သုံးနေရပေမယ့် ကိုကို့စနိုက်ပါထဲမှာ ကားခနဲ ပစ်ကျသွားမှာ စိုးမိပါသည်။

ကြောက်ကန်ကန်နေရတာပါ။

သူနှင့်တွေ့မှာစိုးလို့ ခေါင်းမူးသလိုလို၊ ခေါင်းကိုက် သလိုလို လုပ်ကာ ကင်တင်းလိုက်မသွားတာပင် ကြာပါပြီ။

အေးဆေးနေပါရစေ ကိုကိုရေ။

ကိုကို့ရဲ့ လေး၊ မြား၊ လက်နက်တွေကို အခြား ကောင်မလေးတွေအတွက်ပဲ အသုံးချလိုက်ပါ။

ဖြူဝင်းသောခင်မင်မှုတွေကိုပဲ ဝသုန် ကြိုဆိုပါရစေနော်။



အခန်း (၁၀)

သည်နေ့တော့ ခင်ထက်ပန် ပြေးစက်ပေါ်မှ ခုန်ဆင်း လိုက်ဦးမည်။ နေ့စဉ်နေ့တိုင်း ဂျူတီဝင်လိုက်၊ စပါယ်ရှယ်လိုက် လိုက်နှင့် လူက မူးဝေလာနေပြီ။

သည်နေ့ ကိုယ်စားချင်တာလေးတွေ၊ ဝယ်ခြမ်းချက် ပြုတ် စားပြီး အနားယူလိုက်ဦးမည်။ ဒါတောင် ညနေ (၆)နာ မှာ ဂျူတီပြန်စရမှာ။

ဈေးဝယ်ဖို့ ကြွတ်ကြွတ်အိတ်ကိုယူပြီး လိုင်းကားတိုးစီး ကားမှတ်တိုင်မှာ ရပ်နေဆဲ ခင်ထက်ပန်အနီးသို့ ကားလေးတစ်

လျှောခနဲရပ်လာခဲ့၏။

ကားမှန်ကျလာတော့ –

"ဦးဝေမိုး"

"ဟုတ်ပဗျာ၊ ဆရာမ ဘယ်သွားမှာလဲ၊ တက်ပါ။ ကျွန်တော်လိုက်ပို့ပါမယ်"

ဦးဝေမိုးဟာ ယုံကြည်ရမည့်လူကြီး လူကောင်း တစ်ယောက်မို့ ခင်ထက်ပန် ကားပေါ်သို့တက်လိုက်ပါသည်။

"ဦးသော်ထက်ခိုင် မပါဘူးလား"

သူကပြုံးရင်း –

"ဆရာမက သူနဲ့ကျွန်တော့်ကို အမွှာညီအစ်ကိုများ မှတ်နေသလားပဲ"

"မဟုတ်ပါဘူး။ ရှင်တို့နှစ်ယောက်က တော်တော်ခင် ကြသလားလို့ပါ။ အခု ရန်ကုန်ကို အလုပ်ကိစ္စနဲ့လာတာလား"

"ဟုတ်တယ်၊ အလုပ်ကိစ္စနဲ့လာတာပါ"

"ခေတ်ကြီးက ကောင်းတာမဟုတ်ဘူး။ ရှင် အဖော်ပါ ဆင့်တာပေါ့"

ပြောပြီးမှ တစ်မျိုးတွေးမိပြီး ခင်ထက်ပန် မျက်နှာလေး တွတ်တွတ်ရဲသွားမိ၏။

ခင်ထက်ပန်ဆိုတာလည်း ဒိတ်အောက်ကြီးတစ်ယောက်တော့မဟုတ်ပါ။

အသက် (၂၅) နှစ်အရွယ်။ သက်မွန်မြင့်တို့လို ထွားထွားမြင့်မြင့်၊ လှလှပပလေးပါ။ အသားလေး ဝါဝါ၊ ကိုယ်လုံးလှလှနှင့်

အဝတ်အစားတော့ သိပ်ဂရုမစိုက်။ ရောင်စုံ ထည်လဲဝတ်နေဖို့အချိန်လည်း မရှိ၊ ငွေလည်းမပေါ်။ ဝါသနာလည်းမပါ။

ယူနီဖောင်းသာ အမြဲဝတ်နေရတာများသည်မို့ အပြင်ဝတ်စုံက နည်းနည်းပါးပါပဲ ရှိသည်။

သည်နေ့ဝတ်ထားမိတာတော့ အဆင်ပြေကောင်းပါရဲ့ အပေါ်က ရယ်ဒီမိတ်ဆွဲသား ခရမ်းလေး။ အောက်ကလည်း အသားပျော့သည့် လုံချည်စကတ် ခရမ်းဒီဇိုင်း။

ကိုယ်ခန္ဓာကောက်ကြောင်းပေါ်နေမှာလား မသိ၊ ကိုယ်ပိုင်ကားပေါ် ထိုင်လိုက်နေရပေလို့ပဲ။

''ဆရာမက အဖော်ပါသင့်တယ်ဆိုပေမယ့် တချို့နေရာတွေမှာ တစ်ယောက်တည်းသွားလာလှုပ်ရှားတာပဲ စိတ်အေးချမ်းရပါတယ်ဗျာ။ အဖော်တွေက ဒုက္ခပေးတာအများကြီးပါ''

''ဩော် ... ရှင်က စီးပွားရေးကိစ္စတွေ၊ ဘာတွေနဲ့

သွားတာ၊ လာတာဆိုတော့ ငွေရေးကြေးရေးတွေ လုခံရမှာကြီးလို့ပါ''

ခင်ထက်ပန်၏စကားကို သူကအပြုံးနှင့် ဖြေရှင်းပေးပါသည်။

''ခုခေတ်က ငွေအထုပ်လိုက်မကိုင်တော့ပါဘူး ဆရာမရယ်။ ATM ကတ်တွေ၊ ဘဏ်ချင်းချိတ်တာတွေနဲ့ သုံးပါတယ်''

''ဩော် ... ဟုတ်မှာပေါ့။ ကျွန်မက ကိုယ့်ဘဝနဲ့နှိုင်းထားလေ။ ကျွန်မတို့က ငွေကိုအထုပ်လိုက်ကိုင်သုံးတယ်ရှင့်။ ဒီနေ့တမင်နားပြီး စားချင်တာလေးတွေ ချက်စားမလို့လေ''

ခင်ထက်ပန် ကိုယ့်ပိုက်ဆံအိတ်ကလေးထိုးပြပြီး ရယ်ရောစကားဆိုပေမယ့် ဦးဝေမိုး မရယ်နိုင်။

''ဆရာမကြည့်ရတာ အရမ်းရုန်းကန်နေရတယ်နော်။ ထောက်ပံ့ကျွေးမွေးရမယ့် မိသားစုများတာလား''

''ညီမ (၂) ယောက်ရှိတယ်။ ကျောင်းသားတွေ။ ကျောင်းဆရာမတို့က မနည်းဘူးလေ။ မိဘတွေကတော့နယ်မှာ။ ကျောင်းဆရာလေ။ ဖေဖေက''

''အေးချမ်းတာပေါ့ဗျာ။ ကျွန်တော်တို့လို စီးပွားရေးသမားတွေကတော့ စီးပွားရှာရတာ ပူလောင်တာပေါ့''

ကျွန်တော်ပါ လိုက်စားရပါစေလို့''

''အာ ... မဖြစ်ဘူးထင်တယ်၊ ကျွန်မတို့က''

''ဆရာမ ညီမတွေ ကျောင်းတက်နေတယ် မဟုတ်လား''

''ဟုတ်ပါတယ်၊ သူတို့ ကျောင်းသွားကြပါတယ်။ ဒါပေမဲ့ ကျွန်မက အကြီးဆုံးလေ။ မိတ်ဆွေပင်ဖြစ်စေဦး ယောကျ်ားတစ်ယောက် အိမ်လည်လာတဲ့ကိစ္စမျိုးက မဖွယ်မရာ''

''ဩော် ... ဆရာမတို့က ရှေးရိုးစွဲနေတဲ့ မိသားစုအုပ်ထိန်းမှုပုံစံမျိုးပဲနော်''

''ရှင် မှတ်ချက်ချချင်သလိုသာ ချပေတော့၊ အဲဒီအတိုင်းပဲ''

ခင်ထက်ပန် စကားဖြတ်ချပြီး ကားပေါ်မှဆင်းလျှင် သူကလည်း နောက်ကလိုက်လာပါလေ၏။

သူ့အသွင်က လူချော၊ လူဖြောင့်တစ်ဦးပါ။ ဝတ်ပုံ၊ စားပုံကအစ စမတ်ကျကျ။ ဘောင်းဘီရှည်နှင့် စပို့ရုပ်၊ ဂျာကင်တက်ထားပုံတို့ကအစ စမတ်ပါ။

''ဈေးဝယ်တာတော့ လိုက်ပါရစေဗျာ။ ဆွဲခြင်းကိုင်ပေါ့''

''ဩော် ... ကျွန်မက ဒီလောက်အများကြီးလည်း

''ပူလောင်တယ်ဟုတ်လား။ ရှင်က ခုခေတ်စားနေတဲ့ ဘိန်းကုန်ကူးနေတာတော့ မဟုတ်ပါဘူးနော်''

ကားလမ်းပိတ်သွားသဖြင့် ကားရပ်ထားရ၊ ဖြည်းဖြည်းချင်းရွေ့နေရစဉ်မို့ ဦးဝေမိုး အားပါးတရ ရယ်လို့ရသွားပါ၏။ ပြီးမှ –

''ကျွန်တော်ပုံက မူးယစ်ရာဇာ၊ ဘိန်းရာဇာ လော်စ်ဟန်တို့ ခွန်ဆာတို့နဲ့ အမျိုးတော်တဲ့ပုံ ပေါက်နေလို့လားဗျာ၊ ဆရာမက တော်တော်လူကဲခတ်ကောင်းတာပဲ''

''မဟုတ်ရင်လည်း ဆောရီးပါနော်''

မကြာမီ သူမ ဈေးဝယ်မည့်ဈေးသို့ ရောက်သဖြင့် ခင်ထက်ပန် ကျေးဇူးတင်စကားဆိုကာ ဆင်းဖို့ပြင်ပေမယ့် သူက တားထား၏။

''ကျွန်တော့်ကိစ္စ ပြီးပါပြီ ဆရာမ။ ညနေကျ ပြန်မှာပါ။ ဒီတစ်နေ့လေးတော့ ဆရာမအနားမှာ ခင်ခင်မင်မင် ရှိနေပါရစေ''

''ရှင်''

''ဩော် ... ဆရာမ ဈေးဝယ်တာလိုက်မယ်၊ အိမ်ပြန်ပို့ပေးမယ်။ ဆရာမ ချက်စားတဲ့ ဟင်းလေး၊ ထမင်းလေး

မဝယ်ပါဘူး။ နည်းနည်းပါးပါးပါ''

''အဲဒီနည်းနည်းလေးကိုပဲ ကိုင်မယ်ဗျာ''

သူ ဇွတ်ပင် နောက်မှကပ်လိုက်လာတော့ ခင်ထက်ပန် ဘာမှ မပြောနိုင်တော့ပါ။ ကိုယ့်တစ်ယောက်တည်း ဈေးဝယ်နေသလို သဘောထားပြီး ဝယ်ရ၊ ခြမ်းရပါတော့သည်။

ဆီ၊ ကြက်သွန်ဖြူနီ၊ အာလူး၊ ခေါက်ဆွဲထုပ်တွေ သူမက ရွေးချယ်ကောက်ထည့်နေတုန်း သူကလည်း ထည့်ချင်တာတွေ ကောက်ထည့်၏။

''ဦးဝေမိုး ... ဘာလုပ်တာလဲ''

''ဩော် ... ကျွန်တော် ဝယ်ချင်လို့ပါ''

ကောင်တာကျတော့ သူက ငွေရှင်း၏။ ခင်ထက်ပန် စိတ်ဆိုးရမလို။

သူက အဲသည့်အထုပ်အပိုးတွေကို ကိုင်လိုက်ပြီး -

''ဒါလေးများဗျာ၊ ဆရာမ ကျွန်တော့်ကို ကူညီခဲ့တာနဲ့ စာရင်း ဘာမှမပြောပလောက်ပါဘူး''

ဈေးထဲမှာလည်း သူက အသား၊ ငါးတွေ စိတ်ကြိုက် ဝယ်နေလျှင် ခင်ထက်ပန် စိတ်တိုရပါသည်။

''ကျွန်မတို့အိမ်မှာ ရေခဲသေတ္တာမရှိဘူးနော်။ ရှင်

လျှောက်ဝယ်ပေးလည်း အကုန်ပုပ်ပြီး လွှင့်ပစ်ရမှာ''

''အိုကေ''

ဘာကို အိုကေတယ်တော့မသိ။ သူ ဖုန်းတစ်ချက် လှမ်းဆက်နေတာသာ မကြားတစ်ချက်၊ ကြားတစ်ချက်။

ဈေးဝယ်ပြီး ကားဆီပြန်လျှောက်လာကြတော့ သူဝယ်ထားတာတွေ အလျှံပယ်။ ခင်ထက်ပန် ဘယ်လိုစီမံရမှန်းကို မသိ။

''ရှင်က ဘယ်မှာနေတာလဲ''

သူ့လူနာမှတ်တမ်းမှာတော့ ပြည်လို့ ရေးထားတာပဲ။

''ပြည်လေ၊ ဆရာမ သိသားနဲ့။ မယုံလို့လား''

''ကျွန်မနဲ့မဆိုင်ပါဘူး။ ရှင့်ဘာသာ ဘယ်နေနေပါ''

''အပြောကတော့ ရက်စက်ပါ့။ ကဲ ကျွန်တော် ပြန်ပို့ပေးပါဦးမယ်။ အိမ်ထဲတော့ ခဏဝင်ခွင့်၊ နားခွင့်ပေးပါနော်''

ခင်ထက်ပန် ဘာမှမပြောသာ။ သူမ၏တိုက်ခန်းဆိုတာလည်း လူမရှိ၊ သူ မရှိသည့်အရပ်မှာမဟုတ်။ သည်လိုပဲ တိုက်ခန်းတွဲတွေ။

''နားပေါ့''

''အိုကေ''

သူက ကိုယ့်တိုက်ခန်းထိ လိုက်ပို့တော့ သည်းခံရပါ၏။

''ဟင်''

တိုက်ခန်းရှေ့မှာ ရေခဲသေတ္တာခပ်လတ်လတ်တစ်လုံး ရောက်နှင့်နေသဖြင့် ခင်ထက်ပန် သူ့ကို လှည့်ကြည့်မိသည်။

''ရေခဲသေတ္တာမရှိဘူးဆိုတာ သူ အသားငါးတွေ အများအပြား ဝယ်နေလို့ပါ။ လိုချင်လို့စကားလမ်းကြောင်းတာ မဟုတ်ပါဘူး''

''ကိုယ်သိပါတယ်ကွာ။ ကဲ သော့ဖွင့်''

အိမ်မှာ ဘယ်သူမှ မရှိတာမို့ ကိုယ့်တိုက်ခန်းတံခါးကိုယ်ဖွင့်ရ၏။ ဦးဝေမိုးက ရေခဲသေတ္တာကို အရင်နေရာချဖို့ပြင်သည်။

အနားမှာ ဘယ်သူမှမရှိတာမို့ သူနှင့်ကိုယ်ပဲ ချီမကာ အိမ်ထဲသို့ သွင်းရ၏။

''အပျက်အပျက်နဲ့ နှာခေါင်းသွေးထွက်တော့မယ်''

''ဘာဖြစ်လို့လဲ''

''ကျွန်မကို ဘာရည်ရွယ်ချက်နဲ့ ဒါတွေဝယ်ပေးနေတာလဲ။ နိုးပဲနော်''

''ဟောဗျာ၊ ဆရာမက ကျွန်တော့်ကို ဘယ်လိုအောက်

''မုန့်တစ်ခုခုစားကြဦးမယ်လေ။ မိတ်ဖြစ် ဆွေဖြစ်''

''ဦးဝေမိုးရယ် ... စကန့်တွေထွင်မနေပါနဲ့တော့။ မိတ်ဆွေကလည်း ဖြစ်ပြီးသားပါ။ မဖြစ်ချင်လို့လည်း မရပါဘူး''

''မစားဘူးလား''

''မစားတော့ဘူး၊ အိမ်ပဲပြန်တော့မယ်''

''ဒါဆိုလည်း မုန့်ဝယ်ခဲ့မယ်''

သူဘာသာ မုန့်တွေ၊ ဘာတွေဝယ်နေပြီး ကားဆီသို့ ပြန်ရောက်လာကြသည်။

''အိမ်ရောက်မှ စားကြ၊ သောက်ကြတာပေါ့''

''နေစမ်းပါဦး၊ ရှင့်အလုပ်ကိစ္စဆိုတာ မသွားတော့ဘူးလား။ မလုပ်တော့ဘူးလား''

''ကျွန်တော် မနေ့ထဲကရောက်တာပါ။ ဆရာမကို မမျှော်လင့်ဘဲတွေ့တာ။ ညနေမှပြန်မယ်လေ''

''ခရီးဝေးသွားတာ ညဘက်ကြီး မကောင်းပါဘူးရှင်''

''မစိုးရိမ်ပါနဲ့။ ကားကြီးတွေကို ကပ်လိုက်မှာပါ''

''မစိုးရိမ်ပါနဲ့''

သူ ပြုံးလိုက်တော့ ခင်ထက်ပန် ကိုယ့်ကိုယ်ကိုယ် စိတ်ဆိုးချင်ချင်။

ည့်သည်ကလည်း စားမည်တကဲကဲမို့ ခင်ထက်ပန် ခါတိုင်းလို ဘစ်မယ်စားမဟုတ်ဘဲ ၃-၄ မယ်ချက်ဖို့ စီစဉ်လိုက်သည်။

စားနေကျ၊ ချက်နေကျ ဆင်းရဲသားဟင်းတွေပါပဲ။ သူဌေးတွေလို မကြားဖူးတာတွေ မချက်တတ်ပါ။

ပုစွန်ထုပ်ပါလာတာမို့ အခွံခွာနေဆဲ သူက ခွင့်တောင်းပြီး မီးဖိုထဲသို့ ဝင်လာလေ၏။

''ဆရာမ ကျွန်တော် ကူပြီးချက်မယ်''

''ရှင်က ချက်တတ်လို့လား''

''သိပ်ရပေါ့။ ဂျပန်မှာအလုပ်လုပ်ခဲ့တုန်းက ကိုယ့်အား ကိုယ်ကိုး၊ ကိုယ့်ထမင်းကိုယ်ချက်စားလေ''

''ဩော် ... ဒါဆိုလည်း လက်စွမ်းပြပါဦးရှင်''

''ပုစွန်ထုပ်က ဆီပြန်ချက်တာထက် ကြော်တာက ပိုစားကောင်းတယ်။ ဂျုံလေးပွတ်ပြီး ကြော်မယ်။ နောက် ငါးကင်မယ်ဗျာ။ နောက် ဟင်းချိုချက်မယ်။ အသီးအရွက်လေးတစ်ပွဲသုပ်မယ်။ အချဉ်သုပ်တစ်ခွက်''

''အစပ်မပါသေးဘူး။ ကျွန်မက အင်နဲ့အစပ်မပါရင် ဘမင်းစားမမြိန်ဘူး''

''အချဉ်သုပ်မှာ ကာလီသီးလေးတွေ လိုးထည့်မယ်ဗျာ။

မေ့ပါလို့လဲဗျာ။ ဆရာမက ကျွန်တော့်ကို လိုလေသေးမရှိ၊ ကျေးဇူးပြုဖူးတယ်လေဗျာ။ ကြိုတုန်း ကျေးဇူးဆပ်ရတာပါ။ အပန်းမကြီးပါဘူး''

ခုမှတော့ ခင်ထက်ပန် ဘာမှမပြောနိုင်တော့ပါ။ သူဝယ်လာသည့် အသား၊ ငါးတွေ၊ သစ်သီးတွေကို ရေခဲသေတ္တာထဲထည့်ရ၏။

နောက်၊ ဘိရိတ်ဖတ်(စ)အတွက် ကော်ဖီဖျော်ပြီး သူဝယ်လာသည့် မုန့်မျှားနှင့် ည့်ခန်းမှာထိုင်နေသည့် သူ့အား ည့်ဝတ်ပြုရသည်။

''နားပါဦးရှင့်။ ကျွန်မ နေ့လယ်စာ ချက်ပြုတ်လိုက်ပါဦးမယ်''

ကိုယ်လည်း ကော်ဖီတစ်ခွက်သောက်၊ မုန့်တစ်လုံးယူစားပြီး မီးဖိုသို့ ဝင်ခဲ့၏။ သူက ည့်ခန်းမှလှမ်းပြီး ပြောသည်မှာ-

''ကျွန်တော် နေ့လယ်စာ ဒီမှာစားမှာနော်၊ စားပြီးမှ ပြန်မှာ''

ဘယ်လို ည့်သည်ကြီးပါလိမ့်။ သို့သော် သူဝယ်ခြင်းပေးထားသည့် မျက်နှာကိုထောက်ပြီး ခင်ထက်ပန် ကျွေးရမှာပါပဲ။ ဝယ်လာသည့်ဟင်းချက်စရာတွေကလည်း အလျှံပယ်

အငန်ကတော့ အေးဆေးပေါ့။ ကျွန်တော်တို့ငယ်ငယ်က ဆရာ အောင်ရှိန်ရဲ့ ဦးကပ်စေးကာတွန်းကို သွားပြီး သတိရတယ်''

ချက်ဖို့၊ ပြုတ်ဖို့ ပြင်ဆင်ရင်း သူ စကားပြောနေတာပါ။ လုပ်ပုံ၊ ကိုင်ပုံကတော့ အဟုတ်ကြီးပါ။

''ဆိုပါဦး''

''ဦးကပ်စေးက ခပ်တည်တည်နဲ့ သူ့တပည့်နှစ်ယောက်ဖြစ်တဲ့ တိုက်ဂါးနဲ့ ခင်မောင်သိန်းထွန်းဝင်းကို မင်းတို့ လျှောက်လည်ကြ။ ဒီနေ့ ငါ ထမင်း ဟင်းချက်မယ်တဲ့။ မင်းတို့ ချဉ်၊ ငန်၊ စပ် စားရမယ်လို့ ပြောလွှတ်လိုက်သကိုး''

''အင်း''

''ဒါနဲ့ သူတို့ (၂) ယောက်ကလည်း လျှောက်လည်ကြပြီး ထမင်းစားချိန်နီးမှ ပြန်လာကြတယ်။ တိုက်ဂါးနဲ့ ခင်မောင်သိန်းထွန်းဝင်းက သူတို့စိတ်ကူးနဲ့သူတို့ မြင်ယောင်လာကြတာပေါ့''

''ချဉ်၊ ငန်၊ စပ်ဆိုတော့ တစ်ယောက်က ငါးခြောက်ရိုးနဲ့ ဒန့်သလွန်သီးကုလားဟင်းတဲ့။ တစ်ယောက်ကတော့ ငါးမြင်းကို မန်ကျည်းသီးနဲ့ ဆီပြန်ပေါ့''

''ဦးကပ်စေးက ဘာချက်ထားလဲ''

''လာ စားကြ၊ စားကြဆိုပြီး ပြင်ထားတဲ့စားပွဲကို ပြတယ်။ ထမင်းပွဲတွေနဲ့ အလယ်ခေါင်မှာချထားတဲ့ ချဉ်၊ ငန်၊ စပ်က သံပုရာသီးရယ်၊ ဆားရယ်၊ ငရုတ်သီးရယ်''

ခင်ထက်ပန် ကောင်းကောင်းရယ်လိုက်ရလို့ ဘဝအမောတွေတောင် ပြေသွားရပါ၏။ သူကလည်း ရယ်စရာ ပြောတတ်ထား။

''ခုလည်း ဆရာမအတွက် ချဉ်၊ ငန်၊ စပ် လုပ်ပေးဦးမှ...

''တော်ပါပြီရှင်၊ ရှိတာနဲ့ပဲစားပါ့မယ်''

နှစ်ယောက်သား မီးဖိုထဲမှာ စီမံချက်ပြုတ်ပြီးတော့ နက် (၁၁) နာရီလောက်မှာ အားလုံးပြီးစီးသွားသည်။

''ရေချိုးချင်တယ်''

''အင်''

သူဟာ မြွေကြီးလင်းမြွေလိုပဲ တဖြည်းဖြည်း မထွေးလေးကိုချိတော့မှာလား။

ခြေထောက်မှစကာ ခေါင်းထိ။

အေးလေ၊ သူ အိုက်လို့လည်းဖြစ်မှာပေါ့။ ခင်ထက်ပန် ရေချိုးခန်းကို ပြလိုက်ပါသည်။

သူရေမိုးချိုးပြီးချိန်မှာ ခင်ထက်ပန် ထမင်းပွဲ ပြင်ပြီးပြီ။

''ထမင်းသုံးဆောင်ရအောင် ကြွပါရှင့်''

''ကြွလာပါပြီခင်ဗျာ၊ ဆရာမရော မစားဘူးလား''

''ကျွန်မ ရေချိုးဦးမယ်''

''စောင့်မယ်''

''မစောင့်ပါနဲ့။ ကျွန်မ သူစိမ်းယောကျ်ားတစ်ယောကျ်နဲ့ ထမင်းလက်ဆုံ မစားတတ်ပါဘူး''

''ဟာဗျာ ...ဆရာမက ထမင်းကျွေးတာနဲ့ မကာ်ဘူး။ ဆရာမစကားက ရင်ဝကိုဆောင့်ကန်ပြီး နားထဲ သံပူရည်လောင်းချလိုက်သလိုပါပဲ''

''ဆောရီးပါရှင်၊ တောင်းပန်ပါတယ်။ ကဲ အားပါးတရသုံးဆောင်ပါရှင့်''

ခင်ထက်ပန် သူကို ထမင်ဝိုင်းမှာထားခဲ့ပြီး ရေချိုးခန်းသို့ ဝင်ခဲ့သည်။

*

အခန်း (၁၁)

ညနေ ဝသန်နှင့်ဝသုန်။ အိမ်ပြန်ရောက်ချိန်မှာ မမကြီး မရှိတော့ပါ။ အလုပ်သို့ပြန်ထွက်သွားရပါပြီ။

ထုံးစံအတိုင်း ပြင်ဆင်ထားသည့် ထမင်းစားပွဲကို ဖွင့်ကြည့်လိုက်တော့ ဟင်းတွေက အလျှံပယ်။

''ဟာ''

ဝသုန်ကလည်း ရေခဲသေတ္တာ အသစ်စက်စက်လေးကို အလန့်တကြား ကြည့်ရင်း ပါးစပ်မှ အာမေဍိတ်လိုက်မိပါ၏။

ဖွင့်ကြည့်လိုက်တော့ အထဲမှာလည်း အလျှံပယ်။

သစ်သီးတွေ၊ ဟင်းသီးဟင်းရွက်တွေနှင့် အသား၊ ငါးများ။

"မမ"

ဝသန့်မျက်နှာကလည်း စိုးရိမ်တကြီးနှင့် ပဟေဋ္ဌိကို အဖြေညှိမရသည့်မျက်နှာ။

"မမကြီး ထီပေါက်တာလား"

"မဟုတ်လောက်ပါဘူး၊ ထီဖွင့်ချိန်လည်းမဟုတ်ဘူး တစ်ခုခုတော့ တစ်ခုခုပဲ"

ညီအစ်မ (၂) ယောက် ကမ္ဘာပျက်တော့မည်ကဲ့သို့ တိုက်ခန်းထဲမှာ ဟိုပြေး သည်ပြေးနှင့် သဲလွန်စရှာကြတော့ ဧည့်ခန်းထဲမှာ စီးကရက်အစီခံ (၂) ခု။

"ယောက်ျားဧည့်သည်လာသလား"

မမကြီးဟာ အလုပ်ပြီးအလုပ်။ သူမခမျာ အလှအပပင် အထူးတလည် မပြင်ဆင်အားဘဲ သူမ၏ဘဝတစ်လျှောက်လုံးကို မိသားစုအတွက် ညီမ (၂) ယောက်အတွက် ပုံထပ်ထားခဲ့တာ

ဝသန်ရော ဝသုန်ပါ ရင်ထဲနင့်သွားမိကြတာ ဘာကြောင့် မသိ။

ကိုယ်တွေ အဆင်မပြေမှာထက် မမကြီး ဒုက္ခတွေ့မှာကို ပိုပြီး ပူပန်မိကြပါသည်ဆိုလျှင် ယုံကြည်နိုင်ကြပါ့မလား။

မမကြီးဟာ သူမတို့ကို ဆုံးမသွန်သင်နေပေမယ့် လက်တွေ့ပိုင်းမှာတော့ သူ့ခမျာ အနုတ်လက္ခဏာ။

မမကြီးသိတာ အမြင်နှင့်သီအိုရီတွေသာ။

လက်တွေ့ပိုင်းမှာ မမကြီး ဘာမှမသိပါ။ သူမ ကျင်လည်နေရတာကိုက ညီမတွေ ကျင်လည်နေရသည့် တက္ကသီလာ၊ မှော်ရုံတောမဟုတ်။

ဆယ်တန်းအောင်ပြီးသည်နှင့် သူနာပြုတန်းတက်။ သူနာပြုကျောင်းဆိုတာ မိန်းကလေးတွေသာ အများစု။

အတွင်းဆောင်မို့ အပြင်နှင့်လည်း အဆက်အသွယ်သိပ်မရှိ။

မာမီတွေ၊ အဆောင်မှူးတွေ၏အုပ်ထိန်းမှုအောက်မှာ မမကြီးခင်ဗျာ ခလုတ်မထိ ဆူးမငြိခဲ့ရ။

လုပ်ငန်းခွင်ဝင်တော့လည်း တံပိုးခွင်ဝင်ရသည့် နွားလိုဆေးရုံရယ်၊ စပါယ်ရှယ်လိုက်ရတာရယ် သံသရာလည်နေရပါ၏။

သည်ကြားထဲ ညီမ (၂) ယောက်၏ ကျောင်းစရိတ်၊ ဆေယျာဝစ္စတွေက ခင်ထက်ပန်အပေါ် ပုံကျလာခဲ့ပြန်တာ။

အသက်အစိတ်အရွယ် မမကြီးခမျာ သူမကိုယ်သူမ

''အေးဟာ၊ ကဲ ... စစ်မရောကခင် မြားကုန်မနေနဲ့။ မကြီးရဲ့ အရိပ်အကဲကိုကြည့်ပြီး ငါတို့ လှုပ်ရှားရမှာပေါ့''

''မမကြီးရဲ့ဂုဏ်သိက္ခာကိုလည်း ငါတို့ လေးစားရမှာပေါ့''

''ကဲ ... လောလောဆယ်တော့ ဆာဆာနဲ့ဆွဲလိုက်ကြဦးပေါ့''

စားပွဲပေါ်မှာ ပုစွန်ထုပ်ကြော်၊ ငါးကင်၊ အရွက်သုပ်တစ်ပွဲ၊ အချဉ်သုပ်တစ်ပွဲ။

ဟင်းချိုကတော့ အိုးထဲမှာ။

ဘယ်တုန်းကမှ သည်လောက် ဖွယ်ဖွယ်ရာရာမစားခဲ့ရသေးဘူးမယ့် ဝသန်ရော၊ ဝသုန်ပါ ထမင်းစားရတာ နှစ်နှစ်ခြိုက်ခြိုက်ရှိပါ။

ကိုယ့်အသားကိုယ် ပြန်ဖဲ့စားနေရသလိုဆိုရင် ပိုတယ်ပြောမှာလား။

မမကြီးကို သည်လိုပစ္စည်းတွေနှင့် မလဲနိုင်ပါ။ မီးစင်ဘယ်လိုကြည့်ကရမှာလဲ။

ရင်ထဲမှာ ကိုယ်စီဝေဒနာရှိနေရတာမို့ မမကြီးကိစ္စကိုသူးလေးရာ ဖရုံဆင့်လိုက်သည်နှယ်။

လှတယ်ဆိုတာတောင် သိမှသိရဲ့လားမသိ။

ရုန်းရ ကန်ရလွန်းလို့ ဘဝကိုပင်မွေ့နေလေသလားမသိ။

ဝသန်က ထမင်းစားပွဲပေါ်မှ မမကြီးပြောင်ဆင်ထားခဲ့သည့် ဟင်းများကိုကြည့်ပြီး မျက်ရည်ကျနေရသလို ဝသုန်ကတော့ ရေခဲသေတ္တာဖွင့်ပြီး ဝမ်းနည်းပက်လက်။

''ခါတိုင်းလို ငါးပိချက်၊ တို့စရာသာ စားလိုက်ချင်ပါတယ် မမကြီးရယ်။ အနှောင်အဖွဲ့တွေနဲ့ ပေးကမ်းတဲ့အစားအစာတွေဟာ သံပူခဲတွေလိုပါပဲ''

''အေးလေ၊ ငါတို့လည်း ကိုယ့်ကိစ္စနဲ့ကိုယ် အလုပ်ရှုပ်နေကြတာ။ မမကြီးမှာ ချစ်သူတွေ၊ ဘာတွေများ ရနေပြီလားမသိဘူးနော်''

''ခုခေတ်က လူကောင်း၊ သူကောင်း ရှားပါတယ်ဟာ။ မတော် အကြီအဖန်ကောင်တွေနဲ့ တွေ့သွားရင် ပြီးပါလေရော''

ညီအစ်မနှစ်ယောက်သား ခြေကုန်လက်ပမ်းကျနေရင်းမှ ဘယ်လိုလုပ်ကြပါ့မလဲဟု ကိုယ်စီ ကြံစည်စိတ်ကူးနေမိကြသည်။

''သူများလည်း မမေးရက်ပါဘူး၊ မမကြီး သိက္ခာကုမယ်''

အရွယ်ရောက်လာပြီး ချောမောလှပ၊ ချစ်စရာကောင်းသည့် မိန်းမငယ်လေးတိုင်းဟာ ရွှေသမင်မလေးတွေ ဆိုပါတော့။

ယောကျ်ားသားတွေကတော့ လေးနှင့်မြားခေတ်ကိုကျော်ပြီး စနိုက်ပါနှင့်ချိန်ရွယ်ပစ်ခတ်တတ်သည့် ခေတ်သစ်၊ စနစ်သစ် မုဆိုးကျော်တွေ။

သူတို့ကလည်း ပြောမှာပေါ့။

မိန်းမတွေ၏မာယာတစ်သိန်းမှာ အသည်းကွဲရ၊ ကျဆုံးကြရပါတယ်လို့လေ။

သို့သော် သဘာဝ၊ ဓမ္မတာရ ယောကျ်ားတို့က အသားစီး ယူထားပြီးသား။

မိန်းမသားဘဝဆိုတာ သဘာဝအရကို တပမ်းရှုံးပြီးသား။

ကွန်ဒုံးတွေ၊ သန္ဓေတားဆေးတွေ မှိုလိုပေါက်နေသည့် ကြားထဲကပဲ –

အရှက်တကွဲ အကျိုးနည်းဖြစ်ကာ အသက်သေဆုံးရသူတွေ၊ ဖခင်မဲ့သည့်ကလေးတွေဆိုတာ ဒုနဲ့ဒေး။

ဘယ်လိုအဖြစ်ဆိုးတွေ ကြုံလာရဦးမှာလဲဟု တထိတ်ထိတ်နှင့် မာန်တင်းရင်း ချစ်စရာ ရွှေသမင်မလေး (၃) ကောင်၏

ဘဝကို အားကြိုးမာန်တက် ချီတက်နေရပုံမှာ တကယ့်ကို သနားစရာ။



သက်ထားဝသန်။

ညဂိုက်သင်ပြီးပြန်လာတော့ မလှမ်းမကမ်းမှာ လူငယ်ဘုန်။ ဂစ်တာထိုင်တီးနေကြသည်။

ဝသန်၊ ကြောက်စိတ်ကို တွန်းလှန်ရင်း ခေါင်းမော့၊ ရင်ကော့ပြီး သူတို့အနားမှ ဖြတ်လျှောက်လာတော့ သူမနောက်မှ (၃) ယောက် ထလိုက်လာတာ သိလိုက်ရသည်။

ဝသန် ဖွဲသူရကို သတိရလိုက်မိ၏။ မနက်က ကျောင်းကားဖယ်ရီပေါ်မှာ သူ ကမ်းလှမ်းခဲ့တာ။

"ငါက တို့ရပ်ကွက်မှာ ဆရာကြီးဟာ။ နင် ငါနဲ့တွဲပြလိုက်ရင် အဲဒီကောင်တွေအားလုံး အမြီးကုပ်သွားမှာ"

"အံမယ် ... ကျားကြောက်လို့ ရှင်ကြီးကိုး ရှင်ကြီးကျားထက်ဆိုးနေမှာပေါ့။ တော်ပါပြီ၊ ငါ့ဘာသာ ငါ့ပြဿနာကို ဖြေရှင်းပါ့မယ်"

''ငါက စေတနာနဲ့အကြံပေးတာပါ။ ငါ့ကိုနင် နင်းတက်ဖို့ ငါ့နှလုံးသားကို ချခင်းပေးထားပါ''

''အရေးထဲ လူနားမလည်အောင် ပြောနေရပြန်ပြီ။ အသာနေစမ်းပါဟာ။ အလကားနေရင်း ထိုင်ရင်း ရည်းစားလည်း မရချင်ပါဘူး''

''နင်သာ ကြောက်နေတာ။ ငါ့ညီမဝမ်းကွဲလေးဆို အသက်က (၁၅) နှစ်ရှိသေးတယ် ရည်းစားက (၁၀) ယောက် လောက်ထားပြီးနေပြီ''

''သူကသူ၊ ငါကငါ။ ဘာမှမဆိုင်ဘူး''

''နင်က ယောကျ်ားမယူတော့ဘူးလား။ အပျိုကြီးလုပ်တော့မှာလား။ နင့်အစ်မလို''

''စကားကြီး စကားကျယ်နဲ့ အပျိုကြီးလုပ်မယ် ဘာညာတော့ မပြောသေးပါဘူး။ ဒါပေမဲ့ ငါကတော့ ချစ်သူဆိုတာ အပျော်လည်း မထားဘူး၊ အတောင်လည်း ဖြန့်မရှာဘူး''

''နင့်အတွေးအခေါ်တွေက ဒီခေတ်ကြီးနဲ့ ဘောင်မဝင်တော့ဘူးဟ။ အန်းဒိတ်ဖြစ်နေပြီ။ နင် ငါနဲ့ခဏဖြစ်ဖြစ် တွဲကြည့်စမ်းပါ။ အကျိုးမယုတ်စေရပါဘူး''

ချစ်ခြင်းမေတ္တာကို စျေးသည်တွေ စျေးဝယ်သလို

ဈေးညှိပြီး အခွင့်အရေးတွေ ပြောနေသည့် ဇွဲသူရကို ဝသန်ဘော်တော် အံ့သြမိပါသည်။

သူများတကာတွေလို ချစ်စကား၊ ကြိုက်စကားလည်း ပြောတာမဟုတ်။ ခဏဖြစ်ဖြစ် တွဲကြည့်ပါ၊ အကျိုးမယုတ်စေရပါဘူးတဲ့။

ကြံကြံဖန်ဖန်။

နှလုံးသားမဲ့သည့်စကား။ Sex ကိုပဲ ဦးတည်မှာပေါ့။

ဝသန့်ရင်ထဲ တော်တော် အော်ဂလီဆန်ပြီး တော်တော် ကြောက်ရွံ့ခဲ့ရပါ၏။ သူကတော့ သူ့အတွေးနှင့်သူ ဆက်လက် ပြောကြားခဲ့ပါ၏။

''အခု နင့်ကိုနှောင့်ယှက်နေတဲ့ကောင်တွေအားလုံး အနားတောင်မသီစေရတော့ဘူးဟာ။ နောက် နင် ငါ့ဆီက ချစ်သူတစ်ယောက်ရဲ့ အခွင့်အရေးတွေအားလုံး ပြည့်စုံစေရမယ်''

ချစ်သူတစ်ယောက်ရဲ့အခွင့်အရေးတဲ့။ ဘာတွေလဲ။ သန် ချစ်သူလည်းပီပီပြင်ပြင်မထားဘူး။ ထားဖို့လည်း စိတ်ကူးတော့ပါ။ သူ့စကားကိုနားမလည်။

လူငယ်တစ်ယောက်ပီပီ စတိုင်အလန်းစားနှင့် ဇွဲသူရဟာ ကောင်မလေးတော်တော်များများ၏ အရေးပေးခြင်းကို ခံရသူပါ။

နေတာပါ ခင်ဗျ''

မနက်က ပြောကြားခဲ့သည့် ဇွဲသူရစကားတွေကို ကြားယောင်ရင်း ဝသန် သူမနောက်လိုက်လာသည့် လူငယ်တွေကို စမ်းသပ်ကြည့်ဖို့ စိတ်ကူးလိုက်၏။

''နင်တို့ နှောင့်ယှက်တာ များနေပြီ။ ငါ သည်းမခံနိုင်တော့ဘူးနော်''

''ချစ်လို့ပါဟာ။ နင် ငါတို့ထဲက တစ်ယောက်ယောက်ကို ပြန်ချစ်လိုက်။ ဒါဆို ပွဲပြီးပြီ''

''သေလိုက်ပါလား၊ ငါ သူ့ကို တိုင်လိုက်မှာနော်''

''ဘယ် သူ့ကိုလဲ''

''ဇွဲသူရ''

''ဘာ''

''ဇွဲသူရ ... သူက ငါ့ချစ်သူ''

''မယုံဘူး၊ နင်နဲ့ တစ်ခါမှတွဲတာလည်း မမြင်ဘူး''

''သူဖယ်ရီ၊ ငါ အမြဲစီးနေတာပဲ''

''သူဖယ်ရီစီးတဲ့လူတွေ အများကြီး။ သူမှာ ဖယ်ရီ (၃) စီးတောင်ရှိတယ်''

''မယုံနေ၊ ငါ သူ့ကိုယ်တိုင်ပြောလိုက်မယ်''

ပြောကြေးဆို ဇွဲသူရဟာ တစ်ပြိုင်နက်တည်းတောင် ရည်းစား ၃-၄ ယောက်ထားမည့်အဆင်။

''ချစ်သူတစ်ယောက်ရဲ့ အခွင့်အရေးကလည်း မနည်းဘူးနော်။ လျှောက်လည်ရင်၊ မုန့်စားရင်၊ ငါကပဲ အမြဲတာဝန်ယူမယ်။ နေ့ထူးနေ့မြတ်တွေမှာ လက်ဆောင်ဝယ်ပေးမယ်၊ ရှော့ပင်ထွက်ရင် ငါကပဲ နင်လိုချင်တာ ဝယ်ပေးမှ။ နောက်ဆုံး ငါ့အသက်၊ ငါ့ဘဝတောင် နင့်ပိုင်တယ်ဟာ။ နင်သေဆိုသေရှင်ဆိုမှရှင်မှာ''

ဇော်ကီတွေကတော့ ကြွေလောက်၊ သေလောက်ပါပေရဲ့။ ဝသန် နှုတ်ခမ်းလှလှလေးကို မဲ့မိသလား မပြောတတ်။

''နင့်ရည်းစားစကားပြောရတာ လက်ဝင်လိုက်တာဟာ။ အသည်းနှလုံးလည်းပါပုံမရ၊ နားလည်ပုံမရ''

''ငါ့ဘာသာ အေးဆေးနေပါရစေ ဇွဲသူရရယ်။ အမှိုက်ပုံကြီးမျောလာရတဲ့ကြားထဲ နင်က စာဘူးတောင်းသိုက် ထပ်ပစ်မထည့်ချင်ပါနဲ့။ နင့်ဘာသာ ကစားချင်တဲ့မိန်းကလေးနဲ့ ကစားပါ။ ငါ့ကိုတော့ ချမ်းသာပေးပါ''

''ဩော် ဒုက္ခ ဒုက္ခ ... သူ့ကိုများ ဓားပြတိုက်နေတယ်မှတ်နေသလား မသိ။ ကူညီချင်လွန်းလို့ ဒုးထောက်တောင်းပန်

(၃) ယောက်သား ခေါင်းချင်းဆိုင်သွားကြပြီး သူမ၏ နောက်မှာ ကျန်ခဲ့ကြတော့ ဝသန် ပြုံးမိပါ၏။

ဖွဲသူရဆိုတဲ့ကောင်ဟာ တကယ့်ဂျစ်တူး။ ဂျတ်စမွတ်ကြီး ဖြစ်ရမယ်။

ဘာပဲဖြစ်ဖြစ် မှော်ဆရာရဲ့ ဆေးကြိမ်လုံးလိုတော့ အစွမ်းသာ။



အခန်း (၁၂)

"ညီမလေးက ဘာအထာလဲ"

ကျွိုက်ထီးရိုးမှပြန်လာပြီး (၅) ရက်မြောက်မှာတော့ စာသင်ခန်းထဲမှာ ထိုင်နေသည့် ဝသုန့်အရှေ့သို့ ဆောင့်ခနဲ ဆိုင်ချလာသည့် ညီပြည့်စုံ။

"ကိုကို"

လျှာတော့ကျိုးနေတာပဲ။ ရင်ထဲမှာခင်ရုံတော့ ခင်သားပဲ။ ဘစ်ဆင့်ထပ်တက်လာမှာသာစိုးတာ။ အုတ်အရောရော ကျောက်အရောရောထဲ အပါမခံနိုင်။

အပွန်းအပဲ့ကို မခံနိုင်။ နာမည်လည်း မပျက်ချင်။ လူလည်း မပျက်ချင်။

ဝသုန်အသံက ထိတ်လန့်တကြားနှင့် စိုးရိမ်တကြီးလေးဖြစ်နေလျှင် ညီပြည့်စုံ ဘယ်လိုရစ်ရမှန်းပင် မသိတော့။

မရစ်ရက်တော့ပါ။ ပုံကြည့်ရတာ ကောင်မလေး သူ့ကို ကြောက်နေပုံရပါ၏။

ညီပြည့်စုံ၊ ဝသုန်လက်ကလေးနှစ်ဖက်ကို တယုတယ ဆုပ်ကိုင်လိုက်ပါသည်။

''ကိုကို့ကိုမခင်ဘူးလား''

''ခင်ပါတယ်''

''ဒါဖြင့် ဘာဖြစ်လို့ အဆက်အသွယ်ဖြတ်ပစ်တာလဲ''

''ရှင်''

ဘယ်တုန်းကရော ဆက်သွယ်လို့လဲ။ မနေ့တစ်နေ့ကမှ ကင်တင်းမှာတွေ့၊ ပန်းနုနဲ့နီနီအတင်းခေါ်လို့ ကျိုက်ထီးရိုးပါသွား။

အင်း ... လမ်းတစ်လျှောက်လုံးတော့ ကိုကိုက သူမနှင့်မဲ့ တတွဲတွဲပါလေ။ ဒါကတော့ တစ်လေတည်းစီး၊ တစ်ခရီးတည်း သွားရသည့်သဘော။

ပြန်ရောက်ကတည်းက ဝသုန် ကင်တင်းမလိုက်၊

နေ့လည်း ပိတ်ထားတာကတော့ ကြိုတင်ပြီး စည်းသုံးတန်းထားတာပါ။

တကယ်တော့ ဖုန်းသုံးတာလည်း သူမလို မိန်းကလေးတစ်ယောက်အတွက်တော့ အပိုပါ။

ကိုယ့်မှာ ဆက်သွယ်စရာ ရေးကြီးခွင်ကျယ်ကိစ္စတွေ၊ ပြီးမှားရေး၊ ကြီးပွားရေး၊ လူမှုရေးတွေလည်း ရှိတာမဟုတ်။

ဖုန်းတစ်လုံးနှင့် ယောက်ျားလေးမိတ်ဆွေများ ပြောသမျှနှင့်ခံပြန်ကြူနေတတ်သည့်အထဲ သူမ မပါ။

ကြောက်လည်းကြောက်ပါသည်။ လိုင်းပေါ်မှ အန္တရာယ်။ လေလိုင်းထဲမှ အန္တရာယ်ကို တားဆီးကာကွယ်သည့်အနေနှင့် ဖုန်းကို စက်ပိတ်ထားတာများပါသည်။

ညီပြည့်စုံကိုင်ထားသည့် မိမိလက်ကို ဝသုန် ပြန်ရုန်းရင်း ချက်နှာငယ်လေးနှင့် ကြည့်မိတာ တောင်းပန်စာပါ။

''ပြောလေ၊ ဘာလို့ အဆက်အသွယ်ဖြတ်တာလဲ''

''ဟို အစကတည်းက ကိုကိုနဲ့ဝသုန် အဆက်အသွယ်မရှိဘဲနဲ့''

''နိုး နိုး နိုး ... မဟုတ်ဘူး၊ မရဘူး။ အစတွေလာပြောနဲ့။ ကိုကိုနဲ့ညီမလေး ဘုရားဖူးထွက်ပြီးတော့ တကယ့်

''အံမာ၊ ဒီခေတ် (၁၆) နှစ်သားတွေကိုများ လျှော့တွက်
ဦး၊ (၁၆) နှစ်မှာ ရည်းစားက (၁၆) ယောက်မကတော့ဘူးဗျ''

''အင်း ... ဟုတ်မယ်''

''လူလူချင်း ထောက်ထားစာနာသောအားဖြင့် ကိုကို့ကို
အဆက်အသွယ်မဖြတ်ပါနဲ့။ အလိုက်အထိုက်လေး ဆက်ဆံပေး
ပါ''

''အပိုတွေဗျာ၊ ဝသုန် အေးအေးနေပါရစေ''

''ခုမှတော့ မရတော့ဘူး၊ ဝသုန် ကျားမြီးသွားဆွဲမိပြီ''

''ဘယ်မှာလဲ ကျားမြီး''

''ဒီမှာလေ''

ကိုကိုက သူတင်ပါးကိုပုတ်ပြပြီး ရုပ်ကခပ်တည်တည်။
သုန်တို့စကားဝိုင်းက ဝေ့လည်လည်။

''ကိုကို့ဘာသာ ကိုယ့်ဇယားတွေနဲ့ကိုယ်နေ။ ဝသုန်တို့
က တစ်နေ့လုပ်မှ တစ်နေ့စားရတဲ့ ဆင်းရဲသားနင်းပြားတွေ။
သာမရှုပ်နဲ့''

''အံမယ် ... ဘီအီးဒီအောင်သိုက်ခေတ်က စကားတွေ။
ဒီတ်အောက်နေပြီ။ ဝသုသန်ကို ဘယ်သူကနင်းထားလို့ ပြားနေ
သာလဲ။ ပြော ကိုကို့ကိုပြော၊ အဲကောင်သွားတီးပစ်မယ်''

ရင်ဘတ်မိတ်ဆွေတွေ ဖြစ်သွားကြပြီလေ''

''အင်းလေ''

ရောချပြီး ဖောရွှော်လုပ်ရတာပေါ့။ မိတ်ဆွေလောက်ကာ
ရပါသည်။ ရွှေသာမဆက်ချင်တာ။

''ဘာ အင်းလေလဲ၊ ပြီးတော့ ကိုကို့ကို ရှောင်နေတယ်
ဖုန်းပိတ်ထားတယ်။ ကင်တင်းမှာ ကိုကိုရှိမှန်း စောင့်နေမှန်းသိလ်
မလိုက်လာတော့တာ''

စွဲချက်တွေကတော့ ပုဒ်မ အကြီးကြီးတွေ။ ဝသုန်၊ ဆင်
ဝေ့ရန်ရှောင်ရတာပေါ့။

''ကင်တင်းမလိုက်တာက ဝသုန်မှမုန့်ဝယ်မစားနိုင်တာ
ဖုန်းပိတ်ထားတာကလည်း ဝသုန့်မှာ အရေးတကြီး ဆက်သွယ်
စရာလူ၊ ကိစ္စတွေ မရှိလို့ပါ''

''ဒါဆို ဘာလို့ ဖုန်းသုံးနေသေးလဲ''

''သြော် ... အရေးကြီးမှ လိုအပ်မှသုံးမှာပေါ့''

''မသိဘူးကွာ၊ ကိုကို ဖုန်းခေါ်ရင် လက်ခံ။ နေ့လယ်က
ကင်တင်းကို လိုက်လာ။ ကိုကို ဝသုန့်ကို တစ်နေ့တစ်ခါ
မမြင်ရ အသံမကြားရရင် မနေနိုင်တော့ဘူး''

''ကိုကိုကလည်း (၁၆) နှစ်သားလေးကျလို့''

ဝသုန်တည်ထားပေမယ့် သူရုပ်၊ သူ့အသံက ကြာ
ထက်တောင် ရယ်စရာကောင်းနေတော့ ဝသုန် မရယ်မိအော
မနည်းချုပ်နေရပါ၏။

''ရယ်စရာရှိ ရယ်လိုက်။ ကိုယ့်ကိုယ်ကိုယ် အသက်
(၇၀) အရွယ် အဘွားကြီးလို့ မှတ်မနေနဲ့။ ပေါ့ပေါ့ပါးပါးနဲ့ကျောင်
တက်။ တက္ကသိုလ်ဆိုတာ ပညာတတ်ကြီးဖြစ်ဖို့ မဟုတ်ပါဘူးကွာ
လင်ကောင်းသားကောင်းရဖို့လည်း ရွေးချယ်ရတဲ့နေရာကြီးပါ

''အံမာ ခေတ်ကြီးက အတုအယောင်တွေပေါလွန်းလို့
ဘီလူးတွေ လူယောင်ဆောင်နေကြတဲ့ခေတ်။ ကိုယ့်ဘာသာ
အေးအေးနေတာ ကောင်းပါတယ်''

''ညီမလေးကို ကိုကိုက ဘာပြောနေလို့လဲ''

''အင်''

''ကောင်မလေးတစ်ယောက် ကိုကို့ကို စိတ်ကူးတွေ
ယဉ်နေတာ၊ ပေါ်ပြီ။ အကြောက်တွေလွန်ပြီး တစ်တီတူးမလေး
ခြေထောက်နှစ်ချောင်းမိုးပေါ်ထောင်အိပ်နေပြီဟေ့။ မိုးတော့ မပြ
ဘူး၊ ဟိုဟာ''

''ကိုကိုနော် ... တော်ပြီ။ ဝသုန့်ကို လာမခေါ်နဲ့။ သွား
အရင်လိုပဲနေ။ ကိုယ့်ဇယားနဲ့ကိုယ် ချီတက်''

''ကိုကို့ဇယားလေးက ဒီမှာလေ။ အရင်လိုနေလို့ ဘယ်ရ
မှာလဲ။ ပွင့်လန်းသွားတဲ့ပန်းကလေးကို ပြန်ဖူးခိုင်းလို့ ဘယ်ရ
မလဲ ညီမလေးရယ်။ ကိုကိုနဲ့အတူ လောကကြီးထဲ ပုံမှန်ဖြတ်
လျှောက်ကြရအောင်နော် ... နော်''

''ဘာလဲ ... ဘာတွေလုပ်ရမှာလဲ''

''ဘာမှမလုပ်ရပါဘူး။ ကိုကိုဖုန်းဆက်တဲ့အခါ ပြန်ပြော။
ကောင်တင်းကို လာပြီး မုန့်အတူစား။ ကျောင်းအားရက်မှာ ရှေ့ပင်
လေး ဘာလေး အတူထွက်''

''အံမယ် ... ဆင်းရဲသား နင်းပြား တစ်ပြားမှမရှိပါဘူး
ဦးမှ''

''ကိုကိုဝယ်ပေးမှာပေါ့။ ညီမလေးအတွက် လိုအပ်တဲ့
ဆွယ်လေးတွေ ဝယ်ပေးမှာ''

''မလိုပါဘူး မသွားချင်ပါဘူး''

''မသိဘူးကွာ၊ သူ့အလိုလို တပွက်ပွက်ထွက်နေတဲ့ စမ်း
ရေငုံးကို လက်ဝါးနဲ့ပိတ်ထားလို့ မရသလိုပဲ ကိုကို့အချစ်တွေကို
ဆည်း ညီမလေး လက်ဝါးနဲ့အုပ်ထားလို့ မရနိုင်ဘူး''

''ဟင် ကိုကို''

''ဗျာ''

"အဲဒါ ဘာလဲ၊ မိတ်ဆွေဆို။ ရင်ဘတ်မိတ်ဆို"

"အင်းလေ"

"တော်ပြီဗျာ၊ ညာတာပါတေးနဲ့ လူကို ဘာတံဆိပ်တွေ လာကပ်နေမှန်းကိုမသိဘူး"

"မသိလည်း ကိုကို့နောက်ကိုသာ အသာလိုက်ခဲ့။ တစ်သက်လုံး ဘာမှမဖြစ်စေရဘူး။ ခလုတ်မထိ ဆူးမငြိစေရဘူးလို့ သာမှတ်"

သူ့ရုပ်က ခပ်တည်တည်။ နောက်နေတာလား အတည်လား။

လိပ်ပြာလွင့်မတတ် စိတ်ညစ်ညူးရတာတော့အမှန်။



အခန်း (၁၃)

ခါတိုင်းလိုပဲ ဖုန်းပိတ်ထား။ ကင်တင်းရှောင်။ တစ်တီတူးမကလို့ ကျီးကန်းပဲပြောပြော။ ကိုကို့လို ရုပ်ချော၊ အပြောကောင်း၊ မာယာကဝေ ဆရာကြီးအား ဝသုန် ကြောက်ပါသည်။

ဓညင်းသီးက အီးတစ်ပြန်လို့ ပြောချင်လည်း ပြောကြပါတော့။ ကိုယ့်ဘဝနှင့်ကိုယ်မို့ ချစ်တမ်းလည်းမကစားရဲ။ တကယ်လည်း မချစ်ရဲပါ။

ဘီလူးတွေပေါသည့်တိုင်းပြည်မှာ ဘီလူးစားမခံနိုင်တာအပြစ်လား။

ဆောရီးပါကိုကို။ ဝသုန် ကိုကို့ကို ကြောက်ပါတယ်၊ ကိုယ့်ဘာသာပဲ အေးအေးနေပါရစေ။

သည်နေ့လည်း နေ့လယ်မှာ ကိုယ်ပါလာသည့် ထမင်းချိုင့်လေးကိုဖွင့်ပြီး ဝသုန် ထမင်းစားဖို့ ပြင်နေပါ၏။

မျှစ်၊ ချဉ်ပေါင်ရွက်၊ ကာလီသီးနှင့် ပုစွန်ဆိတ်လေးတွေ ကြော်သည်။ ချဉ်ပေါင်ကြော်။ နောက် ဘဲဥပြုတ်တစ်လုံး။ (၈) စိတ်လောက်စိတ်ပြီး ဆီလေးဆမ်း။

ထမင်းချိုင့်ဖွင့်ပြီး စားဖို့ ဖွန်းလေးနှင့်ခပ်နေတုန်း အနားသို့ ရိပ်ခနဲ ရှေ့ရောက်လာတာ ညီပြည့်စုံ။

သူကျောင်းနှင့် ကိုယ့်ကျောင်းကို ချောင်းဖြစ်မတတ် သွားလာနေတာ။ ကိုယ့်ကားနှင့်ကိုယ်ဆိုတော့ အဆင်တွေပြေနေတာလား။

''ကိုကို ကျောင်းမတက်ဘူးလား''

''တက်သားပဲ။ ဒီအချိန်ကတော့ မဖုရားလေးဆီ အခစား ဝင်ချိန်။ ကဲ ထမင်းကျွေး''

''မရှိဆင်းရဲသားဆီက ကပ်စားမယ်ပေါ့''

''စားမယ်၊ နင်းပြားဆီက စားရမှ ပိုပြီးအရသာရှိတာ''

''စား''

''ဝသုန်ခွံ့၊ ဒါမှမဟုတ် ကိုကိုခွံ့မယ်''

''ဟော် ... ဘယ်လိုကြီးလဲ၊ လူကြားထဲ''

''ဒါဆို လူကွယ်ရာသွားမယ် ထ''

''ဟာ ... ကိုကို ဘာဖြစ်နေတာလဲဗျ။ ကိုကိုနဲ့ဝသုန် ဘာမှမဟုတ်ဘူးနော်၊ မိတ်ဆွေ''

''ကိုကိုကတော့ ကိုယ့်ချစ်သူလို့ သဘောထားလိုက်ပြီ''

''မရဘူး၊ ဝသုန် စိတ်ရှုပ်မခံနိုင်ဘူး''

''ဘယ်သူပြောလဲ၊ ချစ်သူဆိုတာ စိတ်ရှုပ်ရတယ်လို့ ဘယ်သူပြောသလဲ''

''မြင်နေရတာပဲလေ၊ အချစ်ကြောင့် ပူလောင်ပြင်းပြနေရတဲ့သူတွေ အများကြီး''

''သူတို့က တကယ်မချစ်တတ်လို့ပါ။ ကိုကိုက ညီမလေးကို တကယ်ချစ်တာ''

''ဟာ ပြဿနာပဲ။ ကိုကို့ကို ဝသုန် အပြတ်ပြောမယ်။ သုန် ချစ်သူလုံးဝမထားချင်ဘူး။ ကိုယ့်ဘဝနဲ့ကိုယ် အေးဆေး ပညာသင်မယ်၊ အလုပ်လုပ်မယ်''

''ယောကျ်ားမယူတော့ဘူးလား။ အပျိုကြီးလုပ်တော့မလား။ သဘာဝမကျတာတွေ လုံးဝမပြောနဲ့နော်။ ဒီရှုပ်၊

ဒီရည်လေးကို ဘယ်သူမှ ချမ်းသာပေးထားမှာ မဟုတ်ဘူး''

''အဲဒီဇယားက နောက်မှ။ လောလောဆယ် ဝသုန် ဒါတွေ စိတ်မကူးဘူး။ သွားစမ်းပါ ကိုကိုရာ။ ကောင်မလေးလှလှ ချောချော အလန်းစားလေးတွေ အများကြီးပါ။ ရိုက်သတ်လို့ တောင် မကုန်ပါဘူး။ ဝသုန်ကို လာပြီး ကျပ်မနေစမ်းပါနဲ့''

''ညီမလေး အယူလွဲနေပြီ။ ကိုကို ညီမလေးကို ကျပ်နေတာ မဟုတ်ဘူး။ ချစ်နေတာ''

''စိတ်အလိုမလိုက်နဲ့။ ကိုယ့်စိတ်ကိုယ် နိုင်အောင် ထိန်း''

''အမယ်လေးဟဲ့ ... ခုမှ တကယ့်တရားဟော ဓမ္မ ကထိကနဲ့ တွေ့နေရတယ်။ တရားဦး တရားထူးလေးများ ဟော ကြားပါဘုရား''

''တော်ပြီ ထမင်းစားချင်စား၊ မစားလည်း ပြန်တော့။ ဟင်းမကောင်းဘူး''

''ကောင်းတယ်၊ စားမယ်။ ကိုကို အဲလိုချဉ်ပေါင်ကြော် စားချင်နေတာ''

''စား''

ဖွန်းကို တစ်ယောက်တစ်လှည့်ကိုင်ရင်း တစ်လှည့်စီ

စားပစ်လိုက်ကြတာ ခဏချင်းပင် ပြောင်လေ၏။

သည်စဉ် ပန်းနုနှင့်နီနီတို့အဖွဲ့ ပြန်လာကြပြီး သူမတို့ နှစ်ယောက်ကို ဝိုင်းလေ၏။

''ကိုကို့အကြီ ဒါအကုန်ပဲလား။ ညီမတွေကိုတောင် လာပြီး မကျွေးနိုင်၊ မမွေးနိုင်ရတဲ့အဖြစ်ကို ပြောပါဦး''

''လျှောက်ပြန်သံပေး ခြေအေးဝမ်းယောင်အဆင့်မှာပါ ဟာ။ လွမ်းမှာလည်းမဟုတ်ပါဘူး''

တစ်ယောက်တစ်ပေါက် အသံများကို နားထောင်ရင်း ညီပြည့်စုံ တောင်းဆိုပုံမှာ –

''ဒီစနေ၊ ငါတို့ လှော်ကားသွားကြရအောင်ဟာ။ ဒါမှ မဟုတ် ဂျပန်ဘုရား''

''ကောင်းတယ်၊ ဒါပေမဲ့ ဝသုန်ကတော့ ခေါ်လို့ရမှာ မဟုတ်ဘူးနော်''

ကျောင်းမတက်သေးတာမို့ အခန်းထဲမှာ စကားတွေ ပြောလို့ရနေခြင်းပါ။

''ဝသုန်မပါဘဲတော့ ဘယ်ဖြစ်မလဲ''

''ဟုတ်တယ် ... ညီမလေးပါမှ လိုက်ပို့မှာ၊ တာဝန်ယူ မှာ''

''ဒါဆို ဝသုန်လိုက်ခဲ့ဟာ။ နင်ပါမှ ကိုကိုက ငါတို့ကို ပို့မှာ။ သွားချင်တယ်ဟာ ...နော် နော်''

''လိုက်ခဲ့ပါ ဝသုန်ရယ်။ အဖွဲ့လိုက် သွားမှာပဲဟာ။ ကိုကိုက နင့်ကို ဘာမှမဖွယ်မရာမလုပ်စေရပါဘူး။ ငါတို့ တာဝန်ခံပါတယ်။ လိုက်ခဲ့ပါနော်''

''တော်ပါပြီဟာ ... ငါက ကျောင်းပိတ်ရက်ဆို အလုပ်တွေ လုပ်ရတယ်ဟာ။ အဝတ်တွေလျှော်၊ မီးပူတိုက်၊ ချက်ပြုတ်၊ အိမ်သိမ်း၊ ခေါင်းလျှော်''

''ငါတို့ကူလုပ်ပေးပါ့မယ်ဟာ၊ နော်။ နင့်အစ်မတွေက ဒါတော့ မတရားဘူး။ ကိုယ့်ညီမအငယ်ဆုံးလေးကို မတရားခိုင်းရသလား''

''ငါဆို အိမ်မှာ ဘာမှမလုပ်ရဘူး''

''အံမယ် ... ငါ့မမတွေက ငွေရဖို့ အလုပ်တွေအများကြီး လုပ်နေရတယ်လေ။ မမကြီးက (၂၄) နာရီ အလုပ်ဆင်းနေရသလို မမဝသန်ကလည်း ဂိုက်လိုက်သင်နေရတယ်။ ငါပဲ အလုပ်မရှိတာ။ ငါတတ်နိုင်တဲ့အလုပ် လုပ်ပေးချင်တယ်''

အရွယ်နှင့်မလိုက်၊ တတ်သိလိမ္မာနေသည့် ကောင်မလေးကို သူတို့ အရောင်ဆိုးပစ်ကြမလို့လား။

ညီပြည့်စုံ စိတ်မကောင်း။ ရင်ထဲနင့်ရသည်။ နည်းလမ်းတော့ရှိလာဦးမှာပေါ့လေ။

အကြောက်လွန်နေသည့် ကောင်မလေးကိုမှ သူကရောဘာကယ်ရည်စူးတာလား။ ပထွေးတော်ကြီးကလည်း ကျောင်းပြီးချင်း လက်ထပ်ပေးဖို့ စကားသံ၊ ရာဇသံပေးနေပြီ။

သက်ပြင်းချရင်း ညီပြည့်စုံ ပြန်ခေါက်ချပြန်တာ။

*

ခေါ်ကွက်ထဲမှ ကာလသားတွေလည်း ဆိုင်ထဲမှာအပြည့်။

''တက်ဲ စျေးလိုက်ပို့မယ်''

''နေပါစေ''

''နင်လုပ်ပုံ ယုတ္တိမရှိဘူးနော်။ နင်ပဲ ငါ့ရည်းစားလို့ ပြောထားပြီး''

''ဒါက သူတို့အန္တရာယ်ကလွတ်အောင်ပါ။ နာမည်လေး သုံးတာများ နာနေရသေး''

''မနာပါဘူး၊ ဒါပေမဲ့ ယုတ္တိဗေဒနဲ့တွက်ရင် နင် ငါ့ကား ပေါ် တစ်ခါတလေ စီးသင့်တာပေါ့။ ခုလို မျက်နှာချင်းဆိုင် တွေ့နေရဲ့နဲ့ ငါက နင့်ကို လိုက်မပို့ဘူးဆိုရင်လည်း ငါ ရိုင်းရာ ကျတာပေါ့ဟာ''

''မကျပါဘူး၊ ခု တို့ (၂) ယောက် နှုတ်ဆက်နေကြ တယ်။ စကားပြောနေကြတယ်။ သူတို့မြင်သွားပြီ၊ တော်ပြီပေါ့၊ ချပြီပေါ့''

''ဘယ်ရဦးမလဲ၊ ငါက ရည်းစားမှန်သမျှကို လေးလေး စားစား၊ အရေးထားတယ်လေ။ ကွဲခါမှကွဲရော။ တွဲတုန်းတော့ ချစ်ကြိုက်တယ်''

''သေလိုက်၊ အဲမှာလဲသေ''

အခန်း (၁၄)

''ဝသန်''

သည်စနေမှာ စျေးဝယ်ဖို့ ဝသန် တာဝန်ယူခဲ့သည်၊ မမကြီးကို သနားလို့ပါ။

သူမ ရှယ်လိုက်ရသည့်လူနာက အသည်းအသန်။ မနေ့က ဆုံးပါးသွားခဲ့ပြီ။ စိတ်ရော လူရော ပင်ပန်းခဲ့သည့် မမကြီးကို အနားယူစေခဲ့ပြီး ဝသန် စျေးဝယ်ဖို့ထွက်ခဲ့သည်။

လိုင်ကားတိုးစီးမည်။ သည်မှာပဲ ဖွဲ့သူရဇ၏ကားလေး သူမအနားသို့ ရောက်လာခဲ့တာ။ လက်ဖက်ရည်ဆိုင်ရှေ့၌

ဝသန် ခပ်ဆောင့်ဆောင့်ပင် ကားဂိတ်သို့ ရောက်သွားပြီး ဆိုက်လာသည့်ကားပေါ် တက်မည်လုပ်တော့ ဘယ်အချိန် နောက်ရောက်နေမှန်းမသိသည့် ဇွဲသူရက ဆွဲထားခဲ့သည်။

''လာပါဟာ၊ ဒီနေ့တော့ ငါ့ကားနဲ့ စျေးလိုက်ခဲ့စမ်းပါ။ ငါ့မေမေ စျေးဝယ်ခိုင်းလို့ပါ''

ကားလွတ်သွားခဲ့ရပြီမို့ ဝသန် ဇွဲသူရ၏ကားနှင့် စျေးသို့ လိုက်ခဲ့ရတော့၏။

ဇွဲသူရပုံစံက လေကလေးတချွန်ချွန်။

''နင် ငါ့ကို တကယ်ပဲတွဲလိုက်ပါလား ဝသန်''

''နင်နော် ငါတို့က ဘဝသမားတွေ။ ဘဝမှာ ဂလေရိုက်နေဖို့ အချိန်မရှိဘူး။ တစ်နေ့ (၂၄) နာရီနဲ့မလောက်လို့ စိတ်တောင်ညစ်နေရတာ''

''နင့်တာဝန်တွေ ငါကူထမ်းမှာပေါ့ဟာ။ နင့်အလုပ်ချိန်တွေ လျှော့။ ဘဝဆိုတာ ပေါ့ပေါ့ပါးပါး နေရတယ်ဟ''

''မပေါ့ချင်ပါဘူး၊ ငါတို့က အကျင့်ပါနေပြီ။ တံပိုးပေါ့ရင် မနေတတ်တော့ဘူး''

''ဒုက္ခက မသေးပါလား။ ဘာလို့ ဒီလောက်တောင် အလုပ်တွေ လောဘကြီးနေရတာလဲဟာ။ သေရင် ကိုယ့်နောက်

ပါပါဘူး''

''သေရင် မပါပေမယ့် မသေခင်ပါအောင် ကြိုးစားရတာပဲ''

''နင်က ငါ့နာမည်ယူသုံးတာ ကိစ္စမရှိဘူး။ ငါ့လက်ရှိကြိုးစားက စိတ်ဆိုးပြီးထားပစ်ခဲ့ပြီ''

''ဟင် ... ဒါလေးနဲ့ ထားခဲ့စရာလား။ နင်နဲ့ငါ ဟုတ်မှဟုတ်တာ။ တွဲသွား၊ တွဲလာလည်း လုပ်နေတာမဟုတ်''

''နင်နဲ့ငါ ဖယ်ရီအတူစီးပြီး ကျောင်းသွားကြတယ်လေ''

''အဲဒါ ဆန်းသလား။ နင့်ကိုယ်ပိုင်ကားကို လိုက်စီးတာ မဟုတ်ဘဲ။ အများနဲ့တူ စီးကြတာပဲ''

''သူက အစကတည်းက မသက်ာနေတာ။ အမြဲသနာရှာနေတာ။ အေးတာပေါ့ဟာ၊ ငါက ချစ်သူဆိုလည်း ဆုံလို လိမ်လိမ်မာမာ ပိုင်းကောင်းကျောက်ဖိုလေးမျိုး လိုချင်တာ။ သူလို နိုက်ကလပ်တက်၊ sexy ကျကျဝတ်ပြီး boy friend တွေ လိုပေါက်နေတဲ့ မိန်းကလေးမျိုးကို ခေတ်မီအောင်သာ ဝင်တွဲထိုက်ရတာ စိတ်လေပါတယ်''

''ငါ့လာပြီး ပြဿနာမရှာနဲ့နော်။ ကိုယ့်ဘဝနဲ့ကိုယ် နေသည်းလျှောက်နေရတာ။ နင်တို့လို အချိန်မအား၊ လူမအားဘူး။

လူပေါ်ကြော့တွေ ဝေးဝေးကရှောင်တယ်''

သူကားပေါ် စီးနေရပေမယ့် ပိသဿလေးဘေးပစ် ပြော ချလိုက်ရတာပါပဲ။ နို့မို့ မလွယ်။

''ငါ လူပေါ်ကြော့ မဟုတ်ပါဘူးဟာ။ ဖယ်ရီဆိုလည်း ဒရိုင်ဘာမအားရင် မောင်းပေးလိုက်တာပဲ။ အိမ်မှာလည်း ဘာ ခိုင်းခိုင်း လုပ်ပေးတယ်။ ခုလည်း ငါ ဈေးဝယ်သွားမှာ။ မေမေ့ စာရင်းရေးပေးလိုက်တယ်။ မယုံဘူးလား ဒီမှာကြည့်''

သူက တကယ်ပင် စာရွက်နှင့်ငွေထုပ်ကို ပြလေ၏ ဝသန်မယုံပါ။ ရွှေလက်ကောက်နှင့် ကျားငစဉ်းလဲပုံပြင်လို လက် ကောက်ကိုပြပြီး ကျားက ဖမ်းစားတာ။

''ငါ့လက်ရှိ မေသည်းက မမိုက်ပါဘူးဟာ။ ငါ့် အရမ်းနိုင်တယ်။ အရမ်းပြဿနာရှာတယ်၊ ငါ့ကိုမလေးစားဘူး''

''လေးစားအောင် နေပေးလိုက်ပေါ့''

''မရဘူး၊ သူက ငါ့ထက်တောင် ဘီယာသောက်နိုင် သေး။ မူးရင်လည်း အရမ်းရစ်တာ။ ငါ သူ့အမူးဒဏ်ခံရတာ များပြီ''

''တော်စမ်းပါ ဖွဲသူရရယ်။ ငါ့ဘာသာ အေးဆေးနဲ့ ဖွေစားသောက်နေတာ လာပြီး ဆွဲမစိစမ်းပါနဲ့။ ငါ အခု နို့

ားပေါ်က ဆင်းရမလားပြော။ နင့်နာမည်လေးသုံးတာတောင် နိုင်ရင်လည်း ပြော''

''ရပါတယ်ဟာ။ နင် မသနားလည်း ခံရုံပေါ့။ မေး သည်းနဲ့ပြတ်တာပဲ အဖတ်တင်တယ်''

ဩော် ...ဒုက္ခ ဒုက္ခ။ ခေတ်ကောင်လေးတွေများ ည်းစားထားဖို့ကိစ္စကို ထမင်းစား၊ ရေသောက်သည့်နှယ်။

ချစ်စကား ကြိုက်စကားပင်မပြောတော့။ အလုပ် ဘောဆန်ဆန် စကားတွေပြောပြီး ပြဿနာတစ်ရပ်ကို ဖြေ ှင်းနည်းမျိုး ဖြေရှင်းချင်နေကြတာ။

အံ့သြစရာ။

ဈေးရောက်တော့လည်း ဝသန်ဈေးဝယ်သမျှ နောက်မှ သွောက်လိုက်ပြီး သူ့အမေဝယ်ခိုင်းသည့် ဈေးစာရင်းကိုလည်း ယ်ပေးလိုက်ရသေးသည်။

''အပြန်တော့ ငါ့ဘာသာလိုင်းကားနဲ့ပဲ ပြန်ပါရစေတော့ ော်ပြီ''

''ဩော် ...နင်ကလည်း ဆင်ပြောင်ကြီးအမြီးကျမှ စ်။ တစ်တက်စားလည်း ကြက်သွန်၊ နှစ်တက်စားလည်း ကြက်သွန်ပါဟာ။ နင့်ကိုငါ ကိုက်မစားပါဘူး။ ငါ့ရာဇဝင်မှာ

လည်း ဘယ်အမျိုးကောင်းသမီးကိုမှ မဖျက်ဆီးခဲ့ပါဘူး။ ငါ့ကို သိက္ခာကျအောင် မလုပ်ပါနဲ့၊ လိုက်ခဲ့ပါ''

''တော်ပြီ ရတယ်၊ ငါ လိုင်းကားစီးနေကျ။ နင်ပြန်တော့''

တကယ်ပင် စျေးခြင်းကိုဆွဲပြီး ဝသန် ကားမှတ်တိုင်ဆီ အပြေးသွားနေတော့ ဇွဲသူရ ခေါင်းကုတ်နေရသည်။

အေးလေ၊ ငါကလည်း ရပ်ကွက်ထဲက ငပွကြီးပဲ။ တော် ရုံအေးအေးဆေးဆေး မိန်းကလေးတွေကကြောက်မှာပေါ့။

သူနှင့်တွဲသည့်မိန်းကလေးများကလည်း သူလိုပင် ခေတ် နှင့်အညီ ခေတ်ရှေ့မှပြေးနေကြသူတွေပါ။

ပြောရလျှင် ဘက်ညီသူတွေပေါ့။

ဇွဲသူရ ကိုယ့်စိတ်ကိုယ်ပြန်ဆန်းစစ်ကြည့်တော့ ဘာမှ မသဲကွဲ။

အလန်းလွန် အလွန်လန်းတွေကိုတွဲရတာ ရိုးသွားလို့ သည်လို ဗိုင်းကောင်းကျောက်ဖိလေးကို တွဲချင်မိတာလား။

သူစိတ်ကလည်း သိပ်အစိုးရတာတော့မဟုတ်။ စိတ်ထဲမှာ မခံချင်စိတ်တော့ ဖြစ်မိပြီ။ သူရာဇဝင်မှာ မရဘူးဆိုတာမရှိ မလှ မဝဆိုသည့်စကားဟာ သူအတွက်မဟုတ်

''ဝသန်ရယ် ... နင်က ဘာမို့လဲ၊ တစ်လမကြာခင် ငါ့ခြေရင်းမှာ ပျော့ခွေဝပ်စင်းသွားစေရမယ်''

ဇွဲသူရ ရင်ထဲမှ ကြီးဝါးသံကို ဝသန်သာကြားမည်ဆို သူ့ငြင် နေစရာပင် ရှိတော့မည်မထင်။

*

မိန်းမတစ်ယောက်ကို မြင်လိုက်သည်နှင့် ညစ်ညမ်းသော အတွေး အကြည့်တွေ အလိုလိုဖြစ်ပေါ်နေသလားပင်မသိ။

ကိုယ်ပြုစုစောင့်ရှောက်ခဲ့ရသည့် လူနာတွေကို အများအားဖြင့် မမှတ်မိတာများပါသည်။ သူတစ်ယောက်သာ မှတ်မှတ်ထင်ထင် ရှိနေ၏။

နောက် အိမ်ကိုလိုက်လာ၊ ရေခဲသေတ္တာဝယ်ပေး ဖုန်းဆက်။ မရင်းနှီးချင်ပေမယ့်လည်း ရင်းနှီးနေရပြီ။

သူကလည်း ပြည်ကသားဆိုတယ်။ ရန်ကုန်မှာ မကြာခဏ မြင်နေရတာ။ အထူးသဖြင့် သူမရဲ့ဂျူတီနားရက်များမှာ သူရောက်ရောက်လာခဲ့တတ်သည်။

ဘယ်လိုနည်းပညာတွေနှင့် သိနေသည်တော့မသိ။ သည်နေ့တော့ ရင်သားကင်ဆာအဒေါ်ကြီးတစ်ယောက်ကို ဆေးရုံသို့ သူပို့လာခဲ့သည်။ နောက် စပါယ်ရှယ်နှစ်ဦးတော့ ညည်း ခင်ထက်ပန်။

ကိုယ်ဂျူတီချိန်ပြီးသည့်ရက်တွေနှင့် တိုက်ပြီး နေ့ညစပါယ်ရှယ် (၃) ရက်ယူရသည်။

သူက လူနာစောင့်၊ နောက်ထပ်လူနာစောင့်က ဆေးရုံကျမှ ရှာရသည်။ တောက်တိုမယ်ရလုပ်ပေးမယ့် ကောင်မလေး

အခန်း (၁၅)

ကိုဝေမိုးနှင့် ခင်ထက်ပန် ဖုန်းအဆက်အသွယ်တော့ ပြောဖြစ်နေကြသည်။ သည်လိုပဲ သာကြောင်း၊ မာကြောင်း သတိရကြောင်း။

နောက် ကျန်းမာရေးကိစ္စတွေ။ ကျန်းမာရေးကိစ္စက ခင်ထက်ပန် မနေနိုင်။ အကြီးပေးမိ ဆွေးနွေးမိပါသည်။

နို့မိုဆိုလျှင်တော့ စကားဖြတ်ပစ်သည်ချည်း။ ရွှေစွန်ည ဘာလိုလို့ ဝဲတယ်ဆိုသလိုပဲ ယခုခေတ်ယောကျ်ားတွေ အများဟာ sex ကိစ္စပဲ စိတ်ဝင်စားနေကြလေသလားမသိ။

တစ်ယောက်ကို သည်ကျမှငှားရသည်။

''ကျွန်တော့် ဆွေမျိုးနီးစပ်အဒေါ်။ သူက ချို့တဲ့တယ်လေ။ အမြင်မတော်လို့ ကူညီတာပါ''

''ဩော်''

သူက ဆွေမျိုးတွေကို ကူညီတတ်သူပေါ့။ အဒေါ်ကြီးက ဆင်းရဲနွမ်းပါးတာတော့ သိသာသည်။ ကိုဝေမိုးပဲ ကူညီပံ့ပိုးပေါ်သည်။

''သူမှာ သားထောက်သမီးခံလည်း မရှိဘူး။ အပျိုကြီးလေ။ သနားဖို့တော့ ကောင်းပါတယ်''

''အင်းပေါ့၊ ဒါဆိုလည်း စပါယ်ရှယ်မငှားနဲ့လေ။ သူ့ဘာသာ အဆင်ပြေပါတယ်။ ဆေးရုံက ဂရုစိုက်ပါတယ်''

''ရတယ်၊ ကိုယ်က သူ့ကို အသေအချာ အားရှိအောင် ထားချင်တာ။ သေမယ်ဆိုရင်တောင်မှ နွေးထွေးလုံခြုံစွာနဲ့ သေစေချင်တာ''

''မသေနိုင်သေးပါဘူးလေ''

အန်တီကြီးကို ရင်သားဖြတ်ရ၊ အနာကျက်အောင်လုပ်ရသည်။ နောက် တစ်လ (၁) ခါ ဆေးသွင်း ဓာတ်ကင်ရမည် ထင်သည်။

သူက ဒီလိုတော့လည်း ဟော်ပါသည်။ ခင်ထက်ပန်းလည်း အန်တီကြီးကို သေချာဂရုစိုက်ပေးပါသည်။

''ဆရာမလို့ခေါ်ရတာ စိမ်းပါတယ်ဗျာ၊ ညီမလို့ ခေါ်ရမလား၊ ခင်လို့ခေါ်ရမလား''

''ဆရာမပဲ ကောင်းပါတယ်''

''ညီမလို့ ခေါ်ပါရစေ''

ခင်ထက်ပန် ဘာမှပြန်မပြောတော့။ ခင်မင်နေတာလည်း အမှန်၊ ခေါ်ပေါ့။

''ညီမ ကိုယ်ရေချိုးတာ၊ ထမင်းစားတာ ညီမအိမ်မှာသွားလုပ်လို့ရမလား။ ဟိုတယ်နဲ့ ဒီသွားလိုက်၊ လာလိုက် ပြန်လိုက်လည်းမောလို့ပါ။ ကား ညီမတိုက်ခန်းရှေ့ ထားပါရစေနော်''

''အင်''

ဘယ်လိုပြောရပါ့။ မနေ့ကတင် သူက အသားငါး အသီးအရွက်နှင့် သစ်သီးဝလံတွေ ဝယ်ပြီး သွားရင်းလာရင်း ရေခဲသေတ္တာထဲ ဖြည့်သွားတာ။

သည်ယုန်မြင့်လို့ သည်ခြုံထွင်တာလား။ သူတောင်းဆိုသည်များကို စဉ်းစားကြည့်တော့လည်း ကားထားရုံ၊ ထမင်းစားရေချိုးရုံ။

ကိုယ်ရော ညီမဘွေပါ အိမ်မှာမရှိကြ။ သူတစ်ယောက်တည်း စားမှာ နေမှာ ရေချိုးမှာ။

''ကျွန်မ မအားဘူးနော်၊ ညွှေ့ခံမယ့်သူမရှိဘူး။ ညီမတွေလည်း တစ်နေကုန် ကျောင်းမှာ။ ပြီး ကလေးတွေ စိတ်အနှောင့်အယှက်ဖြစ်မှာလည်း မလိုလားဘူး''

''ကိုယ်သိပါတယ်။ နေ့လယ်ဘက် ရေချိုး၊ ထမင်းစား၊ ချက်ချင်းပြန်ထွက်မှာပါ။ ကလေးတွေရှိတဲ့အချိန်လည်း မဟုတ်ပါဘူး။ ညီမ အိမ်ကအတွင်းပစ္စည်းတွေ ဘာတွေတော့ ဝှက်ထားပေါ့လေ။ စိန်၊ ရွှေ၊ နီလာ၊ ဥဿဖယား''

ခင်ထင်ပန် သက်ပြင်းချရသည်။

''ကားကို တိုက်ခန်းရှေ့ ပိတ်မရပ်နဲ့။ ခပ်လှမ်းလှမ်းက ကွက်လပ်မှာထား''

''ဟုတ်ပြီ၊ ဟိုလိုလို ဒီလိုလိုပေါ့ ဟုတ်လား''

''ကျွန်မတို့ကို ယုန်ထင်၊ ကြောင်ထင် အထင်မခံနိုင်ပါဘူး။ ရှင်နဲ့ပတ်သက်မိတာကိုမှားတာ''

''ဟောဗျာ ...ကိုယ်က လူဆိုးမို့လား။ ညီမရယ် ဘာမှလည်း အနှောင့်အယှက်မပေးရပါလားဗျာ''

''အလကား၊ လူနာပွဲစား လာလုပ်နေတယ်။ အဲဒါ

ရှင့်အဒေါ်ရော ဟုတ်ရဲ့လား''

''ကိုယ့်အဒေါ်မဟုတ်ရင် ကူညီစရာလား ညီမရယ်။ ကိုယ် အရူးမှမဟုတ်တာ။ ကိုယ်ငယ်ငယ်တုန်းက သူလက်ပေါ်မှာ ကြီးခဲ့ရတယ်လေ။ ခု ကိုယ်တတ်နိုင်သလောက် ပြန်ပြီးစောင့်ရှောက်တာပါ။ ကားကိုလည်း ညီမအိမ်ရှေ့ အပြီးထိုးမထားပါဘူး။ ပြည်ကိုပြန်ပြီး အလုပ်ကိစ္စတွေလုပ်တဲ့အခါ လုပ်ရမှာပါ။ ဟိုနဲ့ဒီ သွားချည်၊ လာလှည့်ပါ''

''ရှင်က ဘာအလုပ်တွေလုပ်တာလဲ''

လူနာအခန်းထဲမှာစောင့်ရင်း လူနာက မနေ့ကတင် ရှင်သားဖြတ်ထားပြီး ယခု ဆေးရိုးနှင့် အိပ်ပျော်နေပေပြီ။

သူနှင့်ခင်ထက်ပန်တို့ ခပ်ကျိတ်ကျိတ် စကားတွေ ပြောနေဖြစ်တာ။

''သိချင်ပြောပြမှာပေါ့ ညီမရယ်။ ကိုယ်က ဆိုင်ကယ်ဒိုးရွမ်းဖွင့်တယ်။ ကားပစ္စည်းအပို ရောင်းဝယ်တယ်။ ဝပ်ရှော့လည်း ဝါသနာပါလို့ သူငယ်ချင်းတွေနဲ့ စပ်တူ''

''ယုံချင်စရာပဲ''

''ဟောဗျာ၊ ကိုယ့်ကိုကြွားတယ်ထင်နေတာလား။ ဆောရီးပါဗျာ။ ဘာမှလည်း မဟုတ်ရပါလားဗျာ။ ခရိုနီကြီးတွေလို၊

ဘောစိကြီးတွေလိုလည်း မဟုတ်ပါဘူး။ ရုန်းကန်လှုပ်ရှားနေရတဲ့ ဘဝသမားလေးပါ''

''ရှင် ခုလို ကာလသားလုပ်နေတော့ ရှင့်မိန်းမနဲ့ ကလေးတွေကို ဘယ်သူစောင့်ရှောက်လဲ''

''ပြောချလိုက်တာ အပိုင်ပါပဲလား။ ကိုယ့်ပုံစံက ကလေး တစ်ဒါဇင်ရဲ့အဖေပုံ ပေါက်နေသလား''

ကိုယ့်စကားတွေက သူ့ကို စိတ်ဝင်စားသည့်ပုံစံပေါက်နေ ပြီလားရယ်လို့ ခင်ထက်ပန် စကားရပ်လိုက်ပါသည်။ လူနာလည်း နိုးလာပြီး ညည်းညူနေပေပြီ။ အချိန်ကိုကြည့်လိုက်တော့ နေ့လယ် (၁၂) နာရီ။

''ရော့ ... တိုက်ခန်းသော့။ ရှင်ရေချိုး၊ ထမင်းစားလို့ ရတယ်။ ဟင်းကတော့''

''ရတယ်၊ ကိုယ့်ဘာသာ စားချင်တာ ချက်စားလိုက်မယ်။ ညဉ့်ခန်းထဲမှာ ခဏမေးလို့ ဖြစ်လား။ ဆေးရုံမှာ မအိပ်တတ်တော့ အိပ်ရေးမဝလို့ပါ။ ကိုယ် ခုည ပြည်ပြန်ဦးမယ်လေ။ အိပ်ရေးမဝရင် လမ်းမှာ တစ်ခုခုဖြစ်မှာစိုးလို့ပါ''

သူ့စကားတွေကြောင့် ခင်ထက်ပန် မငြင်းနိုင်။ အိပ်ရေး မဝလျှင် ကားအက်ဆီးဒင့်တွေ ဘာတွေဖြစ်နိုင်တာ။

''ကောင်းပြီ၊ ညနေ (၄) နာရီထက် ပိုနောက်မကျနဲ့။ ကျွန်မညီမ (၂) ယောက် ပြန်လာချိန်မှာ ရှင့်ကြောင့် စိတ် အနှောင့်အယှက်မဖြစ်စေချင်ဘူး''

''အိုကေ သင့်ခ်ယူ ညီမ''

တိုက်ခန်းသော့ကိုယူပြီး ကိုဝေမိုးထွက်သွားလျှင် ခင်ထက်ပန် အနံတဒေါသူသူစိုးကို သက်သာအောင် ပြုစုပေးနေခဲ့ပါသည်။

*

ခင်ထက်ပန်ကတော့ သူ စီစဉ်ပေးခဲ့သည့် ခေါက်ဆွဲကြော်ကို စားသည်။ လူနာအတွက်က အိုဗာတင်းဖျော်၊ မုန့်နှင့်။

ညနေ (၃) နာရီခွဲလောက်မှ ပြန်လာတော့ သူ့အသွင်က သန်းဆန်းလျက် တရေးအိပ်ခဲ့ပုံ။

''ညီမတို့အတွက် ကိုယ်ဟင်းချက်ပေးခဲ့တယ်။ စားပွဲပေါ်မှာ အသင့်ပြင်ပေးခဲ့တယ်''

''အို အားနာစရာရှင့်''

''မနာနဲ့၊ ညီမတို့က ဘယ်သူမှ အားတာမဟုတ်ဘူး အလုပ်လုပ်တဲ့စက်ရုပ်ကလေးတွေအတိုင်းပဲ။ ကိုယ်ပြည်မှာ (၂) ရက်လောက်လုပ်စရာရှိတာ လုပ်မယ်။ ပြီးရင် ပြန်လာမယ်နော် အဒေါ်က ကြာဦးမယ်ထင်တယ်''

''ကျွန်မသိတာတော့ ဒီလိုလူနာမျိုးက အကြာကြီး ဆေးရုံမတက်ရပါဘူး။ ခု သူ့အနာကျက်ရင် အိမ်ပြန်ရမယ်။ နောက်မှ သူ့ရက်ချိန်းအတိုင်း ဆေးလာသွင်းရ ဓာတ်ကင်ရလုပ်ရမှာ''

''သြော် ... ဒါဆို အနာကျက်ဖို့ဆို''

''လွန်ကြာ တစ်ပတ်ပေါ့။ ရှင်မတတ်နိုင်ရင်ပြောစပါယ်ရှယ်နှစ်က နေ့ရော ညရောဆို တစ်နေ့ နှစ်သောင်း တစ်ပတ်ဆို တစ်သိန်းခွဲလောက်ကြီးကုန်တာ''

''ဟာ ... တတ်နိုင်တာပေါ့ ညီမရဲ့။ ခုကိုပဲ တစ်ပတ်စာပေးခဲ့မှာ။ ညီမပဲ စောင့်ပေးနော်''

''မဖြစ်ဘူး၊ ကျွန်မတို့က ဂျူတီအားတဲ့အချိန်တွေပဲ စပါယ်ရှယ်လိုက်ရတာ။ ကျွန်မသူငယ်ချင်းနဲ့ (၂) ယောက်ဆိုမှ အဆင်ပြေမယ်''

''သြော် ... ဒါဆိုလည်း အဆင်ပြေအောင်လုပ်ပါ''

ငွေရှင်းပြီး သူ အန်တီစိုးကို စကားစမြည်ပြော အားပေးသည်။

''ကျွန်တော် ညနေ (၆) နာရီ ပြည်ခဏပြန်မယ်။ (၂) ချက်နေပြီးပြန်လာမယ်နော်။ ဘာမှ အားမငယ်နဲ့ အန်တီ။ ဒီဆရာမကို လူနာအပ်ပစ်ခဲ့ပြီ။ သူ ပစ်မထားဘူး။ ကျွန်တော့် ချက်နာနဲ့ စောင့်ရှောက်လိမ့်မယ်''

ခင်ထန်ပန် မျက်စောင်းထိုးမိတာမလွန်။ သူရုပ်က ပြီးစနဲ့ခဲ့။

''ပြန်ရင်လည်း မနက်ဖြန်ပြန်ပါလား။ ညဘက် တစ်ယောက်တည်းဆိုတော့ ငိုက်ပြီး အန္တရာယ်''

''ဟာ ပေါ်ပြီ။ ညီမ အစ်ကို့ကို စိုးရိမ်နေတယ် မဟုတ်လား''

''မစိုးရိမ်ပါဘူး။ ရှင် အက်ဆီးဒင့်ဖြစ်ဖူးတာကို သတိရလို့ပါ။ ဟိုင်းဝေးမောင်းတယ်ဆိုတာ ညဘက် တစ်ယောက်တည်းဆို အန္တရာယ်ကို ဖိတ်ခေါ်သလို ဖြစ်နေမှာပေါ့''

''ကိုယ့်အလုပ်သမားတစ်ယောက်ပါမှာပါ။ သူ ရန်ကုန်ချောက်နေတယ်''

''တော်သေးတာပေါ့၊ ဒါဆို''

ကြည့်ရှုစောင့်ရှောက်ပါတယ်။ တစ်ခုပဲ''

''ဘာ ... ဘာတစ်ခုလဲဟင်။ သူက မိန်းမပွေသလား။ မိန်းကလေးတွေနဲ့ ရှုပ်တတ်သလား''

''သြော် ... မဟုတ်ပါဘူး။ သူက သဘောကောင်းတာ၊ မိန်းကလေးတွေက သူတို့ကိုကြိုက်နေတယ်၊ နှစ်သက်နေတယ် ထင်တတ်ကြတာပေါ့ကွယ်။ တကယ်ကတော့ သူကိုက နေတတ်တာ။ ကူညီတတ်တာ။ အမြင်မတော်ရင် ပေးကမ်း ကူညီတော့တာလေ။ လက်ဖွာတယ် ခေါ်မလားပေါ့ကွယ်။ ဒါကြောင့် သူဌေးကြီး ပဂေးကြီး မဖြစ်တာပေါ့။ ခုလည်းကြည့်၊ အန်တီ့ကို ကူညီတာ။ သူနေမယ်ဆို နေသာပါတယ်ကွယ်။ အန်တီ့မှာ တူအရင်း၊ တူမအရင်းတွေ ရှိသားပဲလေ''

ပြောရင်းမှ ဒေါ်သူသူစိုး မျက်ရည်တွေလွှဲလာသလို ခင်ထက်ပန်လည်း ရင်ထဲ အရှက်သီးနင့်သွားပြီး ငိုချင်စိတ် ပေါက်မိရော့။

သူက သဘောကောင်းတော့ မိန်းကလေးတွေက သူတို့ကို ကြိုက်နေတယ်ထင်ကြတယ်တဲ့။

အမြင်မတော်ရင် ပေးကမ်းကူညီတတ်တယ်တဲ့။

သြော် ... ခင်ထက်ပန်တို့ကို အမြင်မတော်လို့ ကူညီ

''စိတ်ပူပေးလို့ ကျေးဇူးပါပဲကွာ''

''မပူပါဘူး။ တော်ကြာ မကြားဝံ့ မနာသာတွေ ဖြစ်နေမှာ စိုးတာတစ်ခုပဲ''

ကိုဝေမိုး ဘာမှမပြောတော့ပေမယ့် ကျေနပ်နှစ်သိမ့်ညှို့မှုက်နှာဖြင့် ခင်ထက်ပန်ကို နှုတ်ဆက်ကာ ပြည်သို့ပြန်သွားခဲ့ပါသည်။

ဘာပဲဖြစ်ဖြစ် သူအကြောင်းသိဖို့လိုသည်မို့ ခင်ထက်ပန် အန်တီစိုးကို သွယ်ကာ ဝိုက်ကာ မေးရပါတော့သည်။

''အန်တီနဲ့သူက တကယ့်ဆွေမျိုးရင်းချာတွေလား''

''ဟုတ်ပါတယ်ကွယ်။ အန်တီက သူ့အဒေါ်တစ်ဝမ်းကွဲပါ''

''မသိပါဘူး၊ ဆေးရုံလာချင်တာနဲ့ လူနာရှာပြီးလာတာလားလို့''

သည်မေးခွန်းဟာ ကိုယ့်ကိုယ်ကိုယ် အထင်ကြီးရာရောက်နေတာမို့ ခင်ထက်ပန် ရှက်သွားရ၏။ ဒေါ်သူသူစိုးကတော့ ကောင်းမွန်စွာဖြေပါသည်။

''တူဝရီးမို့ သူ အကုန်အကျခံတာပေါ့ကွယ်။ မောင်ဝေမိုးက ပရဟိတစိတ်ရှိပါတယ်။ သူ့အလုပ်သမားတွေဆိုလည်း

တာပေါ့။ ဒါကို မိမိက တလွဲထင်တာလား၊ ရှက်လိုက်တာ
အေးလေ၊ အဲလိုသိထားရတော့လည်း အေးတာ
သူ့စိတ် သိထားရတာကောင်းတာပေါ့။

ခင်ထက်ပန် အန်တီစိုးကို ရေပတ်တိုက်ပေး၊ အဝတ်
ပေး၊ အနာကြည့်ပေးရင်း ရင်ထဲမှာ ဆွေးနှင်နှင်။

ငါ ဘာဖြစ်နေတာလဲ။ ဘာကို စိတ်မချမ်းမသာ
သွားတာလဲ။ မဟုတ်သေးပါဘူးလေ။



အခန်း (၁၆)

သောကြာနေ့ မနက်ကတည်းက ကျောင်းအားကစားပွဲ
တွေရှိနေတာမို့ ညီပြည့်စုံ ခွင်တည့်သွားသည်။

သူရဲ့စပိုင်တွေကတော့ ပန်းနုနှင့်နီနီ။ အားကစားပွဲတွေ
မို့ အားပေးလည်းရ၊ အိမ်ပြန်လည်းရပါသည်။

ဝသုန်တို့အဖွဲ့ ယောင်လည်လည် ဖြစ်နေကြတုန်း ကား
နှင့် ပေါက်ချလာသူက ညီပြည့်စုံ။ ပန်းနုနှင့်နီနီက အကယ်ဒမီ
ရှေ့။

"ဟာ ... ကိုကို အတော်ပဲ၊ ပန်းနုတို့ ဒီနေ့ အားကစား

ပွဲတွေရှိလို့ စာမသင်ရတော့ဘူး။ ကိုကိုပြောတဲ့ လှော်ကားတို့ ဂျပန်ဘုရားတို့ ပို့လေ''

''ငါ မအားဘူး''

ညီပြည့်စုံ ဖိန့်လိုက်တာပါ။ တကယ်က သတင်းအရ လာတာ မဟုတ်လား။

''အပိုတွေပြောမနေနဲ့။ လုပ် လှော်ကားသွားမယ်။ အဲဒီမှာ မျောက်ကလေးတွေ ငတ်ပြတ်နေလို့ဆို။ မျောက်စာဝယ်မယ်။ နီနီတို့စားဖို့သောက်ဖို့လည်း တစ်ခါတည်း ဝယ်ထည့်ခဲ့။ ဒိုးကြစို့ လိမ့်ကြစို့''

''အေးပါ၊ ဒါဆိုလည်း တက်။ နေဦးဟ ငါတစ်ယောက်တည်းဆိုတော့ ကြောက်တယ်။ နင်တို့က (၃) ယောက်ကြီးတောင်။ ငါလည်း တစ်ယောက်လောက် ခေါ်ပါရစေဦး''

''ခေါ်မနေနဲ့၊ တော်ပြီ။ ကိုကို့ကို ဘယ်သူမှ ကိုက်မစားဘူး။ ရောင်းမစားဘူး။ တက် သွားကြစို့''

အားလုံးပင် တွန်းတင်တော့ ကိုကိုကလည်း ခပ်တည်တည်။ ကားရှေ့ခန်းဆီ ဝသုန့်လက်ကိုဆွဲသွားပါလေ၏။

''ကိုကိုနဲ့အတူမစီးချင်ဘူး နံတယ်''

''အံမာ ...ငါ ဒီလောက်သန့်တာကိုများ နံသတဲ့။

ပြောပါဦး ဘာနံ့လဲ''

''မသိဘူး၊ ယောက်ျားကြီးတွေရဲ့အနံ့''

''ခွေးမလေး ... သေချင်လို့။ ငါက မိန်းမကြီးတွေရဲ့အနံ့မျိုး နံရဦးမှာလား''

ဝသုန့်လက်ကို တင်းတင်းဆွဲပြီး ကားရှေ့ခန်းထဲထည့်တော့ ဝသုန် ပါသွားရပါ၏။ နောက်က (၂) ယောက်ကတော့ ဆင်ဖြူတော်မှီပြီး ကြံစုပ်နေကြလေ၏။

ညီပြည့်စုံအသွင်က ၄က်သွင်ပျံကြွမတတ်သော် ဖြစ်နေလေ၏။ နောက်ဘက်ကိုလည်း လှမ်းပြီး ညွှန်ကြားလိုက်သေး၏။

''လမ်းမှာ စားစရာဝင်ဝယ်၊ ရိက္ခာဖြည့်မယ်။ ပြီးရင်ငိုးတူ လှော်ကား''

''အိုကေ''

သူ့ကားလေးက သည်တစ်ခါ ခပ်သေးသေး။ လှစ်လှစ်ပြေးနေတာ ကားဖြူလေး။

လမ်းမှာ စားစရာအဖြစ် ဒန်ပေါက် (၄) ဘူးနှင့် မုန့်တွေရောဘူး အချို အချဉ်။

ဩော် ... ပိုက်ဆံပေါသူတွေတော့လည်း လက်ညှိုးညွှန်ရာ ရေဖြစ် ငွေဖြစ်နေတာ။

ပန်းနုနှင့်နီနီက ဝယ်။ ကိုကိုက ငွေရှင်း။ ဝသုန်က မျက်လုံးပြူးပါသည်။

''ပိုက်ဆံတွေ နှမြောစရာ။ အလကား လျှောက်ဖြုန်းနေတယ်''

ကားပေါ်ရောက်တော့ ဝသုသန် တိုးတိုးလေးရေရွတ်နေတာ။ သူမတို့ညီအစ်မ (၃) ယောက်မှာဖြင့် မနည်း လူပ်ရှားရှုန်းကန်နေရတာ။

''ဒါ ဖြုန်းတယ် ဘယ်ခေါ်မလဲ ချာတိတ်ရယ်။ သုံးတာ သုံးတာ''

''ဘာလို့ ဒါ ကျောင်းစရိတ်မဟုတ်ဘူးလေ။ လှော်ကားဆိုတာ မသွားလည်းရတာပဲ။ အခု သူငယ်ချင်းတွေနဲ့ သွားတော့ ပိုပြီး ပိုက်ဆံကုန်တာပေါ့''

နှုတ်ခမ်းလှလှလေးကို ရှုံ့မဲ့ပြီး ညည်းညူနေသည့် ချာတိတ်လေးကို ညီပြည့်စုံ ချစ်စနိုးဖြစ်ရပါသည်။

''ကိုကိုက သူများတွေလို နိုက်ကလပ်မတက်ဘူး။ မာဆတ်မသွားဘူး။ ဟိုတယ်တွေမှာ မစားဘူးလေ''

''အဲဒါတွေက''

''အဲဒါတွေလုပ်မှ ဖြုန်းတယ်ခေါ်တာကွ။ ငွေတွေ သိန်း

ကုန်မှာလေ။ ကိုကိုက ဆေးလည်းမချဘူး၊ အရက်မသောက်ဘူး။ လူလိမ္မာမဟုတ်မေမယ့် လူဆိုးလည်း မဟုတ်ဘူး''

''ကိုကို ခုသုံးတာ ဒန်ပေါက် (၄) ဘူးနဲ့ ရေသန့်၊ အချို့ရည် အားလုံးပေါင်းမှ (၂) သောင်းထဲကုန်တာ။ ချာတိတ်နဲ့ ကိုယ့်ညီမတွေနဲ့ ခုလို သွားတော့ စိတ်အပန်းပြေတယ်။ စိတ်ချမ်းမြေ့ပျော်ရွှင်ရတယ်။ ဒီချာတိတ်တော့ မလွယ်ဘူးဟော့။ ကိုကိုနဲ့ရရင် ကိုကို့ကို အငတ်ထားမှာလားမသိ''

''ဟာဗျာ ... ဘာတွေပြောမှန်းလည်းမသိဘူး''

အရှက်မျက်နှာလေးနှင့် နုနု၊ နီနီ ပန်းသီးမလေးအား ညီပြည့်စုံ တစ်နေ့တခြား ပိုချစ်လာမိရပါသည်။

လောဘမရှိ၊ ဒေါသမသီ၊ သောကမသီသည့် အဖြူသည် ကောင်မလေး။ အိမ်မှကိစ္စနှိုင်းနင်းပြီး သဘောဖြူ၊ အူစင်း၊ ကြီးကောင်း ကျောက်ဖိကောင်မလေး။

အဓိက,က ချစ်သူမရှိခဲ့ဘူးတာ။

သည်ခေတ်ကြီးက အတတ်တွေမျိုးစုံပြီး အတတ်ကျူး၊ ကိုယ်လုံးဖြစ်နေသည့်ခေတ်မို့ ညီပြည့်စုံ 'အက်တိုးပစ်အပျိုစင်' အဖွဲ့နှင့် တိုးမှာစိုးပါသည်။

အပျိုစင် နုနုဖူးဖူးလေး သဘောဖြူမနောဖြူလေးဆိုတာ

ပြတိုက်ထဲမှာပဲ ထားဖို့ကောင်းတာ။

မနှစ်က တစ်နှစ်လုံး မျက်စိအောက်မှာ ဖူးပွင့်ခဲ့သည့် ပန်းဖူးကလေး။

အရှက်ရပ်ကလေးနှင့် ဟိုတိုး သည်တိုးဖြစ်နေသည့် ကောင်မလေးကို သူကတော့ ခပ်ပြုံးပြုံးပင် ကြည့်နေမိသည်။

လှော်ကားမှာ သူတို့လိုပဲ အဖွဲ့တွေ ရှိပါသည်။ အကြည့် အဖန်အတွဲတွေလည်း ရှိပါ၏။ လှော်ကားဥယျာဉ်ကြီးက ကျယ်လွန်းလို့ လူတွေကတော့ ကျဲကျဲပါးပါး။

နာရီဝက်လောက် အကောင်ပလောင်လေးတွေ လျှောက်ကြည့်ပြီးတော့ အရိပ်တစ်ခုမှာ နားဖို့ ညီပြည့်စုံ နှီးဆော်လိုက်သည်။

''ကဲဟေ့ ... နားကြစို့၊ စားကြစို့။ (၁၁) နာရီကျော်ပြီ၊ ထမင်းစားချိန်''

''မဆာသေးဘူး။ ဟိုနား ဒီနားလျှောက်ကြည့်ဦးမယ်''

''နင်တို့ ငါလိုက်မထိန်းနိုင်ဘူးနော်။ ကိုယ့်အန္တရာယ်လည်း ထည့်တွက်ကြဦး''

''ကိုကိုရှည်တာ၊ ဂျပန်ဘုရား သွားမယ်ဆိုတာ။ အကြောင်း ဒီခေါ်လာတယ်။ လူမနီးသူမနီး တောကြီးတောင်ကြီးထဲ''

''ဟေ့ ... နင်တို့ပဲ လှော်ကားဆိုလို့ လှော်ရတာ။ ဘာခုမှ ဟိုပြော ဒီပြော။ သွားတာနောက်မှသွား။ လာ အရင်စားကြစို့''

''မစားသေးပါဘူးဆိုမှ။ ဟိုနား ဒီနား လျှောက်သွားလိုက်ဦးမယ်။ ကိုကိုတို့စုံတွဲစားနှင့်''

''အံမယ် ... အံမယ် ... တော်တော်ဆိုးတဲ့ကောင်မလေးတွေ။ ခေါ်လာရကျိုးနပ်ပါပေ့''

ညီပြည့်စုံ ပြုံးပြုံးကြီးနှင့် ဝသုန်ဘက်လှည့်လိုက်တော့ ဝသုန် အခင်းခင်းနေတာမို့ မမြင်။ အစားအသောက်ခြင်းကို ချပြီး စားဖို့ သောက်ဖို့ ပြင်ဆင်ပေးလေ၏။

''ကောင်းတယ်၊ ကိုကိုတို့ (၂) ယောက်တည်း တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး စားရတော့ ပိုစားလို့ကောင်းတာပေါ့''

''ဘာမှမဆိုင်ဘူး။ ဝသုန်တော့ ဆာပြီ။ ကိုကို ဒီဒံပေါက်တစ်ဘူးလုံး တစ်ယောက်တည်း စားရမှာနော်''

''သြော် ... စားပါဗျာ။ ချာတိတ်မဝရင် ကိုကို့ခွဲတမ်းပါကျွေးပါ့မယ်။ ဆွဲသာဆွဲ။ အဲ တစ်ခုတော့ရှိတယ်နော်။ ကိုကိုက အလှကြိုက်တယ်။ ပေါင်ချိန်တစ်ရာကျော် နှစ်ရာဖြစ်ပြီး ပိုက်ရွဲ

ကြီးဆိုရင်တော့ လှည့်မကြည့်ဘူးမှတ်''

''အံမယ် ... လူများ အစားပုပ်ကြီးမှတ်လို့လား''

''သိနိုင်ဘူးလေ၊ ကြိုးပြောထားရတာ''

စကား,စကား ပြောပါများ စကားထဲက ဇာတိပြတဲ့။ ညီပြည့်စုံက ဘာတွေပြောပြီး ဝသုန်က ဘာတွေဖြေမိမှန်းမသိ။

စကားတွေက ဝရုန်းသုန်းကား။

''ကဲ ... ဆွဲကြစို့''

ဒံပေါက်ဘူးတွေဖွင့်ပြီး (၂) ယောက်သား စားကြတော့ ညီပြည့်စုံက ဖွန်း၊ ခက်ရင်းနှင့်။ ဝသုန်ကတော့ လက်နှင့်စားသည်။

ကြက်သားဖတ်တွေ ကုန်အောင်မစားရမှာစိုးလို့ပါ။ ဝသုန်ဟာ ကလေးစိတ်မကုန်သေးတာမို့ ထမင်းမကုန်ပေမယ့် ဟင်းတော့ ကုန်အောင်စားသည်။

နောက် ကလေးလေးလို ညီပြည့်စုံဘူးထဲသို့ လှမ်းကြည့်လိုက်သေး။

''အသားတွေလည်း ကုန်အောင်မစားဘူး''

''ခွေးမလေး အရိုးကိုက်ချင်လို့လား။ သွားလှလှလေးတွေကျိုးလို့ သွားကျိုးမ ဖြစ်လို့ကတော့ လှည့်ကြည့်မယ်မထင်နဲ့''

ညီပြည့်စုံရုပ်က ခပ်တည်တည်။

''အရိုးမကိုက်ပါဘူး။ ကိုကို့ကို အသားတွေထွင်ပေးရလေးလို့ပါ''

''မဖားနဲ့''

''ဖားတာမဟုတ်ပါဘူးနော်။ ကိုကိုက ရွရွလေးစားနေတော့ ဟင်းဖတ်မှာ အသားတွေကျန်နေလို့ပါ''

''နေပါစေ၊ အမျိုးကောင်းသမီးဆိုတာ အစားမကြီးရဘူး။ အစားလောဘမကြီးရဘူး။ အလှမပျက်စားရတယ်။ ကျန်ခြေနဲ့ စားရတယ် သိလား''

''အင်းပါ ... ဝသုန်စားတာ ကျန်ခြေပျက်လို့လား''

''ပျက်တာပေါ့။ လက်ကြီးနဲ့စားနေတာ။ ငတ်ကို ငတ်ဘယ်၊ ဟင်း''

ညီပြည့်စုံ ချစ်လို့စနေတာပါ။ ဝသုန်စားတာ သည်လောက်ကြီးလည်း ကျန်ခြေမပျက်ပါ။

ဝသုန် စားလက်စဘူးကို ပြန်သိမ်း၊ လက်သွားဆေးရင်း သူ့ဘက်သို့ လှည့်မလာတော့ ညီပြည့်စုံ မျက်လုံးပြူးသွား၏။

''ဟော''

ကျောလေး သိမ့်ခနဲ တုန်သွားသဖြင့် ချာတိတ် ငိုနေမှန်း

သိရလို့ပါ။

''ဟော့ကောင်မလေး မငိုနဲ့လေ။ ကိုကိုစနေတာ။ ချင်တယ်နော်၊ ချစ်တယ်။ ဘယ်လိုစားစား၊ ဘယ်လောက်ဝဝ ချင်တယ် သိလား။ မငိုနဲ့ ...တိတ် တိတ်''

''အင်''

ကိုယ် မျက်ရည်ကျတာက ရှက်လို့ပါ။ လူကို အငတ်လို့ ပြောနေတာလေ။

ဒါကို သူက ချစ်တယ် တိတ်တိတ်ဆိုတော့ ဝသုန် ဘယ်လိုလုပ်ရမှန်းမသိ။

အပျက် အပျက်နဲ့ နှာခေါင်းသွေးထွက်တယ်ဆိုတာ ဒါမျိုးလား။

အာဏာဖီဆန်မှုတော့ လုပ်ရမှာပဲ။ အလကားနေရင်း လူလည်ကြီးသားသမီးရဲ့လက်အောက် ကျရောက်မခံနိုင်။

မျက်ရည်တွေကို လိပ်ကလေးလို ဘယ်ညာအနိုင်သုတ်ရင်း သူဘက်လှည့်ကြည့်သည့် ရုပ်ကလေးက ထန်တန်တန်၊ နုနုနိုနိုလေး။

''ဟေ့ ...လူကို ဆင်ကြည့်မကြည့်နဲ့။ ဆင်ကြံ ကြိမလိုလား။ လာ မုန့်စား၊ သစ်သီးစားဦး''

''တော်ပြီ စူစကာမဟုတ်ဘူး။ ပေါင်ချိန်နှစ်ရာလည်း ဖြစ်မခံနိုင်ဘူး''

''ဟောဗျာ၊ ကိုကို့စကားကို အတည်ယူပြီး ဗွေယူနေတယ်ပေါ့။ ဟုတ်လား။ ကိုကို့ညီမလေးကို ချစ်လို့စနေတာပါကွာ။ အိုက်အမဲလေးကို ဗွေမယူပါနဲ့နော်။ ပွင့်လောက်ကြီးဖြစ်လည်း သူမှာပါ။ ဝမ်းနတ်ဆေးလေးသာ နေ့တိုင်းတိုက်မှာ''

''ကိုကို စကားပြောတာ ကြည့်ပြော''

''ကြည့်ပြောနေတာပဲလေ။ ဘာဘီရပ်လေးလို၊ ခွေးချိုက်လေးလို ရင်ခွင်ထဲပွေ့ထည့်ထားချင်လှပြီ။ လာ ကိုကို့ပေါ် လာထိုင်''

သူက လသားအရွယ်လေးကို ချီမည့်ပုံစံမျိုး လက်လှမ်းတော့ ဝသုန် ဒေါသတွေ အလိပ်လိုက်ထွက်ရသည်။

ညာတာပါတေးနဲ့ ပွဲချင်းပြီးလုပ်နေတာ။ ငှဲကို အူကြောင်ကြောင် လုပ်နေတာ။ ချော်လဲရောထိုင်လုပ်နေတာ။

ဝသုန် သူကို ရန်တွေ့ဖို့၊ ပက်ပက်စက်စက်တွေပြောဖို့ ဆင်အားစုစည်း၊ စကားလုံးစုစည်းလိုက်ပါသည်။

သို့သော် ခက်တာက ဝသုန် ရန်မတွေ့တတ်။ လူတစ်ယောက်သား နစ်နာအောင် မပြောတတ်ပါ။

''ကိုကို ခင်ဗျား တော်တော် တရားလွန်လာပြီနော်
လူကို သူငယ်နှပ်စားလေးမှတ်နေသလား။ နေရင်း ထိုင်ရင်း
လူကို ချောက်ထဲဆွဲချနေချင်တာ။ ကျုပ်ကိုလာပြီး အူကြောင်း
ကြောင် မလုပ်နဲ့၊ မလှည့်စားနဲ့''

ဝသုန် လက်သီးလေးဆုပ်ပြီး မျက်စိမှိတ်အော်နေတာ
သူ လူလည်ကြီးလုပ်နေလို့ပါ။ ဒါကို ကိုယ်တော်ချောက ဘယ်
သဘောပေါက်သည်မသိ။

ဝသုန့်အနားကပ်လာကာ ပခုံးလေးဖက်ရင်း နှစ်သိ
နေပါ၏။

တကယ့်ကို အနာတခြား ဆေးတခြား။ ခါးတောင်း
ကျိုက်တလွဲ ဖင်တလွဲ။

''မလှည့်စားရဲပါဘူး ညီမလေးရယ်။ နတ်နဲ့နဂါး မလှည့်
စားနဲ့တဲ့။ နဂါးမျက်စောင်း အကြောင်း (၃) ပါးမရွေးဘူးဆိုတာ
လည်း ကိုကိုသိပါတယ်။ ကိုကို့ပထွေးတော်ကြီးက ကျောင်းပြီး
သူ့သမီးနဲ့ပေးစားမယ်လို့ ရာဇသံပစ်နေပါပြီ ချာတိတ်ရယ်။ ဘ
သားကြီးကတော့ နင့်မှာချစ်သူရှိရင် ခေါ်ခဲ့၊ ချက်ချင်းပေးစားမယ်
လို့ပြောပါတယ်။ ကိုကို့ကို ကယ်တင်တော်မူပါနော်။ တစ်သက်လုံး
ဖူးဖူးမှုတ်ထားပါ့မယ်''

''ကိုကို ဆတ်စလူးမတွေ့၊ ဆန်ကာပေါက်မတွေ့လက်
က လွတ်အောင်ပြေးပါရစေ။ ကျောင်းကလည်း ပြီးတော့မှာ။
လပိုင်းပဲရှိတော့တယ်။ ကိုကို ချောက်ထဲကျဖို့ လက်နှစ်လုံးလောက်
ပဲ လိုပါတော့တယ်။ မလွဲမရှောင်သာဖြစ်ဖြစ် ကယ်တင်လိုက်ပါ
နော်''

ကျောင်းတုန်းက ကျက်ထားသည့်စာတွေ ပြန်ပေါ်လာ
ပြီး ညီပြည့်စုံ စွတ်တင်နေတော့ ကောင်မလေးက သူ့ကို အငေး
သား ကြည့်လို့။

သနားသွားလေသလားမသိ။

တစ်ဆင့်တက်ပြီး သူ ဝသုန့်ကို ရင်ခွင်ထဲဆွဲယူတော့
သူမက ရှောင်ထွက်သွား၏။

''ဘာမှလာမပြောနဲ့။ ဝသုန်နဲ့ ဘာမှမဆိုင်ဘူး။ ကိုယ့်
ပြဿနာကိုယ်ရှင်း။ ဝသုန့်ကို တရားခံမလုပ်နဲ့။ လာပြီးဆွဲမထည့်
နဲ့။ ကိုကို လူလည်ကြီးပါ။ ကိုယ့်ပြဿနာကိုယ်ရှင်း''

ဝသုန် သူ့ကိုထားခဲ့ပြီး ပန်းနုနှင့်နီနီရှိမည်ထင်သည့်ဘက်
သို့ အပြေးကလေး ထွက်ခဲ့ပါလေသည်။



အခန်း (၁၇)

သူငယ်ချင်းဆိုတာတွေကပဲ ချောက်ထဲဆွဲချတတ်ကြတာ။ ပန်းနုနှင့်နီနီတို့ (၂) ယောက်သား တိုင်ပင်ထားသည့်အတိုင်း ပျောက်ချက်သားကောင်းနေကြပါ၏။

ညီပြည့်စုံဟာ လက်ရဲ ဇက်ရဲကြီးသာဆိုလျှင် ဝသုန် ဘာဖြစ်မည်မသိ။

သူမ အပြေးထွက်သွားတော့ ကျယ်ဝန်းလှသည့် လှော်ကား ဥယျာဉ်ထဲမှာ သူတို့ (၂) ယောက်ကို ရှာမတွေ့ပါ။

အခြားအဖွဲ့မှ ကောင်လေး (၃) ယောက်နှင့် ကောင်မ

လေး (၂) ယောက်သာ တွေ့ရပါသည်။

"ဟေ့ ညီမလေး ... အဖော်မပါဘူးလား။ ကိုကိုတို့နဲ့ လာပေါင်းလေ"

"ဒွေးမယ်နော်လေး မျက်စိလည်နေသလား"

ကြည်ပြာနရောင် ဝတ်စုံလေးနှင့် နုနုလေးလှပနေသည့် ဒသုန်ကိုလှမ်းစပြီး ကောင်လေးတစ်ယောက်က သူမထံ လျှောက်လာခဲ့သည့်အဖြစ်။

အလို သူတို့အဖွဲ့က ဘီယာတွေသောက်နေကြတာပါလား။ ဘီယာဆိုတာလည်း အရက်ပဲ။ မူးယစ်ဆေးဘွေတောင် ပါချင်ပါမှာ။

ဝသုန် ကြောက်ပြီး နောက်ကြောင်းပြန်ပြေးဖို့ လှည့်လိုက်တော့ သူမနှင့် မလှမ်းမကမ်းမှာ ညီပြည့်စုံ။

"ကိုကို"

သူက ရင်ဖွင့်ကြိုနေတာမို့ ဝသုန် သူ့အနားလည်းမသွားရဲ။ သူကပ်လာပြီး ပခုံးဘက်ခေါ်သွားတာ ခေတ္တငြိမ်နေရသည်။

"လာ လျှောက်ကြည့်ကြစို့။ နာရီဝက်လောက်ကြာရင် ပြန်မယ်။ တော်ကြာ အချိန်မီ အိမ်ပြန်မရောက်လို့ ကောင်မလေး တစ်ယောက် ခိုးရာလိုက်နေရဦးမယ်"

''ကိုကို တော်တော်လင်လိုချင်နေတယ် ဟုတ်လား
ကိုကို့ပါးစပ်က ထွက်လိုက်ရင် ဒီအကြောင်းပဲ''

''လင်လိုချင်တာပေါ့ ချာတိတ်ရဲ့။ ကိုကိုက အရွယ်
ရောက်ပြီလေ။ အသက်ကလည်း (၂၃) ထဲမှာ။ ချောက်ထဲ
လည်း ကျမယ့်ဆဲဆဲ''

ကန္တဲ့ကလျာဟန်နှင့် ညီပြည့်စုံပြောရင်း ဝသုန်ကို လှ
ခွဲကာ ကမ္ဘာကြီးထဲ လျှောက်သွားချင်လိုက်တာ။

ဘဝဆိုသည့် ပင်လယ်ပြင်ကြီးထဲသို့ သူကသာ ခုန်
ချင်လို့ တကဲကဲ၊ တဲ့ရွရွ ဖြစ်နေပေမယ့် ကောင်မလေးပုံစံ
ဟန်ဆောင်ကာမူပိုနေတာမဟုတ်။

တကယ့်ကို အကြောက်ကြီးနေသည့်ပုံလေး။ အိ
ထောင်ရေးဆိုတာ မလွယ်မှန်းသိပါရဲ့။ သို့သော် ညီပြည့်
အတွက်တော့ ပင်လယ်ပြင်မှာ ကူးခတ်ဖို့ တက်တွေ၊ ရွက်
စုံနေပြီ။

သံသရာခရီးကြီးက ရှည်လျား၊ ထွေပြားလွန်းလို့ ချ
စရာ အဖော်ငှက်မလေးကို လိုချင်တာပါ။

ကိုယ်ကတော့ ပညာစုံတော့မည်မို့ ကြင်ယာလည်း စုံ
ပြီလေ။

ဒါကို ပြောမရ ဟောမရ။ သူငှက်မလေဟာ ငယ်ငယ်
နုနုလေးမို့ ဖမ်းရမှာတောင် အားနာပါရဲ့။

လောလောဆယ် လှော်ကားဥယျာဉ်ထဲ လျှောက်လည်
ရင်း ယဉ်ပါးအောင် ရင်းနှီးအောင် နှူးရ နှပ်ရ။

ကျိုက်ထီးရိုးအတူသွားလည်း နှူးမရ။ ယခု လှော်ကား။
ကယ့်ကို ပြုတ်မနူးသည့် စုန်းပြူးမလေး။

ကြည်ပြာရောင်နုနုဝတ်စုံလေးနှင့် ဆံနွယ်လေးတွေ
လွင့်လွင့်နှင့်။ ဖြူစင်နုသစ်သည့် ကောင်မလေးဟာ သူ့ရဲ့
အချစ်ဦးမလေးပေါ့။

သည်လိုလေ။ မရယ်ကြပါနဲ့ဗျ။

ရည်းစားတွေမို့လိုပေါက်ခဲ့ပေမယ့် ဘယ်သူ့ကိုမှ အလေး
အနက်မထားခဲ့ဘူးပါ။ ဘုရားစူး မိုးကြိုးပစ်တ်။

သည်လိုပဲ အပျော်တွဲလိုက်ကြ၊ ကွဲလိုက်ကြ။ သိပ်ရစ်
သည့်ရည်းစားဆိုထားပစ်ခဲ့လိုက်တာပဲ။

သူမျာသားသမီးကို တည်းခိုခန်းလည်းမခေါ်။ ဆိတ်
ငြိယ်ရာလည်း မသွား။ သည်လိုပဲ ရုပ်ရှင်ထဲကလို ဟေးဟေး
ဟားဟားနှင့် တွဲခဲ့တာပါ။

ယခု ဝသုန်လေးကျမှ ရင်ဘတ်ထဲကလာသည့်အချစ်

နှင့် တမြည့်မြည့်ခံစားနေရတာ။ ဒါကို မချောလေးက မထုံထ
သေးနှင့်။ ယုံပုံလည်းမပေါ်။

အပျော်ကစားနေတယ်ပဲ ထင်နေပုံ။

ခင်ယုံကြည်အောင် ဘယ်လိုပြောရမလဲကွယ်။

ကျားတစ်ကယ်လာတော့ မည်သူမျှ မယုံကြတော့သ
ဝသုန်ဟာ ငယ်ပေမယ့် လောကဓံကိုခံနိုင်သည့် လ
သည့် ချာတိတ်မလေး။ အဖိုးမဖြတ်နိုင်သည့် ရတနာတုံးလေး

သူ ဝသုန်လက်ကို ဆွဲပြီး လှော်ကားဉယျာဉ်ထဲ လှေ
ကြည့်နေတုန်း မျောက်ကလေးတစ်ကောင် သူမအပေါ် ခုန်
ပါ၏။

"အမေ့"

ကျေးဇူးတော်ရှင်မျောက်ကြောင့် ကောင်မလေး
ရင်ခွင်ထဲ တိုးဝင်လာသဖြင့် ညီပြည့်စုံ မျောက်ကို ဦးအကြိမ်
ချမိ၏။

"ဟာ ... ဒီမျောက် ကျေးဇူးရှင် သွားပါပျာ သွား
မျောက်ကို ဂိတသံနှင့်နှင်ရင်း ညင်သာစွာဖယ်
ကိုရွှေမျောက်က စပ်ဖြီးဖြီး။

"ကိုကို လုပ်ပါဦး ကိုကို"

"အေးပါဟာ ဖယ်နေတာပဲ။ မျောက်ကိုက်ရင် နူတတ်
ကိုကို သိပါတယ်"

ကောင်မလေးကို ခြောက်ရင်း ကျစ်နေအောင်ဖက်ရင်း
တော်တော်ကြီးပွားနေတော့မှ မျောက်က တာတာ့လုပ်ပြပြီး
ပြေးတော့သည်။

သူကတော့ အရှိန်နှင့်ဆက်ဖက်ထားတုန်း သည်စဉ်
နှင့်နိနီအနားသို့ ပြေးလာကြရင်း -

"မိုပြီ ... မိုပြီ၊ နှစ်ယောက်သား အတော်ခရီးရောက်နေ
တာပေါ့လေ။ ကဲ ကိုကို မငြင်းနဲ့တော့။ ပန်းနုသူငယ်ချင်းကို
ရောရရဲ့တော့ ကြိမယ် စိတ်မကူးနဲ့နော်။ ပန်းနုနဲ့ ကမ္ဘာ့ရန်ဖြစ်
းမယ်"

"မကူးပါဘူးဟာ။ တကယ်ယူမှာပါ။ ငါ ပထွေးတော်ကြီး
သမီးကို မယူချင်တာလည်း နင်သိသားပဲ"

"အိုကေ ... ကိုကိုကျောင်းပြီးဖို့ (၃) လပဲလိုတော့တယ်။
လေးကို အပိုင်ချုပ်ထားပေတော့။ ပန်းနုသူငယ်ချင်းလေးက
ပုံးတန် အမျိုးမှန်လေး"

"ငါ သိပါတယ်၊ ပထမနှစ်ကတည်းက စောင့်ကြည့်လာ
နေတဲ့ ပန်းနုကလေးပါ။ ဒီနေ့တော့ ပွင့်ပြီပေါ့ဟာ"

''ဩော် ... ကိုကိုက နှံပြီစုတ်ကို အစောကြီးကတည်းက အမြှောက်နဲ့ချိန်နေတာပေါ့လေ''

''ဒါပေါ့ဟ''

သူတို့မောင်နှမ၏စကားတွေက မကြားဝံ့ မနာသာ။ သက်ထားဝသုန် မျက်လုံးပြူးရ၏။ အပျက် အပျက်နှင့် ချစ်သူတစ်ယောက်ရတော့မည့်အဖြစ်။

''ဘာတွေလဲ၊ ကိုကို မဟုတ်တာတွေ မပြောနဲ့။ ကိုကိုနဲ့ ဝသုန် ဘာမှမဟုတ်ဘူးနော်''

''ဟင် ညီမလေး ... ကိုကို့ရင်ခွင်ထဲရောက်တုန်း သူတို့ မိသွားကြတာလေ''

''အံမာ ... အဲဒါ မျောက်ခုန်ချလို့ ကိုကို့ကိုလန့်ပြီး ဖက်မိတာပါနော်။ အသားမယူပါနဲ့''

''မရဘူး ... မရဘူး။ ဖက်ပြီးစလစ်ပဟေ့''

နီနီကအော်တော့ ဝသုန် ထွက်ပြေးမည်ပြင်လဆင် ညီပြည့်စုံ ကောင်မလေးကို ဖျတ်ခနဲ ဆွဲထားလိုက်၏။

''ကဲ ... ဒါဆိုလည်း အားလုံးရှေ့မှာ လူကြီးစုံရာရှေ့မှာ ကိုကို ညီမလေးကို ချစ်ခွင့်ပန်ပါတယ်။ ချစ်ပါနော်၊ ကိုကို လင်လိုချင်လို့ပါ''

သူက ဝသုန့်ရှေ့မှာ ဒူးတစ်ဖက်ထောက်ပြီး ရုပ်ရှင်ဇာတ်ကားတွေထဲကလို အိုက်တင်ပိုနေတော့ သက်ထားဝသုန် မျက်နှာ ဘယ်ထားရမှန်းမသိ။

''ကိုကို ဒါ နောက်စရာမဟုတ်ဘူး။ ဆင်ကျီစားရာ ဆိုတ်မခံနိုင် ဖြစ်နေပြီ''

''ဟောဗျာ ... တကယ်ချစ်ခွင့်ပန်နေတာပါ ခင်ဗျာ။ ခင်ဗျားလေးက မျက်ဖြူဆိုက်လေ ဆရာကြိုက်လေ ဖြစ်နေတာ မဟုတ်လား''

''မကြိုက်ပါဘူး၊ ကိုကို့ကိုယုံလည်း မယုံဘူး၊ ကြိုက်သည်း မကြိုက်ဘူး။ ဝသုန့်ကို လာပြီး ခေါင်းစားမနေနဲ့။ ဝသုန့် ညီမှန်းချက်က လိမ်လိမ်မာမာလေးနေပြီး မိဘတွေနဲ့အတူ ဘဝကို ဒိုးတူပေါင်ဖက် ချီတက်မှာ''

''အပျိုကြီးလုပ်မှာပေါ့ ဟုတ်လား''

''အင်း''

ညီပြည့်စုံ ဒူးထောက်ပြီး ချစ်ခွင့်ပန်နေရာမှ ညင်သာစွာ ထရပ်လိုက်ပါသည်။

တော်တော်အကြောက်ကြီးနေတဲ့ ကောင်မလေး၊ ခေါင်းမာနေတဲ့ ကောင်မလေးပဲ။

သူမကို လေးလေးစားစားနှင့် တရားဝင်ခွင့်ပန်နေလို့ တော့ ရမှာမဟုတ်။

မြန်မာနိုင်ငံက အလုပ်သမားတွေ ထိုင်းကိုခိုးထွက်သလို လုပ်မှပါပဲ။

အပေါ်လမ်းကနေ ဗီဇာတွေ၊ လေယာဉ်လက်မှတ်တွေ နှင့် လုပ်နေလျှင် ကြာသည်၊ ငွေကုန်သည်။

အောက်လမ်းက သွားလည်း ရောက်တာပါပဲ။ ကားစီး ခိုးဝင်။ အဓိက,က ရောက်ဖို့။

''ကဲ ကဲ မမ မကြိုက်လည်းနေ။ အစ်ကိုလို၊ မိတ်ဆွေ လိုတော့ ခင်တယ်မဟုတ်လား''

''အင်း''

''ပြီးရော ...လာ ပြန်ကြစို့''

''ပန်းနုတို့ ဒံပေါက်မစားရသေးဘူးလေ။ မုန့်လည်း စားရဦးမယ်''

''အရေးထဲ ဒီအငတ်မက တစ်မျိုး။ စားပြီးမှသွားမှာ ပေါ့''

အားလုံးပင် သစ်ပင်ရိပ်သို့ ပြန်လာကြပြီး ပန်းနုနှင့်နီနီ က ဒံပေါက်စား၏။ ကိုကို့ပုံစံက ခြေပစ်လက်ပစ်။

အလွမ်းမင်းသားကြီးစတိုင်လ်နှင့်။

ဝသုန် ခိုးကြည့်နေမိပါသည်။ ရင်ထဲမှာတော့ နှင်တင်ငင်။

နင်လို့မဖြစ်ပါဘူးလေ။ ငါ မေမေတို့ မမတို့နဲ့ပဲ နေမယ်။ သောက်ချားတွေက ကြောက်ဖို့ကောင်းတယ်တဲ့။

လက်ဝှေ့သမားတွေလိုပဲ။

ဘယ်ခြောက်ခါ ညာလှမ်းတယ်။

ညာကို အယောင်ပြပြီး ခြေသလုံးကို သိမ်းရိုက်တယ်။ ခါးရိုက်ခွဲချင်ခွဲတယ်။

ကြောက်တတ်ရင် ဝန်ကင်းသတဲ့။

ဝေးဝေးက ရှောင်တာ၊ မပတ်သက်တာဘဲ ကောင်းပါ တယ်လေ။

အဲဒီနေ့က ညနေ (၄) နာရီမှ အိမ်ပြန်ရောက်သည်။ ကိုကိုပဲ ပို့ပေးရတာပါပဲလေ။

အခန်း (၁၈)

ကိုဝေမိုးပြန်လာတော့ ကားကို ခင်ထက်ပန်တို့အခန်းနှင့် မလှမ်းမကမ်းမှာရပ်ပြီး လက်ဆောင်တွေ တစ်ပွေ့တစ်ပိုက်နှင့် တိုက်ခန်းထဲသို့ ဝင်လာခဲ့သည်။

ရှားရှားပါးပါး ခေါင်းနောက်လို့ ခင်ထက်ပန် အိမ်မှာ နားနေချိန်ပါ။

နေ့ရော ညပါ ဂျူတီတွေဝင်၊ စပါယ်ရှယ်တွေလိုက်မို့ လူက နုန်းလှပြီ။ စက်ရုပ်မဟုတ်တာမို့ သည်တစ်နေ့တော့ နားလိုက်ပြီ။

ညနေ (၆) နာရီမှ အလုပ်ပြန်ဝင်ရမည်။ ည့ဲခန်းထဲမှာ သီချင်းသံအေးအေးလေးဖွင့်ထားပြီး ပက်လက်ကုလားထိုင်မှာ ထိုင်ရင်း သူမ မှေးခနဲ အိပ်ပျော်နေမိတုန်း။

အနားမှခြေသံကြောင့် ဆတ်ခနဲ လန့်နိုးသွားရသည်။

''ဟင် ... ကိုဝေမိုး''

''ရောက်တာကြာပြီ။ ညီမ အိပ်နေလို့ ထိုင်စောင့်နေတာ။ အရမ်းပင်ပန်းနေရှာပြီနော်''

''ဩော် ... ဒီလိုပါပဲ။ အန်တီ့ဆီ ရောက်ပြီးပြီလား။ သူလည်း ကိုဝေမိုးမရှိလို့ ထင်တယ်၊ မလန်းဘူး''

''မရောက်သေးပါဘူး။ ညီမဆီ အရင်ဝင်တာ။ လက်ဆောင်တွေပေးရင်း''

''အို အားနာစရာရှင်။ ကိုဝေမိုးပေးတာ ကမ်းတာတွေများလှပါပြီ။ တော်ပြီပေါ့ရှင်။ တစ်ယောက်နဲ့တစ်ယောက် အဲလောက်ကြီးလည်းမလိုပါဘူး''

''ဘာရယ်မဟုတ်ပါဘူးကွာ။ ညီမတို့ လိုအပ်မယ်ထင်တာလေးတွေ ဝယ်လာမိတာပါ''

စားပွဲပေါ်မှာ သနပ်ခါးတုံးတွေ၊ မုန့်ထုပ်တွေနှင့် ပုန်းရည်ကြီးတွေ။ နောက် ချည်ထည်တွေ။

''ဘာလို့ အများကြီးဝယ်လာတာလဲ။ ဆိုင်ဖွင့်လို့တောင် ရမယ်''

''ကချင်ဆင်လေးတွေလှလို့။ ညီမတို့က ညီအစ်မ (၃) ယောက်မဟုတ်လား။ တစ်ယောက်နှစ်စုံစီ။ ဝမ်းဆက်စတွေ။ ဖောက်သည်ဈေးနဲ့ (လက်ကားဈေး) ရအောင် (၆) စုံယူလာတာ။ ကိုယ့်အစ်မက အထည်ဆိုင်လေ''

''အားနာတယ်။ လက်ဆောင်ပစ္စည်းကို သိန်းဂဏန်းထိပေးတာတော့ ဝန်ပိတာပေါ့ရှင်။ ပေးသူလည်းမကောင်း၊ ယူသူလည်း မကောင်း''

''ကောင်းပါတယ် ညီမရယ်။ ခင်လို့မင်လို့ ပေးတာပဲ။ မငြင်းပါနဲ့။ အရင်အစိုးရခေတ်ကတောင် (၃) သိန်းအထိ လက်ဆောင်ယူရမယ်လို့ သတ်မှတ်ထားတာပဲ။ ကိုယ်ပေးတာ (၃) သိန်းမပြည့်သေးပါဘူး''

''ကိုဝေမိုး တော်တော်ရယ်စရာပြောတာပဲ''

ခင်ထက်ပန် ရယ်မိလိုက်တော့ သူလက်ဆောင်တွေ လက်ခံမိသလို ဖြစ်သွား၏။

သူဟာ ငါးတစ်ကောင်ကို မျှားသလို ငါးမျှားချိတ်မှာ အစာတပ်တာလား။

တစ်ခုပေးမှ တစ်ခုရတယ်ဆိုတဲ့ ခေတ်ကြီးထဲမှာ သူ ဘာလိုချင်လို့လဲ။

ငါ့ကိုလိုခင်တာလား။ သည်အသက်အရွယ်၊ သည် အနေအထားကတော့ သားတွေ၊ မယားတွေ ရှိနေရမယ့် အနေ အထားပါ။

''ကိုဝေမိုး တစ်ခါလောက် မိသားစုပါ ခေါ်လာခဲ့ပါလား ရှင့်။ ကလေးတွေရောက်ဖူးတာပေါ့''

သူမျက်နှာ သိသိသာသာ ညှိုးသွားပြီး –

''ညီမက လူတစ်ဖက်သားရဲ့အားနည်းချက်ကို ဖိထောင်းတတ်တယ်နော်''

''ရှင်ကွဲ ကွဲနေလို့လား။ ကလေးတွေ သနားပါတယ်ရှင်။ မိစုံ ဖစုံ ကြီးပြင်းသင့်ပါတယ်။ အိမ်ထောင်ကျိုးက သား သမီး တွေဟာ အရမ်းသနားဖို့ကောင်းပါတယ်''

''ကိုယ်ပုံစံက ကလေးအဖေပုံပေါက်နေလို့လားဟင်''

''ကလေးအဖေဆိုတာလည်း ချိုပေါက်နေတာမှ မဟုတ်တာ''

''ဘွတ်အဲလို့သာ အအော်ခိုင်းလိုက်ပါတော့ဗျာ။ ကဲ ... ကိုယ်သွားမယ်''

အခန်း (၁၉)

"မမကြီးတော့ ဘယ်သူနဲ့ငြိနေပြီ မသိဘူးမမရယ်။ လုပ်ပါဦး၊ မေးလည်းမမေးရဲဘူး"

"အေးဟယ် ... ငါ့ရင်တွေ ပူလိုက်တာ။ မမကြီးကို တစ်ခါမှလည်း အေးအေးဆေးဆေး မတွေ့ရဘူး။ သူက သီအိုရီပိုင်းသာ နားလည်နေတာ၊ လက်တွေ့မှတ်က ဇီးရိုးဟ"

"အမယ်လေး ခေတ်ကြီးက ဆန်းပြားလွန်းလို့ အဖြူကလည်း မည်းသွားနိုင်တယ်။ အမည်းကသာ ဖြူမလာမယ် အားလုံး သတိထားမှပါ"

သူ တိုက်ခန်းထဲမှ ထွက်ခွာသွားတော့ ခင်ထက်ပန် ပဟေဠိဖြစ်ကျန်ခဲ့ရသည်။

ကိုဝေမိုးဟာ အိမ်ထောင်ကွဲနေတာလား။ မိသားစု အကြောင်း ပြောလိုက်ရင် မျက်နှာအရမ်းပျက်သွားတယ်။

ဒေါ်သူသူစိုး အပြောအရတော့ သူဟာ လူပျို။ အင်း လူပျိုလို့လည်း မပြောပါဘူးလေ။

ဘာမှမသိရတဲ့ယောကျ်ားတစ်ယောက်ကို အဝင်အထွက် လက်ခံဖို့ မကောင်းဘူး။ ငါ့မှာ ညီမလေးတွေနဲ့။ တော်ကြာ သူများပြောစရာတွေ ဖြစ်နေမယ်။

တိုက်ခန်းတံခါးကို ယခုမှထပိတ်ပြီး ခင်ထက်ပန် ခရာ အိပ်ပျော်ဖို့ကြိုးစားပေမယ့် အိပ်မပျော်တော့ပါ။

ရင်ထဲမှာ လေးလံနေပြီး လက်ဆောင်ပုံကြီးက သူမကို လှောင်ပြောင်ပြနေလိုလို။

သူကျွေးတာတွေ စားမိနေပြီ။

ဘယ်တော့ အန်ထွက်ရမှာပါလိမ့်။

*

"အဲဒါ အညာဘက်က လူနာရှင်တစ်ယောက် ပေးသွား
ဘာ။ သူအဒေါ်က ရင်သားကင်ဆာလေ။ ငါက ရှယ်လိုက်ရင်း
လိုအပ်တာကူညီပေးလို့"

"ဩော်"

"ပေးတာကလည်း များလိုက်တာ။ ဆိုင်ဖွင့်ရောင်း
ဘောင် ရလောက်တယ်"

"အေးလေ ... နောက်မပေးဖို့ ပြောလိုက်ရသေးတယ်"

မမကြီး အိမ်ထဲမှထွက်သွားတော့ တိုက်ခန်းတံခါးပိတ်
ရင်း ဝသန်နှင့်ဝသုန် ရင်ထဲလေးလံနေမိကြသည်။

ငုံးဆူ လူမသိ။

ငါလိုပဲ မမကြီးရော အတောင်နှစ်ဆယ်ဝတ်တွေရဲ့
ဘယာစက်ကွင်းမှာ မိနေရပြီလား။

သူမတို့ (၂) ယောက်လုံး တွေးမိနေကြတာပါ။ ညီအစ်မ
တွေ တစ်ယောက်နှင့်တစ်ယောက် ဖွင့်ဟမတိုင်ပင်ရဲကြ။

ဝသန်ကလည်း ဇွဲသူရကြောင့် စိတ်ဆင်းရဲနေရပါသည်။
ကိုယ်က အခြေအနေအရ သူနာမည်လေး ခုတုံးလုပ်မိတာနှင့်
ပြဿနာတွေကမသေး။ ဇွဲသူရက နာမည်ခံရရုံမကဘဲ လူကိုယ်
တိုင် တွဲချင်နေ၏။

သက်ထားဝသုန်နှင့် ဝသုန် လက်ဆောင်ပုံကြီးကိုကြည့်
ပြီး ရင်ထဲပူလောင်နေမိကြပါသည်။ သူမတို့ပြန်လာချိန်မှာ မမကြီး
ဂျူတီဆင်းတော့မည်မို့ ခဏလေးပဲ ဆုံလိုက်ကြရပါသည်။

မမကြီးမျက်နှာမကောင်း။ သူမတို့ ညီအစ်မက အားကို
တကြီးနှင့်သာ ခေါ်နေသည်။ အသက် (၂၅) အရွယ်။ အလှဆွေ
နှင့် တိတ်တခိုး ဝင်းပနေသည့် မမကြီးခမျာ အရွယ်က အလှဆုံး
အရွယ်။

ကိုယ်လုံးရော၊ မျက်နှာပါ အပြစ်ပြောစရာမရှိ။ ကိုယ်
ကိုယ်ကိုယ် လှပအောင် မပြင်အားဘဲ သာမန်အပြင်အဆင်
ကြောင့်သာ စက်စက်ယိုအောင် မသိသာတာ။

မမကြီး အဆင်အပြင်က ယူနီဖောင်းနှင့်၊ မျက်နှာက
သနပ်ခါးနှင့်သာ။ နှုတ်ခမ်းနီတောင်မဆိုး။

သူမတို့ ညီအစ်မကို လိမ်လိမ်မာမာနေဖို့၊ ယောကျ်ားတွေ
ကိုမယုံဖို့ သတိပေး၊ ဆုံးမရင်း အိမ်မှထွက်ခွာသွားသည့် မမကြီး
ဟာ သူကိုယ်တိုင်ရော ယောကျ်ားတစ်ယောက်၏ စက်ကွင်းမှ
မိသွားခဲ့ပြီလား။

လက်ဆောင်ပုံကြီးကြည့်လိုက်၊ မမကြီးကိုကြည့်လိုက်
လုပ်နေမိတော့ ခက်ထက်ပန် မလုံမလဲ။

ရှုပ်ရှုပ်ယှက်ယှက်လား။ ရာရာစစလား။ သူလို လူနှင့် လူပွေ၊ ဂျွတ်စပွတ်ကြီးကို ဝေးဝေးကရှောင်ချင်ပါသည်။

ဆီကိုင်မိပေမယ့် မဆီကို အပေမခံနိုင်။ ကိုယ်က ကိုယ့်လမ်းကြောင်းနှင့်ကိုယ် မှန်မှန်ချီတက်နေပေမယ့် ဘေးမှ အနှောင့်အယှက်ကပေါ်လာနေပြီ။

နာမည်ခံမိသည့်ကိစ္စအတွက် ငှက်ပျောပွဲ အုန်းပွဲနှင့် ရှိခိုးတောင်းပန်ပြီး ကျေအေးမှုယူမည့်ပုံ။

ဩော် ... ဒုက္ခ ဒုက္ခ။ မီးဆိုတာ အဝေးကြီးကိုပင် လှမ်းပြီး အပူဟပ်တတ်ပါလားနော်။

သူ့ဒိုင်ယာလော့တွေ၊ သူတော်ကိုတွေမှာ မျောမထွက် အောင်တော့ ကြိုသိပြီးသား။

သူဟာ မင်းသားခေါင်းတောင် မဆောင်းသည့် ဘီလူး စစ်စစ်။

ထီခနဲဆို ဖွဲသူရပါပဲ။ လက်ကလည်း ယဉ်သည်။ ရည်စားများသည်။ ဆရာကြီး၊ ပဂေးကြီးပေါ့။

ဝသန့်စိတ်ထဲမှာ ဖွဲသူရကို လန့်နေပေမယ့် ငုံးဆူလူမသိ တစ်ယောက်တည်း အံ့ပုန်းပူနေရပါသည်။

မမကြီးနှင့် ညီမလေးကို စိတ်မဆင်းရဲစေချင်။ မီးဆိုတာ

လောင်ခင်တားရမတဲ့။ လောလောဆယ် မီးမလောင်သေးဘူး ထင်ပါသည်။

ဝသုန်ကတော့ အငယ်ဆုံးလေး၊ ကလေးရုပ်တောင် ပျောက်သေးတာမို့ ရည်းစားသနာကိစ္စတွေ မစဉ်းစားလောက်သေးဘူး ထင်ပါရဲ့။

ပြောလို့တော့မရ။

ယခုခေတ်ကြီးက မျက်နှာရိုးလူလိမ်တွေ အများအပြား။

ဥက ကျွတ်ကတည်းက ရည်းစားလက်ဆွဲလာသူတွေ အများအပြား။

(၃၇) မင်းကို ပန်းပင်ကိုင်စရာမလို။ အထာသိသည့် ဆရာကြီး ဆရာမကြီးတွေ။

"ဝသုန်"

"ရှင် မမ"

"နင်ရော အခြေအနေကောင်းရဲ့လား၊ မအူမလည်နဲ့ ကျားစာဖြစ်သွားဦးမယ်နော်။ သိတယ်မလား။ ခေတ်ကြီးက အရိုးပါမကျန်အောင် ဆွဲစားနေကြတဲ့ခေတ်"

"သိပါတယ် မမရဲ့။ ဝသုန် ဘာမှမလုပ်ပါဘူး"

ဝသုန့်အသံလေးက မလုံမလဲ၊ မဝံ့မရဲ့။ မျက်စိထဲမှာ

မြင်ယောင်နေသူက ညီပြည့်စုံ။

အပြောကတော့ ချောနေတာပဲ။ တကယ့်ကိုလက်ထ
သည်အထိ သံသရာဆုံးသည်အထိ၊ တစ်မိုးအောက်မှာ ထ
ယောက်တည်းရှိသည့်ပုံစံ။

သည်တော်ကီမျိုးတွေနှင့်ပဲ မိန်းကလေးတွေကို ခြေ
မျာပေါ့။

''နင့်ကြည့်ရတာ ထူးခြားနေသလားလို့''

''ဘာ ဘာထူးခြားလို့လဲ၊ မမကလည်း''

''အလှတွေ၊ ဘာတွေ ပြင်လာသလားလို့''

''ပြင်ပါဘူး မမရယ်။ အရင်လိုပါပဲ။ အဲ ပန်းနုပေး
မိတ်ကပ်လေး စမ်းသုံးကြည့်နေတာလေးတစ်ခု''

''မိန်းကလေးချင်းလည်း မယုံရဘူးနော်။ လူကုန်ကူ
နေကြတာ မိန်းမအချင်းချင်းတွေ''

''အင်းပါ၊ ကဲ မမ ဂိုက်သွားရဦးမှာမလား''

''အေး ... ကဲ ရေချိုးကြမယ်။ ပြီးရင် ထမင်းစား
မယ်။ မမကြီး ဘာတွေချက်ထားမလဲ''

ထမင်းအုပ်ဆောင်းကို သွားဖွင့်ကြည့်တော့ ဟင်းတွေ
အစုံ။

ကြက်သားကြော်၊ အချဉ်ကြော်၊ ငန်ပြာရည်ချက်နှင့်
ချိုးနောမျိုးစုံ။ ပုန်းရည်ကြီးသုပ်။

ဟင်းတွေများနေပေမယ့် ဟိုးအရင်ဘဝကလောက်
ပေါ့။

မမကြီးတစ်ယောက် ဘာတွေဖြစ်နေပါလိမ့်။

*

သည်နေ့ ကျောင်းအားရက်မို့ မမဝသန် စျေးသွားသည်။
ဆန် အိမ်မှာနေပြီး တစ်ပတ်စာအဝတ်တွေကို မီးပူတိုက်နေပါ
သည်။

ခါးထိရှသည့် ဆံနွယ်တွေကိုလျှော်ပြီး ဖြန့်ချထားသလို
အိပ်နေရင်းမို့ ငယ်ငယ်က ဂါဝန်အနက်ပွင့်လေးကိုလည်း ဝတ်
ထားမိသည်။

ဝင်းပနေသည့် မိန်းမပျို။

သီချင်းလေးတီးတိုးညည်းရင်း အိမ်ထဲမှာ အလုပ်လုပ်
နေရင်း တံခါးခေါက်သံကြောင့် မျက်မှောင်ကျုံ့သွား၏။

''ဘယ်သူလဲ''

''ကိုကိုပါ''

''ဟန်''

အဆင့်က အိမ်လိုက်လာသည့်အထိလား။ ကျောင်းလိုက်လာသည့်အဆင့်မှ အိမ်အထိလိုက်လာခဲ့ပြီပေါ့။

''အိမ်မှာ လူကြီးတွေမရှိဘူး''

''လူကြီးတွေ တွေ့ရအောင်လာတာမဟုတ်ဘူး။ ကလေးကို တွေ့ရအောင်လာတာ။ လူများ အလှူခံကျလို့''

''ဝသုန်တစ်ယောက်တည်း ဧည့်သည်လက်မခံဘူး ကျောင်းမှာလည်း လာတွေ့နေသားနဲ့ ကိုကိုလွန်တယ်။ မမလေး မြင်ရင် တစ်မျိုးထင်လိမ့်မယ်''

''ကဲပါ ဖွင့်စမ်းပါ။ တောကြီးမျက်မည်းထဲ ကျနေတာကွာ။ ဘေးခန်းမှာလည်း လူတွေရှိသားပဲ၊ ကျောက်ခေတ်မိန်းမပျိုကျနေတာပဲ''

ဟုတ်ပါတယ်လေ။ ငါကိုက အကြောက်ကြီးနေတာ။ ဝသုန် တံခါးဖွင့်ပေးရပါ့၏။ သူက ဟိုဟိုသည်သည်ကြည့်ရင်း အိမ်ထဲသို့ဝင်လာသည်။

ဝသုန် ရန်လုပ်ပစ်ပါ့၏။

''ကိုကို အိမ်ထိ လိုက်နှောင့်ယှက်တာတော့ မကောင်းဘူး။ ဝသုန့်အစ်မတွေ အထင်လွဲလိမ့်မယ်။ ဝသုန်က အိမ်မှာလေးပဲ''

''ကိုကို ဘာနှောင့်ယှက်လို့လဲ''

''ခုလို အိမ်လိုက်လာတာကိုက နှောင့်ယှက်တာလေ။ ပြန် ပြန်တော့။ အိမ်မှာ ဘယ်သူမှလည်း မရှိဘူး''

''ဟောဗျာ၊ ဧည့်ခံပုံကလည်း ရှယ်ပဲ။ လက်ဖက်ရည်လေး၊ မုန့်လေးလောက်တော့ ကျွေးပါဦး''

''ကျွေးပြီးရင် ပြန်ရမှာနော်''

''အင်းပါ ပြန်ပါ့မယ်''

ဝသုန် လက်ဖက်ရည်နှင့်မုန့် ပြင်ပေးပြီး သူကိုကျွေးမွေးတော့ ဧည့်ခန်းထဲမှာ သူက ပြုံးပြုံးကြီး။

''ညီမလေးက အကုန်လုပ်တတ်တယ်နော်''

''မိန်းမပဲ လုပ်တတ်တာ ဘာဆန်းသလဲ''

''ဆန်းတာပေါ့။ တချို့ကောင်မလေးတွေ မလုပ်တတ်ဘူး။ ဆတ်စလူးတွေ။ ပေါ့ပေါ့နေ ပေါ့ပေါ့စားတွေ။ အိမ်ထောင်သည်း မထိန်းသိမ်းတတ်ဘူး။ သူတို့ရတဲ့ယောကျ်ားတွေတော့ သူတို့ဖြုန်းသမျှ ရှာတာနဲ့ ခေါင်းမွေးပြောင်မယ်''

ဦးပြည့်စုံ သက်ပြင်းချကာ ထပြန်ခဲ့ရလေသည့်အဖြစ်။

*

ဝသန်။

စျေးခြင်းက နည်းနည်းတော့လေးသည်။ တစ်ပတ်မှ တစ်ခါ စျေးသွားရတာမို့ လိုအပ်ချက်တွေ အကုန်ဝယ်ရသည်။

စျေးခြင်းဆွဲပြီး ကားဂိတ်ဆီ လျှောက်လာခဲ့ အနားမှာ ကပ်ရပ်သွားသည့် ကားက ဖွဲ့သူရန့်င့် သူငယ်ချင်း (၂) ယောက်။

''ဝသန် လာ ငါပြန်ပို့ပေးမယ်''

''ရတယ် သွား။ ငါ့ဘာသာ လိုင်းကားနဲ့ပြန်မယ်''

''နင်ကလည်းဟာ။ စိတ်မကောက်စမ်းပါနဲ့၊ လာ တက်။ ငါ့မှာ တာဝန်ရှိတယ်။ နင့်ကိုပြန်ပို့ပြီးမှ ငါကိစ္စဆီသွားမယ်''

သူသူငယ်ချင်းတွေကလည်း ပြုံးစိစိ။ ဖွဲ့သူရ ဘာလဲ၊ ဘယ်လဲဟူသည့် အကြည့်တွေနှင့်။ ဖွဲ့သူရ အရှက်ကွဲမခံနိုင်။ သူရာဇဝင်မှာ မရှိ မလှ မဝဆိုတာ မရှိ။

''ကဲ လာ တက်ဆိုတက်နော် ဝသန်''

''ပူမနေနဲ့၊ သူဘာသာတတ်သွားလိမ့်မယ်။ ကဲ စားကောင်း၊ သောက်ကောင်းအောင် ပြောမနေနဲ့။ စားပြီးရင် ပြန်''

''တော်တော်ညည့်ခံကောင်းတဲ့ ညီမလေးပဲ။ ကိုကိုက သူ့ကို ဘာလုပ်မှာကျနေတာပဲ။ ဘေးခန်းတွေမှာလည်း လူတွေ နဲ့ကို''

''လူ လူ မမတွေ ယုန်ထင် ကြောင်ထင်ကို အထင်မခံနိုင်ဘူး''

''ဟောဗျာ၊ ခုထိ ကိုကိုနဲ့ညီမလေး ဘာမှမဟုတ်သေးဘူးလား''

''အို ဘာဟုတ်စရာရှိ။ ကိုကို ပြန်တော့၊ လာနောက်မနေနဲ့''

''တကယ့်ကို ဘုရားစူး မိုးကြိုးပစ်ပါဗျာ။ ညီမလေးကို ကိုကို တကယ်ချစ်တာပါ''

''တော်ပြီ ပြန်တော့''

''မယုံတာလား၊ မစဉ်းစားတာလား''

''အေးဆေးနေပါရစေဗျာ။ ဝသုန်ကိုလာပြီး ကျပ်မနေစမ်းပါနဲ့။ ကဲ ...ပြန် ပြန်တော့''

နောက်ဆုံး ဆွဲမထုတ်ရုံတမယ် နှင်ထုတ်နေတာမို့

သည်လောက်ကြီးမောင်းလာတော့ ဝသန် သူကိုဖြို့ရသည်။ လူကြားထဲ အရှက်တကွဲ အကျိုးနည်းဖြစ်မှာစိုးတာလည်းပါ၏။

"ကဲ ဘော်ဘော်လို့ နောက်ဘက်ရွှေ့။ ငါတို့ (၂)ယောက် ရွှေ့ကစီးမယ်"

"မင်းပဲ နောက်သွားပါကွာ။ လင်မယား (၂) ယောက် နောက်ကနေ ကြိုက်သလိုလုပ် လိုက်ခဲ့ပါ"

"ဟေ့ကောင်တွေ"

တဟားဟားရယ်ရင်း ဖွဲသူရ နောက်ဘက်သို့လျှောက်လာပြီး ဝသန့်ပစ္စည်းများကို ကားဘောက်ထဲထည့်သည်။

နှစ်ယောက်အတူ ကားနောက်ဘက်မှာစီးသည်။ ဝသန် စိတ်စနောင့်စနင်း ဖြစ်ရပါ၏။

"ငါ့ဘာသာ လိုင်းကားနဲ့ပြန်တာ ဟုတ်နေသားနဲ့၊ ရွှဲကိုရွှဲပတယ်"

"ဝသန်နော် ... နင် ငါ့ရည်းစားတစ်ယောက်လုံးလုပ်နေပြီး လိုင်းကားတိုးစီးနေတာ ငါအောက်တာပေါ့"

"ဘာမှမဆိုင်ဘူး"

"ဆိုင်တယ်၊ စကားမများနဲ့ ငြိမ်ငြိမ်နေ"

ဖွဲသူရနှင့်သူ ပူးပူးကပ်ကပ်မထိုင်ချင်ပေမယ့် ထိုင်နေရပါ၏။ သူက ဝသန့်ပခုံးပင် ဖက်လိုက်သေး။

"ဖွဲသူရနော် ... ကောင်းကောင်းနေစမ်း"

"သဏ္ဌာန်လုပ် သရုပ်နဲ့တူအောင်ပါဟာ။ ရွှေ့ကကောင်တွေ ရွှေ့မှာ ငါအရှက်မကွဲရုံလေးပါ"

"ဘာဆိုင်လဲ၊ ငြိမ်ငြိမ်နေ ငါမရိုင်းချင်ဘူး"

"အေးပါ ... အေးပါ"

ဖွဲသူရ သူမအနီးမှာ ငြိမ်ငြိမ်ထိုင်နေပမယ့် ဉာဏ်နီဉာဏ်နက်များ ထုတ်နေသလားတော့မသိ။

"ငါတို့ တစ်ခုခုစားရအောင်ဟာ။ ရွှေ့ကဆိုင်ဝင်မယ်"

"အို့ မစားချင်ပါဘူး။ အိမ်အပြန်ပြန်ရောက်ချင်ပြီ။ အိမ်မှာ လူမရှိဘူး။ ဝသန်တစ်ယောက်တည်းရယ်"

"ဆန်းလို့လားဟာ။ ဘာမှလည်း စိတ်မချစရာမရှိပါဘူး။ လိုင်းခန်းမှာနေတာပဲ။ ဘေးမှာ လူတွေနဲ့"

"ခဏလေးပါဟာ နော်၊ တစ်ခုခုစားရအောင်"

"ငါ မစားတတ်ဘူး၊ လူတွေကြားထဲ လူတွေအများကြီးထဲ မစားတတ်ဘူး"

"လာစမ်းပါ"

ဆိုင်တစ်ခုမှာ ကားရပ်ပြီး စားသောက်ဆိုင်ထဲဝင်ခဲ့တော့ ဝသန် ကန့်လန့်ကန့်လန့်နှင့် ပါလာရပါ၏။

အပျက်အပျက်နဲ့ နာခေါင်းသွေးထွက်ဆိုတာ ဒါမျိုးနေမှာပဲ။

စားပွဲတစ်ခုမှာ ထိုင်ရတော့ သူက ဝသန့်ဘေးမှာ ကပ်လျက်။

မီနူးကြည့်ပြီးမှာတော့လည်း သူ။ မကြာခင် အငွေ့တထောင်းထောင်းနှင့် အကြော်အလှော်တွေ၊ အကင်တွေ၊ ဟင်းချိုတွေ ရောက်လာခဲ့သည်။

"စား ဘာဆေးမှခပ်မထားဘူး။ ဝသန့်ရှေ့တင် မှာလိုက်တာ။ ရှင်းတယ်နော်။ အိုကေ"

ဖွဲ့သူရစတိုင်လ်က ခပ်မိုက်မိုက်။ တက်တူးတွေနှင့် လူငယ်"

ဘုရားရေ၊ ပေါင်တိုဇာတ်ထုပ်ထဲက မိဖုရားလိုပဲ – ငါ့မှာလည်း ဝဋ်ကြွေးတွေရှိသလား။ ဖွဲ့သူရကိုကြည့်ရတာ အရင်လောက် မုန်းဖို့မကောင်းတော့သလိုလို။

"စား ချစ်"

သူက ဝသန့်ပန်းကန်ထဲသို့ အသားတွေ တူနှင့်ညှပ်

သည့်ပေးတော့ ဝသန် ရှက်လိုက်တာ။

"ရတယ်၊ ကိုယ့်ဘာသာစားမယ်"

"ကိုယ်က ခွံ့တောင်ပေးချင်တာ"

သူသူငယ်ချင်းတွေကလည်း ခပ်လောင်လောင်။

"ရတယ် ဖွဲ့ကြီး၊ ချ ငါတို့ မမြင်ချင်ယောင် ဆောင်နေမယ်"

"မင်းတို့များ သောက်ဂရုကိုမစိုက်ဘူး။ ငါ့ဟာလေးက အရမ်းရှက်နေလို့"

"မင်းစော်ကလည်း ဘိုးတော်ဘုရားခေတ်ကလား၊ သောင်ရမ်းခေတ်ကလား"

"ဟေ့ကောင်တွေ ... သွား မင်းတို့ (၂) ကောင် ဟိုဘက်ဝိုင်းသွားတော့။ ငါ သည်းမခံနိုင်ဘူး"

(၂) ယောက်သား စပ်ဖြီးဖြီးနှင့် တစ်ဖက်ဝိုင်းသို့ ရွှေ့သွားကြတော့ သူတို့ဝိုင်းမှာ (၂) ယောက်တည်း။

"လူတွေမြင်ရင် တစ်မျိုးထင်တော့မှာပဲ"

"ဩော်ကွာ ... ဝသန်ကလည်း ဟိုကောင်တွေပြောတဲ့ သောင်ရမ်းခေတ်ကလာတာ ကျနေတာပဲ"

"ဘာဆိုင်လဲ"

''ဆိုင်တာပေါ့။ စားသောက်ဆိုင်ထဲမှာ မဖွယ်မရာ လုပ်နေကြတာမှ မဟုတ်ဘဲ။ တည်းခိုခန်းမှာ ဟိုတယ်တွေမှာ တွေ့ရသာ ရှက်ပါ။ ခု မရှက်နဲ့''

''စားမှာသာစား၊ ပြီးရင် ပြန်ပို့ပေးမယ်''

''ကိုယ့်ဘာသာ သွားစရာရှိတာ သွားပါလား။ ဝသန်ဘာသာ လိုင်းကားစီးလည်း ရတဲ့ဥစ္စာ''

''မရလိုပေါ့ဗျ။ ခင်ဗျားလေးက ကျုပ်နဲ့ပတ်သက်နေပြီ၊ ကျုပ်မှာ တာဝန်အပြည့်ရှိတယ်။ ဦးလည်မသုန် ထမ်းရွက်ရမယ်''

''တော်တော်ထမ်းချင်နေ''

''ဒါပေါ့ဗျ''

နှစ်ယောက်အတူ စားရ သောက်ရတာပါပဲ။ ခေါင်းကိုင်းပြီး ဝသန်စားနေတော့ သူက ကောင်းနိုးရာရာတွေကို တူနှင့် ညှပ်ထည့်ပေးနေလေ၏။

''တော်ပြီ ရှင်စားပါ''

''ကိုယ်က ခွံ့တောင်ပေးချင်တာ သိလား''

''တော်စမ်းပါ၊ ရှင့်ရည်းစားတွေသာ သွားခွံ့''

''ဟိုကောင်တွေကို သွားခွံ့ရမှာလား''

''ဒါတော့ သိနိုင်ဘူးလေ။ ရှင်က ယောကျ်ားအရေ

ပေါက်ဘဲ ဂေးဆိုရင် သွားခွံ့ပေါ့''

''ကြည့်စမ်း ...ကြည့်စမ်း၊ ကိုယ့်ကိုများ ဂေးတဲ့။ သိမယ်၊ တစ်နေ့ကျ လက်တွေ့ပြမယ်။ ဂေးလား ဘိုင်းလားဆိုတာ''

ကိုယ့်စကားနှင့်ကိုယ် ချည်မိမှာစိုးလို့ ဝသန် ငြိမ်နေရသည်။ လောလောဆယ်တော့ ဗိုလ်ချုပ်ပြောသလို –

''နွားတော့ဖြစ်ပြီ ခွေးမဖြစ်အောင် ဆက်ကြိုးစားကြစို့''ဆိုသလိုပါပဲ။

အခြေအနေကို သတိအပြည့်နှင့် ရင်ဆိုင်ဖြတ်ကျော်ရဦးမှာပါပဲ။

စားရင်း သောက်ရင်း သူတော်ကိုတွေလည်း နားထောင်ရပါ၏။ တော်ကိုကတော့ ဖြုတ်ခနဲကြွေသွားလောက်သည်။

''ဝသန်ရယ် ...နင်နဲ့ငါ တွဲကြရအောင်ဟာ။ နင်သည်း ရုန်းကန်နေရတာ မသက်သာဘူး။ ငါနဲ့တွဲလိုက်၊ နင့်ဘဝ ပြည့်လှုပအောင် ငါ ကူညီမှာပေါ့''

''ဝါသနာမပါဘူး။ ကိုယ့်ဘာသာ ရိုးသားစွာ ကြိုးစားမယ်''

''ရည်းစားထားတာ မရိုးသားတာ ကျနေတာပဲ။ လူပျို၊

အပျို တွဲကြတာပဲ။ သဘောထားချင်း တိုက်ဆိုင်တော့လည်း လက်ထပ်တဲ့အထိ စခန်းသွားကြရုံပေါ့''

''တော်ပါပြီ၊ ဆားနဲ့ပဲစားပါ့မယ်''

''နင့်စကားပြောရတာ အရမ်းလက်ပေါက်ကပ်တာပဲ။ ငါနဲ့တွဲခဲ့သမျှ ရည်းစားတွေ ဘယ်သူမှ ဒီလောက်ပြောနေရဘူး နင်ငါချစ်သူဖြစ်လာရင် ရမယ့်အခွင့်အရေးတွေ ပြောပြမယ်''

''အံမာ ... လူကိုလာပြီး မက်လုံးတွေ ပေးနေတယ်''

''နားထောင်ကြည့်ပါဦး။ ကျောင်းသွားရင် ငါ့ဖယ်ရီကို အလကားစီးရမယ်ဟာ။ နင့်ညီမလေးပါ ဖယ်ရီခမယူဘူး''

''အံမာ ... ငါက ဖယ်ရီအလကားစီးရဖို့ နင့်ကိုတွဲ မယ်ပေါ့ ဝေးသေး''

''နားထောင်၊ အခွင့်အလမ်းတွေက မကုန်သေးဘူး နင့်ကို နေ့တိုင်း မုန့်ဝယ်ကျွေးမှာ။ တစ်ပတ်တစ်ခါ လျှောက်လည် ရှော့ပင်ထွက်ရင် အဝတ်အစား၊ အသုံးအဆောင်တွေ ဝယ်ပေး မှာ''

''ဆောရီးပဲ၊ ဘာမှစိတ်မဝင်စားဘူး''

''နင်က အပျိုကြီးပဲလုပ်တော့မလို့လား''

''မလုပ်ပါဘူး၊ ဒါပေမဲ့ ဘွဲ့ရ အလုပ်ရမှ ငါ့အိမ်ထောင်

ဘက်အဖြစ် လက်ခံနိုင်မှ ချစ်သူထားမှာ။ ချစ်သူနဲ့လက်ထပ်သူ ဘစ်ယောက်တည်းဖြစ်စေရမယ်''

''ဘိုးတော်ဘုရားခေတ်က အယူအဆတွေပဲ။ အေးလေ နင့်လိုမိန်းကလေးမျိုး ရတဲ့ယောကျ်ားကတော့ အင်မတန် ကံကောင်းတာပေါ့။ ဒါထက် အဲဒီယောကျ်ားက ငါရောမဖြစ်နိုင်ဘူး လား''

''တော်ပါဟာ၊ ကဲ စားပြီးရင်လည်း ငါ့ကိုပြန်ပို့တော့''

ဝသန် ထရပ်ဖို့ပြင်တော့ ဇွဲသူရ သက်ပြင်းချရင်း ဝိတ် ဘာကို လှမ်းခေါ် ငွေရှင်းရ၏။

သည်ကောင်မလေးကို သိမ်းသွင်းရတာ တယ်ခက်ပါ လား။ စားပြီးနားမလည်၊ ဘာတွေလုပ်ပေးပေး၊ ဘာတွေကျွေး ကျွေး။ အားနာပုံလည်း မရ။

ကားမောင်းရင်း ဇွဲသူရ စိတ်တွေတိုနေမိပါသည်။



အစကတည်းက သူမတာဝန်ယူထားရသည့်လူနာမို့ သခုလိုအချိန်ကျမှ အခြားသူကို လွှဲလို့မရ။ မသင့်တော်။

ကိုဝေမိုးကလည်း တောင်းတောင်းပန်ပန်။

''ညီမရယ် ငွေရေး ကြေးရေးလည်း မပူပါနဲ့။ ကိုယ်ပေးမယ်။ လမ်းမှာ ပိုးစိုးပက်စက်ဖြစ်သွားမှာစိုးလို့ လိုက်ပေးပါနော်''

''ကျွန်မကရော ဘာတတ်နိုင်မှာလဲ''

''တော်သေးတာပေါ့ ညီမရယ်။ ကိုယ်တို့ချည်းသွားတာသက်တော့ အဆင်ပြေသေးတာပေါ့''

နောက်ဆုံး ညီမ (၂) ယောက်ကို ဖုန်းနှင့် အကျိုးအကြောင်းပြောပြီး ခင်ထက်ပန် လူနာစောင့်လိုက်သွားရပါ၏။

ကားထဲမှာ ကိုဝေမိုးရယ်၊ သူသူငယ်ချင်း တစ်ယောက်ရယ်။

အန်တီစိုးနှင့် ခင်ထက်ပန်၊ နောက် သူတို့နှင့် ဆွေမျိုးနီးစပ် ကောင်မလေးတစ်ယောက်ရယ်။

စုစုပေါင်း (၅) ယောက်။

လူနာသက်သောင့်သက်သာဖြစ်အောင် ပြင်ဆင်ခင်းကျင်းပြီး သူမတို့က ကားနောက်ထဲမှ လိုက်ရသည်။

ရန်ကုန်–ပြည် ခရီးစဉ်။

အခန်း (၂၀)

ရင်သားကင်ဆာခွဲစိတ်ထားသည့် အနာက ချုပ်ရိုးဖြည်ပြီး အခြေအနေကောင်းပေမယ့် မထင်မှတ်သည့် နှလုံးက ထဖောက်လာသဖြင့် ဒေါ်သူသူစိုး အဖြစ်က အသည်းအသန်လူနာ။

ရန်ကုန်မှာ ဆက်မကုတော့ဘဲ ပြည်ကိုပြန်ချင်ပါသည်ဆိုတော့ ကားနှင့်ပြန်ပို့ဖို့ စီစဉ်ရသည် လမ်းမှာစောင့်ရှောက်ဖို့အတွက် နှစ်လိုပြီ။

ဆရာဝန်တွေကတော့ မလိုက်နိုင်။ နှစ်ကလည်း အခြားသူများကိုခေါ်လို့မရ။ ခင်ထက်ပန်၏တာဝန် ဖြစ်လာပေပြီ။

ဆေးရုံက (၅) နာရီလောက်မှထွက်ရသည်။ လူနာသိ
နေတာမို့ နားနားနေနေမောင်းရမည်ပုံ။

''မနက်တော့ ရောက်သွားမှာပေါ့''

''တကယ်က ညဘက်ခရီးသွားဖို့မကောင်းဘူး''

ခင်ထက်ပန် စိတ်ထဲမှပြောမိနေတာပါ။

အကာလ ညအချိန်မတော်ကြီး အမြန်လမ်းပေါ်မှာ
အသည်းအသန်လူနာကြီးနှင့်။

မတော်တဆများ ဖွ မပြောကောင်း မဆိုကောင်း သေ
များသေခဲ့လျှင် –

လိုက်လာပြီးမှ ခင်ထက်ပန် လန့်နေမိ၏။ သူနာပြုဆရာ
မမို့ မကြောက်တတ်ဘူးဆိုပေမယ့် အခြေအနေနှင့် အချိန်အခါက
သွေးလန့်စဖွယ်။

နာရေးကူညီမှုအသင်းကို အကူအညီတောင်းရအောင်
လည်း လူနာက လူရှင်။ လူသေမဟုတ်။

ကားခေတ္တရပ်တော့ ခင်ထက်ပန် ကိုဝေမိုးကို တောင်း
ပန်ရသည်။

''ကိုဝေမိုး နောက်လာစီးပါလားဟင်။ အန်တီက အရမ်း
မောနေတော့ ကျွန်မ အားငယ်လို့ပါ''

ရွှေ့မှ ကားမောင်းနေသည့် သူသူငယ်ချင်းကလည်း
သတ္တိကောင်း။

''ကျွန်တော်လည်း တစ်ယောက်တည်း မမောင်းရဲဘူး
နော်။ နောက်က တစ်ယောက်တော့လာ''

ကားလေးတစ်စီးတည်းမို့ သွေးလန့်နေကြသလားမသိ။
ကားကြီးတွေတော့ တစ်စင်းစ နှစ်စင်းစ။

ကပ်လိုက်လို့တော့မရ။ ဟိုင်းဝေးမောင်းသည့်ကားကြီး
ဆွဲက မြန်မှမြန်။ သူတို့ကားကလည်း အရမ်းစွပ်တင်လို့မရ။
သူမမာကယဲ့ယဲ့။

ကားခဏနား၊ လူတွေအစာစားပြီးတော့ လူချင်းချိန်းကြ
သည်။ ကိုဝေမိုးက နောက်လာ။ ကလေးမလေးက ရှေ့သွား။

လူမမာကတော့ ဒရစ်ချိတ်ထား၊ အိပ်ဆေးပေးထားလို့
ခိုန်းနေပုံ။

''ညီမလည်း ကပ်မှေးနေလေ။ အစ်ကိုစောင့်ပေးမယ်။
တစ်ခုခုဆို နှိုးမယ်။ အိပ် အိပ်လိုက်''

''ရပါတယ် ကိုဝေမိုး မှေး။ ကျွန်မစောင့်မယ်၊ အိပ်
ကြဖန်အိပ်လိုက်''

နောက်ခန်းထဲမှာ ဒီလိုပဲ ကြဖန်အိပ်ရုံ။

သူမြို့ သူနေရာမှာပဲ သူဆရာနှင့် ကုသကြပေလိမ့်မည်။

အိမ်သားတွေက ကိုဝေမိုးကို အရေးတယူ။ ခေတ္တ၊ ထားပဲနေပြီး သူက ပြန်ထွက်တော့ ခင်ထက်ပန် ပါလာရသည်။

သူက ကားပေါ်ပါလာသည့် သူငယ်ချင်းနှင့် ကောင်မလေးကိုလည်း လျှောက်ပို့လိုက်၏။

ကားပေါ်မှာ သူနှင့်ခင်ထက်ပန်သာ ကျန်တော့သည်။ သူမ အလိုလိုသွေးလန့်လာပေပြီ။ ဘဝပေးအသိအရ မိန်းမဆိုတာ အရွယ်မရွေး အန္တရာယ်ရှိသည်။

''ကိုဝေမိုး ... ကျွန်မကို ကားဂိတ်လိုက်ပို့ပေးပါ။ ခုနောက် ကားတွေရှိဦးမှာပေါ့''

နာရီကြည့်တော့ (၇) နာရီသာသာ။

''မနက်စာ တစ်ခုခုစားကြစို့။ ဒါမှမဟုတ် ညီမနားဖို့ ဘစ်နေရာရာ''

''အာ ... ရတယ်, ရတယ်။ ကားဂိတ်သာပို့ပေး။ ကားဆောင့်ရင်းမှ တစ်ခုခု ကြုံရာစားလိုက်မယ်''

''ဘယ်ဖြစ်မလဲ၊ ကိုယ့်မှာ တာဝန်ရှိတာပေါ့။ အစားအသောက်ကောင်းတဲ့ဆိုင် ကိုယ်သိပါတယ်''

''ကျွန်မကို စိတ်ဆင်းရဲအောင် မလုပ်ပါနဲ့။ ကားဂိတ်ပဲ

နှစ်ယောက်အတူ မပူးချင်လည်း မရ။ ကျဉ်းကျဉ်းကြုတ် ကြုတ်လေး။

ခင်ထက်ပန် ရင်ခုန်နေတာလား။ စိတ်ညစ်နေတာလား မသိ။ အတွေ့အကြုံက တစ်မျိုးကြီး။ အသည်းအသန်လူနာကြီး ဘေးမှာ။

သည်ကြားထဲ ပင်ပန်းလွန်းသဖြင့် သူမ မှေးခနဲ အိပ်ပျော်သွားမိတာ။

ယောကျ်ားတစ်ယောက် ပါနေသည့်ကြားမှ မှေခနဲ အိပ်ပျော်တာလား၊ သတိလစ်တာလားတော့မသိ။

အိပ်မက်ထဲမှာ ကိုဝေမိုးနှင့်အတူ မြန်မာပြည်အနှံ့ လျှောက်သွားနေလို့ပါလားလေ။

ပြည်ရောက်တော့ အန်တီစိုးကို သူအိမ်ထိပို့ပေးလိုက်ကြသည်။ သူအိမ်က နွမ်းနွမ်းပါးပါးပုံစံ။

ပို့ပေးပါ''

ကားပေါ်မှာ အချေအတင်ဖြစ်နေရပေမယ့် သူက တိုက်ကလေးတစ်လုံးရှေ့မှာ ရပ်လျှင် ခင်ထက်ပန် စိတ်ဆိုးရသည်။

''ဒါ ရှင့်အိမ်လား။ ကျွန်မ မဝင်တော့ဘူးနော်။ ကားဂိတ်ပဲ ပို့ပေး။ ရှင်မပို့လည်း ကျွန်မဘာသာ သွားတော့မယ်''

''ခဏလေးပါကွာ။ ခဏဆင်းပါဦး''

''မဆင်းဘူး၊ မဆင်းတော့ဘူး''

နေရာစိမ်းတစ်ခုသို့ သူ့ကိုယုံကြည်ပြီးလိုက်လာမိတာမှားပြီဟု ခင်ထက်ပန် ခံစားနေရပြီ။ ကိုဝေမိုးအသွင်က တစ်ခုခုကို ဆုံးဖြတ်ထားသလိုကြီး ထင်ရ၏။

ယောကျ်ားမာယာတွေလား။ ယောကျ်ားမာန်လား။

''ကျွန်မ ရုန်းရင်းဆန်ခတ်တွေ မဖြစ်ချင်ဘူးနော်။ ရှင် ကျွန်မကို စိတ်အနှောင့်အယှက် မပေးနဲ့''

''ညီမကရော ဘာဖြစ်နေတာလဲ။ ကိုယ့်မြို့ရောက်လို့ ညှဉ့်ဝတ်ပြုချင်တဲ့စိတ်ပဲ ကိုယ့်မှာရှိတာပါ''

အခြေအတင် အတိုက်အခံတွေဖြစ်နေရပြီး ခင်ထက်ပန် ကားပေါ်မှဆင်းလိုက်ရသည်။

တိုက်ကလေးထဲသို့ မဝင်တော့ပါ။ သူမ ကားဘေး

လှစ်ခနဲ ပြေးထွက်လာမိပြီ။

သူဟာ မင်းသားခေါင်းဆောင်းထားတဲ့ ဘီလူးပေါ့။ သူ့ဇာတိတွေ လှစ်ဟပြတော့မှာ။

ယခုပဲကြည့်၊ ကားဂိတ်မပို့ဘဲ ဘယ်နေရာကို ခေါ်လာတာလဲ။ အဆင်ကြည့်ရတာ သူ့အိမ်လည်း ဟုတ်ပုံမပေါ်။

ပြည်မြို့ကို တစ်ခါမှမရောက်ဖူးပေမယ့် လူတွေကြားထဲ မကြောက်ပါဘူး။

ဒါ မင်းမဲ့တိုင်းပြည်မဟုတ်။

ခြေဦးတည့်ရာ လျှောက်သွားနေတော့ နောက်မှလိုက်လာသည့် သူကားကို လန့်ရပြန်သည်။ ခင်ထက်ပန် မြင်နေရသည့် စားသောက်ဆိုင်ထဲသို့ စွတ်ခနဲ ဝင်လိုက်ရပါ၏။

ဆိုင်ထဲမှာတော့ ဘာမှမဖြစ်နိုင်။

ဘာဖြစ်သွားတာလဲ။ ကိုဝေမိုးဟာ သည်ဘက်ရောက်တာနှင့် အချိုးပြောင်းသွားတာလား။ သူမက အစိုးရိမ်ကြီးနေတာလား။

အဖြစ်အပျက်ကိုက သဘာဝမကျတာလေ။ သူဟာ စားနေကျကြောင်ပါးကြီးလား။ မိန်းကလေးတွေကို ဖြားယောင်းဖျက်ဆီးနေသူလား။

အခြေအမြစ်မရှိ၊ ဘဝကို လျှို့ဝှက်ထားသည့် လူတစ်ယောက်ဟာ အကြီအစည် တစ်ခုခုရှိနေနိုင်တာပေါ့။

ခေတ်ကြီးကလည်း မဖွယ်မရာ။

ယခုလည်း သူမ မုန်ဟင်းခါးစားနေသည့်အနားမှာ ထိုင်ပြီး သူမကိုချော့မော့ဖြောင်းဖြနေလေ၏။

မေခလာ၏ သီချင်းလိုပဲ။

စောစောစီးစီးသိလိုက်ရတာ ကံကောင်းလို့ပေါ့။ ရိပ်မိလိုက်တာ။ သူပုံစံ မူမမှန်တာ။

"ရှင် သွားဆိုသွားနော်။ ကျွန်မဘာသာ လိုင်းကားနဲ့ ပြန်မယ်ဆိုမှ။ ရပြီ သွားတော့"

"ဘာဖြစ်တာလဲ။ ညီမ ဘယ်လိုစိတ်ပေါက်သွားတာလဲ။ အစက ကိုယ့်ကိုခင်ပါတယ်၊ ကိုယ့်နောက်လိုက်လာပြီး ဒီလိုကြီး သစ်စိမ်းချိုးချိုးတော့ ကိုယ် ဘယ်လိုနေမလဲ။ ကိုယ် ချင်းစာကြည့်"

"မစာတတ်ဘူး။ ရှင့်နောက်လိုက်လာတယ် မပြောပါနဲ့။ လူနာနောက်ကို စပါယ်ရှယ်နှစ်အနေနဲ့ လိုက်လာတာပါ"

ခင်ထက်ပန် မုန်ဟင်းခါးဖိုး ရှင်းပေးပြီး စားပွဲထိုးလေးကို မေးလိုက်သည်။

စားပွဲထိုးလေးကို မုန့်ဟင်းခါးတစ်ပွဲမှာလိုက်ပြီး ခင်ထက်ပန် စောင့်နေစဉ် ဆိုင်ထဲသို့ သူ လိုက်ဝင်လာလေ၏။

ခင်ထက်ပန် အားနာမနေနိုင်တော့။ ခပ်ထန်ထန် ပြန်ကြည့်လိုက်၏။

"ရှင် ကျွန်မကို လိုက်မနှောင့်ယှက်နဲ့တော့။ ကျွန်မ ရန်ကုန်ပြန်မယ်"

"ကိုယ်လိုက်ပို့မှာပေါ့။ ရန်ကုန်ထိ ပြန်ပို့ပေးမယ်"

"တော်ပြီ၊ လိုင်းကားနဲ့ပဲ ပြန်တော့မယ်။ ရှင် အနားယူတော့"

"မင်းလည်း အနားယူဖို့လိုအပ်နေပြီ"

"ရတယ်၊ ကျွန်မ ကားပေါ်အိပ်လိုက်သွားမယ်"

"ကိုယ်တောင်းပန်ပါတယ် ညီမရယ်။ ကိုယ် ရန်ကုန်ထိ လိုက်ပို့ပေးပါ့မယ်။ ကိုယ့်ကားနဲ့ ပြန်လိုက်ခဲ့ပါ"

ခင်ထက်ပန် သူ့ကို လုံးဝမယုံကြည်တော့ပါ။ သဘာဝလွန်ဖြစ်ရပ်တွေကြောင့်လား။

ကိုဝေမိုးဟာ အိမ်ထောင်ရှင်တစ်ယောက်လား။ ပြည်ရောက်တော့လည်း သူ့အိမ်၊ သူ့နွေရာကို ခေါ်ရဲတာမဟုတ်။

စောစောက တိုက်ကလေးသည် တစ်ခုခု ဖြစ်လိမ့်မည်၊

''မောင်လေး ... ကားဂိတ်ကို ဘယ်လိုသွားရလဲ၊ သေ
သေးလား''

''ဆိုက်ကားစီးသွားလိုက် အစ်မ။ ငါးရာပဲပေးရမယ်
ကျွန်တော် ခေါ်ပေးရမလား''

ဝိတ်တာလေးက ကူညီဖို့ သွက်သွက်လက်လက်။ သူ
သား အလန့်တကြား တားဆီးနေတာ။

''ရတယ်ညီလေး ရတယ်။ သူ စိတ်ကောက်နေလို့
အစ်ကို ချော့နေရတာ။ ကဲ ... ဒေါ်ခင်ထက်ပန် ကျုပ်ကို နည်း
နည်းတော့ အားနာဦး''

''မနာနိုင်ပါဘူး။ ရှင့်ကြည့်ရတာ ရိုးကိုမရိုးသား
တော့ဘူး''

''ဒီတော့ ခင်ဗျားက ဘယ်လိုထင်သလဲ ပြောကြည့်
စမ်းပါဦး''

သူပုံစံက မခံမရပ်နိုင်ပုံနှင့် ဒေါသကို မျိုချထားရသည့်
ပုံ။

''ဒီမှာ ... ဒီမှာ ရှင် ကျွန်မကို ဘာမှ ပြဿနာရှာနေ
စရာ အကြောင်းမရှိဘူး။ ရှင့်ကိစ္စပြီးပြီပဲ။ သွားတော့။ ကျွန်မ
ဘာသာ ကိုယ့်လမ်းကိုယ်ဆက်လျှောက်ရုံပဲ''

''ကျုပ်အကြောင်းပေါ့ဗျ။ ခင်ဗျားကို ကျုပ်ချစ်တယ်။
ခင်ဗျားနဲ့နီးစပ်ချင်လို့ စပ်နိုင်မှ တော်တဲ့အဒေါ်ကို ဆေးရုံတင်ပေး
တာ။ ကံကောင်းလို့ ဒီအထိ ခေါ်လာနိုင်ပေမယ့် ကံဆိုးတော့
ခင်ဗျား၊ ကျုပ်ကို ကောင်းကောင်းအထင်လွဲနေပြီ''

''ရှင် အရူးထတိုင်း ကျွန်မက လိုက်ထရမှာလား။ ရှင့်
သိုလှုမျိုးကိုလည်း မစဉ်းစားပါဘူး''

''ဘာလို့လဲ၊ ကိုယ်က နူနေ ဝဲနေလို့လား။ အလုပ်မရှိ
အကိုင်မရှိ ထင်နေလို့လား။ မင်းကရော ဘယ်လောက်မြင့်နေလို့
လဲ''

သူစကားတွေက ရန်စွယ်နှင့်ငေါငေါ။ ခင်ထက်ပန်၏
စကားကြောင့် ဒေါသတွေ တရှူးရှူးထွက်နေပုံ။

ဘယ်ရမလဲ။

ဒီကလည်း ခင်ထက်ပန်ပဲ။

''မမြင့်ပါဘူး၊ ဒါပေမဲ့ ... ရှင့်ကို ကျွန်မ ဘာမှမသိဘူး။
ကျွန်မဘဝကလည်း အပိုအလုပ်တွေနဲ့ အချိန်ကုန်မခံနိုင်သေး
ဘူး။ ကျန်ခဲ့တော့၊ ကျွန်မ သွားပြီ''

စလင်းဘတ်လေးကောက်လွယ်ပြီး ခင်ထက်ပန် ဆိုက်
ကား တစ်စီးပေါ်တက်လိုက်သည်။

အခန်း (၂၁)

ည (၈) နာရီလောက်မှ မမကြီး အိမ်ပြန်ရောက်လာတော့ သန့်ရော ဝသုန်ပါ စိုးရိမ်တကြီး။

တက္ကစီပေါ်မှ ဆင်းလာသည့် မမကြီးကို ညီအစ်မ (၂) ယောက် အပြေးအလွှား ကြိုမိကြသည်။

ဘာစကားတစ်ခွန်းမျှ မဆိုနိုင်ဘဲ ပက်လက်ကုလားထိုင်ပေါ်မှာ ပစ်ထိုင်ချလိုက်သည့် မမကြီးကိုကြည့်ပြီး ညီအစ်မ (၂) ယောက်၏မျက်နှာလေးတွေက ဆီးရွှက်မျှ။

မမကြီး ဘာတွေဖြစ်လာပါလိမ့်။ မေးလည်းမမေးရဲ။

"ကျွန်မကို အဝေးပြေးကားဂိတ် ပို့ပေးပါ။ ရန်ကုန် သွားမယ့်ကားဂိတ်"

ဆိုက်ကားဆရာ ဆိုက်ကားနှင်းပြီး ထွက်ခဲ့တော့ ကိုဝေမိုး၏ကားလည်း နောက်မှ ပါလာခဲ့လေသည်။



မကြည့်ပါနဲ့နော်။ ညီမလေးတို့လည်း စိတ်ပူတယ်။ မမကြီးက ညီမလေးတို့ရဲ့အမွန်အမြတ်လေးစားရတဲ့ သရဖူပါ။ ညီမလေးဘို့ကို မမကြီး ပူသလို မမကြီးအတွက်လည်း ညီမတို့ ပူတာပေါ့''

မနေ့ကညနေကတည်းက ရပ်ဝေးလိုက်သွားရသည့် မမကြီးဟာ သည်နေ့ည၌ ပြန်ရောက်လာရသည်မဟုတ်ပါလား။

''အေးပါ ညီမတို့ရယ်။ ငွေက မက်လောက်စရာ ဖြစ်ဘာရယ်၊ ကိုယ့်မိတ်ဆွေဖြစ်တာရယ်ကြောင့် မမကြီး လိုက်သွားခဲတာပါ။ ကဲ ... လုပ်စရာရှိတာ လုပ်ကြနော်။ မမကြီး နောက်မှ အေးအေးဆေးဆေး ပြောပြမယ်။ ဘာမှစိတ်မပူကြနဲ့''

''ညီမတို့ မမကြီးကို ထမင်းစားဖို့ စောင့်နေကြတာပါ''

''သြော် ... အေး၊ ဒါဆိုလည်း ပြင်လိုက်လေ၊ စားကြဘာပေါ့''

ခဏကြာလျှင် ထမင်းစား စားပွဲမှာ ညီအစ်မ (၃) ယောက် ဝိုင်းဖွဲ့မိကြသည်။

သို့သော် မည်သူမျှလည်း ဟုတ်တိ ပတ်တိ စားလို့မရကြ။ ရင်ထဲမှာ သောကဝေဒနာတွေက ကိုယ်စီ။

ရင်ဖွင့်လိုက်ရရင် သက်သာမှာပဲ။ အကြံဉာဏ်တွေလည်း ယူနိုင်မည်ထင်သည်။

အသက် (၆) နှစ် (၇) နှစ်မျှသာ ကွာခြားပေမယ့် မမကြီးသည် အစ်မကြီးအမိ ပီသခဲ့သည် မဟုတ်ပါလား။

''မမကြီး''

မမကြီးရဲ့ ကုလားထိုင်နားမှာ တစ်ဖက်တစ်ချက်စီရပ်ရင်း ဝသန်နှင့်ဝသုန် တုန်လှုပ်နေတော့ ခင်ထက်ပန် နှစ်သိမ့်ရသည်။

''ဝသန် ဂိုက်သင်မသွားဘူးလား''

''ဒီနေ့ နားပေးလိုက်တယ် မမကြီး''

''ဘာမှမပူနဲ့၊ မမကြီး ပင်ပန်းလို့ပါ။ စိတ်နည်းနည်း ဖိစီးလာလို့ပါ''

သူမတို့ စိတ်ချမ်းသာအောင် ဖော့ပြောနေပေမယ့် ပြဿနာက သည်မျှမက။ မမကြီးဟာ လောကဓံကို ခံနိုင်ရည် ရှိသူမို့ တော်ရုံ ပြဿနာလောက်ဆို မဖြို။

ဝသုန်က အငယ်ဆုံးပီပီ မမကြီး၏ ခြေရင်းမှာ ထိုင်ချပြီး ပေါင်ပေါ်မေးတင်ကာ မျက်ရည်တောင်ကြည်လည်နှင့် တောင်းပန်၏။

''နောက်ဆို ဟုမ်းတွေ ရပ်ဝေးတွေ မလိုက်ပါနဲ့ မမကြီးရယ်။ ငွေတွေ ဘယ်လောက်ပင် ပုံပေးပေး ငွေတစ်ခုတည်း

''အမယ်လေး ညီမလေးရယ်။ စက်မှုက ကောင်တွေက ကျုပ်းတွေ၊ ဂျွတ်စပွတ်တွေကြီးပဲ။ ညီမလေး အဲဒီကောင်ကို ပြန် ကြိုက်လိုက်ပြီလားဟင်'

''မကြိုက်ရဲလို့ မကြိုက်ပါဘူး''

''မကြိုက်ရဲလို့ မကြိုက်ပါဘူး''

''မကြိုက်နဲ့၊ မကြိုက်နဲ့။ မှားမယ်နော်။ သူတို့တွေက အရှိန်အဝါတွေသုံးပြီး ဒေးက ချာတိတ်လေးတွေကို လာပြီး ဆွဲစားနေကြတာ။ ဘယ်သူမှ အတည်တွဲဖို့ စိတ်ကူးကြတာ မဟုတ်ဘူး''

''သိပါတယ် မမကြီးရယ်။ ဒါပေမဲ့ သူက အရမ်းဖွဲ ကောင်းတာ။ ညီမလေးက ဖုန်းပိတ်ထားတာများတော့ ကျောင်း လိုက်လာတယ်။ အမြဲပဲ''

''ဒီလိုပဲလေ၊ စကားပုံတောင် မကြားဖူးဘူးလား။ မရခင် ချာလိုလိပ်ပြီး ထိပ်ပေါ်တင်နေကြတာ။ တို့မိန်းကလေးတွေက သူတို့ရဲ့ပန်းတိုင်၊ သူတို့ကတော့ အပြေးချန်ပီယံတွေ''

''ဟင် ... ဘယ်လို''

''ဟုတ်တယ်လေ၊ အပြေးချန်ပီယံတွေ။ ပန်းတိုင်ရောက် အောင် ကျားကုတ်ကျားခဲ ပြေးကြသလိုပေါ့။ ဟော ...

တစ်ယောက်တည်း အတွင်းကြိတ် ပူလောင်နေရသည် *နှင့်စာလျှင် ဝိုင်းဝန်းအဖြေရှာတာကမှ တော်ဦးမည်ထင်သည်*၊ ထမင်းစားပြီးကြတော့ လက်ဖက်တစ်ပွဲနှင့် ဧည့်ခန်းမှ ထိုင်ဖြစ်ကြသည်။ သည်နေ့ညစာ မကြည့်သေး။

ဝသုန် ကိုယ့်ပြဿနာကို အရင်တင်ပြပြီးမှ မမကြီး ဖြစ်လာသမျှ မေးမည်ဟု ဆုံးဖြတ်လိုက်မိ၏။

ညီအစ်မ (၃) ယောက် (၃) ပွင့်ဆိုင်ထိုင်နေကြပေမယ့် မျက်နှာလေးတေတော မလန်းနိုင်ရှာ။

''မမကြီး ဝသုန့်မှာလည်း ပြဿနာတစ်ခုရှိတယ်''

''ဟင် ... ဘာ, ဘာလဲ ညီမလေး''

ခင်ထက်ပန် သွေးလန့်သွားပုံက ငေါက်ခနဲ။ သူတို့ ဆေးရုံအိုဂျိဝပ်မှာ သည်လိုပဲ တက္ကသိုလ်ကျောင်းသူလေးတွေ အဘောရှင်းနဲ့ ရောက်လာနေကြတာ။

ဘုရား ... ဘုရား။

ကိုယ့်နှလုံးသားထဲမှာ ဗိုင်းရပ် စာပိုးဝင်နေရသည်နှင့် ကိုယ့်ညီမလေးတွေ ရေမျောမီးလောင်ဖြစ်နေရရှာပြီလေ။

''ဒီလိုပါ၊ ညီမလေးကို စက်မှုက အစ်ကိုကြီးတစ် ယောက် လိုက်နေတယ်''

ပန်းတိုင်လည်းရောက်ရော ပွဲပြီးသွားပြီလေ။ နောက်ပန်းတိုင်
တစ်ခုစီ ပြေးကြပြန်ရော''

''သူက သူ့ပထွေးက သူကျောင်းပြီးရင် သူ့သမီးတင်
ယောက်နဲ့ ပေးစားမှာမို့ ဝသုန်ကို အသည်းအသန်လိုက်နေတာ
တဲ့''

''ဟဲ့ အငယ်မရဲ့ ... ယောက်ျားဆိုတာ ဒီလိုပဲလေ။
လျှာအရိုးမရှိ လျှောက်ပြောမှာပေါ့။ သူတို့တော်ကီတွေမှာ မျောနေ
လို့ကတော့ ငါးပါးမှောက်ပြီသာမှတ်''

''နေပါဦး၊ နင်ကရော ကြိုက်ချင်ချင်လား။ ဝသုန်နော်
ငါတို့ကတော့ ကိုယ့်ညီမလေးကို ကလေးလေးလို ချစ်မဝသေး
ဘူး။ သူက အပျိုစိတ်ပေါက်နေပြီ''

''မပေါက်နဲ့၊ ငါတောင်ဒီနေ့ နှာခေါင်းကျည်ပွေ့တွေ့လာ
ခဲ့ပြီ''

''ဟင် ဘယ်လိုကျည်ပွေ့''

ညီမငယ်အတွက် စေတနာဒေါသတွေ ထွက်ရသဖြင့်
ခင်ထက်ပန် ကိုယ့်အကြောင်းကို စံနမူနာအဖြစ် ချပြဖို့ စိတ်ကို
ပိုင်းဖြတ်လိုက်ပါသည်။

*

ဆိုက်ကားရှေ့မှာ ကားဂိတ်ရပ်ပြီး ကိုဝေမိုး သူမကို
ချော့မော့တောင်းပန်ပုံက အရည်ပျော်ချင်စရာ။

''ညီမရယ် ... ကိုယ့်ကို အသေသာသတ်သွား။ ရန်
ကုန်ကားက နေ့လယ်ကားရှိပါတယ်။ ကားတွေအချိန်မရွေး ထွက်
နေတာပါ။ ကိုယ့်အိမ်မှာ ည့ဉ်ဝတ်ပြုပါရစေ။ ကိုယ့်ကို ဘာဖြစ်လို့
ဒီလောက်မုန်းနေရတာလဲ''

သူ ရှိုင်းဦးချ တောင်းပန်ပြီး ဆိုက်ကားပေါ်မှ ဆွဲခေါ်
သဖြင့် ခင်ထက်ပန် ပါသွားရပြီ။

တိုက်တစ်လုံးရှေ့မှာ ကားရပ်လိုက်တော့ တိုက်ထဲမှ
အသက် (၄၀) အရွယ်ခန့် အန်တီတစ်ယောက် ထွက်လာသည်။

''မောင်ဝေမိုး''

''အန်တီ ... ဒါ ကျွန်တော်ပြောပြောနေတဲ့ သူနာပြု
ဆရာမလေးပါ''

''အို ... မင်း သူ့ကိုခိုးလာတာလား။ မင်းနှယ်''

''ရှူး တိုးတိုး။ အန်တီထင်တာတွေ စွတ်ထင်မနေနဲ့။
အန်တီစိုးကို ပြန်ခေါ်လာပြီလေ။ နှာ့စ်ပါလာရတာပေါ့''

ခရီးသွားနေကြတာလား။ ဓာတ်ပုံလေးကို စာအုပ်ထဲ ပြန်ထည့်ထားလိုက်ပြီး ခင်ထက်ပန်ဟန်မပျက်နေလိုက်သည်။

ဘာပြောမလဲ၊ ကိုဝေမိုး ဘယ်လိုတွေပြောမလဲ။ မိန်းမ နဲ့သူတစ်ယောက်၏ အချစ်ဆိုတာကရော ဘယ်လိုအချစ်မျိုးလဲ။

ကိုဝေမိုး အစားအသောက်တွေကို စတီးဘန်းလေးနှင့် သယ်ဆောင်လာတော့ ခင်ထက်ပန် ငေးကြည့်နေမိတာ သံဝေဂများစွာနှင့်ပါ။

သမီးလေး (၂) ယောက်ရဲ့မျက်နှာမှမထောက်။ စောစောစီးစီး သိလိုက်ရတော့ ပိုပြီးကောင်းတာပေါ့။

ကိုဝေမိုးကတော့ သူ့အကြောင်းတွေ ခင်ထက်ပန် မသိလောက်ဟု ထင်နေမှာပေါ့။

''စားပါ ညီမ၊ နေ့လယ်စာကျွေးပြီးရင် ကားဂိတ်လိုက်ပို့ပါ့မယ်။ ဒါမှမဟုတ် ကိုယ် ညနေလိုက်ပို့မယ်''

''ရတယ် ... နေ့လယ်ကားနဲ့ ပြန်မယ်''

သူပြင်ဆင်လာခဲ့သည့် မုန့်များနှင့်ကော်ဖီကို (၂)ယောက် အတူစားနေကြရင်း အိမ်မှာ လူတစ်ယောက်မှ မရှိတာ သတိရဆိတ်လန့်နေမိ၏။

''ဘုရားရေ''

''ဟယ် ... အစိုး အခြေအနေ ဘယ်လိုလဲ''

''Breast က အခြေအနေကောင်းပြန်တော့ နှလုံးက ဖောက်တယ်''

''အို ... သတင်းသွားမေးဦးမှပဲ''

ပြောပြောဆိုဆိုနှင့် ထိုအန်တီတိုက်ထဲမှထွက်သွားတော့ ည့်ခန်းထဲမှာ ခင်ထက်ပန် ကြောင်ကျန်ခဲ့၏။

ဒါ မကြည်ဖြူကြောင်း ပြသွားတာလား။ ညာပြတာပေါ့။ ည့်သည်ကို လုံးဝဂရုမစိုက်ပုံ။ ကိုဝေမိုးကသာ မီးဖိုဖက်ဝင်စားစရာ သောက်စရာတွေ ကိုယ်တိုင်သွားနေတာ။

သူ မီးဖိုဝင်နေတုန်း ခင်ထက်ပန် ဧည့်ခန်းရှိ နံရံမှဓာတ်ပုံများကို လျှောက်ကြည့်သည်။ နောက် စားပွဲအောက်ခြေမှ တင်ထားသည့် စာအုပ်တစ်အုပ်ကို ကောက်ကိုင်လိုက်တော့ စာအုပ်ထဲမှ ဓာတ်ပုံတစ်ပုံ ထွက်ကျလာသည်။ မိသားစုဓာတ်ပုံ။

''ဟင်''

ကိုဝေမိုး။ မိန်းမချောတစ်ယောက်နှင့် သမီးလေး (၂) ယောက်။ သမီးလေးတွေက (၅) နှစ်၊ (၆) နှစ်အရွယ်လေးတွေ။ သူမှာ မိန်းမရှိသည်ပဲ။ မိသားစုရှိသည်။ ယခု ဘယ်ရောက်နေသလဲ။

''ကလေးတွေ ကြားထဲက မြေစာပင်မဖြစ်ပါစေနဲ့ရှင်။ သမီးလေးတွေရဲ့မျက်နှာကို လောက်ပါဦး။ တစ်ချိန်တုန်းက ရှင့်ဘို့ ချစ်လို့ယူခဲ့ကြတာပဲလေ''

''မပြောနဲ့၊ အဲဒီအကြောင်းတွေမပြောနဲ့။ ကိုယ်နဲ့သူကွဲသွားတာကြာပြီ။ သမီးလေးတွေကို ကိုယ်တရားစွဲပြီး ပြန်ခေါ်မယ်''

မည်သို့ပင်ဖြစ်စေ သူဟာ အိမ်ထောင်ရှင်တစ်ဦး။ ကွဲနေဘယ်ဆိုတာလည်း သူပြောတာပဲ။ ခရီးထွက်နေတာလောက်သည်း ဖြစ်နိုင်သည်။

အန်တီဆိုသူ စကားမပြောဘဲ ရှောင်ထွက်သွားတာသည်း ခင်ထက်ပန် နားလည်လိုက်သည်။

အပျက် အပျက်နှင့် နှာခေါင်းသွေးအထွက်မခံနိုင်။ သူကျေနပ်အောင် စားသောက်ပြီးလျှင် ပြန်မည်ဟု ခင်ထက်ပန်တွေးမိလိုက်သည်။

ည့်ခန်းထဲမှာ စကားအခြေအတင်တွေ ပြောဆိုနေကြဘုန်း တိုက်ရှေ့မှာ ကားတစ်စီးထိုးဆိုက်လာလေ၏။ ဆင်းလာသူတွေက အသက် (၅၀) ပတ်ဝန်းကျင် အမျိုးသမီးကြီး (၃) ယောက်။ စောစောက အန်တီဆိုတာလည်း ပါသည်။

ငါသောက်တဲ့ကော်ဖီထဲမှာ ဆေးတွေ ဘာတွေ ခတ်ထားရင် ဘယ်လိုလုပ်မလဲ။

စိတ်ကြွဆေးတွေ၊ မူးယစ်ဆေးတွေ၊ အိပ်ဆေးတွေ တစ်ခုခု ခတ်ထားလျှင် ဘယ်လိုလုပ်မလဲ။

အတွေးကြောင့် ဇောချွေးတွေ ပြန်လာစဉ် သူကတော့ ချစ်ကြောင်း၊ ခင်ကြောင်းတွေ စကားတတွတ်တွတ် ပြောလို့ ခင်ထက်ပန် မနေနိုင်။

''ကျွန်မ ဓာတ်ပုံမြင်ပြီးပြီ''

''ဟင် ... ဘာ ဘာဓာတ်ပုံ''

''ရှင်တို့မိသားစုဓာတ်ပုံ၊ သမီးလေး (၂) ယောက်က တကယ့်ကို ချစ်စရာ''

သူမျက်နှာ ဖွေးခနဲပျက်ကျသွားတာ သိသိသာသာလက်တွေလည်း တုန်ရင်နေပါ၏။

''သူတို့ ဘယ်သွားကြသလဲ''

သူများအရှိုက်ကို ဖနောင့်နှင့်ပေါက်ချင်တာ မဟုတ်ပေမယ့် အခြေအနေက ဓာတ်ကြမ်းကိုင်ရမှာ။

''အိမ်ပေါ်က ဆင်းသွားကြတာကြာပြီ။ ကိုယ်တို့ ကွဲနေကြတာ ကြာပါပြီ''

ထိုအဖွဲ့ပုံစံက ဂျပန်ကင်ပေတိုင်တွေလို၊ နာဇီဟစ်တလာတွေလို ရုပ်တွေက ထန်ထန်တင်းတင်း။ ကိုဝေမိုးကလည်း သူတို့ကို မြင်လိုက်သည်နှင့် ပျက်ကျသွားလိုက်သည့် မျက်နှာက မြင်လို့ပင်မကောင်း။

သူတို့ထဲက တစ်ယောက်က –

"ဟေ့ မောင်ဝေမိုး ... အန်တီတို့ကို ဆေးသွားဝယ်ပေးဦး"

"အန်တီတို့ မှားမယ်နော်။ ဒါ ကျွန်တော့်မိတ်ဆွေ၊ ညီမ ထ ... အစ်ကို ကားဂိတ်လိုက်ပို့မယ်"

ခင်ထက်ပန် ထရပ်လိုက်ပေမယ့် အန်တီတစ်ယောက်က သူမ၏ လက်မောင်းကို ဆွဲထားခဲ့၏။

"သွား ... နင် ဆေးဝယ်စရာရှိတာသာ ဝယ်ပေး"

ကိုဝေမိုး ဘယ်လိုမှ တောင်းပန်မရ။ ကားနှင့် ထွက်သွားရသည်။

ခင်ထက်ပန် အန်တီကြီး (၃) ယောက်ကို တည်ငြိမ်စွာပင် ရင်ဆိုင်ဖို့ ပြင်ရ၏။ လက်တွေပါလာရင်တော့မလွယ်။ (၃) ယောက် (၁) ယောက်။

"ထိုင်စမ်းပါဦး။ ညည်း သူ့အကြောင်း ဘာသိလို့ ဒီထိ

လိုက်လာရတာလဲ။ ညည်းတို့ချင်း ဘယ်လောက်ပဲ ခရီးလွန်နေနေ ငါတို့က ငါတို့မြေးတွေရဲ့မျက်နှာပဲ ထောက်ရမယ်"

"အန်တီ မှားနေပြီ။ ကျွန်မ လူနာနောက်လိုက်လာတာ။ သူ့နောက်လိုက်လာတာ မဟုတ်ဘူး။ ခုလည်း ကားဂိတ်သွားမလို့ သူက အတင်းခေါ်ပြီး ဧည့်ဝတ်ပြုလို့ပါလာရတာ"

"ညည်းတို့ အညှာလွယ်တာက ပြဿနာမရှိဘူး။ ကြားထဲက ငါ့မြေး (၂) ယောက် ဒုက္ခအရောက်မခံနိုင်ဘူး"

"သူတို့လင်မယား စိတ်အခန့်မသင့်တုန်း အိမ်ပေါ်ကဆင်းသွားတာ။ ညည်း ပွဲလန့်တုန်း ဖျာမခင်းပါနဲ့"

အန်တီကြီး (၃) ယောက်၏ တစ်ယောက်တစ်ပေါက်စကားတွေက ခင်ထက်ပန်ကို အရေခွံဆုတ်နေသည့်နှယ်။

ကိုယ်ရှင်းပြတာလည်း လက်မခံ။

အေးလေ ... ကိုယ်က ပြဿနာကောင်နဲ့ သွားပတ်သက်မိတာကိုး။

နောက်ဆုံး နားပိတ်ပြီး ခင်ထက်ပန် အိမ်ပြင်သို့ ပြေးထွက်ခဲ့မိပါသည်။



''ခုလည်း မမကြီးရဲ့ သန့်စင်တဲ့ဘဝထဲမှာ နံ့သာခွက်ထဲ စင်တစ်ရွေးသားကျခံရသလို ဘယ်လိုမှ ဖြေလို့မရ။ နှလန်ထူလို့ ရတော့ဘူးပါကွယ်။ ညီမတို့လည်း ယောကျ်ားတွေကို မယုံနဲ့နော်။ သူတို့ အပြုအမူ သူတို့စကားတွေကို အကြွင်းမဲ့ ယုံကြည်လို့ ရပါဘူး။ မုသားတွေ မြင်းမိုရ်တောင်လောက်နဲ့ အရမ်းမုန်းဖို့ ကောင်းတဲ့ သတ္တဝါတွေ''

လောလောဆယ်၊ လတ်လတ်ဆတ်ဆတ် ခံစားနေရရှာသည့် မမကြီးကို အားပေးနှစ်သိမ့်ကြရင်း ညီအစ်မတွေ ကိုယ်စီ နာကျင်ခဲ့ရသောနေ့ပါ။



''တောက် ... တော်တော်ရိုင်းတဲ့မိန်းမကြီးတွေ။ အဲဒီကိုဝေမိုးဆိုတဲ့ လူကိုတွေ့ရင်လည်း သတ်ပစ်မယ်''

''လူပါးဝလို့။ ငါတို့အစ်မ သူတော်ကောင်းကြီးကို''

ခင်ထက်ပန် မျက်ရည်လည်ရွဲနှင့် သွေးပျက်သလို ခံစားနေရပါသည်။ အပျိုလေးတစ်ယောက်အတွက် သည်အဖြစ်က နာဂစ်ထက်ဆိုးသည်။

အငယ် (၂) ယောက်မှာလည်း ဒေါသတွေနှင့် ဆွေ့ဆွေ့ခုန်နေရပါ၏။

''နောက်ဆုံးကျ ယောကျ်ားတစ်ယောက်ကို အရောင်မိတဲ့ရလဒ်ပါပဲ။ မမကြီး ဖြေမဆည်နိုင်ဘူး။ ကိုယ့်ဂုဏ်သိက္ခာ ညှိုးနွမ်းရတာ ဘယ်လိုအဖတ်ဆည်ရမှာလဲ''

မျက်ရည်တွေကျနေသည့် မမကြီးကို အငယ် (၂) ယောက်က ကြင်နာစွာဖြင့် နှစ်သိမ့်ဖြောင်းဖြရပါသည်။

''အဆိုးထဲက အကောင်း၊ အခြေအနေတွေ မဆိုးရွားခင် အချိန်မီသိလိုက်ရတာ ကံကောင်းပါသေးတယ် မမကြီးရယ်။ သူ အဆုံးစွန်ထိ လှည့်စားပြီးမှဆိုရင် မမကြီး ဘဝဆုံးမှာ''

ဖုန်းလည်း ပိတ်မထားမိတော့။

နေပါစေတော့လေ။ ရင်ထဲမှာ နာကျင်မိစွာနှင့်ပင် ဝသုန်စာတွေကုန်းကျက်၊ စာမေးပွဲသာ ကြိုးဖြေနေရသည်။

နောက်ဆုံးဘာသာဖြေအပြီး ဝသုန် လှုပ်လီလှုပ်လဲ့လေးသွက်အလာမှာတော့ စာဖြေဆောင်ရှေ့မှာ ကားနှင့်စောင့်နေတာသူ။

''ကိုကို''

ဝသုန့်အသံက အံ့အားတသင့်နှင့် လွမ်းလွမ်းဆွတ်ဆွတ် အသံများပေါ်သွားသလား မသိ။ ညီပြည့်စုံ ပြုံးပြုံးကြီးနှင့် အနားသို့ လျှောက်လာ၏။

''ညီမလေးကို အိမ်ပြန်ပို့ပေးမယ်။ မုန့်ဝယ်ကျွေးမယ်။ ကလေးကို မုန့်ပေးကြိုက်တာပေါ့ကွာ''

''မနောက်ပါနဲ့ဗျာ။ ဟိုလူတွေရော''

''သူတို့ကို မောင်းထုတ်လိုက်ပြီ။ ရှုတ်လို့။ နောက်တာမဟုတ်ဘူး ညီမလေးရဲ့။ ကိုကိုတို့ (၂) ယောက်တည်း လျှောက်သွားကြမယ်လေ''

''မလိုက်ရဲပါဘူး။ ဝသုန် အရမ်းပင်ပန်းနေပြီ။ အိမ်ပြန်ပို့ပေးချင်ပေး''

အခန်း (၂၂)

နှစ်ဆုံးစာမေးပွဲဖြေပြီးသည်အထိ အခြေအနေတွေက ထိန်းထိန်းသိမ်းသိမ်း။

ဝသုန်က အရှောင်ကောင်းသလို ညီပြည့်စုံမှာလည်း နောက်ဆုံးနှစ်မို့ စာကြိုးစားရသေး၏။

သည်လိုပါပဲ။ မီးဝေးရင် ချိတ်အေးသွားမှာပေါ့။ မိန်းသားတွေ၏ သဘောထားကရော ဘယ်လိုလဲ။ သူလိုက်တုန်းက ရှေ့မှာ အစွမ်းကုန်ပြေးခဲ့သော်လည်း သူ ပေါ်မလာသည့်အခ်ကျတော့ ရင်ထဲမှာ နေမထိထိုင်မသာ။

ြန်းအန်ထွက်အောင် မလုပ်နဲ့၊ ဆွဲပြီ''

စားပွဲပေါ်ရောက်လာသည့် အစားအသောက်များကို နှာက်လုံးရွဲကြီးနှင့်ကြည့်ပြီး ဝသုန် စားဖို့ပြင်၏။ သို့သော် အကျင့် ဒါနေသည့်လက်များက ကိုယ့်ထက် (၅) နှစ်လောက်ကြီးမည့် ကိုကိုပန်းကန်ထဲ ဟင်းတွေဦးချထည့်ပေးလိုက်သေး၏။

''ကဲ ... သက်ကြီးဝါကြီးကို ဦးချပြီးပြီ။ ဆွဲပြီနော်''

ကလေးလေးလိုပဲ ဟန်မဆောင် ပန်မဆောင်နှင့် ဝသုန် စားသောက်နေပုံက ချစ်စရာ။ သပ်လည်းသပ်ရပ်၊ မြန်လည်း မြန်။

''ညထဲက ငတ်နေတာဖြစ်မယ်''

ညီပြည့်စုံ ချစ်စနိုးစတော့ သူမက ဟင်းချိုသောက်ရင်း

''ဟုတ်တယ် ကိုကိုရ၊ ငိုက်မှာစိုးလို့ တို့ခနန်း၊ ဆိတ် ခနန်းလောက် စားတာ။ ဆာနေပြီ၊ ခုမှ ပိုဆာလာတာ''

''စားပါဗျာ၊ သူများစုံတွဲတွေဖြင့် တစ်ယောက်နဲ့တစ် ယောက်ချစ်ရည်တွေရွှန်း၊ ချစ်ခွန်းတွေဖွဲ့သီပြီး စားဖို့ သောက်ဖို့ တွေ မေ့လို့''

''ကိုကို မှားနေပြီ။ ဝသုန်နဲ့ကိုကိုက ချစ်သူတွေမှ မဟုတ် ဘဲ''

''မုန့်တော့စားရမယ်ကွာ''

''လမ်းမှာ ကြုံရာဝင်စားလိုက်မယ်''

ကောင်မလေးကိုတင်ပြီး ညီပြည့်စုံ ကားကို အပြင်း မောင်းလာခဲ့သည်။ သူခေါ်လာခဲ့တာ ဆိတ်ငြိမ်သည့် စားသောက် ဆိုင်တစ်ခုသို့။

''စားရင်း,သောက်ရင်း ရှေ့ရေးဆွေးနွေးရအောင်''

''အံမာ၊ ကိုကိုနဲ့ဝသုန် ဘာဆိုင်တာမှတ်လို့။ ကိုကိုနော် အပျက်အပျက်နဲ့ နှာခေါင်းသွေးထွက်မလာနဲ့''

''မရဘူး၊ ဆွေးနွေးရမှာပဲ။ ဝသုန်ကို ကိုကို အပျော်ချွဲ တာမဟုတ်ဘူး။ တစ်ဘဝလုံးအတွက် ရည်စူးပြီးချစ်တာ''

''ဒုက္ခပါပဲ၊ နှံပြုစုတ်ကို လက်ပစ်ပုံးနဲ့လာထုနေတယ်၊ ဝသုန် ဒါတွေ စိတ်မကူးဘူး။ ကိုယ့်ဘဝကိုယ် လှအောင် တည် ဆောက်မှာ''

''ကိုကိုနဲ့ရရင် ဘဝက မလှမှာစိုးလို့လား။ လူကိုမျက် ခြေပြတ် လက်ပြတ် အစွမ်းအစမရှိတဲ့ကောင် မှတ်နေလား ဘီအီးဘွဲ့ရတော့မယ်၊ လုပ်ငန်းလည်း ထူထောင်မယ်''

''ကိုကိုနဲ့ဝသုန် ဘာသာစကားချင်းမတူဘူး။ ကျွေးစရာ ရှိလည်း ကျွေး။ ပြီးရင် ပြန်ပို့ပေး။ စားရ,သောက်ရမယ့်သူ

ဘောင်တောင်အီအီ စိတ်တွေဝင်မနေနဲ့။ စာမေးပွဲကျသွားလိမ့်မယ်''

''ဟုတ်တယ်၊ ကျုပ်က (၁၃) နှစ်သားလေးဆိုတော့လေ။ စာမေးပွဲက အရေးကြီးသလို ဘဝစာမေးပွဲကလည်း အရေးကြီးဘာပဲ''

''ဘဝစာမေးပွဲ အသာထား။ ဘွဲ့ရဖို့ စာမေးပွဲကို အရင်သုံးပန်း။ စားပြီးရင် သွားကြစို့''

သူမက ဝအောင်စားပြီး ညီပြည့်စုံကို လောဆော်လိုက်သည်။

ညီပြည့်စုံ စားတာသောက်တာ တို့ခနန်း ဆိတ်ခနန်း။ သူ့ရင်ထဲမှာ လိပ်ခဲတည်းလည်၊ မရှင်း။

ဝသုန်ဟာ သူ့ကို မချစ်ဘူးလား။

အချစ်ဆိုတာ ကိုယ်က ချစ်နေရုံနှင့်မပြီး။ သူကပါ ချစ်မှပြီး လေးနက်လှပမည်။

''သွားကြစို့''

ငွေရှင်းပြီး ညီပြည့်စုံ ကားကိုဖြည်းညင်းစွာ မောင်းထွက်ခဲ့သည်။

မိန်းမ ယူချင်ပါပြီဆိုမှ ကိုယ့်သက်လှယ်က အူကြောင်

''ချစ်သူမဟုတ်ရင် မုန်းသူလား''

''မမုန်းပါဘူး၊ ဝသုန် ပင်လယ်မကူးရဲတာပါ''

စားရင်း သောက်ရင်း ညီပြည့်စုံက စကားတွေပြော ဝသုန့်မျက်နှာလေးကိုငေးမော။

ဝသုန်ကတော့ အစားပဲ စိတ်ဝင်စားနေ၏။

''ပုစွန်ဆိတ်ကလေး ဘယ်လောက်ငယ်ငယ် ပင်လယ်ကူးတတ်ပါတယ်ကွာ''

''လာပြောမနေနဲ့။ အပိုတွေ။ အယုံအကြည်ကိုမရှိဘူး ကိုကိုကလေး ဒူးရင်းသီးကြီး''

''အလိုဗျာ၊ ဘယ်အချိန် ချောင်းကြည့်သွားပါလိမ့် ဒူးရင်းသီး (၂) လုံးကို''

''မညစ်နဲ့၊ အကောင်းပြောတာ။ တစ်ကိုယ်လုံး ဆူးတွေအပြည့်''

''ဒါပေမဲ့ နတ်သုဒ္ဓါထက် ကောင်းပါတယ်ကွာ။ နို့ဥကျော်တဲ့အသီးပါ''

''တော်ပြီ၊ စားတုန်း သောက်ကုန်း နားထား''

''ဟုတ်ကဲ့ပါ ခင်ဗျာ''

''ကိုကိုလည်း စာမေးပွဲမပြီးသေးဘူး မဟုတ်လား

ကြောင်လုပ်နေသည်။ ယခုထိ အဖြူ အမည်း မသဲကွဲသေး

အသောကကားထဲမှာတော့ ဂေါရဝသီးတို့များ အသော ကကို ချစ်လိုက်တာ။ ကမ်းကုန်ရော။ (၁၀) နှစ်ကြာလည်း အချစ်က မပြယ်။

ယခု မရွှေဝသုန်တို့ကတော့ သူအချစ်ကို အူကြောင် ကြောင်းလုပ်နေသည်။

ဝသုန်၊ သူကိုချစ်သလား မချစ်ဘူးလား စမ်းသပ်ချက် တစ်ခုတော့ မလိမ့်တပတ်နှင့် လုပ်ရဦးမည်။

''ဝသုန် ကိုကို့ပြောစကားကို သေသေချာချာ နား ထောင်စမ်း။ ကိုကို့မှ တကယ့်ကို ကျဉ်းထဲကျပ်ထဲ ဖြစ်နေပြီ''

''အင်း ...ပြောလေ''

''ပေါ့ရွှတ်ရွှတ်မလုပ်နဲ့။ တကယ့်ကို ဘဝနဲ့ယှဉ်လာပြီး ဘာမှတ်သလဲ''

''အင်းပါ ...ပြောကြည့်ပါဦး၊ အစီအစဉ်ကို''

''ညီမလေးက မျက်ဖြူဆိုက်လေ ဆရာကြီးက်လေလုပ် နေ။ ဒီမှာဖြင့် သေတော့မယ်''

''ဘာတုံး ...ကိုကိုက ကျွေးထားမွေးထားတာလေးနဲ့ မကာဘူး။ လူကို မျက်ဖြူဆိုက်ခိုင်းနေတယ်''

ညီပြည့်စုံ ကားလိုင်းကျပ်နေတာကိုပဲ ကျေးဇူးတင်နေရ ဦး။ ကားတန်းကြီးက တရွေ့ရွေ့။

''ကျောင်းပြီးတာနဲ့ ကိုကို့ကို သူတို့ချုပ်တော့မှာ။ စေ့စပ် ချက်ချင်းလုပ်ကြတော့မှာ''

''ဩော် ...သူတို့က အဲလောက်တောင် ပုပ်ပွနေလို့ ကိုကိုနဲ့ အတင်းပေးစားရတာလား။ ကြည့်လုပ်နော် ကိုကို။ တော် ကြာ ပိုက်ဆောကြီးမိနေဦးမယ်''

''ဟုတ်တယ်၊ ပိုက်ဆောမိမှာစိုးတာ။ သူသမီး (၂) ယောက်လုံး ရည်းစားတွေ မို့လိုပေါက်နေကြတာ။ Sex ကိစ္စကို နှံလန်းနေကြတာ''

''ဟင် ...ဘယ်လို ဘယ်လို''

''နင် မသိတာပဲ ကောင်းပါတယ်။ ကိုကို့ကိုသာ ကူညီ''

''ဘယ်လိုကူညီရမှာလဲ''

''ညီမလေး ကိုကို့ကို မချစ်ဘူး မဟုတ်လား''

''အင်းလေ''

ကြောင်တောင်တောင်ရုပ်ကလေးနှင့် ဖြတော့ ညီပြည့်စုံ ခင်ထဲအောင့်ရသည်။ သို့သော် ဝသုန် သူကို သံယောဇဉ်ရှိမှန်း သိပြည့်စုံ ယုံကြည်နေမိတာလည်း အသေအချာ။

''ဒါပေမဲ့ ... ဝသုန် ကိုကို့ချစ်သူယောင်တော့ ဆောင်ပေး။ သူတို့ကို လက်ထပ်စာချုပ်အတုပြလိုက်မယ်။ ကြောင်ရှပ်နဲ့ ကြွက်သေအောင်လုပ်လိုက်မယ်''

''ဟင် ... ဘာ ဘာ ဘာ ဘယ်လို''

''ညီမလေးက ကိုကို့ချစ်သူယောင်ဆောင်ပေး။ ကိုကိုတို့ လက်ထပ်စာချုပ်အတုလုပ်ပြီး ပြလိုက်မယ်။ ဒါဆို ပြဿနာ မတက်တော့ဘူး။ ပိုက်ဘောကြီးတွေကို မယူရတော့ဘူး''

ကားက ရှေ့သို့ တရွေ့ရွေ့။ ကောင်မလေးကို အနား ထားပြီး ညီပြည့်စုံ စိတ်ကူးတွေ ကွန့်မြူးနေမိပါ၏။

''ဒါတော့ ကိုကို မတရားဘူး။ လက်ထပ်စာချုပ်ပြတော့ ကိုကို့အမေက တန်းပေးစားလိုက်တော့ ဝသုန် ဘယ်လိုလုပ်မလဲ''

''ယူလိုက်ပေါ့ဟ''

ဒါကတော့ ညီပြည့်စုံ ရင်ထဲမှပြောပစ်လိုက်တာပါ။ အပြင်မှာတော့ မျက်နှာတည်ကြီးနှင့်။

''မဖြစ်စေရပါဘူး ညီမလေးရယ်။ ကိုကို အာမခံပါတယ်။ လူကြီးတွေက သူတို့အစီအစဉ်ကို ဖျက်လို့စိတ်ဆိုးကြမယ်။ ခုဆို မေမေကတောင် သူယောကျ်ားဘက်ကိုပါနေပြီ။ မေမေ

အပြုစားခံနေရသလားတောင် မသိပါဘူး''

''လူကြီးတွေစိတ်ဆိုးတော့ ကိုကို ဘာဆက်လုပ်မှာလဲ''

''ကိုကိုက ဘွဲ့ရပြီလေ။ ကုမ္ပဏီတစ်ခုခုမှာ အလုပ်ဝင်တော့မယ်။ ကိုယ့်ကြီးပွားရာ ကြီးပွားကြောင်းအတွက် တိုင်းပြည်အတွက် အလုပ်လုပ်မယ်''

''ဝသုန်ကရော''

''ဟောဗျာ အယောင်ဆောင်ပေးတာလေ။ ကိုယ့်အိမ်ကိုယ်ပြန်ပေါ့ဗျ''

''ဟင် ... ကိုကိုမကောင်းဘူး''

မျက်ရည်တွေစီးကျရင်း ဝသုန် သူကိုထုရိုက်နေတော့ ညီပြည့်စုံ၏ ခေါင်းထဲမှာ တစ်စုံတစ်ရာကို သဘောပေါက်လိုက်ဘဲ။

ကောင်မလေးတော့ ကိုယ့်ခံစားချက်ကို ကိုယ်မသိဘော့ဘူး။ သူ မသိယောင်ဆောင်နေမှ။ ဆင်အိပ်ရာ ဆိတ်နှီးလို့ ဖြစ်။

''မပြန်ချင်လည်း ကိုကိုခေါ်ထားမှာပေါ့ကွာ။ ကိုကို့တိုက်ခန်းမှာ ထမင်းချက်ပေး။ ဟုတ်ပြီလား''

''အင်း''

ဝိုး သိပ်ချစ်ဖို့ကောင်းတဲ့ ကောင်မလေး။ ကလေးစိတ် မကုန်သေးတဲ့ ချာတိတ်လေးဟာ သူနှင့်တွေ့ပေလို့ပေါ့။

လူလည်ကြီးသားသမီးတွေနှင့်သာ တွေ့လျှင် သူများ နှပ်သမျှ ခံရပေလိမ့်မည်။

''ဒါဆို ကိုကို ရှေ့အပတ် အိမ်ပြန်မယ်။ ညီမလေး လိုက်ခဲ့''

''အို ပြောတတ်လိုက်တဲ့ ပါးစပ်ကြီး။ လူကိုများ မိဘမဲ့ တစ်ကောင်ကြွက်လေး မှတ်နေသလား''

''ဟိုတစ်ပတ်ကလို ဝသုန့်သူငယ်ချင်းတွေပါခေါ်မယ်လေ''

''မရဘူး, မလိုက်ဘူး''

''ညီမလေးနော် ... အူကြောင်ကြောင်မလုပ်နဲ့။ ကိုကို့် ဘဝ တွင်းဆုံးကျသွားမှာမပူဘူလား။ ကိုကို ဆနဲကာပေါက်တွေ ကို မယူချင်ဘူး''

''ကိုကို တွင်းဆုံးကျတာက တော်ဦးမယ်။ ဝသုန်တို့ မိန်းကလေးတွေ တွင်းဆုံးကျမှ ဘဝက ပြင်ဆင်ခွင့်မရှိတော့ဘူး''

''ကဲ မမ ... စကားကြီး စကားကျယ်တွေ သိပ်ပြော မနေနဲ့။ အိမ်ရောက်ပြီ''

ဝသုန်လေးကို အိမ်တိုင်ယာရောက် ပို့ပေးတော့လည်း သူမက ဧည့်ဝတ်ကျေရှာသား။

''ကိုကို အိမ်ထဲဝင်ဦးမလား။ မဝင်ရင်လည်း သွားတော့။ အိမ်မှာ ဘယ်သူမှမရှိဘူး'' တဲ့။

ခွေးမလေး၊ ခွေးဆိုးလေးမို့ ချစ်ရတာ။



အခန်း (၂၃)

ကျောင်းပိတ်သွားတော့ ဂိုက်တွေလည်း နားထားပြီးမို့ ဝသန် အိမ်ခဏပြန်မှာ။ မိဘတွေထံ ပြန်ဦးမည်။ ဝသုန်ကတော့ မမကြီးတစ်ယောက်တည်း သနားလို့ အားပေးဖော်လေး လုပ်နေဦးမည်တဲ့။

အချွဲအိုးမလေး။

''တစ်ယောက်တစ်လဲ ပြန်မှပေါ့ မမရဲ့။ မမကြီးခမျာ တစ်ယောက်တည်း။ မမပြန်ပြီးမှ ဝသုန်ပြန်မယ်။ တစ်ယောက် တစ်ပတ်စီ''

''နှစ်ပတ်စီတော့ လုပ်လိုက်ဟာ။ ငါ နှစ်ပတ်နေပြီး နှင် နှစ်ပတ်ပြန်''

''အင်း ... ဒါလည်း ကောင်းတာပဲ''

မမကြီးကတော့ ပြောရှာသား။

''(၂) ယောက်လုံး ပြန်လိုက်ပါလား။ ငါတစ်ယောက် တည်းနေလည်း ရပါတယ်။ ငါက အိမ်ကပ်ရတာမှ မဟုတ်ဘဲ။ သမင်းဟင်းလည်း ဝယ်စားလို့ရပါတယ်''

''ဝသုန် နေပေးမယ်။ ဝသုန်တို့က မမကြီးကို အရွယ် ကုန်နေတဲ့ အဘွားကြီးမှတ်နေတာ။ ဟိုတစ်လောကကိစ္စပေါ်မှာ စိုးရိမ်ရမှန်းသိသွားတယ်။ တစ်ယောက်တည်း ပစ်မထားနိုင်ပါဘူး တော်။ မမကြီးခမျာ ကံကောင်းလို့''

''ကဲ ... ဒါဆိုလည်း နင်တို့ (၂) ယောက် တစ်လှည့်စီ ပြန်ကြ။ ငါ မရှိတုန်းလည်း အိမ်မှာ ရည်းစားနဲ့ချိန်းတွေ့မနေနဲ့''

''မမကြီးပြောမှ ဒီလိုလုပ်လို့ရမှန်း သိတော့တယ်''

''သတ်မှာ,သတ်မှာ၊ လုပ်ရဲလုပ်ကြည့်''

သည်လိုနဲ့ ဝသုန်နှင့်မမကြီးကိုထားခဲ့ပြီး ဝသန် နယ်ပြန်ဖို့ ကားဂိတ်သို့ ဆင်းလာခဲ့သည်။

လက်မှတ်မဝယ်ရသေး။

ကားဂိတ်မရောက်ခင် ဝသန့်အနား ကပ်ရပ်လိုက်သည့် ကားလေး။

''ဖွဲ့သူရ''

''နင် ဘယ်သွားမလို့လဲ''

''ပြန်မလို့လေ''

''ဘယ်သူမှ လိုက်မပို့ဘူးလား။ အပျိုလေးအရွယ်လေး။ ဒီခေတ်ကြီးက လူကုန်ကူးကြတာ အလွန်''

''ပြန်နေကြပါ။ ကားနဲ့ပြန်တာ။ ဘာမှမဖြစ်ဘူး''

''ငါလိုက်ပို့မယ်''

''တော်စမ်းပါ၊ ငို့ဘာသာ ပြန်တာ ဘာမှ မဖြစ်ဘူး။ နင်လိုက်ပို့မှ ပြဿနာ''

''ကားဂိတ်ဆီပို့မှာပြောတာ''

''ဘယ်မှလိုက်မပို့နဲ့ ...တော်ပြီ''

ကားလာပြီဖို့ ဝသန် ပြေးတက်မည်ပြင်တော့ ဖွဲ့သူရ နောက်မှ အထုပ်ကိုဆွဲထားလေ၏။ ဝသန် စိတ်တွေဆိုးလိုက်တာ။

''နင့်ကြောင့် ကားလွတ်သွားပြီ။ ငါ ကားမမီဘဲနေတော့မယ်''

''ကားဂိတ်ထိ ငါလိုက်ပို့မယ်။ ဒါမှမဟုတ် နင့်မြို့ထိ လိုက်ပို့မယ်ဟာ''

''ဖွဲ့သူရနော် ...နင် ပြဿနာမရှာနဲ့။ ငို့ဘာသာ အေးအေးနေပါရစေ''

''မရဘူးဟာ၊ ငါလိုက်ပို့မယ်''

ဝသန့်ကို ကားထဲ အတင်းထိုးထည့်ပြီး ကားမောင်းထွက်လိုက်တော့ ဝသန် ကားပေါ်ပါလာရသည်။ ဝသန် ဒေါသတွေ ထွက်နေရ၏။

''နင် ငို့လမ်းကြောင်းမှာ ဝင်မရှုပ်စမ်းပါနဲ့။ ငါတို့ဘဝတွေက နင့်လို ပျော်ပျော်ပါးပါး အပျော်ကစားနေလို့မရဘူး''

''ဘာဖြစ်လို့လဲ၊ Why ''

''နင် အူကြောင်ကြောင်မလုပ်နဲ့။ လမ်းပေါ်ကြည့်လိုက် အခြေခံလူတန်းစားတွေ၊ ပျားပန်းခတ်အောင် လျှောက်ပြီး ဝမ်းစာရှာနေရတာတွေ့လား''

''တွေ့သားပဲ''

''အဲဒါ ပျော်လို့မဟုတ်ဘူး။ ဘဝကို ရုန်းကန်နေကြရတာ။ ဘဝအတွက် ခက်ခဲနေကြရတာ။ ကိုယ့်လမ်းကြောင်းလေးနဲ့ကိုယ် မတိမ်းမစောင်းအောင် လျှောက်နေကြရတာ''

''စကားကြီးစကားကျယ်တွေကတော့ ပြောပါ့''

''ရင်ဘတ်ကြီးထဲက လာတာ။ ဒီထက်တောင် ပြောတတ်သေးတယ်''

ကားဝင်းထဲရောက်တော့ သူကပင် ကားလက်မှတ်သွား ဖြတ်သည်။ ကားပေါ်ထိ တင်ပေးသည်။ နောက် အိမ်ပြန်လက်ဆောင်တွေလည်း ဝယ်ပေး၏။

''ကျေးဇူးတင်တယ်။ နင်ဆင်းတော့လေ။ ကားထက်တော့မှာ''

ဝသန်ကို ကားပေါ်ထိတင်ပေးပြီး ယခုထိ သူ မဆင်းနိုင်သေးဘဲ အနားမှာ အနားပြာလုပ်နေပေးနေတော့ ကားပေါ်မှ လူများက ပြုံးစိစိ။

''ဟဲ့ ... ဆင်းတော့လေ ဖွဲသူရ''

ဝသန် အလန့်တကြားနှင့် သူကိုတွန်းလွှတ်နေပေမယ့် သူက ခပ်တည်တည်နှင့်ပင် ဖုန်းဆက်နေလေ၏။

''ပီတာရေ ... ငါ့ကား လာမောင်းယူပြီး အိမ်ကိုပြန်ပို့ပေးလိုက်ကွ။ အေးဟုတ်တယ်၊ ငါ ခရီးထွက်မလို့။ ငါ့ကောင်လေးကို လိုက်ပို့မလို့။ အေး ... ခုပဲ ထွက်လာကွာ။ လာယူ''

ပြီး ခပ်တည်တည်ပင် ဝသန့်ဘေးခုံမှာ ဝင်ထိုင်လေ၏။

သူသူငယ်ချင်းပီတာကလည်း ကားမထွက်ခင်ပင် သူကားကို လာယူပါလေ၏။

သူတို့အချင်းချင်း လက်မတွေ့ထောင်ပြလို့။ ဝသန့်မှာသာ ဇောချွေးတွေ ပြန်နေတာ။

''နင် နင် တကယ်လိုက်မှာလား''

''အေးလေ ... ခုပဲ ကားထွက်လာပြီ။ မကြောက်ပါနဲ့ မမြင်ဝင်းရယ်။ ဗိုလ်အောင်ဒင် မင်းကိုချစ်တာ''

သူက ရုပ်တည်ကြီးနှင့် သီချင်းဆိုပြနေတော့ ပတ်ဝန်းကျင်မှ လူများက ရယ်ကြ၏။

ဖွဲသူရဟာ အလန်စားစတိုင်လ်နှင့် ခပ်မိုက်မိုက်ရုပ်။ ပြောရလျှင် အောင်ရဲလင်းတို့လိုပေါ့။

နောက် လေချွန်နေလိုက်သေး၏။

ဝသန် သွေးပျက်နေတာကို မြင်တော့မှ မျက်နှာပိုးသတ်ကာ ဖြောင်းဖြချော့မော့ပါလေ၏။

''နင်ကလည်းဟာ ငါ နင့်ကို ဘယ်လောက်ချစ်တယ်ဆိုတာ သက်သေပြချင်လို့ပါ။ ဘာမှမပူနဲ့။ နင်တို့ရွာမှာ တည်းခိုခန်းရှိလား''

''ဘယ်ရှိမလဲဟဲ့ ... တောပါဆိုမှ''

''တစ်ခါတစ်ခါကျ ကိုယ်လုပ်လိုက်တဲ့အလုပ်ဟာ တစ်ဖက်သားအတွက် မမျှော်လင့်ဘဲ ထိခိုက်၊ ဒဏ်ရာရတတ်တယ်။ ပေါ့စေလိုလို့ ကြောင်ရုပ်ထိုး၊ ဆေးအတွက်လေးဆိုတာ ကြားဖူးတယ်မဟုတ်လား''

''ဆောရီးဟာ၊ နင့်ရွာထိပ်ကျရင် ငါကျန်ခဲ့မယ်။ ငါ့ဘာသာ ဘုန်းကြီးကျောင်းကိုသွားပြီး တစ်ညတည်းဖို့ လျှောက်မယ်။ မနက်ကျ ငါပြန်ပါ့မယ်''

တကယ်လည်း နေ့ချင်းပြန်ဖို့ အဆင်မပြေပါ။ တစ်ညအိပ်ရမှာ။ ဝသန် သဘောမကောင်းနိုင်ပါ။

''နင်က လူလောကအကြောင်းမသိလို့ မတွေးမိလို့ပါ။ အရွယ်ညီတဲ့ ယောကျ်ားတစ်ယောက်နဲ့ မိန်းမတစ်ယောက်၊ ခရီးတစ်ခု အတူသွားတယ်။ အိမ်ထိလိုက်လာတယ်ဆိုရင် လူတွေက ခိုးရာလိုက်လာတယ်ပဲစွပ်စွဲကြ၊ ထင်ကြတော့မှာပေါ့။ ဒီကြားထဲ မိန်းကလေးက ယောကျ်ားခိုးလာတဲ့အထင်မျိုး အထင်ခံလိုက်ရရင် သွားရော။ ငါ တော်တော်တရားလွန် သိက္ခာမဲ့ အရှက်မရှိတဲ့ ဘဝ ရောက်သွားမှာ''

''ငါ မတွေးမိဘူး ဝသန်။ ငါသိတာ နင့်ကိုချစ်တာနဲ့ စိတ်မချတာပဲရှိတယ်''

''အိုကေ ဘုန်းကြီးကျောင်းတော့ရှိတယ် မဟုတ်လား။ ငါ့ကို ကျောင်းသာပို့လိုက် ရတယ်''

''နင်ပြောသလောက် မလွယ်ဘူးနော်။ ငါ့နောက်က ယောကျ်ားတစ်ယောက်ပါနေတာကြီးကိုက မဖွယ်မရာဖြစ်နေပြီ''

''ဒီခေတ်ကြီးထဲမှာ ဘာဆန်းသလဲဟာ''

သူစကားက တော်တော်များနေပြီ။ ဝါးလုံးရှည်နဲ့ ရန်းတာလား။

''နင် ဒီလိုတော့မပြောနဲ့။ နင်ကျင်လည်တဲ့အသိုင်းအဝိုင်းနဲ့ လာမနှိုင်းနဲ့။ ကဲ ... နင် ဒီလို လုပ်ရတဲ့ရည်ရွယ်ချက်က ဘာလဲ။ ငါ့နောက်ကို လျှောက်လိုက်ရတဲ့ ရည်ရွယ်ချက်က ဦးတည်ချက်က ဘာလဲ။ ငါ အရှက်တကွဲ အကျိုးနည်းဖြစ်ရုံတံတွေးခွက် ပက်လက်မျောရုံလား''

''ဟာ ... အဲလိုချည်းတော့ မစွပ်စွဲပါနဲ့။ ငါ့စိတ်ဓာတ် အဲဒီလို မဟုတ်ဘူး။ နင့်ကိုချစ်လို့၊ နင့်တစ်ယောက်တည်း ပြန်တာ စိတ်မချလို့ လိုက်ပို့တာ''

သူအသွင်က ပျာပျာသလဲ။ လေးလေးနက်နက်။ ဝသန် ပြုံးလိုက်မိပါသည်။ ရင်ထဲမှာ နာကျင်မိနေသလားပင် ဝေခွဲမရ။

''နင်တို့လို ယောကျ်ားတွေရဲ့အချစ်ဆိုတာကိုလည်း ငါ မယုံကြည်ပါဘူး။ ငါတို့အဖြစ်တွေက သမင်နဲ့ကျားလေ။ ဘယ် သမင်မှ ဘယ်ကျားရဲ့မေတ္တာကို ယုံကြည်မှာမဟုတ်ဘူး။ အကောင်းဆုံးကတော့ ရှေ့ကမြို့ကျရင် နင်ဆင်းကျန်ခဲ့။ နောက် ကားတစ်စီးနဲ့ ရန်ကုန်ပြန်လိုက်သွားပါ။ ငါ နင့်ကိုခင်ပါတယ်။ ငါ နင့်ကို မမုန်းပါရစေနဲ့''

ဖွဲသူရတစ်ယောက် ကားမှန်တွင်းမှ အပြင်လောကကို ငေးလို့။

ဘာဖြစ်တာလဲ။

ဘယ်အရာကိုမှ အလေးအနက် မထားတတ်သည့် စိတ် သွားတိုင်းကိုယ်ပါသည့်သူလို လူပေလူတေတစ်ယောက်ရဲ့ အချစ် ကို ဝသန်က မယုံကြည်ပါတဲ့။

သူကရော လုံလောက်စွာ သက်သေပြနိုင်ပါ့မည်လား။ သူစရိုက်၊ သူမလေ့အတိုင်းပဲ။ ခွေးမြီးကောက်ကျည်တောက်စွဲ ဖြစ်နေဦးမှာလား။

ကားက စခန်းဆောက်အဖြစ်ရပ်နားပြီ။ ဝသန် သူ့ တည်ငြိမ်စွာပင် မေတ္တာရပ်ခံ တောင်းဆိုနေပါ၏။

''နင် ကျန်ခဲ့ပါ။ ရန်ကုန်ကို ပြန်ပါ''

''ငါ မန္တလေးထိ ဆက်လိုက်သွားမယ်။ အဲဒီမှာ ဘစ်ပတ်လောက် သူငယ်ချင်းတွေနဲ့ ပွေလိုက် လိမ့်လိုက်ဦး မယ်။ မန္တလေးမှာ ငါ့သူငယ်ချင်းတွေရှိတယ်''

''အိမ်ပြန်ပါ ဖွဲသူရရယ်။ နင် ဒီလို ပေတေလေလွင့် နေဖို့ ငါခွင့်မပြုနိုင်ဘူး''

သူမက လေးနက်စွာဆိုတော့ ဖွဲသူရမျက်ခုံးပင့်ပြီး ဝသန့် ကို စူးစူးနစ်နစ် ကြည့်၏။

''Why''

''Why''

ဝသန့်မျက်နှာလေးကို လက်ညှိုး လက်မနှင့် ပင့်ပြီး သူ တည်ကြည်စွာမေးတော့ ဝသန်မျက်လွှာလေးချပြီး တီးတိုး ဖြေသည်။

''မသိဘူး၊ ငါ့ရင်ထဲမှာ နင့်အတွက် စိတ်ပူနေမိတယ်''

''အိုကော၊ အဲဒါ ငါလိုချင်တဲ့အဖြေပဲ။ ငါကလည်း နင့်ကို စိတ်ပူတယ်။ နင်ကလည်း ငါ့ကို စိတ်ပူတယ်။ ဝသန်ရယ် ငါ့ နင်ဘာတ်ကြီးလည်း အချစ်အတွက် လေးနက်လာပြီထင်ပါတယ်''

''နင်လိုရာ ဆွဲမပြောပါနဲ့ဟာ။ ငါ နင့်ကို ကြောက်ပါ ဘယ်''

''အချစ်ဆိုတာ ကြောက်စရာကြီးမှ မဟုတ်တာ။ ဖြူစင်သန့်ရှင်းသောအချစ်ဆိုတာလည်း လောကကြီးထဲမှာ ရှိနေပါသေးတယ်''

''ငါ မမြင်ဖူးဘူး''

''အိုကေ ... ငါပြမယ်။ နင့်ကိုငါ ဖြူစင်သန့်ရှင်းသော အချစ်နဲ့ သေတပန်သက်တဆုံး ချစ်ပြပါ့မယ်ဟာ''

ကောင်မလေး မျက်ရည်ဥလေးတွေ ကြွေကျရင်း မျက်စိ စုံမှိတ်လိုက်တော့ သူ ဝသန့်ပခုံးလေးကို ညင်သာစွာ ဖက်လိုက်ပါသည်။

''မစိုးရိမ်ပါနဲ့ အချစ်ရယ်။ ငါ နင့်ရွာထိ လိုက်ပို့မယ် ငါက ဖျံပါ။ ငှဲ့နေရေး စားရေးအတွက်မပူနဲ့။ အနီးဆုံးမြို့အင်း ပြန်မယ်။ တည်းခိုခန်းမှာစည်းပြီး မနက်ကားနဲ့ ရန်ကုန်ပြန်မယ်။ နော် ချစ်''

ဝသန် ခေါင်းလေးငြိမ့်ပြရုံမှ တစ်ပါး။

သူဟာ ဖြူစင်သန့်ရှင်းသော ချစ်ခြင်းနဲ့ ဝသန့်ကို ချစ်မတဲ့လေ။

*

အခန်း (၂၄)

အိမ်မှာ တစ်ယောက်တည်းဆိုတော့ အိမ်အလုပ်တွေ ပြီးသည်နှင့် ဝသုန် စာဖတ်ပါသည်။

သူငယ်ချင်းအချို့က ဖုန်းထဲမှ စာအုပ်တွေ ဒေါင်းပြီး ပေးသော်လည်း ဝသုန်ကတော့ တောသူမလို့ပဲ ပြောချင်ပြော။ စာအုပ်ကြီးကို အားရပါးရ လက်ကိုင်ပြီး ဖတ်ချင်သည်။

''အိုး ... ဒီနေ့စနေ''

သိမ်ဖြူလမ်းမှာ စာအုပ်ဈေးပွဲတော်၊ အဲ အပတ်စဉ် ဆောင်းတယ်။ စနေနဲ့ တနင်္ဂနွေ။

စာအုပ်တွေကို အားပါးတရ မွှေနှောက်ပြီး ကိုယ်ကြိုက်တာ ဝယ်လို့ ရွေးလို့ရသဖြင့် ဝသုန် သဘောကျပါသည်။

မိန်းကလေး အဝတ်အစားမမက်၊ အလှအပပစ္စည်းမမက်ဘဲ စာအုပ်တွေပဲ မက်သည်ဆိုလျှင် လူကို အရူးလို့ပြောကြမှာပဲ။

ပြောပါစေ၊ ဝသုန် စာအုပ်ပဲမက်ပါသည်။ အဝတ်အစား အသုံးအဆောင်၊ အလှအပ ပစ္စည်းတွေဆိုတာ ပင်လယ်ရေလို့ပါပဲ။

သောက်လေ သောက်လေ တော်မပြေ။

များပြားလှသည့် ရုပ်ဝတ္ထုပစ္စည်းတွေနောက်ကိုသာ လျှောက်လိုက်နေလျှင် အသက်သေဆုံးသည်အထိ ကျေနပ်အားရ တင်းတိမ်နိုင်ဖွယ်မမြင်။

နဂိုရှိလျှင် နဂိုင်းထွက်မှာပါပဲ။

ဝသုန်တို့ညီအစ်မတွေကတော့ ချည်ထည်လေးတွေကိုသာ ကိုယ့်ဘာသာ ဝမ်းဆက်လေးတွေ ချုပ်ဝတ်သည်။

ရယ်ဒီမိတ်တွေက စျေးကြီးသည်လေ။

ပေါ့ပေါ့ပါးပါး လှလှပပ မြန်မာဆန်ဆန်လေးတွေပဲ ကောင်းပါသည်။

သည်နေ့အတွက် ဖတ်စရာစာအုပ်ကမရှိတော့။ မနေ့ကဝယ်ခဲ့သည့် ဂျာနယ်ကျော်မမလေး၏ သူမက မမကြီးသူငယ်ချင်း ဆရာဝန်မလေးဆီက ငှားထားတာ။

ဝသုန် ဘယ်သူ့ဆီမှာ ဘာငှားရပါ့မလဲ။ စဉ်းစားနေတုန်းဖုန်းဝင်လာတာ ကိုကို။

"ညီမလေး ... ဘာတွေလုပ်နေလဲ။ ကိုကို့ကို ထိုင်လွမ်းနေတာလား"

"မလွမ်းပါဘူး။ ကိုကို စာမေးပွဲတွေပြီးသွားပြီလား။ အားသွားပြီလား။ နယ် ဘယ်တော့ပြန်မှာလဲ"

"အမယ်လေးဟဲ့ ... ရဲသမီးလား။ ရှေ့နေသမီးလား။ စကားများ အမေးအမြန်းထူလိုက်တာ။ ဘာလုပ်မလို့လဲ ပြော"

"အခု ကိုကို ဘယ်မှာလဲ"

"ညီမလေးအိမ်ရှေ့မှာလေ"

"ဟင်"

ဖုန်းကို ရင်ဘတ်ကပ်ပြီး မျက်လုံးလေးအပြူးသားနှင့် အပြင်ကိုလှမ်းကြည့်လိုက်တော့ ကိုကိုက သူ့ကားကိုမှီပြီး ပို့စ်အပြည့်နှင့် ရပ်နေ၏။

"လာလေ ကိုကို၊ အတော်ပဲ။ စာအုပ်သွားဝယ်ပေး"

''ဘာ''

''စာအုပ်သွားဝယ်ပေးလို့ပြောတာနဲ့ အသံပြဲကြီးနဲ့ အော်ရသလား''

''ညီမလေးက ငါ့တစ်ယောက်တည်းလွှတ်မယ့်အကြံလေ''

''အင်းလေ''

''ဘယ်ရမလဲ ... ညည်းပါ လိုက်ဝယ်ပေါ့။ ကြိုက်တာလိုက်ရွေး။ ကိုကို ဝယ်ပေးမယ်''

''အာ ... မလိုက်ချင်ပါဘူး။ နှစ်ယောက်တည်း သူများတွေက ဘယ်လိုထင်ကြမလဲ''

''သမီးရည်းစားလောက် ထင်မှာပါ၊ ချစ်သူတွေပေါ့''

''အထင်မခံနိုင်ပါဘူး။ ကိုယ်တကယ်ကြိုက်တဲ့သူနဲ့တွေ့တော့ ဘယ်လိုဖြေရှင်းမလဲ။ ကိုကိုမသိပါဘူး ... ဒီခေတ်ကြီးက အတတ်မျိုးတွေစုံနေတာ သိလား။ ကောင်လေးတွေက ကောင်မလေးတွေကို အမျိုးမျိုးလှည့်ဖြားပြီး အသုံးချနေတာ။ ဒီတော့ ကောင်လေးတွေက သူတို့မကောင်းတိုင်း ကောင်မလေးတွေကိုလည်း မကောင်းထင်ကြရော။ နှာဘူးတွေမှတ်ကုန်ရော သိလား''

သူကပဲ လူကြီးကို နှာခေါင်လေးရှုံ့ကာ ဆရာကြီးလုပ်ပြီး ပြောပြနေလျှင် ညီပြည့်စုံ ဝသုန်ကို ချစ်စနိုးဖြစ်ရသည်။

ဧည့်ခန်းထဲမှာထိုင်ပြီး စကားပြောနေကြရာမှ သူကလေးတ်သည့် စာအုပ်လက်စကို လှမ်းကြည့်လိုက်တော့ ဂျာနယ်ကျော် မမလေး၏သူမ။

ခေတ်မိန်းကလေးတွေလို အချစ်ဝတ္ထုနှုန်းလေးတွေမဟုတ်။ ညီပြည့်စုံ ကျေနပ်မိရသည်။

''ကဲပါ ... ညီမလေးကလည်း ကွန်ဖြေရရ သွားနေကြနဲ့ မောင်နှမလောက်ထင်ကြမှာပါ။ မောင်နှမတွေ၊ မိတ်ဆွေတွေသည်း ဒီလိုပဲ သွားလာနေကြတာပါ။ ဒီခေတ်ကြီးထဲ လူလာဖြစ်နေပြီး ခေတ်မှားမွေးထားသလိုပဲ''

''ဒါဆိုလည်း နေဦး။ မမကြီးကို ခွင့်တောင်းလိုက်ဦးမယ်။ အဝတ်လည်း လဲဦးမယ်''

''သူက ဘယ်မှာလဲ''

''ဆေးရုံမှာလေ''

''သူ့ခမျာ ခွဲခန်းထဲရောက်နေရင် အားနာစရာ။ အဝတ်သည်း လဲမနေပါနဲ့ကွာ။ လှပါတယ်''

ဝသုန် ဝတ်ထားတာ ဂါဝန်လေးပါ။ ဂါဝန်အနက်

လက်ပြတ်လေးမို့ အသားလေးတွေက ဖွေးနုဝင်းပနေ၏။

''ဟာ ... ကိုကိုမသိပါဘူး။ မိန်းကလေးဆိုတာ အပြင်ထွက်ရင် လုံလုံခြုံခြုံ ဝတ်ရ စားရတယ်။ အိမ်နေရင်းပုံစံနဲ့ အပြင်ထွက်ရင် ဘယ်လောက်ရက်စရာကောင်းလိုက်သလဲ''

''ဝသုန်လိုဆို အကွဲအပြဲ အဟိုက်တွေနဲ့ ဖော်ရွှေးမတွေ ဘယ်လိုလုပ်မလဲ''

''သူတို့လည်း သူတို့အကြောင်းနဲ့သူတို့ ကိုယ်ကလည်း ကိုယ့်စံနှုန်းနဲ့ကိုယ်ပေါ့ ကိုကိုရာ။ ယဉ်ကျေးမှု၊ ခံယူမှုချင်း မတူတဲ့ သူတွေနဲ့ လိုက်ပြီး တန်းညှိနေလို့ မြန်မာပြည်ကြီး ပျက်စီးသွားမှာပေါ့''

''ကဲ ဒေါ်ကြီးကျယ် ... သွား အဝတ်မြန်မြန်လဲ။ လူကို လေနဲ့ပဲ ညှော့ခံနေတယ်။ ဘာမှလည်း မကျွေးဘူး''

''ကျွေးမှာပေါ့။ ကိုကို ဒီလောက်စားချင်သောက်ချင်နေမှန်းမှမသိတာ။ ဟင်းတော့ မရှိဘူး၊ လက်ဖက်ထမင်းစားမလား ကိုကို။ ပုစွန်ခြောက်အကောင်လိုက်ကြီးတွေနဲ့ လုပ်ပေးမှာ''

''ကောင်းတယ် ... ညီမလေး အလှပြင်တုန်း ကိုကို လက်ဖက်ထမင်းစားပြီးစောင့်မယ်''

''အင်း ... ခဏနော်''

ဂါဝန်လေးနှင့် လှချင်တိုင်းလှနေသည့် ကောင်မလေး။ ဂါဝန်က ဒူးအုပ်ရုံ။ ပုံကြည့်ရတာ ငယ်ငယ်က ဂါဝန်လေးလား မသိ။

လက်မောင်းဖွေးဖွေး၊ ခြေသလုံးဖွေးဖွေးလေးတွေကအစ ပြစ်မျိုးမှည့်မထင်။

မီးဖိုဘက် လှစ်ခနဲဝင်သွားပြီး ခဏကြာလျှင် ထမင်းပူပူလေးနှင့် လက်ဖက်ထမင်း ရောက်လာခဲ့သည်။ ကြက်သွန်ဖြူ အမွှာနှင့် ငရုတ်စိမ်းတောင့်လေးတွေပါ ပါ၏။ ပုစွန်ခြောက် ၄-၅-၁၀ ကောင်လည်း ထမင်းပေါ် ဖြူးလို့။

''မနေ့ကမှ မမကြီးရဲ့လူနာတစ်ယောက် လာပေးထားတဲ့ ပုစွန်ခြောက်လေ။ ကိုကို့ကိုခိုးကျွေးတာ သိလား။ သူက အမေနဲ့အဖေဆီ လှမ်းပို့မလို့တဲ့''

''အင်''

ခိုးရာပါပစ္စည်းဆိုတော့ ညီပြည့်စုံ လည်ချောင်းနင်သွား၏။

သို့သော် သူကလေး ငဲ့ပေးထားသည့် ရေနွေးကြမ်းလေးနှင့် မျှောချရတာပေါ့။

သဒ္ဓါလို့ ကျွေးတာလေ။

အခန်းထဲ လှစ်ခနဲ ဝင်သွားသည့် ညီမလေး (၁၅) မိနစ်လောက်အတွင်းမှာပင် ပြန်ထွက်လာတော့ သူမှာ ရင်သပ်ရှုမော။

လူကြီးလေးလို ပန်းနုရောင်ချည်ထည်ဝမ်းဆက်လေးနှင့်။ ယဉ်ကျေးလှပသည့် ချစ်သူမလေ။

အဲ ... သူက ချစ်ရတာပါ။ သူမကတော့ ယခုထိ အူကြောင်ကြောင်လုပ်နေတုန်း။

''ကိုကို စားလို့ပြီးပလား''

''မကုန်တော့ဘူးကွ၊ ညီမလေးအလှကိုကြည့်ပြီး ရင်ပြည့်သွားပြီ''

''ကိုကိုနော် ကျွေးလည်း ကျွေးရသေး။ ပေး ... ပိုတာ ဝသုန် ရှင်းမယ်''

ကျန်နေသည့်ထမင်း ၄-၅ လုပ်စာကို ဇွန်းနှင့် အလျင်အမြန် စားနေပုံလေးက ပြိုင်ပွဲဝင်နေသည့်နှယ်။

''နှုတ်ခမ်းနီတွေ ပျက်ကုန်ဦးမယ်''

''ပျက်ဘူး၊ ဆိုးမှမဆိုးတာ''

''ဟင် ... တကယ်လား''

''တကယ်ပေါ့''

ပင်ကို နှုတ်ခမ်းဂဲရဲလေးတွေ သူ တစ်ယောက်စ နှစ်ယောက်စ မြင်ဖူးပါသည်။ ကလေးလေးတွေမှာ အသားဖြူသူတွေ အချို့မှာ။

ကောင်မလေး ပန်းကန် သွားသိမ်းပြီး ပြန်ထွက်လာတော့ သူ တစ်ချူးနှင့် ကောင်မလေး နှုတ်ခမ်းကို သုတ်ပေးလိုက်သည်။

''မိန်းကလေးဖြစ်ပြီး ဖြစ်သလို မနေရဘူးကွ။ နှုတ်ခမ်းမှာ ဆီတွေနဲ့''

တစ်ချူးစကိုကြည့်လိုက်တော့ တကယ့်ကို နှုတ်ခမ်းနီမတွေ့။

သွေးအားကောင်းသည့် ကောင်မလေး။ ပင်ကိုနှုတ်ခမ်းလေးက နုနုနီနီ။ ဖူးဖူးလေ။

''သွားကြစို့''

ဘေးခန်းမှ အဒေါ်ကြီးကို လှမ်းပြောခဲ့ပြီး ဝသုန် သူကားပေါ်ပါလာတော့ ညီပြည့်စုံ လေကလေးတစ်ချန်ချန်။ ပျော်လိုက်ဘာ။

ချစ်စရာ ဘာဘီရုပ်မလေးဟာ နှလုံးသားလည်း သန့်စင်ဘယ်။ အိမ်တွင်းမှုလည်း နိုင်နင်းတယ်။

ကားပေါ်မှာ သူကလေးငြိမ်သက်နေတော့ သူ့ဓာတ်ပြားဟောင်းကြီးဖွင့်ရသည်။

''ဝသုန် ကိုကိုတော့ အရေးတော်ပုံမှာ နစ်မွန်းရတော့မယ်နော်။ တစ်သက်လုံး နွံထဲနစ်ရတော့မှာ။ ကိုကို့ကို မသနားဘူးလား''

''ယူလိုက်ပေါ့ ကိုကိုရဲ့။ လူကြီးတွေကလည်း ဖိတ်ချင်းဖိတ် ကိုယ့်အိတ်ထဲ ဖိတ်ချင်မှာပေါ့''

''ဝသုန်ကွာ ... ကိုကို အကြောင်းစုံပြောထားရဲ့သားနဲ့ သေချာစဉ်းစားမိပါဦး''

''အို ... မေ့လို့ ကိုကို့နောက် လိုက်လာမိတယ်။ နေဦး ဝသုန် ခေါင်းပူနေလို့ စာအုပ်တွေ အရင်ဝယ်လိုက်ဦးမယ်''

''ခွေးမလေး ... ကိုကို့ကိုတော့ မနှပ်နဲ့နော်''

''အံမာ ... နှပ်ရအောင် ကိုကိုက ကလေးလေးလား။ သူငယ်နှပ်စားလေးလား''

''ဟုတ်ပါဘူး၊ ကိုကို့ကို စာအုပ်ဝယ်ခိုင်းပြီး မစဉ်းစားပေးမှာစိုးလို့ပါ''

''အံမာ ... စာအုပ်ဖိုးက ဘယ်လောက်ရှိမှာမို့လဲ။ ဝသုန်က အလကားရတိုင်းလည်း နင်းကန်ပြီးမဝယ်ပါဘူးနော်။

တစ်အုပ်၊ နှစ်အုပ် ကိုကိုစေတနာရှိသလောက်ပဲ ဝယ်ခိုင်းမှာပါ။ ဟင်း ... ကိုကို့ရည်းစားတွေလို အဖိုးတန် မိတ်ကပ်တွေ၊ ရေမွှေးတွေ၊ ဘရာစီယာတွေ၊ လက်စွပ်တွေ၊ ဆွဲကြိုးတွေလည်း မဝယ်ခိုင်းပါဘူး''

''မဆိုင်တာတွေ မပြောကြေးကွာ။ လောလောဆယ် ကိုကို့မှာ အကုန်ရှင်းတယ်။ ကိုကို့အချစ်ဆုံးက ညီမလေးပဲ။ ကိုကို့ကယ်တင်ရှင်ကလည်း ညီမလေးပဲ''

''တော်ပြီ ... ဓာတ်ပြားဟောင်းကြီးနားထားဦး''

ကလေးလူလည်မလေးက စာအုပ်ဆိုင်ကြီးများရှေ့တွင် ကားရပ်ပေးသည်နှင့် တစ်ဆိုင်ဝင် တစ်ဆိုင်ထွက် စာအုပ်တွေ ရွာဖွေ မွှေနှောက်နေပါလေတော့သည်။

''ညီမလေးက ဘာလိုချင်တာလဲ။ ကာတွန်းလား၊ ရုပ်ပြလား''

သူ ချစ်စနိုးစတော့ မျက်စောင်းလေးက လက်ခနဲ။

''ကိုကိုပဲဖတ်၊ ကာတွန်းတွေ''

''ခုထဲက ဝယ်ထားမှာ။ နောင် သားသားတွေ မီးမီးတွေ ရတော့ ဖတ်ဖို့''

''ငြိမ်ငြိမ်နေစမ်းပါ ကိုကိုရာ။ ကိုကို့မှာ ပိုက်ဆံ ဘယ်

လောက်ပါသလဲပြော။ အဲဒါပေါ်မူတည်ပြီး ဝသုန် ဝယ်ရမှာ။ ဝသုန်က နောက်တစ်ပတ်ဆို ရွာပြန်မှာ။ ရွာမှာဖတ်ဖို့ ဘယ်သွားချင်တာ''

''ဟင် ... အကြာကြီးနေမှာလား''

''အင်းပေါ့ ... ကျောင်းဖွင့်မှ ပြန်လာမှာ။ တစ်လခွဲလောက်နေမှာ''

''ဟာကွာ ကိုကိုလွမ်းနေရမှာပေါ့''

''အံမာ ... ခုရော တွေ့နေရတာကျလို့။ ကိုကိုအပိုတွေ့မရှိးနဲ့''

''အဲဒါကြောင့် လက်ထပ်ချင်ပါတယ်ဆိုတာ ဈေးကိုင်နေတယ်။ ဈေးပေါင်ကျိုးလို့ ပါးဟပ်ညိုတော့မှ ကိုကိုရေလို့ မတန့်။ အဲဒီအချိန်လောက်ဆို ကိုကိုက ကလေးတစ်ဒါဇင်လောက် ရနေပြီ''

''ဟုတ်ပါတယ် ... ဟုတ်ပါတယ်။ ကလေးတစ်ဒါဇင်မြေးတစ်ဒါဇင်နဲ့ ညစ်ပတ် ပေကျံနေမှာ မြင်ယောင်ပါသေးတယ်ဟင်း''

စာအုပ်ရွေးရင်း စကားနိုင်လုနေသည့် ကောင်မလေးကို သူ တစ်နေ့တခြား ပိုပိုချစ်နေမိတာ ဒီဂရီကုန်ပြီလားမသိ။

သူမက စာအုပ် ၄–၅ အုပ်ရွေးပြီး ဗုဒ္ဓစာပန်းချီ ရုပ်ပြလေးတွေလည်း ၄–၅ အုပ်ယူလိုက်သေး၏။

ကလေးစာပေရော လူကြီးစာပေပါ အစုံဖတ်သည့် ကောင်မလေး။

ဖက်ရှင်စာအုပ်တစ်အုပ်လည်း ဝယ်လိုက်သေး။

''ဝသုန်က ရွာကျရင် စက်ချုပ်သေးတယ် ကိုကို၇။ ဘစ်လခွဲလောက်ချုပ်ရင် တစ်သိန်း, နှစ်သိန်းလောက် အနည်းဆုံးရတယ် ... မိဘတွေကို ကိုယ့်ချွေးနဲစာလေးနဲ့ ကျွေးရတာပေါ့''

''ကိုကို့ဖို့ရော''

''အင်း ... အဲဒီပိုက်ဆံထဲက ကိုကိုဖို့ မြင်းခေါင်းစွပ်ကျယ်လေးတစ်ထည် ဝယ်ပေးမယ်''

လူကြီးကို မချိုမချဉ်ရုပ်လေးနှင့် စနေသည့် ကောင်မလေးဟာ အလွန်ချစ်စရာကောင်းလှပါသည်။

''တော်ပြီပေါ့၊ ဒီလောက်သိတတ်ရင်''

သူမ ရွေးသည့်စာအုပ်လေးတွေက စာရေးဆရာအစုံ။ ရွှေဥဒေါင်း၊ မြသန်းတင့်၊ မစန္ဒာ၊ ခင်ခင်ထူးနှင့် မင်းကိုနိုင်တို့ရဲ့ စာအုပ်တစ်အုပ်စီ။

သူ ချာတိတ်ကို အထင်မသေးရဲတော့ပါ။

''ဒီစာအုပ်တွေ ဖတ်ရမှန်း ဘယ်လိုလုပ်သိတာလဲ''

''အိမ်မှာ ဖေဖေနဲ့မေမေက စာဖတ်တယ်လေ။ ကိုယ်ပိုင် စာအုပ်ဗီရိုလေးရှိတယ်။ အဲဒီအထဲမှာ ရှားပါးစာအုပ်တွေ အများကြီးပဲ။ ဆရာကြီးဦးဝင်းတင်ရဲ့ ကွို၊ ဆရာတက်တိုး ဘာသာပြန်တဲ့ ခါးကုန်းကြီး၊ ဆရာမောင်သာနိုးရဲ့ ထင်ရှူးပင်ရိပ်၊ နောက် ဗုဒ္ဓဝင်၊ မဟာဝင်၊ ငါးရာ့ငါးဆယ် နိပါတ်တော်တွေ''

''ဟေ''

ဟေတစ်လုံးသာ သူအော်နိုင်ပါတော့သည်။

''ညီမလေးက ဘယ်ချိန်ဖတ်။ စာဖတ်ရတာ မပျင်းဘူးလား''

''ကျောင်းပိတ်ရက်တွေ၊ အလုပ်အားတဲ့အချိန်၊ ညဘက်တွေ ဖတ်တာပေါ့ ကိုကိုရ။ ဖေဖေနဲ့မေမေက စာဖတ်ခြင်းကို အားပေးတယ်''

''ကိုကိုလည်း အားပေးပါတယ်ဗျာ။ စာအဖတ်များလို့ မျက်မှန်ကြီး ပုလင်းဖင်လာက် ထူလာလည်း လက်တွဲခေါ်မယ်ဗျာ''

ရယ်ရယ်မောမောနှင့်ပင် သူကလေးလိုချင်သည့် စာအုပ်များဟာ ဒစ်စကောင့်နှင့် ဘာနှင့်ဆိုတော့ အားလုံးပေါင်းမှ သုံးသောင်းခွဲ။

ဝသုန်ပြောသလို နှုတ်ခမ်းနီ၊ မိတ်ကပ်၊ ရေမွှေးဖိုးလောက် စျေးမကြီး။ တန်ပါသည်။ ဒါဟာ သူဘာဘီရုပ်ကလေးရဲ့ အရည်အချင်းတစ်ခုပေါ့။ အားပေးရမည်။

စာအုပ်တွေဝယ်ပြီးတော့ နှစ်ယောက်အတူ ကားဆီပြန်လျှောက်လာကြသည်။ ကားထဲဝင်ပြီးချိန်မှာ ညီပြည့်စုံ ဗွေဖောက်လာချေပြီ။

''အစောကြီးရှိသေးတယ်ကွာ။ ကိုကို အိမ်မပြန်ချင်သေးဘူး။ ညီမလေးနဲ့ ရွှေတိဂုံသွားချင်တယ်။ ဆုတွေတောင်းမယ်''

''လာပြီ ကိုကိုနော်။ ညီမလေးက အားတာမဟုတ်ဘူး။ အဝတ်တွေလျှော်ရဦးမယ်''

''အဝတ်လျှော်စက်မရှိဘူးလား''

''မရှိပါဘူး၊ အဝတ်လျှော်တာများ ဘာခက်ခလို့။ အလကား ပိုက်ဆံကုန်အောင်''

''ခဏလေးပါကွာ။ ဘုရားဖူးရအောင်နော် ... နော်''

အခန်း (၂၅)

အလည်လွန်တဲ့ဘီးကလေး။

စာအုပ်တွေဝယ်၊ ဘုရားဖူး၊ နောက် တိရစ္ဆာန်ဥယျာဉ်ဝင်။ အချိန်က ညနေစောင်းပြီ။ (၅) နာရီ။ ကားလမ်းတွေကပိတ်။

(၆) နာရီလည်း အိမ်ပြန်မရောက်။ (၇) နာရီလည်း အိမ်ပြန်မရောက်။

မျက်ရည်တွေနှင့် ကောင်မလေးကို သူ ခိုးလာခဲ့ပြီ။

မမကြီးခမျာ ဝသုန်ကို အိမ်မှာရှိနေတယ်လို့ပဲ ထင်နေမှာပေါ့။

"ဘုရားဖူးဖို့ကို အကြောက်အကန်တွေ ငြင်းနေရင် ညီမလေး ရဲရဲကြီးလိမ့်မယ် သိလား"

"ကဲပါ ... ဒါဆိုလည်း လိုက်ပါ့မယ်"

"ဝိုး"

လေတစ်ချက်ခွန်ရင်း သူ ဘုရားသို့ ဦးတည်လိုက်ပါသည်။



စီစဉ်နေကြတာလေ။ ကိုကိုက ကိုယ့်အချစ်ဆုံးလေးနဲ့ ချည်ပြီး ဘုပ်ပြီးကြောင်း သက်သေပြရမှာ''

''သူတို့စိတ်ဆိုးရင်ရော''

''ပထွေးတော်ကြီးကတော့ စိတ်ဆိုးမှာပေါ့။ သူသမီး မဖြတ်ဆောက်တို့ကို မယူလို့။ ဒါတွေ ကြိုသိထားပါကွာ။ မေမေ သဘောတူရင် ပြီးတယ်။ အဲ ... မေမေ သဘောမတူလည်း ကိစ္စမရှိဘူး။ ကိုကို့မှာ ရန်ကုန်မှာ တိုက်ခန်းနဲ့ကားရှိပြီးသားပဲ။ လောလောဆယ် တက္ကဆီမောင်းကျွေးမယ်။ အောင်စာရင်းထွက်လို့ ဘွဲ့ရပြီးတော့ အလုပ်တစ်ခု လုပ်ကျွေးမယ်ကွာ''

ပေါက်တဲ့နဖူး မထူးတော့ပါဘူးဆိုပြီး ကိုကို့ရင်ခွင်ထဲမှာ ဝသုန် အရှုပ်ကလေးလို ငြိမ်နေရတုန်း မမကြီးထံမှ ဖုန်းဝင်လာလေ။ ဝသုန်မကိုင်ရဲပါ။ ကိုကို့ကိုသာ ထိုးပေးရတော့၏။ ညီပြည့်စုံ ဝသုန့်ဖုန်းကို ညင်သာစွာကိုင်ရ အားမွေးရဲရင့်ရပါသည်။

''ဟယ်လို မမကြီး ... ကျွန်တော် ညီပြည့်စုံပါ''

''ညီပြည့်စုံ''

အချိန်မတော်ကြီး ကိုယ့်ညီမဖုန်းကို သူကိုင်သည် ဆိုတော့ ခင်ထက်ပန် သဘောပေါက်ရပြီ။

''ငါ့ညီမနဲ့ စကားပြောချင်တယ်''

သူ့ရင်ခွင်ထဲမှာ ငိုရတာမောသွားသည့်ကောင်မလေးကို ပွေ့ချီပြီး သူကတော့ သာသာယာယာ။

သူငယ်ချင်း (၂) ယောက်က ရှေ့မှာ ကားမောင်းပေးနေပါ၏။

သူက နောက်ဘက်မှာ။ ချစ်သူမလေးကို အသာကုန်ချော့လို့။

''ကိုကိုမကောင်းဘူး၊ ဝသုန့်ကို အချိုကျွေးပြီး အချဉ်ဖမ်းတယ်''

''ဘာတုံး ညီမလေးရဲ့။ ကိုကိုက ညီမလေးကို တစ်သက်တာ ထာဝရအတွက် ရည်စူးပြီး ခိုးလာခဲ့တာလေ''

''ကိုကို့မိဘတွေက ရည်ရွယ်ထားသူတွေနဲ့။ ဝသုန့်ကို ဘယ်သဘောတူမလဲ။ နှင်ထုတ်ကြမှာပေါ့။ အချိန်မီပါသေးတယ် ကိုကိုရယ်။ ဝသုန့်ကို ပြန်ပို့ပေးပါ နော် နော်''

''ပို့ဘူး၊ အစကတည်းက လိုချင်လို့ ခိုးလာတာ။ တောင်ငူကျရင် ကားနားမယ်။ အောင်သန့်ကိုတို့ အိမ်မှာတည်းမယ်။ မနက်ကျ လက်ထပ်မယ်။ ညနေအရောက် အိမ်ပြန်မယ်''

''ကိုကို့အိမ်ကို မလိုက်ရဲပါဘူး''

''လိုက်ရမယ်။ သူတို့က ကိုကို့ကို ချောင်ပိတ်ရိုက်ဖို့

ညီပြည့်စုံ၏မိဘများအိမ်က နှစ်ထပ်တိုက်လှလှကြီးပါ။ သူတို့မြို့မှာတော့ မျက်နှာဖုံးတွေပါပဲ။

ညီပြည့်စုံ ဝသုန်ကိုလက်ဆွဲပြီး တိုက်ထဲသို့ ဝင်သွားလျှင် အားလုံးပင် စူးရဲမုန်းတီးသော မျက်လုံးများနှင့် ကြည့်နေ၏။

ညီပြည့်စုံ မေမေ့ကိုသတင်းပေးပြီးသားမို့ သတင်းကတော့ ရောက်ပြီးသား။

ကိုကိုပြောသည့် ပထွေးနှင့် ပထွေးသမီး (၂) ယောက်ကိုရော သူမေမေရော ဧည့်ခန်းထဲမှာ တွေ့ကြရပါသည်။ မျက်နှာတင်းတင်းကြီးတွေနှင့်။

''ကျွန်တော် အရင်ရှင်းပြပါရစေ မမကြီး။ မမကြီးညီမကို စိတ်မပူပါနဲ့ခင်ဗျာ။ ကျွန်တော် သူ့ဘဝတစ်လျှောက်လုံး လုံခြုံအောင် စောင့်ရှောက်ကာကွယ်သွားမှာပါ ခင်ဗျ''

''အဲဒါဆိုလည်း မိသားဖသားပီပီ လာပြီးတောင်းရန်းလက်ထပ်ပါလား။ အခု ငါ့ညီမ ဘယ်မှာလဲ''

''ကျွန်တော့်မိဘတွေရှိရာကို ခိုးသွားပါပြီ။ (၃) ရက်ကြာရင် ကျွန်တော် မိသားဖသားပီပီ ကိစ္စတွေကို အားလုံးကျေပွန်အောင် လုပ်ပေးပါ့မယ်ခင်ဗျာ။ မမကြီးစိတ်ချနေပါနော်။ သူ့ကို ကျွန်တော် စိတ်ချမ်းသာအောင် ထားပါ့မယ်''

ဖုန်းကိုပိတ်လိုက်ပြီး ညီပြည့်စုံ ဝသန့်ကို ရင်ခွင်ထဲထည့်ကာ ဘဝကို သာယာကြည်နူးနေမိပါသည်။

နောင်ခါလာ နောင်ခါစျေးပဲ။ လောလောဆယ်တော့ သူ နှတ်ပြည် (၆) ထပ်ကို တစ်ထပ်ပြီးတစ်ထပ် တက်နေမိပါသည်။



ထို့အပြင် ညီပြည့်စုံ၏မေမေက ရပ်မိရပ်ဖ၊ မြို့မိမြို့ဖ များကိုပါ ဖိတ်ကြားထားတာကြောင့် ည့်ခန်းထဲသို့ တဖွဲဖွဲ ရောက်လာနေကြဆဲ။

မေမေ ဒေါ်ခင်ပြည့်စုံ၏မျက်နှာက ပီတိတွေကို မျိုသိပ်ထားရသည့်ပုံ။ လင်ပါသမီးတွေရဲ့ အကြောင်းကို သူမ အသိဆုံး။ ကိုယ့်သား သည်လိုလုပ်လာလို့သာ လွတ်မြောက်ရတာ။

ဒေါ်ခင်ပြည့်စုံဟာ ခင်ပွန်းသည်ကို အားနာလို့ သားနှင့် ချွေးမကို ဖက်လဲတကင်း မကြိုဆိုသော်လည်း စီစဉ်ထားပုံက အကွက်ကိုစေ့လို့။

ရပ်မိရပ်ဖ၊ မြို့မိမြို့ဖနှင့် တရားသူကြီး၊ ရှေ့နေတွေပါ မကျန် ဖိတ်ပြီးသား။ တစ်ခါတည်း လက်ထပ်ပေးမှာ သိကြားမင်းကြီး ဆင်းဖျက်တောင် မပျက်ရအောင်လို့။

ဒေါ်ခင်ပြည့်စုံ၏ခင်ပွန်း ဦးအောင်သူ တဖြည်းဖြည်း မျက်လုံးပြူးလာပြီ။ သူမိန်းမ၏ ခြေရာလက်ရာကိုမြင်လာ၏။

''မင်း ဒါဘာလုပ်တာလဲ၊ မင်းသားကို အခမ်းအနားနဲ့ ကြိုတာလား။ မြောက်ထိုးပင့်ကော်လုပ်ပေးနေတာလား။ ငါ သဘောမတူဘူးနော်။ ဒီမှာ အားလုံးစီစဉ်ပြီသား။ ငါ့မျက်နှာကို အိုးမည်းသုတ်ကြတာလား''

''ရှင် ဘာသိလို့လဲ။ အခု ကျွန်မသားခိုးလာတာလေးက (၁၈) နှစ်မပြည့်သေးဘူးကြားလို့။ သူ့အိမ်က ပြဿနာလိုက်မရှာရအောင် တစ်ခါတည်း အပိုင်ချည်ထားရတာ။ ကျွန်မသား ထောင်မကျရအောင် ကာထားရတာ။ ပြီးတော့ ကောင်မလေးက သဘောမတူဘဲနဲ့ သားက အတင်းခိုးလာတာတဲ့''

''ယောကျ်ားစေ့းကျလိုက်တာကွ။ ကောင်မလေး ကြည့်ရတာ ဆင်းဆင်းရဲရဲပုံပါ။ လျော်ကြေးပေးပြီး ပြန်လွှတ်လိုက်။ ငါ့သမီးနဲ့ပဲ ပေးစားမယ်''

ည့်ခန်းထဲမှာ လင်မယား (၂) ယောက် ကြိတ်ပြီး စကားများနေရတာ။ ငါးပိဖြစ်တာတောင် အမြီးလှုပ်နေသေးသည့် ဦးအောင်သူအား ဒေါ်ခင်ပြည့်စုံ အမြင်ကပ်လှပါဘိ။

''မရတော့ဘူး၊ ကောင်မလေးဖအေဘက်က သူညီက နေပြည်တော်မှာ ဗိုလ်မှူးကြီးတဲ့တော်ရေ။ ကျူပ်တို့တစ်ဆွေလုံး တစ်မျိုးလုံး ၆၆(ဃ)နဲ့ ထောင်ထဲအစစ်ဆေးမရှိ ရောက်သွားချင်လား''

''၆၆ (ဃ)က ဆက်သွယ်ရေးပုဒ်မပါကွ။ မိန်းမခိုးတာနဲ့ မဆိုင်ပါဘူး''

''ဆိုင်တယ် ဆိုင်တယ်။ ခုခေတ်လူတွေက တောင်နဲ့

မြောက်ဆွဲစေ့ပြီး လိုရာဖမဲးပရမ်းချည်တတ်တယ်။ သူတို့ကို ဘိုင်နိုင်နဲ့ကော်ဆဲတာ သည်းခံချင်ပေမယ့် အရိပ်အမြွက်လေးကျခါမှ နာချင်နာတတ်တာတော့။ ကျုပ်တော့ ပြဿနာတွေ ရှောင်တဲ့အနေနဲ့ ဒီပြဟ္မာမင်းဦးခေါင်း၊ မိဖုရားမလေးနဲ့ ကျုပ်သားကို အမြန်ဆုံးပေးစားလိုက်မယ်တော်။ ပြီးရင် သူတို့နေချင်ရာနေ။ ပေးစရာရှိတာပေးပြီး လွှတ်လိုက်မယ်။ ဒီမှာ ဒီကစီးပွားရေးတွေ အားလုံး တော့်ဘာသာ လက်ဝါးကြီးအုပ်ပြီး စီစဉ်၊ ကွပ်ကဲ မောင်းနှင်ပေတော့''

''ငါက ဘယ်မယားငယ်ရှိတာကျလို့ကွာ။ ငါ လုပ်သရွေ့ ကိုင်သရွေ့ မင်းပဲအကျိုးခံစား စံစားရတာပါ''

''ဟုတ်ပါတယ်၊ ဒါကြောင့် ကျုပ်ကလည်း ကိုယ့်ယောကျ်ားကလွဲ ဖွဲနဲ့ဆန်ကွဲပါ။ သားတောင် အဝေးပို့ထားတာကြည့်ပါလား''

တကယ်က သားက သူမရဲ့အနားမကပ်တာပါ။ ဒါပေမဲ့ယောကျ်ားသဘောကျအောင် ပြောရတာ။ သံခင်း၊ တမန်ခင်းနည်းဖြင့် ယောကျ်ားကို ချော့ရတာ။

သူမျက်စိရှေ့မှာတော့ ညီပြည့်စုံက ငိုမဲ့မဲ့ချစ်ဖနီးလေးကို အာခံတွင်းထဲ ငုံထားတော့မတတ် ချစ်ခင် ယုယလို့။

လူကြီးစုံရာရှေ့မှာပင် တစ်ခါတည်း လက်မှတ်ထိုး၊ တစ်ခါတည်း လက်ထပ်ပေးသည့်မေမေ။

ရန်များရှင်းသွားအောင် သားအတွက် ကာကွယ်ပေးခဲ့သည့် မေမေ။

ရုပ်တည်ကြီးနှင့်ပေမယ့် မေမေ့ဗိုက်ထဲ အူဘယ်နှခွေရှိသည်ဆိုတာ ညီပြည့်စုံအသိဆုံး။

သားနှင့်ချွေးမ စိတ်ဆင်းရဲမှာစိုးလို့ စီးပွားကိုလည်း တစ်ခါတည်း မေးဇ်။ ခွဲပေးဖို့အသင့်။

''သားက မိန်းမယူပြီးရင် ဘာဆက်လုပ်မှာလဲ''

''လောလောဆယ်နားမယ် မေမေ။ သား ဒီအိမ်မှာ နေလို့ရမလား''

''ဟော် ... ဒါ သားအိမ်ပဲလေ။ သားဖေဖေ မသေခင် သားကို ပေးခဲ့တဲ့အိမ်။ သားအိမ်ပဲ။ မေးနေရသေးလား''

''ဝသုန်လေး စိတ်အနှောင့်အယှက်ဖြစ်မှာစိုးလို့''

''ဒါဆိုလည်း မြို့စွန်က မေမေတို့အမွေရထားတဲ့ တိုက်ကလေးမှာ သွားနေ။ ပိတ်ထားတာကြာပေမယ့် တစ်လတစ်ခါ ရှင်းထားလို့ သန့်နေတယ်''

''အိုကေ မေမေ၊ စားတော့ရော''

''မေမေ ချိုင့်နဲ့ပို့ပေးမယ်''

''အဲဒါကြောင့် မေမေ့ကို အကြီးကြီးချစ်တာ။ လာ ချစ် မေမေ့ကို ကန်တော့ကြရအောင်။ အချိန်မရှိဘူး''

ည (၉) နာရီလောက်မို့ ညီပြည်စုံ လောဆော်နေလျှင် ဒေါ်ခင်ပြည်စုံ ပြီးရသည်။ သူသားကဲနေတာတွေ။

လူကြီး (၂) ယောက်ကို ကန်တော့ကြပြီး မေမေပေး သည့် သော့ကိုယူကာ မြို့စွန်တိုက်ဆီသွားဖို့ပြင်ကြသည်။

မေမေက ကားထိလိုက်ပို့ရင်း စိုးရိမ်တကြီးမှာလိုက်ပုံက

''သား လူမနေတာကြာတော့ တိုက်က သရဲတစ္ဆေတွေ များရှိမလားမသိ။ ဘုရားရှိခိုးအိပ်ကြနော်''

''ရတယ် မေမေ၊ သားတို့က သရဲကိုပြန်ခြောက်လိုက် မှာ''

တကယ်က သားအမိ (၂) ယောက်ပေါင်းပြီး ခွင်ဆင် လိုက်တာပါ။ ဒါမှ ဂျစ်တူးမလေး ဂျီမလေး သူသားအနားက မခွာမှာလေ။



ဆင်သည့်ခွင်က ကွက်တိ။

မြို့စွန်ဖြစ်ရသည့်အထဲ မီးကပြတ်၊ မိုးကရွာ။

ညီပြည်စုံ၏ရင်ခွင်ထဲ ဖားပျံလေးလို အတင်းကပ်နေ သည့် ကောင်မလေး။

သူမှာ တွိုင်းလက်ဝင်တာတောင် အော်ငိုနေလေရဲ့။ သားသည်အမေကြီးဖြစ်နေရ၏။

''ကိုကို မြန်မြန်လုပ်။ ဝသုန်ကြောက်တယ်''

''အေးပါဟာ ... ညီမလေးကြောက်ရင်လည်း အထဲ ဝင်ခဲ့။ အဲဒီမှာ ကိုကို တံခါးဟထားတယ်လေ''

''မဝင်ချင်ပါဘူး၊ ကိုကိုမြန်မြန်လာ''

''အေးပါ ... အေးပါ၊ ပြီးပြီ ပြီးပြီ''

ဒီလိုဒီလိုတွေ ချစ်နေတာ။

အရေးထဲ မိုးတွေကရွာ၊ လျှပ်စီးတွေကလက်၊ မိုးကြိုးတွေကပစ်။

အိပ်ရာထဲမှာ သူ့ရင်ခွင်ထဲ အတင်းတိုးဝင်ပြီး အတင်းဖက်ထားသည့် ကောင်မလေးကိုကြည့်ပြီး သူမှာ အူထဲယားအောင် ရယ်ချင်နေရပါ၏။

လှတောသားရဲ့ ထမ်းပိုးလေးလိုပါပဲ။ အစပိုင်းသာ ကိုယ်က ထမ်းနေရပေမယ့် ထမ်းပိုးက ညွှတ်လွန်းအားကြီးတော့ နောက်ဆုံးကျ တောင်းထဲဝင်လိုက်ရသလိုပါပဲ။

အစပိုင်းသာ သူက လျှာထွက်မတတ် အာပေါက်မတတ် ပြောရ ဟောရပေမယ့် ကြင်နာတတ်သည့်၊ ချစ်တတ်သည့် ညီမလေးဟာ နောက်ဆို သူ့အပေါ် ကြင်နာယုယမှုတွေက မြင်းမိုရ်တောင်လောက်ရှိမည် ဖြစ်ကြောင်း အရိပ်အယောင်တွေ ပြနေပြီ ဖြစ်ပါကြောင်း။

ကြယ်စင်မှူးဝေ

၂၇-၆-၂၀၁၇



ဒေါ်ရွှေမင်းဒီသာစိုးမြင့်

ကြယ်စင်မှူးဇာ

မုသားမြင့်မိုရ် - အမုန်းမြင့်မိုရ်



အချစ်
လုံးချင်းဝတ္တုပြစ်

ပုံနှိပ်မှတ်တမ်း

ပုံနှိပ်ထုတ်ဝေခြင်း – ပထမအကြိမ်၊
၂၀၁၇၊ အောက်တိုဘာလ။

ထုတ်ဝေသူ – ဦးအေးလွင် (၀၀၄၀၅)
ရွှေပဒေသာစာပေတိုက်
အမှတ် (၃၃)၊ ကျီတော်လမ်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်မြို့။

မျက်နှာဖုံးနှင့် – ဦးအေးလွင် (၀၀၂၄၀)
အတွင်းပုံနှိပ်သူ ရွှေပဒေသာအော့ဖ်ဆက်
အမှတ် ၃၃၊ ကျီတော်လမ်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်မြို့။

ဖြန့်ဈေး – ၁၇၀၀ ကျပ်

အုပ်ရေ – ၅၀၀ အုပ်

၈၉၅ ၀၃

ကြယ်စင်မျူးဝေ
မုသားမြင်းမိုရ် အမုန်းမြင်းမိုရ်/ ကြယ်စင်မျူးဝေ–ရန်ကုန်၊
ရွှေပဒေသာစာပေ ၊ ၂၀၁၇ ။
၂၈၈ – စာ ၊ ၁၂ ၀ ၃ × ၁၈ စင်တီ။
(၁) မုသားမြင်းမိုရ် အမုန်းမြင်းမိုရ်

ကြယ်စင်မျူးဝေ

မုသားမြင်းမိုရ် အမုန်းမြင်းမိုရ်

အမုန်းတွေ မြင်းမိုရ်တောင်လောက်
မုသားတွေက ပန်းလိုပြန့်ကြဲ
နာကျင်မှုတွေ အသည်းထဲထိစိမ့်ဝင်
ရင်ခွင်တစ်ပြင်လုံး ဆူးအပြည့်
သွေးစက်တွေအပြည့်။

သက်ထားဝသုန်

ငါးခုံးမတွေတင်လာတဲ့လေ
တစ်ကောင်တည်းပုပ်တာမဟုတ်
လှိုင်းအုပ်တ် လေ့အလှူးမှာ
ပန်းကလေးတွေ ကြေရ မွှ။

ညီပြည့်စုံ

အခန်း (၁)

သက်ထားဝသန်နှင့်

သက်ထားဝသုန်။

တစ်နှစ်ကြီးတစ်နှစ်ငယ် ညီအစ်မဆိုတော့ အမွှာလိုလို ဘာလိုလို။

နှစ်ယောက်လုံး ချောချောလှလှနှင့် ခေတ်အဆင်၊ ခေတ်အထာလေးတွေ။ သို့သော် စရိုက်လည်းမတူ၊ စတိုင်လည်းမတူ။

သက်ထားဝသန်က ဆံပင်ရှည်လေးနှင့် မိန်းမဆန်ပြီး

သက်ထားဝသုန်ကတော့ တုံးဆိုတိုက်၊ ကျားဆိုကိုက်သည့် အဆင်။

မဟုတ်ဘွင်းဘွင်း၊ ဟုတ်ဘွင်းဘွင်းနှင့်။

တက္ကသိုလ်ကျောင်းသူလေးတွေပေါ့။

သူတို့၏အစ်မကြီး ခင်ထက်ပန်ကတော့ အစ်မကြီးအမိုရာ ဆိုသည့်အတိုင်း ညီအစ်မတွေ၏ လိုအပ်ချက်ကိုဖြည့်ဆီးဖို့ ကြိုးစားနေသည့် သူနာပြုဆရာမလေးပါ။

အသက်အစိတ်ရှိပြီမို့ အပျိုကြီးစာရင်း ဝင်နေရသည့် ကြားထဲ နေ့စဉ် ယူနီဖောင်းနှင့်သာ နှစ်ပါးသွားနေရတာမို့ လှလှပပလည်း မဝတ်ရ၊ မပြရှာပါ။

ခင်ထက်ပန်၏စိတ်ထဲမှာလည်း လင်စိတ်၊ သားစိတ်၊ ချစ်သူရှာချင်စိတ်ပင် ရှိပုံမရ။ သူမကိုကြည့်လိုက်လျှင် ချွေးတလုံးလုံးနှင့် အပြေးအလွှား။ လုပ်ဟယ်၊ ကိုင်ဟယ်နှင့်သာ။ သူနာပြုဆရာမလေးပီပီ လျင်လျင်မြန်မြန် ဖျတ်ဖျတ်လတ်လတ်။

ညီအစ်မ (၃) ယောက်သား ဆေးရုံလိုင်းခန်းတစ်ခန်းမှာ နေခွင့်ရသည်မို့ (၃) ယောက်လုံး သွားရေးလာရေး အဆင်ပြေရပါသည်။

မမက ဆေးရုံထဲမှာ အလုပ်ဆင်း။ ထားဝသန်နှင့် ဝသုန်

က ဖယ်ရှိနှင့် ကျောင်းတက်သည်။

ယခုချိန်ထိတော့ လောကကြီးက သာသာယာယာ။ လေနှိုက်ကြမ်းတွေ၊ မုန်တိုင်းတွေ၊ ဆိုင်ကလုန်းတွေ မလာသေး။

ညီအစ်မ (၃)ယောက်သား ကြည်ကြည်သာသာ၊ ရွှင်ရွှင်မြူးမြူးနှင့်ပင် ဘဝ၏ ရေဆန်၊ လေဆန်တွေကို ဖြတ်ကျော်လှော်ခတ်နေကြဆဲ။ တက်ညီလက်ညီ။

မုန်တိုင်းဆိုတာ ကျိုနဲ့လားလို့ မေးကြရမယ့်အချိန်။ မမ ခင်ထက်ပန်ရဲ့လစာရယ်၊ စပါယ်ရှယ်လိုက်လို့ရတဲ့ ဝင်ငွေရယ်။ မမဝသန်ရဲ့ ဂိုက်လစာရယ်။

မိန်းမချော၊ မိန်းမလှလေး (၃) ယောက်ရှိနေသော တိုက်ခန်းသည် ပန်းကလေး (၃) ပွင့်ဟို တစ်မျိုးစီ ရနံ့မွှေးရင်း လေယူရာယိမ်းနွဲ့လို့ ဟန်ချီနေတော့တာ။

မနက် (၅) နာရီလောက်မှစပြီး သူမတို့၏ တိုက်ခန်းလေးက အသက်ဝင်ပါပြီ။

မမကြီးခမျာ ယခုထိ အိမ်ပြန်မရောက်နိုင်သေး။ တစ်နေ့ တစ်နေ့ ဂျူတီကတစ်မျိုး၊ ဂျူကီနားချိန်ကျတော့လည်း စပါယ် ရှယ်လိုက်ရသေး။

အိမ်မှာရှိနေတာ သက်ထားဝသန်နှင့် သက်ထားဝသုန်။

ဝသန်က အသက် (၁၉)၊ အင်္ဂလိပ်စာမေဂျာ၊ တတိယ နှစ် ကျောင်းသူ။

ဝသုန်ကသခ်္ဂါ၊ အသက် (၁၈) ဒုတိယနှစ်ကျောင်းသူ။

ကျောင်းဖယ်ရီက (၇) နာရီလောက်ဆို ရောက်လာတတ် မြဲမို့ (၅) နာရီလောက်ကတည်းက ညီအစ်မ (၂) ယောက် ထကြွလှုံ့လန့်ဖြင့် လုပ်စရာရှိတာ လုပ်ရမြဲ။

မမပန် ပြန်လာလျှင် စိတ်ချမ်းသာရအောင် အားလုံး ပြင်ဆင်ချက်ပြုတ်ထားမြဲ။

သက်ထားဝသုန်က အချက်အပြုတ် ဝါသနာပါပြီး သက် ထားဝသန်က အိမ်သန့်ရှင်းရေးနှင့် ကျန်ဟာဟီရကိစ္စများကို လုပ် သည်။

ရေခဲသေတ္တာထဲမှာ အသား၊ ငါးနှင့် ဟင်းသီးဟင်းရွက် လေးတွေ ဝယ်ထည့်ထားနိုင်တာမို့ ချက်ရ ပြုတ်ရတာတော့ လွယ်ပါသည်။

"ဒီနေ့ ငါးကြော်နဲ့ ချဉ်ပေါင်ဟင်း"

အငယ်မက သူချက်မည့်ဟင်းကို ပါးစပ်မှ နေ့စဉ် အော် ဘတ်မြဲ။ အစီရင်ခံတာပေါ့။ မမပန်ရှိလျှင် မမခိုင်းတာလုပ်ပေး ပါသည်။ သူတို့စားချင်တာရှိလျှင် တင်ပြပေါ့။

သက်ထားဝသန်ကတော့ အစားအသောက် ချေးမများ။ သူက အလှအပပဲ နည်းနည်းစိတ်ဝင်စားသည်။

"ချဉ်ပေါင်ဟင်းဆို ဂျုတ်သီးဆားထောင်းနဲ့မှ လိုက်တာ ဟာ။ အချဉ်နဲ့အစပ်၊ ငါးကြော်က အဆစ်ပေါ့ဟာ"

"အေးပါ၊ ဂျုတ်သီးမှုန့်လော်ထည့်ထားတဲ့ မွှေးမွှေးလေး ရှိတယ်။ ကြက်သွန်ဖြူနဲ့ ထောင်းပေးမယ်"

"အေး"

အငယ်မက စိတ်ပါလက်ပါချက်နေပြီး ဝသန်က အိမ် သန့်ရှင်းရေးနှင့် ထမင်းချိုင့်တွေ ထည့်ဖို့ ပြင်ဆင်နေသည်။

(၃) ဆင့်ချိုင့်လေးတွေမှာ ထမင်းတစ်ချိုင့်၊ ချဉ်ရေဟင်း တစ်ချိုင့်၊ ငါးကြော်နှင့် ဂျုတ်သီးဆားထောင်းက တစ်ချိုင့်။

တက္ကသိုလ်ကျောင်းသူ ကျောင်းသားအများဟုဟာ ထမင်းချိုင့် မယူတတ်ကြ။ ကင်တင်းမှာပဲ ကိစ္စပြီးလိုက်ကြတာ များသည်။

သက်ထားဝသန်တို့ ညီအစ်မကတော့ အပိုငွေတွေ မဖြုန်းချင်၊ မဖြုန်းနိုင်ပါ။ ဘယ်သူ ဘာပြောပြော။ မိဘ မျက်နှာ၊ အစ်မမျက်နှာပြန်ကြည့်ရမည်။

ဖေဖေနှင့်မေမေခမျာ ကျောင်းဆရာ၊ ဆရာမတွေပါ။ ဝင်ငွေက ဖွေးဖွေးလှုပ်နေတာမဟုတ်။

(၆) နာရီကျော်ကျော်မှာ အလုပ်တွေပြီးတော့ သက်ထားဝသန် ထမင်းချိုင့်ထည့်သည်။

''ဟား ... နင့်ချဉ်ပေါင်ဟင်းက မွှေးကြိုင်နေတာပဲ။ မှန်း မျှစ်နဲ့ရုံးပတီသီးလေးတွေပါတာကိုး။ နံနံပင်လေးလည်း အုပ်လို့။ အိုကေပဲ''

''လာ ... ထမင်းပူပူလေး စားသွားကြစို့''

ညီအစ်မ (၂) ယောက် ဘရိတ်ဖတ်(စ်)ကလည်း ထမင်းပါပဲ။ ငါးကြော်တော့ ယူမစားနိုင်။ ချဉ်ပေါင်ဟင်းနှင့် ငရုတ်သီးဆားထောင်း။ အပိုငွေမထွက်တော့ဘူးပေါ့။ မုန့်ဝယ်စားစရာ မလိုတော့ဘူးပေါ့။ လူဆိုတာ ကိုယ့်ဘဝနှင့်ကိုယ်လေ။

စားပြီးတော့ ရေအပြေးချိုး။ နည်းနည်းပါးပါး ဖြီးလိမ်းပြင်ဆင်။

သူများတက္ကသိုလ်ကျောင်းသူတွေလို မိတ်ကပ်တွေ၊

နှာခေါင်းနီတွေနှင့် လန်ပြန်နေတာမျိုးတော့မဟုတ်။

နဂိုရှိလျှင် နဂိုင်းထွက်သတဲ့။

သနပ်ခါးဖုံဖုံ၊ မှုန်မှုန်လေးလူးပြီး ချစ်စရာ ဝတ်စုံလေးတွေနှင့် ယဉ်ကျေးသိမ်မွေ့စွာ လှုပနေသည့် ညီအစ်မဟာ ခေတ်ကို လွန်၊ ကျွံထွက်မသွားပေမယ့် ခေတ်လည်းမီပါသည်။

လှလှပပ အဆင်လေးတွေပါပဲ။

(၇) နာရီမှာ ညီအစ်မ (၂) ယောက် ဖယ်ရီစီးဖို့ အသင့်ရှိနေပြီ။

မမသက်ထားဝသန်က ကားမူးတတ်တာမို့ ခေါင်းခန်းထဲမှ စီးချင်ပေမယ့် ပိုင်ရှင်ရဲ့သားက အမြဲစီးနေကျ။ သူတို့ကား ခေါင်းထဲမှာ မောင်းသူအပါအဝင် (၃) ယောက် စီးလို့ရပေမယ့် သူကတော့ ခပ်တည်တည်။

တစ်ယောက်တည်း ဗိုလ်ကျလို့။ ဟင်း ကျောင်းကားလေးပိုင်တာများ လေယာဉ်ပျံပိုင်တာကျလို့။ သူလည်း ကျောင်းသားတစ်ဦး။ ဇဝနရဲ့ကောလိပ်ကျောင်းသား၊ ကောလိပ်ကျပိုးလို့။

သူနာမည်က ဇွဲသူရ၊ နောက်ဆုံးနှစ် ဖိုင်နယ် ကျောင်းသား။ ဘွဲ့တစ်ခုရရုံ ကျောင်းတက်နေပုံ။

မြန်မာပြည်ရဲ့ပညာရေးကလည်း ဘွဲ့ရလျှင် ဘွဲ့ဓာတ်ပုံ

ည့်ခန်းမှာချိတ်ရုံလောက်သာ စွမ်းဆောင်နိုင်တာ။

လူငယ်တွေ ကြီးပွားချင်လျှင် ကိုယ့်ဘာသာ ဖောက်ထွက်၊ ကြိုးစားကြပေတော့။

ဒါကြောင့် သက်ထားဝသန်တို့ညီအစ်မ ဘယ်တက္ကသိုလ်ကျောင်းသားကိုမှ အထင်မကြီး။

အဲ ကိုယ်တွေကတော့ ရည်မှန်းချက်ရှိသည်။ ဘွဲ့ရအောင် ကြိုးစားမည်။ ဘွဲ့ရလျှင် ကျောင်းဆရာမ ဝင်လုပ်မည်။ ဒါမှမဟုတ် ခေတ်ရေစီးကြောင်းအတိုင်း ကျူရှင်သင်တာတို့၊ စက်ချုပ်တာတို့၊ ဆံပင်မိတ်ကပ် အလှပြင်။

ဒါပဲရှိတာလေ။ သူများတွေလို နိုင်ငံရပ်ခြားတွေထိ သွားပြီး စွန့်စွန့်စားစားလည်း မလုပ်ရဲပါ။

အသွားမတော်တစ်လှမ်း။

ထိုင်နေအကောင်းသား၊ ထသွားမှ ကျိုးမှန်းသိ။

သေချင်တဲ့ကျား တောပြောင်း။

အဆိုးမြင်တာ၊ မကောင်းမြင်တာ မဟုတ်ပေမယ့် ခေတ်ကြီးက ယုံရတာမဟုတ်။

အသွင်အမျိုးမျိုးဖြင့် လူကုန်ကူးနေကြသည့်အထဲ ကိုယ်တွေ သားကောင်မဖြစ်ရအောင် ကိုယ့်အမိနိုင်ငံထဲမှာပဲ အေး

အတူ၊ ပူအမျှ၊ မရှိအတူ ငတ်အတူ ရှာဖွေစားသောက်ကြပါတော့မည်။

သတ္တိရှိကြသူတွေ စွန့်စားကြပါလေ။

သက်ထားဝသန်နှင့် ဝသုန် ကားခေါင်းခန်းထဲမှာ အခန့်သား စီးနေသည့် ဖွဲသူရကို မျက်စောင်းထိုးရင်း ကားနောက်ဘက်သို့ ဝင်ထိုင်ရသည်။

''ရော့ မမ ... ကြွတ်ကြွတ်အိတ်''

မမဝသန်က ကားစီးလျှင် မူးမြဲ၊ အန်မြဲမို့ ဆေးသောက်ထားလည်းမဟန်။ ကြွတ်ကြွတ်အိတ်ဆောင်ရမြဲ၊ ဒါကို နိုင်ငံကြီးသား မဝီသဘဲ ကားခေါင်းထဲမှာ ကဏ္ဍာပ်တိုင်တက်ပြချင်နေသည့် ဒဲသူရအား သူတို့ကြည့်မရ။

ရုပ်ကိုက ဆောင့်ကြွားကြွားနဲ့။ ဖနောင့်သံစူးနေသည့် ခုပ်နှင့်။

ကားထွက်သည်နှင့် သက်ထားဝသန် စတင်မူးပေပြီ။ အမူးပြေဆေးသောက်ထားပေမယ့် လူက မူးဝေဝေ။

သူမ (၂) ခါလောက်အန်အပြီးမှာတော့ ကားရပ်သွားပြီး ဒဲသူရ လှမ်းခေါ်ပါ၏။

''ဟိုကောင်မလေး ... လာခဲ့။ ရှေ့ကိုလာ၊ ငါ့ကား

ညစ်ပတ်ကုန်တော့မယ်''

ခေါ်တာကိုက အနှောင့်မလွတ်၊ အသွားမလွတ်။ သို့သော် သက်ထားဝသန် သွားရတာပါပဲ။

''ရှင် နောက်ဘက်သွား''

''အံမာ ...ဒါ ငါ့ကား''

''သိသားပဲ ရှင့်ကားမှန်း''

''အတူတူစီးပေါ့၊ သူကပဲ ဓညင်းသီးက အီးတစ်ပြန်''

သက်ထားဝသန် စိတ်မသက်မသာနှင့်ပင် သူ့အနားမှာ ကပ်ပြီးစီးရသည်။

မူးရ၊ အန်ရတာကမှ ကောင်းဦးမည်။ ယောကျ်ားတစ်ယောက်နှင့်အတူ နေ့တိုင်းတွဲပြီး ကားစီးရလျှင်တော့ မဟန်ဖွဲ့သူရကလည်း ပါးစပ်အငြိမ်မနေ။

''နင့်ပုံစံကဖ ယ်ရိနဲ့မကိုက်ဘူး။ ကိုယ်ပိုင်ကားနဲ့ ကျောင်းတက်ရမှာ''

''ကိုယ်ပိုင်ကားစီးနိုင်မှ နင့်ကား လာပြီးမစီးဘူး။ လူကို လာပြီး မငေါ့နဲ့''

''မငေါ့ပါဘူး။ ခုခေတ်ကြီးက လွယ်ပါ့ဟာ။ ကိုယ်ပိုင်ကားရှိတဲ့ သူဌေးသားတစ်ယောက်လောက်နဲ့ ဇယားဆွဲလိုက်ပေါ့''

''လူကို မဟုတ်တာတွေ လာပြီးအကြံမပေးနဲ့''

''အကောင်းစေတနာနဲ့ အကြံပေးတာပါ။ နင့်ရုပ်ချောချောလေးနဲ့ ကားရှိတဲ့တစ်ယောက်လောက် ချိတ်ထားလိုက်။ ပြီးနေတာပဲ။ ငါ့တော့ လာမချိတ်နဲ့နော်။ လက်ရှိ ရည်းစားနဲ့ မပြတ်သေးဘူး။ တွဲချင် ခဏစောင့်''

''ဟင် ...နင် နင်''

သက်ထားဝသန် ဒေါသတွေနှင့် ဆွေ့ဆွေ့ခုန်မတတ်ဖြစ်နေလျှင် ဇွဲသူရကပခုံးတွန့်၏။ သူ့အမြင်မှာ ဘယ်မိန်းကလေးမှ အထင်ကြီးစရာမရှိ။

တကယ်သိုလ်ကျောင်းသူတော်တော်များများဟာ အတွဲတွေသားကြ၊ အတွဲတွေနှင့် တည်းခိုခန်းသွားကြ။ တချို့များဆို တည်းခိုခန်းပင် သွားမနေတော့။

ပန်းခြံတွေလို၊ အင်းလျားလို၊ ဘုရားလိုနေရာမျိုးတွေမှာပင် မရှောင်။

ထီးတစ်ချောင်းကွယ်ပြီး ဖြစ်ချင်တိုင်း ဖြစ်နေကြတာ။ တော်ကီကြွယ်လျှင် ဘော်ဒီဝယ်စရာမလိုဘူးဆိုပဲ။

အမျိုးကောင်းသမီးတွေကို ပြည့်တန်ဆာလို သဘောထားပြီး လှည့်ပတ် ဖြားယောင်း အသုံးချနေကြတာ။

ဓာတ်မသိသေးလျှင်သာ ကူနှေ့ကြီးတစ်ခွဲသားနှင့်
နောက်တော့လည်း တော်ကီတွေ ပစ်ကျွေးလိုက်လျှင် ဖုတ်ခ
ပြုတ်ကျလာကြတာပါပဲ။

အထာသိဖို့ပဲလိုတာ။

ယခုလည်း သက်ထားဝသန်ကို ဇွဲသူရ ဆွနေတာ
အချို့မိန်းကလေးများသည် ဒူးထောက်ပြီး သူတို့ကို ရှိခိုးဦးချသည်
ယောက်ျားများကို သဘောမကျ။

သူတို့ကို အရေးမလုပ်ဘဲ ပြတ်သား၊ တင်းမာသည်
ယောက်ျားများကိုပဲ အထင်ကြီးတာ။

ဇွဲသူရ၏စကားကြောင့် သက်ထားဝသန် မခံချိမခံသာ
ဖြစ်နေမှ။ သူ မသိမသာ ချော့မော့ရသည်။

"စတာပါဟာ၊ နင်ကလည်း။ ကဲ ... ဒေါသတွေလျှော့
တရားလေးမှတ်။ ဟုတ်ပြီ၊ သီလရှင်လည်း ဝတ်မသွားနဲ့နော်
ငါတစ်ယောက်တည်း ကျန်နေရဦးမယ်"

သက်ထားဝသန် သူ့ကို စကားလှည့်မပြောတော့
ကျောင်း မြန်မြန်ရောက်ပါစေလို့သာ ဆုတောင်းနေမိရသည်။

သည်နေ့ ဝသန် ပန်းနုရောင်ဝမ်းဆကင်လေး ဝတ်ထားမိ
ခါမှ ဇွဲသူရကလည်း ပန်းနုရောင်ဖစ်တင်နှင့်။ လှလှပပ။

"ချစ်သူတွေကျနေတာပဲ၊ ပဌာန်းဆက်တော့ ပါပြီထင်
ယ် ... ဘုရား ဘုရား"

သူကပဲ ဘုရားတနေတော့ သက်ထားဝသန် နောက်နေ့
တွေ ခေါင်းခန်းက မစီးဖို့ တစ်ထိုင်တည်း ဆုံးဖြတ်ချက်ချလိုက်
သည်။



''ငါမလိုက်ချင်ဘူးဟာ၊ ငါလည်း ဝယ်စားတာမဟုတ်ဘဲ အတန်းထဲမှာပဲ ကျန်ခဲ့ပါရစေ။ ကိုယ့်ထမင်းချိုင့် ကိုယ်ဖွင့်စားမှာပဲ''

''စားစားဟာ၊ နင် သစ္စာမဖောက်နဲ့။ ငါတို့က နင့်ဟင်း နဲ့လေးချူပြီး ကင်တင်းက မုန့်တွေ၊ အစားအသောက်တွေ စားရတာ''

နောက်ဆုံး သူတို့နောက်ပါသွားရတာချည်းပါ။ သူတို့က ဆီချက်တို့၊ ရှမ်းခေါက်ဆွဲတို့၊ လက်ဖက်ထမင်း၊ ထမင်းကြော်တွေ စားကြပြီး ဝသုန်ကတော့ ကိုယ့်ထမင်းချိုင့် ကိုယ်ဖြုတ်စားမြဲ။

သည်နေ့လည်း ဝသုန်တို့အဖွဲ့ စားပွဲရှာနေကြတုန်း ဆိုင်ထဲမှ ခေါ်သံကြားလိုက်ရသဖြင့် လန့်တောင်သွားဇ။ ပိုပြီးလန့်ရဘုန်ရသူက ပန်းနုရိဝေ။

''ဟာ ... ငါ့အစ်ကို ဘာလာရှုပ်တာလဲ။ သူက ဘီအီးကျောင်းသား။ ဘယ်သူလာဝိုက်တယ်မသိဘူး။ သူကလူရှုပ်ဟာ။ သက်ကလည်း ယဉ်တယ်''

''ဒါဆို ငပွေးပေါ့၊ ဂျွတ်စပွတ်ကြီးပေါ့''

''အေး ... ကြည့်ရှောင်ကြ။ ပြီးမှ ငါ့ကို အဆိုးမဆိုကြနဲ့။ ရိုးရိုးခင်ရုံလောက်ကတော့ ရှောမမိဘူး။ ဆန်းဆန်းဆိုရင်သာ

အခန်း (၂)

သက်ထားဝသုန်။

သူမနှင့်တွဲသည့် သူငယ်ချင်းတွေက နီနီနုငယ်နှင့် ပန်းနုရိဝေ။ (၂) ယောက်လုံး နယ်ကလာသူတွေပါ။ အဆောင်မှာနေကြသည်။

နွေလယ်စာအတွက် ကင်တင်းကိုပဲအားကိုးကြသည်။ သူတို့ (၂) ယောက်က ဝသုန်ကို တော်တော်ခင်ကြ၏။

နွေလယ်စာစားချိန်ဆို သူတို့က ဝသုန်ကို ကင်တင်းကို အတင်းခေါ်ကြသည်။

"အမလေးဟဲ့ ... အလုပ်ကြီး အကိုင်ကြီး။ ကိုကိုတို့ ယောကျ်ားလေးတွေရဲ့အလုပ်က ဒါပဲ။ ချစ်သူရည်းစားရှာမယ်၊ ဒိတ်မယ်၊ တွဲမယ်၊ တွဲလို့ဝတော့ ကွဲမယ်။ ဟော နောက်တစ် ယောက်ထပ်ရှာမယ်၊ သံသရာကြီးက လည်လို့မဆုံးဘဲ"

ပန်းနုရီဝေ ဘယ်တုန်းထဲက အစာမကျေတယ်မသိ။ ဒေါပင်တွယ်နေတော့ သူအစ်ကိုမျက်နှာ တင်းသွား၏။

"ပန်းနု ... နင့်ဟာက ဘလိုင်းကြီးပါလား။ ယောကျ်ား တွေဆိုပြီး သိမ်းကျုံးမပြောနဲ့လေ။ နင့်ပုံကြည့်ရတာ ဘယ်တုန်းထဲ က ရင်ခံနေတယ်မှ မသိတာ။ သိရင်လည်း ကြည့်ရှောင်ကြလေ။ ဆုံးလက်က လွတ်အောင် ကြည့်ရှောင်ကြပေါ့"

"အုတ်အရောရော ကျောက်အရောရောထဲ မာယာတွေ အပလိန်းနဲ့ မုဆိုးတွေကို ဘယ် မှန်မှန်ကန်ကန် ရှာနိုင်၊ ရှောင်နိုင် ကြတော့မလဲ"

မောင်နှမ (၂) ယောက် အပီအပြင်တွေ ဖဲ့နေကြလျှင် အောင်သန့်ကိုကပင် ရှိခိုးဦးချရ၏။

"ကဲ တော်ကြပါတော့ဗျာ တော်ကြပါတော့။ ကြားထဲက ကျန်တဲ့သူတွေ အားနာဖို့ကောင်းပါတယ်။ ခင်ဗျားတို့မောင်နှမ ကျီစားတာနဲ့ ကျန်တဲ့သူတွေ ဘယ်ထပြေးရမှန်းမသိ ဖြစ်နေပြီ"

ရော့မှရော့အကြီးကြီး"

ပန်းနုရီဝေကသာ ခဏချင်းပင် သူအစ်ကို၏အတင်းကို အချိန်နှင့်တစ်ပြေးညီ စက္ကန့်ပိုင်းအတွင်း ဖြန့်ချလိုက်ပေမယ့် သူအစ်ကိုကတော့ စားပွဲမှာနေရာတွေ၊ ဘာတွေရှင်းပေးထားလေ ၏။

"အစ်ကိုအရင်းလား၊ နင်က တစ်ဦးတည်းသောသမီး ပါ"

"ကာစင်ပေါ့ဟာ"

"အိုး ... ဒါကြောင့်ကိုး"

ပန်းနုရီဝေ မျက်နှာတစ်ချက်ပျက်သွား၏။ (၃) ယောက် သား ထိုသူရှိရာစားပွဲသို့ ရောက်ရှိသွားရတာပါပဲ။

ချောမော သွက်လက်သည့် ခေတ်အထာနှင့် လူငယ် လေးဟာ ပန်းနုရီဝေ၏စိတ်ကူးထဲမှ မင်းသားလား၊ တကယ်ပဲ အစ်ကိုဝမ်းကွဲလား။

စမတ်ကျပြီး ပုံစံကိုက ဆွဲဆောင်မှုအပြည့်။

"ဒါ ငါ့သူငယ်ချင်း အောင်သန့်ကို။ ငါလိုပဲ ဘီအီး နောက်ဆုံးနှစ်။ ဒီကဖစ်ဆစ်က ချာတိတ်တစ်ယောက်နဲ့ ငြိနေ တယ်လေ။ လတ်လတ်ဆတ်ဆတ်ကြီး။ အဲဒါ လာရှာတာပေါ့"

သည်တော့မှ (၂) ယောက်သား လက်နက်ချပြီး စစ်ပြေ
းကြလေ၏။

''ငါနဲ့ပန်းနုနဲ့က တွေ့တာနဲ့ ကိုက်လိုက်ရမှာကွ။ ငယ်
ပ်ကတည်းက။ ကဲ စားချင်တာမှာကြ၊ ကိုကိုကျွေးမယ်။ ပန်းနု
က်ဆက်ပေးဦးလေ၊ ချာတိတ်တွေကို။ ကိုကို့နာမည်ကတော့
ပြည့်စုံပါ''

''ဆရာကြီးပေါ့၊ ငါ ပြောထားပြီးသားနော်''

ပန်းနု ထပ်ပြီးဖွဲ့နေလျှင် ညီပြည့်စုံရယ်ပဲနေရပါ၏။ သူ
ဲ့ ပန်းနုက မောင်နှမ (၁) ဝမ်းကွဲ။ တစ်ခါမှလည်း တည့်တာ
ဟုတ်။

''ကဲ မိပန်းနု ...နင်ဟာလေ ငါ့ကိုမှ ကပ်မဖဲ့ရရင်
းဝင် အိပ်ပျော်မှာမဟုတ်ဘူး။ ပြော နင့်ချာတိတ်တွေနာမည်''

သည်တော့မှ ပန်းနုရီဝေ အင်တင်တင်နှင့် ပြောရတော့
ာ။

''သူက နီနီနုငယ်၊ ဒါက သဲက်ထားဝသုန်''

''တွေ့ရတာ ဝမ်းသာတယ်။ ကိုကိုက တစ်ဦးတည်း
သားသား။ ညီမအရင်းမရှိဘူး။ ပန်းနုလိုပဲ ကိုယ့်ညီမတွေလို့
သဘောထားလိုက်မယ်''

''ဟုတ်ကဲ့ပါရှင်''

''ကဲ ...မှာကြ၊ ဘာစားမလဲ။ ကိုကို ရှင်းမယ်''

''ရပါတယ်''

စားပွဲထိုးလေးကို တစ်ယောက်တစ်ပေါက် မှာနေကြဆဲ
သုန်ကတော့ ကိုယ့်ထမင်းချိုင့်လေးကိုသာ စားပွဲပေါ်မှာ ဖြုတ်
ချလိုက်ပါသည်။

ညီပြည့်စုံ၏နှာခေါင်းထဲ ချဉ်ရေဟင်းနံ့လေးက မွှေးခနဲ။
နောက် ငါးကျီးကြော်လေးတွေနှင့် ငရုတ်သီးဆားထောင်း။

''ဂလု''

ညီပြည့်စုံ၏မိဘများက နယ်မှာ။ သူကိုသာ တိုက်ခန်း
တစ်ခန်း၊ ကားတစ်စီးနှင့် ရန်ကုန်လာပြီး ကျောင်းထားတာ။

အိမ်ထမင်း၊ အိမ်ဟင်းမစားရဘဲ ဆိုင်ထမင်း၊ ဆိုင်ဟင်း
တွေနှင့်သာ နှစ်ပါးသွားနေရတော့ စားလို့မကောင်းတာက ခပ်
များများ။

''ညီမလေးက ဘာမှ မမှာဘူးလား၊ ကိုကိုကျွေးမှာပါ''

''ရတယ်''

''မရနဲ့၊ အဲဒါ ကိုကိုစားမယ်။ ညည်းက ငါမှာပေးတာ
စား''

တကယ်ပင် ဝသုန်ထမင်းချိုင့်တွေကို ဆွဲယူပြီး အပီအပြင် ဆွဲနေတော့ ဝသုန်မှာ ပါးစပ်အဟောင်းသား။

''သူဌေးသားဖြစ်ပြီး ဆင်းရဲသားဟင်းတွေ စားနေတယ်တော့''

ဝသုန် တအံ့တသြနှင့် တိုးတိုးရေရွတ်မိတော့ ညီပြည့်စုံစကားပြန်မပြောအား။ တကယ့်ကို အားရပါးရ ဆွဲနေတာ။

ဒါ မာယာတွေလား။ ဟန်ဆောင်တာလား။ တကယ်ကို နှစ်နှစ်သက်သက် စားနေတာလား။

ငါ့ကို အိစီကလီလုပ်ချင်တာတော့ မဟုတ်လောက်ပါဘူး။

ပြောကြေးဆို သက်ထားဝသုန်ဆိုတာ အထူးပြုလုပ်ချက်တွေမပါဘဲ ရိုးရှင်းသောမိန်းမပျို။

မျက်နှာလေးချစ်စရာကောင်းပြီး ကိုယ်လုံးလေး လှပကျော့ရှင်းပေမယ့် တစ်ခါမှ လှလှပပ ဝတ်တာစားတာမဟုတ်။

မျက်နှာကို သနပ်ခါးဖုံဖုံ မှုန်မှုန်လေး လူးထားပြီး အဝတ်အစားကလည်း ချည်ထည်ဝမ်းဆက်လေးတွေလောက်သာ။

သူများမိန်းကလေးတွေလို ကိုယ့်အလှကို လှလှပပ ထုပ်ပိုးပြတတ်သူမဟုတ်။

ပင်ကိုအလှနှင့် ပင်ကိုဘဝဖြင့်သာ ရိုးရိုးသားသားနေသူလေးပါ။

ဆံပင်ခါးလောက်အရှည်ကိုလည်း ဟိုလို၊ သည်လို အမျိုးမျိုးပြင်နေတာမဟုတ်။ ချာလီချောင်စုံကွင်းလေးများနှင့် စည်းချထားရုံ။

သူမနှင့်တွဲသည့် နီနီနုငယ်ဆိုလည်း သူဌေးသမီးပီပီ ဝတ်နိုင်၊ စားနိုင်သည်။ အနေတော့အေးသား။ သို့သော် မိန်းကလေးပီပီ ပြင်ပြင်ဆင်ဆင်။ မိတ်ကပ်၊ နှုတ်ခမ်းနီ၊ အိုင်းရှဒိုးတွေဘာတွေနှင့် အရုပ်ကလေးလိုပါပဲ။

ပန်းနုရီဝေလည်း လှပါသည်။ အသားဖြူဖြူ ပိန်ပိန်ပါးပါးလေးနှင့်။ ဆင်တိုင်းလှသူ။

သည်တော့ ဝသုန်ကိုမှ အထူး ဂရုစိုက်စရာမလို။ အိစီကလီ လုပ်ရန်မလို။

အင်းလေ ... သည်ခေတ်ယောကျ်ားတွေကတော့ ပြောလို့ရတာမဟုတ်ပါဘူး။ ဘနဖူး သိုက်တူးကြမယ့်လူတွေချည်းပါပဲ။

သူက ကိုယ့်ထမင်းချိုင့်ကို စားနေတော့ ဝသုန် သူမှာပေးသည့် ဆီချက်တစ်ပွဲကို စားရပါတော့သည်။

လူကတော့ ရွှန်းရွှန်းဝေလို့။ တော်ကီကလည်းကောင်း၊

လူကလည်း သွက်၊ ရုပ်ကလည်းချော၊ စမတ်ကလည်းကျ၊ ပစ္စည်းဥစ္စာလည်း ရှိ။

တကယ့်ကို အသည်းစားဘုရင်၊ အသားစားဘုရင် တစ်ပါး ဖြစ်မှာပဲ။

သူများတွေက ဘယ်လိုတွေးကြမည်မသိပေမယ့် ဝသုန်ကတော့ ဝေးဝေးကရှောင်ဖို့ သန္နိဋ္ဌာန်ချလိုက်ပြီးသား။

မီးဆိုတာ မလောင်ခင်တားရမတဲ့။

မီးအလောင်လည်းမခံနိုင်။ မီးအပာပ်လည်း မခံနိုင်။

ကုလားမီးနှင်းသလို မီးခဲတွေလျှောက်နှင်းရင် ကိုယ်ပဲ လောင်ကျွမ်းသွားမှာပေါ့။

သည်တော့ ညီပြည့်စုံက ဘယ်လိုပင် သူမကို ဆွဲစိစိ သူမကတော့ မထုံတတ်တော။ မလှုပ်။ တကယ့်ကို ကျောက်ဆစ်ရုပ်။

သူစားပြီးသည့် ကိုယ့်ထမင်းချိုင့်တွေကို ပြန်ဆင့်ရင်း လူကတော့ မပြုံးတုံ့တုံ့ ပြုံးတုံ့တုံ့ လုပ်ထားရတာပေါ့။ ရိုင်းတယ်တော့ အပြောမခံချင်။ ကိုယ့်အန္တရာယ်ကိုယ် ကြည့်ရှောင်ရုံပါပဲ။

သည်လို အဆိပ်ပြင်းသည့်နှင်းဆီနက်တွေ၊ ဂမုန်းနက်တွေကို ခင်တောင်မခင်ရဲ။ တော်ကြာ အဆိပ်သင့်ပြီး မူးဝေလဲကျ

သေဆုံးနိုင်သည်။

တစ်ဖက်သားက စပါးကြီးမြွေလို ညို့အားပြင်းလျှင် ကိုယ်ကရော ဘာသားနှင့်လုပ်ထားတာမို့လဲ။

သည်တော့ မီးဘေးရှောင်၊ မလောင်ခင်တား။ ဝေါင်ဝေါင်ဝေး ဝေးဝေးရှောင်မှ။

အားလုံး စားသောက်ပြီးကြတော့ ညီပြည့်စုံက အစီအစဉ်တစ်ခု တင်ပြသည်။

''ကဲ မိပန်းနုရေ ... လာမယ့်စနေ ငါတို့ ကျိုက်ထီးရိုးသွားမလို့။ နင်တို့အဖွဲ့ လိုက်မလား၊ နေ့ချင်းပြန်''

ပန်းနုရီဝေနှင့် နီနီနုငယ်က အပျော်အပါးတော့ နည်းနည်းမက်သည်။ သူတို့မျက်လုံးတွေက အရောင်လက်သွားတာ သိသိသာသာ။

''ကိုကို့ကားက လူဘယ်လောက်ဆန့်လို့လဲ။ ဘယ်သူတွေ ပါဦးမှာလဲ။ ကိုကို့ဘော်ဒါ၊ ဘော်ကျွတ်တွေနဲ့ဆို မလိုက်ချင်ပါဘူး။ ရှော့တွေလောင်ကုန်မယ်''

''မပါ, ပါဘူးဟာ။ ငါကရော ခေါ်မလား။ ကိုယ့်နှမတွေ လိုက်မယ်ဆို ဘယ်ကောင်မှမခေါ်ဘူး''

''ငါတို့စုံတွဲတော့ လိုက်ပါရစေကွာ''

ကောက်တင်မနေချင်။ ခေတ်နှင့်အံမဝင်ဘူးလို့ ပြောချင်ပြောပါ။

ပြီး ကိုယ့်မှာ အုပ်ထိန်းသူ အစ်မ (၂) ယောက်နဲ့။ မကြီးခမျာ အားလပ်ချိန်မရှိ အလုပ်ကြိုးစားပြီး ညီမတွေ အတွက် ဖြည့်ဆီးနေချိန်မှာ ကိုယ်က အပျော်အပါး လျှောက်သွားနေသင့်ရဲ့လား။

ဘုရားဖူးဆိုပေမယ့် လိပ်ဥရောတူးကြမယ့်သူတွေ။ ထို့ကြောင့် သည်စကားဝိုင်းမှာ ဝသုန်မပါ။

''အံမာ မလိုက်ချင်နေကြ။ ငါက အကုန်အကျလည်း ခံဦးမယ်။ ဆံထုံးလည်းထုံး၊ ဆီလည်းစိုက်ရတဲ့ကြားထဲ နင်တို့ကို လည်း ရှိခိုးဦးချ ပင့်နေရဦးမှာလား။ ပြောပြတာ။ လိုက်ချင်လိုက် လိုက်ချင်နေ''

ညီပြည့်စုံ အညာကိုင်လိုက်တော့မှ နီနီနုငယ်နှင့် ပန်းနုဦးဝေ ပျာပျာသလဲဖြစ်တော့တ၏။

''လိုက်မယ်, လိုက်မယ်၊ ကိုကို့ကား ဆန့်ပါတယ်နော်''

''ဆန့်တယ်၊ ငါရယ် အောင်သန်းကိုလင်မယားရယ်''

''ကိုညီ မချွဲနဲ့ဗျာ''

''ဆောရီး ဆောရီး၊ သူတို့စုံတွဲရယ်။ နောက် ငါ့ဘော်ဒါ တစ်ယောက် ခေါ်ဦးမယ်ဟာ။ နိုင်ကြီးက ကားမောင်းကျွမ်းတယ်။

အနားမှ အောင်သန်းကို,ကိုပင် မေ့လို့။ သူခမျာလည်း သူ့ကောင်မလေးကို ဗျိုင်းကြီးလိုလည်တဆန့်ဆန့်နှင့် စောင့်နေရ၏။

''ငါတို့မျက်စိရှက်၊ နားရှက်အောင်တော့ မလုပ်နဲ့နော် အောင်ကြီး။ ငါက ရှက်တတ်တယ်။ လူပျိုစစ်စစ်၊ လူပျိုသန့်သန့်လေး''

သူက မချိုမချဉ်ရုပ်နှင့် နောက်တော့ အားလုံး ဝိုင်းပြီး လှောင်ရယ်ရယ်ကြသည်။ ညီပြည့်စုံကတော့ ခပ်တည်တည်။

''အကောင်းပြောတာ၊ ဘာလဲ ... နင်တို့က ငါပြောတာ မယုံဘူးလား။ မယုံလည်းနေကြဟာ။ ကဲ ပြော ဘယ်သူတွေ လိုက်ကြမှာပဲ။ နင်တို့မလိုက်လည်း ကိစ္စမရှိဘူး။ ငါတို့ချည်းသွားမယ်''

''လိုက်မှာပေါ့၊ နေ့ချင်းပြန်နော်။ မော်တင်သွားကြပ်လားဟာ''

''အေးလေ ... ပင်လယ်ရေလည်း ချိုးရတယ်၊ ကျိုက်ထီးရိုးထက် မိုက်တယ်''

တစ်ယောက်တစ်ပေါက်တွေ မဲခွဲနေကြသည့်အထဲ ဝသုန်မပါပါ။ ဝသုန်က ယောကျ်ားလေးများနှင့်လည်း ဒွေးရော

အကြမ်းခံ၊ ရေစိမ်ခံကြီး''

''ကျွဲကြီးလား''

''အေး ... ကျွဲကြီးလို အားကိုးရတယ်။ နင်တို့ (၁) ယောက်နဲ့ဆို အားလုံးပေါင်း (၅) ယောက်''

''ကျွန်မ မလိုက်ပါဘူး''

''ဘာလို့လဲ၊ နင့်တစ်ယောက်တည်း ဘာလို့ ကွက်ချ ခဲ့မှာလဲ''

''ကျွန်မက အုပ်ထိန်းသူတွေရှိတယ်။ သူတို့လို အဆောင်နေကျောင်းသူတွေ မဟုတ်ဘူး''

''နင်ကလည်းဟာ၊ နင့်အစ်မတွေက သူ့အလုပ်နဲ့သူ ရှုပ်နေတာ။ မအားပါဘူး။ တစ်ခုခုညာလိုက်ပေါ့ဟ''

''မညာချင်ပါဘူး။ ငါ့အစ်မတွေက ငါတို့ဘဝတွေ အတွက် အလုပ်လုပ်နေချိန်မှာ ငါက အပျော်အပါး လျှောက်လို့ နေရမှာလား''

''ဟယ် ... နင့်စကားကြီးကလဲ။ ငါတို့ကပဲ အလေ လိုက်နေသလိုလို''

ဝသုန်စကားကြောင့် အားလုံးပင် တွန့်ခနဲ။ ညီပြည့်ကတော့ ဘာမှမပြောပါ။ ပွဲကြည့်ပရိသတ်လုပ်နေ၏။

နီနီနှင့်ပန်းနုကသာ ကက်ကက်လန်နေတာ။

''ငါ့အစ်ကိုနဲ့သွားတာပဲ၊ ပြီးတော့ ငါတို့အဖွဲ့က (၃) ယောက်လေ။ ကိုအောင်သန်းကိုရဲ့ကောင်မလေးပါ ပါမယ်ဆိုရင် ဒီနှစ်မ (၄) ယောက်တောင်''

''အဲဒါကြောင့် မဟုတ်ပါဘူး၊ ငါ မလိုက်လည်း ဘာမှ ဖြစ်ပါဘူးဟာ။ တစ်ယောက်ယောက်သာ ခေါ်သွားလိုက်ကြစမ်း ပါ''

''မရဘူး၊ လူငယ်ဆိုတာ အဖော်ကောင်းရင် ငရဲထိ တောင် လိုက်ရဲရတယ်ဟာ။ နင့်အစ်မတွေကို ငါတို့လိုက်ခွင့် တောင်းပေးမယ်''

''အစ်မတွေကြောင့် မဟုတ်ပါဘူး။ ငါ သိတတ်ရမယ် လေ။ သူတို့က တို့အားလုံးရဲ့ဘဝတွေအတွက် ရုန်းကန်ခက်ခဲ နေတဲ့အချိန်မှာ ငါက ပျော်ပျော်ပါးပါး မနေရက်ပါဘူး။ နေရမှာ မျိုမကျဘူး''

အရွယ်လေးငယ်ငယ်နှင့် အရမ်းလေးနက်၊ အရမ်းသိ ဘတ်နေသည့် ချာတိတ်မလေးကို ညီပြည့်စုံ မျက်ခုံးတွန့်ပြီး ကြည့်နေမိသည်။

သည်အရွယ်၊ သည်လောက်လေးနက်သည့်အတွေးတွေ

ရှိနေ၊ ဝင်နေတဲ့ အကောင်းလား အဆိုးလား။

''ချာတိတ်အစ်မတွေက ဘာလုပ်လဲ။ ကမ္ဘာလုံးကြီးကို ထမ်းထားကြတာလား။ ကျားကို နို့တိုက်နေရတာလား''

ညီပြည့်စုံ ရွဲ့မေးတော့ ကောင်မလေး ဆတ်ဆတ်ခါ နာသည်။

''ရှင်ရွဲ့စရာမလိုပါဘူး။ ကျွန်မက ရှင့်အကျိုးစီးပွားကို ဘာများဖျက်ဆီး ခဲ့နှောင့်ယှက်နေလို့လဲ။ ကျွန်မနဲ့ရှင်နဲ့ သူငယ်ချင်း လည်းမဟုတ်ဘူး၊ ကျွန်မ မလိုက်တော့ ရှင့်ကားတောင် ပေါ့သွား သေးတယ်''

''ဟာကွာ၊ ချာတိတ်တော့ အဓိပ္ပာယ်ကောက်တွေလုံ နေပြီ။ ကဲ ကဲ ... ဒီနေ့ lunch အတွက် ကျေးဇူးတင်တယ် ကိုကိုကတော့ ချာတိတ်ကို ခင်ပါတယ်။ အဓိပ္ပာယ်မဲ့နေတဲ့ ကိုကို့ ဘဝကြီးထဲ ချိုမြိန်တဲ့ဆားပွင့်လေး ရောက်ရှိလာတယ်။ ချစ်စရာ ညီမဆိုးဆိုးလေးတစ်ယောက် ကောက်ရလိုက်တယ်လို့ပဲ ယူဆ လိုက်မယ်။ အိုကေ စိတ်လျှော့၊ စိတ်လျှော့၊ ဒေါသတွေလျှော့ တော်ကြာ ငယ်ငယ်လေးနဲ့ ပါးရေ နားရေတွေ တွန့်ပြီး ဆံပင် တွေလည်း ဖြူကုန်ဦးမယ်နော်။ ကိုကိုကတော့ မိဆိုးလေးကို ချစ်တယ် သိလား''

ပြောပြောဆိုဆိုနှင့် ညီပြည့်စုံ ထရပ်လိုက်ပြီး ဝသုန်ကို ခေါင်းလေးလှုပ်ရမ်းကာ ကင်တင်းမှ ထွက်သွားလျှင် အောင်သန့် တို့ နောက်မှ ကမန်းကတမ်း လိုက်သွားပုံမှာ ဗျိုင်းခြေတံစိမ်းကြီး နည်း။

သူမတို့ (၃) ယောက်လည်း ကင်တင်းမှ ပြန်လည်ထွက် ခွာလာခဲ့ကြပြီး စာသင်ခန်းထဲသို့ ရောက်ရှိလာခဲ့ကြသည်။

*

မြင့်မြင့် ★ စာပေ
31,ထန်းတပင်အနောက်လမ်း၊
လှည်းတန်းကမာရွတ်

အခန်း (၃)

သက်ထားဝသန်။

ကျောင်းကပြန်ရောက်သည်နှင့် ရေအမြန်ချိုး၊ ထမင်းစားပြီး ညစာကျက်ဝိုင်းသို့ ပြေးရသည်။ သူမရဲ့ စာကျက်ဝိုင်းက ရပ်ကွက်ထဲတင်ပါ။ ညနေ (၆) နာရီမှ (၉) နာရီအထိ။

(၅) တန်းကျောင်းသား (၅) ယောက်။ တစ်ယောက်ကို (၂) သောင်းပေးတာမို့ (၁) သိန်းတော့ ရတာပါပဲ။

ည (၉) နာရီနောက်ပိုင်းမှ ဝသန် ကိုယ့်ကျောင်းစာကိုယ်ကြည့်ရပါသည်။

သည်နေ့လည်း ည (၉) နာရီ စာကျက်ဝိုင်းသိမ်းသည့်အခါ ဝသန် ကိုယ့်တိုက်ခန်းရှိရာ ဆေးရုံဘက်သို့ ခပ်သုတ်သုတ် ဆွဲလာခဲ့သည်။

လမ်းပေါ်မှာ လူတွေကတော့ အများကြီးပါ။ ည (၉)နာရီမှာ အပုပ်ချိန်မဟုတ်သေး။ သည်လိုပဲ လူတွေဟာ ငှက်တွေလို အတောင်ဖြန့်ပြီး ရှာဖွေစားသောက်နေကြတုန်း။

ဆေးရုံဘက်သို့ ခပ်သုတ်သုတ်လျှောက်လာနေတုန်း နောက်ဘက်မှ လူ (၂) ယောက် ကပ်လိုက်လာသည်ကို သတိထားမိလိုက်လျှင် ဝသန် ခေါင်းကြီးသွား၏။ လူတော့ နည်းနည်းပြတ်တယ်။ ငါ့ကို ဘာတွေများ နှောင့်ယှက်ကြမလို့လဲ။

ခေတ်ကြီးက မဖွယ်မရာ။ နှစ်လောင်းပြိုင်တွေ၊ သုံးလောင်းပြိုင်တွေ၊ လေးလောင်းပြိုင်တွေ ဆိုတာ မကြာခဏ။ ပြိုင်ရှင်မဲ့၊ သတ်သူမဲ့၊ တရားခံမဲ့တွေ။

နောက် လုမှု၊ ခိုးဝှက်မှု၊ ဆူပူရိုက်နှက်မှုတွေကရော။ ပေါ်တည်တည် ကျူးလွန်နေကြတာ။ မုဒိန်းမှုတွေကလည်း ခဏခဏ။

ဥပဒေကနောက်၊ ခံရမှာကအရင်။ တရားလိုဖြစ်ခွင့်ဘောင် မရလိုက်ဘဲ မသာဖြစ်ချင် ဖြစ်သွားနိုင်တာ။

ဆေးရုံဘက်မှာ အိမ်တွေရှိပေမယ့် လမ်းပေါ်မှာတော့ လူက ခပ်ကျဲကျဲ။ လက်ရဲ ဇက်ရဲနဲ့ ဆွဲလား လွဲလားလုပ်လျှင် မလွယ်။

သည်စဉ် ကားတစ်စီး မှန်အနက်နှင့်။ သူမအနားမှာ ထိုးရပ်လိုက်လျှင် ဝသန်ဘာမှ မစဉ်းစားတော့ဘဲ ဆေးရုံဘက်သို့ အတင်းပြေးလေ၏။

သူမက ပြေး၊ ကားကတရိပ်ရိပ်လိုက်။ ဝသန် လိပ်ပြာလွင့်မတတ် မောပန်းနေလေမှ ကားက ရှေ့မှာပိတ်ရပ်လိုက်ပြီး ကားပေါ်မှ ဆင်းလာသူမှာ ဖွဲသူရပါ။

''ဟင် နင် နင် ငါ့ကိုလိပ်ပြာလွင့်သေအောင် လုပ်နေတယ်''

''နင်ကရော ဘာဖြစ်လို့ ဒီအချိန်ကြီး လမ်းပေါ် တစ်ယောက်တည်းရောက်နေတာလဲ။ မာဆတ်ကပြန်တာလား''

''အံမာ သေလိုက်ပါလား။ နင့်လိုသူဌေးသားမဟုတ်ဘူး စာသင်ဝိုင်းကပြန်လာတာ''

''ဘာလို့ပြေးလဲ''

''ငါ့ကို နှောင့်ယှက်မယ့် ဖမ်းရောင်းစားမယ့်လူတွေ မှတ်လို့ပေါ့ဟဲ့''

''တုံးပါ့ဟာ။ ကမ္ဘာငတုံးကြီးပဲ။ ဒါ မြို့စွန်လည်းမဟုတ်ဘူး၊ ညသန်းခေါင်လည်း မဟုတ်ဘူး။ လူတွေလည်း တစ်ယောက်နှစ်ယောက်စ ရှိသေးတယ်''

''စောစောကတည်းက ယောက်ျား (၂) ယောက် ငါ့နောက်ကို ကပ်လိုက်နေတာကိုး။ လန့်တာပေါ့''

ကားဘေးနားမှရပ်ပြီး စကားပြောဖြစ်နေကြတာ။

''နင့်အိမ်က ဘယ်သူမှ လာမကြိုကြဘူးလား။ တာဝန်မဲ့လိုက်ကြတာ''

''ငါတို့အိမ်အကြောင်း ဘာမှမသိဘဲ မဝေဖန်ပါနဲ့။ မမကြီးက နှာ့(စ်)။ ဂျူတီမထွက်လောက်သေးဘူး။ ဝသုန်က ငယ်သေးလေ၊ အပျိုလေး။ ဘယ်လိုလုပ် ကြိုခိုင်းလို့ ဖြစ်မလဲ''

''ဒါဆိုလည်း နင် ဒီအလုပ်မလုပ်သင့်ဘူး''

''ပျော်လို့လုပ်နေတာလေ။ လူတိုင်းကို နင့်လို ရွှေဖွန်းကိုက်မွေးလာတယ် မှတ်နေလား''

''ငါပေးမယ်ဟာ၊ နင့်ကိုစိတ်မချဘူး''

''အံမာ သေချင်လို့၊ တော်ပြီ တော်ပြီ ငါသွားပြီ''

သက်ထားဝသန် ဆေးရုံဘက်သို့ ဆက်သွားပြီး ဝင်းထဲသို့ ဝင်လာခဲ့လျှင် ဖွဲသူရ ရပ်ကျန်ခဲ့ပါ၏။

သည်အထာတွေရိုးနေပြီ ဖွဲ့သူရဲ့ရေ။ နင်တို့ယောကျ်ား
တွေဟာ မိန်းကလေးတွေကို တော်ကီအမျိုးမျိုးနဲ့ မရအရ ချဉ်း
ကပ်ပြီး အသားစားကျားတွေလို အသားစား ဘီလူးတွေလို သတ်
ဖြတ် စားသုံးတတ်ကြောင်း။

အဲ အရှင်လတ်လတ်စားသုံးတတ်ကြောင်း ငါ့မှာ မျက်
မြင် သင်ခန်းစာတွေမှအများကြီး။

ပိုးဖလံမတွေက မီးရောင်ထဲ တဖျပ်ဖျပ်တိုးဝင်၊ လောင်
ကျွမ်းကြပေမယ့် –

ငါမတိုးမိအောင် ရှောင်မယ်။

နင်တို့တော်ကီတွေမှာ မျော်လွင့်မသွားဖို့ ကြိုးစားမယ်။
မာယာတစ်သိန်းနဲ့ မုဆိုးတွေကို လွတ်အောင်ရှောင်မယ်။

ဆေးရုံလိုင်းခန်းလေးတွေကို ကျော်ဖြတ်ပြီး ကိုယ့်တိုက်
ခန်းရှေ့ရောက်တော့ ဝသုန်လေးက အပြေးဆီးကြိုဇ်။

''နောက်ကျနေလို့ စိတ်ပူနေတာ မမရဲ့။ လမ်းမှာများ
ဘာဖြစ်နေပြီလဲလို့။ အုပ်စုဖွဲ့ပြီး မမကိုလိုက်ရှာဖို့တောင် စဉ်းစား
နေတာ''

''ငွေ့ခြဲမလေး ဖုန်းဆက်ပါလား။ အပိုတွေပြောနေ ဟွန်း''

''ဟာ ... မမကလည်း ဝသုန့်မှာ ဘေမရှိဘူးလေ။

မကြီးက တစ်လလုံးမှ ဖုန်းဘေ (၃) ထောင်တည်း ပေးတာ။
ငွေစားကြည့် ... ဟင်း''

''ဩော် ညီမရယ် ... မမကြီးခမျာ ငါတို့လိုအပ်ချက်
တွေကို ဖြည့်ဆီးဖို့ မနည်းကြိုးစားနေရတာ။ ဖုန်းဘေအတွက်
ထက်အများကြီး အကုန်ခံနိုင်မလဲ''

''သိပါတယ်၊ ဒါကြောင့် အင်တာနက်သုံးတာ mpt
ကိုပဲ နဲ့လေ။ ဘေးမကုန်တော့ဘူးပေါ့။ ဝသုန် သိတတ်ပါတယ်
မမရယ်။ ပေါင်းမိတဲ့သူငယ်ချင်းတွေကလည်း ဘောစိမတွေ။
သုန်က ခွာပစ်ချင်ပေမယ့် သူတို့က မရတော့ဘူး။ စိတ်တော့
ကောင်းကြပါတယ်လေ''

''လူဆိုတာ အလွှာတူချင်း ပေါင်းတာကောင်းပါတယ်
ညီမရယ်။ မြင့်တဲ့သူနဲ့ပေါင်းတော့ ကိုယ်က အလိုလို သိမ်ငယ်ပြီး
သူတို့သြဇာခံ သူတို့ခိုင်းဖတ်ဖြစ်သွားတတ်တယ်''

''ဝသုန်သိပါတယ် မမရယ်။ ဘော်ဒါအကန့်ကို သေ
သေချာချာ နားလည်ပါတယ်။ စည်းထားပါတယ်''

''အေးပါ၊ ငါက စိုးရိမ်လို့ပြောတာပါ။ သိပ်လည်း ကဲကဲ
ဆတ်နဲ့ပေါ့ဟာ''

''သူတို့က ဒီတစ်ပတ် ကျိုက်ထီးရိုးကို နေ့ချင်းပြန်

သွားကြမလို့တဲ့။ ဝသုန်ကို အတင်းခေါ်နေကြတယ်''

''လူကြီးမပါဘဲ လူငယ်တွေချည်း စိတ်မချပါဘူး။ အန္တရာယ်ဆိုတာ ကျိုပါတာမဟုတ်ဘူး။ မိန်းကလေးဆိုတာ ပန်းပင်က ပန်းကလေးလိုပဲ။ ကိုယ့်ကိုယ်ကိုယ် တော်တော်ထိန်းသိမ်းရတာ။ ကိုယ်က မလော်မာဘဲနဲ့တောင် အန္တရာယ်တွေက လက်တစ်ကမ်းမှာ''

''ဝသုန်မလိုက်ပါဘူး မမရယ်။ သူတို့ကတော့ အတင်းခေါ်တာပဲ။ အိမ်လိုက်ပြောမယ်တဲ့''

''ယောကျ်ားလေးတွေ ပါသေးတယ် မဟုတ်လား''

ဝသန် အစ်လိုက်လျှင် ဝသုန်ကလည်း ညာဖို့စိတ်ကူးမရှိပါ။

''ပါတယ်၊ ပန်းနုအစ်ကိုရဲ့ကားနဲ့ သွားကြမှာ''

''တွေ့လား၊ ဇာတ်လမ်းဆိုတာ အဲဒါက စကြတာပဲ။ လူငယ်အချင်းချင်း သွားကြ လာကြ စားကြ သောက်ကြ၊ အတူသွား အတူလာရင်း နောက်ကျ ငြီးကုန်ကြရော''

ညီအစ်မ (၂) ယောက် ညည့်ခန်းထဲမှာ စကားတွေပြောဖြစ်နေကြပါ၏။ ဒါလည်း ဆုံးမစကားပင် မဟုတ်ပါလား။

လိမ္မာရေးခြားရှိဖို့အတွက် ညီအစ်မချင်း သတိပေးစကား

တွေ ပြောကြား၊ ဆွေးနွေးနေရတာ။

''အဲဒီလူကြီးကြည့်ရတာ လူပွေကြီးလားမသိပါဘူး။ နှုန်းက ပိုချောတာ မမရဲ့။ ပိန်ပိန်ပါးပါး ဖြူဖြူနွေးနွေးလေး။ ပန်းနုလည်း လှတာပဲ''

''သူတို့ (၂) ယောက်က မော်ဒယ်လိုပဲ။ ပိန်တယ်။ ယောကျ်ားတွေအကြိုက်ဆို။ ညီမလို ပြည့်ပြည့်ဖြိုးဖြိုး၊ ထွားထွားမြင့်မြင့်လေးကို ပိုကြိုက်မယ်''

''မမရော ဘာထူးလဲ၊ မပိန်ပါဘူး''

''အေးလေ၊ ငါတို့ညီအစ်မ (၃) ယောက်ပုံစံတွေက အားကစားမယ်တွေလို၊ မယ်ဗမာတွေ၊ မယ်စကြာဝဠာတွေလို ပြည့်တယ်။ သတိထား၊ ယောကျ်ားတွေရဲ့ပစ်မှတ်ဖြစ်တတ်တယ်။ ဘယ်သူကိုမှ မယုံကြည်နဲ့။ သူတို့ကြိုက်တယ်ဆိုတာ အလကားး''

''မမက ဘာလို့ ဒါတွေသိနေရတာလဲဟင်''

ဝသုံန် သူမမကို အထင်တကြီးနှင့် မေးတော့ ဝသန်က နာကျင်ပြုံးနှင့်။

''ငါ ဒုတိယနှစ်တုန်းက ချစ်သူထားမိသေးတယ်''

''ဟင် ... ဝသုန်တို့ မမကြီးတို့လည်း မသိရပါလား''

''မကြာဘူးလေ၊ သူက မင်းသားခေါင်းဆောင်းထားတဲ့

''မမလူကြီးရဲ့တော်ကီအလုံးလေးတွေ နမူနာပြောပြပါ
ဦး။ ညီမလည်း သိထားရအောင်''

''အမလေး ကမ္ဘာပေါ်မှာ သူလောက်ချစ်တတ်တာ၊
ချစ်ပြတာ (၂) ယောက်မရှိတဲ့ပုံစံမျိုးပေါ့ဟာ။ ရှိမီယို၊ နတ်သျှင်
နောင်တို့တောင် ထိုင်ငိုသွားရမယ့် အပေါက်မျိုးတွေ''

''ဩော်''

''ကဲ စာကြည့်ကြစို့။ လူကြီးတွေမပါဘဲ အုပ်ထိန်းသူ
မပါဘဲ ညီမလေး ဘယ်ကိုမှ သွားဖို့ စိတ်မကူးနဲ့နော်။ အန္တရာယ်
ဆိုတာ မိန်းမချောလေးတွေအတွက် လက်တစ်ကမ်းမှာ''

''ဟုတ်ကဲ့ပါ မမရဲ့၊ ဝသုန် နားလည်ပါတယ်''

ညီအစ်မ (၂) ယောက် စာကျက်ကြရင်း (၁၂) နာရီထိုး
လောက်မှ အိပ်ရာဝင်ဖြစ်ကြသည်။

တစ်မိုးချုပ်သွားရပြန်ပေါ့လေ။

မမကြီးခမျာမှာတော့ စပါယ်ရှယ်ပဲ ဝင်နေရသလား။
ဘူတီပဲ ဝင်နေရသလားမသိပါ။

*

ဘီလူးကိုး။ လူချင်းတွေ့ဖို့ ခဏခဏချိန်း၊ သူတိုက်ခန်းခေါ်''

''ဟင် သူတိုက်ခန်း''

''အေးလေ ...သူ ဘောစီဆိုတော့ ကျောင်းတက်တာ
ကိုယ်ပိုင်တိုက်ခန်းနဲ့။ အဆင့်ကြည့်ရတာတော့ ဒီလိုပဲ။ ကောင်
လေးတွေကို ပစ်မှတ်ထား၊ သူတိုက်ခန်းခေါ် ခေါ်ပြီး အသုံးခ
တယ် ထင်ပါတယ်''

''အမလေး ...မမ ဘာဖြစ်သွားသေးလဲဟင်''

''ဘာမှမဖြစ်လိုက်ဘူး။ ကံကောင်းသွားတယ်။ ငါက
လည်း သူချိန်းတိုင်း ငြင်း၊ ကြားဖူးနားဝတွေ မြင်နေရတာတွေက
မဖွယ်မရာတွေလေ။ ခေတ်ကြီးတစ်ခုလုံး ပျက်စီးယိုယွင်းနေပြီ
ဗွက်ပေါက်နေပြီဟ''

''နောက် ဘယ်လိုကွဲသွားကြတာလဲ''

''ချိန်းတိုင်းငြင်းတော့ ချိန်းတိုင်းလာမယ့်သူကို ရှာသွား
တာပေါ့ဟ။ တော်ကီတွေကတော့ တော်ရုံမိန်းကလေး အရည်
ပျော်ကျသွားလိမ့်မယ်''

''တော်သေးတာပေါ့ မမရယ်။ ဘာမှမထိခိုက်လိုက်လို့''

''အဲဒီကတည်းက ငါ ယောကျ်ားလေးတွေကို ဝေးဝေး
က ရှောင်တော့တာ။ စိတ်ကုန်လွန်းလို့ဟာ''

အခန်း (၄)

ခင်ထက်ပန်။

အသက် (၂၅) ထိ ဘယ်လိုရောက်လာမိမှန်းကိုမသိ။ အသက်ကြီးတော့ရော ဘာဖြစ်လဲ။ ရုန်းကန်လှုပ်ရှားရင်း ဘဝ ဟာ ပြေးစက်ပေးရောက်နေရတာ။

သူမကတော့ အလုပ်လုပ်နေရတာ ပျော်ပါသည်။ အဓိပ္ပာယ်ရှိသော ဘဝပေါ့။ ညီမတွေကို ပြုစုပျိုးထောင်ရတာ လည်း တစ်ချက်ခုတ် နှစ်ချက်ပြတ်။

မိဘကို ကူညီရာ၊ မိဘစိတ်ချမ်းသာအောင်လုပ်ပေးရာ

ရောက်သည့်အပြင် ကိုယ့်ညီမလေးတွေကိုလည်း ဉာတကာနဥ ရ၏။ ကြီးကြီးကျယ်ကျယ်ပြောရလျှင် တိုင်းပြည်အတွက် လူသား အရင်းအမြစ်ကိုလည်း ထူထောင်ပေးရာရောက်ပါသည်။

သူမတို့လို သူနာပြုတွေဟာ ဆေးရုံမှာ နေ့၊ ည ဂျူတီ တွေဆင်းရသည်။ ဂျူတီနားချိန်များမှာ စပါယ်ရှယ်လိုက်လို့ ရပါ သည်။

ဒါမှမဟုတ် ဆေးခန်းကြီးတွေမှာ အချိန်ပိုင်းအလုပ် ဆင်း မလား၊ ရသည်။

ဝသန်က ကလေး (၅) ယောက်ကို ဂိုက်လုပ်ပေးသဖြင့် တစ်သိန်းရတော့ နည်းနည်းအသက်ရှူချောင်ရသည်။

ယခုည ခင်ထက်ပန် ဂျူတီနားရတာမို့ ကားအက်ဆီးဒင့် တစ်ယောက်ကို စပါယ်ရှယ်လိုက်ပေးရပါသည်။

အက်ဆီးဒင့်ဖြစ်တာက (၂) ယောက်ပါ။ လူလတ်ပိုင်း တွေ။ လူငယ်တော့မက။ အသက် သုံးဆယ်လောက်တွေများ ရှိမလားမသိ။

ကွဲ၊ ပြဲ၊ စုတ်ပြတ်နေတာမို့ ဆေးရုံတင်ထားရတာ။ ရပ်ဝေးတွေထင်ပါ၏။ လူနာရှင်တွေ ဘယ်တော့မှလာမည်မသိ။

တစ်ယောက် တော်တော်ကျိုး၊ ပဲ့ပြီး တစ်ယောက်

ကတော့ ပွန်းပဲ့၊ ကွဲပြဲရုံ။

နည်းနည်းသက်သာသည့်သူကပဲ လူနာအချင်းချ
လူနာစောင့်လုပ်ပေးနေရပုံ။ စပါယ်ရှယ်လည်း ငှားထားပါ

ခင်ထက်ပန်ပဲ နေ့၊ ည စပါယ်ရှယ်။ ကိုယ်က (၂)ရ
ဂျူတီလွတ်မှာမို့ (၂) ရက်လုံး ကိုယ့်ကိုပဲငှားထားတာ။

ကားပိုင်ရှင်တစ်ယောက်က ဆေးရှိန်တွေနှင့် အိပ်ပျ
နေတာ။ ကျန်တစ်ယောက်က အလွှာပ၊ သလွှာပပြောသည်

လူနာမှတ်တမ်းတွေအရတော့ တစ်ယောက်က ဦးဝေ
စကားပြောနိုင်သူက ဦးသော်ထက်ခိုင်။ အသက် (၃၂)၊ (၃၃)

ဦးသော်ထက်ခိုင်က ပိန်ပိန် မည်းမည်း။ ရုပ်က ခွ
ကြမ်းရေကျို။

ဦးဝေမိုးကတော့ လူနာဖြစ်နေတာတောင် ကြည့်ကော
နေသေးသည့်ရုပ်ပါပဲ။ အရပ်အမောင်းကောင်းပြီး ကိုယ်ဟန်ပြ
ပြည့်။ ရုပ်ကချောသည့်ဘက်ပါသလို။

ဦးသော်ထက်ခိုင်ကတော့ စကားများများ။ မှန် မ
ကတော့ သဗ္ဗေသတ္တာ ကမ္မသကာ။

"လူတွေက ကျွန်တော်တို့ကို မူးပြီး ကားတိုက်တ
ထင်တာ။ မဟုတ်ပါဘူး ဆရာမရယ်။ အိပ်ငိုက်ပြီး လမ်းသ

သိုးဆင်းသွားသလား။ ဒါမှမဟုတ် အမြန်လမ်းဆိုတော့ သရဲမ
တစ်ကောင်ကောင်က တွန်းချလိုက်တာလည်း ဖြစ်နိုင်တာပဲ"

"ကြဲကြဲဖန်ဖန်ရှင်"

"ဟုတ်တယ် ဆရာမရဲ့။ အမြန်လမ်းက သရဲအင်မတန်
ပေါတာ။ သရဲတွေက ညဘက်ဆို လူယောင်ဆောင်ပြီး လမ်းပေါ်
ဘက်နေကြတာ။ သူတို့ရှောင်လိုက်ရင်လည်း လမ်းဘေးထိုးကျ
သွားမယ်"

"ရှင်တို့အိမ်သားတွေ လှမ်းမမှာကြဘူးလား။ လူဆိုး
တွေမို့ ဘယ်သူမှ လိုက်မလာကြတာလား"

"ကျွန်တော်တို့တွေက လူလွတ်တွေလေ။ လိုက်လာ
စရာ အိမ်သားကိုမရှိတာ"

"ဩော်"

"ငွေရေး ကြေးရေးကတော့ လွယ်ပါတယ်။ Wave နဲ့
ပို့တယ်"

"Wave က (၂) သိန်းပဲ ပို့ရတယ်လေ"

"ဘယ်နှခါပို့ပါ ဆရာမရယ်။ ဘဏ်ကကြာတယ်၊
အလုပ်ရှုပ်တယ်။ Wave money ကတော့ ကွမ်းယာဝယ်စား
သလို လွယ်လွယ်လေး"

"ရှင်ပြောသလိုဆို ဘဏ်တွေ အလကားဖြစ်နေရမ
ဘဲ"

"ဩော် ... ငွေအများကြီးကျတော့လည်း ဘဏ်
ပိုကောင်းပါတယ်။ ဘဏ်က လုပ်ပေးနိုင်တဲ့ ဝန်ဆောင်မှုတွေ
လည်း အများကြီးပါ"

"ဒါဖြင့် ရှင်တို့နောက် ဘယ်သူမှလိုက်မလာကြတော့
ဘူးပေါ့။ မိဘတွေစွန့်ပစ်ထားတဲ့ သားတွေလား"

"ATM ကတ်တွေလည်း ရှိတယ်လေ"

"ဟုတ်ပါပြီ ဟုတ်ပါပြီ။ ရှင်တို့အဆင်ပြေလည်း ပြီး
တယ်။ ကျွန်မက စိုးရိမ်လို့ မေးမိတာပါ"

"ကျေးဇူးတင်ပါတယ် ဆရာမရယ်။ ခုလို စေတနာထ
ပြီး ကူညီပေးတာလည်း ကျေးဇူးအများကြီးတင်ပါတယ်"

"ရပါတယ်၊ ဒါ ကျွန်မတာဝန်၊ ဝတ္တရားပါ။ ကျွန်မ
ရှင်တို့ရဲ့ စပါယ်ရှယ်နာ့စ်လေ။ လိုတာပြော"

တကယ်လည်း သူတို့လိုတာ ဆေးရုံအလုပ်သမားလေ
တွေကို ဝယ်ခိုင်း၊ ကူညီခိုင်းရသည်။

ခင်ထက်ပန်ဟာ ဦးဝေမိုးအတွက် နေ့ရော ညရော
(၂) ရက်ဆက်တိုက် တာဝန်ယူထားရသည်။

"စကားပြောဖော်ပဲ လိုတာ ဆရာမရဲ့။ ကျန်တဲ့နာ့စ်
တွေက မနွေးထွေးဘူး။ ဆရာမကတော့ တကယ့်သွေးသားရင်း
တွေလို စာစာနာနာ ဖေးဖေးမမ ရှိတယ်"

"နေရင်းထိုင်ရင်းတော့ အမှုလေးနေပြီ။ ကဲပါလေ ...
ရှင် စိတ်ချမ်းသာသလို တွေးပါ၊ ရပါတယ်"

"ဆရာမအိမ်က ဘယ်မှာလဲ"

"ဒီဆေးရုံဝင်းထဲမှာပဲ"

"ဩော်"

ယခုမှတွေ့သည့်လူများကို ကိုယ့်အကြောင်းမပြောဖို့
သတိရလိုက်ပြီး ခင်ထက်ပန် ပါးစပ်ပိတ်သွားသည်။

သူတို့သဘောထားတွေ ကိုယ်သိတာမဟုတ်။ သူမ
ကိုယ်လုပ်ပေးလိုက်ပါသည်။



*

(၅) ရက်လောက် ဆေးရုံတက်ပြီး။ ဆေးရုံပြန်ဆင်းသွား ကြတော့လည်း အားလုံးအဆင်ပြေအောင် ခင်ထက်ပန်ပဲ ကူညီ ပေးခဲ့ပေးလိုက်ရပါသည်။

သူမကတော့ သည်လိုပါပဲ။ လူနာတွေ လိုအပ်သမျှ ကိုယ်လည်း တတ်နိုင်သမျှ ကူညီလိုက်တာချည်းပါ။

မေ့မေ့ပျောက်ပျောက်လို့တော့ မပြောလိုပါ။ ဦးဝေမိုးဟာ ဆေးမှတ်ထင်ထင် ရှိစေသည့် လူနာတစ်ယောက်ပါ။

တစ်ချိန်ချိန်မှာ ပြန်တွေ့လျှင် မှတ်မိနေဦးမည့်လူနာ တစ်ယောက်ပါ။

ခင်ထက်ပန် ဂျူတီထွက်လို့ အိမ်ပြန်လာတော့ သူမ၏ ကြိုက်ခန်းထဲမှာ ညီမ (၂) ယောက်နှင့် သူတို့သူငယ်ချင်းတွေ။

''ဟော မမကြီးပြန်လာပြီ''

(၆) နာရီဂျူတီထွက်တာမို့ အစောကြီးရောက်နေကြ သည့် သူတို့ကိုလည်း ခင်ထက်ပန် အံ့သြပါသည်။

တကယ်တော့ ညီမတွေ၏သူငယ်ချင်းတွေကို ခင်ထက် ပန် မရင်းနှီးပါ။ သူမက အမြဲအလုပ်ရှုပ်နေသူလေ။

ယခုလည်း ခဏပြန်လာပြီး ရေမိုးချိုး အဝတ်အစားလဲပြီး သည်နှင့် စပါယ်ရှယ်လိုက်ရဦးမှာပါ။

အခန်း (၅)

နေ့ည စပါယ်ရှယ် (၂) ရက်စောင့်ပေးပြီးတော့ သူတို့နှင့် ခင်ထက်ပန် ရင်းနှီးသွားရသည်။ ဘယ်လိုပဲ ခပ်တည်တည်နေနေ အနေအထားအရ ရင်းနှီးရပါတော့သည်။

ကိုယ်က အစစအရာရာ နူတ်၏စောင်မခြင်း၊ လက်၏ စောင်မခြင်းပြုလုပ်ရတာ ထုံးစံဆိုပေမယ့် သူတို့က ကျေးဇူးတွေ အရမ်းတင်နေတာ။

ဖုန်းနံပါတ်ချင်းလဲ။ ဖေ့စ်ဘုတ် acc ချင်းလဲကြ။ ဒါက ခေတ်ရဲ့က ယဉ်ကျေးမှု၊ ခေတ်ရဲ့အထာ ဖြစ်နေပြီလေ။

''ဘာလုပ်ကြတာလဲဟေ။ ဘာပြဿနာတွေ ဖြစ်နေကြသလဲ။ ကြည့်တော့နေကြနော်။ နင်တို့ကို သာယာညှင်းပျောင်းစကားတွေနဲ့ ချော့နေဖို့ အချိန်မရှိဘူး''

''ကိုယ်ခေါင်းလေးနဲ့ ကိုယ်စဉ်းစား''

''အင်းပါ မမကြီးရဲ့။ ဒီ (၂) ယောက်က ဝသုန္ဒသူငယ်ချင်းတွေပါ။ ကျွိုက်ထီးရိုးလိုက်ဖို့ မမကြီးနဲ့ မမကိုလာပြီး ခွင့်တောင်းကြတာပါ''

ဝဿုန် မျက်နှာငယ်လေးနှင့်ပြောတော့ မမကြီး မျက်ခုံးပင့်သွား၏။

''ငါ့ကို ဘာလို့လာပြီး ခွင့်တောင်းရမှာလဲ။ သူတို့မိဘ၊ သူတို့ခွင့်တောင်းရမှာလေ''

နီနီနုငယ်နှင့် ပန်းနုရီဝေတို့ တခစ်ခစ်ရယ်ရင်း မမကြီးကို လေပြေထိုးကြရ၏။

''ဝသုန္ဒအတွက် လာပြီးခွင့်တောင်းကြတာပါ မမကြီးရဲ့။ ကျွန်မတို့အဖွဲ့မှာ အစ်ကို (၂) ယောက်လည်း ပါမယ်။ အစ်ကိုက ဘီအီးနောက်ဆုံးနှစ်ပါ။ တော်လေကျပိုးတွေ မဟုတ်ပါဘူး''

''ဝသုန်က လိုက်ချင်လို့လား။ နင်တို့ကိုလာပြီး ခွင့်တောင်းခိုင်းတာလား''

မမကြီးအထင်လွဲတာတော့ ဝသုန်မခံနိုင်ပါ။ ပျာပျာသလဲပင် ထုချေ်လွှာတင်ရပါသည်။

''မလိုက်ချင်ပါဘူး မမကြီး၊ သူတို့က''

ပန်းနုရီဝေ မျက်ကလဲဆန်ပြာနှင့် လျှောက်လဲချက်ပေးရပါသည်။ အဘယ်ကြောင့်ဆို ညက ဖုန်းနှင့်လှမ်းပြီး ကိုကိုက ဆာဇံပေးထားသည်လေ။

''ချာတိတ်မပါရင် နင်တို့ကို တစ်ယောက်မှမခေါ်ဘူး။ ငါ့ချာတိတ်ပါ ပါပစေ''

''အံမာ နေပေါ့၊ မလိုက်သေးဘူး။ ကိုကို့ဘာသာ ဘယ်သူခေါ်တင်သွားသွား''

''အကျပ်မကိုင်နဲ့။ ငါ ချာတိတ်နဲ့သေချာခင်ချင်တယ်။ ခုအောင်ခေါ်ခဲ့။ နင့်ကို မုန့်ဖိုး ၁-သိန်းပေးမယ်''

''ဝိုး တကယ်နော်။ အိုကေ ရအောင်ခေါ်မယ်။ ကိုကိုပဲ အဲဒီကျောက်ဆစ်ရုပ်၊ ရေခဲထုပ်ခွာကို ကြိုက်ချင်နေတယ်။ သူ့စာရင် နီနီကမှ အင်စရက်ရှင်ရှိသေး''

''နင်တို့မိန်းကလေးတွေနဲ့ ငါတို့နဲ့ အကြိုက်ချင်း ဘယ်ဘူမလဲ။ ယောကျ်ားချင်းတူတောင် အကြိုက်ကတစ်မျိုးစီ။ လောလောဆည် အဲဒီခွာလေး၊ ဂျစ်တူးလေးကို ငါ ရင်ခုန်တယ်''

''အမလေး သူများသူငယ်ချင်းကို မတရားတော့ မပြုစားလိုက်ပါနဲ့။ သူဘာသာ အေးချမ်းနေတဲ့ဘဝလေး။ ကိုကိုနဲ့တွေ့မှ မီးခဲမျိုမိတဲ့ဘဝ ရောက်သွားပါဦးမယ်''

''ငါသိပါတယ်၊ ငါ့မှာလည်း နှမတွေနဲ့ပါ။ မတရားမလုပ်ပါဘူး။ ပါအောင်သာခေါ်ခဲ့''

ကိုကို ရာဇသံပေးထားတာကြောင့် ပန်းနု အသည်းအသန် ကြိုးစားနေရပါ၏။

''ဒီလိုပါ မမကြီး။ ပန်းနုတို့က ပထမနှစ်ကတည်းက အတူတူ မခွဲမခွာနေလာခဲ့ကြသူတွေဆိုတော့ အခု ကျောင်းပိတ်ရက်မှာ ဘုရားဖူးသွားတော့လည်း သူ့ကိုပါစေချင်လို့ပါ။ နေ့ချင်းပြန်ခရီးပါ မမကြီးရယ်။ ဒီကမနက် (၄) နာရီလောက် ထွက်ကြမယ်။ နောက် ညနေ (၆) နာရီ (၇) နာရီလောက် ပြန်ရောက်ပါမယ်။ သူလည်း မရောက်ဖူးသေးတဲ့ ခရီးမို့ ပန်းနုတို့နဲ့အတူတူ ထည့်စေချင်လို့ပါ''

''ဟုတ်ပါတယ် မမကြီးရယ်။ နီနီလည်း ကျိုက်ထီးရိုးမရောက်ဖူးသေးပါဘူး''

''ပန်းနုလည်း မရောက်ဖူးဘူး။ သူငယ်ချင်း (၃)ယောက်ပျော်ပျော်ပါးပါး သွားချင်လို့ပါ။ မမ ကူပြောပေးဦးလေ''

ဝသန်းကိုပါ သူလူကိုယ့်ဘက်သား လုပ်ရင်း ပန်းနုနှင့်နီနီ သည်းအသန်ဖြစ်နေတော့ ခင်ထက်ပန် အားနာလာ၏။

''နင်တို့အဖွဲ့ထဲ ယောကျ်ားလေး ဘယ်နှစ်ယောက်''

''(၂) ယောက်တည်းပါ။ ကိုကိုရယ်၊ ကိုကို့သူငယ်ချင်းနဲ့ အားတစ်ယောက်တစ်လဲ မောင်းမှာပါ။ မိန်းကလေးက ပန်းနုတို့ (၃)ယောက်နဲ့ ဖစ်ဆစ်က ဆွေမျိုးနီးစပ်ကောင်မလေးတစ်ယောက်နဲ့ ပေါင်း (၄) ယောက်ပါ''

''ထည့်လိုက်ပါ မမတို့ရယ်။ နေ့ချင်းပြန်ခရီးလေးပါ။ နီနီတို့အားလုံး တာဝန်ယူပါတယ်။ ဘုရားဖူးခရီးကို ပိတ်ပင်ရင် မမတို့ငရဲကြီးနေမယ်နော်''

''မနက် (၄) နာရီ အိမ်လာခေါ်မယ်။ ညနေ (၇)နာရီ နောက်ဆုံးထားပြီး ပြန်လာပို့မယ်။ ဘာစိုးရိမ်စရာရှိလဲ မမကြီးရယ်။ ထည့်လိုက်ပါနော် နော်''

ပန်းနုနှင့်နီနီတို့ အစွမ်းကုန်ဇာတ်ပို့နေကြလျှင် ခင်ထက်ပန် ဝသုန်ကိုကြည့်လိုက်၏။

''နင်ကရော လိုက်ချင်သလား''

ဝသုန် ဘာပြန်ပြောရမှန်းမသိ။ လူငယ်ပီပီ မမကြီးထည့်လျှင်တော့ လိုက်ချင်သား။ ဝသုန်ငေးကြည့်နေလျှင် ဝသန်ကပါ

ပန်းနုနှင့်နီနီကတော့ သူတို့တောင်းဆိုချက်ရသည်နှင့် နှုတ်ဆက်ပြီး ပြန်သွားကြပါသည်။ လမ်းထိပ်မှာ ကိုကိုညီပြည့်စုံက ကားနှင့်စောင့်နေသည်လေ။

ကားနားရောက်တော့ ပန်းနုနှင့်နီနီတို့ လက်မကို အောက်စိုက်ပြလိုက်ကြလျှင် ညီပြည့်စုံ မျက်မှောင်ကျုံ့သွား၏။

''ပြောလို့မရဘူးလား။ နင်တို့ကလည်း ညံ့လိုက်တာ။ ငါဘာသာ သွားပြောတာမှ ဟုတ်ဦးမယ်''

''ဆန္ဒမစောနဲ့လေ။ ပြောလို့ရပါတယ်တဲ့ရှင်။ ပန်းနုပါတဲ့နော်။ ဒါ့ထက် နေပါဦး၊ ကိုကိုကရော ဘာဖြစ်တာလဲ။ ဒီချွတ်တားလေး၊ ကလန့်ကလားနဲ့ ပုံမလာတာကြီးများ ဘယ်တုန်းက အသည်းအသန် ကြွေသွားတာလဲ။ ကိုကိုနော်၊ မဖွယ်မရာတွေတော့ မကြားချင်ဘူးနော်''

''မဖွယ်မရာလည်း မလုပ်ပါဘူးဟာ။ ငါ ဘယ်အမျိုးကောင်းသမီးကိုမှ မဖျက်ဆီးခဲ့ပါဘူး''

''အလဲ့ အလဲ့၊ အများမိုးခါးရေသောက်နေတဲ့ခေတ်ကြီးဆဲမှာ။ ရွီးမနေစမ်းပါနဲ့ ကိုကိုရာ။ ကိုကိုတို့ ဘီအီးကျောင်းသားတွေက လက်ယဉ်ပြီးသား။ နာမည်ကျော်ပြီးသားပါ''

''အေးပေါ့၊ ငါးခုံးမတွေက တစ်လေ့လုံးပုပ်နေကြတော့

ထပ်ပြီး ကတိတောင်းပုံက်သည်။

''နှင့်ကို ငါတို့ အုပ်ထိန်းမှုမပါဘဲ ဒီတစ်ခါလွှတ်ကြည့်လိုက်မယ်။ ဘာပြဿနာမှ မကြားချင်ဘူးနော်။ မိန်းကလေးဆိုတာ သတိအမြဲရှိရတယ်။ ကိုယ့်ဘဝကိုယ် အစွန်းအထင်းမရှိအောင် ထိန်းသိမ်းစောင့်ရှောက်ရမယ်''

''ဟုတ်ကဲ့ပါ မမတို့ရယ်။ နီနီတို့သွားမှာ ရန်သူနယ်မြေလည်းမဟုတ်ပါဘူး ...ဟီး ဟီး''

''နင်တို့က သူဌေးသမီးတွေလေ။ တစ်ခုခုဆိုလည်း ငွေနဲ့ ဖုံးလိုက်လို့ရတယ်။ ငါတို့ညီမက ဆင်းရဲသား နင်းပြား။ သူ့အမှားတစ်ခုအတွက် ဘဝတွေ၊ အသက်တွေ မပေးလိုက်နိုင်ဘူး။ ဒီတစ်ခါပဲ ထည့်လိုက်မယ်။ နောက် မတောင်းဆိုကြပါနဲ့တော့''

''ဟုတ်ကဲ့ပါ၊ ပန်းနုတို့သူငယ်ချင်း (၃) ယောက် အတူတွဲပြီး ဘုရားသွားဖူးရမှာ ကျေးဇူးအများကြီးတင်ပါတယ် မမတို့ရယ်။ ပျော်လည်း အရမ်းပျော်သွားပြီ''

''အေး ...နင်တို့ပျော်လည်း ပြီးရော။ ကဲ လုပ်စရာရှိတာ လုပ်ကြ''

ဝသန်ရော ဝသုန်ပါ ကျောင်းသွားဖို့ ပြင်ဆင်ပြီး ဖယ်ရီအလာကို မျှော်ကြရှာ။

အခန်း (၆)

စနေနေ့မနက် (၃) နာရီခွဲလောက်မှာ သက်ထား၀သုန် အိပ်ရာမှ ဖြည်းညင်းစွာထရသည်။ ထုံးစံအတိုင်း အိမ်မှာ မမကြီး မရှိ။ စပါယ်ရှယ်လိုက်နေရ၏။

၀သုန်ရင်ထဲ နင့်ရပါသည်။ မမကြီးက နေ့မနား၊ ည မနား အလုပ်တွေလုပ်။ မမ၀သန်ကလည်း ဂိုက်သသင်။

သူမက အငယ်ဆုံးပီပီ အခွင့်ထူးခံနေရတာ မျိုမက္ခ။ တော်ပြီ။ နောက် မမတို့မပါဘဲ ဘယ်ကိုမှ မသွားတော့ဘူး။ နေ့ချင်းပြန်မို့ ချည်ထည်ပန်းရောင်၀မ်းဆက်လေး၀တ်မည်။

ငါတို့လို သူတော်ကောင်းစုန်းပြုံးလေးတွေလည်း ရောပြီး အပုပ်နံကူးရတော့တာပေါ့။ ကဲ တက် တက် ကျောင်းလိုက်ပို့မယ်။ ငိ ဒီနေ့ တော်တော် အိပ်ရေးပျက်သွားပြီ''

နှစ်ယောက်သား ကားပေါ်တက်ကြရင်း သည်မနက် ညီပြည့်စုံကျွေးမွေးမည့် ဘရိတ်ဖတ်စ်နှင့် တော်တော်စိုပြည်နေ တော့သည်။

*

''ဘုရားတရား မမေ့နဲ့ညီမလေး။ အစစအရာရာ အဆင်ပြေချောမွေ့ပါစေကွယ်''

ဝသုန့်ရင်ထဲ ဆို့နှင့်နေမိတာ ဘာကြောင့်မှန်းမသိ။ သည်လို တစ်ယောက်တည်း ခရီးမသွားဘူးလို့လည်း ဖြစ်ပါမည့်

''သွားပြီနော် မမ''

''အေး အေး၊ ရော့ ဦးထုပ်လေးဆောင်း။ နှင်းတွေနဲ့''

မမက လျှာထိုးဦးထုပ်အနီလေးကို ယူဆောင်းပေး၏။ သုန် ကျောပိုးအိတ်လေးလွယ်ကာ အပြင်ထွက်ခဲ့တော့ မမက သူလူတွေကို အကဲခတ်နေသည်။

ပြီးမှ စိတ်ချသွားဟန်ဖြင့် အိမ်ထဲသို့ ပြန်ဝင်သွား၏။ သက်ထားဝသုန် ဖွင့်ပေးသည့်တံခါးမှ အထဲသို့ဝင်လိုက်စဲ။ ကားတံခါးပိတ်ပြီး ကားက ညင်သာစွာထွက်လာခဲ့သည်။

တစ်ကားလုံး အပျော်တွေ ဖိတ်လျှံလျက်။

''ချမ်းလားချာတိတ်၊ ကိုကို အစွန်မှာထိုင်မယ်။ ကားတံခါးဘောင်ကြီးနဲ့ ထိနေရတာ အေးတယ်''

အနားမှထွက်လာတဲ့ဘာ ညီပြည့်စုံအသံ။

စကတည်းက ယဉ်သကိုပါပဲ။ သူမအနားမှာ ညီပြည့်စုံ။ ကားက ရှေ့ (၂) ယောက်။ နောက်မှာ (၄) ယောက်

အဝတ်ပိုမယူ။

နောက် ဘုရားမှာ ရွှေသင်္ကန်းကပ်ဖို့ စုထားသည့် စုဘူးလေးကိုယူမည်။ စုဘူးလေးထဲမှာ ငွေ ၄-၅ ထောင်လောက်တော့ ရှိမှာပါ။

မုန့်ဖိုးရယ်လည်း ဟုတ်တိပတ်တိ မရတာမို့ (၅၀၀) တန် အသစ်လေး၊ (၂၀၀) တန် အသစ်လေးတွေကို ကြိုသလုံ့ ထည့်ထားသည့်စုဘူးလေး။ စုဘူးက ယုန်မလေး။

ဝသုန်ကလည်း ရှေ့သွားလေး (၂) ချောင်း နည်းနည်း ကြီးသည်မို့ ယုန်ကလေးလိုပါပဲ။

မျက်လုံးရွဲရွဲလှလှ၊ မျက်နှာကျပြေပြေနှင့် ချစ်စရာ ကောင်မလေးပါ။

မျက်နှာသစ်၊ သွားတိုက်၊ သနပ်ခါးလိမ်း၊ ခေါင်းဖြီးဉီး ချာလီကွင်း ပန်းရောင်လေး စည်းလိုက်၏။ အဝတ်လဲပြီးချိန်မှာ (၄) နာရီထိုးပါပြီ။

သူမတို့တိုက်ခန်းရှေ့ ကားဆိုက်သံလည်း ကြားလိုက်၏။ အို တော်တော်အချိန်တိကျကြတာပါလား။

ဆောင်းတွင်းမို့ ဆွယ်တာအဖြူ အပါးလေးကို ဆွဲယူဝတ်လိုက်ပြီး ဝသုန် အနားရောက်လာသည့်မမကို ကန်တော့သည်

ကားမောင်းမည့်ကျွဲကြီးဆိုတာမပါ။ ရှေ့မှာ အောင်သန့်ကိုတို့ စုံတွဲ။

နောက်မှာပန်းနု၊ နီနီ၊ ညီပြည့်စုံနှင့် သူမ။ ကားထဲမှာ ပင် ခက်ခက်ခဲခဲနေရာလဲရတော့ သူမအဖြစ်က သူနှင့် အထွေး ထွေး အယှက်ယှက်။

"ပန်းနု နင့်အစ်ကိုနဲ့လာထိုင်"

"ငါက အစွန်ကြိုက်တယ်။ နင်ကလည်းဟာ ဘာဖြစ်လဲ။ ကိုယ့်မောင်နှမတွေပဲ"

"မောင်နှမမှ မဟုတ်ဘဲဟဲ့။ အသားချင်းမထိချင်ပါဘူး"

ဝသုန်မှာ ကလေးစိတ်မကုန်သူပီပီ ပေါ်တင်ချဲနေလျှင် ညီပြည့်စုံက ကုန်းကုန်းကွကွနှင့် မကျေနပ်နေသည့်သူမကို ဆိုဖာ ပေါ် ဆွဲထိုင်ခိုင်းလိုက်ပါ၏။

"မကြီးကျယ်နဲ့ညီမလေး။ ကိုကို့မှာ ဘာကလီကမာစိတ်မှ မရှိဘူး။ ညီမလေးမှာရှိနေရင်တော့ မပြောတတ်ဘူး"

"အံမာ ... ဟင်း"

"ဒါဆိုလည်း ထိုင်၊ အိပ်ချင်လည်း အိပ်၊ အိုကေ"

ခွေးပေါက်ကလေးလို စွာချင်နေသည့် သက်ထားဝသုန် မကျေမနပ်နှင့်ပင် သူ့အနားမှာ ထိုင်လိုက်ရပါသည်။

(၄) ယောက်တန်းစီထိုင်နေကြတာမို့ ကျပ်သည်လည်း မဟုတ်။ ချောင်သည်လည်းမဆိုသာ။ ဟိုမချော (၂) ယောက်ကမျက်စိမှိတ်၊ အိပ်လိုက်လာကြသည်မို့ ဝသုန်လည်း ငုပ်တုတ်ပင် အိပ်လိုက်ခဲ့ရသည်။

ညက (၁၂) နာရီလောက်မှအိပ်ရတာ။ အိပ်ရေးကမဝသေး။ အားလုံးလည်း အိပ်ရေးပျက်နေကြမှာ အသေအချာမို့ အိပ်လိုက်ခဲ့ကြပါတော့သည်။

*

"အင်"

သူမနိုးတော့ မိုးတော်တော်ကြီးလင်းနေပြီ။ အနားမှ မချော (၂) ယောက်ကတော့ မနိုးသေး။ သူမက ညီပြည့်စုံ၏ ရင်ခွင်ထဲမှာ ဖားပျံလေးလို ကပ်လို့။

သူလည်း အိပ်ပျော်နေတာပါပဲ။

ကိုယ့်ပခုံးကိုဖက်ထားသည့် သူ့လက်ကြီးကို ဖယ်ကာ ဘုတ်ခနဲ ပစ်ချလိုက်တော့ ညီပြည့်စုံ နိုးသွားသည်။

''ဆောရီး ချာတိတ် ... ကိုကိုက ဖက်လုံးကြီးမှတ်လို့ ပါ''

ဖြားယောင်းမှုတွေပေါ့။ ဝသုန်ကတော့ ဖြားယောင်းမှုကို ဖြားယောင်းမှုမှန်း နားလည်ထားသဖြင့် ရင်ခုန်ဖို့ဝေးလို့။

ဒေါသတွေပဲ အလိပ်လိုက်။ နောက်ကြောင်းပြန်လှည့်ချင် စိတ်က တဖွားဖွား။

သူမမျက်နှာလေး စူပုပ်နေတော့ ညီပြည့်စုံ ချော့ရသည်။

''ချာတိတ်ကလည်းကွာ။ ကြီးကျယ်လိုက်တာ။ ကိုကိုက နူဝဲ၊ ကျိုးကန်းနေတာကျနေတာပဲ''

''အို မကြိုက်ပါဘူး''

'''ကြိုက်ပါလို့လည်း မပြောရသေးပါလားကွာ။ ကြိုးပြီး ငြင်းနေတော့တာပဲ''

''အဲလို ဒွေးရောယှက်တင်နေရတာ မကြိုက်ဘူးလို့ ပြောတာ ရှင့်။ တော်ပြီ တော်ပြီ၊ ရှင့်အနားမှာ ရှင့်ညီမသာ ခေါ်ထား''

''သူနဲ့မနေချင်ပါဘူး။ အမြဲရန်ဖြစ်နေရတာ။ မောတယ် ချာတိတ် မကြီးကျယ်နဲ့ကွာ၊ မထိနဲ့ဆို ကိုကိုမထိဘူး''

''ရမလား၊ ဒီလောက်ကျပ်နေတာကြီး''

ကြိတ်ပြီးရန်ဖြစ်နေကြရတာပါ။ ခဏကြာလျှင် အားလုံးပင် နိုးလာကြပါ၏။

''ကိုကို ဆာတယ် ဆာတယ်။ ရှေ့တစ်နေရာရာမှာ စားကြမယ်''

''အေးပါ၊ ကျွေးပါ့မယ်ဟာ။ ဒီမှာ ချာတိတ်ရစ်နေလို့ သုပ်ကြပါဦး။ ငါ့အသားနဲ့မထိချင်လို့တဲ့''

''အမလေး ဝသုန်ရယ် ...ကိုနင် ဖယ်ရီစီး၊ လိုင်းကားစီးနေတယ်။ လိုင်းကားစီးနေတဲ့ယ်လို့သာ သဘောထားလိုက်။ ပြဿနာ မရှာစမ်းပါနဲ့ဟာ။ ကိုကိုက ငါတို့ကို စပွန်ဆာ ပေးခဲ့မှာပါ။ သနားပါတယ်''

ပန်းနုပြောတော့လည်း ဟုတ်တာပဲ။ ဖယ်ရီစီးသလို ဘတ်စ်စီးသလိုသာ သဘောထားရတော့မည်။

အဲလိုတွေးလိုက်တော့မှ ဝသုန် နေသာသွားရပါ၏။ ညီပြည့်စုံနှင့် အသားချင်းထိစပ်နေရတော့တာပါ။ ပေါင်ပေါင်ချင်း၊ ကိုယ်လုံးတစ်ခြမ်းချင်း။

''ရှေ့နားမှာ ဆိုင်လေးစားကြမယ်''

ကားရပ်တော့ တံခါးဖွင့်၊ ဝသုန်ကို တယုတယ စောင့်ခေါ်။ တော်တော်စိတ်ညစ်ဖို့ကောင်းတာပဲ။

''သွား ... ဝသုန့်ဘာသာ လာတတ်တယ်''

''လာတတ်တာ သိပါတယ်၊ စိတ်မချလို့''

''အလကား အပိုတွေ''

နီနီနှင့်ပန်းနုကတော့ ရှေ့မှ လန်းလန်း လန်းလန်းနှင့်။ မပြေးရုံတမယ် အပျော်တွေ လွန်ပြီး ပြေနေကြတာ။

ဝသုန့်မှာသာ ညီပြည့်စုံနှင့် တစ်တွဲလို ဖြစ်နေရ၏။ ဝဲသုန် မခံနိုင်ပါ။

''ဒီမှာ ကိုကို''

''ဗျာ ညီမလေး''

''အူကြောင်ကြောင်မလုပ်နဲ့၊ သွား ကိုယ်ဘာသာ လွတ်လွတ်ကျွတ်ကျွတ်သွား''

''အမလေးဗျာ ကိုကိုက ညီမလေးကို ဘာတွေရှုပ်နေလို့လဲ။ စောင့်ခေါ်တာလေးများ''

''မခေါ်နဲ့။ ကိုယ့်ဘာသာလာမယ်''

''ပြီးရော ... ပြီးရော၊ ကိုကို သွားနှင့်မယ်နော်''

ညီပြည့်စုံ ဆိုင်ထဲအရင်ရောက်၊ စားပွဲထိုးကို စားစရာတွေမှာ။ ဝသုန်က သူ့အနားသို့မလာဘဲ အခြားစားပွဲတစ်ခုမှာ ထိုင်၏။

သူနှင့်အဝေးဆုံးမှာပါ။

ကိစ္စမရှိ။ ဝသုန် မုန့်ဟင်းခါးမှာစားနေတုန်း ကားတစ်စီး ရောက်လာပြီး ကားပေါ်မှ ကောင်လေးတစ်အုပ် ဆင်းလာကာ ဆိုင်ကလေးထဲမှာ စစ်သားတွေလို နေရာဖြန့်ယူလိုက်ကြလျှင်-

ဝသုန့်စားပွဲသို့လည်း ကောင်လေး (၃) ယောက် ရောက်လာတော့၏။

''ပလီ(စ်)အိတ်(စ)ကျူးမီ''

မထိုင်နဲ့လို့ ဘယ်လိုရန်လုပ်ရမှာလဲ။ ဝသုန် မုန့်ဟင်းခါးပန်းကန်နှင့် ဘာဆက်လုပ်ရမှန်းမသိဖြစ်နေလျှင် ညီပြည့်စုံ သူမ အနားသို့ ရောက်လာ၏။

''ကိုကို့ညီမလေးက စတန့်ထွင်တာကိုး။ လာ ကိုကိုတို့ အနားလာစား''

သူမ၏မုန့်ဟင်းခါးပန်းကန်လေးကို တစ်ဖက်၊ သူမ၏ ခုံလေးကိုတစ်ဖက် ကိုင်ကာ သူ့စားပွဲသို့ ခေါ်သွားလေလျှင် ကျေးဇူးပင်တင်ရ၏။

''ဟာ ... ဘဲကြီးက မမိုက်ပါဘူးကွာ''

''သူစော်လား မသိဘူး။ အယုအယတွေက လွန်ပါ့''

ယောကျ်ားလေးတွေမို့ ပါးစပ်ကလည်း ဘရိတ်လွတ်

နေ၏။ စုစုပေါင်း (၁၀) ယောက်လောက်။ ဘုရားရေ သူတို့လည်း ကျိုက်ထီးရိုးလား။

ညီပြည့်စုံ၏အနားမှာ ဝသုန် မုန့်စားနေရပါသည်။ နောက်ထပ်လည်း လက်ဖက်ရည်နှင့်မုန့်။ ဝသုန်မှလွဲပြီး ကျန်လူတွေကတော့ ဆွဲတာပဲ။

''ဝသုန် တော်ပြီ၊ မုန့်ဟင်းခါးတွေက အများကြီး''

''ဆာမှာစိုးလို့။ ညီမလေးဖို့ မုန့်ဝယ်လာခဲ့မယ်''

''ကိုကိုနော် ... မျက်နှာမလိုက်နဲ့။ ကိုကို့မှာ ညီမ (၃) ယောက်ရှိတာလည်း မေ့နေဦးမယ်''

''မမေ့ပါဘူးဟာ။ ငါ သိပါတယ်။ ဒါလေးကတော့ ညီမအထွေးဆုံးလေ''

''ဒွေးမယ်နော်လေးပေါ့။ ဟုတ်လား။ ကိုကိုက သူ့နေမင်းသားကြီးပေါ့။ ငွေတောင်ပြည်လိုက်ပို့ဦး''

''နောက်မှပေါ့ဟာ။ ငွေတောင်ပြည်က ဝေးတယ်၊ ကယားပြည်ထဲမှာ ကျောင်းရက်ရှည်ပိတ်မှ လွှဲင်ကော်ထိပို့မယ်၊ တောင်ကွဲစေတီတို့ ဘာတို့''

''ကဲ ကဲ သွားကြစို့။ နောက်ကဏ္ဍက နောက်ဖယားခု ကျိုက်ထီးရိုးထိ ချီတက်ကြစို့''

အောင်သန့်ကို လောဆော်လိုက်ရင်း ညီပြည့်စုံသို့ မေးဆတ်လိုက်၏။

''ကိုညီ ... ခင်ဗျားတစ်လှည့်မောင်းဦး။ ကျွန်တော်တို့ ယောက်ျား နောက်မှာစီးမယ်''

''အိုကေ ... ညီမလေး ကိုကို့အနားမှာစီး''

''အန် ပန်းနုကိုခေါ်''

''မခေါ်ချင်ပါဘူး။ ကျက်သရေမရှိ မင်္ဂလာမရှိ။ ညီမလေးပဲ ခေါ်မယ်''

''သွား သွား သွားစီး ဝသုန်။ ငါတို့ကလည်း သူ့အနားမှာ မစီးချင်ပါဘူး၊ ဟွန်း''

ဝသုန်ပဲ ညီပြည့်စုံနှင့်အတူ ကားရှေ့သို့ သွားစီးရသည်။ သူက ကားမောင်းရင်း ကိုယ့်အကြောင်းမေးလိုက်၊ သူ့အကြောင်းပြောလိုက်။

သူ့အကြောင်းကလည်း ဇာတ်နာပါသည်။

''ကိုကိုက ပထွေးနဲ့နေရတာ။ မေမေက နောက်အိမ်ထောင်ထူတယ်။ ဒါပေမဲ့ ကိုကို ခုသုံးစွဲနေရတာ ဖေဖေ့ပစ္စည်းတွေချည်းပဲ။ ပထွေးက ဖေဖေ့စီးပွားကို ဆက်ပြီးကားယားခွထိုင်နေပဲ''

ညီပြည့်စုံ အားနာသွားပါသည်။

''ဆောရီး ညီမလေး။ ကိုကို စကားပြောတာ ကြမ်းသွားတယ်။ ငါ့ညီမလေးက ဒါတွေမကြားဖူးသေး၊ မမြင်ဖူးသေးတော့ နားရှက်နေတာ။ ဒါပေမဲ့ ကိုကိုပြောတာ အမှန်ပဲလေ''

''ကိုယ့်ညီမလေးမို့ ပြောရဦးမယ်။ ခုခေတ်ကောင်တွေက အကြီးအစည်တွေနဲ့ချည်းပဲ။ သံသယကလည်း ကြီးတယ်။ သူတို့ကိုယ်တိုင် သူများသားသမီးကို မိုက်ရိုင်းခဲ့တော့ မိန်းကလေးတိုင်းကို မမြတ်နိုးတတ်တော့ဘူး''

''ကိုကိုတို့တက္ကသိုလ်က ပိုဆိုးတယ်။ ဘီအီးတက်နေတဲ့ကောင်တွေ (၁၀) ယောက်မှာ (၈) ယောက်လောက်က စားနေကျ ကြောင်ပါးချည်းပဲ။ ကိုယ့်ကျောင်းထဲက လူစားလိုက်၊ တက္ကသိုလ်တွေဘက် ထွက်ရှာလိုက်နဲ့''

''ဒါဆို အောင်သန့်ကိုရော။ ဖက်ဆစ်က ကောင်မလေးသနားပါတယ်။ ကိုကိုတို့ နှမချင်း၊ ညီမချင်း စာနာဖို့ကောင်းပါတယ်''

ဝသုန် စိတ်ဆိုးချင်နေတော့ ညီပြည့်စုံ ချော့ရသည်။

''ကိုကိုပြောတဲ့အထဲမှာ (၁၀)ယောက်ထဲ၊ (၂)ယောက်ကတော့ အမှန်အကန် ကျန်တယ်လေ။ အဲဒီမှန်တဲ့ (၂)ယောက်က

''ဩော်''

''သူမှာ သမီး (၂) ယောက်ပါလာတယ်။ (၂) ယောက်လုံး ဆတ်စလူးချည်းပဲ။ အဲဒီပထွေးတော်ကြီးက ကိုကို့အမွေတွေ အားလုံးကို မောင်ပိုင်စီးချင်နေတာ''

''ဘာလို့လဲ၊ ကိုကို့အမွေဆိုတာ''

''ဖေဖေက ကိုကို့နာမည်နဲ့ လွှဲထားတဲ့ကိစ္စတွေကျ သူလက်ဝါးကြီးအုပ်လို့ မရဘူးလေ။ မေမေ့နာမည်နဲ့မှ မဟုတ်တာ။ ဒီတော့ သူသမီးတစ်ယောက်ယောက်နဲ့ ကိုကို့ကို ရစေချင်တယ်။ ပေးစားချင်တယ်''

''ဖိတ်ချင်းဖိတ် ကိုယ့်အိတ်ထဲဖိတ်ပေါ့။ ဥမကွဲ၊ သိုက်မပျက် ကောင်းတာပေါ့ ကိုကိုရဲ''

''အံမာ ... ငါက ယူစရာလား။ သူသမီးတွေ ရည်းစားတစ်ဒါဇင်မကထားပြီး ထားတဲ့ရည်းစားတိုင်းနဲ့ အိပ်နေတာ။ မသိတာမဟုတ်ဘူး။ ဆန်ကာပေါက်မတွေ''

''ဟယ် ... ကိုကို''

ညီပြည့်စုံ ပါးစပ်မှ အဲသလို တစ်တစ်ခွခွကြီး ထွက်နေတော့ ဝသုန်မျက်နှာလေး ရဲခနဲ။ စကားကြမ်းလွန်းလို့ နားရှက်သွားပြီး မျက်နှာလေး ဘယ်ထားရမှန်းမသိ ဖြစ်နေရှာ၏။

ကိုကိုနဲ့ အောင်သန့်ကိုပေါ့''

''ဟင်း ရောမလိပ်ကြီး။ ကိုယ်ငါးချဉ် ကိုယ်ချဉ်။ ကိုယ့်ဘက်ကိုယ်ယက်တဲ့ လိပ်ကမ္ဘာမကြီး''

''အတည်ပြောတာပါ ညီမလေးရယ်။ အခု ကိုကို ကျောင်းပြီးတော့မယ်။ လပိုင်းပဲ ကျန်တော့တယ်။ ကိုကို့ပထွေးက မေမေ့ကို အကျပ်ကိုင်နေပြီ။ ကိုကို့မှာ ချစ်သူမရှိရင် သူ့သမီး တစ်ယောက်ယောက်ကို ယူရတော့မှာ''

''ဆန်ကာပေါက်မတွေ မယူချင်ပါဘူး။ ကိုကိုက ဗိုင်း ကောင်းကျောက်ဖိ အလိမ္မာအိမ်ပါ အမေနဲ့တည့်တာလေးမှယူမှာ''

ဝသုန် မမဝသန်ပြောသည့် –

''တော်ကီကြွယ်ရင် ဘော်ဒီဝယ်စရာမလို''

ဆိုသည့် သည်ခေတ်ယောက်ျားသား၊ လူသားစား မုဆိုးတွေ၏စကားပုံကို ကြားယောင်မိလိုက်ပါ၏။

''ယောက်ျားတွေရဲ့တော်ကီကို ယုံလိုက်လို့ကတော့ ငါတို့မိန်းကလေးတွေသေမယ်သာကြ့။ သူတို့ရဲ့မာယာ အပလိန်းတွေကို လုံးဝ မယုံနဲ့''

မမ၏စကားများကို ပြန်လည်ကြားယောင်ရင်း ဝသုန်

ရင်ထဲမှာ မဲ့လိုက်မိပါသည်။

စကားကို အချီနဲ့အချနဲ့ ပစ်ချနေတာ၊ စနိုက်ပါကြီး။

ကိုကိုလူချောကြီးဟာ စနိုက်ပါကြီးပါ။ တော်ကီလည်း ထန်းတယ်၊ စနိုက်ပါလည်း ကျွမ်းတယ်။

''တွေ့ပါစေဗျာ၊ ဝသုန် ဆုတောင်းပေးပါတယ်နော်''

ပြောပြီး ဝသုန် အိပ်ချင်ယောင်ဆောင်ပြီး လိုက်လာခဲ့၏။ နှိမ့် သူ့စကားတွေက ဘာလိုလိုညာလိုလို။ ရေလာမြောင်းပေးတွေ။

မအူမလည်၊ မနူးမနပ်ရုပ်ကလေး။ ကလေးရုပ်ပင် မပျောက်သေးသည့် ကောင်မလေးကို တော်ကီတွေနှင့် ပစ်ချနေတာ။

အိပ်ချင်ယောင်ဆောင်ရင်းနှင့်ပင် ဝသုန် အမှန်တကယ် အိပ်ပျော်သွားပါ၏။

ညီပြည့်စုံ၊ ဝသုန့်ကို ချစ်စနိုးဖြစ်ရပါသည်။ သူကလေးကို ပထမနှစ်ကတည်းက သူမြင်ခဲ့တာပါ။ ကိုယ့်ညီမ ပန်းနုရဲ့ သုငယ်ချင်းလေး။

ကလေးလေးလို ဖြူစင်ပြီး လူကြီးလေးလို တတ်သိလိမ္မာသည်။ သူ့အိမ်မှာလည်း အိမ်မှုကိစ္စနိုင်နင်းပါ၏။

အခန်း (၇)

ကျိုက်ထီးရိုး တောင်တက်ကားတွေက လူကျပ်ကျပ် ဆိုင်ရသည်မို့ ညီပြည်ခံစုံ ဝသုန်အနားမှာ ကပ်ထိုင်ထားသည်။

ကောင်မလေးကို ပခုံးဖက်ထားတာ တကယ်လည်း ပြုတ်ကျမှာစိုးလို့ပါ။ တစ်လမ်းလုံး အတွေ့အထိ၊ ဖောဌာပွအာရုံနဲ့ ဖြားယောင်းနေရပေမယ့် ဝသုန်ကြည့်ရတာ နှုတ်ခမ်းလေး တစူစူပါ။

အချိမခံသည့် ခွေးလေးလို ရန်စွယ်တငေါငေါ။ သူက လည်း သည်ခွေးပေါက်လေးကိုမှ အသည်းစွဲမိနေပြီ။

သူ့ရင်ထဲမှာ နှစ်လိုမြတ်နိုးနေမိတာ။ သူပြောသည့် ဇာတ်လမ်းက အမှန်တစ်ဝက်၊ အမှားတစ်ဝက်။

ပထွေးတော်ကြီးက သူ့ကို သားမက်တော်ချင်ပေမယ့် မေမေက အလိမ္မာဖက်ထားသည်။

''ငါ့သားကို ဒီလို ဆတ်စလူးတွေနဲ့ သဘောမတူနိုင်ပါဘူး။ အလကားး ပိုင်းလုံးမတွေ့။ ငါ့သား အလိမ္မာ အိမ်ပါလေသာရှာ။ ကိုယ်ကြိုက်တာကိုယ်ယူ။ ငါ့သားကို မေမေယုံတယ်''

သို့ပေမဲ့ ကောင်မလေး သူ့ကို သနားအောင် ဇာတ်လမ်းတွေ ဆင်ရတာ။ ယခုကျ သူ့ကိုသနားဖို့ နေနေသာသာ သူ့အနားမှာ ကြောင်ကလေးလို ခွေပြီးအိပ်လို့။

တကယ်ပင် အိပ်ပျော်သွားတော့ သူဘက်သို့ လဲကျလာပြီး သူ့ပခုံးမှာပါ အိပ်လို့။

ချစ်ဖို့ကောင်းလိုက်တာ ကြောင်မလေးရယ်။ ကိုက် တကယ်ကြွေတယ်။

ဝသုန်ကတော့ ကျားကြီးကို မေတ္တာထားလို့မရသည့် သမင်မလေးလိုပါ။

ခင်ဖို့ဝေးလို့ ကြာလေ ကြောက်လေ။ မမတွေပြောသလို ပါပဲ။ ကျားဆိုတာ ဝါးစားတတ်သည့် အမျိုးအနွယ်။

ခေတ်ကလည်း ကျားတွေသောင်းကျန်းသည့်ခေတ်။

တက္ကသိုလ်၊ ကောလိပ်ဆိုသည့် မှော်ရုံတောတွေမှာ မျက်စိရှေ့မြင်နေရသည့် အနိဋ္ဌာရုံတွေကလည်း အမျိုးမျိုး။

အတွဲတွေ၊ သောင်းကျန်းနေလိုက်တာ။ ဆူးနှင့်ဖက်လိုပဲ၊ မိန်းကလေးဆိုတာ ဖက် အမျိုးအနွယ်တွေ။

မမကြီးကလည်း ပြောထားပါပေ၏။

"ငါတို့ အိုဂျီဝပ်မှာ အဘောရှင်းကေ့စ်တွေ ကြည့်လိုက်၊ နင်တို့တက္ကသိုလ်၊ ကောလိပ်ကဟာတွေ များတယ်။ တော်တော် သောင်းကျန်းနေကြတာ။ တချို့လည်း ကွန်ဒုံးတွေ သုံးမှာပေါ့၊ သမီးမိန်းကလေးတွေ ကျောင်းထားရတာ မလွယ်ဘူးဟေ့"

"ငါက ကြိုပြီးပြောပြထားတာ။ ကိုယ့်လူတွေ ခံသွားရ မှာစိုးလို့။ ချစ်သူရည်းစားတွေထားကြ။ အတတ်တွေကျူးကြ၊ တဖြည်းဖြည်းနဲ့ ငါတို့မြန်မာပြည်လည်း အနောက်တိုင်းထက် ဆိုးလာပြီ"

"အနောက်တိုင်းကမှ လစ်ဗီးတူဂဲသားဆိုရင် နှစ် ယောက်အတူနေကြ။ တစ်အိုးတစ်အိမ် ထူထောင်ပြီး မိန်းကလေး အတွက် တာဝန်ယူကြတယ်။ သားတွေ၊ သမီးတွေ မွေးကြ။ ထက်ထပ်ရင် လက်ထပ်ကြသေးတယ်"

"ငါက အနောက်တိုင်းက လစ်ဗီးတူဂဲသားကို အားကျ တို့ပြောနေတာ မဟုတ်ဘူး။ ငါတို့မြန်မာပြည်က ပိုပြီးအဖြစ်ဆိုး နေလို့ပြောတာ"

"ယောက်ျားလေး၊ မိန်းကလေးတွေ ချိန်းတွေ့လိုက်ကြ၊ ထည်းခိုခန်းသွား၊ ဟိုတယ်သွား။ တချို့လည်း ထီးကွယ်ပြီး ဖြစ်ချင်တိုင်းဖြစ်နေကြတာ။ ဘာတာဝန်မှလည်း ယူကြတာ မဟုတ်ဘူး"

"မိန်းကလေးတွေကလည်း ဘာအညှာလွယ်သလဲ မမေးနဲ့။ ပစ်ယုံလိုက်ကြတာပဲ၊ ယောက်ျားတွေလည်း တော်ကီ တွေ ကြွယ်ကြွယ်။ မိန်းမတွေကလည်း အယုံက လွယ်လွယ်။ ထမ်းဘေးမှာ ကလေးလွှင့်ပစ်တာတွေများလာ။ အဘောရှင်း ကေ့စ်တွေများလာတာပဲ အဖတ်တင်တယ်"

"ဒီအထဲ ကိုယ့်လူတွေ မပါစေချင်ဘူး။ နင်တို့မှတ်ထား မှောက ကျားမှန်ရင် ဘယ်ကျားမှ သတ်သတ်လွတ်မစားဘူး။

အစစအရာရာ သွားသတိ, လာသတိ, စားသတိပဲ''

မမကြီးက အဲလို တပ်လှန့်ထားပြီး မမဝသန်က ဘ
ကြီးခဲ့ရသည့် ဘဲကြီးနှင့် နမူနာပြောပြထားတာမို့။

ညီပြည့်စုံ ဘယ်လိုပင် ကြင်နာပြပြ၊ ဖြားယောင်းဆ
ဆောင်နေနေ သက်ထားဝသုန် မနှစ်သက်ပါ။ စိတ်ညစ်၊ စိတ်ဆ
တာပဲ အဖတ်တင်သည်။

တောင်တက်ကားပေါ်မှ ဆင်းတော့ ဘုရားရင်ပြင်ဝ
ပေါ်သို့ ဆက်တက်ကြသည်။ ရင်ပြင်တော်ပေါ်မှာ ဘုရားဖူးသ
ကလည်း ကြိတ်ကြိတ်တိုးနေ၏။

အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာကြတာ။ ကျော
ပိတ်ရက်၊ ရုံးပိတ်ရက်မို့ ပိုပြီးစည်ကားနေသလားပင်။

''လာ ချာတိတ်''

စုစုပေါင်း လူ (၆) ယောက်လာကြပေမယ့် အောင်သ
ကိုတို့စုံတွဲက တစ်တွဲ။ နိုနိုနှင့် ပန်းနုက တစ်တွဲ။ ဝသုန်
ညီပြည့်စုံက တစ်တွဲ ဖြစ်နေလေ၏။

''ကိုကို သူတို့ကို စောင့်ဦးလေ။ လူစုကွဲသွားလိမ့်မယ်
''မကွဲဘူး၊ ဖုန်းတွေပါသားပဲ။ လှမ်းချိတ်ဆက်ရုံပဲ
ဝသုန့်လက်ကိုဆွဲပြီး ရင်ပြင်တော်အနှံ့ လျှောက်သ

နေသည့် ညီပြည့်စုံ။

ဝသုန်က ကိုယ့်စုဘူးလေးကို ထုတ်ပြီး ဖောက်မည်လုပ်
တော့လည်း သူက တားဆီးသေး၏။

''ဘာလုပ်မလို့လဲ ညီမလေး''

''ဘုရားမှာ ရွှေသင်္ကန်းကပ်မလို့''

''ဩော် ... စုဘူးခွဲပြီး လှူမယ်ပေါ့။ သဒ္ဓါတယ်ကြီး
ပါလား''

''မငေါ့ပါနဲ့။ ပိုက်ဆံမှမရှိတာ''

''တယ်ကြွားသကိုး။ ကဲ ဒီလိုလုပ် ... ညီမလေးရဲ့
စုဘူးကို ကိုကိုဝယ်မယ်။ ကြမ်းခင်းစျေးပြော''

''ဘာလဲ ဘာကြမ်းခင်းစျေးလဲ''

''ဟောဗျာ၊ တုံးလိုက်တာကလည်း လွန်ရော။ ကမ္ဘာ
ကျော် ပန်းချီကားတွေ၊ ကမ္ဘာကျော်လက်ဝတ်ရတနာတွေ လေလံ
တင်ရင် ကြမ်းခင်းစျေးက စရတယ်လေ။ နောက်ပြီးမှ တဖြည်း
ဖြည်းနဲ့ လေလံအပြိုင်ဆွဲရတာ။ မကြားဖူးဘူးလား''

''သိပြီ၊ သဘောပေါက်ပြီ''

''အဲဒါဆိုလည်း ညီမလေးရဲ့။ ဒီယုန်စုဘူးလေး ကိုကို့ကို
ရောင်း။ ကြမ်းခင်းစျေးတစ်သိန်းက စပေးမယ်ကွာ''

"တစ်သိန်း"

လက်ညှိုးလေးတစ်ချောင်းထောင်ပြီး တအံ့တသြရုပ်ကလေးက ယုန်မလေးလို အရမ်းချစ်ဖို့ကောင်းနေလျှင် ညီပြည့်စုံထပ်ပြီး ဈေးတိုးပေးလေ၏။

"နည်းလို့လား၊ ဒါဆိုလည်း နှစ်သိန်းကွာ"

"အာ ... ကိုကိုကလည်း ဝသုန့်စုဘူးထဲမှာကဖြင့် နှစ်ရာတန်နဲ့ ငါးရာတန်လေးတွေပဲရှိတာ။ တစ်သိန်းဝေးလို့ တစ်သောင်းတောင် တန်မှာမဟုတ်ဘူး"

"တန်တယ် မတန်ဘူးဆိုတာ ကိုကို့အပေါ်မှာပဲ မူတည်တယ်။ ဝသုန့်စုဘူးလေးကို ကိုကို ဝယ်မယ်။ နှစ်သိန်းပေးမယ်"

"အို မတရားမလုပ်ချင်ပါဘူး။ ကိုကိုယူချင်လည်း ယူပေါ့။ တစ်သောင်းလောက်ပေးရင် တော်ပါပြီ။ အဲဒီပိုက်ဆံနဲ့ ရွှေသက်နံးကပ်မလို့"

လောဘနည်းလိုက်တဲ့ကောင်မလေး။ သူကြည်ဖြူစွာပင် တစ်သောင်းတန်တစ်ရွက် ထုတ်ပေးလိုက်တော့ သူမက တစ်သောင်းတန်ကို ဖင်ပြန်ခေါင်းပြန် ကြည့်လေ၏။

"ဘာပြုလို့လဲ ညီမလေး"

"အတုဖြစ်နေမှာစိုးလို့ပါ"

"အမလေးဟဲ့ ... ငါ့များ ငွေတုလုပ်တဲ့စက်ရှိတယ် မတ်နေသလား"

"သိဘူးလေ၊ ကဲ ဝသုန် ... ရွှေသက်နံးသွားလှူလိုက်ဦးမယ်။ ကိုကိုကျန်ခဲ့"

"ကိုကိုလည်း ကပ်မှာပေါ့။ ရွှေသက်နံးဝယ်မယ်။ နောက်စေတီတော်မှာ ကိုယ်တိုင်ကပ်မယ်။ ညီမလေးက ကိုကို့ကို ဘတ်ပုံရိုက်ပေး။ ကိုကိုလည်း ညီမလေးကို ရိုက်ပေးမယ်"

အခြေအနေတွေကတော့ သူတို့ (၂) ယောက်တည်း။ ဟို (၂) တွဲက ဘယ်ချောင်တိုးပြီး ဘယ်သောင် ဘယ်ကမ်း ဆိုက်နေသည်မသိ။

ဝသုန် တော်တော်လေး တရားရနေမိပါ၏။ ဒါကြောင့်လည်း မမကြီးတို့က စိတ်မချတာ။ ကြည့်ပါလား၊ သူငယ်ချင်းတွေကလည်း ကိုကိုနှင့်တွန်းပို့ပေး၊ ရှောင်ပေးနေကြတာ။

သူမမှာ အီလည်လည် ရုပ်ကလေးနှင့်သာ။ လှသူမို့သရှုံ့ရှုံ့လေးကလည်း ချစ်ဖို့ကောင်းနေတာ။

ညီပြည့်စုံကတော့ ဘာမှ တွေးမနေ။ သူကတော့ ယောက်ျားပီပီ ကြည်နူးပီတိတွေနှင့် ဝသုန့်လက်ကိုဆွဲကာ ရွှေသက်နံးသွားဝယ်၏။

နောက် စေတီတော်ဘက်သို့ ကိုယ်တိုင် ရွှေသင်္ကန်းကပ်ရန် သွားကြသည်။

''အင့် ကင်မရာ ... ညီမလေးက ကိုကို့ပုံရိုက်ပေး''

သူကင်မရာကို ကိုင်ပြီး ဝသုန် ဓာတ်ပုံရိုက်ပေးရသည်။ ကိုယ့်အတွက်ရော သူအတွက်ပါ ရွှေသင်္ကန်းကပ်နေတာ။ ရွှေသင်္ကန်းကပ်ပြီး စျေးဆိုင်တန်းတွေ လျှောက်ကြည့်ကြသည်။

ဝသုန် ဘာမှမဝယ်ပါ။ ကိုယ်က ငွေလည်းပေါတာမဟုတ်။ သူများဝယ်ပေးတာလည်း မလိုချင်။ သည်တော့ ကြည့်ရုံပဲကြည့်သည်။

''ညီမလေး ဘာယူမလဲ၊ ယူလေ''

''ဟာ ... မယူချင်ပါဘူး၊ ကြည့်ရုံကြည့်တာ''

''အမလေးဟဲ့ ခုမှ အာသဝေါကုန်ခမ်းနေတဲ့ ရဟန္တာထေရိနဲ့ တွေ့နေတော့တယ်''

''ကိုကိုနော် ဝသုန်တို့က ဘဝမှာ ဘာကိုမှ မလိုချင်မတပ်မက်တော့အောင် လေ့ကျင့်ထားပြီးသား''

''တယ်တော်ပါလား၊ ရလား''

''ရတာပေါ့၊ ဘာမှ လိုချင်စိတ်မရှိတော့ အေးတာပေါ့။ ကိုယ့်ဘဝအတွက် လိုအပ်တာပဲဝယ်တယ်။ ခု ဒီပွဲစျေးတန်းက

...ည်းတွေအားလုံး အသုံးမလိုသေးပါဘူး''

''ခုမှ တကယ့်လူနဲ့ တွေ့နေတယ်။ အံ့သြပါ့''

''သြမနေနဲ့ ... တော်ပြီ၊ လျှောက်ကြည့်ရတာမောပြီ။ ...ဒီရှေ့က ရင်ပြင်တော်မှာပဲ ထိုင်နားတော့မယ်''

စျေးတန်းတွေမှ ထွက်လာပြီး ကျိုက်ထီးရိုးစေတီတော် အာရုံခံတန်ဆောင်းတွေမှာ ဝင်ထိုင်ကြသည်။

ဝသုန် ဘုရားကို သေသေချာချာရှိခိုးနေတော့ ညီပြည့်စုံကို ထိုင်ကြည့်နေမိသည်။

တော်တော်ချစ်စရာကောင်းတဲ့ ကောင်မလေးပဲ။ အဆင်းအချင်းပါ ပြည့်စုံတယ်။

မျက်တောင်လေးတွေ နက်နက်၊ ခက်ခက်က သဘာဝပါ။ ဆံပင်လည်းလှ၊ အသားအရည်လည်းလှ။

ကိုယ်လုံးကျစ်ကျစ်လှလှလေးနှင့် ချစ်စရာကောင်မလေး ...ယ့်တော်ဝင်မင်းသမီးလေးလိုပါပဲလေ။

*

အခန်း (၈)

ညနေ (၃) နာရီလောက်မှာ ဘုရားရင်ပြင်တော်ပေါ်
ပြန်ဆင်းခဲ့ကြသည်။ အားလုံးပင် ပျော်ရွှင်ကြည်နူးနေကြပေမယ့်
ဝသုန်ကတော့ စိုးရိမ်သောက ရောက်နေရှာ၏။။

''ကိုကို မမကြီးကို (၇) နာရီလို့ပြောခဲ့တာနော်။ ရော
ပါ့မလားဟင်''

''ရောက်ပါတယ်ကွာ၊ ရောက်အောင်မောင်းမယ် မ
''အမလေး အားလုံးလည်း မသာပေါ်ကုန်ကြပါဦး
နော်။ (၇) နာရီမရောက်လို့ (၈) နာရီဆိုလည်း ဖြစ်ပါတ

ဖုန်းကြို့ဆက်ထားကြတာပေါ့''

အားလုံးပင် ညီညွတ်နေကြတော့ ဝသုန် ငြိမ်နေရပါ
သည်။ တည်မိတဲ့ဘုရား လဒနားနားပေါ့။ လိုက်ခဲ့မိပြီကိုး။

ဒါ သင်ခန်းစာအကြီးကြီးပါ။

သူမနှင့်ညီပြည့်စုံဟာ မညားရုံတမည်။ လူကို မလွတ်
တမ်း ဆွဲထားပြီး ရင်ခွင်ထဲထည့်မတတ် ကိစ္စတွေဟာ သူမက
ကြောင်ကလေးလို ကုတ်ဖဲ့နေသည့်ကြားမှ။

ဩော် သူတို့တွေကတော့ ထမင်းစား၊ ရေသောက်ပမာ။
ချစ်သူမဟုတ်သည့်ကောင်မလေးတစ်ယောက်ကို အကြင်နာတွေ
နှင့် ဖေးမ သိမ်းသွင်းနေတော့တာ။

ဝသုန့်ခံယူချက်က ကြမ်းရိုင်းနေလွန်းလို့သာ။ သူ ဖြား
ယောင်းတိုင်း မပျော်ဝင် မည့်တန်းမိတာ။

ဘုရားလောင်းမင်းသားရဲ့အာရုံ (၅) ပါးကိုဖြတ်ကျော်ပြီး
လိုရာတိုင်းပြည်ရောက်သွားသည့် ပုံပြင်လိုပေါ့။

သဲကန္တာရကြီး ဘီလူးတွေနေသည့် ကန္တာရတွေကို ဖြတ်
ကျော်ရသည့်အခါ ဘုရားလောင်းမင်းသားကို အာရုံအမျိုးမျိုးဖြင့်
ဖမ်းစားကြသတဲ့။

အစားအာရုံ။

အသံအာရုံ။

အတွေ့အထိအာရုံ။

အာရုံအမျိုးမျိုးနှင့် ဖမ်းစားသော်လည်း မရဘဲ မင်းသားဟာ နောက်ဆုံး သူသွားလိုရာ တိုင်းပြည်သို့ ရောက်သွားခဲ့သတဲ့။

ယခုလည်း မင်းသားတစ်ယောက်လို ချောမောလှပသည့် ကိုကိုညီပြည့်စုံဟာ သူမကို ငုံထားမတတ် အကြင်နာတွေ၊ မေတ္တာတွေ၊ အတွေ့အထိတွေနှင့် ဖြားယောင်းနေ၏။

သက်ထားဝသုန်၏မျက်လုံးထဲမှာ သူဟာ ဘီလူးမင်းသား။

တစ်လေလုံးပုပ်နေသည့် ငါးခုံးမတွေထဲမှ ထူးမခြားနားသော ငါးခုံးမတစ်ကောင်။

မိန်းမငယ်လေးတွေ။

အထူးသဖြင့် ဖြူစင်နုသစ်သော၊ နုံသော၊ အသော မိန်းမငယ်လေးတွေကို အာရုံအမျိုးမျိုးဖြင့် ဖမ်းစားမည်။

နောက် အသုံးချပြီး အစာဝတော့ ဌာနပြန်မှာပေါ့။

ပန်းကလေးတွေ သတိရှိကြပါကုန်လော့။ ဝတ်ရည်ခြောက်ခမ်းပြီး ပန်းလျ၊ နွမ်းကြွေ၊ ဘဝပျက်၊ အဆင်မသင့်လျှင် အသက်ပါသေ။

တော်ပါပြီနော်။

သည်တစ်ခါပါပဲ။ အားနာလျှင်ခါးပါရမည် ဆိုသလို။

သည်လိုကိစ္စမျိုးမှာ အားနာလို့ကတော့ ခါးပါမကအသက်ပါ ပါသွားမှာ၊ အရှက်ပါ ပါသွားမှာ။

ဝသုန်တို့အားလုံး ကျိုက်ထီးရိုးစေတီရင်ပြင်မှ ဆင်းခဲ့တော့ ဝသုန် ဆံတော်ရှင်ကျိုက်ထီးရိုးမှာ ဆုတောင်းခဲ့မိတာကို သတိရနေမိပါသည်။

''ဘဝဆက်တိုင်း ဆက်တိုင်း ယောကျ်ားလေးတွေ၏ အလိမ်အညာခံ၊ အသုံးချခံဘဝမှ လွတ်ကင်းပါစေ။ လိုရာပန်းတိုင်သို့ အနှောင်အဖွဲ့ကင်းကင်း အနှောင့်အယှက်ကင်းကင်းဖြင့် ရောက်နိုင်ပါစေ''

ယခုတော့ ညီပြည့်စုံ ဆုပ်ကိုင်ထားသည့် မိမိလက်ကလေးကို မရုန်းကန်နိုင်တော့ဘဲ သူ ဆွဲခေါ်ရာ ပါနေရပါတော့သည်။

*

ည (၈) နာရီတိတိမှာ ကိုယ့်တိုက်ခန်းရှေ့သို့ ကားဆိုက်ခဲ့ပြီ။ တစ်လမ်းလုံး သူ့အနားမှာ တောင့်တောင့်ကြီး ထိုင်လိုက်ခဲ့ရရာမှ ကျွတ်ပြီ လွတ်ပြီဟူသည့် အတွေးနှင့် သက်ထားဝသုန် ကားပေါ်မှ အမြန်ဆင်းလိုက်ပါ၏။

''ညီမလေး''

သံယောဇဉ်အမျှင်တန်းနေသည့် မချိတင်ကဲအသံနှင့် ညီပြည့်စုံ နူတ်ဆက်ပေမယ့် ဝသုန် လှည့်မကြည့်တော့ပါ။

ပြီးဆုံးပြီပေါ့။

သူခိုး ခွေးကိုက်မအော်ဝံ့ဆိုသလိုဘဲ ဝသုန်သည် ဒုက္ခ တွေကို မည်သူ့ထံမှ ရင်ဖွင့်ရဲမည် မဟုတ်ပါ။

ရင်ထဲမှာပဲ တမြေ့မြေ့ လောင်ကျွမ်းနေရမည့် သောက နောင်တ။

ကားက တော်တော်နှင့် မထွက်နိုင်သေး။ ညီပြည့်စုံ ဦးတကြီးလို ငေါင်နေတော့ နောက်မှ ပရိသတ်က ကောင် ကောင်းသြဘာပေးကြသည်။

''ကိုကို မောင်းတော့။ ဒီလောက်ခွင်ဖန်ပေးခဲ့တာတော် အပိုင်ချည်မထားနိုင်ဘဲနဲ့။ ဒါနဲ့များ သူကိုယ်သူ အသည်းစား ဘုရင်ကြီးတဲ့''

''ကဲပါ ... နောက်နေ့တွေ တွေ့ရဦးမှာပါ။ မောင်း ... မောင်းတော့''

ညီပြည့်စုံ ကားကို ညင်သာစွာမောင်းထွက်ခဲ့ပါသည်။ သူ့ရဲ့ယုန်ကလေးကတော့ တွင်းထဲဝင်သွားသည့် ကြွက်ကလေး မှာ လုံးဝကို ထွက်ပြူမလာတော့ပါ။

ဘယ်လိုအတွေးတွေနဲ့ ဘယ်လိုခံယူချက်တွေနဲ့ သည် လောက်တောင် ကြမ်းရိုင်းလွန်းရသလဲ ချာတိတ်ရယ်။

ကိုကို မင်းကို တကယ်ချစ်မိတာပါ။ ပထမနှစ်ကတည်း က စပယ်ဖူး၊ စပယ်ဦးလေးကို အရိပ်တကြည့်ကြည့်ရှိခဲ့ရတာပါ။

*

အခန်း (၉)

သက်ထားဝသန်။

ညဘက် ဂိုက်သင်ရာမှ ပြန်လာတိုင်း လူ (၂) ယောက်
လိုက်နေတာ။ တစ်ပတ်ခန့်ကြာလာတော့ သူမ သွေးပျက်လာ
သည်။

ဘာမှမလုပ်သေးပေမယ့် ဘာလုပ်ရအောင်လိုက်နေတာ
လဲ။ စာသင်ရသည့်အိမ်နှင့် ဆေးရုံဟာ နည်းနည်းတော့လှမ်းတာ
ပါပဲ။ (၁၀) မိနစ်လောက် လမ်းလျှောက်နေရသည်။

မြို့ထဲမဟုတ်တာမို့ ည (၉) နာရီကျော်လျှင် လူကတော့

ခပ်ရှင်းရှင်း။

ငွေ (၁) သိန်းရလည်း အချိန်ပိုင်းအလုပ်ကို စွန့်လွှတ်ရ
တော့မှာလား။

သူမတို့ညီအစ်မ (၃) ယောက်အတွက် ငွေ (၁) သိန်းဟာ
တော်တော် အထောက်အကူပေးသည်။

ဟိုတစ်နေ့က ဇွဲသူရနှင့်ရန်ဖြစ်ပြီးကတည်းက သူ့ကို
လည်း မတွေ့တော့။ ဟင်း သူ့ကိုလည်း အားမကိုးချင်ပါ။

ကျားကြောက်လို့ ရှင်ကြီးကိုး၊ ရှင်းကြီးကျားထက်ဆိုး
မည့်သူ။

ခပ်သုတ်သုတ်လျှောက်ရင်း ဆေးရုံထောင့်နားရောက်
တော့ နောက်မှ (၂) ယောက်က မှီလာသည်။ ဝသန် ကူနွှေ
ဆည်မနေနိုင်တော့။ သုတ်ခြေတင်ပြီး ပြေးတော့သည်။

ကိုယ့်တိုက်ခန်းရှေ့ရောက်တော့မှ ရပ်တော့၏။ ဝသုန်
အဆင်သင့်တံခါးဖွင့်ပေးရင်း ဝသန့်ကို စိုးရိမ်တကြီးကြည့်သည်။

"မမ ဘာဖြစ်လာတာလဲဟင်။ အနှောင့်အယှက်တွေ
ပေါ်လာပြန်ပလား။ ငွေမရရင်နေပါစေ မမရယ် ဒီအလုပ်ကို
ဖြတ်လိုက်ပါ"

"နင်ကပြောတော့ လွယ်တယ်။ ငွေတစ်သိန်းဆိုတာ

လည်း မနည်းဘူးဟ။ ကျောင်းစရိတ် စုမိတာပေါ့''

''ဒါဆို ညီမလေးလိုက်မယ်လေ''

''နင့်ကို ပိုစိတ်မချသေးတယ်။ ငယ်ငယ်ချောချောလေး''

''ဟာ ... မမကလည်း တစ်ခုခုစဉ်းစားပါဦး။ ဘယ်လို လုပ်ရင် ကောင်းမလဲလို့''

''ငါတော့ မတွေးတတ်တော့ဘူး''

''ကလေးမိဘတစ်ယောက်ယောက်ကို လိုက်ပို့ခိုင်းပါလား''

''အားနာပါတယ်ဟာ။ ဇွဲသူရကတော့ အပြန်ပို့ပေးရမလား ကမ်းလှမ်းဖူးတယ်''

''ဟာ ... မမလူကြီးက ရှုပ်ရှုပ်ယှက်ယှက်ထဲကပါ။ သပွတ်အူနဲ့ စာဘူးတောင်းဆိုသလို ဖြစ်နေမယ်''

''ဘာမှတော့မဖြစ်ပါဘူး ညီမရယ်။ (၉) နာရီကျော်ဆိုတာ တအားညဉ့်နက်တာမှ မဟုတ်သေးတာ''

ညီအစ်မ (၂) ယောက်သည် ပြဿနာကို ဘယ်လိုရှင်းရမှန်းမသိ။ အိမ်ပြန်ညတွေဟာ ခြောက်ခြားစရာကောင်းနေ၏။

''ရဲကိုလှမ်းပြီး အကြောင်းကြားထား။ ဖုန်းဆက်ထားရင် ရမယ်ထင်တယ် မမ''

''အင်း ... အဲလိုပဲလုပ်ကြည့်ရမယ်ထင်တယ်။ ကဲ ကဲ စာကြည့်ကြစို့။ ညီမလေးရော အခြေအနေ ကောင်းရဲ့လား''

''ဟင် ... ဘာမေးတာလဲ မမ''

''ကျိုက်ထီးရိုးက ပြန်လာကတည်းက မမနဲ့စကားမပြောဖြစ်သေးဘူး။ ညီပြည့်စုံက ညီမလေးကိုများ စနိုက်ပါနဲ့ ပစ်ချနေပြီလားလို့''

''အလကားပါ မမရယ်။ သူတို့က သူဌေးသားတွေဆိုတော့ ဘဝကို အပျော်တမ်းချီတက်နေကြတယ် ထင်ပါရဲ့။ ဖုန်းဘေကလည်း ပေါကြတယ်လေ။ ညီမလေးက ဖုန်းပိတ်ထားတာများပါတယ်''

''သတိထား ညီမရေ၊ ခေတ်ကိုက ယောက်ျားတွေကို (၁၀%)လောက်တောင် မယုံရတဲ့ခေတ် ဖြစ်နေပြီ။ လူတစ်ရာမှာ ကိုးဆယ်လောက်က အကြံအဖန်လုပ်ချင်လို့ပဲ။ မမပြောထားတာ မှတ်မိလား''

''မှတ်မိပါတယ်၊ တော်ကီကြွယ်ရင် ဘော်ဒီဝယ်စရာမလိုဘူး ဆိုတာလေ''

''အေး ... ဟုတ်တယ်၊ သူတို့က sex ကိစ္စအတွက် ပြည့်တန်ဆာတွေဆီ သွားမှာမဟုတ်တော့ဘူး။ အမျိုးကောင်း

သမီးလေးတွေကိုပဲ ဖြားယောင်းအသုံးချနေမှာ''

''သိပါပြီ မမရယ်၊ ကဲ စာကျက်ကြစို့နော်''

ခေတ်ဆိုး ခေတ်ကျပ်ကြီးထဲမှာ အကြီးအဖန်တွေ မျာ
လွန်းလို့၊ အမှန်အကန်ကို ရွေးချယ်ရမှာလည်း မဝံ့ရဲစရာ။

ကြောက်တတ်လျှင် ဝန်ကင်းသတဲ့။

လောကကြီးထဲ မျက်စိမှိတ်ငြင်းပယ်ရင်း ဝသုန် ညီပြည်
စုံကို သတိရနေမိပါသည်။

ရွေးခေတ်က မာဒင်္ဂလို၊ မင်းကုသလို သူဇွဲကောင်း
တာ။

ကေသရာဇာခြင်္သေ့မင်းဟာ ဘာသားကောင်ကိုပဲဖြ
ဖမ်း၊ တူညီသော လုံ့လဝီရိယ စိုက်ထုတ်သတဲ့။

ယခုလည်း သူမလို ကောင်မလေးတစ်ယောက်ကို ပင်
ဖို့အတွက် ညီပြည့်စုံ လေး၊ မြားလက်နက်တွေ ပြင်ဆင်နေလို
တာ အသေအချာ။

ကိုကိုဟာ ဝသုန်ကို စနိုက်ပါနှင့် ချိန်ရွယ်ပစ်ချဖို့ ကြံ
စားနေပေပြီ။

ကိုကို့ထံမှ ဖုန်း miss call တွေ၊ message တွေ။ ဝသု
က မက်စင်ဂျာဖြုတ်ထားလို့သာ စကားပြောလို့မရတာ။

ဖုန်းလည်းမကိုင်ပါဘူး။

မာယာတွေနှင့် ညွှတ်နူးပျော်ဝင်နေမည့် စကားသံချိုချို
တွေကို သူမ ဒဏ်မခံနိုင်မှာ စိုးတာလည်းပါသည်။

သူမ၏နှလုံးသားလေးဟာ မာကျောဆင့်ဘယ်လောက်
နီသလဲ။ သေချာမသိပါ။

အနာတရကင်းစင်သည့် နှလုံးသားလေးခမျာ ဆင်ခြင်
တံတရားတွေ၊ မျက်မြင်ဒိဋ္ဌတွေနှင့် အဆိုးမြင်ဝါဒီတစ်ဦးလို ကျင့်
သုံးနေရပေမယ့် ကိုကို့စနိုက်ပါထဲမှာ ကားခနဲ ပစ်ကျသွားမှာ
စိုးမိပါသည်။

ကြောက်ကန်ကန်နေရတာပါ။

သူနှင့်တွေ့မှာစိုးလို့ ခေါင်းမူးသလိုလို၊ ခေါင်းကိုက် သလို
လို လုပ်ကာ ကင်တင်းလိုက်မသွားတာပင် ကြာပါပြီ။

အေးဆေးနေပါရစေ ကိုကိုရေ။

ကိုကို့ရဲ့ လေး၊ မြား၊ လက်နက်တွေကို အခြား ကောင်
မလေးတွေအတွက်ပဲ အသုံးချလိုက်ပါ။

ဖြူဝင်းသောခင်မင်မှုတွေကိုပဲ ဝသုန် ကြိုဆိုပါရစေနော်။



အခန်း (၁၀)

သည်နေ့တော့ ခင်ထက်ပန် ပြေးစက်ပေါ်မှ ခုန်ဆင်းလိုက်ဦးမည်။ နေ့စဉ်နေ့တိုင်း ဂျူတီဝင်လိုက်၊ စပါယ်ရှယ်လိုက်လိုက်နှင့် လူက မူးဝေလာနေပြီ။

သည်နေ့ ကိုယ်စားချင်တာလေးတွေ၊ ဝယ်ခြမ်းချင်ပြုတ် စားပြီး အနားယူလိုက်ဦးမည်။ ဒါတောင် ညနေ (၆)နာရီမှာ ဂျူတီပြန်စရမှာ။

စျေးဝယ်ဖို့ ကြွတ်ကြွတ်အိတ်ကိုယူပြီး လိုင်းကားတိုးဝင်းကားမှတ်တိုင်မှာ ရပ်နေဆဲ ခင်ထက်ပန်အနီးသို့ ကားလေးတစ်စီး

ဆွဲခနဲရပ်လာခဲ့တ်။

ကားမှန်ကျလာတော့ –

''ဦးဝေမိုး''

''ဟုတ်ပဗျာ၊ ဆရာမ ဘယ်သွားမှာလဲ၊ တက်ပါ။ ကျွန်တော်လိုက်ပို့ပါမယ်''

ဦးဝေမိုးဟာ ယုံကြည်ရမည့်လူကြီး လူကောင်း တစ်ယောက်မို့ ခင်ထက်ပန် ကားပေါ်သို့တက်လိုက်ပါသည်။

''ဦးသော်ထက်ခိုင် မပါဘူးလား''

သူကပြုံးရင်း –

''ဆရာမက သူနဲ့ကျွန်တော့်ကို အမွှာညီအစ်ကိုများ ထင်နေသလားပဲ''

''မဟုတ်ပါဘူး။ ရှင်တို့နှစ်ယောက်က တော်တော်ခင်သလားလို့ပါ။ အခု ရန်ကုန်ကို အလုပ်ကိစ္စနဲ့လာတာလား''

''ဟုတ်တယ်၊ အလုပ်ကိစ္စနဲ့လာတာပါ''

''ခေတ်ကြီးက ကောင်းတာမဟုတ်ဘူး။ ရှင် အဖော်ပါတဲ့ဘာပေါ့''

ပြောပြီးမှ တစ်မျိုးတွေးမိပြီး ခင်ထက်ပန် မျက်နှာလေး ညိုတ်တွတ်ရဲသွားမိ၏။

ခင်ထက်ပန်ဆိုတာလည်း ဒီတိုက်အောက်ကြီးတစ်ယောက်တော့မဟုတ်ပါ။

အသက် (၂၅) နှစ်အရွယ်။ သက်မွန်မြင့်တို့လို ထွားထွားမြင့်မြင့်၊ လှလှပပလေးပါ။ အသားလေး ဝါဝါ၊ ကိုယ်လုံးလှလှနှင့် အဝတ်အစားတော့ သိပ်ဂရုမစိုက်။ ရောင်စုံ ထည်လဲဝတ်နေဖို့အချိန်လည်း မရှိ၊ ငွေလည်းမပေါ်။ ဝါသနာလည်းမပါ။

ယူနီဖောင်းသာ အမြဲဝတ်နေရတာများသည်မို့ အပြင်ဝတ်စုံက နည်းနည်းပါးပါးပဲ ရှိသည်။

သည်နေ့ဝတ်ထားမိတာတော့ အဆင်ပြေကောင်းပါရဲ့။ အပေါ်က ရယ်ဒီမိတ်ဆွဲသား ခရမ်းလေး။ အောက်ကလည်း အသားပျော့သည့် လုံချည်စကတ် ခရမ်းဒီဇိုင်း။

ကိုယ်ခန္ဓာကောက်ကြောင်းပေါ်နေမှာလား မသိ။ ကိုယ်ပိုင်ကားပေါ် ထိုင်လိုက်နေရပေလို့ပဲ။

''ဆရာမက အဖော်ပါသင့်တယ်ဆိုပေမယ့် တချို့နေရာတွေမှာ တစ်ယောက်တည်းသွားလာလှုပ်ရှားတာပဲ စိတ်အေးချမ်းရပါတယ်ဗျာ။ အဖော်တွေက ဒုက္ခပေးတာအများကြီးပါ''

''ဪ ... ရှင်က စီးပွားရေးကိစ္စတွေ၊ ဘာတွေနဲ့

သွားတာ၊ လာတာဆိုတော့ ငွေရေးကြေးရေးတွေ လုံခံရမှာပေါ့ပို့ပါ''

ခင်ထက်ပန်၏စကားကို သူကအပြုံးနှင့် ဖြေရှင်းပေးပါ၏။

''ခုခေတ်က ငွေအထုပ်လိုက်မကိုင်တော့ပါဘူး ဆရာမရယ်။ ATM ကတ်တွေ၊ ဘဏ်ချင်းချိတ်တာတွေနဲ့ သုံးပါတယ်''

''ဪ ... ဟုတ်မှာပေါ့။ ကျွန်မက ကိုယ့်ဘဝနဲ့နှိုင်းထားလေ။ ကျွန်မတို့က ငွေကိုအထုပ်လိုက်ကိုင်သုံးတယ်ရှင့်။ ဒီနေ့တမင်နားပြီး စားချင်တာလေးတွေ ချက်စားမလို့လေ''

ခင်ထက်ပန် ကိုယ့်ပိုက်ဆံအိတ်ကလေးထိုးပြပြီး ရယ်ရောစကားဆိုပေမယ့် ဦးဝေမိုး မရယ်နိုင်။

''ဆရာမကြည့်ရတာ အရမ်းချမ်းကန်နေရတယ်နော်။ ထောက်ပံ့ကျွေးမွေးရမယ့် မိသားစုများတာလား''

''ညီမ (၂) ယောက်ရှိတယ်။ ကျောင်းသားတွေ။ ကျောင်းစရိတ်က မနည်းဘူးလေ။ မိဘတွေကတော့နယ်မှာ။ ကျောင်းဆရာလေ။ ဖေဖေက''

''အေးချမ်းတာပေါ့ဗျာ။ ကျွန်တော်တို့လို စီးပွားရေးသမားတွေကတော့ စီးပွားရှာရတာ ပူလောင်တာပေါ့''

ကျွန်တော်ပါ လိုက်စားရပါစေလို့''

''အာ ... မဖြစ်ဘူးထင်တယ်၊ ကျွန်မတို့က''

''ဆရာမ ညီမတွေ ကျောင်းတက်နေတယ် မဟုတ်လား''

''ဟုတ်ပါတယ်၊ သူတို့ ကျောင်းသွားကြပါတယ်။ ဒါပေမဲ့ ကျွန်မက အကြီးဆုံးလေ။ မိတ်ဆွေပင်ဖြစ်စေဦး ယောကျ်ားတစ်ယောက် အိမ်လည်လာတဲ့ကိစ္စမျိုးက မဖွယ်မရာ''

''ဩော် ... ဆရာမတို့က ရှေးရိုးစွဲနေတဲ့ မိသားစုအုပ်ထိန်းမှုပုံစံမျိုးပဲနော်''

''ရှင် မှတ်ချက်ချချင်သလိုသာ ချပေတော့၊ အဲဒီအတိုင်းပဲ''

ခင်ထက်ပန် စကားဖြတ်ချပြီး ကားပေါ်မှဆင်းလျှင် သူကလည်း နောက်ကလိုက်လာပါလေ၏။

သူ့အသွင်က လူချော၊ လူဖြောင့်တစ်ဦးပါ။ ဝတ်ပုံ၊ စားပုံကအစ စမတ်ကျကျ။ ဘောင်းဘီရှည်နှင့် စပို့ရုပ်၊ ဂျာကင်တက်ထားပုံတို့ကအစ စမတ်ပါ။

''ဈေးဝယ်တာတော့ လိုက်ပါရစေဗျာ။ ဆွဲခြင်းကိုင်ပေါ့''

''ဩော် ... ကျွန်မက ဒီလောက်အများကြီးလည်း

''ပူလောင်တယ်ဟုတ်လား။ ရှင်က ခုခေတ်စားနေတဲ့ ဘိန်းကုန်ကူးနေတာတော့ မဟုတ်ပါဘူးနော်''

ကားလမ်းပိတ်သွားသဖြင့် ကားရပ်ထားရ၊ ဖြည်းဖြည်းချင်းရွေ့နေရစဉ်မို့ ဦးဝေမိုး အားပါးတရ ရယ်လို့ရသွားပါ၏။ ပြီးမှ –

''ကျွန်တော်ပုံက မူးယစ်ရာဇာ၊ ဘိန်းရာဇာ လော်စ်ဟန်တို့ ခွန်ဆာတို့နဲ့ အမျိုးတော်တဲ့ပုံ ပေါက်နေလို့လားဗျာ၊ ဆရာမက တော်တော်လူကဲခတ်ကောင်းတာပဲ''

''မဟုတ်ရင်လည်း ဆောရီးပါနော်''

မကြာမီ သူမ ဈေးဝယ်မည့်ဈေးသို့ ရောက်သဖြင့် ခင်ထက်ပန် ကျေးဇူးတင်စကားဆိုကာ ဆင်းဖို့ပြင်ပေမယ့် သူက တားထား၏။

''ကျွန်တော့်ကိစ္စ ပြီးပါပြီ ဆရာမ။ ညနေကျ ပြန်မှာပါ။ ဒီတစ်နေ့လေးတော့ ဆရာမအနားမှာ ခင်ခင်မင်မင် ရှိနေပါရစေ''

''ရှင်''

''ဩော် ... ဆရာမ ဈေးဝယ်တာလိုက်မယ်၊ အိမ်ပြန်ပို့ပေးမယ်။ ဆရာမ ချက်စားတဲ့ ဟင်းလေး၊ ထမင်းလေး

မဝယ်ပါဘူး။ နည်းနည်းပါးပါးပါ''

''အဲဒီနည်းနည်းလေးကိုပဲ ကိုင်မယ်ဗျာ''

သူ ဖွတ်ပင် နောက်မှကပ်လိုက်လာတော့ ခင်ထက်ပန် ဘာမှ မပြောနိုင်တော့ပါ။ ကိုယ့်တစ်ယောက်တည်း စျေးဝယ်နေသလို သဘောထားပြီး ဝယ်ရ၊ ခြမ်းရပါတော့သည်။

ဆီ၊ ကြက်သွန်ဖြူနှီ၊ အာလူး၊ ခေါက်ဆွဲထုပ်တွေ သူမက ရွေးချယ်ကောက်ထည့်နေတုန်း သူကလည်း ထည့်ချင်တာတွေ ကောက်ထည့်၏။

''ဦးဝေမိုး ... ဘာလုပ်တာလဲ''

''ဩော် ... ကျွန်တော် ဝယ်ချင်လို့ပါ''

ကောင်တာကျတော့ သူက ငွေရှင်း၏။ ခင်ထက်ပန် စိတ်ဆိုးရမလို။

သူက အဲသည့်အထုပ်အပိုးတွေကို ကိုင်လိုက်ပြီး –

''ဒါလေးများဗျာ၊ ဆရာမ ကျွန်တော့်ကို ကူညီခဲ့တာနဲ့ စာရင်း ဘာမှမပြောပလောက်ပါဘူး''

စျေးထဲမှာလည်း သူက အသား၊ ငါးတွေ စိတ်ကြိုက် ဝယ်နေလျှင် ခင်ထက်ပန် စိတ်တိုရပါသည်။

''ကျွန်မတို့အိမ်မှာ ရေခဲသေတ္တာမရှိဘူးနော်။ ရှင် လျှောက်ဝယ်ပေးလည်း အကုန်ပုပ်ပြီး လွှင့်ပစ်ရမှာ''

''အိုကေ''

ဘာကို အိုကေတယ်တော့မသိ။ သူ ဖုန်းတစ်ချက် လှမ်းဆက်နေတာသာ မကြားတစ်ချက်၊ ကြားတစ်ချက်။

စျေးဝယ်ပြီး ကားဆီပြန်လျှောက်လာကြတော့ သူဝယ်ထားတာတွေ အလျှံပယ်။ ခင်ထက်ပန် ဘယ်လိုစီမံရမှန်းကို မသိ။

''ရှင်က ဘယ်မှာနေတာလဲ''

သူလူနာမှတ်တမ်းမှာတော့ ပြည်လို့ ရေးထားတာပဲ။

''ပြည်လေ၊ ဆရာမ သိသားနဲ့။ မယုံလို့လား''

''ကျွန်မနဲ့မဆိုင်ပါဘူး။ ရှင့်ဘာသာ ဘယ်နေနေပါ''

''အပြောကတော့ ရက်စက်ပါ့။ ကဲ ကျွန်တော် ပြန်ပို့ပေးပါဦးမယ်။ အိမ်ထဲတော့ ခဏဝင်ခွင့်၊ နားခွင့်ပေးပါနော်''

ခင်ထက်ပန် ဘာမှမပြောသာ။ သူမ၏တိုက်ခန်းဆိုတာလည်း လူမရှိ၊ သူ မရှိသည့်အရပ်မှာမဟုတ်။ သည်လိုပဲ တိုက်ခန်းတွဲတွေ။

''နားပေါ့''

''အိုကေ''

''မုန့်တစ်ခုခုစားကြဦးမယ်လေ။ မိတ်ဖြစ် ဆွေဖြစ်''

''ဦးဝေမိုးရယ် ... စတန့်တွေထွင်မနေပါနဲ့တော့။ မိတ်ဆွေကလည်း ဖြစ်ပြီးသားပါ။ မဖြစ်ချင်လို့လည်း မရပါဘူး''

''မစားဘူးလား''

''မစားတော့ဘူး၊ အိမ်ပဲပြန်တော့မယ်''

''ဒါဆိုလည်း မုန့်ဝယ်ခဲ့မယ်''

သူဘာသာ မုန့်တွေ၊ ဘာတွေဝယ်နေပြီး ကားဆီသို့ ပြန်ရောက်လာကြသည်။

''အိမ်ရောက်မှ စားကြ၊ သောက်ကြတာပေါ့''

''နေစမ်းပါဦး၊ ရှင့်အလုပ်ကိစ္စဆိုတာ မသွားတော့ဘူးလား။ မလုပ်တော့ဘူးလား''

''ကျွန်တော် မနေ့ထဲကရောက်တာပါ။ ဆရာမကို မမျှော်လင့်ဘဲတွေ့တာ။ ညနေမှပြန်မယ်လေ''

''ခရီးဝေးသွားတာ ညဘက်ကြီး မကောင်းပါဘူးရှင်''

''မစိုးရိမ်ပါနဲ့။ ကားကြီးတွေကို ကပ်လိုက်မှာပါ''

''မစိုးရိမ်ပါနဲ့''

သူ ပြုံးလိုက်တော့ ခင်ထက်ပန် ကိုယ့်ကိုယ်ကိုယ် စိတ်ဆိုးချင်ချင်။

သူက ကိုယ့်တိုက်ခန်းထိ လိုက်ပို့တော့ သည်းခံရပါ၏။

''ဟင်''

တိုက်ခန်းရှေ့မှာ ရေခဲသေတ္တာခပ်လတ်လတ်တစ်လုံး ရောက်နှင့်နေသဖြင့် ခင်ထက်ပန် သူ့ကို လှည့်ကြည့်မိသည်။

''ရေခဲသေတ္တာမရှိဘူးဆိုတာ သူ အသားငါးတွေ အများအပြား ဝယ်နေလို့ပါ။ လိုချင်လို့စကားလမ်းကြောင်းတာ မဟုတ်ပါဘူး''

''ကိုယ်သိပါတယ်ကွာ။ ကဲ သော့ဖွင့်''

အိမ်မှာ ဘယ်သူမှ မရှိတာမို့ ကိုယ့်တိုက်ခန်းတံခါးကိုယ်ဖွင့်ရ၏။ ဦးဝေမိုးက ရေခဲသေတ္တာကို အရင်နေရာချဖို့ပြင်သည်။

အနားမှာ ဘယ်သူမှမရှိတာမို့ သူနှင့်ကိုယ်ပဲ ချီမကာ အိမ်ထဲသို့ သွင်းရ၏။

''အပျက်အပျက်နဲ့ နှာခေါင်းသွေးထွက်တော့မယ်''

''ဘာဖြစ်လို့လဲ''

''ကျွန်မကို ဘာရည်ရွယ်ချက်နဲ့ ဒါတွေဝယ်ပေးနေတာလဲ။ နိုးပဲနော်''

''ဟောဗျာ၊ ဆရာမက ကျွန်တော့်ကို ဘယ်လိုအောက်

ည့်သည်ကလည်း စားမည်တကဲကဲမို့ ခင်ထက်ပန် ခါတိုင်းလို ဘစ်မယ်စားမဟုတ်ဘဲ ၃-၄ မယ်ချက်ဖို့ စီစဉ်လိုက်သည်။

စားနေကျ၊ ချက်နေကျ ဆင်းရဲသားဟင်းတွေပါပဲ။ သူ့ဌေးတွေလို မကြားဖူးတာတွေ မချက်တတ်ပါ။

ပုစွန်ထုပ်ပါလာတာမို့ အခွံခွာနေဆဲ သူက ခွင့်တောင်းပြီး မီးဖိုထဲသို့ ဝင်လာလေ၏။

"ဆရာမ ကျွန်တော် ကူပြီးချက်မယ်"

"ရှင်က ချက်တတ်လို့လား"

"သိပ်ရပေါ့။ ဂျပန်မှာအလုပ်လုပ်ခဲ့တုန်းက ကိုယ့်အား ကိုယ်ကိုး၊ ကိုယ့်ထမင်းကိုယ်ချက်စားလေ"

"ဩော် ... ဒါဆိုလည်း လက်စွမ်းပြပါဦးရှင်"

"ပုစွန်ထုပ်က ဆီပြန်ချက်တာထက် ကြော်တာက ပိုစားကောင်းတယ်။ ဂျုံလေးပွတ်ပြီး ကြော်မယ်။ နောက် ငါးကင်မယ်ဗျာ။ နောက် ဟင်းချိုချက်မယ်။ အသီးအရွက်လေးတစ်ပွဲသုပ်မယ်။ အချဉ်သုပ်တစ်ခွက်"

"အစပ်မပါသေးဘူး။ ကျွန်မက အငန်နဲ့အစပ်မပါရင် ဘမင်းစားမပြိန်ဘူး"

"အချဉ်သုပ်မှာ ကာလီသီးလေးတွေ လိုးထည့်မယ်ဗျာ။

မေ့ပါလို့လဲဗျာ။ ဆရာမက ကျွန်တော့်ကို လိုလေသေးမရှိ၊ ကျေးဇူးပြုဖူးတယ်လေဗျာ။ ကြိုတုန်း ကျေးဇူးဆပ်ရတာပါ။ အပန်းမကြီးပါဘူး"

ခုမှတော့ ခင်ထက်ပန် ဘာမှမပြောနိုင်တော့ပါ။ သူဝယ်လာသည့် အသား၊ ငါးတွေ၊ သစ်သီးတွေကို ရေခဲသေတ္တာထဲထည့်ရ၏။

နောက်၊ ဘိရိတ်ဖတ်(စ)အတွက် ကော်ဖီဖျော်ပြီး သူဝယ်လာသည့် မုန့်များနှင့် ဧည့်ခန်းမှာထိုင်နေသည့် သူ့အား ဧည့်ဝတ်ပြုရသည်။

"နားပါဦးရှင့်။ ကျွန်မ နေ့လယ်စာ ချက်ပြုတ်လိုက်ပါဦးမယ်"

ကိုယ်လည်း ကော်ဖီတစ်ခွက်သောက်၊ မုန့်တစ်လုံးယူစားပြီး မီးဖိုသို့ ဝင်ခဲ့၏။ သူက ဧည့်ခန်းမှလှမ်းပြီး ပြောသည်မှာ-

"ကျွန်တော် နေ့လယ်စာ ဒီမှာစားမှာနော်၊ စားပြီးမှပြန်မှာ"

ဘယ်လိုဧည့်သည်ကြီးပါလိမ့်။ သို့သော် သူဝယ်ခြင်းပေးထားသည့် မျက်နှာကိုထောက်ပြီး ခင်ထက်ပန် ကျွေးရမှာပါပဲ။ ဝယ်လာသည့်ဟင်းချက်စရာတွေကလည်း အလျှံပယ်

အငန်ကတော့ အေးဆေးပေါ့။ ကျွန်တော်တို့ငယ်ငယ်က ဆရာ အောင်ရှိန်ရဲ့ ဦးကပ်စေးကာတွန်းကို သွားပြီး သတိရတယ်''

ချက်ဖို့၊ ပြုတ်ဖို့ ပြင်ဆင်ရင်း သူ စကားပြောနေတာပါ။ လုပ်ပုံ၊ ကိုင်ပုံကတော့ အဟုတ်ကြီးပါ။

''ဆိုပါဦး''

''ဦးကပ်စေးက ခပ်တည်တည်နဲ့ သူ့တပည့်နှစ်ယောက်ဖြစ်တဲ့ တိုက်ဂါးနဲ့ ခင်မောင်သိန်းထွန်းဝင်းကို မင်းတို့ လျှောက်လည်ကြ။ ဒီနေ့ ငါ ထမင်း ဟင်းချက်မယ်တဲ့။ မင်းတို့ ချဉ်၊ ငန်၊ စပ် စားရမယ်လို့ ပြောလွှတ်လိုက်သကိုး''

''အင်း''

''ဒါနဲ့ သူတို့ (၂) ယောက်ကလည်း လျှောက်လည်ကြပြီး ထမင်းစားချိန်နီးမှ ပြန်လာကြတယ်။ တိုက်ဂါးနဲ့ ခင်မောင်သိန်းထွန်းဝင်းက သူတို့စိတ်ကူးနဲ့သူတို့ မြင်ယောင်လာကြတာပေါ့''

''ချဉ်၊ ငန်၊ စပ်ဆိုတော့ တစ်ယောက်က ငါးခြောက်ရိုးနဲ့ ဒန့်သလွန်သီးကုလားဟင်းတဲ့။ တစ်ယောက်ကတော့ ငါးမြင်းကို မန်ကျည်းသီးနဲ့ ဆီပြန်ပေါ့''

''ဦးကပ်စေးက ဘာချက်ထားလဲ''

''လာ စားကြ၊ စားကြဆိုပြီး ပြင်ထားတဲ့စားပွဲကို ပြတယ်။ ထမင်းပွဲတွေနဲ့ အလယ်ခေါင်မှာချထားတဲ့ ချဉ်၊ ငန်၊ စပ်က သံပုရာသီးရယ်၊ ဆားရယ်၊ ငရုတ်သီးရယ်''

ခင်ထက်ပန် ကောင်းကောင်းရယ်လိုက်ရလို့ ဘဝအမောတွေတောင် ပြေသွားရပါ၏။ သူကလည်း ရယ်စရာ ပြောတတ်ထား။

''ခုလည်း ဆရာမအတွက် ချဉ်၊ ငန်၊ စပ် လုပ်ပေးဦးမှ...

''တော်ပါပြီရှင်၊ ရှိတာနဲ့ပဲစားပါ့မယ်''

နှစ်ယောက်သား မီးဖိုထဲမှာ စီမံချက်ပြုတ်ပြီးတော့ နေက် (၁၁) နာရီလောက်မှာ အားလုံးပြီးစီးသွားသည်။

''ရေချိုးချင်တယ်''

''အင်''

သူဟာ မြွေကြီးလင်းမြွေလိုပဲ တဖြည်းဖြည်း မထွေးလေးတိုချိတော့မှာလား။

ခြေထောက်မှစကာ ခေါင်းထိ။

အေးလေ၊ သူ အိုက်လို့လည်းဖြစ်မှာပေါ့။ ခင်ထက်ပန် ရေချိုးခန်းကို ပြလိုက်ပါသည်။

သူရေမိုးချိုးပြီးချိန်မှာ ခင်ထက်ပန် ထမင်းပွဲ ပြင်ပြီးပြီ။

''ထမင်းသုံးဆောင်ရအောင် ကြွပါရှင့်''

''ကြွလာပါပြီခင်ဗျာ၊ ဆရာမရော မစားဘူးလား''

''ကျွန်မ ရေချိုးဦးမယ်''

''စောင့်မယ်''

''မစောင့်ပါနဲ့။ ကျွန်မ သူစိမ်းယောကျ်ားတစ်ယောကျ်ား ထမင်းလက်ဆုံ မစားတတ်ပါဘူး''

''ဟာဗျာ ...ဆရာမက ထမင်းကျွေးတာနဲ့ မကာ်ဘူး။ ဆရာမစကားက ရင်ဝကိုဆောင့်ကန်ပြီး နားထဲ သံပူရည်လောင်းချလိုက်သလိုပါပဲ''

''ဆောရီးပါရှင်၊ တောင်းပန်ပါတယ်။ ကဲ အားပါးတရ သုံးဆောင်ပါရှင့်''

ခင်ထက်ပန် သူ့ကို ထမင်းဝိုင်းမှာထားခဲ့ပြီး ရေချိုးခန်းသို့ ဝင်ခဲ့သည်။

*

မြင့်မြင့် ★ စာပေ
31,ထန်းတပင်အနောက်လမ်း၊
လှည်းတန်း၊ကမာရွတ်

အခန်း (၁၁)

ညနေ ဝသန်နှင့်ဝသုန်။ အိမ်ပြန်ရောက်ချိန်မှာ မမကြီး မရှိတော့ပါ။ အလုပ်သို့ပြန်ထွက်သွားရပါပြီ။

ထုံးစံအတိုင်း ပြင်ဆင်ထားသည့် ထမင်းစားပွဲကို ဖွင့်ကြည့်လိုက်တော့ ဟင်းတွေက အလျှံပယ်။

''ဟာ''

ဝသုန်ကလည်း ရေခဲသေတ္တာ အသစ်စက်စက်လေးကို အလန့်တကြား ကြည့်ရင်း ပါးစပ်မှ အာမေဋိတ်လိုက်မိပါ၏။

ဖွင့်ကြည့်လိုက်တော့ အထဲမှာလည်း အလျှံပယ်။

သစ်သီးတွေ၊ ဟင်းသီးဟင်းရွက်တွေနှင့် အသား၊ ငါးများ။

"မမ"

ဝသန့်မျက်နှာကလည်း စိုးရိမ်တကြီးနှင့် ပဟေဠိကို အဖြေညှိမရသည့်မျက်နှာ။

"မမကြီး ထီပေါက်တာလား"

"မဟုတ်လောက်ပါဘူး၊ ထီဖွင့်ချိန်လည်းမဟုတ်ဘူး တစ်ခုခုတော့ တစ်ခုခုပဲ"

ညီအစ်မ (၂) ယောက် ကမ္ဘာပျက်တော့မည်ကဲ့သို့ တိုက်ခန်းထဲမှာ ဟိုပြေး သည်ပြေးနှင့် သဲလွန်စရှာကြတော့ ဧည့်ခန်းထဲမှာ စီးကရက်အစီခံ (၂) ခု။

"ယောက်ျားဧည့်သည်လာသလား"

မမကြီးဟာ အလုပ်ပြီးအလုပ်။ သူမခများ အလှအပပင် အထူးတလည် မပြင်ဆင်အားဘဲ သူမ၏ဘဝတစ်လျှောက်လုံးကို မိသားစုအတွက် ညီမ (၂) ယောက်အတွက် ပုံထပ်ထားခဲ့တာ

ဝသန်ရော ဝသုန်ပါ ရင်ထဲနင့်သွားမိကြတာ ဘာ ကြောင့် မသိ။

ကိုယ်တွေ အဆင်မပြေမှာထက် မမကြီး ဒုက္ခတွေ့မှာကို ပိုပြီး ပူပန်မိကြပါသည်ဆိုလျှင် ယုံကြည်နိုင်ကြပါ့မလား။

မမကြီးဟာ သူမတို့ကို ဆုံးမသွန်သင်နေပေမယ့် လက်တွေ့ပိုင်းမှာတော့ သူ့ခများ အနုတ်လက္ခဏာ။

မမကြီးသိတာ အမြင်နှင့်သီအိုရီတွေသာ။

လက်တွေ့ပိုင်းမှာ မမကြီး ဘာမှမသိပါ။ သူမ ကျင်လည်နေရတာကိုက ညီမတွေ ကျင်လည်နေရသည့် တက္ကသီလာ၊ မှော်ရုံတောမဟုတ်။

ဆယ်တန်းအောင်ပြီးသည်နှင့် သူနာပြုတန်းတက်။ သူနာပြုကျောင်းဆိုတာ မိန်းကလေးတွေသာ အများစု။

အတွင်းဆောင်မို့ အပြင်နှင့်လည်း အဆက်အသွယ်သိပ်မရှိ။

မာမီတွေ၊ အဆောင်မှူးတွေ၏အုပ်ထိန်းမှုအောက်မှာ မမကြီးခင်ဗျာ ခလုတ်မထိ ဆူးမငြိခဲ့ရ။

လုပ်ငန်းခွင်ဝင်တော့လည်း တံပိုးခွင်ဝင်ရသည့် နွားလို ဆေးရုံရယ်၊ စပါယ်ရှယ်လိုက်ရတာရယ် သံသရာလည်နေရပါ၏။

သည်ကြားထဲ ညီမ (၂) ယောက်၏ ကျောင်းစရိတ်၊ ဝေယျာဝစ္စတွေက ခင်ထက်ပန်အပေါ် ပုံကျလာခဲ့ပြန်တာ။

အသက်အစိတ်အရွယ် မမကြီးခများ သူမကိုယ်သူမ

လှတယ်ဆိုတာတောင် သိမှသိရဲ့လားမသိ။

ရုန်းရ ကန်ရလွန်းလို့ ဘဝကိုပင်မေ့နေလေသလား မသိ။

ဝသန်က ထမင်းစားပွဲပေါ်မှ မမကြီးပြင်ဆင်ထားခဲ့သည့် ဟင်းများကိုကြည့်ပြီး မျက်ရည်ကျနေရသလို ဝသုန်ကတော့ ရေခဲသေတ္တာဖွင့်ပြီး ဝမ်းနည်းပက်လက်။

"ခါတိုင်းလို ငါးပိချက်၊ တို့စရာသာ စားလိုက်ချင်ပါတယ် မမကြီးရယ်။ အနှောင်အဖွဲ့တွေနဲ့ ပေးကမ်းတဲ့အစားအစာတွေဟာ သံပူခဲတွေလိုပါပဲ"

"အေးလေ၊ ငါတို့လည်း ကိုယ့်ကိစ္စနဲ့ကိုယ် အလုပ်ရှုပ်နေကြတာ။ မမကြီးမှာ ချစ်သူတွေ၊ ဘာတွေများ ရနေပြီလား မသိဘူးနော်"

"ခုခေတ်က လူကောင်း၊ သူကောင်း ရှားပါတယ်ဟ။ မတော် အကြီအဖန်ကောင်တွေနဲ့ တွေ့သွားရင် ပြီးပါလေရော"

ညီအစ်မနှစ်ယောက်သား ခြေကုန်လက်ပမ်းကျနေရင်းမှ ဘယ်လိုလုပ်ကြပါ့မလဲဟု ကိုယ်စီ ကြီစည်စိတ်ကူးနေမိကြသည်။

"သူများလည်း မမေးရက်ပါဘူး၊ မမကြီး သိက္ခာကျမယ်"

"အေးဟာ၊ ကဲ ... စစ်မရောကခင် မြားကုန်မနေနဲ့။ မမကြီးရဲ့ အရိပ်အကဲကိုကြည့်ပြီး ငါတို့ လှုပ်ရှားရမှာပေါ့"

"မမကြီးရဲ့ဂုဏ်သိက္ခာကိုလည်း ငါတို့ လေးစားရ၊ နှိုသေရဦးမယ်"

"ကဲ ... လောလောဆယ်တော့ ဆာဆာနဲ့ဆွဲလိုက်ကြတာပေါ့"

စားပွဲပေါ်မှာ ပုစွန်ထုပ်ကြော်၊ ငါးကင်၊ အရွက်သုပ်တစ်ပွဲ၊ အချဉ်သုပ်တစ်ပွဲ။

ဟင်းချိုကတော့ အိုးထဲမှာ။

ဘယ်တုန်းကမှ သည်လောက် ဖွယ်ဖွယ်ရာရာမစားခဲ့ရပေမယ့် ဝသန်ရော၊ ဝသုန်ပါ ထမင်းစားရတာ နှစ်နှစ်ခြိုက်ခြိုက်မရှိပါ။

ကိုယ့်အသားကိုယ် ပြန်ဖဲ့စားနေရသလိုဆိုရင် ပိုတယ်ပြောမှာလား။

မမကြီးကို သည်လိုပစ္စည်းတွေနှင့် မလဲနိုင်ပါ။ မီးစင်တယ်လိုကြည့်ကရမှာလဲ။

ရင်ထဲမှာ ကိုယ်စီဝေဒနာရှိနေရတာမို့ မမကြီးကိစ္စကဘူးလေးရာ ဖရုံဆင့်လိုက်သည့်နှယ်။

ဘဝကို အားကြိုးမာန်တက် ချီတက်နေရပုံမှာ တကယ့်ကို သနား စရာ။

သက်ထားဝသန်။

ညဂိုက်သင်ပြီးပြန်လာတော့ မလှမ်းမကမ်းမှာ လူငယ် ဘုံ။ ဂစ်တာထိုင်တီးနေကြသည်။

ဝသန်၊ ကြောက်စိတ်ကို တွန်းလှန်ရင်း ခေါင်းမော့၊ ရင်ကော့ပြီး သူတို့အနားမှ ဖြတ်လျှောက်လာတော့ သူမနောက်မှ (၃) ယောက် ထလိုက်လာတာ သိလိုက်ရသည်။

ဝသန် ဇွဲသူရကို သတိရလိုက်မိ၏။ မနက်က ကျောင်း ကားဖယ်ရီပေါ်မှာ သူ ကမ်းလှမ်းခဲ့တာ။

"ငါက တို့ရပ်ကွက်မှာ ဆရာကြီးဟ။ နင် ငါနဲ့တွဲပြလိုက် ရင် အဲဒီကောင်တွေအားလုံး အမြီးကုပ်သွားမှာ"

"အံမယ် ... ကျားကြောက်လို့ ရှင်ကြီးကိုး ရှင်ကြီးကျား ထက်ဆိုးနေမှာပေါ့။ တော်ပါပြီ၊ ငါ့ဘာသာ ငါ့ပြဿနာကို ဖြေ ရှင်းပါ့မယ်"

အရွယ်ရောက်လာပြီး ချောမောလှပ၊ ချစ်စရာကောင်း သည့် မိန်းမငယ်လေးတိုင်းဟာ ရွှေသမင်မလေးတွေ ဆိုပါတော့။

ယောကျ်ားသားတွေကတော့ လေးနှင့်မြားခေတ်ကိုကျော် ပြီး စနိုက်ပါနှင့်ချိန်ရွယ်ပစ်ခတ်တတ်သည့် ခေတ်သစ်၊ စနစ်သစ် မုဆိုးကျော်တွေ။

သူတို့ကလည်း ပြောမှာပေါ့။

မိန်းမတွေ၏မာယာတစ်သိန်းမှာ အသည်းကွဲရ၊ ကျဆုံး ကြရပါတယ်လို့လေ။

သို့သော် သဘာဝ၊ ဓမ္မတာရ ယောကျ်ားတို့က အသား စီး ယူထားပြီးသား။

မိန်းမသားဘဝဆိုတာ သဘာဝအရကို တပမ်းရှုံးပြီး သား။

ကွန်ဒုံးတွေ၊ သန္ဓေတားဆေးတွေ မှိုလိုပေါက်နေသည့် ကြားထဲကပဲ –

အရှက်တကွဲ အကျိုးနည်းဖြစ်ကာ အသက်သေဆုံးရသူ တွေ၊ ဖခင်မဲ့သည့်ကလေးတွေဆိုတာ ဒုနဲ့ဒေး။

ဘယ်လိုအဖြစ်ဆိုးတွေ ကြုံလာရဦးမှာလဲဟု တထိတ် ထိတ်နှင့် မာန်တင်းရင်း ချစ်စရာ ရွှေသမင်မလေး (၃) ကောင်၏

''ငါက စေတနာနဲ့အကြံပေးတာပါ။ ငါ့ကိုနင် နင်းတက်ဖို့ ငါ့နှလုံးသားကို ချခင်းပေးထားပါ''

''အရေးထဲ လူနားမလည်အောင် ပြောနေရပြန်ပြီ။ အသာနေစမ်းပါဟာ။ အလကားနေရင်း ထိုင်ရင်း ရည်းစားလည်း မရချင်ပါဘူး''

''နင်သာ ကြောက်နေတာ။ ငါ့ညီမဝမ်းကွဲလေးဆို အသက်က (၁၅) နှစ်ရှိသေးတယ် ရည်းစားက (၁၀) ယောက် လောက်ထားပြီးနေပြီ''

''သူကသူ၊ ငါကငါ။ ဘာမှမဆိုင်ဘူး''

''နင်က ယောကျ်ားမယူတော့ဘူးလား။ အပျိုကြီးလုပ်တော့မှာလား။ နင့်အစ်မလို''

''စကားကြီး စကားကျယ်နဲ့ အပျိုကြီးလုပ်မယ် ဘာညာတော့ မပြောသေးပါဘူး။ ဒါပေမဲ့ ငါကတော့ ချစ်သူဆိုတာ အပျော်လည်း မထားဘူး၊ အတောင်လည်း ဖြန့်မရှာဘူး''

''နင့်အတွေးအခေါ်တွေက ဒီခေတ်ကြီးနဲ့ ဘောင်မဝင်တော့ဘူးဟ။ အန်းဒိတ်ဖြစ်နေပြီ။ နင် ငါနဲ့ခဏဖြစ်ဖြစ် တွဲကြည့်စမ်းပါ။ အကျိုးမယုတ်စေရပါဘူး''

ချစ်ခြင်းမေတ္တာကို ဈေးသည်တွေ ဈေးဝယ်သလို

ဈေးညှိပြီး အခွင့်အရေးတွေ ပြောနေသည့် ဇွဲသူရကို ဝသန်ဘော်တော် အံ့သြမိပါသည်။

သူများတကာတွေလို ချစ်စကား၊ ကြိုက်စကားလည်း ပြောတာမဟုတ်။ ခဏဖြစ်ဖြစ် တွဲကြည့်ပါ၊ အကျိုးမယုတ်စေရ ပါဘူးတဲ့။

ကြံကြံဖန်ဖန်။

နှလုံးသားမဲ့သည့်စကား။ Sex ကိုပဲ ဦးတည်မှာပေါ့။

ဝသန့်ရင်ထဲ တော်တော် အော်ဂလီဆန်ပြီး တော်တော် ကြောက်ရွံ့ခဲ့ရပါ၏။ သူကတော့ သူအတွေးနှင့်သူ ဆက်လက် ပြောကြားခဲ့ပါ၏။

''အခု နင့်ကိုနှောင့်ယှက်နေတဲ့ကောင်တွေအားလုံး အနားတောင်မသီစေရတော့ဘူးဟာ။ နောက် နင် ငါ့ဆီက ချစ်သူတစ်ယောက်ရဲ့ အခွင့်အရေးတွေအားလုံး ပြည့်စုံစေရမယ်''

ချစ်သူတစ်ယောက်ရဲ့အခွင့်အရေးတဲ့။ ဘာတွေလဲ။ သန် ချစ်သူလည်းပီပီပြင်ပြင်မထားဘူး။ ထားဖို့လည်း စိတ်ကူးတော့ပါ။ သူ့စကားကိုနားမလည်။

လူငယ်တစ်ယောက်ပီပီ စတိုင်အလန်းစားနှင့် ဇွဲသူရဟာ ကောင်မလေးတော်တော်များများ၏ အရေးပေးခြင်းကို ခံရသူပါ။

နေတာပါ ခင်ဗျ''

မနက်က ပြောကြားခဲ့သည့် ဇွဲသူရစကားတွေကို ကြားယောင်ရင်း ဝသန် သူမနောက်လိုက်လာသည့် လူငယ်တွေကို စမ်းသပ်ကြည့်ဖို့ စိတ်ကူးလိုက်၏။

''နင်တို့ နှောင့်ယှက်တာ များနေပြီ။ ငါ သည်းမခံနိုင်တော့ဘူးနော်''

''ချစ်လို့ပါဟာ။ နင် ငါတို့ထဲက တစ်ယောက်ယောက်ကို ပြန်ချစ်လိုက်။ ဒါဆို ပွဲပြီးပြီ''

''သေလိုက်ပါလား၊ ငါ သူ့ကို တိုင်လိုက်မှာနော်''

''ဘယ် သူ့ကိုလဲ''

''ဇွဲသူရ''

''ဘာ''

''ဇွဲသူရ ... သူက ငါ့ချစ်သူ''

''မယုံဘူး၊ နင်နဲ့ တစ်ခါမှတွဲတာလည်း မမြင်ဘူး''

''သူဖယ်ရီ၊ ငါ အမြဲစီးနေတာပဲ''

''သူဖယ်ရီစီးတဲ့လူတွေ အများကြီး။ သူမှာ ဖယ်ရီ (၃) စီးတောင်ရှိတယ်''

''မယုံနေ၊ ငါ သူ့ကိုယ်တိုင်ပြောလိုက်မယ်''

ပြောကြေးဆို ဇွဲသူရဟာ တစ်ပြိုင်နက်တည်းတောင် ရည်းစား ၃-၄ ယောက်ထားမည့်အဆင်။

''ချစ်သူတစ်ယောက်ရဲ့ အခွင့်အရေးကလည်း မနည်းဘူးနော်။ လျှောက်လည်ရင်၊ မုန့်စားရင်၊ ငါကပဲ အမြဲတာဝန်ယူမယ်။ နေ့ထူးနေ့မြတ်တွေမှာ လက်ဆောင်ဝယ်ပေးမယ်၊ ရှော့ပင်ထွက်ရင် ငါကပဲ နင်လိုချင်တာ ဝယ်ပေးမှ။ နောက်ဆုံး ငါ့အသက်၊ ငါ့ဘဝတောင် နင့်ပိုင်တယ်ဟာ။ နင်သေဆိုသေရှင်ဆိုမှရှင်မှာ''

တော်ကီတွေကတော့ ကြွေလောက်၊ သေလောက်ပါပေရဲ့။ ဝသန် နှုတ်ခမ်းလှလှလေးကို မဲ့မိသလား မပြောတတ်။

''နင့်ရည်းစားစကားပြောရတာ လက်ဝင်လိုက်တာဟာ၊ အသည်းနှလုံးလည်းပါပုံမရ၊ နားလည်ပုံမရ''

''ငါ့ဘာသာ အေးဆေးနေပါရစေ ဇွဲသူရရယ်။ အမှိုက်ပုံကြီးမျောလာရတဲ့ကြားထဲ နင်က စာဘူးတောင်းသိုက် ထပ်ပစ်မထည့်ချင်ပါနဲ့။ နင့်ဘာသာ ကစားချင်တဲ့မိန်းကလေးနဲ့ ကစားပါ။ ငါ့ကိုတော့ ချမ်းသာပေးပါ''

''သြော် ဒုက္ခ ဒုက္ခ ... သူ့ကိုများ ဓားပြတိုက်နေတယ် မှတ်နေသလား မသိ။ ကူညီချင်လွန်းလို့ ဒုးထောက်တောင်းပန်

(၃) ယောက်သား ခေါင်းချင်းဆိုင်သွားကြပြီး သူမ၏ နောက်မှာ ကျန်ခဲ့ကြတော့ ဝသန် ပြုံးမိပါ၏။

ဖွဲသူရဆိုတဲ့ကောင်ဟာ တကယ့်ဂျစ်တူး။ ဂျတ်စမွတ်ကြီး ဖြစ်ရမယ်။

ဘာပဲဖြစ်ဖြစ် မှော်ဆရာရဲ့ ဆေးကြိမ်လုံးလိုတော့ အစွမ်းသာ။



အခန်း (၁၂)

"ညီမလေးက ဘာအထာလဲ"

ကျွိုက်ထီးရိုးမှပြန်လာပြီး (၅) ရက်မြောက်မှာတော့ စာသင်ခန်းထဲမှာ ထိုင်နေသည့် ဝသုန့်အရှေ့သို့ ဆောင့်ခနဲ ဆိုင်ချလာသည့် ညီပြည့်စုံ။

"ကိုကို"

လျှာတော့ကျိုးနေတာပဲ။ ရင်ထဲမှာခင်ရုံတော့ ခင်သားပဲ။ ဘစ်ဆင့်ထပ်တက်လာမှာသာစိုးတာ။ အုတ်အရောရော ကျောက်အရောရောထဲ အပါမခံနိုင်။

အပွန်းအပဲ့ကို မခံနိုင်။ နာမည်လည်း မပျက်ချင်။ လူလည်း မပျက်ချင်။

ဝသုန်အသံက ထိတ်လန့်တကြားနှင့် စိုးရိမ်တကြီးလေး ဖြစ်နေလျှင် ညီပြည့်စုံ ဘယ်လိုရစ်ရမှန်းပင် မသိတော့။

မရစ်ရက်တော့ပါ။ ပုံကြည့်ရတာ ကောင်မလေး သူ့ကို ကြောက်နေပုံရပါ၏။

ညီပြည့်စုံ၊ ဝသုန်လက်ကလေးနှစ်ဖက်ကို တယုတယ ဆုပ်ကိုင်လိုက်ပါသည်။

''ကိုကို့ကိုမခင်ဘူးလား''

''ခင်ပါတယ်''

''ဒါဖြင့် ဘာဖြစ်လို့ အဆက်အသွယ်ဖြတ်ပစ်တာလဲ''

''ရှင်''

ဘယ်တုန်းကရော ဆက်သွယ်လို့လဲ။ မနေ့တစ်နေ့ကမှ ကင်တင်းမှာတွေ့၊ ပန်းနုနဲ့နီနီအတင်းခေါ်လို့ ကျိုက်ထီးရိုးပါသွား။

အင်း ... လမ်းတစ်လျှောက်လုံးတော့ ကိုကိုက သူမနှင့် မဲ့ တတွဲတွဲပါလေ။ ဒါကတော့ တစ်လေတည်းစီး၊ တစ်ခရီးတည်း သွားရသည့်သဘော။

ပြန်ရောက်ကတည်းက ဝသုန် ကင်တင်းမလိုက်၊

ပုန်းလည်း ပိတ်ထားတာကတော့ ကြိုတင်ပြီး စည်းသုံးတန်းထားတာပါ။

တကယ်တော့ ဖုန်းသုံးတာလည်း သူမလို မိန်းကလေးတစ်ယောက်အတွက်တော့ အပိုပါ။

ကိုယ့်မှာ ဆက်သွယ်စရာ ရေးကြီးခွင်ကျယ်ကိစ္စတွေ၊ ဒီးပွားရေး၊ ကြီးပွားရေး၊ လူမှုရေးတွေလည်း ရှိတာမဟုတ်။

ဖုန်းတစ်လုံးနှင့် ယောကျ်ားလေးမိတ်ဆွေများ ပြောသမျှ နှင့်ခံပြန်ကြူနေတတ်သည့်အထဲ သူမ မပါ။

ကြောက်လည်းကြောက်ပါသည်။ လိုင်းပေါ်မှ အန္တရာယ်။ လေလိုင်းထဲမှ အန္တရာယ်ကို တားဆီးကာကွယ်သည့်အနေနှင့် ဖုန်းကို စက်ပိတ်ထားတာများပါသည်။

ညီပြည့်စုံကိုင်ထားသည့် မိမိလက်ကို ဝသုန် ပြန်ရုန်းရင်း မျက်နှာငယ်လေးနှင့် ကြည့်မိတာ တောင်းပန်တာပါ။

''ပြောလေ၊ ဘာလို့ အဆက်အသွယ်ဖြတ်တာလဲ''

''ဟို အစကတည်းက ကိုကိုနဲ့ဝသုန် အဆက်အသွယ်မရှိဘဲနဲ့''

''နိုး နိုး နိုး ... မဟုတ်ဘူး၊ မရဘူး။ အစတွေလာပြောနဲ့။ ကိုကိုနဲ့ညီမလေး ဘုရားဖူးထွက်ပြီးတော့ တကယ့်

''အံမာ၊ ဒီခေတ် (၁၆) နှစ်သားတွေကိုများ လျော့တွက်
(၁၆) နှစ်မှာ ရည်းစားက (၁၆) ယောက်မကတော့ဘူးဗျ''

''အင်း ...ဟုတ်မယ်''

''လူလူချင်း ထောက်ထားစာနာသောအားဖြင့် ကိုကို့ကို
အဆက်အသွယ်မဖြတ်ပါနဲ့။ အလိုက်အထိုက်လေး ဆက်ဆံပေး
ပါ''

''အပိုတွေဗျာ၊ ဝသုန် အေးအေးနေပါရစေ''

''ခုမှတော့ မရတော့ဘူး၊ ဝသုန် ကျားမြီးသွားဆွဲမိပြီ''

''ဘယ်မှာလဲ ကျားမြီး''

''ဒီမှာလေ''

ကိုကိုက သူတင်ပါးကိုပုတ်ပြပြီး ရုပ်ကခပ်တည်တည်။
ဝသုန်တို့စကားဝိုင်းက ငေ့လည်လည်။

''ကိုကို့ဘာသာ ကိုယ့်ဇယားတွေနဲ့ကိုယ်နေ။ ဝသုန်တို့
က တစ်နေ့လုပ်မှ တစ်နေ့စားရတဲ့ ဆင်းရဲသားနင်းပြားတွေ။
သာမရှုပ်နဲ့''

''အံမယ် ...ဘီအီးဒီအောင်သိုက်ခေတ်က စကားတွေ။
ဒီတ်အောက်နေပြီ။ ဝသုသန်ကို ဘယ်သူကနင်းထားလို့ ပြားနေ
သာလဲ။ ပြော ကိုကို့ကိုပြော၊ အဲကောင်သွားတီးပစ်မယ်''

ရင်ဘတ်မိတ်ဆွေတွေ ဖြစ်သွားကြပြီလေ''

''အင်းလေ''

ရောချပြီး ဖောရွှေလုပ်ရတာပေါ့။ မိတ်ဆွေလောက်ကာ
ရပါသည်။ ရွှေသာမဆက်ချင်တာ။

''ဘာ အင်းလေလဲ၊ ပြီးတော့ ကိုကို့ကို ရှောင်နေတယ်
ဖုန်းပိတ်ထားတယ်။ ကင်တင်းမှာ ကိုကိုရှိမှန်း စောင့်နေမှန်းသိလ်
မလိုက်လာတော့တာ''

စွဲချက်တွေကတော့ ပုဒ်မ အကြီးကြီးတွေ။ ဝသုန်၊ ဆင်
ဝေ့ရန်ရှောင်ရတာပေါ့။

''ကင်တင်းမလိုက်တာက ဝသုန်မှမုန့်ဝယ်မစားနိုင်တာ
ဖုန်းပိတ်ထားတာကလည်း ဝသုန်မှာ အရေးတကြီး ဆက်သွယ်
စရာလူ၊ ကိစ္စတွေ မရှိလို့ပါ''

''ဒါဆို ဘာလို့ ဖုန်းသုံးနေသေးလဲ''

''ဩော် ...အရေးကြီးမှ လိုအပ်မှသုံးမှာပေါ့''

''မသိဘူးကွာ၊ ကိုကို ဖုန်းခေါ်ရင် လက်ခံ။ နေ့လယ်က
ကင်တင်းကို လိုက်လာ။ ကိုကို ဝသုန်ကို တစ်နေ့တစ်ခ
မမြင်ရ အသံမကြားရရင် မနေနိုင်တော့ဘူး''

''ကိုကိုကလည်း (၁၆) နှစ်သားလေးကျလို့''

ဝသုန်တည်ထားပေမယ့် သူ့ရှုပ်၊ သူ့အသံက ကြား ထက်တောင် ရယ်စရာကောင်းနေတော့ ဝသုန် မရယ်မိအောင် မနည်းချုပ်နေရပါ၏။

"ရယ်စရာရှိ ရယ်လိုက်။ ကိုယ့်ကိုယ်ကိုယ် အသက် (၇၀) အရွယ် အဘွားကြီးလို့ မှတ်မနေနဲ့။ ပေါ့ပေါ့ပါးပါးနဲ့ကျောင်း တက်။ တက္ကသိုလ်ဆိုတာ ပညာတတ်ကြီးဖြစ်ဖို့ မဟုတ်ပါဘူးကွာ လင်ကောင်းသားကောင်းရဖို့လည်း ရွေးချယ်ရတဲ့နေရာကြီးပါ"

"အံမာ ခေတ်ကြီးက အတုအယောင်တွေပေါလွန်းလို့ ဘီလူးတွေ လူယောင်ဆောင်နေကြတဲ့ခေတ်။ ကိုယ့်ဘာသာ အေးအေးနေတာ ကောင်းပါတယ်"

"ညီမလေးကို ကိုကိုက ဘာပြောနေလို့လဲ"

"အင်"

"ကောင်မလေးတစ်ယောက် ကိုကို့ကို စိတ်ကူးတွေ ယဉ်နေတာ၊ ပေါ်ပြီ။ အကြောက်တွေလွန်ပြီး တစ်တီတူးမလေး ခြေထောက်နှစ်ချောင်းပိုးပေါ်ထောင်အိပ်နေပြီဟော့။ မိုးတော့ မပြီဘူး၊ ဟိုဟာ"

"ကိုကိုနော် ... တော်ပြီ။ ဝသုန့်ကို လာမခေါ်နဲ့။ သွား အရင်လိုပဲနေ။ ကိုယ့်ဇယားနဲ့ကိုယ် ချီတက်"

"ကိုကို့ဇယားလေးက ဒီမှာလေ။ အရင်လိုနေလို့ ဘယ်ရ ဘူးမလဲ။ ပွင့်လန်းသွားတဲ့ပန်းကလေးကို ပြန်ဖူးခိုင်းလို့ ဘယ်ရ မလဲ ညီမလေးရယ်။ ကိုကိုနဲ့အတူ လောကကြီးထဲ ပုံမှန်ဖြတ် လျှောက်ကြရအောင်နော် ... နော်"

"ဘာလဲ ... ဘာတွေလုပ်ရမှာလဲ"

"ဘာမှမလုပ်ရပါဘူး။ ကိုကိုဖုန်းဆက်တဲ့အခါ ပြန်ပြော။ ကောင်တင်းကို လာပြီး မုန့်အတူစား။ ကျောင်းအားရက်မှာ ရှော့ပင် သွား ဘာလေး အတူထွက်"

"အံမယ် ... ဆင်းရဲသား နင်းပြား တစ်ပြားမှမရှိပါဘူး ကိုမှ"

"ကိုကိုဝယ်ပေးမှာပေါ့။ ညီမလေးအတွက် လိုအပ်တဲ့ ဟာသေးလေးတွေ ဝယ်ပေးမှာ"

"မလိုပါဘူး မသွားချင်ပါဘူး"

"မသိဘူးကွာ၊ သူ့အလိုလို တပွက်ပွက်ထွက်နေတဲ့ စမ်း ရေငုံးကို လက်ဝါးနဲ့ပိတ်ထားလို့ မရသလိုပဲ ကိုကို့အချစ်တွေကို ညီမသေး ညီမလေး လက်ဝါးနဲ့အုပ်ထားလို့ မရနိုင်ဘူး"

"ဟင် ကိုကို"

"ဗျာ"

''အဲဒါ ဘာလဲ၊ မိတ်ဆွေဆို။ ရင်ဘတ်မိတ်ဆို''

''အင်းလေ''

''တော်ပြီဗျာ၊ ညာတာပါတော်းနဲ့ လူကို ဘာတံဆိပ်တွေ လာကပ်နေမှန်းကိုမသိဘူး''

''မသိလည်း ကိုကို့နောက်ကိုသာ အသာလိုက်ခဲ့။ တခဲ့ သက်လုံး ဘာမှမဖြစ်စေရဘူး။ ခလုတ်မထိ ဆူးမငြိစေရဘူး သာမှတ်''

သူရှုပ်က ခပ်တည်တည်။ နောက်နေတာလား အတည်လား။

လိပ်ပြာလွင့်မတတ် စိတ်ညစ်ညူးရတာတော့အမှန်။

*

အခန်း (၁၃)

ခါတိုင်းလိုပဲ ဖုန်းပိတ်ထား။ ကင်တင်းရှောင်။ တစ်တီတူးကလို့ ကျိုးကန်းပဲပြောပြော။ ကိုကို့လို ရုပ်ချော၊ အပြောကောင်း၊ ဘယာကဝေ ဆရာကြီးအား ဝသုန် ကြောက်ပါသည်။

ခညင်းသီးက အီးတစ်ပြန်လို့ ပြောချင်လည်း ပြောကြပါတော့။ ကိုယ့်ဘဝနှင့်ကိုယ်မို့ ချစ်တင်းလည်းမကစားရဲ။ တကယ်လည်း မချစ်ရဲပါ။

ဘီလူးတွေပေါသည့်တိုင်းပြည်မှာ ဘီလူးစားမခံနိုင်တာ အပြစ်လား။

ဆောရီးပါကိုကို။ ဝသုန် ကိုကို့ကို ကြောက်ပါတယ်၊ ကိုယ့်ဘာသာပဲ အေးအေးနေပါရစေ။

သည်နေ့လည်း နေ့လယ်မှာ ကိုယ်ပါလာသည့် ထမင်းချိုင့်လေးကိုဖွင့်ပြီး ဝသုန် ထမင်းစားဖို့ ပြင်နေပါ၏။

မျှစ်၊ ချဉ်ပေါင်ရွက်၊ ကာလီသီးနှင့် ပုစွန်ဆိတ်လေးတွေ ကြော်သည်။ ချဉ်ပေါင်ကြော်။ နောက် ဘဲဥပြုတ်တစ်လုံး။ (၈) စိတ်လောက်စိတ်ပြီး ဆီလေးဆမ်း။

ထမင်းချိုင့်ဖွင့်ပြီး စားဖို့ ဖွန်းလေးနှင့်ခပ်နေတုန်း အနားသို့ ရိပ်ခနဲ ရှေ့ရောက်လာတာ ညီပြည့်စုံ။

သူကျောင်းနှင့် ကိုယ့်ကျောင်းကို ချောင်းဖြစ်မတတ် သွားလာနေတာ။ ကိုယ့်ကားနှင့်ကိုယ်ဆိုတော့ အဆင်တွေပြေနေတာလား။

"ကိုကို ကျောင်းမတက်ဘူးလား"

"တက်သားပဲ။ ဒီအချိန်ကတော့ မဖုရားလေးဆီ အခစား ဝင်ချိန်။ ကဲ ထမင်းကျွေး"

"မရှိဆင်းရဲသားဆီက ကပ်စားမယ်ပေါ့"

"စားမယ်၊ နင်းပြားဆီက စားရမှ ပိုပြီးအရသာရှိတာ"

"စား"

"ဝသုန်ခွံ့၊ ဒါမှမဟုတ် ကိုကိုခွံ့မယ်"

"ဟော် ... ဘယ်လိုကြီးလဲ၊ လူကြားထဲ"

"ဒါဆို လူကွယ်ရာသွားမယ် ထ"

"ဟာ ... ကိုကို ဘာဖြစ်နေတာလဲဗျ။ ကိုကိုနဲ့ဝသုန် ဘာမှမဟုတ်ဘူးနော်၊ မိတ်ဆွေ"

"ကိုကိုကတော့ ကိုယ့်ချစ်သူလို့ သဘောထားလိုက်ပြီ"

"မရဘူး၊ ဝသုန် စိတ်ရှုပ်မခံနိုင်ဘူး"

"ဘယ်သူပြောလဲ၊ ချစ်သူဆိုတာ စိတ်ရှုပ်ရတယ်လို့ ဘယ်သူပြောသလဲ"

"မြင်နေရတာပဲလေ၊ အချစ်ကြောင့် ပူလောင်ပြင်းပြနေရတဲ့သူတွေ အများကြီး"

"သူတို့က တကယ်မချစ်တတ်လို့ပါ။ ကိုကိုက ညီမလေးကို တကယ်ချစ်တာ"

"ဟာ ပြဿနာပဲ။ ကိုကို့ကို ဝသုန် အပြတ်ပြောမယ်။ သုန် ချစ်သူလုံးဝမထားချင်ဘူး။ ကိုယ့်ဘဝနဲ့ကိုယ် အေးဆေး ပညာသင်မယ်၊ အလုပ်လုပ်မယ်"

"ယောကျ်ားမယူတော့ဘူးလား။ အပျိုကြီးလုပ်တော့မှာလား။ သဘာဝမကျတာတွေ လုံးဝမပြောနဲ့နော်။ ဒီရှုပ်၊

ဒီရည်လေးကို ဘယ်သူမှ ချမ်းသာပေးထားမှာ မဟုတ်ဘူး''

''အဲဒီဇယားက နောက်မှ။ လောလောဆယ် ဝသုန် ဒါတွေ စိတ်မကူးဘူး။ သွားစမ်းပါ ကိုကိုရာ။ ကောင်မလေးလှလှ ချောချော အလန်းစားလေးတွေ အများကြီးပါ။ ရိုက်သတ်လို့ တောင် မကုန်ပါဘူး။ ဝသုန်ကို လာပြီး ကျပ်မနေစမ်းပါနဲ့''

''ညီမလေး အယူလွဲနေပြီ။ ကိုကို ညီမလေးကို ကျပ်နေတာ မဟုတ်ဘူး။ ချစ်နေတာ''

''စိတ်အလိုမလိုက်နဲ့။ ကိုယ့်စိတ်ကိုယ် နိုင်အောင် ထိန်း''

''အမယ်လေးဟဲ့ ... ခုမှ တကယ့်တရားဟော ဓမ္မ ကထိကနဲ့ တွေ့နေရတယ်။ တရားဦး တရားထူးလေးများ ဟော ကြားပါဘုရား''

''တော်ပြီ ထမင်းစားချင်စား၊ မစားလည်း ပြန်တော့၊ ဟင်းမကောင်းဘူး''

''ကောင်းတယ်၊ စားမယ်။ ကိုကို အဲလိုချဉ်ပေါင်ကြော် စားချင်နေတာ''

''စား''

ဖွန်းကို တစ်ယောက်တစ်လှည့်ကိုင်ရင်း တစ်လှည့်စီ

စားပစ်လိုက်ကြတာ ခဏချင်းပင် ပြောင်လေ၏။

သည်စဉ် ပန်းနုနှင့်နီနီတို့အဖွဲ့ ပြန်လာကြပြီး သူမတို့ နှစ်ယောက်ကို ဝိုင်းလေ၏။

''ကိုကို့အကြီ ဒါအကုန်ပဲလား။ ညီမတွေကိုတောင် လာပြီး မကျွေးနိုင်၊ မမွေးနိုင်ရတဲ့အဖြစ်ကို ပြောပါဦး''

''လျှောက်ပြန်သံပေး ခြေအေးဝမ်းယောင်အဆင့်မှာပါ ဟာ။ လွမ်းမှာလည်းမဟုတ်ပါဘူး''

တစ်ယောက်တစ်ပေါက် အသံများကို နားထောင်ရင်း ညီပြည့်စုံ တောင်းဆိုပုံမှာ –

''ဒီစနေ၊ ငါတို့ လှော်ကားသွားကြရအောင်ဟာ။ ဒါမှ မဟုတ် ဂျပန်ဘုရား''

''ကောင်းတယ်၊ ဒါပေမဲ့ ဝသုန်ကတော့ ခေါ်လို့ရမှာ မဟုတ်ဘူးနော်''

ကျောင်းမတက်သေးတာမို့ အခန်းထဲမှာ စကားတွေ ပြောလို့ရနေခြင်းပါ။

''ဝသုန်မပါဘဲတော့ ဘယ်ဖြစ်မလဲ''

''ဟုတ်တယ် ... ညီမလေးပါမှ လိုက်ပို့မှာ၊ တာဝန်ယူ မှာ''

''ဒါဆို ဝသုန်လိုက်ခဲ့ဟာ။ နင်ပါမှ ကိုကိုက ငါတို့ကို ပို့မှာ။ သွားချင်တယ်ဟာ ... နော် နော်''

''လိုက်ခဲ့ပါ ဝသုန်ရယ်။ အဖွဲ့လိုက် သွားမှာပဲဟာ။ ကိုကိုက နင့်ကို ဘာမှမဖွယ်မရာမလုပ်စေရပါဘူး။ ငါတို့ တာဝန်ခံပါတယ်။ လိုက်ခဲ့ပါနော်''

''တော်ပါပြီဟာ ... ငါက ကျောင်းပိတ်ရက်ဆို အလုပ်တွေ လုပ်ရတယ်ဟာ။ အဝတ်တွေလျှော်၊ မီးပူတိုက်၊ ချက်ပြုတ်၊ အိမ်သိမ်း၊ ခေါင်းလျှော်''

''ငါတို့ကူလုပ်ပေးပါ့မယ်ဟာ၊ နော်။ နင့်အစ်မတွေက ဒါတော့ မတရားဘူး။ ကိုယ့်ညီမအငယ်ဆုံးလေးကို မတရားခိုင်းရသလား''

''ငါဆို အိမ်မှာ ဘာမှမလုပ်ရဘူး''

''အံမယ် ... ငါ့မမတွေက ငွေရဖို့ အလုပ်တွေအများကြီး လုပ်နေရတယ်လေ။ မမကြီးက (၂၄) နာရီ အလုပ်ဆင်းနေရသလို မမဝသန်ကလည်း ဂိုက်လိုက်သင်နေရတယ်။ ငါပဲ အလုပ်မရှိတာ။ ငါတတ်နိုင်တဲ့အလုပ် လုပ်ပေးချင်တယ်''

အရွယ်နှင့်မလိုက်၊ တတ်သိလိမ္မာနေသည့် ကောင်မလေးကို သူတို့ အရောင်ဆိုးပစ်ကြမလို့လား။

ညီပြည့်စုံ စိတ်မကောင်း။ ရင်ထဲနင့်ရသည်။ နည်းလမ်းတော့ရှိလာဦးမှာပေါ့လေ။

အကြောက်လွန်နေသည့် ကောင်မလေးကိုမှ သူကရောဘာကယ်ရည်စူးတာလား။ ပထွေးတော်ကြီးကလည်း ကျောင်းပြီးချင်း လက်ထပ်ပေးဖို့ စကားသံ၊ ရာဇသံပေးနေပြီ။

သက်ပြင်းချရင်း ညီပြည့်စုံ ပြန်ခေါက်ချပြန်တာ။

*

အခန်း (၁၄)

''ဝသန်''

သည်စနေမှာ ဈေးဝယ်ဖို့ ဝသန် တာဝန်ယူခဲ့သည်။ မမကြီးကို သနားလို့ပါ။

သူမ ရှယ်လိုက်ရသည့်လူနာက အသည်းအသန်။ မနေ့က ဆုံးပါးသွားခဲ့ပြီ။ စိတ်ရော လူရော ပင်ပန်းခဲ့သည့် မမကြီးကို အနားယူစေခဲ့ပြီး ဝသန် ဈေးဝယ်ဖို့ထွက်ခဲ့သည်။

လိုင်ကားတိုးစီးမည်။ သည်မှာပဲ ဖွဲသူရဇ၏ကားလေး သူမအနားသို့ ရောက်လာခဲ့တာ။ လက်ဖက်ရည်ဆိုင်ရှေ့မှ

ဆိုင်ကွက်ထဲမှ ကာလသားတွေလည်း ဆိုင်ထဲမှာအပြည့်။

''တက်စ် ဈေးလိုက်ပို့မယ်''

''နေပါစေ''

''နင်လုပ်ပုံ ယုတ္တိမရှိဘူးနော်။ နင်ပဲ ငါ့ရည်းစားလို့ ပြောထားပြီး''

''ဒါက သူတို့အန္တရာယ်ကလွတ်အောင်ပါ။ နာမည်လေး သုံးတာများ နာနေရသေး''

''မနာပါဘူး၊ ဒါပေမဲ့ ယုတ္တိပေဒနဲ့တွက်ရင် နင် ငါ့ကားပေါ် တစ်ခါတလေ စီးသင့်တာပေါ့။ ခုလို မျက်နှာချင်းဆိုင် တွေ့နေရဲ့နဲ့ ငါက နင့်ကို လိုက်မပို့ဘူးဆိုရင်လည်း ငါ ရိုင်းရာ ကျတာပေါ့ဟာ''

''မကျပါဘူး၊ ခု တို့ (၂) ယောက် နှုတ်ဆက်နေကြ တယ်။ စကားပြောနေကြတယ်။ သူတို့မြင်သွားပြီ၊ တော်ပြီပေါ့၊ ချပြီပေါ့''

''ဘယ်ရည်းမလဲ၊ ငါက ရည်းစားမှန်သမျှကို လေးလေး စားစား၊ အရေးထားတယ်လေ။ ကွဲခါမှကွဲရော။ တွဲတုန်းတော့ ချစိုက်တယ်''

''သေလိုက်၊ အဲမှာလဲသေ''

ဝသန် ခပ်ဆောင့်ဆောင့်ပင် ကားဂိတ်သို့ ရောက်သွားပြီး ဆိုက်လာသည့်ကားပေါ် တက်မည်လုပ်တော့ ဘယ်အချိန်နောက်ရောက်နေမှန်းမသိသည့် ဇွဲသူရက ဆွဲထားခဲ့သည်။

''လာပါဟာ၊ ဒီနေ့တော့ ငါ့ကားနဲ့ စျေးလိုက်ခဲ့စမ်းပါ။ ငါ့မေမေ စျေးဝယ်ခိုင်းလို့ပါ''

ကားလွတ်သွားခဲ့ရပြီမို့ ဝသန် ဇွဲသူရ၏ကားနှင့် စျေးသို့ လိုက်ခဲ့ရတော့၏။

ဇွဲသူရပုံစံက လေကလေးတချွန်ချွန်။

''နင် ငါ့ကို တကယ်ပဲတွဲလိုက်ပါလား ဝသန်''

''နင်နော် ငါတို့က ဘဝသမားတွေ။ ဘဝမှာ ဂလေရိုက်နေဖို့ အချိန်မရှိဘူး။ တစ်နေ့ (၂၄) နာရီနဲ့မလောက်လို့ စိတ်တောင်ညစ်နေရတာ''

''နင့်တာဝန်တွေ ငါကူထမ်းမှာပေါ့ဟာ။ နင့်အလုပ်ချိန်တွေ လျှော့။ ဘဝဆိုတာ ပေါ့ပေါ့ပါးပါး နေရတယ်ဟ''

''မပေါ့ချင်ပါဘူး၊ ငါတို့က အကျင့်ပါနေပြီ။ တံပိုးပေါ့ရင် မနေတတ်တော့ဘူး''

''ဒုက္ခက မသေးပါလား။ ဘာလို့ ဒီလောက်တောင် အလုပ်တွေ လောဘကြီးနေရတာလဲဟာ။ သေရင် ကိုယ့်နောက်

ပါပါဘူး''

''သေရင် မပါပေမယ့် မသေခင်ပါအောင် ကြိုးစားရတာပဲ''

''နင်က ငါ့နာမည်ယူသုံးတာ ကိစ္စမရှိဘူး။ ငါ့လက်ရှိကြိုးစားက စိတ်ဆိုးပြီးထားပစ်ခဲ့ပြီ''

''ဟင် ... ဒါလေးနဲ့ ထားခဲ့စရာလား။ နင်နဲ့ငါ ဟုတ်မှဟုတ်တာ။ တွဲသွား၊ တွဲလာလည်း လုပ်နေတာမဟုတ်''

''နင်နဲ့ငါ ဖယ်ရီအတူစီးပြီး ကျောင်းသွားကြတယ်လေ''

''အဲဒါ ဆန်းသလား။ နင့်ကိုယ်ပိုင်ကားကို လိုက်စီးတာ မဟုတ်ဘဲ။ အများနဲ့တူ စီးကြတာပဲ''

''သူက အစကတည်းက မသက်ာနေတာ။ အမြဲသနာရှာနေတာ။ အေးတာပေါ့ဟာ၊ ငါက ချစ်သူဆိုလည်း ဆုံးလို လိမ်လိမ်မာမာ ပိုင်းကောင်းကျောက်ဖိုလေးမျိုး လိုချင်တာ။ သူလို နိုက်ကလပ်တက်၊ sexy ကျကျဝတ်ပြီး boy friend တွေ လိုပေါက်နေတဲ့ မိန်းကလေးမျိုးကို ခေတ်မီအောင်သာ ဝင်တွဲထိုက်ရတာ စိတ်လေပါတယ်''

''ငါ့လာပြီး ပြဿနာမရှာနဲ့နော်။ ကိုယ့်ဘဝနဲ့ကိုယ် နေသည်းလျှောက်နေရတာ။ နင်တို့လို အချိန်မအား၊ လူမအားဘူး။

လူပေါ်ကြော့တွေ ဝေးဝေးကရှောင်တယ်''

သူကားပေါ် စီးနေရပေမယ့် ပိသဿလေးဘေးပစ် ငြ
ချလိုက်ရတာပါပဲ။ နို့မို့ မလွယ်။

''ငါ လူပေါ်ကြော့ မဟုတ်ပါဘူးဟာ။ ဖယ်ရီဆိုလည်
ဒရိုင်ဘာမအားရင် မောင်းပေးလိုက်တာပဲ။ အိမ်မှာလည်း ဘ
ခိုင်းခိုင်း လုပ်ပေးတယ်။ ခုလည်း ငါ ဈေးဝယ်သွားမှာ။ မေမေ
စာရင်းရေးပေးလိုက်တယ်။ မယုံဘူးလား ဒီမှာကြည့်''

သူက တကယ်ပင် စာရွက်နှင့်ငွေထုပ်ကို ပြလေ
ဝသန်မယုံပါ။ ရွှေလက်ကောက်နှင့် ကျားငစဉ်းလဲပုံပြင်လို လ
ကောက်ကိုပြပြီး ကျားက ဖမ်းစားတာ။

''ငါ့လက်ရှိ မေသည်းက မမိုက်ပါဘူးဟာ။ ငါ့
အရမ်းနိုင်တယ်။ အရမ်းပြဿနာရှာတယ်၊ ငါ့ကိုမလေးစားဘူ

''လေးစားအောင် နေပေးလိုက်ပေါ့''

''မရဘူး၊ သူက ငါ့ထက်တောင် ဘီယာသောက်နို
သေး။ မူးရင်လည်း အရမ်းရစ်တာ။ ငါ သူ့အမူးဒဏ်ခံရတ
မျှားပြီ''

''တော်စမ်းပါ ဇွဲသူရရယ်။ ငါ့ဘာသာ အေးဆေး
ဖွေစားသောက်နေတာ လာပြီး ဆွဲမစိစမ်းပါနဲ့။ ငါ အခု နို

ားပေါ်က ဆင်းရမလားပြော။ နင့်နာမည်လေးသုံးတာတောင်
ခံနိုင်ရင်လည်း ပြော''

''ရပါတယ်ဟာ။ နင် မသနားလည်း ခံရုံပေါ့။ မေး
သည်းနဲ့ပြတ်တာပဲ အဖတ်တင်တယ်''

ဩော် ... ဒုက္ခ ဒုက္ခ။ ခေတ်ကောင်လေးတွေများ
ည်းစားထားဖို့ကိစ္စကို ထမင်းစား၊ ရေသောက်သည့်နှယ်။

ချစ်စကား ကြိုက်စကားပင်မပြောတော့။ အလုပ်
ဘောဆန်ဆန် စကားတွေပြောပြီး ပြဿနာတစ်ရပ်ကို ဖြေ
ှင်းနည်းမျိုး ဖြေရှင်းချင်နေကြတာ။

အံ့သြစရာ။

ဈေးရောက်တော့လည်း ဝသန်ဈေးဝယ်သမျှ နောက်မှ
သွားသွက်လိုက်ပြီး သူ့အမေဝယ်ခိုင်းသည့် ဈေးစာရင်းကိုလည်း
ယ်ပေးလိုက်ရသေးသည်။

''အပြန်တော့ ငါ့ဘာသာလိုင်းကားနဲ့ပဲ ပြန်ပါရစေတော့
ော်ပြီ''

''ဩော် ... နင်ကလည်း ဆင်ပြောင်ကြီးအမြီးကျမှ
တစ်။ တစ်တက်စားလည်း ကြက်သွန်၊ နှစ်တက်စားလည်း
ကြက်သွန်ပါဟာ။ နင့်ကိုငါ ကိုက်မစားပါဘူး။ ငါ့ရာဇဝင်မှာ

လည်း ဘယ်အမျိုးကောင်းသမီးကိုမှ မဖျက်ဆီးခဲ့ပါဘူး။ ငါ့ကို သိက္ခာကျအောင် မလုပ်ပါနဲ့၊ လိုက်ခဲ့ပါ''

''တော်ပြီ ရတယ်၊ ငါ လိုင်းကားစီးနေကျ။ နင်ပြန်တော့''

တကယ်ပင် ဈေးခြင်းကိုဆွဲပြီး ဝသန် ကားမှတ်တိုင်ဆီ အပြေးသွားနေတော့ ဇွဲသူရ ခေါင်းကုတ်နေရသည်။

အေးလေ၊ ငါကလည်း ရပ်ကွက်ထဲက ငပွကြီးပဲ။ တော်ရုံအေးအေးဆေးဆေး မိန်းကလေးတွေကကြောက်မှာပေါ့။

သူနှင့်တွဲသည့်မိန်းကလေးများကလည်း သူ့လိုပင် ခေတ်နှင့်အညီ ခေတ်ရှေ့မှပြေးနေကြသူတွေပါ။

ပြောရလျှင် ဘက်ညီသူတွေပေါ့။

ဇွဲသူရ ကိုယ့်စိတ်ကိုယ်ပြန်ဆန်းစစ်ကြည့်တော့ ဘာမှ မသဲကွဲ။

အလန်းလွန် အလွန်လန်းတွေကိုတွဲရတာ ရိုးသွားလို့ သည်လို ဗိုင်းကောင်းကျောက်ဖိလေးကို တွဲချင်မိတာလား။

သူ့စိတ်ကလည်း သိပ်အစိုးရတာတော့မဟုတ်။ စိတ်ထဲမှာ မခံချင်စိတ်တော့ ဖြစ်မိပြီ။ သူ့ရာဇဝင်မှာ မရဘူးဆိုတာမရှိ

မရှိ မလှ မဝဆိုသည့်စကားဟာ သူ့အတွက်မဟုတ်

''ဝသန်ရယ် ... နင်က ဘာမို့လဲ၊ တစ်လမကြာခင် နင် ငါ့ခြေရင်းမှာ ပျော့ခွေဝပ်စင်းသွားစေရမယ်''

ဇွဲသူရ ရင်ထဲမှ ကြိုးဝါးသံကို ဝသန်သာကြားမည်ဆို လျှင် နေစရာပင် ရှိတော့မည်မထင်။

*

မြင့်မြင့် ★ စာ
31 ထန်းဘပင်အနောက်လမ်း
လှည်းထန်းကမာရွတ်

မိန်းမတစ်ယောက်ကို မြင်လိုက်သည်နှင့် ညစ်ညမ်းသော
အတွေး အကြည့်တွေ အလိုလိုဖြစ်ပေါ်နေသလားပင်မသိ။
ကိုယ်ပြုစုစောင့်ရှောက်ခဲ့ရသည့် လူနာတွေကို အများ
အားဖြင့် မမှတ်မိတာများပါသည်။ သူတစ်ယောက်သာ မှတ်မှတ်
ထင်ထင် ရှိနေ၏။

နောက် အိမ်ကိုလိုက်လာ၊ ရေခဲသေတ္တာဝယ်ပေး ဖုန်း
ဆက်။ မရင်းနှီးချင်ပေမယ့်လည်း ရင်းနှီးနေရပြီ။

သူကလည်း ပြည့်ကသာဆိုတယ်။ ရန်ကုန်မှာ မကြာ
ခဏ မြင်နေရတာ။ အထူးသဖြင့် သူမရဲ့ဂျူတီနာရေက်များမှာ
သူရောက်ရောက်လာခဲ့တတ်သည်။

ဘယ်လိုနည်းပညာတွေနှင့် သိနေသည်တော့မသိ။
သည်နေ့တော့ ရင်သားကင်ဆာအဒေါ်ကြီးတစ်ယောက်ကို
ဆေးရုံသို့ သူပို့လာခဲ့သည်။ နောက် စပါယ်ရှယ်နာစ်ငားတော့
သည်း ခင်ထက်ပန်။

ကိုယ်ဂျူတီချိန်ပြီးသည့်ရက်တွေနှင့် တိုက်ပြီး နေ့ည
စပါယ်ရှယ် (၃) ရက်ယူရသည်။

သူက လူနာစောင့်၊ နောက်ထပ်လူနာစောင့်က ဆေးရုံ
ကျမှ ရှာရသည်။ တောက်တိုမယ်ရလုပ်ပေးမယ့် ကောင်မလေး

အခန်း (၁၅)

ကိုဝေမိုးနှင့် ခင်ထက်ပန် ဖုန်းအဆက်အသွယ်တော့
ပြောဖြစ်နေကြသည်။ သည်လိုပဲ သာကြောင်း၊ မာကြောင်း
သတိရကြောင်း။

နောက် ကျန်းမာရေးကိစ္စတွေ။ ကျန်းမာရေးကိစ္စက
ခင်ထက်ပန် မနေနိုင်။ အကြံပေးမိ ဆွေးနွေးမိပါသည်။

နို့မိုဆိုလျှင်တော့ စကားဖြတ်ပစ်သည်ချည်း။ ရွှေစွန်ည
ဘာလိုလို့ ဝဲတယ်ဆိုသလိုပဲ ယခုခေတ်ယောကျ်ားတွေ အများ
ဟာ sex ကိစ္စပဲ စိတ်ဝင်စားနေကြလေသလားမသိ။

တစ်ယောက်ကို သည်ကျမှငှားရသည်။

''ကျွန်တော့် ဆွေမျိုးနီးစပ်အဒေါ်။ သူက ချို့တဲ့တယ်လေ။ အမြင်မတော်လို့ ကူညီတာပါ''

''ဩော်''

သူက ဆွေမျိုးတွေကို ကူညီတတ်သူပေါ့။ အဒေါ်ကြီးက ဆင်းရဲနွမ်းပါးတာတော့ သိသာသည်။ ကိုဝေမိုးပဲ ကူညီပံ့ပိုးပေါ်သည်။

''သူမှာ သားထောက်သမီးခံလည်း မရှိဘူး။ အပျိုကြီးလေ။ သနားဖို့တော့ ကောင်းပါတယ်''

''အင်းပေါ့၊ ဒါဆိုလည်း စပါယ်ရှယ်မငှားနဲ့လေ။ ဘာသာ အဆင်ပြေပါတယ်။ ဆေးရုံက ဂရုစိုက်ပါတယ်''

''ရတယ်၊ ကိုယ်က သူ့ကို အသေအချာ အားရှိအောင် ထားချင်တာ။ သေမယ်ဆိုရင်တောင်မှ နွေးထွေးလုံခြုံစွာနဲ့ သေစေချင်တာ''

''မသေနိုင်သေးပါဘူးလေ''

အန်တီကြီးကို ရင်သားဖြတ်ရ၊ အနာကျက်အောင်လုပ်ရသည်။ နောက် တစ်လ (၁) ခါ ဆေးသွင်း ဓာတ်ကင်ရမည် ထင်သည်။

သူက ဒီလိုတော့လည်း တော်ပါသည်။ ခင်ထက်ပန်းကလည်း အန်တီကြီးကို သေချာဂရုစိုက်ပေးပါသည်။

''ဆရာမလို့ခေါ်ရတာ စိမ်းပါတယ်ဗျာ၊ ညီမလို့ ခေါ်ရမလား၊ ခင်လို့ခေါ်ရမလား''

''ဆရာမပဲ ကောင်းပါတယ်''

''ညီမလို့ ခေါ်ပါရစေ''

ခင်ထက်ပန် ဘာမှပြန်မပြောတော့။ ခင်မင်နေတာလည်း အမှန်၊ ခေါ်ပေါ့။

''ညီမ ကိုယ်ရေချိုးတာ၊ ထမင်းစားတာ ညီမအိမ်မှာသွားလုပ်လို့ရမလား။ ဟိုတယ်နဲ့ ဒီသွားလိုက်၊ လာလိုက် ပြန်လိုက်လည်းမောလို့ပါ။ ကား ညီမတိုက်ခန်းရှေ့ ထားပါရစေနော်''

''အင်''

ဘယ်လိုပြောရပါ့။ မနေ့ကတင် သူက အသားငါးအသီးအရွက်နှင့် သစ်သီးဝလံတွေ ဝယ်ပြီး သွားရင်းလာရင်း ရေခဲသေတ္တာထဲ ဖြည့်သွားတာ။

သည်ယုန်မြင်လို့ သည်ခြုံထွင်တာလား။ သူတောင်းဆိုသည်များကို စဉ်းစားကြည့်တော့လည်း ကားထားရုံ၊ ထမင်းစားရေချိုးရုံ။

ကိုယ်ရော ညီမဘွေပါ အိမ်မှာမရှိကြ။ သူတစ်ယောက်တည်း စားမှာ နေမှာ ရေချိုးမှာ။

''ကျွန်မ မအားဘူးနော်၊ ညွှေ့ခံမယ့်သူမရှိဘူး။ ညီမတွေလည်း တစ်နေကုန် ကျောင်းမှာ။ ပြီး ကလေးတွေ စိတ်အနှောင့်အယှက်ဖြစ်မှာလည်း မလိုလားဘူး''

''ကိုယ်သိပါတယ်။ နေ့လယ်ဘက် ရေချိုး၊ ထမင်းစား၊ ချက်ချင်းပြန်ထွက်မှာပါ။ ကလေးတွေရှိတဲ့အချိန်လည်း မဟုတ်ပါဘူး။ ညီမ အိမ်ကအတွင်းပစ္စည်းတွေ ဘာတွေတော့ ဝှက်ထားပေါ့လေ။ စိန်၊ ရွှေ၊ နီလာ၊ ဥဿဖယား''

ခင်ထင်ပန် သက်ပြင်းချရသည်။

''ကားကို တိုက်ခန်းရှေ့ ပိတ်မရပ်နဲ့။ ခပ်လှမ်းလှမ်းက ကွက်လပ်မှာထား''

''ဟုတ်ပြီ၊ ဟိုလိုလို ဒီလိုလိုပေါ့ ဟုတ်လား''

''ကျွန်မတို့ကို ယုန်ထင်၊ ကြောင်ထင် အထင်မခံနိုင်ပါဘူး။ ရှင်နဲ့ပတ်သက်မိတာကိုမှားတာ''

''ဟောဗျာ ...ကိုယ်က လူဆိုးမို့လား။ ညီမရယ် ဘာမှလည်း အနှောင့်အယှက်မပေးရပါလားဗျာ''

''အလကား၊ လူနာပွဲစား လာလုပ်နေတယ်။ အဲဒါ

ရှင့်အဒေါ်ရော ဟုတ်ရဲ့လား''

''ကိုယ့်အဒေါ်မဟုတ်ရင် ကူညီစရာလား ညီမရယ်။ ကိုယ် အရူးမှမဟုတ်တာ။ ကိုယ်ငယ်ငယ်တုန်းက သူလက်ပေါ်မှာ ကြီးခဲ့ရတယ်လေ။ ခု ကိုယ်တတ်နိုင်သလောက် ပြန်ပြီးစောင့်ရှောက်တာပါ။ ကားကိုလည်း ညီမအိမ်ရှေ့ အပြီးထိုးမထားပါဘူး။ ပြည်ကိုပြန်ပြီး အလုပ်ကိစ္စတွေလုပ်တဲ့အခါ လုပ်ရမှာပါ။ ဟိုနဲ့ဒီ သွားချည်၊ လာလှည့်ပါ''

''ရှင်က ဘာအလုပ်တွေလုပ်တာလဲ''

လူနာအခန်းထဲမှာစောင့်ရင်း လူနာက မနေ့ကတင် ရှင်သားဖြတ်ထားပြီး ယခု ဆေးရိုးနှင့် အိပ်ပျော်နေပေပြီ။

သူနှင့်ခင်ထက်ပန်တို့ ခပ်ကျိတ်ကျိတ် စကားတွေ ပြောနေဖြစ်တာ။

''သိချင်ပြောပြမှာပေါ့ ညီမရယ်။ ကိုယ်က ဆိုင်ကယ်ဒိုးရွမ်းဖွင့်တယ်။ ကားပစ္စည်းအပို ရောင်းဝယ်တယ်။ ဝပ်ရှော့လည်း ဝါသနာပါလို့ သူငယ်ချင်းတွေနဲ့ စပ်တူ''

''ယုံချင်စရာပဲ''

''ဟောဗျာ၊ ကိုယ့်ကိုကြွားတယ်ထင်နေတာလား။ ဆောရီးပါဗျာ။ ဘာမှလည်း မဟုတ်ရပါလားဗျာ။ ခရိုနီကြီးတွေလို၊

''ကောင်းပြီ၊ ညနေ (၄) နာရီထက် ပိုနောက်မကျနဲ့။ ကျွန်မညီမ (၂) ယောက် ပြန်လာချိန်မှာ ရှင့်ကြောင့် စိတ်အနှောင့်အယှက်မဖြစ်စေချင်ဘူး''

''အိုကေ သင့်ခ်ယူ ညီမ''

တိုက်ခန်းသော့ကိုယူပြီး ကိုဝေမိုးထွက်သွားလျှင် ခင်ထက်ပန် အန်တီဒေါ်သူသူစိုးကို သက်သာအောင် ပြုစုပေးနေခဲ့ပါသည်။

*

ခင်ထက်ပန်ကတော့ သူ စီစဉ်ပေးခဲ့သည့် ခေါက်ဆွဲကြော်ကို စားသည်။ လူနာအတွက်က အိုဗာတင်းဖျော်၊ မုန့်နှင့်။

ညနေ (၃) နာရီခွဲလောက်မှ ပြန်လာတော့ သူအသွင်ကသန်းဆန်းလျက် တရေးအိပ်ခဲ့ပုံ။

''ညီမတို့အတွက် ကိုယ်ဟင်းချက်ပေးခဲ့တယ်။ စားပွဲပေါ်မှာ အသင့်ပြင်ပေးခဲ့တယ်''

''အို အားနာစရာရှင့်''

ဘောစကြီးတွေလိုလည်း မဟုတ်ပါဘူး။ ရုန်းကန်လှုပ်ရှားနေရတဲ့ ဘဝသမားလေးပါ''

''ရှင် ခုလို ကာလသားလုပ်နေတော့ ရှင့်မိန်းမနဲ့ ကလေးတွေကို ဘယ်သူစောင့်ရှောက်လဲ''

''ပြောချလိုက်တာ အပိုင်ပါပဲလား။ ကိုယ့်ပုံစံက ကလေးတစ်ဒါဇင်ရဲ့အဖေပုံ ပေါက်နေသလား''

ကိုယ့်စကားတွေက သူ့ကို စိတ်ဝင်စားသည့်ပုံစံပေါက်နေပြီလားရယ်လို့ ခင်ထက်ပန် စကားရပ်လိုက်ပါသည်။ လူနာလည်း နိုးလာပြီး ညည်းညူနေပေပြီ။ အချိန်ကိုကြည့်လိုက်တော့ နေ့လယ် (၁၂) နာရီ။

''ရော့ ... တိုက်ခန်းသော့။ ရှင်ရေချိုး၊ ထမင်းစားလို့ရတယ်။ ဟင်းကတော့''

''ရတယ်၊ ကိုယ့်ဘာသာ စားချင်တာ ချက်စားလိုက်မယ်။ ညဉ့်ခန်းထဲမှာ ခဏမှေးလို့ ဖြစ်လား။ ဆေးရုံမှာ မအိပ်တတ်တော့ အိပ်ရေးမဝလို့ပါ။ ကိုယ် ခုည ပြည်ပြန်ဦးမယ်လေ။ အိပ်ရေးမဝရင် လှမ်းမှာ တစ်ခုခုဖြစ်မှာစိုးလို့ပါ''

သူ့စကားတွေကြောင့် ခင်ထက်ပန် မငြင်းနိုင်။ အိပ်ရေးမဝလျှင် ကားအက်ဆီးဒင့်တွေ ဘာတွေဖြစ်နိုင်တာ။

''မနာနဲ့၊ ညီမတို့က ဘယ်သူမှ အားတာမဟုတ်ဘူး အလုပ်လုပ်တဲ့စက်ရုပ်ကလေးတွေအတိုင်းပဲ။ ကိုယ်ပြည်မှာ (၂) ရက်လောက်လုပ်စရာရှိတာ လုပ်မယ်။ ပြီးရင် ပြန်လာမယ်နော် အဒေါ်က ကြာဦးမယ်ထင်တယ်''

''ကျွန်မသိတာတော့ ဒီလိုလူနာမျိုးက အကြာကြီး ဆေးရုံမတက်ရပါဘူး။ ခု သူ့အနာကျက်ရင် အိမ်ပြန်ရမယ်။ နောက်မှ သူ့ရက်ချိန်းအတိုင်း ဆေးလာသွင်းရ ဓာတ်ကင်ရလုပ်ရမှာ''

''သြော် ... ဒါဆို အနာကျက်ဖို့ဆို''

''လွန်ကြာ တစ်ပတ်ပေါ့။ ရှင်မတတ်နိုင်ရင်ပြောစပါယ်ရှယ်နှစ်က နေ့ရော ညရောဆို တစ်နေ့ နှစ်သောင်း တစ်ပတ်ဆို တစ်သိန်းခွဲလောက်ကြီးကုန်တာ''

''ဟာ ... တတ်နိုင်တာပေါ့ ညီမရဲ့။ ခုကိုပဲ တစ်ပတ်စာပေးခဲ့မှာ။ ညီမပဲ စောင့်ပေးနော်''

''မဖြစ်ဘူး၊ ကျွန်မတို့က ဂျူတီအားတဲ့အချိန်တွေပဲ စပါယ်ရှယ်လိုက်ရတာ။ ကျွန်မသူငယ်ချင်းနဲ့ (၂) ယောက်ဆိုမှ အဆင်ပြေမယ်''

''သြော် ... ဒါဆိုလည်း အဆင်ပြေအောင်လုပ်ပါ''

ငွေရှင်းပြီး သူ အန်တီစိုးကို စကားစမြည်ပြော အားပေးသည်။

''ကျွန်တော် ညနေ (၆) နာရီ ပြည်ခဏပြန်မယ်။ (၂) ချက်နေပြီးပြန်လာမယ်နော်။ ဘာမှ အားမငယ်နဲ့ အန်တီ။ ဒီဆရာမကို လူနာအပ်ပစ်ခဲ့ပြီ။ သူ ပစ်မထားဘူး။ ကျွန်တော့် ချက်နာနဲ့ စောင့်ရှောက်လိမ့်မယ်''

ခင်ထန်ပန် မျက်စောင်းထိုးမိတာမလွန်။ သူရုပ်က ပြီးစနဲ့ခဲ့။

''ပြန်ရင်လည်း မနက်ဖြန်ပြန်ပါလား။ ညဘက် တစ်ယောက်တည်းဆိုတော့ ငိုက်ပြီး အန္တရာယ်''

''ဟာ ပေါ်ပြီ။ ညီမ အစ်ကို့ကို စိုးရိမ်နေတယ် မဟုတ်လား''

''မစိုးရိမ်ပါဘူး။ ရှင် အက်ဆီးဒင့်ဖြစ်ဖူးတာကို သတိရလို့ပါ။ ဟိုင်းဝေးမောင်းတယ်ဆိုတာ ညဘက် တစ်ယောက်တည်းဆို အန္တရာယ်ကို ဖိတ်ခေါ်သလို ဖြစ်နေမှာပေါ့''

''ကိုယ့်အလုပ်သမားတစ်ယောက်ပါမှာပါ။ သူ ရန်ကုန်ချောက်နေတယ်''

''တော်သေးတာပေါ့၊ ဒါဆို''

ကြည့်ရှုစောင့်ရှောက်ပါတယ်။ တစ်ခုပဲ''

''ဘာ ... ဘာတစ်ခုလဲဟင်။ သူက မိန်းမပွေသလား။ မိန်းကလေးတွေနဲ့ ရှုပ်တတ်သလား''

''သြော် ... မဟုတ်ပါဘူး။ သူက သဘောကောင်းတာ၊ မိန်းကလေးတွေက သူတို့ကိုကြိုက်နေတယ်၊ နှစ်သက်နေတယ် ထင်တတ်ကြတာပေါ့ကွယ်။ တကယ်ကတော့ သူကိုက နေတတ်တာ။ ကူညီတတ်တာ။ အမြင်မတော်ရင် ပေးကမ်း ကူညီတော့တာလေ။ လက်ဖွာတယ် ခေါ်မလားပေါ့ကွယ်။ ဒါကြောင့် သူဌေးကြီး ပဂေးကြီး မဖြစ်တာပေါ့။ ခုလည်းကြည့်၊ အန်တီ့ကို ကူညီတာ။ သူနေမယ်ဆို နေသာပါတယ်ကွယ်။ အန်တီ့မှာ တူအရင်း၊ တူမအရင်းတွေ ရှိသားပဲလေ''

ပြောရင်းမှ ဒေါ်သူသူစိုး မျက်ရည်တွေလွှဲလာသလို ခင်ထက်ပန်လည်း ရင်ထဲ အရှက်သီးနင့်သွားပြီး ငိုချင်စိတ် ပေါက်မိရော့။

သူက သဘောကောင်းတော့ မိန်းကလေးတွေက သူတို့ကို ကြိုက်နေတယ်ထင်ကြတယ်တဲ့။

အမြင်မတော်ရင် ပေးကမ်းကူညီတတ်တယ်တဲ့။

သြော် ... ခင်ထက်ပန်တို့ကို အမြင်မတော်လို့ ကူညီ

''စိတ်ပူပေးလို့ ကျေးဇူးပါပဲကွာ''

''မပူပါဘူး။ တော်ကြာ မကြားဝံ့ မနာသာတွေ ဖြစ်နေမှာ စိုးတာတစ်ခုပဲ''

ကိုဝေမိုး ဘာမှမပြောတော့ပေမယ့် ကျေနပ်နှစ်သိမ့်ညှို့မှုက်နှာဖြင့် ခင်ထက်ပန်ကို နှုတ်ဆက်ကာ ပြည်သို့ပြန်သွားခဲ့ပါသည်။

ဘာပဲဖြစ်ဖြစ် သူအကြောင်းသိဖို့လိုသည်မို့ ခင်ထက်ပန် အန်တီစိုးကို သွယ်ကာ ဝိုက်ကာ မေးရပါတော့သည်။

''အန်တီနဲ့သူက တကယ့်ဆွေမျိုးရင်းချာတွေလား''

''ဟုတ်ပါတယ်ကွယ်။ အန်တီက သူ့အဒေါ်တစ်ဝမ်းကွဲပါ''

''မသိပါဘူး၊ ဆေးရုံလာချင်တာနဲ့ လူနာရှာပြီးလာတာလားလို့''

သည်မေးခွန်းဟာ ကိုယ့်ကိုယ်ကိုယ် အထင်ကြီးရာရောက်နေတာမို့ ခင်ထက်ပန် ရှက်သွားရ၏။ ဒေါ်သူသူစိုးကတော့ ကောင်းမွန်စွာဖြေပါသည်။

''တူဝရီးမို့ သူ အကုန်အကျခံတာပေါ့ကွယ်။ မောင်ဝေမိုးက ပရဟိတစိတ်ရှိပါတယ်။ သူ့အလုပ်သမားတွေဆိုလည်း

တာပေါ့။ ဒါကို မိမိက တလွဲထင်တာလား၊ ရှက်လိုက်တာ
အေးလေ၊ အဲလိုသိထားရတော့လည်း အေးတာ
သူ့စိတ် သိထားရတာကောင်းတာပေါ့။

ခင်ထက်ပန် အန်တီစိုးကို ရေပတ်တိုက်ပေး၊ အဝတ်
ပေး၊ အနာကြည့်ပေးရင်း ရင်ထဲမှာ ဆွေးနှင်နှင်။

ငါ ဘာဖြစ်နေတာလဲ။ ဘာကို စိတ်မချမ်းမသာ
သွားတာလဲ။ မဟုတ်သေးပါဘူးလေ။



အခန်း (၁၆)

သောကြာနေ့ မနက်ကတည်းက ကျောင်းအားကစားပွဲ
တွေရှိနေတာမို့ ညီပြည့်စုံ ခွင်တည့်သွားသည်။

သူရဲ့စပိုင်တွေကတော့ ပန်းနုနှင့်နီနီ။ အားကစားပွဲတွေ
မို့ အားပေးလည်းရ၊ အိမ်ပြန်လည်းရပါသည်။

ဝသုန်တို့အဖွဲ့ ယောင်လည်လည် ဖြစ်နေကြတုန်း ကား
နှင့် ပေါက်ချလာသူက ညီပြည့်စုံ။ ပန်းနုနှင့်နီနီက အကယ်ဒမီ
ရှေ့။

"ဟာ ... ကိုကို အတော်ပဲ၊ ပန်းနုတို့ ဒီနေ့ အားကစား

ပွဲတွေရှိလို့ စာမသင်ရတော့ဘူး။ ကိုကိုပြောတဲ့ လော်ကားတို့ ဂျပန်ဘုရားတို့ ပို့လေ''

''ငါ မအားဘူး''

ညီပြည့်စုံ ဖိန့်လိုက်တာပါ။ တကယ်က သတင်းအရ လာတာ မဟုတ်လား။

''အပိုတွေပြောမနေနဲ့။ လုပ် လော်ကားသွားမယ်။ အဲဒီမှာ မျောက်ကလေးတွေ ငတ်ပြတ်နေလို့ဆို။ မျောက်စာဝယ်မယ်။ နီနီတို့စားဖို့သောက်ဖို့လည်း တစ်ခါတည်း ဝယ်ထည့်ခဲ့။ ဒိုးကြို့ လိမ့်ကြို့''

''အေးပါ။ ဒါဆိုလည်း တက်။ နေဦးဟ ငါတစ်ယောက် တည်းဆိုတော့ ကြောက်တယ်။ နင်တို့က (၃) ယောက်ကြီး တောင်။ ငါလည်း တစ်ယောက်လောက် ခေါ်ပါရစေဦး''

''ခေါ်မနေနဲ့၊ တော်ပြီ။ ကိုကို့ကို ဘယ်သူမှ ကိုက်မစားဘူး။ ရောင်းမစားဘူး။ တက် သွားကြစို့''

အားလုံးပင် တွန်းတင်တော့ ကိုကိုကလည်း ခပ်တည်တည်။ ကားရှေ့ခန်းဆီ ဝသုန်လက်ကိုဆွဲသွားပါလေ၏။

''ကိုကိုနဲ့အတူမစီးချင်ဘူး နံတယ်''

''အံမာ ...ငါ ဒီလောက်သန့်တာကိုများ နံသတဲ့။

ပြောပါဦး ဘာနဲ့လဲ''

''မသိဘူး၊ ယောကျ်ားကြီးတွေရဲ့အနံ့''

''ခွေးမလေး ... သေချင်လို့။ ငါက မိန်းမကြီးတွေရဲ့အနံ့ မျိုး နံရဦးမှာလား''

ဝသုန်လက်ကို တင်းတင်းဆွဲပြီး ကားရှေ့ခန်းထဲထည့်သော် ဝသုန် ပါသွားရပါ၏။ နောက်က (၂) ယောက်ကတော့ ဆင်ဖြူတော်မှီပြီး ကြိစုပ်နေကြလေ၏။

ညီပြည့်စုံအသွင်က ၄က်သွင်ပျံကြွမတတ်သော် ဖြစ်နေလေ၏။ နောက်ဘက်ကိုလည်း လှမ်းပြီး ညွှန်ကြားလိုက်သေး၏။

''လမ်းမှာ စားစရာဝင်ဝယ်၊ ရိက္ခာဖြည့်မယ်။ ပြီးရင် ဦးဘူ လော်ကား''

''အိုကေ''

သူကားလေးက သည်တစ်ခါ ခပ်သေးသေး။ လှစ်လှစ်ပြေးနေတာ ကားဖြူလေး။

လမ်းမှာ စားစရာအဖြစ် ဒန်ပေါက် (၄) ဘူးနှင့် မုန့်တွေ ရောဘူး အချို အချဉ်။

ညော့ ...ပိုက်ဆံပေါသူတွေတော့လည်း လက်ညှိုးညွန်ရာ ရွေဖြစ် ငွေဖြစ်နေတာ။

ပန်းနုနှင့်နီနီက ဝယ်။ ကိုကိုက ငွေရှင်း။ ဝသုန်က မျက်လုံးပြူးပါသည်။

''ပိုက်ဆံတွေ နှမြောစရာ။ အလကား လျှောက်ဖြုန်းနေတယ်''

ကားပေါ်ရောက်တော့ ဝသုသန် တိုးတိုးလေးရေရွတ်နေတာ။ သူမတို့ညီအစ်မ (၃) ယောက်မှာဖြင့် မနည်း လူပ်ရှားရှုန်းကန်နေရတာ။

''ဒါ ဖြုန်းတယ် ဘယ်ခေါ်မလဲ ချာတိတ်ရယ်။ သုံးတာ သုံးတာ''

''ဘာလို့ ဒါ ကျောင်းစရိတ်မဟုတ်ဘူးလေ။ လှော်ကားဆိုတာ မသွားလည်းရတာပဲ။ အခု သူငယ်ချင်းတွေနဲ့ သွားတော့ ပိုပြီး ပိုက်ဆံကုန်တာပေါ့''

နှုတ်ခမ်းလှလှလေးကို ရှုံ့မဲ့ပြီး ညည်းညူနေသည့် ချာတိတ်လေးကို ညီပြည့်စုံ ချစ်စနိုးဖြစ်ရပါသည်။

''ကိုကိုက သူများတွေလို နိုက်ကလပ်မတက်ဘူး။ မာဆတ်မသွားဘူး။ ဟိုတယ်တွေမှာ မစားဘူးလေ''

''အဲဒါတွေက''

''အဲဒါတွေလုပ်မှ ဖြုန်းတယ်ခေါ်တာကွ။ ငွေတွေ သိန်း

ကုန်မှာလေ။ ကိုကိုက ဆေးလည်းမချဘူး၊ အရက်မသောက်ဘူး။ လူလိမ္မာမဟုတ်မေမယ့် လူဆိုးလည်း မဟုတ်ဘူး''

''ကိုကို ခုသုံးတာ ဒန်ပေါက် (၄) ဘူးနဲ့ ရေသန့်၊ အချို့ရည် အားလုံးပေါင်းမှ (၂) သောင်းထဲကုန်တာ။ ချာတိတ်နဲ့ ကိုယ့်ညီမတွေနဲ့ ခုလို သွားတော့ စိတ်အပန်းပြေတယ်။ စိတ်ချမ်းမြေ့ပျော်ရွှင်ရတယ်။ ဒီချာတိတ်တော့ မလွယ်ဘူးဟော့။ ကိုကိုနဲ့ရရင် ကိုကို့ကို အငတ်ထားမှာလားမသိ''

''ဟာဗျာ ... ဘာတွေပြောမှန်းလည်းမသိဘူး''

အရှက်မျက်နှာလေးနှင့် နုနု၊ နီနီ ပန်းသီးမလေးအား ညီပြည့်စုံ တစ်နေ့တခြား ပိုချစ်လာမိရပါသည်။

လောဘမရှိ၊ ဒေါသမသီ၊ သောကမသီသည့် အဖြူသည် ကောင်မလေး။ အိမ်မှကိစ္စနှိုင်းနင်းပြီး သဘောဖြူ၊ အူစင်း၊ ကြီးကောင်း ကျောက်ဖိကောင်မလေး။

အဓိက,က ချစ်သူမရှိခဲ့ဘူးတာ။

သည်ခေတ်ကြီးက အတတ်တွေမျိုးစုံပြီး အတတ်ကျူး၊ ကိုယ်လုံးဖြစ်နေသည့်ခေတ်မို့ ညီပြည့်စုံ 'အက်တိုးပစ်အပျိုစင်' အဖွဲ့နှင့် တိုးမှာစိုးပါသည်။

အပျိုစင် နုနုဖူးဖူးလေး သဘောဖြူမနောဖြူလေးဆိုတာ

ပြတိုက်ထဲမှာပဲ ထားဖို့ကောင်းတာ။

မနှစ်က တစ်နှစ်လုံး မျက်စိအောက်မှာ ဖူးပွင့်ခဲ့သည့် ပန်းဖူးကလေး။

အရှက်ရပ်ကလေးနှင့် ဟိုတိုး သည်တိုးဖြစ်နေသည့် ကောင်မလေးကို သူကတော့ ခပ်ပြုံးပြုံးပင် ကြည့်နေမိသည်။

လှော်ကားမှာ သူတို့လိုပဲ အဖွဲ့တွေ ရှိပါသည်။ အကြည့် အဖန်အတွဲတွေလည်း ရှိပါ၏။ လှော်ကားဥယျာဉ်ကြီးက ကျယ်လွန်းလို့ လူတွေကတော့ ကျဲကျဲပါးပါး။

နာရီဝက်လောက် အကောင်ပလောင်လေးတွေ လျှောက်ကြည့်ပြီးတော့ အရိပ်တစ်ခုမှာ နားဖို့ ညီပြည့်စုံ နှီးဆော်လိုက်သည်။

''ကဲဟေ့ ... နားကြစို့၊ စားကြစို့။ (၁၁) နာရီကျော်ပြီ၊ ထမင်းစားချိန်''

''မဆာသေးဘူး။ ဟိုနား ဒီနားလျှောက်ကြည့်ဦးမယ်''

''နင်တို့ ငါလိုက်မထိန်းနိုင်ဘူးနော်။ ကိုယ့်အန္တရာယ်လည်း ထည့်တွက်ကြဦး''

''ကိုကိုရှည်တာ၊ ဂျပန်ဘုရား သွားမယ်ဆိုတာ။ အကြောင်း ဒီခေါ်လာတယ်။ လူမနီးသူမနီး တောကြီးတောင်ကြီးထဲ''

''ဟေ့ ... နင်တို့ပဲ လှော်ကားဆိုလို့ လှော်ရတာ။ ဘာခုမှ ဟိုပြော ဒီပြော။ သွားတာနောက်မှသွား။ လာ အရင်စားကြစို့''

''မစားသေးပါဘူးဆိုမှ။ ဟိုနား ဒီနား လျှောက်သွားလိုက်ဦးမယ်။ ကိုကိုတို့စုံတွဲစားနှင့်''

''အံမယ် ... အံမယ် ... တော်တော်ဆိုးတဲ့ကောင်မလေးတွေ။ ခေါ်လာရကျိုးနပ်ပါပေ့''

ညီပြည့်စုံ ပြုံးပြုံးကြီးနှင့် ဝသုန်ဘက်လှည့်လိုက်တော့ ဝသုန် အခင်းခင်းနေတာမို့ မမြင်။ အစားအသောက်ခြင်းကို ချပြီး စားဖို့ သောက်ဖို့ ပြင်ဆင်ပေးလေ၏။

''ကောင်းတယ်၊ ကိုကိုတို့ (၂) ယောက်တည်း တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး စားရတော့ ပိုစားလို့ကောင်းတာပေါ့''

''ဘာမှမဆိုင်ဘူး။ ဝသုန်တော့ ဆာပြီ။ ကိုကို ဒီဒံပေါက်တစ်ဘူးလုံး တစ်ယောက်တည်း စားရမှာနော်''

''သြော် ... စားပါဗျာ။ ချာတိတ်မဝရင် ကိုကို့ခွဲတမ်းပါကျွေးပါ့မယ်။ ဆွဲသာဆွဲ။ အဲ တစ်ခုတော့ရှိတယ်နော်။ ကိုကိုက အလှကြိုက်တယ်။ ပေါင်ချိန်တစ်ရာကျော် နှစ်ရာဖြစ်ပြီး ပိုက်ရွဲ

ကြီးဆိုရင်တော့ လှည့်မကြည့်ဘူးမှတ်''

''အံမယ် ... လူများ အစားပုပ်ကြီးမှတ်လို့လား''

''သိနိုင်ဘူးလေ၊ ကြိုပြောထားရတာ''

စကား,စကား ပြောပါများ စကားထဲက ဇာတိပြတဲ့။ ညီပြည့်စုံက ဘာတွေပြောပြီး ဝသုန်က ဘာတွေဖြေမိမှန်းမသိ။

စကားတွေက ဝရုန်းသုန်းကား။

''ကဲ ... ဆွဲကြစို့''

ဒံပေါက်ဘူးတွေဖွင့်ပြီး (၂) ယောက်သား စားကြတော့ ညီပြည့်စုံက ဇွန်း၊ ခက်ရင်းနှင့်။ ဝသုန်ကတော့ လက်နှင့်စားသည်။

ကြက်သားဖတ်တွေ ကုန်အောင်မစားရမှာစိုးလို့ပါ။ ဝသုန်ဟာ ကလေးစိတ်မကုန်သေးတာမို့ ထမင်းမကုန်ပေမယ့် ဟင်းတော့ ကုန်အောင်စားသည်။

နောက် ကလေးလေးလို ညီပြည့်စုံဘူးထဲသို့ လှမ်းကြည့်လိုက်သေး။

''အသားတွေလည်း ကုန်အောင်မစားဘူး''

''ခွေးမလေး အရိုးကိုက်ချင်လို့လား။ သွားလှလှလေး တွေကျိုးလို့ သွားကျိုးမ ဖြစ်လို့ကတော့ လှည့်ကြည့်မယ်မထင်နဲ့''

ညီပြည်စုံရုပ်က ခပ်တည်တည်။

''အရိုးမကိုက်ပါဘူး။ ကိုကို့ကို အသားတွေထွင်ပေးရမလားလို့ပါ''

''မဖားနဲ့''

''ဖားတာမဟုတ်ပါဘူးနော်။ ကိုကိုက ရွရွလေးစားနေတော့ ဟင်းဖတ်မှာ အသားတွေကျန်နေလို့ပါ''

''နေပါစေ၊ အမျိုးကောင်းသမီးဆိုတာ အစားမကြီးရဘူး။ အစားလောဘမကြီးရဘူး။ အလှမပျက်စားရတယ်။ ကျွန်ဒြေနဲ့စားရတယ် သိလား''

''အင်းပါ ... ဝသုန်စားတာ ကျွန်ဒြေပျက်လို့လား''

''ပျက်တာပေါ့။ လက်ကြီးနဲ့စားနေတာ။ ငတ်ကို ငတ်တယ်၊ ဟင်း''

ညီပြည့်စုံ ချစ်လို့စနေတာပါ။ ဝသုန်စားတာ သည်လောက်ကြီးလည်း ကျွန်ဒြေမပျက်ပါ။

ဝသုန် စားလက်စဘူးကို ပြန်သိမ်း၊ လက်သွားဆေးရင်းသူ့ဘက်သို့ လှည့်မလာတော့ ညီပြည်စုံ မျက်လုံးပြူးသွား၏။

''ဟော''

ကျောလေး သိမ့်ခနဲ တုန်သွားသဖြင့် ချာတိတ် ငိုနေမှန်း

သိရလို့ပါ။

''ဟော့ကောင်မလေး မင့်ကိုခဲ့လေ။ ကိုကိုစနေတာ။ ချစ်တယ်နော်၊ ချစ်တယ်။ ဘယ်လိုစားစား၊ ဘယ်လောက်ဝဝ ချစ်တယ် သိလား။ မင့်ကိုခဲ့ ...တိတ် တိတ်''

''အင်''

ကိုယ် မျက်ရည်ကျတာက ရှက်လို့ပါ။ လူကို အငတ်လှုံပြောနေတာလေ။

ဒါကို သူက ချစ်တယ် တိတ်တိတ်ဆိုတော့ ဝသုန် ဘယ်လိုလုပ်ရမှန်းမသိ။

အပျက် အပျက်နဲ့ နှာခေါင်းသွေးထွက်တယ်ဆိုတာ ဒါမျိုးလား။

အာဏာဖီဆန်မှုတော့ လုပ်ရမှာပဲ။ အလကားနေရင်း လူလည်ကြီးသားသမီးရဲ့လက်အောက် ကျရောက်မခံနိုင်။

မျက်ရည်တွေကို လိပ်ကလေးလို ဘယ်ညာအနိုင်သုတ်ရင်း သူ့ဘက်လှည့်ကြည့်သည့် ရုပ်ကလေးက ထန်တန်တန်၊ နုနုနီနီလေး။

''ဟော့ ... လူကို ဆင်ကြည့်မကြည့်နဲ့။ ဆင်ကြီ ကြီမင့်လား။ လာ မုန့်စား၊ သစ်သီးစားဦး''

''တော်ပြီ စူစကာမဟုတ်ဘူး။ ပေါင်ချိန်နှစ်ရာလည်း ဖြစ်မခံနိုင်ဘူး''

''ဟောဗျာ၊ ကိုကို့စကားကို အတည်ယူပြီး ဗွေယူနေတယ်ပေါ့၊ ဟုတ်လား။ ကိုကို့ညီမလေးကို ချစ်လို့စနေတာပါကွာ။ အိုက်အမဲလေးကို ဗွေမယူပါနဲ့နော်။ ပွင့်လောက်ကြီးဖြစ်လည်း ယူမှာပါ။ ဝမ်းနှတ်ဆေးလေးသာ နေ့တိုင်းတိုက်မှာ''

''ကိုကို စကားပြောတာ ကြည့်ပြော''

''ကြည့်ပြောနေတာပဲလေ။ ဘာဘီရုပ်လေးလို၊ ခွေးချိုက်လေးလို ရင်ခွင်ထဲမွေ့ထည့်ထားချင်လှပြီ။ လာ ကိုကို့ဆီပေါ် လာထိုင်''

သူက လသားအရွယ်လေးကို ချီမည့်ပုံစံမျိုး လက်လှမ်းလာ၊ ဝသုန် ဒေါသတွေ အလိပ်လိုက်ထွက်ရသည်။

ညာတာပါတေးနဲ့ ပွဲချင်းပြီးလုပ်နေတာ။ ငဲ့ကို အူကြောင်ကြောင် လုပ်နေတာ။ ချော်လဲရောထိုင်လုပ်နေတာ။

ဝသုန် သူ့ကို ရန်တွေ့ဖို့၊ ပက်ပက်စက်စက်တွေပြောဖို့ အင်အားစုစည်း၊ စကားလုံးစုစည်းလိုက်ပါသည်။

သို့သော် ခက်တာက ဝသုန် ရန်မတွေ့တတ်။ လူတစ်ယောက်သား နှစ်နာအောင် မပြောတတ်ပါ။

"ကိုကို ဆတ်စလူးမတွေ၊ ဆန်ကာပေါက်မတွေလက်
က လွတ်အောင်ပြေးပါရစေ။ ကျောင်းကလည်း ပြီးတော့မှာ။
လိုင်းပဲရှိတော့တယ်။ ကိုကို ချောက်ထဲကျဖို့ လက်နှစ်လုံးလောက်
ဲ လိုပါတော့တယ်။ မလွဲမရှောင်သာဖြစ်ဖြစ် ကယ်တင်လိုက်ပါ
နော်"

ကျောင်းတုန်းက ကျက်ထားသည့်စာတွေ ပြန်ပေါ်လာ
ပြီး ညီပြည့်စုံ စွတ်တင်နေတော့ ကောင်မလေးက သူ့ကို အငေး
သား ကြည့်လို့။

သနားသွားလေသလားမသိ။

တစ်ဆင့်တက်ပြီး သူ ဝသုန်ကို ရင်ခွင်ထဲဆွဲယူတော့
သူမက ရှောင်ထွက်သွား၏။

"ဘာမှလာမပြောနဲ့။ ဝသုန်နဲ့ ဘာမှမဆိုင်ဘူး။ ကိုယ့်
ပြဿနာကိုယ်ရှင်း။ ဝသုန်ကို တရားခံမလုပ်နဲ့။ လာပြီးဆွဲမထည့်
နဲ့။ ကိုကို လူလည်ကြီးပါ။ ကိုယ့်ပြဿနာကိုယ်ရှင်း"

ဝသုန် သူ့ကိုထားခဲ့ပြီး ပန်းနုနှင့်နီနီရှိမည်ထင်သည့်ဘက်
သို့ အပြေးကလေး ထွက်ခဲ့ပါလေသည်။

*

"ကိုကို ခင်ဗျား တော်တော် တရားလွန်လာပြီနော်
လူကို သူငယ်နှပ်စားလေးမှတ်နေသလား။ နေရင်း ထိုင်ရင်း
လူကို ချောက်ထဲဆွဲချနေချင်တာ။ ကျုပ်ကိုလာပြီး အူကြောင်
ကြောင် မလုပ်နဲ့၊ မလှည့်စားနဲ့"

ဝသုန် လက်သီးလေးဆုပ်ပြီး မျက်စိမှိတ်အော်နေတာ
သူ လူလည်ကြီးလုပ်နေလို့ပါ။ ဒါကို ကိုယ်တော်ချောက ဘယ်
သဘောပေါက်သည်မသိ။

ဝသုန့်အနားကပ်လာကာ ပခုံးလေးဖက်ရင်း နှစ်သိ
နေပါ၏။

တကယ့်ကို အနာတခြား ဆေးတခြား။ ခါးတောင်
ကျိုက်တလွဲ ဖင်တလွဲ။

"မလှည့်စားရဲပါဘူး ညီမလေးရယ်။ နတ်နဲ့နဂါး မလှည့်
စားနဲ့တဲ့။ နဂါးမျက်စောင်း အကြောင်း (၃) ပါးမရွေးဘူးဆိုတာ
လည်း ကိုကိုသိပါတယ်။ ကိုကို့ပထွေးတော်ကြီးက ကျောင်းပြီး
သူ့သမီးနဲ့ပေးစားမယ်လို့ ရာဇသံပစ်နေပါပြီ ချာတိတ်ရယ်။ ဘ
သားကြီးကတော့ နှင့်မှာချစ်သူရှိရင် ခေါ်ခဲ့၊ ချက်ချင်းပေးစားမယ်
လို့ပြောပါတယ်။ ကိုကို့ကို ကယ်တင်တော်မူပါနော်။ တစ်သက်သ
ဖူးဖူးမှုတ်ထားပါ့မယ်"

လေး (၂) ယောက်သာ တွေ့ရပါသည်။

''ဟေ့ ညီမလေး ... အဖော်မပါဘူးလား။ ကိုကိုတို့နဲ့ လာပေါင်းလေ''

''ဒွေးမယ်နော်လေး မျက်စိလည်နေသလား''

ကြည်ပြာနရောင် ဝတ်စုံလေးနှင့် နုနုလေးလှပနေသည့် ဒသုန်ကိုလှမ်းစပြီး ကောင်လေးတစ်ယောက်က သူမထံ လျှောက်လာခဲ့သည့်အဖြစ်။

အလို သူတို့အဖွဲ့က ဘီယာတွေသောက်နေကြတာပါလား။ ဘီယာဆိုတာလည်း အရက်ပဲ။ မူးယစ်ဆေးဘွေတောင် ပါချင်ပါမှာ။

ဝသုန် ကြောက်ပြီး နောက်ကြောင်းပြန်ပြေးဖို့ လှည့်လိုက်တော့ သူမနှင့် မလှမ်းမကမ်းမှာ ညီပြည့်စုံ။

''ကိုကို''

သူက ရင်ဖွင့်ကြိုနေတာမို့ ဝသုန် သူအနားလည်းမသွားရဲ။ သူကပ်လာပြီး ပခုံးဘက်ခေါ်သွားတာ ခေတ္တငြိမ်နေရသည်။

''လာ လျှောက်ကြည့်ကြစို့။ နာရီဝက်လောက်ကြာရင် ပြန်မယ်။ တော်ကြာ အချိန်မီ အိမ်ပြန်မရောက်လို့ ကောင်မလေး တစ်ယောက် ခိုးရာလိုက်နေဦးမယ်''

အခန်း (၁၅)

သူငယ်ချင်းဆိုတာတွေကပဲ ချောက်ထဲဆွဲချတတ်ကြတာ။ ပန်းနုနှင့်နီနီတို့ (၂) ယောက်သား တိုင်ပင်ထားသည့်အတိုင်း ပျောက်ချက်သားကောင်းနေကြပါ၏။

ညီပြည့်စုံဟာ လက်ရဲ ဇက်ရဲကြီးသာဆိုလျှင် ဝသုန် ဘာဖြစ်မည်မသိ။

သူမ အပြေးထွက်သွားတော့ ကျယ်ဝန်းလှသည့် လှော်ကား ဥယျာဉ်ထဲမှာ သူတို့ (၂) ယောက်ကို ရှာမတွေ့ပါ။

အခြားအဖွဲ့မှ ကောင်လေး (၃) ယောက်နှင့် ကောင်မ

''ကိုကို တော်တော်လင်လိုချင်နေတယ် ဟုတ်လား ကိုကို့ပါးစပ်က ထွက်လိုက်ရင် ဒီအကြောင်းပဲ''

''လင်လိုချင်တာပေါ့ ချာတိတ်ရဲ့။ ကိုကိုက အခွံ ရောက်ပြီလေ။ အသက်ကလည်း (၂၃) ထဲမှာ။ ချောက်ထဲ လည်း ကျမယ့်ဆဲဆဲ''

ကန္တဲ့ကလျာဟန်နှင့် ညီပြည့်စုံပြောရင်း ဝသုန်ကို လှ ဆွဲကာ ကမ္ဘာကြီးထဲ လျှောက်သွားချင်လိုက်တာ။

ဘဝဆိုသည့် ပင်လယ်ပြင်ကြီးထဲသို့ သူကသာ ခုန် ချင်လို့ တကဲကဲ၊ တဲ့ရွရွ ဖြစ်နေပေမယ့် ကောင်မလေးပုံစံ ဟန်ဆောင်ကာမူပိုနေတာမဟုတ်။

တကယ့်ကို အကြောက်ကြီးနေသည့်ပုံလေး။ အိမ် ထောင်ရေးဆိုတာ မလွယ်မှန်းသိပါရဲ့။ သို့သော် ညီပြည့် အတွက်တော့ ပင်လယ်ပြင်မှာ ကူးခတ်ဖို့ တက်တွေ၊ ရွက် စုံနေပြီ။

သံသရာခရီးကြီးက ရှည်လျား၊ ထွေပြားလွန်းလို့ ချစ် စရာ အဖော်ဌက်မလေးကို လိုချင်တာပါ။

ကိုယ်ကတော့ ပညာစုံတော့မည်မို့ ကြင်ယာလည်း စုံ ပြီလေ။

ဒါကို ပြောမရ ဟောမရ။ သူ့ဌက်မလေဟာ ငယ်ငယ် နုနုလေးမို့ ဖမ်းရမှာတောင် အားနာပါရဲ့။

လောလောဆယ် လှော်ကားဥယျာဉ်ထဲ လျှောက်လည် ရင်း ယဉ်ပါးအောင် ရင်းနှီးအောင် နှုံးရ နှပ်ရ။

ကျိုက်ထီးရိုးအတူသွားလည်း နှုံးမရ။ ယခု လှော်ကား။ ဘကယ့်ကို ပြုတ်မနူးသည့် စုန်းပြုံးမလေး။

ကြည်ပြာရောင်နုနုဝတ်စုံလေးနှင့် ဆံနွယ်လေးတွေ လွင့်လွင့်နှင့်။ ဖြူစင်နုသစ်သည့် ကောင်မလေးဟာ သူ့ရဲ့ အချစ်ဦးမလေးပေါ့။

သည်လိုလေ။ မရယ်ကြပါနဲ့ဗျ။

ရည်းစားတွေမို့လိုပေါက်ခဲ့ပေမယ့် ဘယ်သူကိုမှ အလေး အနက်မထားခဲ့ဘူးပါ။ ဘုရားစူး မိုးကြိုးပွတ်။

သည်လိုပဲ အပျော်တွဲလိုက်ကြ၊ ကွဲလိုက်ကြ။ သိပ်ရစ် သည့်ရည်းစားဆိုထားပစ်ခဲ့လိုက်တာပဲ။

သူများသားသမီးကို တည်းခိုခန်းလည်းမခေါ်။ ဆိတ် ကွယ်ရာလည်း မသွား။ သည်လိုပဲ ရုပ်ရှင်ထဲကလို ဟေးဟေး ဟားဟားနှင့် တွဲခဲ့တာပါ။

ယခု ဝသုန်လေးကျမှ ရင်ဘတ်ထဲကလာသည့်အချစ်

နှင့် တမြည့်မြည့်ခံစားနေရတာ။ ဒါကို မချောလေးက မထုံထ
သေးနှင့်။ ယုံပုံလည်းမပေါ်။

အပျော်ကစားနေတယ်ပဲ ထင်နေပုံ။

ခင်ယုံကြည်အောင် ဘယ်လိုပြောရမလဲကွယ်။

ကျားတစ်ကယ်လာတော့ မည်သူမျှ မယုံကြတော့သ
ဝသုန်ဟာ ငယ်ပေမယ့် လောကဓံကိုခံနိုင်သည့် လ
သည့် ချာတိတ်မလေး။ အဖိုးမဖြတ်နိုင်သည့် ရတနာတုံးလေး

သူ ဝသုန့်လက်ကို ဆွဲပြီး လှော်ကားဥယျာဉ်ထဲ လွှ
ကြည့်နေတုန်း မျောက်ကလေးတစ်ကောင် သူမအပေါ် ခုန်
ပါ၏။

''အမေ့''

ကျေးဇူးတော်ရှင်မျောက်ကြောင့် ကောင်မလေး
ရင်ခွင်ထဲ တိုးဝင်လာသဖြင့် ညီပြည့်စုံ မျောက်ကို ဦးအကြိမ်
ချမိ၏။

''ဟာ ... ဒီမျောက် ကျေးဇူးရှင် သွားပါဗျာ သွား

မျောက်ကို ဂိတသံနှင့်နှင်ရင်း ညင်သာစွာဖယ်
ကိုရွှေမျောက်က စပ်ဖြီးဖြီး။

''ကိုကို လုပ်ပါဦး ကိုကို''

''အေးပါဟာ ဖယ်နေတာပဲ။ မျောက်ကိုက်ရင် နူတက်
ကိုကို သိပါတယ်''

ကောင်မလေးကို ခြောက်ရင်း ကျစ်နေအောင်ဖက်ရင်း
တော်တော်ကြီးပွားနေတော့မှ မျောက်က တာတာ့လုပ်ပြပြီး
ပြေးတော့သည်။

သူကတော့ အရှိန်နှင့်ဆက်ဖက်ထားတုန်း သည့်စဉ်
နှင့်နိနီအနားသို့ ပြေးလာကြရင်း –

''မိုပြီ ... မိုပြီ၊ နှစ်ယောက်သား အတော်ခရီးရောက်နေ
တာပေါ့လေ။ ကဲ ကိုကို မငြင်းနဲ့တော့။ ပန်းနုသူငယ်ချင်းကို
ရောရရဲ့တော့ ကြံမယ် စိတ်မကူးနဲ့နော်။ ပန်းနုနဲ့ ကမ္ဘာ့ရန်ဖြစ်
ကြမယ်''

''မကူးပါဘူးဟာ။ တာကယ်ယူမှာပါ။ ငါ ပထွေးတော်ကြီး
သမီးကို မယူချင်တာလည်း နင်သိသားပဲ''

''အိုကေ ... ကိုကိုကျောင်းပြီးဖို့ (၃) လပဲလိုတော့တယ်။
လေးကို အပိုင်ချုပ်ထားပေတော့။ ပန်းနုသူငယ်ချင်းလေးက
ဖိုးတန် အမျိုးမှန်လေး''

''ငါ သိပါတယ်၊ ပထမနှစ်ကတည်းက စောင့်ကြည့်လာ
တဲ့ ပန်းနုကလေးပါ။ ဒီနေ့တော့ ပွင့်ပြီပေါ့ဟာ''

''ဩော် ... ကိုကိုက နှံပြီစုတ်ကို အစောကြီးကတည်းက အမြှောက်နဲ့ချိန်နေတာပေါ့လေ''

''ဒါပေါ့ဟ''

သူတို့မောင်နှမ၏စကားတွေက မကြားဝံ့ မနာသာ။ သက်ထားဝသုန် မျက်လုံးပြူးရ၏။ အပျက် အပျက်နှင့် ချစ်သူတစ်ယောက်ရတော့မည့်အဖြစ်။

''ဘာတွေလဲ၊ ကိုကို မဟုတ်တာတွေ မပြောနဲ့။ ကိုကိုနဲ့ ဝသုန် ဘာမှမဟုတ်ဘူးနော်''

''ဟင် ညီမလေး ... ကိုကို့ရင်ခွင်ထဲရောက်တုန်း သူတို့ မိသွားကြတာလေ''

''အံမာ ... အဲဒါ မျောက်ခုန်ချလို့ ကိုကို့ကိုလန့်ပြီး ဖက်မိတာပါနော်။ အသားမယူပါနဲ့''

''မရဘူး ... မရဘူး။ ဖက်ပြီးစလစ်ပဟေ့''

နီနီကအော်တော့ ဝသုန် ထွက်ပြေးမည်ပြင်လဆင် ညီပြည့်စုံ ကောင်မလေးကို ဖျတ်ခနဲ ဆွဲထားလိုက်၏။

''ကဲ ... ဒါဆိုလည်း အားလုံးရှေ့မှာ လူကြီးစုံရာရှေ့မှာ ကိုကို ညီမလေးကို ချစ်ခွင့်ပန်ပါတယ်။ ချစ်ပါနော်၊ ကိုကို လင်လိုချင်လို့ပါ''

သူက ဝသုန့်ရှေ့မှာ ဒူးတစ်ဖက်ထောက်ပြီး ရုပ်ရှင်ဇာတ်ကားတွေထဲကလို အိုက်တင်ပိုနေတော့ သက်ထားဝသုန် မျက်နှာ ဘယ်ထားရမှန်းမသိ။

''ကိုကို ဒါ နောက်စရာမဟုတ်ဘူး။ ဆင်ကျီစားရာ ဆိုတ်မခံနိုင် ဖြစ်နေပြီ''

''ဟောဗျာ ... တကယ်ချစ်ခွင့်ပန်နေတာပါ ခင်ဗျာ။ ခင်ဗျားလေးက မျက်ဖြူဆိုက်လေ ဆရာကြိုက်လေ ဖြစ်နေတာ မဟုတ်လား''

''မကြိုက်ပါဘူး၊ ကိုကို့ကိုယုံလည်း မယုံဘူး၊ ကြိုက်သည်း မကြိုက်ဘူး။ ဝသုန့်ကို လာပြီး ခေါင်းစားမနေနဲ့။ ဝသုန့် ညီမှန်းချက်က လိမ်လိမ်မာမာလေးနေပြီး မိဘတွေနဲ့အတူ ဘဝကို ဒိုးတူပေါင်ဖက် ချီတက်မှာ''

''အပျိုကြီးလုပ်မှာပေါ့ ဟုတ်လား''

''အင်း''

ညီပြည့်စုံ ဒူးထောက်ပြီး ချစ်ခွင့်ပန်နေရာမှ ညင်သာစွာ ထရပ်လိုက်ပါသည်။

တော်တော်အကြောက်ကြီးနေတဲ့ ကောင်မလေး၊ ခေါင်းမာနေတဲ့ ကောင်မလေးပဲ။

သူမကို လေးလေးစားစားနှင့် တရားဝင်ခွင့်ပန်နေလို့ တော့ ရမှာမဟုတ်။

မြန်မာနိုင်ငံက အလုပ်သမားတွေ ထိုင်းကိုခိုးထွက်သလို လုပ်မှပါပဲ။

အပေါ်လမ်းကနေ ဗီဇာတွေ၊ လေယာဉ်လက်မှတ်တွေ နှင့် လုပ်နေလျှင် ကြာသည်၊ ငွေကုန်သည်။

အောက်လမ်းက သွားလည်း ရောက်တာပါပဲ။ ကားစီး ခိုးဝင်။ အဓိက,က ရောက်ဖို့။

''ကဲ ကဲ မမ မကြိုက်လည်းနေ။ အစ်ကိုလို၊ မိတ်ဆွေ လိုတော့ ခင်တယ်မဟုတ်လား''

''အင်း''

''ပြီးရော ...လာ ပြန်ကြစို့''

''ပန်းနုတို့ ဒံပေါက်မစားရသေးဘူးလေ။ မုန့်လည်း စားရဦးမယ်''

''အရေးထဲ ဒီအငတ်မက တစ်မျိုး။ စားပြီးမှသွားမှာ ပေါ့''

အားလုံးပင် သစ်ပင်ရိပ်သို့ ပြန်လာကြပြီး ပန်းနုနှင့်နီနီ က ဒံပေါက်စား၏။ ကိုကိုပုံစံက ခြေပစ်လက်ပစ်။

အလွမ်းမင်းသားကြီးကိုင်လ်နှင့်။

ဝသုန် ခိုးကြည့်နေမိပါသည်။ ရင်ထဲမှာတော့ နင်တင်ထင်။

နင်လို့မဖြစ်ပါဘူးလေ။ ငါ မေမေတို့ မမတို့နဲ့ပဲ နေမယ်။ သောက်ကျားတွေက ကြောက်ဖို့ကောင်းတယ်တဲ့။

လက်ဝှေ့သမားတွေလိုပဲ။

ဘယ်ခြောက်ခါ ညာလှမ်းတယ်။

ညာကို အယောင်ပြပြီး ခြေသလုံးကို သိမ်းရိုက်တယ်။ ခါးရိုက်ခွဲချင်ခွဲတယ်။

ကြောက်တတ်ရင် ဝန်ကင်းသတဲ့။

ဝေးဝေးက ရှောင်တာ၊ မပတ်သက်တာဘဲ ကောင်းပါတယ်လေ။

အဲဒီနေ့က ညနေ (၄) နာရီမှ အိမ်ပြန်ရောက်သည်။ ကိုကိုပဲ ပို့ပေးရတာပါပဲလေ။

*

အခန်း (၁၈)

ကိုဝေမိုးပြန်လာတော့ ကားကို ခင်ထက်ပန်တို့အခန်းနှင့် မလှမ်းမကမ်းမှာရပ်ပြီး လက်ဆောင်တွေ တစ်ပွေ့တစ်ပိုက်နှင့် တိုက်ခန်းထဲသို့ ဝင်လာခဲ့သည်။

ရှားရှားပါးပါး ခေါင်းနောက်လို့ ခင်ထက်ပန် အိမ်မှာ နားနေချိန်ပါ။

နေ့ရော ညပါ ဂျူတီတွေဝင်၊ စပါယ်ရှယ်တွေလိုက်မို့ လူက နုန်းလှပြီ။ စက်ရုပ်မဟုတ်တာမို့ သည်တစ်နေ့တော့ နား လိုက်ပြီ။

ညနေ (၆) နာရီမှ အလုပ်ပြန်ဝင်ရမည်။ ည၁၀ခန်းထဲမှာ သီချင်းသံအေးအေးလေးဖွင့်ထားပြီး ပက်လက်ကုလားထိုင်မှာ ထိုင်ရင်း သူမ မှေးခနဲ အိပ်ပျော်နေမိတုန်း။

အနားမှခြေသံကြောင့် ဆတ်ခနဲ လန့်နိုးသွားရသည်။

''ဟင် ... ကိုဝေမိုး''

''ရောက်တာကြာပြီ။ ညီမ အိပ်နေလို့ ထိုင်စောင့်နေတာ။ အရမ်းပင်ပန်းနေရှာပြီနော်''

''ဩော် ... ဒီလိုပါပဲ။ အန်တီ့ဆီ ရောက်ပြီးပြီလား။ သူလည်း ကိုဝေမိုးမရှိလို့ ထင်တယ်၊ မလန်းဘူး''

''မရောက်သေးပါဘူး။ ညီမဆီ အရင်ဝင်တာ။ လက်ဆောင်တွေပေးရင်း''

''အို အားနာစရာရှင်။ ကိုဝေမိုးပေးတာ ကမ်းတာတွေများလှပါပြီ။ တော်ပြီပေါ့ရှင်။ တစ်ယောက်နဲ့တစ်ယောက် အဲလောက်ကြီးလည်းမလိုပါဘူး''

''ဘာရယ်မဟုတ်ပါဘူးကွာ။ ညီမတို့ လိုအပ်မယ်ထင်တာလေးတွေ ဝယ်လာမိတာပါ''

စားပွဲပေါ်မှာ သနပ်ခါးတုံးတွေ၊ မုန့်ထုပ်တွေနှင့် ပုန်းရည်ကြီးတွေ။ နောက် ချည်ထည်တွေ။

''ဘာလို့ အများကြီးဝယ်လာတာလဲ။ ဆိုင်ဖွင့်လို့တောင် ရမယ်''

''ကချင်ဆင်လေးတွေလှလို့။ ညီမတို့က ညီအစ်မ (၃) ယောက်မဟုတ်လား။ တစ်ယောက်နှစ်စုံစီ။ ဝမ်းဆက်စတွေ။ ဖောက်သည်ဈေးနဲ့ (လက်ကားဈေး) ရအောင် (၆) စုံယူလာတာ။ ကိုယ့်အစ်မက အထည်ဆိုင်လေ''

''အားနာတယ်။ လက်ဆောင်ပစ္စည်းကို သိန်းဂဏန်းထိပေးတာတော့ ဝန်ပိတာပေါ့ရှင်။ ပေးသူလည်းမကောင်း၊ ယူသူလည်း မကောင်း''

''ကောင်းပါတယ် ညီမရယ်။ ခင်လို့မင်လို့ ပေးတာပဲ။ မငြင်းပါနဲ့။ အရင်အစိုးရခေတ်ကတောင် (၃) သိန်းအထိ လက်ဆောင်ယူရမယ်လို့ သတ်မှတ်ထားတာပဲ။ ကိုယ်ပေးတာ (၃) သိန်းမပြည့်သေးပါဘူး''

''ကိုဝေမိုး တော်တော်ရယ်စရာပြောတာပဲ''

ခင်ထက်ပန် ရယ်မိလိုက်တော့ သူလက်ဆောင်တွေ လက်ခံမိသလို ဖြစ်သွား၏။

သူဟာ ငါးတစ်ကောင်ကို မျှားသလို ငါးမျှားချိတ်မှာ အစာတပ်တာလား။

တစ်ခုပေးမှ တစ်ခုရတယ်ဆိုတဲ့ ခေတ်ကြီးထဲမှာ သူ ဘာလိုချင်လို့လဲ။

ငါ့ကိုလိုခင်တာလား။ သည်အသက်အရွယ်၊ သည် အနေအထားကတော့ သားတွေ၊ မယားတွေ ရှိနေရမယ့် အနေ အထားပါ။

''ကိုဝေမိုး တစ်ခါလောက် မိသားစုပါ ခေါ်လာခဲ့ပါလား ရှင့်။ ကလေးတွေရောက်ဖူးတာပေါ့''

သူမျက်နှာ သိသိသာသာ ညှိုးသွားပြီး –

''ညီမက လူတစ်ဖက်သားရဲ့အားနည်းချက်ကို ဖိထောင်းတတ်တယ်နော်''

''ရှင်ကွဲ ကွဲနေလို့လား။ ကလေးတွေ သနားပါတယ်ရှင်။ မိစုံ ဖစုံ ကြီးပြင်းသင့်ပါတယ်။ အိမ်ထောင်ကျိုးက သား သမီး တွေဟာ အရမ်းသနားဖို့ကောင်းပါတယ်''

''ကိုယ်ပုံစံက ကလေးအဖေပုံပေါက်နေလို့လားဟင်''

''ကလေးအဖေဆိုတာလည်း ချိုပေါက်နေတာမှ မဟုတ်တာ''

''ဘွတ်အဲလို့သာ အအော်ခိုင်းလိုက်ပါတော့ဗျာ။ ကဲ ... ကိုယ်သွားမယ်''

အခန်း (၁၉)

"မမကြီးတော့ ဘယ်သူနဲ့ငြိနေပြီ မသိဘူးမမရယ်။ လုပ်ပါဦး၊ မေးလည်းမမေးရဲဘူး"

"အေးဟယ် ... ငါ့ရင်တွေ ပူလိုက်တာ။ မမကြီးကို တစ်ခါမှလည်း အေးအေးဆေးဆေး မတွေ့ရဘူး။ သူက သီအိုရီပိုင်းသာ နားလည်နေတာ၊ လက်တွေ့မှတ်က ဇီးရိုးဟ"

"အမယ်လေး ခေတ်ကြီးက ဆန်းပြားလွန်းလို့ အဖြူကလည်း မည်းသွားနိုင်တယ်။ အမည်းကသာ ဖြူမလာမယ် အားလုံး သတိထားမှပါ"

သူ တိုက်ခန်းထဲမှ ထွက်ခွာသွားတော့ ခင်ထက်ပန် ပဟေဠိဖြစ်ကျန်ခဲ့ရသည်။

ကိုဝေမိုးဟာ အိမ်ထောင်ကွဲနေတာလား။ မိသားစု အကြောင်း ပြောလိုက်ရင် မျက်နှာအရမ်းပျက်သွားတယ်။

ဒေါ်သူသူစိုး အပြောအရတော့ သူဟာ လူပျို။ အင်း လူပျိုလို့လည်း မပြောပါဘူးလေ။

ဘာမှမသိရတဲ့ယောကျ်ားတစ်ယောက်ကို အဝင်အထွက် လက်ခံဖို့ မကောင်းဘူး။ ငါ့မှာ ညီမလေးတွေနဲ့။ တော်ကြာ သူများပြောစရာတွေ ဖြစ်နေမယ်။

တိုက်ခန်းတံခါးကို ယခုမှထပိတ်ပြီး ခင်ထက်ပန် ခရာ အိပ်ပျော်ဖို့ကြိုးစားပေမယ့် အိပ်မပျော်တော့ပါ။

ရင်ထဲမှာ လေးလံနေပြီး လက်ဆောင်ပုံကြီးက သူမကို လှောင်ပြောင်ပြနေလိုလို။

သူကျွေးတာတွေ စားမိနေပြီ။

ဘယ်တော့ အန်ထွက်ရမှာပါလိမ့်။

*

သက်ထား၀သုန်နှင့် ၀သုန် လက်ဆောင်ပုံကြီးကိုကြည့်
ပြီး ရင်ထဲပူလောင်နေမိကြပါသည်။ သူမတို့ပြန်လာချိန်မှာ မမကြီ
ဂျူတီဆင်းတော့မည်မို့ ခဏလေးပဲ ဆုံလိုက်ကြရပါသည်။

မမကြီးမျက်နှာမကောင်း။ သူမတို့ ညီအစ်မက အားက်
တာကြီးနှင့်သာ ခေါ်နေသည်။ အသက် (၂၅) အရွယ်။ အလှေ
နှင့် တိတ်တခိုး ဝင်းပနေသည့် မမကြီးခမျာ အရွယ်က အလှဆ
အရွယ်။

ကိုယ်လုံးရော၊ မျက်နှာပါ အပြစ်ပြောစရာမရှိ။ ကိုည
ကိုယ်ကိုယ် လှပအောင် မပြင်အားဘဲ သာမန်အပြင်အဆ
ကြောင့်သာ စက်စက်ယိုအောင် မသိသာတာ။

မမကြီး အဆင်အပြင်က ယူနီဖောင်းနှင့်၊ မျက်နှာ
သနပ်ခါးနှင့်သာ။ နူတ်ခမ်းနီတောင်မဆိုး။

သူမတို့ ညီအစ်မကို လိမ်လိမ်မာမာနေဖို့၊ ယောကျ်ားလေ
ကိုမယုံဖို့ သတိပေး၊ ဆုံးမရင်း အိမ်မှထွက်ခွာသွားသည့် မမကြီ
ဟာ သူကိုယ်တိုင်ရော ယောကျ်ားတစ်ယောက်၏ စက်ကွင်း
မိသွားခဲ့ပြီလား။

လက်ဆောင်ပုံကြီးကြည့်လိုက်၊ မမကြီးကိုကြည့်လိုက်
လုပ်နေမိတော့ ခက်ထက်ပန် မလုံမလဲ။

"အဲဒါ အညာဘက်က လူနာရှင်တစ်ယောက် ပေးသွား
ဘာ။ သူအဒေါ်က ရင်သားကင်ဆာလေ။ ငါက ရှယ်လိုက်ရင်း
လိုအပ်တာကူညီပေးလို့"

"ဩော်"

"ပေးတာကလည်း များလိုက်တာ။ ဆိုင်ဖွင့်ရောင်း
တောင် ရလောက်တယ်"

"အေးလေ ... နောက်မပေးဖို့ ပြောလိုက်ရသေးတယ်"

မမကြီး အိမ်ထဲမှထွက်သွားတော့ တိုက်ခန်းတံခါးပိတ်
ရင်း ၀သန်နှင့်၀သုန် ရင်ထဲလေးလံနေမိကြသည်။

ငုံးဆူ လူမသိ။

ဘုံလိုပဲ မမကြီးရော အတောင်နှစ်ဆယ်၀တ်တွေရဲ့
ဘယာစက်ကွင်းမှာ မိနေရပြီလား။

သူမတို့ (၂) ယောက်လုံး တွေးမိနေကြတာပါ။ ညီအစ်မ
တွေ တစ်ယောက်နှင့်တစ်ယောက် ဖွင့်ဟမတိုင်ပင်ရဲကြ။

၀သန်ကလည်း ဇွဲသူရကြောင့် စိတ်ဆင်းရဲနေရပါသည်။
ကိုယ်က အခြေအနေအရ သူနာမည်လေး ခုတုံးလုပ်မိတာနှင့်
ပြဿနာတွေကမသေး။ ဇွဲသူရက နာမည်ခံရရုံမကဘဲ လူကိုယ်
တိုင် တွဲချင်နေ၏။

ရှုပ်ရှုပ်ယှက်ယှက်လား။ ရာရာစစလား။ သူလို လူနှင့်
လူပွေ၊ ဂျွတ်စပွတ်ကြီးကို ဝေးဝေးကရှောင်ချင်ပါသည်။

ဆီကိုင်မိပေမယ့် မဆီကို အပေမခံနိုင်။ ကိုယ်က ကိုယ့်
လမ်းကြောင်းနှင့်ကိုယ် မှန်မှန်ချီတက်နေပေမယ့် ဘေးမှ အနှောင့်
အယှက်ကပေါ်လာနေပြီ။

နာမည်ခံမိသည့်ကိစ္စအတွက် ငှက်ပျောပွဲ အုန်းပွဲနှင့်
ရှိခိုးတောင်းပန်ပြီး ကျေအေးမှုယူမည့်ပုံ။

ဩော် ... ဒုက္ခ ဒုက္ခ။ မီးဆိုတာ အဝေးကြီးကိုပင်
လှမ်းပြီး အပူဟပ်တတ်ပါလားနော်။

သူဒိုင်ယာလော့တွေ၊ သူတော်ကိတွေမှာ မျောမထွက်
အောင်တော့ ကြိုးသိပြီးသား။

သူဟာ မင်းသားခေါင်းတောင် မဆောင်းသည့် ဘီလူး
စစ်စစ်။

ထီခနဲဆို ဖွဲသူရဂါပဲ။ လက်ကလည်း ယဉ်သည်။ ရည်
စားများသည်။ ဆရာကြီး၊ ပဂေးကြီးပေါ့။

ဝသန်စိတ်ထဲမှာ ဖွဲသူရကို လန့်နေပေမယ့် ငုံးဆူလူမသိ
တစ်ယောက်တည်း အုံ့ပုန်းပူနေရပါသည်။

မမကြီးနှင့် ညီမလေးကို စိတ်မဆင်းရဲစေချင်။ မီးဆိုတာ

လောင်ခင်တားရမတဲ့။ လောလောဆယ် မီးမလောင်သေးဘူး
ထင်ပါသည်။

ဝသုန်ကတော့ အငယ်ဆုံးလေး၊ ကလေးရုပ်တောင်
ပျောက်သေးတာမို့ ရည်းစားသနာကိစ္စတွေ မစဉ်းစားလောက်
သေးဘူး ထင်ပါရဲ့။

ပြောလို့တော့မရ။

ယခုခေတ်ကြီးက မျက်နှာရိုးလူလိမ်တွေ အများအပြား။
ဥက္ကာကျတ်ကတည်းက ရည်းစားလက်ဆွဲလာသူတွေ
အများအပြား။

(၃၇) မင်းကို ပန်းပင်ကိုင်စရာမလို။ အထာသိသည့်
ဆရာကြီး ဆရာမကြီးတွေ။

"ဝသုန်"

"ရှင် မမ"

"နင်ရော အခြေအနေကောင်းရဲ့လား၊ မအူမလည်နဲ့
ကျားစာဖြစ်သွားဦးမယ်နော်။ သိတယ်မလား။ ခေတ်ကြီးက အရိုး
ပါမကျန်အောင် ဆွဲစားနေကြတဲ့ခေတ်"

"သိပါတယ် မမရဲ့။ ဝသုန် ဘာမှမလုပ်ပါဘူး"

ဝသုန့်အသံလေးက မလုံမလဲ၊ မဝံ့မရဲ။ မျက်စိထဲမှာ

မြင်ယောင်နေသူက ညီပြည့်စုံ။

အပြောကတော့ ချောနေတာပဲ။ တကယ့်ကိုလက်ထ
သည်အထိ သံသရာဆုံးသည်အထိ၊ တစ်မိုးအောက်မှာ ထ
ယောက်တည်းရှိသည့်ပုံစံ။

သည်တော်ကိမျိုးတွေနှင့်ပဲ မိန်းကလေးတွေကို ခြေ
မျာပေါ့။

''နင့်ကြည့်ရတာ ထူးခြားနေသလားလို့''

''ဘာ ဘာထူးခြားလို့လဲ၊ မမကလည်း''

''အလှတွေ၊ ဘာတွေ ပြင်လာသလားလို့''

''ပြင်ပါဘူး မမရယ်။ အရင်လိုပါပဲ။ အဲ ပန်းနုပေး
မိတ်ကပ်လေး စမ်းသုံးကြည့်နေတာလေးတစ်ခု''

''မိန်းကလေးချင်းလည်း မယုံရဘူးနော်။ လူကုန်ကူ
နေကြတာ မိန်းမအချင်းချင်းတွေ''

''အင်းပါ၊ ကဲ မမ ဂိုက်သွားရဦးမှာမလား''

''အေး ...ကဲ ရေချိုးကြမယ်။ ပြီးရင် ထမင်းစား
မယ်။ မမကြီး ဘာတွေချက်ထားမလဲ''

ထမင်းအုပ်ဆောင်းကို သွားဖွင့်ကြည့်တော့ ဟင်းတွေ
အစုံ။

ကြက်သားကြော်၊ အချဉ်ကြော်၊ ငန်ပြာရည်ချက်နှင့်
ချောမျိုးစုံ။ ပုန်းရည်ကြီးသုပ်။

ဟင်းတွေများနေပေမယ့် ဟိုးအရင်ဘဝကလောက်
ကော်။

မမကြီးတစ်ယောက် ဘာတွေဖြစ်နေပါလိမ့်။

*

သည်နေ့ ကျောင်းအားရက်မို့ မမဝသန် စျေးသွားသည်။
ဆုန် အိမ်မှာနေပြီး တစ်ပတ်စာအဝတ်တွေကို မီးပူတိုက်နေပါ
သည်။

ခါးထိရှသည့် ဆံနွယ်တွေကိုလျှော်ပြီး ဖြန့်ချထားသလို
အိပ်နေရင်းမို့ ငယ်ငယ်က ဂါဝန်အနက်ပွင့်လေးကိုလည်း ဝတ်
ထားမိသည်။

ဝင်းပနေသည့် မိန်းမပျို။

သီချင်းလေးတီးတိုးညည်းရင်း အိမ်ထဲမှာ အလုပ်လုပ်
နေစဉ် တံခါးခေါက်သံကြောင့် မျက်မှောင်ကျုံ့သွား၏။

''ဘယ်သူလဲ''

''ကိုကိုပါ''

''ဟန်''

အဆင့်က အိမ်လိုက်လာသည့်အထိလား။ ကျောင်းလိုက်လာသည့်အဆင့်မှ အိမ်အထိလိုက်လာခဲ့ပြီပေါ့။

''အိမ်မှာ လူကြီးတွေမရှိဘူး''

''လူကြီးတွေ တွေ့ရအောင်လာတာမဟုတ်ဘူး။ ကလေးကို တွေ့ရအောင်လာတာ။ လူများ အလှူခံကျလို့''

''ဝသုန်တစ်ယောက်တည်း ညည့်သည်လက်မခံဘူး ကျောင်းမှာလည်း လာတွေ့နေသားနဲ့ ကိုကိုလွန်တယ်။ မမည့်မြင်ရင် တစ်မျိုးထင်လိမ့်မယ်''

''ကဲပါ ဖွင့်စမ်းပါ။ တောကြီးမျက်မည်းထဲ ကျနေတာကွာ။ ဘေးခန်းမှာလည်း လူတွေရှိသားပဲ၊ ကျောက်ခေတ်မိန်းမပျိုကျနေတဲ့ပဲ''

ဟုတ်ပါတယ်လေ။ ငါကိုက အကြောက်ကြီးနေတာ။ ဝသုန် တံခါးဖွင့်ပေးရပါ့၏။ သူက ဟိုဟိုသည်သည်ကြည့်ရင်း အိမ်ထဲသို့ဝင်လာသည်။

ဝသုန် ရန်လုပ်ပစ်ပါ့၏။

''ကိုကို အိမ်ထဲ လိုက်နှောင့်ယှက်တာတော့ မကောင်းဘူး။ ဝသုန့်အစ်မတွေ အထင်လွဲလိမ့်မယ်။ ဝသုန်က အိမ်မှာလေးပဲ''

''ကိုကို ဘာနှောင့်ယှက်လို့လဲ''

''ခုလို အိမ်လိုက်လာတာကိုက နှောင့်ယှက်တာလေ။ ပြန် ပြန်တော့။ အိမ်မှာ ဘယ်သူမှလည်း မရှိဘူး''

''ဟောမျာ၊ ညည့်ခံပုံကလည်း ရှယ်ပဲ။ လက်ဖက်ရည်လေး၊ မုန့်လေးလောက်တော့ ကျွေးပါဦး''

''ကျွေးပြီးရင် ပြန်ရမှာနော်''

''အင်းပါ ပြန်ပါ့မယ်''

ဝသုန် လက်ဖက်ရည်နှင့်မုန့် ပြင်ပေးပြီး သူကိုကျွေးမွေးတော့ ညည့်ခန်းထဲမှာ သူက ပြုံးပြုံးကြီး။

''ညီမလေးက အကုန်လုပ်တတ်တယ်နော်''

''မိန်းမပဲ လုပ်တတ်တာ ဘာဆန်းသလဲ''

''ဆန်းတာပေါ့။ တချို့ကောင်မလေးတွေ မလုပ်တတ်ဘူး။ ဆတ်စလူးတွေ။ ပေါ့ပေါ့နေ ပေါ့ပေါ့စားတွေ။ အိမ်ထောင်သည်း မထိန်းသိမ်းတတ်ဘူး။ သူတို့ရတဲ့ယောကျ်ားတွေတော့ သူတို့ဖြုန်းသမျှ ရှာတာနဲ့ ခေါင်းမွေးပြောင်မယ်''

ညီပြည့်စုံ သက်ပြင်းချကာ ထပြန်ခဲ့ရလေသည့်အဖြစ်။

*

ဝသန်။

စျေးခြင်းက နည်းနည်းတော့လေးသည်။ တစ်ပတ်မှ တစ်ခါ စျေးသွားရတာမို့ လိုအပ်ချက်တွေ အကုန်ဝယ်ရသည်။

စျေးခြင်းဆွဲပြီး ကားဂိတ်ဆီ လျှောက်လာဆဲ အနားမှာ ကပ်ရပ်သွားသည့် ကားက ဖွဲသူရန့်င် သူငယ်ချင်း (၂) ယောက်။

''ဝသန် လာ ငါပြန်ပို့ပေးမယ်''

''ရတယ် သွား။ ငါ့ဘာသာ လိုင်းကားနဲ့ပြန်မယ်''

''နင်ကလည်းဟာ။ စိတ်မကောက်စမ်းပါနဲ့၊ လာ တက်။ ငါ့မှာ တာဝန်ရှိတယ်။ နင့်ကိုပြန်ပို့ပြီးမှ ငါ့ကိစ္စဆီသွားမယ်''

သူသူငယ်ချင်းတွေကလည်း ပြုံးစိစိ။ ဖွဲသူရ ဘာလဲ၊ ဘယ်လဲဟူသည့် အကြည့်တွေနှင့်။ ဖွဲသူရ အရှက်ကွဲမခံနိုင်။ သူရာဇဝင်မှာ မရှိ မလှ မဝဆိုတာ မရှိ။

''ကဲ လာ တက်ဆိုတက်နော် ဝသန်''

''ပူမနေနဲ့၊ သူဘာသာတတ်သွားလိမ့်မယ်။ ကဲ စားကောင်း၊ သောက်ကောင်းအောင် ပြောမနေနဲ့။ စားပြီးရင် ပြန်''

''တော်တော်ညည့်ခံကောင်းတဲ့ ညီမလေးပဲ။ ကိုကိုက သူ့ကို ဘာလုပ်မှာကျနေတာပဲ။ ဘေးခန်းတွေမှာလည်း လူတွေနဲ့ကို''

''လူ လူ မမတွေ ယုန်ထင် ကြောင်ထင်ကို အထင်မခံနိုင်ဘူး''

''ဟောဗျာ၊ ခုထိ ကိုကိုနဲ့ညီမလေး ဘာမှမဟုတ်သေးဘူးလား''

''အို ဘာဟုတ်စရာရှိ။ ကိုကို ပြန်တော့၊ လာနောက်မနေနဲ့''

''တကယ့်ကို ဘုရားစူး မိုးကြိုးပစ်ပါဗျာ။ ညီမလေးကို ကိုကို တကယ်ချစ်တာပါ''

''တော်ပြီ ပြန်တော့''

''မယုံတာလား၊ မစဉ်းစားတာလား''

''အေးဆေးနေပါရစေဗျာ။ ဝသုန့်ကိုလာပြီး ကျပ်မနေစမ်းပါနဲ့။ ကဲ ...ပြန် ပြန်တော့''

နောက်ဆုံး ဆွဲမထုတ်ရဲတမယ် နှင့်ထုတ်နေတာမို့

သည်လောက်ကြွေမ်းမောင်းလာတော့ ဝသန် သူကိုဖြို့ရသည်။ လူကြားထဲ အရှက်တကွဲ အကျိုးနည်းဖြစ်မှာစိုးတာလည်းပါ၏။

"ကဲ ဘော်ဘော်လို့ နောက်ဘက်ရွှေ့။ ငါတို့ (၂)ယောက် ရွှေ့ကစီးမယ်"

"မင်းပဲ နောက်သွားပါကွာ။ လင်မယား (၂) ယောက် နောက်ကနေ ကြိုက်သလိုလုပ် လိုက်ခဲ့ပါ"

"ဟေ့ကောင်တွေ"

တဟားဟားရယ်ရင်း ဖွဲ့သူရ နောက်ဘက်သို့လျှောက်လာပြီး ဝသန့်ပစ္စည်းများကို ကားဘောက်ထဲထည့်သည်။

နှစ်ယောက်အတူ ကားနောက်ဘက်မှာစီးသည်။ ဝသန့် စိတ်စနောင့်စနင်း ဖြစ်ရပါ၏။

"ငါဘာသာ လိုင်းကားနဲ့ပြန်တာ ဟုတ်နေသားနဲ့၊ ရှုပ်ကိုရှုပ်တယ်"

"ဝသန်နော် ... နင် ငါ့ရည်းစားတစ်ယောက်လုံးလုပ်နေပြီး လိုင်းကားတိုးစီးနေတာ ငါအောက်တာပေါ့"

"ဘာမှမဆိုင်ဘူး"

"ဆိုင်တယ်၊ စကားမများနဲ့ ငြိမ်ငြိမ်နေ"

ဖွဲ့သူရနှင့်သူ ပူးပူးကပ်ကပ်မထိုင်ချင်ပေမယ့် ထိုင်နေရပါ၏။ သူက ဝသန့်ပခုံးပင် ဖက်လိုက်သေး။

"ဖွဲ့သူရနော် ... ကောင်းကောင်းနေစမ်း"

"သဏ္ဌာန်လုပ် သရုပ်နဲ့တူအောင်ပါဟာ။ ရွှေ့ကကောင်တွေ ရွှေ့မှာ ငါအရှက်မကွဲရုံလေးပါ"

"ဘာဆိုင်လဲ၊ ငြိမ်ငြိမ်နေ ငါမရိုင်းချင်ဘူး"

"အေးပါ ... အေးပါ"

ဖွဲ့သူရ သူမအနီးမှာ ငြိမ်ငြိမ်ထိုင်နေပမယ့် ဉာဏ်နီဉာဏ်နက်များ ထုတ်နေသလားတော့မသိ။

"ငါတို့ တစ်ခုခုစားရအောင်ဟာ။ ရွှေ့ကဆိုင်ဝင်မယ်"

"အို့ မစားချင်ပါဘူး။ အိမ်အမြန်ပြန်ရောက်ချင်ပြီ။ အိမ်မှာ လူမရှိဘူး။ ဝသန်တစ်ယောက်တည်းရယ်"

"ဆန်းလို့လားဟာ။ ဘာမှလည်း စိတ်မချစရာမရှိပါဘူး။ လိုင်းခန်းမှာနေတာပဲ။ ဘေးမှာ လူတွေနဲ့"

"ခဏလေးပါဟာ နော်၊ တစ်ခုခုစားရအောင်"

"ငါ မစားတတ်ဘူး၊ လူတွေကြားထဲ လူတွေအများကြီးထဲ မစားတတ်ဘူး"

"လာစမ်းပါ"

သည့်ပေးတော့ ဝသန် ရှက်လိုက်တာ။

"ရတယ်၊ ကိုယ့်ဘာသာစားမယ်"

"ကိုယ်က ခွံ့တောင်ပေးချင်တာ"

သူသူငယ်ချင်းတွေကလည်း ခပ်လောင်လောင်။

"ရတယ် ဖွဲကြီး၊ ချ ငါတို့ မမြင်ချင်ယောင် ဆောင်နေမယ်"

"မင်းတို့များ သောက်ဂရုကိုမစိုက်ဘူး။ ငါ့ဟာလေးက အရမ်းရှက်နေလို့"

"မင်းစော်ကလည်း ဘိုးတော်ဘုရားခေတ်ကလား၊ သောင်ရမ်းခေတ်ကလား"

"ဟေ့ကောင်တွေ ... သွား မင်းတို့ (၂) ကောင် ဟိုဘက်ဝိုင်းသွားတော့။ ငါ သည်းမခံနိုင်ဘူး"

(၂) ယောက်သား စပ်ဖြီးဖြီးနှင့် တစ်ဖက်ဝိုင်းသို့ ရွှေ့သွားကြတော့ သူတို့ဝိုင်းမှာ (၂) ယောက်တည်း။

"လူတွေမြင်ရင် တစ်မျိုးထင်တော့မှာပဲ"

"သြော်ကွာ ... ဝသန်ကလည်း ဟိုကောင်တွေပြောတဲ့ သောင်ရမ်းခေတ်ကလာတာ ကျနေတာပဲ"

"ဘာဆိုင်လဲ"

ဆိုင်တစ်ခုမှာ ကားရပ်ပြီး စားသောက်ဆိုင်ထဲဝင်ခဲ့တော့ ဝသန် ကန့်လန့်ကန့်လန့်နှင့် ပါလာရပါ၏။

အပျက်အပျက်နဲ့ နာခေါင်းသွေးထွက်ဆိုတာ ဒါမျိုးနေမှာပဲ။

စားပွဲတစ်ခုမှာ ထိုင်ရတော့ သူက ဝသန့်ဘေးမှာ ကပ်လျက်။

မီနူးကြည့်ပြီးမှာတော့လည်း သူ။ မကြာခင် အငွေ့တထောင်းထောင်းနှင့် အကြော်အလှော်တွေ၊ အကင်တွေ၊ ဟင်းချိုတွေ ရောက်လာခဲ့သည်။

"စား ဘာဆေးမှခပ်မထားဘူး။ ဝသန့်ရှေ့တင် မှာလိုက်တာ။ ရှင်းတယ်နော်။ အိုကေ"

ဖွဲသူရစတိုင်လ်က ခပ်မိုက်မိုက်။ တက်တူးတွေနှင့် လူငယ်"

ဘုရားရေ၊ ပေါင်တိုဇာတ်ထုပ်ထဲက မိဖုရားလိုပဲ - ငါ့မှာလည်း ဝဋ်ကြွေးတွေရှိသလား။ ဖွဲသူရကိုကြည့်ရတာ အရင်လောက် မုန်းဖို့မကောင်းတော့သလိုလို။

"စား ချစ်"

သူက ဝသန့်ပန်းကန်ထဲသို့ အသားတွေ တူနှင့်ညှပ်

''ဆိုင်တာပေါ့။ စားသောက်ဆိုင်ထဲမှာ မဖွယ်မရာ လုပ်နေကြတာမှ မဟုတ်ဘဲ။ တည်းခိုခန်းမှာ ဟိုတယ်တွေမှာ တွေ့ရင်သာ ရှက်ပါ။ ခု မရှက်နဲ့''

''စားမှာသာစား၊ ပြီးရင် ပြန်ပို့ပေးမယ်''

''ကိုယ့်ဘာသာ သွားစရာရှိတာ သွားပါလား။ ဝသန်ဘာသာ လိုင်းကားစီးလည်း ရတဲ့ဥစ္စာ''

''မရလိုပေါ့ဗျ။ ခင်ဗျားလေးက ကျုပ်နဲ့ပတ်သက်နေပြီ ကျုပ်မှာ တာဝန်အပြည့်ရှိတယ်။ ဦးလည်မသုန် ထမ်းရွက်ရမယ်''

''တော်တော်ထမ်းချင်နေ''

''ဒါပေါ့ဗျ''

နှစ်ယောက်အတူ စားရ သောက်ရတာပါပဲ။ ခေါင်းကိုင်ပြီး ဝသန်စားနေတော့ သူက ကောင်းနိုးရာရာတွေကို တူနှင့် ညှပ်ထည့်ပေးနေလေ၏။

''တော်ပြီ ရှင်စားပါ''

''ကိုယ်က ခွံ့တောင်ပေးချင်တာ သိလား''

''တော်စမ်းပါ၊ ရှင့်ရည်းစားတွေသာ သွားခွံ့''

''ဟိုကောင်တွေကို သွားခွံ့ရမှာလား''

''ဒါတော့ သိနိုင်ဘူးလေ။ ရှင်က ယောကျ်ားအစ

ဟုတ်ဘဲ ဂေးဆိုရင် သွားခွံ့ပေါ့''

''ကြည့်စမ်း ...ကြည့်စမ်း၊ ကိုယ့်ကိုများ ဂေးတဲ့။ သိမယ်၊ တစ်နေ့ကျ လက်တွေ့ပြမယ်။ ဂေးလား ဘိုင်းလားဆိုတာ''

ကိုယ့်စကားနှင့်ကိုယ် ချည်မိမှာစိုးလို့ ဝသန် ငြိမ်နေရသည်။ လောလောဆယ်တော့ ဗိုလ်ချုပ်ပြောသလို –

''နွားတော့ဖြစ်ပြီ ခွေးမဖြစ်အောင် ဆက်ကြိုးစားကြစို့'' ဆိုသလိုပါပဲ။

အခြေအနေကို သတိအပြည့်နှင့် ရင်ဆိုင်ဖြတ်ကျော်ရဦးမှာပါပဲ။

စားရင်း သောက်ရင်း သူတော်ကောင်းတွေလည်း နားထောင်ရပါ၏။ တော်ကောင်းတော့ ဖြုတ်ခနဲကြွေသွားလောက်သည်။

''ဝသန်ရယ် ...နင်နဲ့ငါ တွဲကြရအောင်ဟာ။ နင်သည်း ရုန်းကန်နေရတာ မသက်သာဘူး။ ငါနဲ့တွဲလိုက်၊ နင့်ဘဝစံပြည်လှပအောင် ငါ ကူညီမှာပေါ့''

''ဝါသနာမပါဘူး။ ကိုယ့်ဘာသာ ရိုးသားစွာ ကြိုးစားမယ်''

''ရည်းစားထားတာ မရိုးသားတာ ကျနေတာပဲ။ လူပျို၊

အပျို တွဲကြတာပဲ။ သဘောထားချင်း တိုက်ဆိုင်တော့လည်း လက်ထပ်တဲ့အထိ စခန်းသွားကြရုံပေါ့''

''တော်ပါပြီ၊ ဆားနဲ့ပဲစားပါ့မယ်''

''နင့်စကားပြောရတာ အရမ်းလက်ပေါက်ကပ်တာပဲ။ ငါနဲ့တွဲခဲ့သမျှ ရည်းစားတွေ ဘယ်သူမှ ဒီလောက်ပြောနေရဘူး။ နင်ငါချစ်သူဖြစ်လာရင် ရမယ့်အခွင့်အရေးတွေ ပြောပြမယ်''

''အံမာ ... လူကိုလာပြီး မက်လုံးတွေ ပေးနေတယ်''

''နားထောင်ကြည့်ပါဦး။ ကျောင်းသွားရင် ငါ့ဖယ်ရီကို အလကားစီးရမယ်ဟာ။ နင့်ညီမလေးပါ ဖယ်ရီခမယူဘူး''

''အံမာ ... ငါက ဖယ်ရီအလကားစီးရဖို့ နင့်ကိုတွဲရမယ်ပေါ့ ဝေးသေး''

''နားထောင်၊ အခွင့်အလမ်းတွေက မကုန်သေးဘူး။ နင့်ကို နေ့တိုင်း မုန့်ဝယ်ကျွေးမှာ။ တစ်ပတ်တစ်ခါ လျှောက်လည် ရှော့ပင်ထွက်ရင် အဝတ်အစား၊ အသုံးအဆောင်တွေ ဝယ်ပေးမှာ''

''ဆောရီးပဲ၊ ဘာမှစိတ်မဝင်စားဘူး''

''နင်က အပျိုကြီးပဲလုပ်တော့မလို့လား''

''မလုပ်ပါဘူး၊ ဒါပေမဲ့ ဘွဲ့ရ အလုပ်ရမှ ငါ့အိမ်ထောင်

ဘက်အဖြစ် လက်ခံနိုင်မှ ချစ်သူထားမှာ။ ချစ်သူနဲ့လက်ထပ်သူ ဘစ်ယောက်တည်းဖြစ်စေရမယ်''

''ဘိုးတော်ဘုရားခေတ်က အယူအဆတွေပဲ။ အေးလေ နင့်လိုမိန်းကလေးမျိုး ရတဲ့ယောကျ်ားကတော့ အင်မတန် ကံကောင်းတာပေါ့။ ဒါထက် အဲဒီယောကျ်ားက ငါရောမဖြစ်နိုင်ဘူးလား''

''တော်ပါဟာ၊ ကဲ စားပြီးရင်လည်း ငါ့ကိုပြန်ပို့တော့''

ဝသန် ထရပ်ဖို့ပြင်တော့ ဖွဲသူရ သက်ပြင်းချရင်း ဝိတ်ကို လှမ်းခေါ် ငွေရှင်းရ၏။

သည်ကောင်မလေးကို သိမ်းသွင်းရတာ တယ်ခက်ပါလား။ စားပြီးနားမလည်၊ ဘာတွေလုပ်ပေးပေး၊ ဘာတွေကျွေးကျွေး၊ အားနာပုံလည်း မရ။

ကားမောင်းရင်း ဖွဲသူရ စိတ်တွေတိုနေမိပါသည်။

*

အစကတည်းက သူမတာဝန်ယူထားရသည့်လူနာမို့ သခုလိုအချိန်ကျမှ အခြားသူကို လွှဲလို့မရ။ မသင့်တော်။

ကိုဝေမိုးကလည်း တောင်းတောင်းပန်ပန်။

''ညီမရယ် ငွေရေး ကြေးရေးလည်း မပူပါနဲ့။ ကိုယ်ပေးမယ်။ လမ်းမှာ ပိုးစိုးပက်စက်ဖြစ်သွားမှာစိုးလို့ လိုက်ပေးပါနော်''

''ကျွန်မကရော ဘာတတ်နိုင်မှာလဲ''

''တော်သေးတာပေါ့ ညီမရယ်။ ကိုယ်တို့ချည်းသွားတာဆက်တော့ အဆင်ပြေသေးတာပေါ့''

နောက်ဆုံး ညီမ (၂) ယောက်ကို ဖုန်းနှင့် အကျိုးအကြောင်းပြောပြီး ခင်ထက်ပန် လူနာစောင့်လိုက်သွားရပါ၏။

ကားထဲမှာ ကိုဝေမိုးရယ်၊ သူသူငယ်ချင်း တစ်ယောက်ရယ်။

အန်တီစိုးနှင့် ခင်ထက်ပန်၊ နောက် သူတို့နှင့် ဆွေမျိုးနီးစပ် ကောင်မလေးတစ်ယောက်ရယ်။

စုစုပေါင်း (၅) ယောက်။

လူနာသက်သောင့်သက်သာဖြစ်အောင် ပြင်ဆင်ခင်းကျင်းပြီး သူမတို့က ကားနောက်ထဲမှ လိုက်ရသည်။

ရန်ကုန်–ပြည် ခရီးစဉ်။

အခန်း (၂၀)

ရင်သားကင်ဆာခွဲစိတ်ထားသည့် အနာက ချုပ်ရိုးဖြည်ပြီး အခြေအနေကောင်းပေမယ့် မထင်မှတ်သည့် နှလုံးက ထဖောက်လာသဖြင့် ဒေါ်သူသူစိုး အဖြစ်က အသည်းအသန်လူနာ။

ရန်ကုန်မှာ ဆက်မကုတော့ဘဲ ပြည်ကိုပြန်ချင်ပါသည်ဆိုတော့ ကားနှင့်ပြန်ပို့ဖို့ စီစဉ်ရသည် လမ်းမှာစောင့်ရှောက်ဖို့အတွက် နှစ်လိုပြီ။

ဆရာဝန်တွေကတော့ မလိုက်နိုင်။ နှစ်ကလည်း အခြားသူများကိုခေါ်လို့မရ။ ခင်ထက်ပန်၏တာဝန် ဖြစ်လာပေပြီ။

ဆေးရုံက (၅) နာရီလောက်မှထွက်ရသည်။ လူနာသည် နေတာမို့ နားနားနေနေမောင်းရမည်ပုံ။

''မနက်တော့ ရောက်သွားမှာပေါ့''

''တကယ်က ညဘက်ခရီးသွားဖို့မကောင်းဘူး''

ခင်ထက်ပန် စိတ်ထဲမှပြောမိနေတာပါ။

အကာလ ညအချိန်မတော်ကြီး အမြန်လမ်းပေါ်မှာ အသည်းအသန်လူနာကြီးနှင့်။

မတော်တဆများ ဖွ မပြောကောင်း မဆိုကောင်း သေများသေခဲ့လျှင် –

လိုက်လာပြီးမှ ခင်ထက်ပန် လန့်နေမိ၏။ သူနာပြုဆရာမမို့ မကြောက်တတ်ဘူးဆိုပေမယ့် အခြေအနေနှင့် အချိန်အခါက သွေးလန့်စဖွယ်။

နာရေးကူညီမှုအသင်းကို အကူအညီတောင်းရအောင်လည်း လူနာက လူရှင်။ လူသေမဟုတ်။

ကားခေတ္တရပ်တော့ ခင်ထက်ပန် ကိုဝေမိုးကို တောင်းပန်ရသည်။

''ကိုဝေမိုး နောက်လာစီးပါလားဟင်။ အန်တီက အရမ်းမောနေတော့ ကျွန်မ အားငယ်လို့ပါ''

ရှေ့မှ ကားမောင်းနေသည့် သူသူငယ်ချင်းကလည်း သတ္တိကောင်း။

''ကျွန်တော်လည်း တစ်ယောက်တည်း မမောင်းရဲဘူးနော်။ နောက်က တစ်ယောက်တော့လာ''

ကားလေးတစ်စီးတည်းမို့ သွေးလန့်နေကြသလားမသိ။ ကားကြီးတွေတော့ တစ်စင်းစ နှစ်စင်းစ။

ကပ်လိုက်လို့တော့မရ။ ဟိုင်းဝေးမောင်းသည့်ကားကြီးဆွေက မြန်မှမြန်။ သူတို့ကားကလည်း အရမ်းစွပ်တင်လို့မရ။ သူမမာကယဲ့ယဲ့။

ကားခဏနား၊ လူတွေအစာစားပြီးတော့ လူချင်းချိန်းကြသည်။ ကိုဝေမိုးက နောက်လာ။ ကလေးမလေးက ရှေ့သွား။ လူမမာကတော့ ဒရစ်ချိတ်ထား၊ အိပ်ဆေးပေးထားလို့ ခိုန်းနေပုံ။

''ညီမလည်း ကပ်မှေးနေလေ။ အစ်ကိုစောင့်ပေးမယ်။ တစ်ခုခုဆို နှိုးမယ်။ အိပ် အိပ်လိုက်''

''ရပါတယ် ကိုဝေမိုး မှေး။ ကျွန်မစောင့်မယ်၊ အိပ်ကြဖန်အိပ်လိုက်''

နောက်ခန်းထဲမှာ ဒီလိုပဲ ကြိုဖန်အိပ်ရုံ။

သူမြို့ သူနေရာမှာပဲ သူဆရာနှင့် ကုသကြပေလိမ့်မည်။

အိမ်သားတွေက ကိုဝေမိုးကို အရေးတယူ။ ခေတ္တ၊ ထားပဲနေပြီး သူက ပြန်ထွက်တော့ ခင်ထက်ပန် ပါလာရသည်။

သူက ကားပေါ်ပါလာသည့် သူငယ်ချင်းနှင့် ကောင်မလေးကိုလည်း လျှောက်ပို့လိုက်၏။

ကားပေါ်မှာ သူနှင့်ခင်ထက်ပန်သာ ကျန်တော့သည်။ သူမ အလိုလိုသွေးလန့်လာပေပြီ။ ဘဝပေးအသိအရ မိန်းမဆိုတာ အရွယ်မရွေး အန္တရာယ်ရှိသည်။

''ကိုဝေမိုး ... ကျွန်မကို ကားဂိတ်လိုက်ပို့ပေးပါ။ ခုနောက် ကားတွေရှိဦးမှာပေါ့''

နာရီကြည့်တော့ (၇) နာရီသာသာ။

''မနက်စာ တစ်ခုခုစားကြစို့။ ဒါမှမဟုတ် ညီမနားဖို့ ဘစ်နေရာရာ''

''အာ ... ရတယ်, ရတယ်။ ကားဂိတ်သာပို့ပေး။ ကားဆောင့်ရင်းမှ တစ်ခုခု ကြုံရာစားလိုက်မယ်''

''ဘယ်ဖြစ်မလဲ၊ ကိုယ့်မှာ တာဝန်ရှိတာပေါ့။ အစားအသောက်ကောင်းတဲ့ဆိုင် ကိုယ်သိပါတယ်''

''ကျွန်မကို စိတ်ဆင်းရဲအောင် မလုပ်ပါနဲ့။ ကားဂိတ်ပဲ

နှစ်ယောက်အတူ မပူးချင်လည်း မရ။ ကျဉ်းကျဉ်းကြုတ် ကြုတ်လေး။

ခင်ထက်ပန် ရင်ခုန်နေတာလား။ စိတ်ညစ်နေတာလား မသိ။ အတွေ့အကြုံက တစ်မျိုးကြီး။ အသည်းအသန်လူနာကြီး ဘေးမှာ။

သည်ကြားထဲ ပင်ပန်းလွန်းသဖြင့် သူမ မှေးခနဲ အိပ်ပျော်သွားမိတာ။

ယောကျ်ားတစ်ယောက် ပါနေသည့်ကြားမှ မှေခနဲ အိပ်ပျော်တာလား၊ သတိလစ်တာလားတော့မသိ။

အိပ်မက်ထဲမှာ ကိုဝေမိုးနှင့်အတူ မြန်မာပြည်အနှံ့ လျှောက်သွားနေလို့ပါလားလေ။

ပြည်ရောက်တော့ အန်တီစိုးကို သူအိမ်ထိပို့ပေးလိုက်ကြသည်။ သူအိမ်က နွမ်းနွမ်းပါးပါးပုံစံ။

ပို့ပေးပါ''

ကားပေါ်မှာ အချေအတင်ဖြစ်နေရပေမယ့် သူက တိုက်ကလေးတစ်လုံးရှေ့မှာ ရပ်လျှင် ခင်ထက်ပန် စိတ်ဆိုးရသည်။

''ဒါ ရှင့်အိမ်လား။ ကျွန်မ မဝင်တော့ဘူးနော်။ ကားကိတ်ပဲ ပို့ပေး။ ရှင်မပို့လည်း ကျွန်မဘာသာ သွားတော့မယ်''

''ခဏလေးပါကွာ။ ခဏဆင်းပါဦး''

''မဆင်းဘူး၊ မဆင်းတော့ဘူး''

နေရာစိမ်းတစ်ခုသို့ သူကိုယ်ကြည်ပြီးလိုက်လာမိတာမှားပြီဟု ခင်ထက်ပန် ခံစားနေရပြီ။ ကိုဝေမိုးအသွင်က တစ်ခုခုကို ဆုံးဖြတ်ထားသလိုကြီး ထင့်ရဲ၏။

ယောကျ်ားမာယာတွေလား။ ယောကျ်ားမာန်လား။

''ကျွန်မ ရုန်းရင်းဆန်ခတ်တွေ မဖြစ်ချင်ဘူးနော်။ ရှင် ကျွန်မကို စိတ်အနှောင့်အယှက် မပေးနဲ့''

''ညီမကရော ဘာဖြစ်နေတာလဲ။ ကိုယ့်မြို့ရောက်လို့ ဧည့်ဝတ်ပြုချင်တဲ့စိတ်ပဲ ကိုယ့်မှာရှိတာပါ''

အခြေအတင် အတိုက်အခံတွေဖြစ်နေရပြီး ခင်ထက်ပန် ကားပေါ်မှဆင်းလိုက်ရသည်။

တိုက်ကလေးထဲသို့ မဝင်တော့ပါ။ သူမ ကားဘေးမှ

လှစ်ခနဲ ပြေးထွက်လာမိပြီ။

သူဟာ မင်းသားခေါင်းဆောင်းထားတဲ့ ဘီလူးပေါ့။ သူ့ဇာတိတွေ လှစ်ဟပြတော့မှာ။

ယခုပဲကြည့်၊ ကားဂိတ်မပို့ဘဲ ဘယ်နေရာကို ခေါ်လာတာလဲ။ အဆင်ကြည့်ရတာ သူ့အိမ်လည်း ဟုတ်ပုံမပေါ်။

ပြည်မြို့ကို တစ်ခါမှမရောက်ဖူးပေမယ့် လူတွေကြားထဲမကြောက်ပါဘူး။

ဒါ မင်းမဲ့တိုင်းပြည်မဟုတ်။

ခြေဦးတည့်ရာ လျှောက်သွားနေတော့ နောက်မှလိုက်လာသည့် သူကားကို လန့်ရပြန်သည်။ ခင်ထက်ပန် မြင်နေရသည့် စားသောက်ဆိုင်ထဲသို့ စွတ်ခနဲ ဝင်လိုက်ရပါ၏။

ဆိုင်ထဲမှာတော့ ဘာမှမဖြစ်နိုင်။

ဘာဖြစ်သွားတာလဲ။ ကိုဝေမိုးဟာ သည်ဘက်ရောက်တာနှင့် အချိုးပြောင်းသွားတာလား။ သူမက အစိုးရိမ်ကြီးနေတာလား။

အဖြစ်အပျက်ကိုက သဘာဝမကျတာလေ။ သူဟာ စားနေကျကြောင်ပါးကြီးလား။ မိန်းကလေးတွေကို ဖြားယောင်းဖျက်ဆီးနေသူလား။

အခြေအမြစ်မရှိ၊ ဘဝကို လျှို့ဝှက်ထားသည့် လူတစ်ယောက်ဟာ အကြီအစည် တစ်ခုခုရှိနေနိုင်တာပေါ့။

ခေတ်ကြီးကလည်း မဖွယ်မရာ။

ယခုလည်း သူမ မုန်ဟင်းခါးစားနေသည့်အနားမှာ ထိုင်ပြီး သူမကိုချော့မော့ဖြောင်းဖြနေလေ၏။

မေခလာ၏ သီချင်းလိုပဲ။

စောစောစီးစီးသိလိုက်ရတာ ကံကောင်းလို့ပေါ့။ ရိပ်မိလိုက်တာ။ သူပုံစံ မူမမှန်တာ။

"ရှင် သွားဆိုသွားနော်။ ကျွန်မဘာသာ လိုင်းကားနဲ့ ပြန်မယ်ဆိုမှ။ ရပြီ သွားတော့"

"ဘာဖြစ်တာလဲ။ ညီမ ဘယ်လိုစိတ်ပေါက်သွားတာလဲ။ အစက ကိုယ့်ကိုခင်ပါတယ်၊ ကိုယ့်နောက်လိုက်လာပြီး ဒီလိုကြီး သစ်စိမ်းချိုးချိုးတော့ ကိုယ် ဘယ်လိုနေမလဲ။ ကိုယ် ချင်းစာကြည့်"

"မစာတတ်ဘူး။ ရှင့်နောက်လိုက်လာတယ် မပြောပါနဲ့။ လူနာနောက်ကို စပါယ်ရှယ်နှစ်အနေနဲ့ လိုက်လာတာပါ"

ခင်ထက်ပန် မုန်ဟင်းခါးဖိုး ရှင်းပေးပြီး စားပွဲထိုးလေးကို မေးလိုက်သည်။

စားပွဲထိုးလေးကို မုန့်ဟင်းခါးတစ်ပွဲမှာလိုက်ပြီး ခင်ထက်ပန် စောင့်နေစဉ် ဆိုင်ထဲသို့ သူ လိုက်ဝင်လာလေ၏။

ခင်ထက်ပန် အားနာမနေနိုင်တော့။ ခပ်ထန်ထန် ပြန်ကြည့်လိုက်၏။

"ရှင် ကျွန်မကို လိုက်မနှောင့်ယှက်နဲ့တော့။ ကျွန်မ ရန်ကုန်ပြန်မယ်"

"ကိုယ်လိုက်ပို့မှာပေါ့။ ရန်ကုန်ထိ ပြန်ပို့ပေးမယ်"

"တော်ပြီ၊ လိုင်းကားနဲ့ပဲ ပြန်တော့မယ်။ ရှင် အနားယူတော့"

"မင်းလည်း အနားယူဖို့လိုအပ်နေပြီ"

"ရတယ်၊ ကျွန်မ ကားပေါ်အိပ်လိုက်သွားမယ်"

"ကိုယ်တောင်းပန်ပါတယ် ညီမရယ်။ ကိုယ် ရန်ကုန်ထိ လိုက်ပို့ပေးပါ့မယ်။ ကိုယ့်ကားနဲ့ ပြန်လိုက်ခဲ့ပါ"

ခင်ထက်ပန် သူ့ကို လုံးဝမယုံကြည်တော့ပါ။ သဘာဝလွန်ဖြစ်ရပ်တွေကြောင့်လား။

ကိုဝေမိုးဟာ အိမ်ထောင်ရှင်တစ်ယောက်လား။ ပြည်ရောက်တော့လည်း သူ့အိမ်၊ သူ့နွေရာကို ခေါ်ရဲတာမဟုတ်။

စောစောက တိုက်ကလေးသည် တစ်ခုခု ဖြစ်လိမ့်မည်၊

''မောင်လေး ... ကားဂိတ်ကို ဘယ်လိုသွားရလဲ၊ သေသေးလား''

''ဆိုက်ကားစီးသွားလိုက် အစ်မ။ ငါးရာပဲပေးရမယ် ကျွန်တော် ခေါ်ပေးရမလား''

ဝိတ်တာလေးက ကူညီဖို့ သွက်သွက်လက်လက်။ သူ့ကို သား အလန့်တကြား တားဆီးနေတာ။

''ရတယ်ညီလေး ရတယ်။ သူ စိတ်ကောက်နေလို့ အစ်ကို ချော့နေရတာ။ ကဲ ... ဒေါ်ခင်ထက်ပန် ကျုပ်ကို နည်းနည်းတော့ အားနာဦး''

''မနာနိုင်ပါဘူး။ ရှင့်ကြည့်ရတာ ရိုးကိုမရိုးသားတော့ဘူး''

''ဒီတော့ ခင်ဗျားက ဘယ်လိုထင်သလဲ ပြောကြည့်စမ်းပါဦး''

သူပုံစံက မခံမရပ်နိုင်ပုံနှင့် ဒေါသကို မျိုချထားရသည့်ပုံ။

''ဒီမှာ ... ဒီမှာ ရှင် ကျွန်မကို ဘာမှ ပြဿနာရှာနေစရာ အကြောင်းမရှိဘူး။ ရှင့်ကိစ္စပြီးပြီပဲ။ သွားတော့။ ကျွန်မ ဘာသာ ကိုယ့်လမ်းကိုယ်ဆက်လျှောက်ရုံပဲ''

''ကျုပ်အကြောင်းပေါ့ဗျ။ ခင်ဗျားကို ကျုပ်ချစ်တယ်။ ခင်ဗျားနဲ့နီးစပ်ချင်လို့ စပ်နိုင်မှ တော်တဲ့အဒေါ်ကို ဆေးရုံတင်ပေးတာ။ ကံကောင်းလို့ ဒီအထိ ခေါ်လာနိုင်ပေမယ့် ကံဆိုးတော့ ခင်ဗျား၊ ကျုပ်ကို ကောင်းကောင်းအထင်လွဲနေပြီ''

''ရှင် အရူးထတိုင်း ကျွန်မက လိုက်ထရမှာလား။ ရှင့်လိုလူမျိုးကိုလည်း မစဉ်းစားပါဘူး''

''ဘာလို့လဲ၊ ကိုယ်က နူနေ ဝဲနေလို့လား။ အလုပ်မရှိ အကိုင်မရှိ ထင်နေလို့လား။ မင်းကရော ဘယ်လောက်မြင့်နေလို့လဲ''

သူစကားတွေက ရန်စွယ်နှင့်ငေါငေါ။ ခင်ထက်ပန်၏ ကေားကြောင့် ဒေါသတွေ တရှူးရှူးထွက်နေပုံ။

ဘယ်ရမလဲ။

ဒီကလည်း ခင်ထက်ပန်ပဲ။

''မမြင့်ပါဘူး၊ ဒါပေမဲ့ ... ရှင့်ကို ကျွန်မ ဘာမှမသိဘူး။ ကျွန်မဘဝကလည်း အပိုအလုပ်တွေနဲ့ အချိန်ကုန်မခံနိုင်သေးဘူး။ ကျန်ခဲ့တော့၊ ကျွန်မ သွားပြီ''

စလင်းဘတ်လေးကောက်လွယ်ပြီး ခင်ထက်ပန် ဆိုက်ကား တစ်စီးပေါ်တက်လိုက်သည်။

အခန်း (၂၁)

ည (၈) နာရီလောက်မှ မမကြီး အိမ်ပြန်ရောက်လာတော့ သန့်ရော ဝသုန်ပါ စိုးရိမ်တကြီး။

တက္ကစီပေါ်မှ ဆင်းလာသည့် မမကြီးကို ညီအစ်မ (၂) ယောက် အပြေးအလွှား ကြိုမိကြသည်။

ဘာစကားတစ်ခွန်းမျှ မဆိုနိုင်ဘဲ ပက်လက်ကုလားထိုင်ပေါ်မှာ ပစ်ထိုင်ချလိုက်သည့် မမကြီးကိုကြည့်ပြီး ညီအစ်မ (၂) ယောက်၏မျက်နှာလေးတွေက ဆီးရွက်မျှ။

မမကြီး ဘာတွေဖြစ်လာပါလိမ့်။ မေးလည်းမမေးရဲ။

"ကျွန်မကို အဝေးပြေးကားဂိတ် ပို့ပေးပါ။ ရန်ကုန်သွားမယ့်ကားဂိတ်"

ဆိုက်ကားဆရာ ဆိုက်ကားနှင်းပြီး ထွက်ခဲ့တော့ ကိုဝေမိုး၏ကားလည်း နောက်မှ ပါလာခဲ့လေသည်။

ကြည့်ပါနဲ့နော်။ ညီမလေးတို့လည်း စိတ်ပူတယ်။ မမကြီးက ညီမလေးတို့ရဲ့အမွန်အမြတ်လေးစားရတဲ့ သရဖူပါ။ ညီမလေးတို့ကို မမကြီး ပူသလို မမကြီးအတွက်လည်း ညီမတို့ ပူတာပေါ့''

မနေ့ကညနေကတည်းက ရပ်ဝေးလိုက်သွားရသည့် မမကြီးဟာ သည်နေ့ည မှ ပြန်ရောက်လာရသည်မဟုတ်ပါလား။

''အေးပါ ညီမတို့ရယ်။ ငွေက မက်လောက်စရာ ဖြစ်ဘာရယ်၊ ကိုယ့်မိတ်ဆွေဖြစ်တာရယ်ကြောင့် မမကြီး လိုက်သွားခဲတာပါ။ ကဲ ... လုပ်စရာရှိတာ လုပ်ကြနော်။ မမကြီး နောက်မှ အေးအေးဆေးဆေး ပြောပြမယ်။ ဘာမှစိတ်မပူကြနဲ့''

''ညီမတို့ မမကြီးကို ထမင်းစားဖို့ စောင့်နေကြတာပါ''

''ဩော် ... အေး၊ ဒါဆိုလည်း ပြင်လိုက်လေ၊ စားကြဘာပေါ့''

ခဏကြာလျှင် ထမင်းစား စားပွဲမှာ ညီအစ်မ (၃) ယောက် ဝိုင်းဖွဲ့မိကြသည်။

သို့သော် မည်သူမျှလည်း ဟုတ်တိ ပတ်တိ စားလို့မရကြ။ ရင်ထဲမှာ သောကဝေဒနာတွေက ကိုယ်စီ။

ရင်ဖွင့်လိုက်ရရင် သက်သာမှာပဲ။ အကြံဉာဏ်တွေလည်း ယူနိုင်မည်ထင်သည်။

အသက် (၆) နှစ် (၇) နှစ်မျှသာ ကွာခြားပေမယ့် မမကြီးသည် အစ်မကြီးအမိ ပီသခဲ့သည် မဟုတ်ပါလား။

''မမကြီး''

မမကြီးရဲ့ ကုလားထိုင်နားမှာ တစ်ဖက်တစ်ချက်စီရပ်ရင်း ဝသန်နှင့်ဝသုန် တုန်လှုပ်နေတော့ ခင်ထက်ပန် နှစ်သိမ့်ရသည်။

''ဝသန် ဂိုက်သင်မသွားဘူးလား''

''ဒီနေ့ နားပေးလိုက်တယ် မမကြီး''

''ဘာမှမပူနဲ့၊ မမကြီး ပင်ပန်းလို့ပါ။ စိတ်နည်းနည်း ဖိစီးလာလို့ပါ''

သူမတို့ စိတ်ချမ်းသာအောင် ဖော့ပြောနေပေမယ့် ပြဿနာက သည်မျှမက။ မမကြီးဟာ လောကဓံကို ခံနိုင်ရည် ရှိသူမို့ တော်ရုံ ပြဿနာလောက်ဆို မဖြို့။

ဝသုန်က အငယ်ဆုံးပီပီ မမကြီး၏ ခြေရင်းမှာ ထိုင်ချပြီး ပေါင်ပေါ်မေးတင်ကာ မျက်ရည်တောင်ကြည်လည်နှင့် တောင်းပန်၏။

''နောက်ဆို ဟုမ်းတွေ ရပ်ဝေးတွေ မလိုက်ပါနဲ့ မမကြီးရယ်။ ငွေတွေ ဘယ်လောက်ပင် ပုံပေးပေး ငွေတစ်ခုတည်း

''အမယ်လေး ညီမလေးရယ်။ စက်မှုက ကောင်တွေက ကျုပ်းတွေ၊ ဂျွတ်စပွတ်တွေကြီးပဲ။ ညီမလေး အဲဒီကောင်ကို ပြန် ကြိုက်လိုက်ပြီလားဟင်'

''မကြိုက်ရဲလို့ မကြိုက်ပါဘူး''

''မကြိုက်ရဲလို့ မကြိုက်ပါဘူး''

''မကြိုက်နဲ့၊ မကြိုက်နဲ့။ မှားမယ်နော်။ သူတို့တွေက အရှိန်အဝါတွေသုံးပြီး ဒေးက ချာတိတ်လေးတွေကို လာပြီး ဆွဲစားနေကြတာ။ ဘယ်သူမှ အတည်တွဲဖို့ စိတ်ကူးကြတာ မဟုတ်ဘူး''

''သိပါတယ် မမကြီးရယ်။ ဒါပေမဲ့ သူက အရမ်းဖွဲ ကောင်းတာ။ ညီမလေးက ဖုန်းပိတ်ထားတာများတော့ ကျောင်း လိုက်လာတယ်။ အမြဲပဲ''

''ဒီလိုပဲလေ၊ စကားပုံတောင် မကြားဖူးဘူးလား။ မရခင် ချာလိုလိပ်ပြီး ထိပ်ပေါ်တင်နေကြတာ။ တို့မိန်းကလေးတွေက သူတို့ရဲ့ပန်းတိုင်၊ သူတို့ကတော့ အပြေးချန်ပီယံတွေ''

''ဟင် ... ဘယ်လို''

''ဟုတ်တယ်လေ၊ အပြေးချန်ပီယံတွေ။ ပန်းတိုင်ရောက် အောင် ကျားကုတ်ကျားခဲ ပြေးကြသလိုပေါ့။ ဟော ...

တစ်ယောက်တည်း အတွင်းကြိတ် ပူလောင်နေရသည် *နှင့်စာလျှင် ဝိုင်းဝန်းအဖြေရှာတာကမှ တော်ဦးမည်ထင်သည်*၊ ထမင်းစားပြီးကြတော့ လက်ဖက်တစ်ပွဲနှင့် ဧည့်ခန်းမှ ထိုင်ဖြစ်ကြသည်။ သည်နေ့ညစာ မကြည့်သေး။

ဝသုန် ကိုယ့်ပြဿနာကို အရင်တင်ပြပြီးမှ မမကြီး ဖြစ်လာသမျှ မေးမည်ဟု ဆုံးဖြတ်လိုက်မိ၏။

ညီအစ်မ (၃) ယောက် (၃) ပွင့်ဆိုင်ထိုင်နေကြပေမယ့် မျက်နှာလေးတေတော မလန်းနိုင်ရှာ။

''မမကြီး ဝသုန့်မှာလည်း ပြဿနာတစ်ခုရှိတယ်''

''ဟင် ... ဘာ, ဘာလဲ ညီမလေး''

ခင်ထက်ပန် သွေးလန့်သွားပုံက ငေါက်ခနဲ။ သူတို့ ဆေးရုံအိုဂျိဝပ်မှာ သည်လိုပဲ တက္ကသိုလ်ကျောင်းသူလေးတွေ အဘောရှင်းနဲ့ ရောက်လာနေကြတာ။

ဘုရား ... ဘုရား။

ကိုယ့်နှလုံးသားထဲမှာ ဗိုင်းရပ် စာပိုးဝင်နေရသည်နှင့် ကိုယ့်ညီမလေးတွေ ရေမျောမီးလောင်ဖြစ်နေရရှာပြီလေ။

''ဒီလိုပါ၊ ညီမလေးကို စက်မှုက အစ်ကိုကြီးတစ် ယောက် လိုက်နေတယ်''

ပန်းတိုင်လည်းရောက်ရော ပွဲပြီးသွားပြီလေ။ နောက်ပန်းတိုင်
တစ်ခုစီ ပြေးကြပြန်ရော''

''သူက သူ့ပထွေးက သူကျောင်းပြီးရင် သူ့သမီးတင်
ယောက်နဲ့ ပေးစားမှာမို့ ဝသုန်ကို အသည်းအသန်လိုက်နေတာ
တဲ့''

''ဟဲ့ အငယ်မရဲ့ ... ယောက်ျားဆိုတာ ဒီလိုပဲလေ။
လျှာအရိုးမရှိ လျှောက်ပြောမှာပေါ့။ သူတို့တော်ကီတွေမှာ မျောနေ
လို့ကတော့ ငါးပါးမှောက်ပြီသာမှတ်''

''နေပါဦး၊ နင်ကရော ကြိုက်ချင်ချင်လား။ ဝသုန်နော်
ငါတို့ကတော့ ကိုယ့်ညီမလေးကို ကလေးလေးလို ချစ်မဝသေး
ဘူး။ သူက အပျိုစိတ်ပေါက်နေပြီ''

''မပေါက်နဲ့၊ ငါတောင်ဒီနေ့ နှာခေါင်းကျည်ပွေ့တွေ့လာ
ခဲ့ပြီ''

''ဟင် ဘယ်လိုကျည်ပွေ့''

ညီမငယ်အတွက် စေတနာဒေါသတွေ ထွက်ရသဖြင့်
ခင်ထက်ပန် ကိုယ့်အကြောင်းကို စံနမူနာအဖြစ် ချပြဖို့ စိတ်ကို
ပိုင်းဖြတ်လိုက်ပါသည်။

*

ဆိုက်ကားရှေ့မှာ ကားဂိတ်ရပ်ပြီး ကိုဝေမိုး သူမကို
ချော့မော့တောင်းပန်ပုံက အရည်ပျော်ချင်စရာ။

''ညီမရယ် ... ကိုယ့်ကို အသေသာသတ်သွား။ ရန်
ကုန်ကားက နေ့လယ်ကားရှိပါတယ်။ ကားတွေအချိန်မရွေး ထွက်
နေတာပါ။ ကိုယ့်အိမ်မှာ ည့ဉ်ဝတ်ပြုပါရစေ။ ကိုယ့်ကို ဘာဖြစ်လို့
ဒီလောက်မုန်းနေရတာလဲ''

သူ ရှိုင်းဦးချ တောင်းပန်ပြီး ဆိုက်ကားပေါ်မှ ဆွဲခေါ်
သဖြင့် ခင်ထက်ပန် ပါသွားရပြီ။

တိုက်တစ်လုံးရှေ့မှာ ကားရပ်လိုက်တော့ တိုက်ထဲမှ
အသက် (၄၀) အရွယ်ခန့် အန်တီတစ်ယောက် ထွက်လာသည်။

''မောင်ဝေမိုး''

''အန်တီ ... ဒါ ကျွန်တော်ပြောပြောနေတဲ့ သူနာပြု
ဆရာမလေးပါ''

''အို ... မင်း သူ့ကိုခိုးလာတာလား။ မင်းနှယ်''

''ရှူး တိုးတိုး။ အန်တီထင်တာတွေ စွတ်ထင်မနေနဲ့။
အန်တီစိုးကို ပြန်ခေါ်လာပြီလေ။ နှာ့စ်ပါလာရတာပေါ့''

ခရီးသွားနေကြတာလား။ ဓာတ်ပုံလေးကို စာအုပ်ထဲ ပြန်ထည့်ထားလိုက်ပြီး ခင်ထက်ပန်ဟန်မပျက်နေလိုက်သည်။

ဘာပြောမလဲ၊ ကိုဝေမိုး ဘယ်လိုတွေပြောမလဲ။ မိန်းမ နဲ့သူတစ်ယောက်၏ အချစ်ဆိုတာကရော ဘယ်လိုအချစ်မျိုးလဲ။

ကိုဝေမိုး အစားအသောက်တွေကို စတီးဘန်းလေးနှင့် သယ်ဆောင်လာတော့ ခင်ထက်ပန် ငေးကြည့်နေမိတာ သံဝေဂများစွာနှင့်ပါ။

သမီးလေး (၂) ယောက်ရဲ့မျက်နှာမှမထောက်။ စောစောစီးစီး သိလိုက်ရတော့ ပိုပြီးကောင်းတာပေါ့။

ကိုဝေမိုးကတော့ သူ့အကြောင်းတွေ ခင်ထက်ပန် မသိလောက်ဟု ထင်နေမှာပေါ့။

''စားပါ ညီမ၊ နေ့လယ်စာကျွေးပြီးရင် ကားဂိတ်လိုက်ပို့ပါ့မယ်။ ဒါမှမဟုတ် ကိုယ် ညနေလိုက်ပို့မယ်''

''ရတယ် ... နေ့လယ်ကားနဲ့ ပြန်မယ်''

သူပြင်ဆင်လာခဲ့သည့် မုန့်များနှင့်ကော်ဖီကို (၂)ယောက် အတူစားနေကြရင်း အိမ်မှာ လူတစ်ယောက်မှ မရှိတာ သတိရဆိတ်လန့်နေမိ၏။

''ဘုရားရေ''

''ဟယ် ... အစိုး အခြေအနေ ဘယ်လိုလဲ''

''Breast က အခြေအနေကောင်းပြန်တော့ နှလုံးက ဖောက်တယ်''

''အို ... သတင်းသွားမေးဦးမှပဲ''

ပြောပြောဆိုဆိုနှင့် ထိုအန်တီတိုက်ထဲမှထွက်သွားတော့ ည့်ခန်းထဲမှာ ခင်ထက်ပန် ကြောင်ကျန်ခဲ့၏။

ဒါ မကြည်ဖြူကြောင်း ပြသွားတာလား။ ညာပြတာပေါ့။ ည့်သည်ကို လုံးဝဂရုမစိုက်ပုံ။ ကိုဝေမိုးကသာ မီးဖိုဖက်ဝင်စားစရာ သောက်စရာတွေ ကိုယ်တိုင်သွားနေတာ။

သူ မီးဖိုဝင်နေတုန်း ခင်ထက်ပန် ဧည့်ခန်းရှိ နံရံမှဓာတ်ပုံများကို လျှောက်ကြည့်သည်။ နောက် စားပွဲအောက်ခြေမှ တင်ထားသည့် စာအုပ်တစ်အုပ်ကို ကောက်ကိုင်လိုက်တော့ စာအုပ်ထဲမှ ဓာတ်ပုံတစ်ပုံ ထွက်ကျလာသည်။ မိသားစုဓာတ်ပုံ။

''ဟင်''

ကိုဝေမိုး။ မိန်းမချောတစ်ယောက်နှင့် သမီးလေး (၂) ယောက်။ သမီးလေးတွေက (၅) နှစ်၊ (၆) နှစ်အရွယ်လေးတွေ။ သူမှာ မိန်းမရှိသည်ပဲ။ မိသားစုရှိသည်။ ယခု ဘယ်ရောက်နေသလဲ။

''ကလေးတွေ ကြားထဲက မြေစာပင်မဖြစ်ပါစေနဲ့ရှင်။ သမီးလေးတွေရဲ့မျက်နှာကို လောက်ပါဦး။ တစ်ချိန်တုန်းက ရှင့် ဘို့ ချစ်လို့ယူခဲ့ကြတာပဲလေ''

''မပြောနဲ့၊ အဲဒီအကြောင်းတွေမပြောနဲ့။ ကိုယ်နဲ့သူ ကွဲသွားတာကြာပြီ။ သမီးလေးတွေကို ကိုယ်တရားစွဲပြီး ပြန်ခေါ်မယ်''

မည်သို့ပင်ဖြစ်စေ သူဟာ အိမ်ထောင်ရှင်တစ်ဦး။ ကွဲနေ ဘယ်ဆိုတာလည်း သူပြောတာပဲ။ ခရီးထွက်နေတာလောက်လည်း ဖြစ်နိုင်သည်။

အန်တီဆိုသူ စကားမပြောဘဲ ရှောင်ထွက်သွားတာလည်း ခင်ထက်ပန် နားလည်လိုက်သည်။

အပျက် အပျက်နှင့် နှာခေါင်းသွေးအထွက်မခံနိုင်။ သူ ကျေနပ်အောင် စားသောက်ပြီးလျှင် ပြန်မည်ဟု ခင်ထက်ပန် တွေးမိလိုက်သည်။

ဧည့်ခန်းထဲမှာ စကားအခြေအတင်တွေ ပြောဆိုနေကြဘုန်း တိုက်ရှေ့မှာ ကားတစ်စီးထိုးဆိုက်လာလေ၏။ ဆင်းလာသူတွေက အသက် (၅၀) ပတ်ဝန်းကျင် အမျိုးသမီးကြီး (၃) ယောက်။ စောစောက အန်တီဆိုတာလည်း ပါသည်။

ငါသောက်တဲ့ကော်ဖီထဲမှာ ဆေးတွေ ဘာတွေ ခတ်ထားရင် ဘယ်လိုလုပ်မလဲ။

စိတ်ကြွဆေးတွေ၊ မူးယစ်ဆေးတွေ၊ အိပ်ဆေးတွေ၊ တစ်ခုခု ခတ်ထားလျှင် ဘယ်လိုလုပ်မလဲ။

အတွေးကြောင့် ဇောချွေးတွေ ပြန်လာစဉ် သူကတော့ ချစ်ကြောင်း၊ ခင်ကြောင်းတွေ စကားတတွတ်တွတ် ပြောလို့၊ ခင်ထက်ပန် မနေနိုင်။

''ကျွန်မ ဓာတ်ပုံမြင်ပြီးပြီ''

''ဟင် ...ဘာ ဘာဓာတ်ပုံ''

''ရှင်တို့မိသားစုဓာတ်ပုံ၊ သမီးလေး (၂) ယောက်က တကယ့်ကို ချစ်စရာ''

သူမျက်နှာ ဖွေးခနဲပျက်ကျသွားတာ သိသိသာသာ၊ လက်တွေလည်း တုန်ရင်နေပါ၏။

''သူတို့ ဘယ်သွားကြသလဲ''

သူများအရှိုက်ကို ဖနောင့်နှင့်ပေါက်ချင်တာ မဟုတ်ပေမယ့် အခြေအနေက ဓာတ်ကြမ်းကိုင်ရမှာ။

''အိမ်ပေါ်က ဆင်းသွားကြတာကြာပြီ။ ကိုယ်တို့ ကွဲနေကြတာ ကြာပါပြီ''

ထိုအဖွဲ့ပုံစံက ဂျပန်ကင်ပေတိုင်တွေလို၊ နာဇီဟစ်တလာတွေလို ရုပ်တွေက ထန်းထန်းတင်းတင်း။ ကိုဝေမိုးကလည်း သူတို့ကို မြင်လိုက်သည်နှင့် ပျက်ကျသွားလိုက်သည့် မျက်နှာကမြင်လို့ပင်မကောင်း။

သူတို့ထဲက တစ်ယောက်က –

''ဟေ့ မောင်ဝေမိုး ... အန်တီတို့ကို ဆေးသွားဝယ်ပေးဦး''

''အန်တီတို့ မှားမယ်နော်။ ဒါ ကျွန်တော့်မိတ်ဆွေ၊ ညီမ ထ ... အစ်ကို ကားဂိတ်လိုက်ပို့မယ်''

ခင်ထက်ပန် ထရပ်လိုက်ပေမယ့် အန်တီတစ်ယောက်က သူမ၏ လက်မောင်းကို ဆွဲထားခဲ့၏။

''သွား ... နင် ဆေးဝယ်စရာရှိတာသာ ဝယ်ပေး''

ကိုဝေမိုး ဘယ်လိုမှ တောင်းပန်မရ။ ကားနှင့် ထွက်သွားရသည်။

ခင်ထက်ပန် အန်တီကြီး (၃) ယောက်ကို တည်ငြိမ်စွာပင် ရင်ဆိုင်ဖို့ ပြင်ရ၏။ လက်တွေပါလာရင်တော့မလွယ်။ (၃) ယောက် (၁) ယောက်။

''ထိုင်စမ်းပါဦး။ ညည်း သူအကြောင်း ဘာသိလို့ ဒီထိ

လိုက်လာရတာလဲ။ ညည်းတို့ချင်း ဘယ်လောက်ပဲ ခရီးလွန်နေ နေ ငါတို့က ငါတို့မြေးတွေရဲ့မျက်နှာပဲ ထောက်ရမယ်''

''အန်တီ မှားနေပြီ။ ကျွန်မ လူနာနောက်လိုက်လာတာ။ သူနောက်လိုက်လာတာ မဟုတ်ဘူး။ ခုလည်း ကားဂိတ်သွားမလို့ သူက အတင်းခေါ်ပြီး ညှော်တ်ပြုလို့ပါလာရတာ''

''ညည်းတို့ အညှာလွယ်တာက ပြဿနာမရှိဘူး။ ကြားသဲက ငါ့မြေး (၂) ယောက် ဒုက္ခအရောက်မခံနိုင်ဘူး''

''သူတို့လင်မယား စိတ်အခန့်မသင့်တုန်း အိမ်ပေါ်က ဆင်းသွားတာ။ ညည်း ပွဲလန့်တုန်း ဖျာမခင်းပါနဲ့''

အန်တီကြီး (၃) ယောက်၏ တစ်ယောက်တစ်ပေါက် စကားတွေက ခင်ထက်ပန်ကို အရေခွံဆုတ်နေသည့်နှယ်။

ကိုယ်ရှင်းပြတာလည်း လက်မခံ။

အေးလေ ... ကိုယ်က ပြဿနာကောင်နဲ့ သွားပတ်သက်မိတာကိုး။

နောက်ဆုံး နားပိတ်ပြီး ခင်ထက်ပန် အိမ်ပြင်သို့ ပြေးဆွက်ခဲ့မိပါသည်။

"ခုလည်း မမကြီးရဲ့ သန့်စင်တဲ့ဘဝထဲမှာ နံ့သာခွက်ထဲ စင်တစ်ရွေးသားကျခံရသလို ဘယ်လိုမှ ဖြေလို့မရ။ နလန်ထူလို့ ရတော့ဘူးပါကွယ်။ ညီမတို့လည်း ယောကျ်ားတွေကို မယုံနဲ့နော်။ သူတို့ အပြုံးအမူ သူတို့စကားတွေကို အကြွင်းမဲ့ ယုံကြည်လို့ ရပါဘူး။ မုသားတွေ မြင်းမိုရ်တောင်လောက်နဲ့ အရမ်းမုန်းဖို့ ကောင်းတဲ့ သတ္တဝါတွေ"

လောလောဆယ်၊ လတ်လတ်ဆတ်ဆတ် ခံစားနေရရှာသည့် မမကြီးကို အားပေးနှစ်သိမ့်ကြရင်း ညီအစ်မတွေ ကိုယ်စီ နာကျင်ခဲ့ရသောနေ့ပါ။



"တောက် ... တော်တော်ရိုင်းတဲ့မိန်းမကြီးတွေ။ အဲဒီကိုဝေမိုးဆိုတဲ့ လူကိုတွေ့ရင်လည်း သတ်ပစ်မယ်"

"လူပါးဝလို့။ ငါတို့အစ်မ သူတော်ကောင်းကြီးကို"

ခင်ထက်ပန် မျက်ရည်လည်ရွဲနှင့် သွေးပျက်သလို ခံစားနေရပါသည်။ အပျိုလေးတစ်ယောက်အတွက် သည်အဖြစ်က နာဂစ်ထက်ဆိုးသည်။

အငယ် (၂) ယောကျ်မှာလည်း ဒေါသတွေနှင့် ဆွေ့ဆွေ့ခုန်နေရပါ၏။

"နောက်ဆုံးကျ ယောကျ်ားတစ်ယောက်ကို အရောင်မိတဲ့ရလဒ်ပါပဲ။ မမကြီး ဖြေမဆည်နိုင်ဘူး။ ကိုယ့်ဂုဏ်သိက္ခာ ညှိုးနွမ်းရတာ ဘယ်လိုအဖတ်ဆည်ရမှာလဲ"

မျက်ရည်တွေကျနေသည့် မမကြီးကို အငယ် (၂) ယောက်က ကြင်နာစွာဖြင့် နှစ်သိမ့်ဖြောင်းဖြရပါသည်။

"အဆိုးထဲက အကောင်း၊ အခြေအနေတွေ မဆိုးရွားခင် အချိန်မီသိလိုက်ရတာ ကံကောင်းပါသေးတယ် မမကြီးရယ်။ သူ အဆုံးစွန်ထိ လှည့်စားပြီးမှဆိုရင် မမကြီး ဘဝဆုံးမှာ"

ဖုန်းလည်း ပိတ်မထားမိတော့။

နေပါစေတော့လေ။ ရင်ထဲမှာ နာကျင်မိစွာနှင့်ပင် ဝသုန်စာတွေကုန်းကျက်၊ စာမေးပွဲသာ ကြိုးဖြေနေရသည်။

နောက်ဆုံးဘာသာဖြေအပြီး ဝသုန် လူပ်လိလူပ်လဲ့လေးသွက်အလာမှာတော့ စာဖြေဆောင်ရှေ့မှာ ကားနှင့်စောင့်နေတာသူ။

''ကိုကို''

ဝသုန့်အသံက အံ့အားတသင့်နှင့် လွမ်းလွမ်းဆွတ်ဆွတ်အသံများပေါ်သွားသလား မသိ။ ညီပြည့်စုံ ပြုံးပြုံးကြီးနှင့် အနားသို့ လျှောက်လာ၏။

''ညီမလေးကို အိမ်ပြန်ပို့ပေးမယ်။ မုန့်ဝယ်ကျွေးမယ်။ ကလေးကို မုန့်ပေးကြိုက်တာပေါ့ကွာ''

''မနောက်ပါနဲ့ဗျာ။ ဟိုလူတွေရော''

''သူတို့ကို မောင်းထုတ်လိုက်ပြီ။ ရွှတ်လို့။ နောက်တာဟုတ်ဘူး ညီမလေးရဲ့။ ကိုကိုတို့ (၂) ယောက်တည်း လျှောက်သွားကြမယ်လေ''

''မလိုက်ရဲပါဘူး။ ဝသုန် အရမ်းပင်ပန်းနေပြီ။ အိမ်ပြန်ပို့ပေးချင်ပေး''

အခန်း (၂၂)

နှစ်ဆုံးစာမေးပွဲဖြေပြီးသည်အထိ အခြေအနေတွေက ထိန်းထိန်းသိမ်းသိမ်း။

ဝသုန်က အရှောင်ကောင်းသလို ညီပြည့်စုံမှာလည်း နောက်ဆုံးနှစ်မို့ စာကြိုးစားရသေး၏။

သည်လိုပါပဲ။ မီးဝေးရင် ချိတ်အေးသွားမှာပေါ့။ မိန်းသားတွေ၏ သဘောထားကရော ဘယ်လိုလဲ။ သူလိုက်တုန်းက ရှေ့မှာ အစွမ်းကုန်ပြေးခဲ့သော်လည်း သူ ပေါ်မလာသည့်အခ်ကျတော့ ရင်ထဲမှာ နေမထိထိုင်မသာ။

''မုန့်တော့စားရမယ်ကွာ''

''လမ်းမှာ ကြုံရာဝင်စားလိုက်မယ်''

ကောင်မလေးကိုတင်ပြီး ညီပြည့်စုံ ကားကို အပြင်း မောင်းလာခဲ့သည်။ သူခေါ်လာခဲ့တာ ဆိတ်ငြိမ်သည့် စားသောက် ဆိုင်တစ်ခုသို့။

''စားရင်း,သောက်ရင်း ရှေ့ရေးဆွေးနွေးရအောင်''

''အံမာ၊ ကိုကိုနဲ့ဝသုန် ဘာဆိုင်တာမှတ်လို့။ ကိုကိုနော် အပျက်အပျက်နဲ့ နှာခေါင်းသွေးထွက်မလာနဲ့''

''မရဘူး၊ ဆွေးနွေးရမှာပဲ။ ဝသုန်ကို ကိုကို အပျော်ချွဲ တာမဟုတ်ဘူး။ တစ်ဘဝလုံးအတွက် ရည်စူးပြီးချစ်တာ''

''ဒုက္ခပါပဲ၊ နှံပြုစုတ်ကို လက်ပစ်ပုံးနဲ့လာထုနေတယ်၊ ဝသုန် ဒါတွေ စိတ်မကူးဘူး။ ကိုယ့်ဘဝကိုယ် လှအောင် တည် ဆောက်မှာ''

''ကိုကိုနဲ့ရရင် ဘဝက မလှမှာစိုးလို့လား။ လူကိုမျက် ခြေပြတ် လက်ပြတ် အစွမ်းအစမရှိတဲ့ကောင် မှတ်နေလား ဘီအီးဘွဲ့ရတော့မယ်၊ လုပ်ငန်းလည်း ထူထောင်မယ်''

''ကိုကိုနဲ့ဝသုန် ဘာသာစကားချင်းမတူဘူး။ ကျွေးစရာ ရှိလည်း ကျွေး။ ပြီးရင် ပြန်ပို့ပေး။ စားရ,သောက်ရမယ့်သူ

နဲ့အန်ထွက်အောင် မလုပ်နဲ့၊ ဆွဲပြီ''

စားပွဲပေါ်ရောက်လာသည့် အစားအသောက်များကို မှာလုံးချွဲကြီးနှင့်ကြည့်ပြီး ဝသုန် စားဖို့ပြင်၏။ သို့သော် အကျင့် ပါနေသည့်လက်များက ကိုယ့်ထက် (၅) နှစ်လောက်ကြီးမည့် ကိုကို့ပန်းကန်ထဲ ဟင်းတွေဦးချထည့်ပေးလိုက်သေး၏။

''ကဲ ...သက်ကြီးဝါကြီးကို ဦးချပြီးပြီ။ ဆွဲပြီနော်''

ကလေးလေးလိုပဲ ဟန်မဆောင် ပန်မဆောင်နှင့် ဝသုန် စားသောက်နေပုံက ချစ်စရာ။ သပ်လည်းသပ်ရပ်၊ မြှန်လည်း မြှန်။

''ညထဲက ငတ်နေတာဖြစ်မယ်''

ညီပြည့်စုံ ချစ်စနိုးစတော့ သူမက ဟင်းချိုသောက်ရင်း

''ဟုတ်တယ် ကိုကိုရ၊ ငိုက်မှာစိုးလို့ တို့ခနန့်၊ ဆိတ် ခနန်းလောက် စားတာ။ ဆာနေပြီ၊ ခုမှ ပိုဆာလာတာ''

''စားပါဗျာ၊ သူများစုံတွဲတွေဖြင့် တစ်ယောက်နဲ့တစ် ယောက်ချစ်ရည်တွေရွှန်း၊ ချစ်ခွန်းတွေဖွဲ့သီပြီး စားဖို့ သောက်ဖို့ တွေ မေ့လို့''

''ကိုကို မှားနေပြီ။ ဝသုန်နဲ့ကိုကိုက ချစ်သူတွေမှ မဟုတ် ဘဲ''

''ချစ်သူမဟုတ်ရင် မုန်းသူလား''

''မမုန်းပါဘူး၊ ဝသုန် ပင်လယ်မကူးရဲတာပါ''

စားရင်း သောက်ရင်း ညီပြည့်စုံက စကားတွေပြော ဝသုန့်မျက်နှာလေးကိုငေးမော။

ဝသုန်ကတော့ အစားပဲ စိတ်ဝင်စားနေ၏။

''ပုစွန်ဆိတ်ကလေး ဘယ်လောက်ငယ်ငယ် ပင်လယ်ကူးတတ်ပါတယ်ကွာ''

''လာပြောမနေနဲ့။ အပိုတွေ။ အယုံအကြည်ကိုမရှိဘူး ကိုကိုကလေး ဒူးရင်းသီးကြီး''

''အလိုဗျာ၊ ဘယ်အချိန် ချောင်းကြည့်သွားပါလိမ့် ဒူးရင်းသီး (၂) လုံးကို''

''မညစ်နဲ့၊ အကောင်းပြောတာ။ တစ်ကိုယ်လုံး ဆူးတွေ အပြည့်''

''ဒါပေမဲ့ နတ်သုဒ္ဓါထက် ကောင်းပါတယ်ကွာ။ နိုင်ငံကျော်တဲ့အသီးပါ''

''တော်ပြီ၊ စားတုန်း သောက်ကုန်း နားထား''

''ဟုတ်ကဲ့ပါ ခင်ဗျာ''

''ကိုကိုလည်း စာမေးပွဲမပြီးသေးဘူး မဟုတ်လား

ဘောင်တောင်အီအီ စိတ်တွေဝင်မနေနဲ့။ စာမေးပွဲကျသွားလိမ့်မယ်''

''ဟုတ်တယ်၊ ကျုပ်က (၁၃) နှစ်သားလေးဆိုတော့လေ။ စာမေးပွဲက အရေးကြီးသလို ဘဝစာမေးပွဲကလည်း အရေးကြီးသေးပဲ''

''ဘဝစာမေးပွဲ အသာထား။ ဘွဲ့ရဖို့ စာမေးပွဲကို အရင်ဖုံးပန်း။ စားပြီးရင် သွားကြစို့''

သူမက ဝအောင်စားပြီး ညီပြည့်စုံကို လောဆော်လိုက်သည်။

ညီပြည့်စုံ စားတာသောက်တာ တို့ခနန်း ဆိတ်ခနန်း။ သူ့ရင်ထဲမှာ လိပ်ခဲတည်းလည်၊ မရှင်း။

ဝသုန်ဟာ သူ့ကို မချစ်ဘူးလား။

အချစ်ဆိုတာ ကိုယ်က ချစ်နေရုံနှင့်မပြီး။ သူကပါ ချစ်မှပြီး လေးနက်လှပမည်။

''သွားကြစို့''

ငွေရှင်းပြီး ညီပြည့်စုံ ကားကိုဖြည်းညင်းစွာ မောင်းထွက်ခဲ့သည်။

မိန်းမ ယူချင်ပါပြီဆိုမှ ကိုယ့်သက်လှယ်က အူကြောင်

ကြောင်လုပ်နေသည်။ ယခုထိ အဖြူ အမည်း မသဲကွဲသေး

အသောကကားထဲမှာတော့ ဂေါ်ရဝသီးတို့များ အသော ကကို ချစ်လိုက်တာ။ ကမ်းကုန်ရော။ (၁၀) နှစ်ကြာလည်း အချစ်က မပြယ်။

ယခု မရွှေဝသုန်တို့ကတော့ သူအချစ်ကို အူကြောင် ကြောင်းလုပ်နေသည်။

ဝသုန်၊ သူကိုချစ်သလား မချစ်ဘူးလား စမ်းသပ်ချက် တစ်ခုတော့ မလိမ့်တပတ်နှင့် လုပ်ရဦးမည်။

''ဝသုန် ကိုကို့ပြောစကားကို သေသေချာချာ နား ထောင်စမ်း။ ကိုကို့မှ တကယ့်ကို ကျဉ်းထဲကျပ်ထဲ ဖြစ်နေပြီ''

''အင်း ...ပြောလေ''

''ပေါ့ရွှတ်ရွှတ်မလုပ်နဲ့။ တကယ့်ကို ဘဝနဲ့ယှဉ်လာပြီး ဘာမှတ်သလဲ''

''အင်းပါ ...ပြောကြည့်ပါဦး၊ အစီအစဉ်ကို''

''ညီမလေးက မျက်ဖြူဆိုက်လေ ဆရာကြိုက်လေလုပ် နေ။ ဒီမှာဖြင့် သေတော့မယ်''

''ဘာတုံး ...ကိုကိုက ကျွေးထားမွေးထားတာလေးနဲ့ မကာဘူး။ လူကို မျက်ဖြူဆိုက်ခိုင်းနေတယ်''

ညီပြည့်စုံ ကားလိုင်းကျပ်နေတာကိုပဲ ကျေးဇူးတင်နေရ ဦး။ ကားတန်းကြီးက တရွေ့ရွေ့။

''ကျောင်းပြီးတာနဲ့ ကိုကို့ကို သူတို့ချုပ်တော့မှာ။ စေ့စပ် ချက်ချင်းလုပ်ကြတော့မှာ''

''ဩော် ...သူတို့က အဲလောက်တောင် ပုပ်ပွနေလို့ ကိုကိုနဲ့ အတင်းပေးစားရတာလား။ ကြည့်လုပ်နော် ကိုကို။ တော် ကြာ ပိုက်ဆောကြီးမိနေဦးမယ်''

''ဟုတ်တယ်၊ ပိုက်ဆောမိမှာစိုးတာ။ သူသမီး (၂) ယောက်လုံး ရည်းစားတွေ မှိုလိုပေါက်နေကြတာ။ Sex ကိစ္စကို ခဲလန်းနေကြတာ''

''ဟင် ...ဘယ်လို ဘယ်လို''

''နင် မသိတာပဲ ကောင်းပါတယ်။ ကိုကို့ကိုသာ ကူညီ''

''ဘယ်လိုကူညီရမှာလဲ''

''ညီမလေး ကိုကို့ကို မချစ်ဘူး မဟုတ်လား''

''အင်းလေ''

ကြောင်တောင်တောင်ရုပ်ကလေးနှင့် ဖြေတော့ ညီပြည့်စုံ ရင်ထဲအောင့်ရသည်။ သို့သော် ဝသုန် သူကို သံယောဇဉ်ရှိမှန်း ညီပြည့်စုံ ယုံကြည်နေမိတာလည်း အသေအချာ။

''ဒါပေမဲ့ ... ဝသုန် ကိုကို့ချစ်သူယောင်တော့ ဆောင်ပေး။ သူတို့ကို လက်ထပ်စာချုပ်အတုပြလိုက်မယ်။ ကြောင်ရုပ်နဲ့ ကြွက်သေအောင်လုပ်လိုက်မယ်''

''ဟင် ... ဘာ ဘာ ဘာ ဘယ်လို''

''ညီမလေးက ကိုကို့ချစ်သူယောင်ဆောင်ပေး။ ကိုကိုတို့ လက်ထပ်စာချုပ်အတုလုပ်ပြီး ပြလိုက်မယ်။ ဒါဆို ပြဿနာ မတက်တော့ဘူး။ ပိုက်ဆောကြီးတွေကို မယူရတော့ဘူး''

ကားက ရှေ့သို့ တရွေ့ရွေ့။ ကောင်မလေးကို အနား ထားပြီး ညီပြည့်စုံ စိတ်ကူးတွေ ကွန့်မြူးနေမိပါ၏။

''ဒါတော့ ကိုကို မတရားဘူး။ လက်ထပ်စာချုပ်ပြတော့ ကိုကို့အမေက တန်းပေးစားလိုက်တော့ ဝသုန် ဘယ်လိုလုပ်မလဲ''

''ယူလိုက်ပေါ့ဟ''

ဒါကတော့ ညီပြည့်စုံ ရင်ထဲမှပြောပစ်လိုက်တာပါ။ အပြင်မှာတော့ မျက်နှာတည်ကြီးနှင့်။

''မဖြစ်စေရပါဘူး ညီမလေးရယ်။ ကိုကို အာမခံပါတယ်။ လူကြီးတွေက သူတို့အစီအစဉ်ကို ဖျက်လို့စိတ်ဆိုးကြမယ်။ ခုဆို မေမေကတောင် သူ့ယောကျ်ားဘက်ကိုပါနေပြီ။ မေမေ

အပြုစားခံနေရသလားတောင် မသိပါဘူး''

''လူကြီးတွေစိတ်ဆိုးတော့ ကိုကို ဘာဆက်လုပ်မှာလဲ''

''ကိုကိုက ဘွဲ့ရပြီလေ။ ကုမ္ပဏီတစ်ခုခုမှာ အလုပ်ဝင်ပေါ်မယ်။ ကိုယ့်ကြိုးပွားရာ ကြီးပွားကြောင်းအတွက် တိုင်းပြည်အတွက် အလုမ်းလုပ်မယ်''

''ဝသုန်ကရော''

''ဟောဗျာ အယောင်ဆောင်ပေးတာလေ။ ကိုယ့်အိမ်ကိုယ်ပြန်ပေါ့ဗျ''

''ဟင် ... ကိုကိုမကောင်းဘူး''

မျက်ရည်တွေစီးကျရင်း ဝသုန် သူ့ကိုထုရိုက်နေတော့ ညီပြည့်စုံ၏ ခေါင်းထဲမှာ တစ်စုံတစ်ရာကို သဘောပေါက်လိုက်၏။

ကောင်မလေးတော့ ကိုယ့်ခံစားချက်ကို ကိုယ်မသိဘော့ဘူး။ သူ မသိယောင်ဆောင်နေမှ။ ဆင်အိပ်ရာ ဆိတ်နှီးလို့ မဖြစ်။

''မပြန်ချင်လည်း ကိုကိုခေါ်ထားမှာပေါ့ကွာ။ ကိုကို့တိုက်ခန်းမှာ ထမင်းချက်ပေး။ ဟုတ်ပြီလား''

''အင်း''

ဝိုး သိပ်ချစ်ဖို့ကောင်းတဲ့ ကောင်မလေး။ ကလေးစိတ် မကုန်သေးတဲ့ ချာတိတ်လေးဟာ သူနှင့်တွေ့ပေလို့ပေါ့။

လူလည်ကြီးသားသမီးတွေနှင့်သာ တွေ့လျှင် သူများ နှပ်သမျှ ခံရပေလိမ့်မည်။

''ဒါဆို ကိုကို ရှေ့အပတ် အိမ်ပြန်မယ်။ ညီမလေး လိုက်ခဲ့''

''အို ပြောတတ်လိုက်တဲ့ ပါးစပ်ကြီး။ လူကိုများ မိဘမဲ့ တစ်ကောင်ကြွက်လေး မှတ်နေသလား''

''ဟိုတစ်ပတ်ကလို ဝသုန်သူငယ်ချင်းတွေပါခေါ်မယ်လေ''

''မရဘူး, မလိုက်ဘူး''

''ညီမလေးနော် ... အူကြောင်ကြောင်မလုပ်နဲ့။ ကိုကို့ ဘဝ တွင်းဆုံးကျသွားမှာမပူဘူလား။ ကိုကို ဆနဲကာပေါက်တွေ့ကို မယူချင်ဘူး''

''ကိုကို တွင်းဆုံးကျတာက တော်ဦးမယ်။ ဝသုန်တို့ မိန်းကလေးတွေ တွင်းဆုံးကျမှ ဘဝက ပြင်ဆင်ခွင့်မရှိတော့ဘူး''

''ကဲ မမ ... စကားကြီး စကားကျယ်တွေ သိပ်ပြော မနေနဲ့။ အိမ်ရောက်ပြီ''

ဝသုန်လေးကို အိမ်တိုင်ယာမောက် ပို့ပေးတော့လည်း သူမက ညည့်ဝတ်ကျရှာသား။

''ကိုကို အိမ်ထဲဝင်ဦးမလား။ မဝင်ရင်လည်း သွားတော့။ အိမ်မှာ ဘယ်သူမှမရှိဘူး'' တဲ့။

ခွေးမလေး၊ ခွေးဆိုးလေးမို့ ချစ်ရတာ။



အခန်း (၂၃)

ကျောင်းပိတ်သွားတော့ ဂိုက်တွေလည်း နားထားပြီးမို့ ဝသန် အိမ်ခဏပြန်မှာ။ မိဘတွေထံ ပြန်ဦးမည်။ ဝသုန်ကတော့ မမကြီးတစ်ယောက်တည်း သနားလို့ အားပေးဖော်လေး လုပ်နေဦးမည်တဲ့။

အချွဲအိုးမလေး။

''တစ်ယောက်တစ်လဲ ပြန်မှပေါ့ မမရဲ့။ မမကြီးခမျာ တစ်ယောက်တည်း။ မမပြန်ပြီးမှ ဝသုန်ပြန်မယ်။ တစ်ယောက် တစ်ပတ်စီ''

''နှစ်ပတ်စီတော့ လုပ်လိုက်ဟာ။ ငါ နှစ်ပတ်နေပြီး နှင် နှစ်ပတ်ပြန်''

''အင်း ... ဒါလည်း ကောင်းတာပဲ''

မမကြီးကတော့ ပြောရှာသား။

''(၂) ယောက်လုံး ပြန်လိုက်ပါလား။ ငါတစ်ယောက် တည်းနေလည်း ရပါတယ်။ ငါက အိမ်ကပ်ရတာမှ မဟုတ်ဘဲ။ သမင်းဟင်းလည်း ဝယ်စားလို့ရပါတယ်''

''ဝသုန် နေပေးမယ်။ ဝသုန်တို့က မမကြီးကို အရွယ် ကုန်နေတဲ့ အဘွားကြီးမှတ်နေတာ။ ဟိုတစ်လောကကိစ္စပေါ်မှာ စိုးရိမ်ရမှန်းသိသွားတယ်။ တစ်ယောက်တည်း ပစ်မထားနိုင်ပါဘူး တော်။ မမကြီးခမျာ ကံကောင်းလို့''

''ကဲ ... ဒါဆိုလည်း နင်တို့ (၂) ယောက် တစ်လှည့်စီ ပြန်ကြ။ ငါ မရှိတုန်းလည်း အိမ်မှာ ရည်းစားနဲ့ချိန်းတွေ့မနေနဲ့''

''မမကြီးပြောမှ ဒီလိုလုပ်လို့ရမှန်း သိတော့တယ်''

''သတ်မှာ,သတ်မှာ၊ လုပ်ရဲလုပ်ကြည့်''

သည်လိုနဲ့ ဝသုန်နှင့်မမကြီးကိုထားခဲ့ပြီး ဝသန် နယ်ပြန်ဖို့ ကားဂိတ်သို့ ဆင်းလာခဲ့သည်။

လက်မှတ်မဝယ်ရသေး။

ကားဂိတ်မရောက်ခင် ဝသန့်အနား ကပ်ရပ်လိုက်သည့် ကားလေး။

''ဖွဲ့သူရ''

''နင် ဘယ်သွားမလို့လဲ''

''ပြန်မလို့လေ''

''ဘယ်သူမှ လိုက်မပို့ဘူးလား။ အပျိုလေးအရွယ်လေး။ ဒီခေတ်ကြီးက လူကုန်ကူးကြတာ အလွန်''

''ပြန်နေကြပါ။ ကားနဲ့ပြန်တာ။ ဘာမှမဖြစ်ဘူး''

''ငါလိုက်ပို့မယ်''

''တော်စမ်းပါ။ ငါ့ဘာသာ ပြန်တာ ဘာမှ မဖြစ်ဘူး။ နင်လိုက်ပို့မှ ပြဿနာ''

''ကားဂိတ်ဆီပို့မှာပြောတာ''

''ဘယ်မှလိုက်မပို့နဲ့ ... တော်ပြီ''

ကားလာပြီဖို့ ဝသန် ပြေးတက်မည်ပြင်တော့ ဖွဲ့သူရ နောက်မှ အထုပ်ကိုဆွဲထားလေ၏။ ဝသန် စိတ်တွေဆိုးလိုက်တာ။

''နင့်ကြောင့် ကားလွတ်သွားပြီ။ ငါ ကားမမီဘဲနေတော့မယ်''

''ကားဂိတ်ထိ ငါလိုက်ပို့မယ်။ ဒါမှမဟုတ် နင့်မြို့ထိ လိုက်ပို့မယ်ဟာ''

''ဖွဲ့သူရနော် ... နင် ပြဿနာမရှာနဲ့။ ငါ့ဘာသာ အေးအေးနေပါရစေ''

''မရဘူးဟာ၊ ငါလိုက်ပို့မယ်''

ဝသန့်ကို ကားထဲ အတင်းထိုးထည့်ပြီး ကားမောင်းထွက်လိုက်တော့ ဝသန် ကားပေါ်ပါလာရသည်။ ဝသန် ဒေါသတွေ ထွက်နေရ၏။

''နင် ငါ့လမ်းကြောင်းမှာ ဝင်မရှုပ်စမ်းပါနဲ့။ ငါတို့ဘဝတွေက နင့်လို ပျော်ပျော်ပါးပါး အပျော်ကစားနေလို့မရဘူး''

''ဘာဖြစ်လို့လဲ၊ Why ''

''နင် အူကြောင်ကြောင်မလုပ်နဲ့။ လမ်းပေါ်ကြည့်လိုက် အခြေခံလူတန်းစားတွေ၊ ပျားပန်းခတ်အောင် လျှောက်ပြီး ဝမ်းစာရှာနေရတာတွေ့လား''

''တွေ့သားပဲ''

''အဲဒါ ပျော်လို့မဟုတ်ဘူး။ ဘဝကို ရုန်းကန်နေကြရတာ။ ဘဝအတွက် ခက်ခဲနေကြရတာ။ ကိုယ့်လမ်းကြောင်းလေးနဲ့ကိုယ် မတိမ်းမစောင်းအောင် လျှောက်နေကြရတာ''

''စကားကြီးစကားကျယ်တွေကတော့ ပြောပဲ့''

''ရင်ဘတ်ကြီးထဲက လာတာ။ ဒီထက်တောင် ပြော တတ်သေးတယ်''

ကားဝင်းထဲရောက်တော့ သူကပင် ကားလက်မှတ်သွား ဖြတ်သည်။ ကားပေါ်ထိ တင်ပေးသည်။ နောက် အိမ်ပြန်လက် ဆောင်တွေလည်း ဝယ်ပေး၏။

''ကျေးဇူးတင်တယ်။ နင်ဆင်းတော့လေ။ ကားထက် တော့မှာ''

ဝသန်ကို ကားပေါ်ထိတင်ပေးပြီး ယခုထိ သူ မဆင်းနိုင် သေးဘဲ အနားမှာ အနားပြာလုပ်နေပေးနေတော့ ကားပေါ်မှ လူများက ပြုံးစိစိ။

''ဟဲ့ ... ဆင်းတော့လေ ဇွဲသူရ''

ဝသန် အလန့်တကြားနှင့် သူကိုတွန်းလွှတ်နေပေမယ့် သူက ခပ်တည်တည်နှင့်ပင် ဖုန်းဆက်နေလေ၏။

''ပီတာရေ ... ငါ့ကား လာမောင်းယူပြီး အိမ်ကိုပြန့် ပေးလိုက်ကွ။ အေးဟုတ်တယ်၊ ငါ ခရီးထွက်မလို့။ ငါ့ကောင်မ လေးကို လိုက်ပို့မလို့။ အေး ... ခုပဲ ထွက်လာကွာ။ လာယူ'' ပြီး ခပ်တည်တည်ပင် ဝသန့်ဘေးခုံမှာ ဝင်ထိုင်လေ၏

သူသူငယ်ချင်းပီတာကလည်း ကားမထွက်ခင်ပင် သူကားကို လာယူပါလေ၏။

သူတို့အချင်းချင်း လက်မတွေ့ထောင်ပြလို့။ ဝသန့်မှာသာ ဇောချွေးတွေ ပြန်နေတာ။

''နင် နင် တကယ်လိုက်မှာလား''

''အေးလေ ... ခုပဲ ကားထွက်လာပြီ။ မကြောက်ပါနဲ့ မမြင်ရယ်။ ဗိုလ်အောင်ဒင် မင်းကိုချစ်တာ''

သူက ရုပ်တည်ကြီးနှင့် သီချင်းဆိုပြနေတော့ ပတ်ဝန်း ကျင်မှ လူများက ရယ်ကြ၏။

ဖွဲသူရဟာ အလန်းစားစတိုင်လ်နှင့် ခပ်မိုက်မိုက်ရုပ်။ ပြောရလျှင် အောင်ရဲလင်းတို့လိုပေါ့။

နောက် လေချွန်နေလိုက်သေး၏။

ဝသန် သွေးပျက်နေတာကို မြင်တော့မှ မျက်နှာပိုးသတ် ကာ ဖြောင်းဖြချော့မော့ပါလေ၏။

''နင်ကလည်းဟာ ငါ နင့်ကို ဘယ်လောက်ချစ်တယ် ဆိုတာ သက်သေပြချင်လို့ပါ။ ဘာမှမပူနဲ့။ နင်တို့ရွာမှာ တည်းခို ခန်းရှိလား''

''ဘယ်ရှိမလဲဟဲ့ ... တောပါဆိုမှ''

''တစ်ခါတစ်ခါကျ ကိုယ်လုပ်လိုက်တဲ့အလုပ်ဟာ တစ်ဖက်သားအတွက် မမျှော်လင့်ဘဲ ထိခိုက်၊ ဒဏ်ရာရတတ်တယ်။ ပေါ့စေလိုလို့ ကြောင်ရပ်ထိုး၊ ဆေးအတွက်လေးဆိုတာ ကြားဖူးတယ်မဟုတ်လား''

''ဆောရီးဟာ၊ နင့်ရွာထိပ်ကျရင် ငါကျန်ခဲ့မယ်။ ငါ့ဘာသာ ဘုန်းကြီးကျောင်းကိုသွားပြီး တစ်ညတည်းဖို့ လျှောက်မယ်။ မနက်ကျ ငါပြန်ပါ့မယ်''

တကယ်လည်း နေ့ချင်းပြန်ဖို့ အဆင်မပြေပါ။ တစ်ညအိပ်ရမှာ။ ဝသန် သဘောမကောင်းနိုင်ပါ။

''နင်က လူလောကအကြောင်းမသိလို့ မတွေးမိလို့ပါ။ အရွယ်ညီတဲ့ ယောကျ်ားတစ်ယောက်နဲ့ မိန်းမတစ်ယောက်၊ ခရီးတစ်ခု အတူသွားတယ်။ အိမ်ထိလိုက်လာတယ်ဆိုရင် လူတွေက ခိုးရာလိုက်လာတယ်ပဲစွပ်စွဲကြ၊ ထင်ကြတော့မှာပေါ့။ ဒီကြားထဲ မိန်းကလေးက ယောကျ်ားခိုးလာတဲ့အထင်မျိုး အထင်ခံလိုက်ရရင် သွားရော။ ငါ တော်တော်တရားလွန် သိက္ခာမဲ့ အရွက်မရှိတဲ့ ဘဝ ရောက်သွားမှာ''

''ငါ မတွေးမိဘူး ဝသန်။ ငါသိတာ နင့်ကိုချစ်တာနဲ့ စိတ်မချတာပဲရှိတယ်''

''အိုကေ ဘုန်းကြီးကျောင်းတော့ရှိတယ် မဟုတ်လား။ ငါ့ကို ကျောင်းသာပို့လိုက် ရတယ်''

''နင်ပြောသလောက် မလွယ်ဘူးနော်။ ငါ့နောက်က ယောကျ်ားတစ်ယောက်ပါနေတာကြီးကိုက မဖွယ်မရာဖြစ်နေပြီ''

''ဒီခေတ်ကြီးထဲမှာ ဘာဆန်းသလဲဟာ''

သူစကားက တော်တော်များနေပြီ။ ဝါးလုံးရှည်နဲ့ ရမ်းတာလား။

''နင် ဒီလိုတော့မပြောနဲ့။ နင်ကျင်လည်တဲ့အသိုင်းအဝိုင်းနဲ့ လာမနှိုင်းနဲ့။ ကဲ ...နင် ဒီလို လုပ်ရတဲ့ရည်ရွယ်ချက်က ဘာလဲ။ ငါ့နောက်ကို လျှောက်လိုက်ရတဲ့ ရည်ရွယ်ချက်က ဘာတည်ချက်က ဘာလဲ။ ငါ အရွက်တကွဲ အကျိုးနည်းဖြစ်ရုံတံတွေးခွက် ပက်လက်မျောရုံလား''

''ဟာ ...အဲလိုချည်းတော့ မစွပ်စွဲပါနဲ့။ ငါ့စိတ်ဓာတ် အဲဒီလို မဟုတ်ဘူး။ နင့်ကိုချစ်လို့ နင့်တစ်ယောက်တည်း ပြန်တာ စိတ်မချလို့ လိုက်ပို့တာ''

သူအသွင်က ပျာပျာသလဲ။ လေးလေးနက်နက်။ ဝသန် ပြုံးလိုက်မိပါသည်။ ရင်ထဲမှာ နာကျင်မိနေသလားပင် ဝေခွဲမရ။

''နင်တို့လို ယောကျ်ားတွေရဲ့အချစ်ဆိုတာကိုလည်း ငါ မယုံကြည်ပါဘူး။ ငါတို့အဖြစ်တွေက သမင်နဲ့ကျားလေ။ ဘယ် သမင်မှ ဘယ်ကျားရဲ့မေတ္တာကို ယုံကြည်မှာမဟုတ်ဘူး။ အကောင်းဆုံးကတော့ ရှေ့ကမြို့ကျရင် နင်ဆင်းကျန်ခဲ့။ နောက် ကားတစ်စီးနဲ့ ရန်ကုန်ပြန်လိုက်သွားပါ။ ငါ နင့်ကိုခင်ပါတယ်။ ငါ နင့်ကို မမုန်းပါရစေနဲ့''

ဖွဲသူရတစ်ယောက် ကားမှန်တွင်းမှ အပြင်လောကကို ငေးလို့။

ဘာဖြစ်တာလဲ။

ဘယ်အရာကိုမှ အလေးအနက် မထားတတ်သည့် စိတ် သွားတိုင်းကိုယ်ပါသည့်သူလို လူပေလူတေတစ်ယောက်ရဲ့ အချစ် ကို ဝသန်က မယုံကြည်ပါတဲ့။

သူကရော လုံလောက်စွာ သက်သေပြနိုင်ပါ့မည်လား။ သူစရိုက်၊ သူမလေ့အတိုင်းပဲ။ ခွေးမြီးကောက်ကျည်တောက်စွဲ ဖြစ်နေဦးမှာလား။

ကားက စခန်းဆောက်အဖြစ်ရပ်နားပြီ။ ဝသန် သူ့ တည်ငြိမ်စွာပင် မေတ္တာရပ်ခံ တောင်းဆိုနေပါ၏။

''နင် ကျန်ခဲ့ပါ။ ရန်ကုန်ကို ပြန်ပါ''

''ငါ မန္တလေးထိ ဆက်လိုက်သွားမယ်။ အဲဒီမှာ ဘစ်ပတ်လောက် သူငယ်ချင်းတွေနဲ့ ပွေလိုက် လိမ့်လိုက်ဦး မယ်။ မန္တလေးမှာ ငါ့သူငယ်ချင်းတွေရှိတယ်''

''အိမ်ပြန်ပါ ဖွဲသူရရယ်။ နင် ဒီလို ပေတေလေလွင့် နေဖို့ ငါခွင့်မပြုနိုင်ဘူး''

သူမက လေးနက်စွာဆိုတော့ ဖွဲသူရမျက်ခုံးပင့်ပြီး ဝသန့် ကို စူးစူးနစ်နစ် ကြည့်၏။

''Why''

''Why''

ဝသန့်မျက်နှာလေးကို လက်ညှိုး လက်မနှင့် ပင့်ပြီး သူ တည်ကြည်စွာမေးတော့ ဝသန်မျက်လွှာလေးချပြီး တီးတိုး ဖြေသည်။

''မသိဘူး၊ ငါ့ရင်ထဲမှာ နင့်အတွက် စိတ်ပူနေမိတယ်''

''အိုကော၊ အဲဒါ ငါလိုချင်တဲ့အဖြေပဲ။ ငါကလည်း နင့်ကို စိတ်ပူတယ်။ နင်ကလည်း ငါ့ကို စိတ်ပူတယ်။ ဝသန်ရယ် ငါ့ နင်ဘာတ်ကြီးလည်း အချစ်အတွက် လေးနက်လာပြီထင်ပါတယ်''

''နင်လိုရာ ဆွဲမပြောပါနဲ့ဟာ။ ငါ နင့်ကို ကြောက်ပါ ဘယ်''

''အချစ်ဆိုတာ ကြောက်စရာကြီးမှ မဟုတ်တာ။ ဖြူစင်သန့်ရှင်းသောအချစ်ဆိုတာလည်း လောကကြီးထဲမှာ ရှိနေပါသေးတယ်''

''ငါ မမြင်ဖူးဘူး''

''အိုကေ ... ငါပြမယ်။ နင့်ကိုငါ ဖြူစင်သန့်ရှင်းသော အချစ်နဲ့ သေတပန်သက်တဆုံး ချစ်ပြပါ့မယ်ဟာ''

ကောင်မလေး မျက်ရည်ဥလေးတွေ ကြွေကျရင်း မျက်နှာ စုံမှိတ်လိုက်တော့ သူ ဝသန့်ပခုံးလေးကို ညင်သာစွာ ဖက်လိုက်ပါသည်။

''မစိုးရိမ်ပါနဲ့ အချစ်ရယ်။ ငါ နင့်ရွာထိ လိုက်ပို့မယ်။ ငါက ဖျံပါ။ ငါ့နေရေး စားရေးအတွက်မပူနဲ့။ အနီးဆုံးမြို့အထိ ပြန်မယ်။ တည်းခိုခန်းမှာစည်းပြီး မနက်ကားနဲ့ ရန်ကုန်ပြန်မယ်။ နော် ချစ်''

ဝသန် ခေါင်းလေးငြိမ့်ပြရုံမှ တစ်ပါး။

သူဟာ ဖြူစင်သန့်ရှင်းသော ချစ်ခြင်းနဲ့ ဝသန့်ကို ချစ်မတဲ့လေ။

*

အခန်း (၂၄)

အိမ်မှာ တစ်ယောက်တည်းဆိုတော့ အိမ်အလုပ်တွေ ပေါ့ပြီးသည်နှင့် ဝသုန် စာဖတ်ပါသည်။

သူငယ်ချင်းအချို့က ဖုန်းထဲမှ စာအုပ်တွေ ဒေါင်းပြီး ပေးတော်သော်လည်း ဝသုန်ကတော့ တောသူမလို့ပဲ ပြောချင်ပြော။ စာအုပ်ကြီးကို အားရပါးရ လက်ကကိုင်ပြီး ဖတ်ချင်သည်။

''အိုး ... ဒီနေ့စနေ''

သိမ်ဖြူလမ်းမှာ စာအုပ်ဈေးပွဲတော်၊ အဲ အပတ်စဉ် ဆောင်းတယ်။ စနေနဲ့ တနင်္ဂနွေ။

သည်နေ့အတွက် ဖတ်စရာစာအုပ်ကမရှိတော့။ မနေ့က ဝယ်ခဲ့သည့် ဂျာနယ်ကျော်မမလေး၏ သူမက မမကြီးသူငယ်ချင်း ဆရာဝန်မလေးဆီက ငှားထားတာ။

ဝသုန် ဘယ်သူ့ဆီမှာ ဘာငှားရပါ့မလဲ။ စဉ်းစားနေတုန်း ဒုန်းဝင်လာတာ ကိုကို။

"ညီမလေး ... ဘာတွေလုပ်နေလဲ။ ကိုကို့ကို ထိုင်လွမ်း နေတာလား"

"မလွမ်းပါဘူး။ ကိုကို စာမေးပွဲတွေပြီးသွားပြီလား။ အားသွားပြီလား။ နယ် ဘယ်တော့ပြန်မှာလဲ"

"အမယ်လေးဟဲ့ ... ရဲသမီးလား။ ရှေ့နေသမီးလား။ စကားများ အမေးအမြန်းထူလိုက်တာ။ ဘာလုပ်မလို့လဲ ပြော"

"အခု ကိုကို ဘယ်မှာလဲ"

"ညီမလေးအိမ်ရှေ့မှာလေ"

"ဟင်"

ဖုန်းကို ရင်ဘတ်ကပ်ပြီး မျက်လုံးလေးအပြူးသားနှင့် အပြင်ကိုလှမ်းကြည့်လိုက်တော့ ကိုကိုက သူ့ကားကိုမှီပြီး ပို့စ်အပြည့်နှင့် ရပ်နေ၏။

"လာလေ ကိုကို၊ အတော်ပဲ။ စာအုပ်သွားဝယ်ပေး"

စာအုပ်တွေကို အားပါးတရ မွှေနှောက်ပြီး ကိုယ်ကြိုက်တာ ဝယ်လို့ ရွေးလို့ရသဖြင့် ဝသုန် သဘောကျပါသည်။

မိန်းကလေး အဝတ်အစားမမက်၊ အလှအပပစ္စည်း မမက်ဘဲ စာအုပ်တွေပဲ မက်သည်ဆိုလျှင် လူကို အရူးလို့ပြောကြမှာပဲ။

ပြောပါစေ၊ ဝသုန် စာအုပ်ပဲမက်ပါသည်။ အဝတ်အစား အသုံးအဆောင်၊ အလှအပ ပစ္စည်းတွေဆိုတာ ပင်လယ်ရေလို့ပါပဲ။

သောက်လေ သောက်လေ တော်မပြေ။

များပြားလှသည့် ရုပ်ဝတ္ထုပစ္စည်းတွေနောက်ကိုသာ လျှောက်လိုက်နေလျှင် အသက်သေဆုံးသည်အထိ ကျေနပ်အားရ တင်းတိမ်နိုင်ဖွယ်မမြင်။

နဂိုရှိလျှင် နဂိုင်းထွက်မှာပါပဲ။

ဝသုန်တို့ညီအစ်မတွေကတော့ ချည်ထည်လေးတွေကိုသာ ကိုယ့်ဘာသာ ဝမ်းဆက်လေးတွေ ချုပ်ဝတ်သည်။

ရယ်ဒီမိတ်တွေက ဈေးကြီးသည်လေ။

ပေါ့ပေါ့ပါးပါး လှလှပပ မြန်မာဆန်ဆန်လေးတွေပဲ ကောင်းပါသည်။

သူကပဲ လူကြီးကို နှာခေါင်းလေးရှုံ့ကာ ဆရာကြီးလုပ်ပြီး ပြောပြနေလျှင် ညီပြည့်စုံ ဝသုန်ကို ချစ်စနိုးဖြစ်ရသည်။

ည့်ခန်းထဲမှာထိုင်ပြီး စကားပြောနေကြရာမှ သူကလေးတ်သည့် စာအုပ်လက်စကို လှမ်းကြည့်လိုက်တော့ ဂျာနယ်ကျော် မမလေး၏သူမ။

ခေတ်မိန်းကလေးတွေလို အချစ်ဝတ္ထုနုနုလေးတွေမဟုတ်။ ညီပြည့်စုံ ကျေနပ်မိရသည်။

"ကဲပါ ... ညီမလေးကလည်း ကွန်ဖြေရရ သွားနေကြရင် မောင်နှမလောက်ထင်ကြမှာပါ။ မောင်နှမတွေ၊ မိတ်ဆွေတွေသည်း ဒီလိုပဲ သွားလာနေကြတာပါ။ ဒီခေတ်ကြီးထဲ လူလာဖြစ်နေပြီး ခေတ်မှားမွေးထားသလိုပဲ"

"ဒါဆိုလည်း နေဦး။ မမကြီးကို ခွင့်တောင်းလိုက်ဦးမယ်။ အဝတ်လည်း လဲဦးမယ်"

"သူက ဘယ်မှာလဲ"

"ဆေးရုံမှာလေ"

"သူ့ခမျာ ခွဲခန်းထဲရောက်နေရင် အားနာစရာ။ အဝတ်သည်း လဲမနေပါနဲ့ကွာ။ လှပါတယ်"

ဝသုန် ဝတ်ထားတာ ဂါဝန်လေးပါ။ ဂါဝန်အနက်

"ဘာ"

"စာအုပ်သွားဝယ်ပေးလို့ပြောတာနဲ့ အသံဗြဲကြီးနဲ့ အော်ရသလား"

"ညီမလေးက ငါ့တစ်ယောက်တည်းလွတ်မယ့်အကြံလေ"

"အင်းလေ"

"ဘယ်ရမလဲ ... ညည်းပါ လိုက်ဝယ်ပေါ့။ ကြိုက်တာလိုက်ရွေး။ ကိုကို ဝယ်ပေးမယ်"

"အာ ... မလိုက်ချင်ပါဘူး။ နှစ်ယောက်တည်း သူများတွေက ဘယ်လိုထင်ကြမလဲ"

"သမီးရည်းစားလောက် ထင်မှာပါ၊ ချစ်သူတွေပေါ့"

"အထင်မခံနိုင်ပါဘူး။ ကိုယ်တကယ်ကြိုက်တဲ့သူနဲ့တွေ့တော့ ဘယ်လိုဖြေရှင်းမလဲ။ ကိုကိုမသိပါဘူး ... ဒီခေတ်ကြီးက အတတ်မျိုးတွေစုံနေတာ သိလား။ ကောင်လေးတွေက ကောင်မလေးတွေကို အမျိုးမျိုးလှည့်ဖြားပြီး အသုံးချနေတာ။ ဒီတော့ ကောင်လေးတွေက သူတို့မကောင်းတိုင်း ကောင်မလေးတွေကိုလည်း မကောင်းထင်ကြရော။ နှာဘူးတွေမှတ်ကုန်ရော သိလား"

လက်ပြတ်လေးမို့ အသားလေးတွေက ဖွေးနုဝင်းပနေတာ။

"ဟာ ... ကိုကိုမသိပါဘူး။ မိန်းကလေးဆိုတာ အပြင်ထွက်ရင် လုံလုံခြုံခြုံ ဝတ်ရ စားရတယ်။ အိမ်နေရင်းပုံစံနဲ့ အပြင်ထွက်ရင် ဘယ်လောက်ရုက်စရာကောင်းလိုက်သလဲ"

"ဝယ်နှံလိုဆို အကွဲအပြဲ အဟိုက်တွေနဲ့ ဖော်ရွှေးမတွေ့ ဘယ်လိုလုပ်မလဲ"

"သူတို့လည်း သူတို့အကြောင်းနဲ့သူတို့ ကိုယ်ကလည်း ကိုယ့်စံနှုန်းနဲ့ကိုယ်ပေါ့ ကိုကိုရာ။ ယဉ်ကျေးမှု၊ ခံယူမှုချင်း မတူတဲ့ သူတွေနဲ့ လိုက်ပြီး တန်းညှိနေလို့ မြန်မာပြည်ကြီး ပျက်စီးသွားမှာပေါ့"

"ကဲ ဒေါ်ကြီးကျယ် ... သွား အဝတ်မြန်မြန်လဲ။ လူကို လေနဲ့ပဲ ညှဉ်ခဲနေတယ်။ ဘာမှလည်း မကျွေးဘူး"

"ကျွေးမှာပေါ့။ ကိုကို ဒီလောက်စားချင်သောက်ချင်နေမှန်းမှမသိတာ။ ဟင်းတော့ မရှိဘူး၊ လက်ဖက်ထမင်းစားမလား ကိုကို။ ပုစွန်ခြောက်အကောင်လိုက်ကြီးတွေနဲ့ လုပ်ပေးမှာ"

"ကောင်းတယ် ... ညီမလေး အလှပြင်တုန်း ကိုကို လက်ဖက်ထမင်းစားပြီးစောင့်မယ်"

"အင်း ... ခဏနော်"

ဂါဝန်လေးနှင့် လှချင်တိုင်းလှနေသည့် ကောင်မလေး။ ဂါဝန်က ဒူးအုပ်ရုံ။ ပုံကြည့်ရတာ ငယ်ငယ်က ဂါဝန်လေးလား မသိ။

လက်မောင်းဖွေးဖွေး၊ ခြေသလုံးဖွေးဖွေးလေးတွေကအစ ပြစ်မျိုးမှည့်မထင်။

မီးဖိုဘက် လှစ်ခနဲဝင်သွားပြီး ခဏကြာလျှင် ထမင်းပူပူလေးနှင့် လက်ဖက်ထမင်း ရောက်လာခဲ့သည်။ ကြက်သွန်ဖြူ၊ အမွှာနှင့် ငရုတ်စိမ်းတောင့်လေးတွေပါ ပါ၏။ ပုစွန်ခြောက် ၄-၅-၁၀ ကောင်လည်း ထမင်းပေါ် ဖြူးလို့။

"မနေ့ကမှ မမကြီးရဲ့လူနာတစ်ယောက် လာပေးထားတဲ့ ပုစွန်ခြောက်လေ။ ကိုကို့ကိုခိုးကျွေးတာ သိလား။ သူက အမေနဲ့အဖေဆီ လှမ်းပို့မလို့တဲ့"

"အင်"

ခိုးရာပါပစ္စည်းဆိုတော့ ညီပြည့်စုံ လည်ချောင်းနင်သွား၏။

သို့သော် သူကလေး ငဲ့ပေးထားသည့် ရေနွေးကြမ်းလေးနှင့် မျှောချရတာပေါ့။

သဒ္ဓါလို့ ကျွေးတာလေ။

အခန်းထဲ လှစ်ခနဲ ဝင်သွားသည့် ညီမလေး (၁၅) မိနစ်လောက်အတွင်းမှာပင် ပြန်ထွက်လာတော့ သူမှာ ရင်သပ်ရှုမော။

လူကြီးလေးလို ပန်းနုရောင်ချည်ထည်ဝမ်းဆက်လေးနှင့်။ ယဉ်ကျေးလှပသည့် ချစ်သူမလေ။

အဲ ... သူက ချစ်ရတာပါ။ သူမကတော့ ယခုထိ အူကြောင်ကြောင်လုပ်နေတုန်း။

''ကိုကို စားလို့ပြီးပလား''

''မကုန်တော့ဘူးကွ၊ ညီမလေးအလှကိုကြည့်ပြီး ရင်ပြည့်သွားပြီ''

''ကိုကိုနော် ကျွေးလည်း ကျွေးရသေး။ ပေး ... ပိုတာ ဝသုန် ရှင်းမယ်''

ကျန်နေသည့်ထမင်း ၄-၅ လုပ်စာကို ဇွန်းနှင့် အလျင်အမြန် စားနေပုံလေးက ပြိုင်ပွဲဝင်နေသည့်နှယ်။

''နှုတ်ခမ်းနီတွေ ပျက်ကုန်ဦးမယ်''

''ပျက်ဘူး၊ ဆိုးမှမဆိုးတာ''

''ဟင် ... တကယ်လား''

''တကယ်ပေါ့''

ပင်ကို နှုတ်ခမ်းဆဲရဲလေးတွေ သူ တစ်ယောက်စ နှစ်ယောက်စ မြင်ဖူးပါသည်။ ကလေးလေးတွေမှာ အသားဖြူသူတွေ အချို့မှာ။

ကောင်မလေး ပန်းကန် သွားသိမ်းပြီး ပြန်ထွက်လာတော့ သူ တစ်ရှူးနှင့် ကောင်မလေး နှုတ်ခမ်းကို သုတ်ပေးလိုက်သည်။

''မိန်းကလေးဖြစ်ပြီး ဖြစ်သလို မနေရဘူးကွ။ နှုတ်ခမ်းမှာ ဆီတွေနဲ့''

တစ်ရှူးစကိုကြည့်လိုက်တော့ တကယ့်ကို နှုတ်ခမ်းနီမတွေ့။

သွေးအားကောင်းသည့် ကောင်မလေး။ ပင်ကိုနှုတ်ခမ်းလေးက နုနုနီနီ။ ဖူးဖူးလေ။

''သွားကြစို့''

ဘေးခန်းမှ အဒေါ်ကြီးကို လှမ်းပြောခဲ့ပြီး ဝသုန် သူကားပေါ်ပါလာတော့ ညီပြည့်စုံ လေကလေးတစ်ခွန်ခွန်။ ပျော်လိုက်တာ။

ချစ်စရာ ဘာဘီရုပ်မလေးဟာ နှလုံးသားလည်း သန့်စင်တယ်။ အိမ်တွင်းမှုလည်း နိုင်နင်းတယ်။

တစ်အုပ်၊ နှစ်အုပ် ကိုကိုစေတနာရှိသလောက်ပဲ ဝယ်ခိုင်းမှာပါ။ ဟင်း ... ကိုကို့ရည်းစားတွေလို အဖိုးတန် မိတ်ကပ်တွေ၊ ရေမွှေးတွေ၊ ဘရာစီယာတွေ၊ လက်စွပ်တွေ၊ ဆွဲကြိုးတွေလည်း မဝယ်ခိုင်းပါဘူး''

''မဆိုင်တာတွေ မပြောကြေးကွာ။ လောလောဆယ် ကိုကို့မှာ အကုန်ရှင်းတယ်။ ကိုကို့အချစ်ဆုံးက ညီမလေးပဲ။ ကိုကို့ကယ်တင်ရှင်ကလည်း ညီမလေးပဲ''

''တော်ပြီ ... ဓာတ်ပြားဟောင်းကြီးနားထားဦး''

ကလေးလူလည်မလေးက စာအုပ်ဆိုင်ကြီးမျှားရှေ့တွင် ကားရပ်ပေးသည်နှင့် တစ်ဆိုင်ဝင် တစ်ဆိုင်ထွက် စာအုပ်တွေ ရွာဖွေ မွှေနှောက်နေပါလေတော့သည်။

''ညီမလေးက ဘာလိုချင်တာလဲ။ ကာတွန်းလား၊ ရုပ်ပြလား''

သူ ချစ်စနိုးစတော့ မျက်စောင်းလေးက လက်ခနဲ။

''ကိုကိုပဲဖတ်၊ ကာတွန်းတွေ''

''ခုထဲက ဝယ်ထားမှာ။ နောင် သားသားတွေ မီးမီးတွေ ရတော့ ဖတ်ဖို့''

''ငြိမ်ငြိမ်နေစမ်းပါ ကိုကိုရာ။ ကိုကို့မှာ ပိုက်ဆံ ဘယ်

ကားပေါ်မှာ သူကလေးငြိမ်သက်နေတော့ သူဓာတ်ပြားဟောင်းကြီးဖွင့်ရသည်။

''ဝသုန် ကိုကိုတော့ အရေးတော်ပုံမှာ နစ်မွန်းရတော့မယ်နော်။ တစ်သက်လုံး နွံထဲနစ်ရတော့မှာ။ ကိုကို့ကို မသနားဘူးလား''

''ယူလိုက်ပေါ့ ကိုကိုရဲ့။ လူကြီးတွေကလည်း ဖိတ်ချင်း ဖိတ် ကိုယ့်အိတ်ထဲ ဖိတ်ချင်မှာပေါ့''

''ဝသုန်ကွာ ... ကိုကို အကြောင်းစုံပြောထားရဲ့သားနဲ့ သေချာစဉ်းစားစမ်းပါဦး''

''အို ... မေ့လို့၊ ကိုကို့နောက် လိုက်လာမိတယ်။ နေဦး ဝသုန် ခေါင်းပူနေလို့ စာအုပ်တွေ အရင်ဝယ်လိုက်ဦးမယ်''

''ခွေးမလေး ... ကိုကို့ကိုတော့ မနှပ်နဲ့နော်''

''အံမာ ... နှပ်ရအောင် ကိုကိုက ကလေးလေးလား သူငယ်နှပ်စားလေးလား''

''ဟုတ်ပါဘူး၊ ကိုကို့ကို စာအုပ်ဝယ်ခိုင်းပြီး မစဉ်းစားပေးမှာစိုးလို့ပါ''

''အံမာ ... စာအုပ်ဖိုးက ဘယ်လောက်ရှိမှာမို့လဲ။ ဝသုန်က အလကားရတိုင်းလည်း နင်းကန်ပြီးမဝယ်ပါဘူးနော်

လောက်ပါသလဲပြော။ အဲဒါပေါ်မူတည်ပြီး ဝသုန် ဝယ်ရမှာ၊ ဝသုန်က နောက်တစ်ပတ်ဆို ရွာပြန်မှာ။ ရွာမှာဖတ်ဖို့ပါ သယ်သွားချင်တာ''

''ဟင် ... အကြာကြီးနေမှာလား''

''အင်းပေါ့ ... ကျောင်းဖွင့်မှ ပြန်လာမှာ။ တစ်လခွဲ လောက်နေမှာ''

''ဟာကွာ ကိုကိုလွမ်းနေရမှာပေါ့''

''အံမာ ... ခုရော တွေ့နေရတာကျလို့။ ကိုကိုအပိုတွေ့ မရှိးနဲ့''

''အဲဒါကြောင့် လက်ထပ်ချင်ပါတယ်ဆိုတာ စျေးကိုင် နေတယ်။ စျေးပေါင်ကျိုးလို့ ပါးဟပ်ညိုတော့မှ ကိုကိုရေလို့ မတနဲ့။ အဲဒီအချိန်လောက်ဆို ကိုကိုက ကလေးတစ်ဒါဇင် လောက် ရနေပြီ''

''ဟုတ်ပါတယ် ... ဟုတ်ပါတယ်။ ကလေးတစ်ဒါဇင် မြေးတစ်ဒါဇင်နဲ့ ညစ်ပတ် ပေကျံနေမှာ မြင်ယောင်ပါသေးတယ် ဟင်း''

စာအုပ်ရွေးရင်း စကားနိုင်လုနေသည့် ကောင်မလေးကို သူ တစ်နေ့တခြား ပိုပိုချစ်နေမိတာ ဒီဂရီကုန်ပြီလားမသိ။

သူမက စာအုပ် ၄–၅ အုပ်ရွေးပြီး ဗုဒ္ဓစာပန်းချီ ရုပ်ပြ လေးတွေလည်း ၄–၅ အုပ်ယူလိုက်သေး၏။

ကလေးစာပေရော လူကြီးစာပေပါ အစုံဖတ်သည့် ကောင်မလေး။

ဖက်ရှင်စာအုပ်တစ်အုပ်လည်း ဝယ်လိုက်သေး။

''ဝသုန်က ရွာကျရင် စက်ချုပ်သေးတယ် ကိုကို၊ ဘစ်လခွဲလောက်ချုပ်ရင် တစ်သိန်း, နှစ်သိန်းလောက် အနည်း ဆုံးရတယ် ... မိဘတွေကို ကိုယ့်ချွေးနဲ့စာလေးနဲ့ ကျွေးရတာ ပေါ့''

''ကိုကို့ဖို့ရော''

''အင်း ... အဲဒီပိုက်ဆံထဲက ကိုကိုဖို့ မြင်းခေါင်းစွပ် ကျယ်လေးတစ်ထည် ဝယ်ပေးမယ်''

လူကြီးကို မချိုမချဉ်ရုပ်လေးနှင့် စနေသည့် ကောင်မ လေးဟာ အလွန်ချစ်စရာကောင်းလှပါသည်။

''တော်ပြီပေါ့၊ ဒီလောက်သိတတ်ရင်''

သူမ ရွေးသည်စာအုပ်လေးတွေက စာရေးဆရာအစုံ။ ရွှေဥဒေါင်း၊ မြသန်းတင့်၊ မစန္ဒာ၊ ခင်ခင်ထူးနှင့် မင်းကိုနိုင်တို့ရဲ့ စာအုပ်တစ်အုပ်စီ။

ရယ်ရယ်မောမောနှင့်ပင် သူကလေးလိုချင်သည့် စာအုပ်များဟာ ဒစ်စကောင့်နှင့် ဘာနှင့်ဆိုတော့ အားလုံးပေါင်းမှ သုံးသောင်းခွဲ။

ဝသုန်ပြောသလို နှုတ်ခမ်းနီ၊ မိတ်ကပ်၊ ရေမွှေးဖိုးလောက် စျေးမကြီး။ တန်ပါသည်။ ဒါဟာ သူဘာဘီရွပ်ကလေးရဲ့ အရည်အချင်းတစ်ခုပေါ့။ အားပေးရမည်။

စာအုပ်တွေဝယ်ပြီးတော့ နှစ်ယောက်အတူ ကားဆီပြန်လျှောက်လာကြသည်။ ကားထဲဝင်ပြီးချိန်မှာ ညီပြည့်စုံ ဖွေဖောက်လာချေပြီ။

''အစောကြီးရှိသေးတယ်ကွာ။ ကိုကို အိမ်မပြန်ချင်သေးဘူး။ ညီမလေးနဲ့ ရွှေတိဂုံသွားချင်တယ်။ ဆုတွေတောင်းမယ်''

''လာပြီ ကိုကိုနော်။ ညီမလေးက အားတာမဟုတ်ဘူး။ အဝတ်တွေလျှော်ရဦးမယ်''

''အဝတ်လျှော်စက်မရှိဘူးလား''

''မရှိပါဘူး၊ အဝတ်လျှော်တာများ ဘာခက်ခလို့။ အလကား ပိုက်ဆံကုန်အောင်''

''ခဏလေးပါကွာ။ ဘုရားဖူးရအောင်နော် ... နော်''

သူ ချာတိတ်ကို အထင်မသေးရဲတော့ပါ။

''ဒီစာအုပ်တွေ ဖတ်ရမှန်း ဘယ်လိုလုပ်သိတာလဲ''

''အိမ်မှာ ဖေဖေနဲ့မေမေက စာဖတ်တယ်လေ။ ကိုယ်ပိုင် စာအုပ်ဗီရိုလေးရှိတယ်။ အဲဒီအထဲမှာ ရှားပါးစာအုပ်တွေ အများကြီးပဲ။ ဆရာကြီးဦးဝင်းတင်ရဲ့ ကွို၊ ဆရာတက်တိုး ဘာသာပြန်တဲ့ ခါးကုန်းကြီး၊ ဆရာမောင်သာနိုးရဲ့ ထင်ရှူးပင်ရိပ်၊ နောက် ဗုဒ္ဓဝင်၊ မဟာဝင်၊ ငါးရာငါးဆယ် နိပါတ်တော်တွေ''

''ဟေ''

ဟေတစ်လုံးသာ သူအော်နိုင်ပါတော့သည်။

''ညီမလေးက ဘယ်ချိန်ဖတ်။ စာဖတ်ရတာ မပျင်းဘူးလား''

''ကျောင်းပိတ်ရက်တွေ၊ အလုပ်အားတဲ့အချိန်၊ ညဘက်တွေ ဖတ်တာပေါ့ ကိုကိုရ။ ဖေဖေနဲ့မေမေက စာဖတ်ခြင်းကို အားပေးတယ်''

''ကိုကိုလည်း အားပေးပါတယ်ဗျာ။ စာအဖတ်များလို့ မျက်မှန်ကြီး ပုလင်းဖင်လာက် ထူလာလည်း လက်တွဲခေါ်မယ်ဗျာ''

"ဘုရားဖူးဖို့ကို အကြောက်အကန်တွေ ငြင်းနေရင် ညီမ လေး ငရဲကြီးလိမ့်မယ် သိလား"

"ကဲပါ ... ဒါဆိုလည်း လိုက်ပါ့မယ်"

"ဝိုး"

လေတစ်ချက်ချွန်ရင်း သူ ဘုရားသို့ ဦးတည်လိုက်ပါသည်။

*

အခန်း (၂၅)

အလည်လွန်တဲ့ဘီးကလေး။

စာအုပ်တွေဝယ်၊ ဘုရားဖူး၊ နောက် တိရစ္ဆာန်ဥယျာဉ်ဝင်။ အချိန်က ညနေစောင်းပြီ။ (၅) နာရီ။ ကားလမ်းတွေကပိတ်။

(၆) နာရီလည်း အိမ်ပြန်မရောက်။ (၇) နာရီလည်း အိမ်ပြန်မရောက်။

မျက်ရည်တွေနှင့် ကောင်မလေးကို သူ ခိုးလာခဲ့ပြီ။

မမကြီးခမျာ ဝသုန်ကို အိမ်မှာရှိနေတယ်လို့ပဲ ထင်နေမှာပေါ့။

သူ့ရင်ခွင်ထဲမှာ ငိုရတာမောသွားသည့်ကောင်မလေးကို ပွေ့ချီပြီး သူကတော့ သာသာယာယာ။

သူငယ်ချင်း (၂) ယောက်က ရှေ့မှာ ကားမောင်းပေးနေပါ၏။

သူက နောက်ဘက်မှာ။ ချစ်သူမလေးကို အသာကုန်ချော့လို့။

''ကိုကိုမကောင်းဘူး၊ ဝသုန့်ကို အချိုကျွေးပြီး အချဉ်ဖမ်းတယ်''

''ဘာတုံး ညီမလေးရဲ့။ ကိုကိုက ညီမလေးကို တစ်သက်တာ ထာဝရအတွက် ရည်စူးပြီး ခိုးလာခဲ့တာလေ''

''ကိုကို့မိဘတွေက ရည်ရွယ်ထားသူတွေနဲ့။ ဝသုန့်ကို ဘယ်သဘောတူမလဲ။ နှင်ထုတ်ကြမှာပေါ့။ အချိန်မီပါသေးတယ် ကိုကိုရယ်။ ဝသုန့်ကို ပြန်ပို့ပေးပါ နော် နော်''

''ပို့ဘူး၊ အစကတည်းက လိုချင်လို့ ခိုးလာတာ။ တောင်ငူကျရင် ကားနားမယ်။ အောင်သန့်ကိုတို့ အိမ်မှာတည်းမယ်။ မနက်ကျ လက်ထပ်မယ်။ ညနေအရောက် အိမ်ပြန်မယ်''

''ကိုကို့အိမ်ကို မလိုက်ရဲပါဘူး''

''လိုက်ရမယ်။ သူတို့က ကိုကို့ကို ချောင်ပိတ်ရိုက်ဖို့

စီစဉ်နေကြတာလေ။ ကိုကိုက ကိုယ့်အချစ်ဆုံးလေးနဲ့ ချည်ပြီး ဘုပ်ပြီးကြောင်း သက်သေပြရမှာ''

''သူတို့စိတ်ဆိုးရင်ရော''

''ပထွေးတော်ကြီးကတော့ စိတ်ဆိုးမှာပေါ့။ သူ့သမီးဖြတ်ဆောက်တို့ကို မယူလို့။ ဒါတွေ ကြိုသိထားပါကွာ။ မေမေသဘောတူရင် ပြီးတယ်။ အဲ ... မေမေ သဘောမတူလည်း ကိစ္စမရှိဘူး။ ကိုကို့မှာ ရန်ကုန်မှာ တိုက်ခန်းနဲ့ကားရှိပြီးသားပဲ။ လောလောဆယ် တက္ကဆီမောင်းကျွေးမယ်။ အောင်စာရင်းထွက်လို့ ဘွဲ့ရပြီးတော့ အလုပ်တစ်ခု လုပ်ကျွေးမယ်ကွာ''

ပေါက်တဲ့နဖူး မထူးတော့ပါဘူးဆိုပြီး ကိုကို့ရင်ခွင်ထဲမှာ ဝသုန် အရုပ်ကလေးလို ငြိမ်နေရတုန်း မမကြီးထံမှ ဖုန်းဝင်လာလေ၏။ ဝသုန်မကိုင်ရဲပါ။ ကိုကို့ကိုသာ ထိုးပေးရတော့၏။ ညီပြည့်စုံ ဝသုန့်ဖုန်းကို ညင်သာစွာကိုင်ရ အားမွေးရဲရင့်ရပါသည်။

''ဟယ်လို မမကြီး ... ကျွန်တော် ညီပြည့်စုံပါ''

''ညီပြည့်စုံ''

အချိန်မတော်ကြီး ကိုယ့်ညီမဖုန်းကို သူကိုင်သည် ဆိုတော့ ခင်ထက်ပန် သဘောပေါက်ရပြီ။

''ငါ့ညီမနဲ့ စကားပြောချင်တယ်''

''ကျွန်တော် အရင်ရှင်းပြပါရစေ မမကြီး။ မမကြီးညီမ
ကို စိတ်မပူပါနဲ့ခင်ဗျာ။ ကျွန်တော် သူဘဝတစ်လျှောက်လုံး
လုံခြုံအောင် စောင့်ရှောက်ကာကွယ်သွားမှာပါ ခင်ဗျ''

''အဲဒါဆိုလည်း မိသားဖသားပီပီ လာပြီးတောင်းရန်း
လက်ထပ်ပါလား။ အခု ငါ့ညီမ ဘယ်မှာလဲ''

''ကျွန်တော့်မိဘတွေရှိရာကို ခိုးသွားပါပြီ။ (၃) ရက်ကြာ
ရင် ကျွန်တော် မိသားဖသားပီပီ ကိစ္စတွေကို အားလုံးကျေပွန်
အောင် လုပ်ပေးပါ့မယ်ခင်ဗျာ။ မမကြီးစိတ်ချနေပါနော်။ သူ့ကို
ကျွန်တော် စိတ်ချမ်းသာအောင် ထားပါ့မယ်''

ဖုန်းကိုပိတ်လိုက်ပြီး ညီပြည့်စုံ ဝသန့်ကို ရင်ခွင်ထဲထည့်
ကာ ဘဝကို သာယာကြည်နူးနေမိပါသည်။

နောင်ခါလာ နောင်ခါစျေးပဲ။ လောလောဆယ်တော့
သူ နတ်ပြည် (၆) ထပ်ကို တစ်ထပ်ပြီးတစ်ထပ် တက်နေမိပါ
သည်။

ညီပြည့်စုံ၏မိဘများအိမ်က နှစ်ထပ်တိုက်လှလှကြီးပါ။
သူတို့မြို့မှာတော့ မျက်နှာဖုံးတွေပါပဲ။

ညီပြည့်စုံ ဝသုန့်ကိုလက်ဆွဲပြီး တိုက်ထဲသို့ ဝင်သွားလျှင်
အားလုံးပင် စူးရဲမုန်းတီးသော မျက်လုံးများနှင့် ကြည့်နေ၏။

ညီပြည့်စုံ မေမွေးကိုသတင်းပေးပြီးသားမို့ သတင်းက
တော့ ရောက်ပြီးသား။

ကိုကိုပြောသည့် ပထွေးနှင့် ပထွေးသမီး (၂) ယောက်ကို
ရော သူမေမေရော ဧည့်ခန်းထဲမှာ တွေ့ကြရပါသည်။ မျက်နှာ
တင်းတင်းကြီးတွေနှင့်။

ထို့အပြင် ညီပြည့်စုံ၏မေမေက ရပ်မိရပ်ဖ၊ မြို့မိမြို့ဖ များကိုပါ ဖိတ်ကြားထားတာကြောင့် ည့်ခန်းထဲသို့ တဖွဲဖွဲ ရောက်လာနေကြဆဲ။

မေမေ ဒေါ်ခင်ပြည့်စုံ၏မျက်နှာက ပီတိတွေကို မျိုသိပ်ထားရသည့်ပုံ။ လင်ပါသမီးတွေရဲ့ အကြောင်းကို သူမ အသိဆုံး။ ကိုယ့်သား သည်လိုလုပ်လာလို့သာ လွတ်မြောက်ရတာ။

ဒေါ်ခင်ပြည့်စုံဟာ ခင်ပွန်းသည်ကို အားနာလို့ သားနှင့် ချွေးမကို ဖက်လဲတကင်း မကြိုဆိုသော်လည်း စီစဉ်ထားပုံက အကွက်ကိုစေ့လို့။

ရပ်မိရပ်ဖ၊ မြို့မိမြို့ဖနှင့် တရားသူကြီး၊ ရှေ့နေတွေပါ မကျန် ဖိတ်ပြီးသား။ တစ်ခါတည်း လက်ထပ်ပေးမှာ သိကြားမင်းကြီး ဆင်းဖျက်တောင် မပျက်ရအောင်လို့။

ဒေါ်ခင်ပြည့်စုံ၏ခင်ပွန်း ဦးအောင်သူ တဖြည်းဖြည်း မျက်လုံးပြူးလာပြီ။ သူမိန်းမ၏ ခြေရာလက်ရာကိုမြင်လာ၏။

''မင်း ဒါဘာလုပ်တာလဲ၊ မင်းသားကို အခမ်းအနားနဲ့ ကြိုတာလား။ မြောက်ထိုးပင့်ကော်လုပ်ပေးနေတာလား။ ငါ သဘောမတူဘူးနော်။ ဒီမှာ အားလုံးစီစဉ်ပြီသား။ ငါ့မျက်နှာကို အိုးမည်းသုတ်ကြတာလား''

''ရှင် ဘာသိလို့လဲ။ အခု ကျွန်မသားခိုးလာတာလေးက (၁၈) နှစ်မပြည့်သေးဘူးကြားလို့။ သူ့အိမ်က ပြဿနာလိုက်မရှာရအောင် တစ်ခါတည်း အပိုင်ချည်ထားရတာ။ ကျွန်မသား ထောင်မကျရအောင် ကာထားရတာ။ ပြီးတော့ ကောင်မလေးက သဘောမတူဘဲနဲ့ သားက အတင်းခိုးလာတာတဲ့''

''ယောကျ်ားစေ့းကျလိုက်တာကွ။ ကောင်မလေး ကြည့်ရတာ ဆင်းဆင်းရဲရဲပုံပါ။ လျော်ကြေးပေးပြီး ပြန်လွှတ်လိုက်။ ငါ့သမီးနဲ့ပဲ ပေးစားမယ်''

ည့်ခန်းထဲမှာ လင်မယား (၂) ယောက် ကြိတ်ပြီး စကားများနေရတာ။ ငါးပိဖြစ်တာတောင် အမြီးလှုပ်နေသေးသည့် ဦးအောင်သူအား ဒေါ်ခင်ပြည့်စုံ အမြင်ကပ်လှပါဘိ။

''မရတော့ဘူး၊ ကောင်မလေးဖအေဘက်က သူညီက နေပြည်တော်မှာ ဗိုလ်မှူးကြီးတဲ့တော်ရေ။ ကျူပ်တို့တစ်ဆွေလုံး တစ်မျိုးလုံး ၆၆(ဃ)နဲ့ ထောင်ထဲအစစ်ဆေးမရှိ ရောက်သွားချင်လား''

''၆၆ (ဃ)က ဆက်သွယ်ရေးပုဒ်မပါကွ။ မိန်းမခိုးတာနဲ့ မဆိုင်ပါဘူး''

''ဆိုင်တယ် ဆိုင်တယ်။ ခုခေတ်လူတွေက တောင်နဲ့

မြောက်ဆွဲစေ့ပြီး လိုရာဖမဲးပရမ်းချည်တတ်တယ်။ သူတို့ကို ဘိုင်နိုင်နဲ့ကော်ဆဲတာ သည်းခံချင်ပေမယ့် အရိပ်အမြွက်လေးကျခါမှ နာချင်နာတတ်တာတော့။ ကျုပ်တော့ ပြဿနာတွေ ရှောင်တဲ့အနေနဲ့ ဒီပြဟ္မာမင်းဦးခေါင်း၊ မိဖုရားမလေးနဲ့ ကျုပ်သားကို အမြန်ဆုံးပေးစားလိုက်မယ်တော်။ ပြီးရင် သူတို့နေချင်ရာနေ။ ပေးစရာရှိတာပေးပြီး လွှတ်လိုက်မယ်။ ဒီမှာ ဒီကစီးပွားရေးတွေ အားလုံး တော့်ဘာသာ လက်ဝါးကြီးအုပ်ပြီး စီစဉ်၊ ကွပ်ကဲ မောင်းနှင်ပေတော့''

''ငါက ဘယ်မယားငယ်ရှိတာကျလို့ကွာ။ ငါ လုပ်သရွေ့ ကိုင်သရွေ့ မင်းပဲအကျိုးခံစား စံစားရတာပါ''

''ဟုတ်ပါတယ်၊ ဒါကြောင့် ကျုပ်ကလည်း ကိုယ့်ယောကျ်ားကလွဲ ဖွဲနဲ့ဆန်ကွဲပါ။ သားတောင် အဝေးပို့ထားတာကြည့်ပါလား''

တကယ်က သားက သူမရဲ့အနားမကပ်တာပါ။ ဒါပေမဲ့ယောကျ်ားသဘောကျအောင် ပြောရတာ။ သံခင်း၊ တမန်ခင်းနည်းဖြင့် ယောကျ်ားကို ချော့ရတာ။

သူမျက်စိရှေ့မှာတော့ ညီပြည့်စုံက ငိုမဲ့မဲ့ချစ်ဖနီးလေးကို အာခံတွင်းထဲ ငုံထားတော့မတတ် ချစ်ခင် ယုယလို့။

လူကြီးစုံရာရှေ့မှာပင် တစ်ခါတည်း လက်မှတ်ထိုး၊ တစ်ခါတည်း လက်ထပ်ပေးသည့်မေမေ။

ရန်များရှင်းသွားအောင် သားအတွက် ကာကွယ်ပေးခဲ့သည့် မေမေ။

ရုပ်တည်ကြီးနှင့်ပေမယ့် မေမေ့ဗိုက်ထဲ အူဘယ်နှခွေရှိသည်ဆိုတာ ညီပြည့်စုံအသိဆုံး။

သားနှင့်ချွေးမ စိတ်ဆင်းရဲမှာစိုးလို့ စီးပွားကိုလည်း တစ်ခါတည်း မေးဇ်။ ခွဲပေးဖို့အသင့်။

''သားက မိန်းမယူပြီးရင် ဘာဆက်လုပ်မှာလဲ''

''လောလောဆယ်နားမယ် မေမေ။ သား ဒီအိမ်မှာ နေလို့ရမလား''

''ဟော် ... ဒါ သားအိမ်ပဲလေ။ သားဖေဖေ မသေခင် သားကို ပေးခဲ့တဲ့အိမ်။ သားအိမ်ပဲ။ မေးနေရသေးလား''

''ဝသုန်လေး စိတ်အနှောင့်အယှက်ဖြစ်မှာစိုးလို့''

''ဒါဆိုလည်း မြို့စွန်က မေမေတို့အမွေရထားတဲ့ တိုက်ကလေးမှာ သွားနေ။ ပိတ်ထားတာကြာပေမယ့် တစ်လတစ်ခါ ရှင်းထားလို့ သန့်နေတယ်''

''အိုကေ မေမေ၊ စားတော့ရော''

''မေမေ ချိုင့်နဲ့ပို့ပေးမယ်''

''အဲဒါကြောင့် မေမေ့ကို အကြီးကြီးချစ်တာ။ လာ ချစ် မေမေ့ကို ကန်တော့ကြရအောင်။ အချိန်မရှိဘူး''

ည (၉) နာရီလောက်မို့ ညီပြည်စုံ လောဆော်နေလျှင် ဒေါ်ခင်ပြည်စုံ ပြီးရသည်။ သူသားကဲနေတာတွေ။

လူကြီး (၂) ယောက်ကို ကန်တော့ကြပြီး မေမေပေး သည့် သော့ကိုယူကာ မြို့စွန်တိုက်ဆီသွားဖို့ပြင်ကြသည်။

မေမေက ကားထိလိုက်ပို့ရင်း စိုးရိမ်တကြီးမှာလိုက်ပုံက

''သား လူမနေတာကြာတော့ တိုက်က သရဲတစ္ဆေတွေ များရှိမလားမသိ။ ဘုရားရှိခိုးအိပ်ကြနော်''

''ရတယ် မေမေ၊ သားတို့က သရဲကိုပြန်ခြောက်လိုက် မှာ''

တကယ်က သားအမိ (၂) ယောက်ပေါင်းပြီး ခွင်ဆင် လိုက်တာပါ။ ဒါမှ ဂျစ်တူးမလေး ဂျီမလေး သူသားအနားက မခွာမှာလေ။



ဆင်သည့်ခွင်က ကွက်တိ။

မြို့စွန်ဖြစ်ရသည့်အထဲ မီးကပြတ်၊ မိုးကရွာ။

ညီပြည်စုံ၏ရင်ခွင်ထဲ ဖားပျံလေးလို အတင်းကပ်နေ သည့် ကောင်မလေး။

သူမှာ တွိုင်းလက်ဝင်တာတောင် အော်ငိုနေလေရဲ့။ သားသည်အမေကြီးဖြစ်နေရ၏။

''ကိုကို မြန်မြန်လုပ်။ ဝသုန်ကြောက်တယ်''

''အေးပါဟာ ... ညီမလေးကြောက်ရင်လည်း အထဲ ဝင်ခဲ့။ အဲဒီမှာ ကိုကို တံခါးဟထားတယ်လေ''

''မဝင်ချင်ပါဘူး၊ ကိုကိုမြန်မြန်လာ''

''အေးပါ ... အေးပါ၊ ပြီးပြီ ပြီးပြီ''

ဒီလိုဒီလိုတွေ ချစ်နေတာ။

အရေးထဲ မိုးတွေကရွာ၊ လျှပ်စီးတွေကလက်၊ မိုးကြိုးတွေကပစ်။

အိပ်ရာထဲမှာ သူ့ရင်ခွင်ထဲ အတင်းတိုးဝင်ပြီး အတင်းဖက်ထားသည့် ကောင်မလေးကိုကြည့်ပြီး သူမှာ အူထဲယားအောင် ရယ်ချင်နေရပါ၏။

လှတောသားရဲ့ ထမ်းပိုးလေးလိုပါပဲ။ အစပိုင်းသာ ကိုယ်က ထမ်းနေရပေမယ့် ထမ်းပိုးက ညွှတ်လွန်းအားကြီးတော့ နောက်ဆုံးကျ တောင်းထဲဝင်လိုက်ရသလိုပါပဲ။

အစပိုင်းသာ သူက လျှာထွက်မတတ် အာပေါက်မတတ် ပြောရ ဟောရပေမယ့် ကြင်နာတတ်သည့်၊ ချစ်တတ်သည့် ညီမလေးဟာ နောက်ဆို သူ့အပေါ် ကြင်နာယုယမှုတွေက မြင်းမိုရ်တောင်လောက်ရှိမည် ဖြစ်ကြောင်း အရိပ်အယောင်တွေ ပြနေပြီ ဖြစ်ပါကြောင်း။

ကြယ်စင်မှူးဝေ

၂၇-၆-၂၀၁၇